ပန်းရွှေပြည်စာအုပ်တိုက်

ဒေးလ်ကာနက်ဂျီ၏

# ၅ မိနစ် အတ္ထုပ္ပတ္တိများ

ညီညီနိုင်

# FIVE-MINUTE BIOGRAPHIES

DALE CARNEGIE

စာအုပ်တိုက်

အနော်ရထာလမ်းနှင့်သိမ်ဖြူလမ်းထောင့်ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။

ဖုန်း - ၂၉၄၃၇၇

၁၅၀၀ ကျပ်


ဒုတိယအကြိမ်
၂၀၀၈ - ခု၊ ဖွန်လ
အုပ်ရေ ၅၀၀

မျက်နှာဖုံး
ရဲရဲ

ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာပေ၊
အမှတ် ၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးလှထူး (၀ရ၃၈၂)၊ ထူးပုံနှိပ်တိုက်၊
အမှန် ၂၂၅၊ ၁၀ / တောင်ရပ်ကွက်၊
အရှေ့မင်းလမ်း၊ သန်လျင်တံတားအိမ်ရာဝင်း၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက် ၄၀၀၉၉၄၀၈၀၇
အဖုံးခွင့်ပြုချက် ၄၀၁၀၂၂၁၀၀၇



# DALE CARNEGIE'S
# FIVE MINUTE BIOGRAPHIES

ဒေးလ်ကာနက်ဂျီ၏

# ၅ မိနစ်အတ္ထုပ္ပတ္တိများ

ညီညီနိုင်
မြန်မာပြန်သည်

## မာတိကာ


၁။ သေရွာပြန်လူစွန့်စား 'မာတင် ဂျွန်ဆင်' ၇
၂။ ရဲဝံ့သူ 'ဖလောရင့်ဇ်ီယက်ဖီးလ်' ၁၇
၃။ ပဋ္ဌလက်ဆရာ 'ဟိုးဝပ်သာစတန်' ၂၇
၄။ အံ့ထူးမကုန် 'ရန်းဒေါ့စ်ဟီးရားစ်' ၃၅
၅။ လောကခံ 'ဘယ်ရီမိုး' ၄၂
၆။ နွံမနစ်ပတ္တမြား 'ဆမ်းမားဆက်မွမ်' ၄၉
၇။ ရွှေအိပ်မက်နှင့် 'ဂျူန်းကရောဖို့' ၅၇
၈။ စိန် သို့မဟုတ် 'ကလဲရင့်စ်ဒါရိုး' ၆၆
၉။ သားရဲဘုရင် 'ကလိုက်ဘီတီ' ၇၄
၁၀။ ကရုဏာနှင့်မေတ္တာ 'မေယိုညီအစ်ကို' ၈၄
၁၁။ သူရဲကောင်း 'အက်ဒရစ်ကင်ဘောကာ' ၉၂
၁၂။ ဘာမထီ 'ဆာ မယ်လ်ကွန် ကင်းဘဲလ်' ၁၀၀
၁၃။ အင်ဂျင်နီယာဖဲဝိဇ္ဇာ 'ကူဘာတ်ဆန်' ၁၀၉
၁၄။ လမ်းပြကြယ် 'လီယိုတော်စတွိုင်း' ၁၁၆
၁၅။ မင်းလည်းသေမင်း ငါလည်း 'မော်ဂင်' ၁၂၄
၁၆။ အဆိုတော်,အသောက်တော် 'ကရူးဆိုး' ၁၃၃
၁၇။ ဒုက္ခဆိုတာ 'ဟယ်လင်ကယ်လာ' ၁၄၂
၁၈။ အူကြောင်ကြောင် 'ဝင်ဒယ်လ်မောင်နှမများ' ၁၄၉
၁၉။ ဒူးမထောက်စတမ်း 'ဖယ်လ်ကွန် စကော့' ၁၅၈
၂၀။ အညတရ 'အက်ဒဝပ် ဘော့ခ်' ၁၆၇
၂၁။ မှားပါတယ် မမ 'အီဗင်ဂျလင်း' ၁၇၅
၂၂။ လူမဟုတ် ဘီလူးမဟုတ် 'ဓာဟာရော့ဖ်' ၁၈၅

၂၃။ နတ်ဘုံဆီသို့ 'လီဘီဆန်းဒေး' ၁၉၃
၂၄။ အပြုံရောင်အလှ 'ရှူးစဗဲ့' ၂၀၁
၂၅။ အကောင်းဆုံးအရှုံးသမား 'ဝီလ်ဆင်' ၂၀၉
၂၆။ ခြသေ့်နီ 'ဂျက်လန်ဒန်' ၂၁၇
၂၇။ ငွေပင်နန်းက 'ဟယ်လင်ဂျက်ဆင်' ၂၂၅
၂၈။ ရှားမှရှား 'အင်ဒရူးကာနက်ဂျီ' ၂၃၄
၂၉။ ဖွဲ 'လောရင့်စ်တိဘာက်' ၂၄၄
၃၀။ ကျွန်တော့်ဘဝပစ်တိုင်းထောင် 'ဖီးလ်' ၂၅၂
၃၁။ ရက်တတ်သည့် 'ချစ်ဆေးလ်' ၂၆၀
၃၂။ စစ်ပြန် 'ဘရောင်း' ၂၆၇
၃၃။ ဗီးနပ်ကြယ် 'မေရီပစ်ဖို့' ၂၇၆
၃၄။ တကယ့်လူ 'ဂျိုးဆန်' ၂၈၄
၃၅။ ဖြေမဆည်နိုင်သူ 'ရိုတ်စပီးယား' ၂၉၂
၃၆။ တောင်ထိပ်ကြာ 'အားနက်စတင်း' ၂၉၉
၃၇။ ဝွစာ 'စင်ကလဲယား လူးဝစ္စ' ၃၀၇
၃၈။ ကုဋေရှစ်ဆယ် 'ရော့ခ်ဖဲလား' ၃၁၅
၃၉။ စာရေးဆရာအပီဆုံး 'ဒစ်ကင်း' ၃၂၂
၄၀။ ကျားရိုင်းမ 'ကက်သရင်း ဟက်ဘန်း' ၃၃၀
၄၁။ စိန်မင်းသားကြီး 'ဂျင် ဘရက်ဒီ' ၃၃၈
၄၂။ ဒေါ်ကပ်စေး 'ဟက်တီဂရင်း ၃၄၆
၄၃။ ဘုရားပေးအောင်ပွဲ 'ဒရီဆာ' ၃၅၃
၄၄။ နဂါးဘုရင် မျောက်သခင် 'ဒစ်မား' ၃၆၁
၄၅။ မျက်မှန်တစ်လက်နှင့် 'ဟာရီးလွိုက်' ၃၆၇
၄၆။ မီးခိုးနန်းတော် လှယမင်း 'ဂျူ့ခ်' ၃၇၆
၄၇။ ကဗျာတစ်ပုဒ် 'ဘိုင်ရွန်' ၃၈၄



# သေရွာပြန်လူစွန့်စား

မာတင်ဂျွန်ဆင်

‘မင်း အချက်အပြုတ် တတ်ရဲ့လား’ဆိုတဲ့ စကားလေး ၃–၄ ခွန်းကို အကြောင်းပြု၍ ရေအဆုံးမြေအဆုံး ကမ္ဘာ တစ်ခုလုံးနှံ့နေအောင် ရောက်ခဲ့သည့် လူစွန့်စားတစ်ယောက်။

လူသားစားလူရိုင်းတွေ ဝိုင်းထားသည့်ကြားမှ လဂါ မတင်လေး လွတ်မြောက်လာသော ကံထူးရှင်။

သူကတော့ ‘မာတင်ဂျွန်ဆင် တောဘုရင်’ပါတဲ့။

■

မာတင်ဂျွန်ဆင်သည် နာမည်ကျော် အာဖရိကတောနက်ကြီး အတွင်း အန္တရာယ်တွေကြား သက်စွန့်ဆံဖျားသွားရောက်ကာ ထောင် ပေါင်းများစွာသော ခြင်္သေ့များအား ဓာတ်ပုံရိုက်ခဲ့သူဖြစ်ပြီး၊ ခြင်္သေ့ ၂ ကောင်ကိုသာ သူ သတ်ခဲ့ဖူးသည်။

ကျွန်တော့်အား သူကိုယ်တိုင် ဖောက်သည်ချခဲ့ရာ၌ အာဖရိကသို့ နောက်ဆုံးအခေါက်ရောက်၍ လပေါင်း ၂၀ ကြာနေခဲ့စဉ် ယခင့်ယခင် သူတွေ့ဖူးသမျှထက် များပြားသော ခြင်္သေ့တွေကို တွေ့ခဲ့ရကြောင်း, သေနတ်နှင့် တစ်ချက်မျှ မပစ်ခဲ့မိကြောင်းများ ဝန်ခံခဲ့ပါ၏။ တကယ် တမ်းမှာလည်း ထိုအချိန်က သူသည် ပြောင်းတိုသေနတ်ကလေးကိုမျှ ဆောင်ထားခြင်း မရှိခဲ့။

တချို့ အာဖရိက လေ့လာရှာဖွေရေးသမားတွေ ပြန်လာလျှင် သွေးပျက်ခမန်း အတွေ့အကြုံများကို မြိန်ရေယှက်ရေ ပြောပြလေ့ရှိသည်။ သို့သော်၊ မာတင်ဂျွန်ဆင်ကတော့ 'အာဖရိကတောရိုင်းတိရစ္ဆာန်များ သဘာဝကို နားလည်သူမှန်ပါက ကိုင်ရိုမှ ကိတ်တောင်းအထိ (အာဖရိက တိုက်ကို မြောက်မှတောင် ထောင့်တန်းဖြစ်၍)လက်နက်ဆိုလို့ တောင်ဝှေး တစ်ချောင်းမပါဘဲ ဘေးမသီရန်မခ လျှောက်သွားနိုင်သည်'ဟု ယုံကြည် ကြောင်း ပြောပါ၏။

မာတင်ဂျွန်ဆင် အာဖရိကသို့ နောက်ဆုံးအကြိမ် ရောက်ခဲ့ချိန် တွင် အမေရိကမှ အသံလွှင့်အစီအစဉ်များကို နားထောင်ရ၏။ ရေဒီယို လေးတစ်လုံးသာ ပါသွားခဲ့ကြောင်း၊ ဒါလည်း ကနဦး ၁ လ, ၂ လ သာနားထောင်ပြီး၊ နောက်ပိုင်းတွင် ရှည်လျားသော စီးပွားရေးသတင်း များကို ငြီးငွေ့လာသည့်အတွက် မဖွင့်မိတော့ကြောင်းလည်း သိရပါ သည်။

မာတင်ဂျွန်ဆင်သည် ၁၄ နှစ်သားအရွယ်ကပင် ကမ္ဘာလှည့်ဖို့ ကြိုးစားခဲ့သည်။ သူ့ဖခင်မှာ ကင်းဆက်ပြည်နယ် အင်ဒီပင်းဒင့်စ်မြို့က ရတနာကုန်သည်တစ်ဦးဖြစ်ကာ မာတင် ချာတိတ်ကလေးဘဝကတည်းက ဝေးသီခေါင်ဖျားဒေသများမှ ပို့လာသော ကုန်သေတ္တာများကို ဖွင့်ခိုင်းလေ့ရှိ၏။

ဤတွင် ပဲရစ်, ဂျီနီဗာ, ဘာဆီလိုးနား, ဘူဒါပက် စသဖြင့် မြို့နာမည်များပါရှိလျက် ရောင်စုံဖောင်းကြွ လှပထူးဆန်းသော တံဆိပ်ကတ်ပြားလေးတွေ၏ ညို့ယူဖမ်းစားခြင်း ခံခဲ့ရသည်။ သို့နှင့်အမျှ ထိုမြို့များသည် 'တစ်နေ့တွင် သူ့ဖိနပ်အောက် ရောက်စေရမည်' ဟုလည်း တိတ်တဆိတ် ကြုံးဝါးခဲ့မိလေတော့၏။

သူ့ဆုံးဖြတ်ချက်အတိုင်း တစ်နေ့တော့ အိမ်မှထွက်ပြေးခဲ့သည်။ အမေရိကတိုက်ကြီးကို ကြံ့သလိုဖြတ်သန်းသည်။ ဥရောပသို့ နွားတင်သင်္ဘောကြီးနှင့် ရောက်သွားသည်။

ကမ္ဘာ့ပေါ်ငင်းကြီးကို ခြေချမိသည်နှင့် တွေ့သမျှ ကျပန်းအလုပ်တွေကို လုပ်ခဲ့သည်။ သည်ကြားထဲကမှ အလုပ်ရှာမရတာ များ၍ ဘရပ်ဆဲလ်မှာ သူ ရက်အတော်ကြာ ထမင်းငတ်ခဲ့ရသည်။

ဘရက်ဆိပ်ကမ်း၌ တွေတွေကြီးရပ်လျက် အတ္တလန္တိတ်သမုဒ္ဒရာကြီး၏ ဟိုမှာဘက်သို့ ရမ်းရော်မျှော်ငေးရင်း အိမ်ကိုလွမ်းပြီး စိတ်ဓာတ်ကျနေခဲ့သည်။ လန်ဒန်အရောက်မှာတော့ ကုန်ထုပ်စက္ကူပုံးကြီးတွေထဲ ဝင်အိပ်နေရသည့်ဘဝ။

အမေရိကနှင့် သူ့ဇာတိမြို့ကို ပြန်နိုင်ရေးအတွက် နယူးယောက်သို့ဦးတည်သော မီးသင်္ဘောတစ်စီး၏ အသက်ကယ်လှေထဲတွင် ခိုးစီးလာခဲ့၏။

သည့်နောက် သူ့ဘဝ လမ်းကြောင်းကို သိသိသာသာကြီး ပြောင်းလဲစေပြီး ပျော်စရာစွန့်စားခန်းများဆီသို့ တွန်းပို့လိုက်သည့်နယ်

ဖြစ်ရပ်နှင့် အမှတ်မထင် ကြုံတွေ့လိုက်ရသည်။

ဒါကတော့ သင်္ဘောပေါ်ပါလာသည့် အင်ဂျင်နီယာတစ်ယောက်က ကမ္ဘာကျော်စာရေးဆရာကြီး ဂျက်လန်ဒန်၏ ဆောင်းပါးတစ်ပုဒ်ကို မဂ္ဂဇင်းတစ်စောင်က ထုတ်ပြလိုက်သောကြောင့် ဖြစ်၏။

ဂျက်လန်ဒန်က ပေ ၃၀–၄၀ မျှသာရှည်၍ 'စနတ်စ်'ဟု အမည်ပေးထားသော သူပိုင်မော်တော်ငယ်လေးဖြင့် ကမ္ဘာပတ်ရန် ကြံရွယ်နေပုံကို ဆောင်းပါးထဲတွင် ရေးသားထား၏။

ဂျွန်ဆင်လည်း အင်ဒီပင်းဒင့်ရှိ အိမ်သို့ ပြန်ရောက်ရောက်ချင်း ဂျက်လန်ဒန်ထံ စာတစ်စောင် ကောက်ရေးလိုက်တော့၏။

သူ့စိတ်ထဲရှိသမျှ ဖွင့်ထုတ်ရေးခဲ့ရာမှ စာမျက်နှာ ၈ မျက်နှာတိတိရှိသွားပြီး၊ စာရေးဆရာကြီး၏ခရီးစဉ်တွင် သူ့ကိုအပါခေါ်ရန် အနူးအညွတ် တောင်းပန်ထား၏။

"ကျွန်တော့်မှာ ခရီးသွားတဲ့အတွေ့အကြုံလည်း အထိုက်အလျောက် ရှိခဲ့ပါတယ်။ ဒေါ်လာ ၃၀ တည်းနှင့် ချီကာဂိုကနေ ပင်လယ်ခရီး စခဲ့တာ အိမ်ပြန်ရောက်တော့ ၁ ဒေါ်လာ ကျန်ပါသေးတယ်" ဟုလည်း ထုတ်ဖော် ရေးသားခဲ့၏။

၂ ပတ်ခန့် ကြာသွားသည်။ အသည်းတထိတ်ထိတ် ရင်တဖိုဖိုနှင့် ရူးမတတ် စောင့်ဆိုင်းရသည့် ၂ ပတ်။ ၂ ပတ်ကျော်မှ ဂျက်လန်ဒန်ဆီက သံကြိုးစာ ရောက်လာသည်။ သံကြိုးစာထဲ၌ စကား ၃ လုံးတည်းပါလာသည်။ မာတင်ဂျွန်ဆင်၏ဘဝကို ပြောင်းလဲစေခဲ့သော, ကြေးနန်းပုံစံနှင့် အမြန်ရိုက်ထားသော စကား ၃ လုံးကတော့

'မင်း အချက်အပြုတ် တတ်ရဲ့လား'တဲ့။

အချက်အပြုတ်တတ်ရဲ့လား။ ဟုတ်လား။

ဘာလို့ မတတ်ရမှာလဲ။ သူ့အနေနှင့် ထမင်းတောင် ကောင်းကောင်း မချက်တတ်သေး။ ဒါပေမယ့် သူကလည်း ဟန်ကြီးပန်ကြီး

တစ်ခွဲသားနှင့် ၃ လုံးဆို ၃ လုံးတည်းသောစကားကို ထိုက်ထိုက်တန်တန် အသုံးချလျက် ကြေးနန်းပြန်ရိုက်လိုက်၏။

'ကျွန်တော့်ကို သုံးကြည့်ပါ'ဟူသတည်း။

သည့်နောက်တော့ အိမ်မှ ကပျာကယာထွက်၍ စားသောက်ဆိုင် တစ်ဆိုင်တွင် မီးဖိုချောင်အလုပ် ဝင်လုပ်တော့၏။

သို့ဖြင့် ဂျက်လန်ဒန်၏ မော်တော်လေးစနတ်စ်၌ ဆန်ဖရန်စစ္စကိုပင်လယ်အော်၏ လှိုင်းဂယက်များကို ဖြတ်ဝင်ပြီး ပစိဖိတ်သမုဒ္ဒရာပြင်သို့ ပန်းကန်ဆေးစားတော်ကဲကြီးရာထူးဖြင့် အခံ့သား ပါသွားခဲ့ပါလေပြီ။

စားသောက်ဆိုင်လုပ်ငန်းမှ အတွေ့အကြုံအရ မာတင်ဂျွန်ဆင်သည် ပေါင်မုန့်, စွပ်ပြုတ် စပယ်ရှယ်လစ်ဖြစ်၍၊ ပူတင်းလည်း ဖုတ်တတ်သေး၏။

ပင်လယ်ခရီးအတွက် အဝယ်တော်မှာလည်း သူပဲမို့ ဆား, ငရုတ်ကောင်းနှင့် အခြားဟင်းခတ်အမွှေးအကြိုင်များကို မကုန်နိုင် မခမ်းနိုင်ဝယ်ခဲ့ရာ သင်္ဘောသားတွေကို ဖို့သတ်လို့တောင် ရလောက်သေး၏။

ခရီးစဉ်အတွင်း ရေကြောင်းပညာလည်း သူက သင်ခဲ့သေးသည်။ သူက သူ့ကိုယ်သူ ကျွမ်းကျင်သော ရေကြောင်းပြတစ်ဦးဟု ထင်ခဲ့၏။

တစ်နေ့တော့ အစွမ်းပြသည့်အနေဖြင့် မြေပုံညွှန်းကိုဖတ်ပြီး သင်္ဘောကိုလမ်းညွှန်ဖို့ ကြိုးစားမိ၏။

ထိုအချိန်က 'စနတ်စ်'သည် ပစိဖိတ်သမုဒ္ဒရာ၏ လှိုင်းတံပိုးများပေါ်မှ ဟိုနိုလူလူသို့ ရှေ့ရှုနေ၏။ ဒါပေမယ့် မာတင်၏ အတွက်အချက်ကောင်းမှုကြောင့် မော်တော်ငယ်မှာ အတ္တလန္တိတ်သမုဒ္ဒရာအလယ်သို့ရောက်သွားပြီး တစ်နေရာတည်း၌ ပတ်ချာလည်နေတော့၏။

ဒီလို ဆင်ကန်းတောတိုး ရေလိုက်လွဲခဲ့သည့်အဖြစ်အ...

နည်းနည်းကလေးမျှ နောင်တမရခဲ့ပါ။

သူက လူငယ်တိုင်း အိပ်မက်,မက်ခဲ့ရသည့် ‘စွန့်စွန့်စားစား ယောက်ျားအာဇာနည်’ဆိုသည့်ဘဝမှာ အပျော်ကြီးပျော်လို့။ သူ့အဖို့ စွန့်စားမှုအရသာကို ဘယ်အလုပ်နှင့်မျှ မလဲနိုင်ပါ။

တစ်ခါတွင်လည်း သင်္ဘောပေါ်မှာ ၂ ပတ်ကြာမျှ ရေပြတ်သွား၏။ နေကလည်း ပြင်းသလား မမေးနှင့်။ လူတွေကို အရည်ပျော်မတတ်။ ကုန်းပတ်ပေါ်က ပွဲညက်တွေဆိုလျှင် တဖြုတ်ဖြုတ် ပလုံစီထနေရသည်အထိ။ ဒီလောက် ဒုက္ခသုက္ခတွေ ရောက်နေရသည့်တိုင်မာတင်ကတော့ အပြုံးမပျက်ခဲ့။

အနှစ် ၃၀ လုံးလုံး ပျော်ပျော်ပါးပါးစွန့်စားရင်းက ပင်လယ်ကြီး ၇ စင်းပေါ်တွင် ကျင်လည်ခဲ့သလို၊ တောင်သမုဒ္ဒရာ သန္တာကျွန်းများမှသည် အာဖရိက တောအနက်ဆုံးဒေသများတိုင်အောင် ကမ္ဘာတစ်ခွင် ပြံပြံစင်သွား၏။ လူသားစားလူရိုင်းတွေ၏ဓာတ်ပုံကို သူပထမဆုံး ပြသနိုင်ခဲ့၏။

ပစ်ဂမီလူပုလေးများ, လူ့ဘီလူးကြီးများ, တောရိုင်းကြီးများ, သစ်ကုလားအုတ်များနှင့်တကွ လျှို့ဝှက်သောအာဖရိက၏ အရိုင်းသဘာဝများကို ဓာတ်ပုံရိပ်အဖြစ် မှတ်တမ်းတင်ခဲ့ပါသည်။ ပျောက်ဆုံးနေသော ဂြိုဟ်ကမ္ဘာတစ်ခုမှ ထူးထွေအံ့ရာ ရတနာအမျိုးမျိုးကို ထုတ်ဖော်ပြသနိုင်ခဲ့သည်ဟုဆိုလည်း မမှား။

ဆလိုက်ဖလင်တစ်မျိုးဖြစ်သော ဆယ်လူလွိုက်ဖလင်လိပ်များကို ထောင်သောင်းချီကာ ရုပ်ရှင်ပိတ်ကားများပေါ်တွင် ကမ္ဘာသူကမ္ဘာသားအားလုံး ကြည့်ရှုခွင့်ရစေခဲ့၏။

တစ်ပြိုင်တည်း၌ မျိုးပြုန်းပျောက်ကွယ်တော့မည်ဖြစ်သော တောရိုင်းတိရစ္ဆာန်များကို တန်ဖိုးမဖြတ်နိုင်သော ဓာတ်ပုံမှတ်တမ်း တင်ခဲ့ခြင်းလည်းဖြစ်၍ ကျွန်တော်တို့၏သားစဉ်မြေးဆက် နှစ်သက်အားရစွာကြည့်ရှုစရာအမွေအနှစ်များအဖြစ် ကျန်ရှိနေခဲ့ရပါပြီ။

မာတင်ဂျွန်ဆင် တစ်ခါက ပြောဖူးသည်။

တစ်ခါက သူသည် ခြင်္သေ့ ၁၅ ကောင် အုပ်စုအလယ်သို့ ကားဘီးလိမ့်၍ ဝင်သွားဖူးသည်။ ခြင်္သေ့တွေက ဝပ်စင်းလှဲအိပ်နေကြရာက နားရွက်တောင် မလှုပ်။ ကြောင်ကလေးတွေလို မျက်စိမှေး၍ပင် ကြည့်လိုက်ကြသေးရဲ့။ ခပ်ကဲကဲ ခြင်္သေ့တစ်ကောင်ကသာ ပျင်းရိပျင်းတွဲထလာပြီး ကားရှေ့တာယာတွေကို ကိုက်စားဖို့ ကြိုးစားခဲ့သည်။

နောက်တစ်ကြိမ်မှာတော့ ဂျစ်ကားမောင်း၍ ခြင်္သေ့မတစ်ကောင်နှင့် လက်တစ်လှမ်းအကွာသို့ ကပ်သွားမိသည်။ ခြင်္သေ့မက လက်ဖြင့် လှမ်းပုတ်ဖို့ ကြံသည်။ သို့ပေမယ့် ခြင်္သေ့မမှာ အရက်မူးလွန်သူတစ်ယောက်လို အီလေးဆွဲနေလို့သာ သူ သက်သာရာရ သွား၏။

ကျွန်တော် သူ့ကို မေးဖူးသေးသည်။

"ဒါဖြင့် ခြင်္သေ့တွေဟာ တကယ်ပဲ သဘောကောင်းတဲ့ အကောင်းဆိုးတွေလို့ ခင်ဗျားပြောချင်တာလား"ဆိုတော့ သူက ကြောက်လန့်တကြား ဘုရား,တ၍

"အမယ်လေး။ ဒီလိုတော့ မပြောဝံ့ပါဘူး ဆရာရယ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့အကောင်းဆုံးနည်းဟာ ခြင်္သေ့တွေကို ယုံယုံစားစားနှင့်ပုံအပ်တာပဲ ဖြစ်မယ်ဆိုတာ ကျွန်တော် သိပြီးသားပါ။ သူ ဘယ်အချိန် စိတ်ဖောက်ပြီး ဆရာ့ကို ခုန်အုပ်မယ်ဆိုတာ ဘယ်သူမျှ မသိနိုင်လို့ပါပဲ။ ပြီးတော့ မာန်ထနေတဲ့ ခြင်္သေ့လေးတစ်ကောင်လို ကြောက်စရာကောင်းတဲ့ အန္တရာယ်တွေမျိုး ဒီကမ္ဘာမှာ ဘာမျှမရှိဘူးလေ။ အဲ-ပေါင် ၁၀၀ ရှိတဲ့ ဒိုင်းနမိုင်းကြီး ဝင်ဆောင့်တာနှင့်အတူတူပဲ။ ခြင်္သေ့တစ်ကောင်ဟာ တစ်ချက်ခုန်လိုက်ရုံနှင့် ပေ ၄၀ လောက်ရောက်တယ်။ ဒုန်းပြေးနေတဲ့ မြင်းတစ်ကောင်ကို အသာလေး ခုန်အုပ်နိုင်တယ်"

ကျွန်တော်က သူ အသက်အန္တရာယ် ကြုံဖူးခြင်းရှိ,မရှိ မေးကြည့်မိသေးသည်။

"အိုး။ သေမင်းပါးစပ်ရောက်ခဲ့တာ ဘယ်နည်းပါ့မလဲဗျာ။ ဒါပေမယ့် ခု ပြန်တွေးလိုက်တော့ အဲဒါတွေဟာ ပျော်စရာတောင်ကောင်းသေး"

သူ့အတွက် သေပေါက်သေဝကြုံခဲ့ရသည့် အဖြစ်တစ်ခုကတော့ တောင်ပင်လယ်ကျွန်းများတွင် နေခဲ့စဉ်ဖြစ်၍ လူသားစားလူရိုင်းတွေ၏ စွပ်ပြုတ်အိုးထဲ ကျလုနီးပါးပဲ ဆိုပါတော့။

ဖြစ်ပုံက လူသားစားလူရိုင်းများ၏ ပထမဆုံးဓာတ်ပုံတွေကို အရယူခဲ့သောကာလ။ ထိုကာလမှာ လူဖြူကုန်သည်တွေက လူရိုင်းရွာတွေကို တိုက်ခိုက်စီးနင်းပြီး ရွာသူရွာသားတွေကို အဓမ္မဖမ်းဆီးကာ ကျွန်ဈေးသို့ ရောင်းပစ်နေသည့်အချိန်။

လူရိုင်းတွေကလည်း လူဖြူဧည့်သည်တွေဆိုလျှင် မလွဲမရှောင်သာ လက်ခံရင်းက မယုံမရဲ သံသယမျက်လုံးတွေနှင့်၊ လူသားကို ဆာလောင်မွတ်သိပ်ခြင်းအပြည့်ရှိနေတဲ့ လက္ခဏာတွေ အပြည့်နှင့်။

လူဖြူတွေကို လစ်လျှင်လစ်သလိုသတ်ပြီးဖြတ်ပြီး ပါလာသည့် ပစ္စည်းတွေကို လုယူနေကျလည်း ဖြစ်သည်။

ဤသို့ဖြင့် မာတင်ဂျွန်ဆင်တစ်ယောက်သည် လူရိုင်းတွေက အရသာရှိသော တနင်္ဂနွေညစာ 'လူသားပြုတ်ကြော်'လုပ်ရန်အကြံဖြင့် ဝိုင်းထားခြင်း ခံခဲ့ရပါချေပြီ။

မလွတ်သာသည့်အဆုံး လူရိုင်းခေါင်းဆောင်နှင့် သူ အသည်းအသန်ဆွေးနွေးရ၏။ ပါလာသည့် လက်ဆောင်ပဏ္ဏာလေးများကို လာဘ်ထိုးပြီး မျက်နှာချိုသွေးနေခိုက်မှာပင် ရာချီရှိသည့်လူရိုင်းများက တောထဲမှ အလျှိုအလျှိုထွက်လာပြီး ၄ ဘက် ၄ တန် ပိတ်ဆို့တားလိုက်ပါ၏။ အကူအညီဆိုတာ မိုင်ပေါင်းများစွာ အဝေးကြီး။

၆ လုံးပြူးတစ်လက် ပါလာပေမယ့် ၁၀၀ နှင့် ၁ ယောက် ဘယ်လိုမျှ ဟန့်တားကာကွယ်နိုင်စွမ်း မရှိ။ နဖူးပေါ်မှာ ချွေးတွေ ပြန်လာရပါပြီ။ အသည်းတွေ, ရင်တွေတထိတ်ထိတ်။ ဆို့ကြပ်သော ဝေဒနာ ခံစားရလျက်။

လောလောဆယ် ဣန္ဒြေမပျက် လေကြောရှည် အချိန်ဆွဲထားဖို့ကလွဲပြီး ဘာမျှမတတ်နိုင်။ လူရိုင်းတွေက တစ်စတစ်စ များလာသည်။

မာတင်ဂျွန်ဆင်ခမျာ သူ့ဇာတိဖြစ်သော ကင်းဆက်ပြည်နယ် အင်ဒီပင်းဒင့်စ်မြို့လေးက ထွက်ခွာခဲ့ချိန်မှစ၍ ပထမဆုံးအကြိမ်အဖြစ် 'ငါ့ဘာသာ ငါ့အဖေနှင့်အတူ ကျောက်မျက်ရတနာလုပ်ငန်း လုပ်နေခဲ့ရင် အကောင်းသား' ဟု အတွေးအပေါ်ပြီး နောင်တကြီးကြီး ရမိလိုက်သည်။

သည့်နောက် လူသားစားလူရိုင်းတွေက သူ့ကို အမဲဖျက်သလို ဝင်ရောက် ခုတ်ထစ်တော့မည့်ဆဲဆဲ အချိန်ပိုင်းကလေးအတွင်းမှာပင် မမျှော်လင့်ဘဲ အံ့မခန်းအဆန်းတကြယ် ဖြစ်ရပ်ထူးတစ်ရပ် ပေါ်ပေါက်လာပါတော့၏။ သူတို့နှင့် မလှမ်းမကမ်း ပင်လယ်ကမ်းခြေသို့ ဗြိတိသျှ ကင်းလှည့်သင်္ဘောတစ်စင်း ရောက်ရှိလာခြင်းပါတည်း။

လူသားစားလူရိုင်းတွေ ရုတ်တရက် ကြောင်သွားကြ၏။ ဒါ ဘာအဓိပ္ပာယ်ဆိုတာ သူတို့ သိလိုက်သည်။

ဂျွန်ဆင်ကိုယ်တိုင်လည်း အံ့အားကြီးသင့်လို့ အကြောင်သား။ သူ့မျက်စိကိုပင် သူ မယုံနိုင်လောက်အောင် ဖြစ်နေမိ၏။

ထိုမှ ရုတ်တရက်သတိဝင်ပြီး လူရိုင်းခေါင်းဆောင်ကြီးကို မသိမသာ ဦးညွှတ်ရင်းဖြင့်

"ကဲ၊ မြင်တယ်မဟုတ်လား။ ကျုပ်သင်္ဘော ကျုပ်နောက်က လိုက်လာပြီ။ ခင်ဗျားတို့အားလုံးနှင့်တွေ့ရတာ ဝမ်းသာပါတယ်။ ခွင့်ပြုဦးနော်။ ဂွတ်ဘိုင်"

ပြောပြီးတာနှင့် တစ်မုဟုတ်ချင်း ဘယ်သူတစ်ဦးတစ်ယောက်ကမျှ အမိန့်ပေး တားဆီးပိတ်ဆို့ခြင်းမပြုနိုင်မီ ကမ်းစပ်သို့ ဒရောသောပါး ဆင်းပြေးခဲ့လေတော့သတည်း။

ဤသည်ပင် သေမင်းလက်မခံ သေရွာပြန် မာတင်ဂျွန်ဆင်၏ ကိုယ်တွေ့ဇာတ်လမ်း မှတ်တမ်းတစ်ပုဒ်။



# ရဲဝံ့သူ၏ ရှေ့လက်

## ဖလောရင့်စ် ဇီယက်ဖီးလ်

ကမ္ဘာ့အလှဆုံး မိန်းမချောလေးတွေရဲ့ တယ်လီဖုန်းနံပါတ်တွေကို စုဆောင်းထားသူ။

ကြေးနန်းရိုက်ဝါသနာပါ၍ စားပွဲချင်းကပ်နေသူကိုပင် ကြေးနန်းရိုက် စာပို့သူ။

ရထားစင်းလုံးငှားရန် ပေါင်ငွေ ၁၀၀၀ ချေးခဲ့သူ။

နောက်ဆုံးအချိန် ဆေးရုံပေါ်မှ ပွဲကသွားသူ။

ရှာမှရှားသော လူ့ခွစာ ဇာတ်ဆရာကြီး။

■

ဖီယက်ဖီးလ်၏ ပဒေသာကပွဲများသည် ဘရော့ဒ်ဝေးပြဇာတ်ရုံများ၏ ထိပ်ခေါင်တင်ဘွဲ့ကို ၂၄ နှစ်တိုင်တိုင် ကြီးစိုးထားခဲ့၏။

အဆင့်မြင့်ခမ်းနားကြီးကျယ်မှုနှင့် တစ်ခဲနက် အားပေးခံရသည့်အရာတွင် ထိုပဒေသာကပွဲများကို ယှဉ်နိုင်သည့်ပွဲမျိုး ယနေ့ကမ္ဘာတွင် မပေါ်ဘူးသေးပါဟုလည်း ဆိုနိုင်၏။

သူ့လောက် ပိုက်ဆံရသည့်ဇာတ် မရှိသလို၊ သူ့လောက် ငွေကုန်ကြေးကျများသည့်ဇာတ်လည်း မရှိခဲ့ပါချေ။

တစ်ခေတ် တစ်ယောက်, တစ်သန်း တစ်ယောက်ဟု ခေါ်လောက်သော ဖလော့ရင့်စ် ဖီယက်ဖီးလ်သည် မိန်းမလှလေးများ၏ တယ်လီဖုန်း နံပါတ်မှန်သမျှ သိရှိထားသူ ဖြစ်၏။

'အပြာရောင်အလှ'ဆိုသော သူ့မှတ်စုစာအုပ်ထဲတွင် ချစ်စရာ မိန်းမလှလေးများ၏ အမည်, လိပ်စာ, တယ်လီဖုန်းနံပါတ်များ အပြည့်အစုံ မှတ်ထား၏။

သူ၏ ထက်မြက်စူးရှသော ဝေဖန်ရေးမျက်လုံးများရှေ့တွင် နေ့တိုင်းလိုပင် အယောက် ၅၀ မှ ၆၀ မျှသော နတ်မိမယ်လေးများက စင်တော်ကောက်ခံရဖို့ ဟန်ရေးပြနေကျ။

သူက သူ့ကို 'အမေရိကန်မလေးတွေ၏ အလှဘန်းတင်ပေးသူ ကျေးဇူးရှင်ဥယျာဉ်မှူး'လို့ တင်စားသည်ကို အလွန်ဂုဏ်ယူ၏။

တကယ်တော့လည်း သည်ဘွဲ့ထူးကို သူ ထိုက်ထိုက်တန်တန် ရသင့်တာတော့ အမှန်ပါ။

မဝတ်တတ်မစားတတ် ဖရိုဖရဲဖြစ်နေသော မိန်းမပျိုတစ်ဦးသည်ပင် ဖီယက်ဖီးလ်၏ရွှေလက်နှင့် ရွေးချယ်ခြင်းခံလိုက်ရလျှင် လျှမ်းလျှမ်းတောက် ကျော်ကြားသွားတတ်၏။ ကျောက်ရိုင်းမှ စိန်ပွင့် ဖြစ်သွား၏။

ကိုယ်နေဟန်ထားလှပ၍၊ ကြည်လင်ဝင်းလက်သော မျက်နှာလေးနှင့် နှစ်သက်ဖွယ်သာ ကောင်းပါစေ။

ဇီယက်ဖီးလ်၏စင်မြင့်က အဆင်သင့် ကြိုနေပါလိမ့်မည်။

အနုပညာမာယာတွေအတွက်တော့ ပူစရာ မလို။ ဇီယက်ဖီးလ်ကိုယ်တိုင် တာဝန်ယူသင်ပေးပါ၏။

တစ်ဘက်တွင်မူ ဇီယက်ဖီးလ်သည် အရှေ့တိုင်းမှ ရွှေနန်းရှင်များနှင့် နင်လားငါလားစည်းစိမ်ခံ၍ တဆောင်တယောင် မင်းခမ်းမင်းနားနှင့်နေချင်သူ ဖြစ်၏။

ကပွဲအဝတ်အစားတွေအတွက်လည်း ရှိသမျှငွေတွေ ပုံအောသုံးဖြုန်းပစ်၏။ ဥရောပ, အိန္ဒိယ, အာရှတစ်ခွင် ရှိသမျှဈေးတွေကို ပိုက်စိပ်တိုက်၍ ကောင်းပေ့ညွန့်ပေ့ဆိုသည့် အဆင်ဆန်း, အလှဆန်း, လက်ရာဆန်းအထည်တွေကို သိမ်းကျုံးဝယ်နေကျ။ အင်္ကျီအနားကွပ်များအတွက်ပင် အကောင်းဆုံးပိုးထည်တွေကိုသာ သုံးတတ်၏။

"မိန်းမတစ်ယောက် ဘယ်လောက်ပဲလှလှ အဝတ်အစားမလှပါက သို့မဟုတ် သူနှင့်လိုက်ဖက်သော အရောင်အသွေး မဆင်ယင်တတ်ပါက အလကားပဲ"ဟု သူက ဆိုခဲ့၏။

ကောင်းဘွိုင်ယိမ်းထွက်ဖို့ သူလိုချင်သည့်ဦးထုပ်မျိုး မရသည့်အတွက် ထိုပြကွက်ကို ၃ လတိုင် ရွှေ့ဆိုင်းထားဖူး၏။

တစ်ခါကလည်း ကဇာတ်တစ်ခု ပေါင် ၅ သောင်းခန့်မျှ အကုန်ခံစီစဉ်ပြီး၊ တစ်ပွဲသာက၍ ရပ်ပစ်ခိုင်းလိုက်သည်။ အကြောင်းက သူတင်ဆက်နေကျအဆင့်ကို မမီလို့ပါတဲ့။

သူသည် ဘာမဆို အတိုင်းအဆမရှိ ပရမ်းပတာ သုံးတတ်သည်။

နေ့စဉ် လူပေါင်း ၁၀၀ ကျော်နှင့် ဆက်သွယ်နေရသော်လည်း ဒုက္ခခံပြီး စာတစ်စောင်မျှ ရေးလေ့မရှိ။

အပြန်အလှန်သံကြိုးရိုက်ခြင်းဖြင့် မနက်အိပ်ရာထသည်နှင့်

သံကြိုးစာတွေက သစ်ရွက်ကြွေသလို တဖွဲဖွဲတသဲသဲ စုပြုံရောက်လာကြသည်။ သူ ဘယ်ကိုပဲသွားသွား သံကြိုးရိုက်တဲ့ ပုံစံစာရွက်တွေကိုယ်နှင့်မကွာ ပါနေကျ။ ဂရင်းစင်ထရယ် ဘူတာရုံမှ ၁၂၅ လမ်းသို့ ရထားစီးရင်းက သံကြိုးပုံစံ တစ်အုပ်လုံးကုန်အောင် ရိုက်ခဲ့သည်ဟုပင် ပြောစမှတ် တွင်ခဲ့၏။

တစ်ခါကလည်း သံစုံတီးဝိုင်းထဲ ဝင်ထိုင်၍ ရီဟာဇယ် လုပ်နေသည်ကို ကြည့်ရင်းက စင်ပေါ်က သရုပ်ဆောင်တွေကို ကြေးနန်းရိုက်၍ ညွှန်ကြားသော ဟူ၏။ သူ့ဝါသနာက လှမ်းခေါ်လို့ ကြားနိုင်လောက်သောနေရာက လူများကိုပင် ကြေးနန်း ပို့ချင်ပို့တတ်၏။ တစ်ကြိမ်တွင် ပြတင်းပေါက်မှ ခေါင်းပြူ၍ မျက်နှာချင်းဆိုင်ထိုင်နေသူ လူတစ်ယောက်ကို လှမ်းပြောဖူး၏။

"ဟေ့လူ။ ကျုပ် ခင်ဗျားဆီကို ကြေးနန်းတစ်စောင် ရိုက်လိုက်တယ်လေ။ အဲဒါ ခုထိ ဘာလို့အကြောင်းမပြန်သေးတာလဲ"တဲ့။ ကဲ။

သူသည် ငွေ ၅ ပေါင်မျှ သက်သာရေးအတွက် နာရီပေါင်းများစွာအချိန်ယူပြီး စီမံချက်ရေးဆွဲလင့်ကစား၊ နောက်တစ်နေ့ ဝေါလ်စထရီ ငွေဈေးကွက်၌ ငွေကစား၍ ပေါင် ၂ သောင်းရှုံးသွားသည်ကို တစ်ချက်ကလေး အပြုံးမပျက်ခဲ့။

တစ်ခါက သူသည် အက်ဝိန်းဆိုသူထံမှ ပေါင် ၁၀၀၀ ချေးယူခဲ့ပြီး၊ ထိုငွေ ၁၀၀၀ ဖြင့် အမေရိကသို့ ဖြတ်သန်းရန် ရထားစင်းလုံးငှား၍ တစ်ယောက်တည်း စီးသွားခဲ့ဖူး၏။

သူသည် မိန်းမပျိုကလေးများကို သူ၏ သူရဲကောင်းဆန်မှုနှင့် ညှတာသနားမှုတို့ဖြင့် လုလုပပ ကြိုးကိုင်နိုင်ခဲ့၏။

ပွဲဦးညဆိုလျှင် ကပွဲထဲပါသမျှ ယိမ်းသမလေးတွေအားလုံး သူ့ထံက ပန်းတစ်စည်းစီ လက်ဆောင် ရကြသည်။

လုပ်ငန်းခွင်က အရွယ်လွန်သော အမျိုးသမီးများနှင့် ရှူးပေါ်ပေါ် မိန်းကလေးများကိုပင် ကရုဏာရှေ့ထား၍ တခြားကချေသည်များနှင့် တန်းတူအခွင့်အရေး ပေးထားခဲ့၏။

သူသည် သူ့ကပွဲက လူကြိုက်အများဆုံးမင်းသမီးများကို ပျှမ်းမျှ ကြေးအားဖြင့် တစ်ပတ်လျှင် ပေါင် ၁၀၀၀ ချီးမြှင့်၏။ ကပွဲရာသီတစ်ခု ပြီးဆုံးချိန်၌ ထိုမင်းသမီးများ၏ ဘဏ်သွင်းစုငွေမှာ သူ့ထက် အဆ ပေါင်းများစွာ ပိုနေတတ်၏။

သူ ကပွဲ စသွင်းခါစက ယိမ်းသမလေးတွေမှာ တစ်ပတ်မှာ ၆ ပေါင်သာရကြရှာ၏။ သို့သော် ကြွားကြွားဝါဝါ လက်ဖွာတတ်မှုနှင့် မိန်းမသားတွေကိုမှ စေတနာပိုတတ်သောအကျင့်ကြောင့် မကြာမီပင် တစ်ပတ်ကို ၂၅ပေါင်စီ တရားဝင်ကြေး ချီးမြှင့်ပေးခံရတော့၏။

ဇီယက်ဖီးလ် ပြဇာတ်လောကသို့ ပထမဆုံး စွန့်စားဝင်ရောက် လာချိန်မှာ ဥမမယ် စာမမြောက်အရွယ် ၁၄ နှစ်သားမျှသာ ရှိသေး၏။

သူသည် အိမ်ပြေးဘဝမှ မြင်းရေးပြ ကျွမ်းကျင်သူဖြစ်လာပြီး ဘတ်ဖဲလိုး ဘီးလ်၏ အနောက်ကောင်းဘွိုင်ပြကွက်၌ အလုပ်ပြသေနတ် သမား ဖြစ်ခဲ့သည်။

သူ့အသက် ၂၅ နှစ်မှာတော့ ၁၉၀၀ ပြည့်နှစ်များ၏ ကမ္ဘာ့ လူသန်ကြီးအဖြစ်ထင်ရှားကျော်ကြားခဲ့သော ဆန်ဒိုကြီး၏ မန်နေဂျာ ဘဝဖြင့် လက်ဖျား ငွေသီးခဲ့သည်။

နောက် ၂ နှစ်အကြာ၌ လန်ဒန်သို့ရောက်ခဲ့ပြီး လမ်းပေါ်မှ ကလေကချေ ပစ္စည်းမဲ့တစ်ယောက်၏ဘဝကို ပီပီပြင်ပြင် ခံစားခဲ့ရ သည်။ သို့ဖြင့် မွန်တီကာလို ကစားဝိုင်းများတွင် ဝင်ကံစမ်းကြည့်လိုက်ရာ ကံကြမ္မာဘီး တစ်ဘက်စောင်းနင်းဖြစ်ပြီး ရှိစုမဲ့စုအင်္ကျီလေး ဆုံးပါး ခဲ့ရတော့သည်။ ဖွတ်ကျောပြာစု ခရုဆံချောင် ဖြစ်ခဲ့ရပေမယ့် သူကတော့

မဖြုံရေးချ မဖြုံ။ ရောမ ဖွဲ့သတ္တိ, ရည်မှန်းချက်အပြည့်ဖြင့် လောကခံကို လံကခေါလုပ်ဖို့ အံခဲထားခဲ့သည်။

သူ၏ပါးနပ်လိမ္မာမှုနှင့် လာဘ်မြင်မှုကိုအရင်းပြု၍ သူသည် ဥရောပ၏ အကျော်ကြားဆုံးကြယ်တစ်ပွင့်နှင့် လက်တွဲမိပြီး မွေးရပ် ဌာနီ အမေရိကန်ပြည်ကို မျက်နှာပန်းလှလှ အထက်တန်းကျကျ ပြန်ရောက်ခဲ့ရသည်။ ထိုသောကြာကြယ်မလေးကတော့ ၂၀ ရာစု၏ ဆန်းစ သော်တာအဖြစ် ထွန်းတောက်ခဲ့သော အလှဘုရင် ရွှေမင်းသမီးလေး 'အင်နာ ဟဲလ်'ပင် ဖြစ်ပါ၏။

အမေရိကမှ နာမည်ကြီးရုပ်ရှင်ထုတ်လုပ်သူများဟာ အင်နာဟဲလ် နှင့် အမိအရဆက်သွယ်၍ နယူးယောက်သို့ အလည်လာဖို့ ဖိတ်ခေါ် ခဲ့၏။ သူတို့က ရောမမက်လုံးကြီးတွေနှင့် ဖြားယောင်းဆွဲဆောင်ခြင်း လည်း ဖြစ်၏။

ဤတွင် အသက် ၂၇ နှစ်သာရှိသေး၍ လက်ဖျားခြေဖျားသာ ရှိသော အညတရဘိုင်ကောင်လေးက ရွှေမင်းသမီး၏ဧည့်ခန်းထဲ ရဲရဲဝံ့ဝံ့ တန်းဝင်သွားပြီး ကျလောက်အောင်ပြောကာ ကန်ထရိုက်စာချုပ် ချုပ်နိုင် ခဲ့ရာမှ အောင်မြင်မှုကောင်းကင်ဘုံဖျားသို့ ဒုံးပျံယာဉ် လွှတ်တင်နိုင် လိုက်ခြင်း ပါပေတည်း။

အင်နာဟဲလ် ကိုယ်တိုင်ကလည်း ထူးခြားသော ပါရမီရှင်ပီပီ တဒင်္ဂအတွင်း အောင်ပွဲသရဖူ ဆောင်းခဲ့၏။ သူမသည် အမေရိကား တစ်ပြည်လုံးကို တိုနာဒိုးမုန်တိုင်းကြီးအသွင် သိမ်းကျုံးယူလိုက်နိုင်သည်။

ဘော်ဒီအင်္ကျီ, မျက်နှာလိမ်းပေါင်ဒါ, ဦးထုပ်, ရေမွှေးမှစ၍ ပြိုင်မြင်းများ, အရက်ပုလင်းများ, လမ်းသရဲများ, စီးကရက်များအဆုံး အင်နာဟဲလ် နာမည်မပါလျှင် မပြီး။ အင်နာဟဲလ် အမှတ်တံဆိပ်ကိုမှ ခေတ်မီသည်ဆိုကာ ဂုဏ်ယူဝင့်ကြွားစွာ သုံးစွဲကြတော့သည်။

သူမသည် အစ်ကိုကာလသားများအတွက် ရှန်ပိန်အရက်နှင့် မြီးစရာ အမြီးလေးတစ်မျိုးအဖြစ်လည်း သမုဒ္ဒရာငှစင်းကို ထုတ်ချင်းခတ် ကျော်စောလာခဲ့၏။

အတိုချုပ်ပြောရင်တော့ ၁ နှစ်အတွင်းမှာပင် ဖလောရင့်စ်ဇီယက် ဖီးလ်နှင့် အင်နာဟဲလ်တို့ လူသိရှင်ကြား လက်ထပ်လိုက်ကြလေ၏။ အင်နာဟဲလ်နှင့် နှစ်အတန်ကြာ ပေါင်းသင်းခဲ့ပြီးမှ အိမ်ထောင်ရေး အဆင်မပြေဖြစ်လာ၍ ကွာရှင်းပြတ်စဲ လိုက်ရပြန်သည်။

ထို့နောက် ဇီယက်ဖီးလ်သည် ဘီလီဘာကေးအား အရူးအမူး ချစ်သွားပြန်၏။ ဘီလီကို တွေ့ပြီး နေ့တွင်းချင်းပင် ပန်းဆိုင်တစ်ဆိုင် လုံးကိုဝယ်ကာ ဘီလီ့အိမ်သို့ ပို့ပေးခဲ့သည်။

ဘီလီက သူ့ကို တယ်လီဖုန်းဖြင့် ကျေးဇူးတင်စကား ပြောဖို့ ကြိုးစားသော်လည်း သူ့ဖုန်းလိုင်းမအား၍ မဆက်ရကြောင်း သိသွားသောအခါ၊ ဘီလီ ကိုယ်ပိုင်အသုံးပြုရန် အထူးလိုင်းတစ်လိုင်းကို ရွှေနှင့် ပြီးသော တယ်လီဖုန်းခွက် တပ်ဆင်ပေးခဲ့လေသတတ်။

ဇီယက်ဖီးလ်သည် လျှပ်တစ်ပြက် ထင်ရာစိုင်းရသည်ကို နှစ်သက် သူဖြစ်၏။ စဉ်းစားဆင်ခြင်ရတာမျိုးကို စက်ဆုပ်၏။

သူ၏ စားပွဲပေါ်တွင် လော့်စာတစ်သေတ္တာ တင်ထားသည်ကို တွေ့၍ မိတ်ဆွေတစ်ယောက်က သူ တကယ်ပဲ လော့်စာကို ကြိုက် သလား မေးမိ၏။ ထိုအခါ သူ့အဖြေက

"အင်း။ ကျွန်တော် ဘာကြောင့် ဒီလော့်စာ စားသလဲဆိုတာ ပြောပြမယ်။ သူတို့အားလုံးက မည်းနက်နေတာ မဟုတ်လား။ အဲဒီ တော့ ကျွန်တော့်အဖို့ ဘာအရောင်ညာအရောင်ဆိုပြီး အချိန်ကုန်ခံ ရွေးနေစရာ မလိုတော့ဘူးပေါ့ဗျာ"တဲ့။

သူသည် သူ့ပြဇာတ်အတွက် နာမည်ကြီး လူရွှင်တော်များကို ငှားရမ်းထားခဲ့၏။ သို့သော် သူကိုယ်တိုင်ကတော့ ၎င်းတို့၏ ဟာသပြက်လုံးများကို မရယ်မောခဲ့။ အက်ဝိန်း, အက်ဒီကင်တာ, ဝီလ်ရောဂျား ဆိုသော ထိပ်တန်းလူရွှင်တော်တွေ တစ်ယောက်မျှ သူ့ကို ပြုံးရုံလေး ပြုံးအောင်ပင် မစွမ်းဆောင်နိုင်ခဲ့ပါ။

ဇီယက်ဖီးလ်သည် အလွန်တရာတည်ကြည်အေးဆေးသူ တစ်ယောက်ဖြစ်၍ သူ့တပည့်လက်သား ဝိုင်းတော်သားအားလုံးက သူ့ကို 'ရေခဲတုံးကြီး' လို့ ချစ်စနိုးအမည် ပေးထားကြသည်။

၂၅ နှစ်တိုင်တိုင် နယူးယောက်မြို့ဟောင်းက ဇီယက်ဖီးလ်၏ ကပွဲရှိရာလမ်းပေါ်တွင် ဇိမ်ခံကစားကြီးတွေ ပြည့်ကြပ်နေခဲ့၏။ စိန်ရောင်ရွှေရောင် ပြိုးပြိုးပြောင်နှင့် ဝတ်ကောင်းစားလှ ဝတ်ထားသူ လူကုံထံတွေ ကြိတ်ကြိတ်တိုးလို့။ ရှေ့တန်းတစ်နေရာကို ပေါင် ၆၀ ပေးရသည့်တိုင်အောင်လည်း ဈေးကြီးတယ်လို့ မထင်။ နောက်တန်းတွေမှာလည်း ဟေးလားဝါးလားပရိသတ်တွေ အပြည့်။

အဝတ်လဲခန်း အမှုထမ်းမလေးတွေနှင့် အစေအပါးကောင်လေးတွေ ခြေချင်းလိမ်အောင် ယောက်ယက်ခတ် ပြေးလွှားနေကြစဉ် ဟာသလူရွှင်တော်တွေကလည်း ဇာတ်စင်ဘေးမှာ ပြုံုတစ်ပြုံုတစ်နှင့်။ ယိမ်းသမလေးတွေကလည်း ဘယက်ဒွာဒရာတွေ အသည်းအသန် ရှာလို့ ကောင်းတုန်း။

ကိုယ့်အာရုံနှင့်ကိုယ် တဒင်္ဂရှုးသွပ်ခြင်း ဝဲဩဃတွင်နေကြစဉ်၌ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး စီမံခန့်ခွဲနေသူဆို၍ တစ်ယောက်တည်းသာ ရှိ၏။ ထို တစ်ယောက်တည်းသော သူကတော့ ဇီယက်ဖီးလ် မှတစ်ပါး အခြားမဖြစ်နိုင်ပါချေ။

နယူးယောက်မြို့တော်၏အထက်လွှာက ညမင်းသားများ အတိတ်ကောင်း, နိမိတ်ကောင်းယူ၍ အဖြူရောင်နက်ကတိုင်များ ဝတ်ဆင်လာကြသည်။ ဒါပေမယ့် ဇီယက်ဖီးလ်ကတော့ မီးခိုးရောင် အလုပ်ရုံဝတ်စုံကို ရိုးရိုးလေးဝတ်ထား၏။

သူကိုယ်တိုင်ကြည့်ဖို့ အထူးတန်းနေရာကို သီးသန့် မယူ။ အပေါ်ထပ် လေသာဆောင်သို့တက်ရာ လှေကားထိပ်မှာသာ သူ့ကပွဲကို သူ အကဲခတ် ကြည့်နေတတ်၏။

၁၉၂၉ ခုနှစ် ဝေါစထရိရပ်ကွက် စီးပွားရေးပျက်ကိန်းကြုံခဲ့သလို နာမည်ကျော် ကပွဲပိုင်ရှင်ကြီး ဇီယက်ဖီးလ်၏ကံကြမ္မာလည်း ညှိုးမှိန်၍ ပွဲသိမ်းချိန် တိုင်ခဲ့ရပါပြီ။

ကမ္ဘာပေါ်မှာ အသားနားဆုံး တေးဂီတကဇာတ်များကို သန်းပေါင်းများစွာအကုန်အကျခံ၍ တင်ဆက်ခဲ့သော အနုပညာမြတ်နိုးသူကြီး၏ဇာတ်သိမ်းခန်းမှာ အခန်းငှားခ အကြွေးတွေကိုပင် ပေးစရာမရှိတော့။

ကပွဲ၏နောက်ဆုံးအချိုကို သူမွေးထုတ်ခဲ့သော မင်းသား,မင်းသမီးများနှင့် အလုပ်သမားများက နှုတ်ဆက်ပွဲအနေဖြင့် ကပြခဲ့ကြသည်။

ဇီယက်ဖီးလ်သည် ၁၉၃၂ ခုနှစ်တွင် ကာလီဖိုးနီးယားပြည်နယ်၌ မထင်မရှား ကွယ်လွန်သွားခဲ့ရှာသည်။

သူ့ခမျာ သေအံ့မူးမူးအချိန်အထိ တေးသံစုံပြဇာတ်တစ်ခုကို ညွှန်ကြားနေရသည်ဟု ဥပါဒါန်ကပ်ပြီး ကယောင်ကတမ်းတွေ ထင်မြင်နေ၏။

စင်စစ် သူ့ဇာတ်ခုံကြီးမှာ ဖွေးဖွေးဖြူနေသော ဆေးရုံခန်းမကြီး တစ်ခု ဖြစ်လျက်။ သူ့သံစုံတီးဝိုင်းကြီးဆိုတာကလည်း သူ့လက်စွဲ ကြိုးမဲ့ကြေးနန်းစက်ငယ်လေးတစ်လုံးသာ ဖြစ်ပါချေ၏။

ပြဇာတ်ဝိုင်းတော်သားတွေ ဆိုလို့လည်း စိုးရိမ်တကြီး ထိတ်လန့် တုန်လှုပ်နေသော တပည့်လက်သားတချို့သာ ရှိပါသည်။

သူ့နှုတ်ခမ်းတွေက တဆတ်ဆတ်တုန်လို့။ မျက်လုံးအစုံကလည်း အဖျားတက်ပြီး ပြာဝေနေပါသည်။ သည်ကြားထဲက သူ ခုတင်ပေါ် ငေါက်ခနဲ ထထိုင်ကာ မရှိသောသရုပ်ဆောင်များကို အသံကုန်ဟစ်၍ အမိန့်ပေးလိုက်ပါ၏။

"ကန့်လန့်ကာဟော့။ ကန့်လန့်ကာ အဆင်သင့်။ တီးဝိုင်းက တီးလုံးသွက်သွက်လေးလေ။ မီးတွေစုံ။ မီးအစုံ။ နောက်ဆုံးဇာတ်သိမ်း ခန်းဆိုတာ အပိုင်လုပ်ကြနော်"

တဖြည်းဖြည်းနှင့် သူ့အသံ တိမ်ဝင်သွားပြီး

"အား။ အံ့မခန်းစရာကြီးပဲ။ ကပွဲက သိပ်ကောင်းတယ်ဟော့။ ကပွဲက သိပ်ကြည့်လို့ ကောင်းပါလားဟရို့"

သြော်။ ဘဝနိဂုံးချုပ်အထိ အနုပညာမျာန် ဝင်စားသွားရှာသူ ဖလောရင့်ဇ် ဇီယက်ဖီးလ်။



# ၃ ၊ ပဉ္စလက်ဆရာ၏ ပဉ္စလက်ဘဝ

## ဟိုးဝပ်သာစတန်

ရထားမှားစီးမိရာမှ နာမည်ကျော် မျက်လှည့်ဝိဇ္ဇာကြီး ဖြစ်လာခဲ့ရသော သူနာပြုသင်တန်းသားလေး။

နွံနစ် ကျွန်ဖြစ်ခဲ့သည့်ဘဝမှ မိုးထိအောင် လှေကား ထောင်နိုင်ခဲ့သူ။

အိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်ခဲ့ သူ၏ ဇွဲသတ္တိများ။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့် ချမ်းမြမြ ညတစ်ည။

ချီဟာဂိုမြို့ရှိ မက်ဗက်ကာ၏ဇာတ်ရုံထဲမှ လူအုပ်ကြီး ပြုံထွက်လာသည်။ ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင်မြူးကြွလာသော ထိုလူအုပ်ကြီးမှာ မျက်လှည့်ကျော်ကြီး အလက်ဇန္ဒား ဟားမင်း၏ အဖျော်ဖြေခံပရိသတ်ကြီးသာ ဖြစ်ပါသည်။

ခိုက်ခိုက်တုန်အောင်ချမ်းနေသော ချာတိတ်ကလေးတစ်ယောက်။ လူအုပ်ကြီးဖြတ်သန်းရာ ပလက်ဖောင်းတွင်ရပ်လျက် ချီကာဂိုထရီဗျူးသတင်းစာတွေ တပွေ့ကြီးကို အော်ရောင်းနေ၏။ သူ့တစ်ကိုယ်လုံးမှာ ဘဝတိုက်ပွဲ၏ ရှေ့တန်းစစ်မျက်နှာပြင်သို့ ရောက်နေမှန်း သိသာလှပါသည်။ အပေါ်ရုံကုတ်အင်္ကျီ မရှိ၊ နေစရာအိမ် မရှိ၊ အိပ်ရာငှားခပေးဖို့လည်း ပိုက်ဆံ မရှိ။

လူအုပ်ကြီးကွဲသွားပြီး လူစဲပြီဆိုသည့်အချိန်ကျမှ ဇာတ်ရုံနောက်ဘက် လမ်းကြားအတွင်းရှိ မီးဖိုဆောင်ပြတင်းဘောင်ပေါ်တက်၍ မရောင်းရသော သတင်းစာတွေခြုံပြီး တစ်ညတာ အနားယူအိပ်စက်ရသည့်ဘဝ။ ချောင်ကြိချောင်ကြား ကပ်သပ်အိပ်ရင်း ထမင်းဆာလွန်းလို့ အူတွေအသည်းတွေ ဆတ်ဆတ်တုန်နေသည့်ကြားက 'ငါသာ မျက်လှည့်ဆရာကြီး ဖြစ်လိုက်ရင်တော့'ဟု ဆန္ဒပြုလျက် လေထဲမှာ တိုက်အိမ်ဆောက်နေမိခဲ့ရှာ၏။

သူ့ကို ချီးကျူးအားပေးနေသော ပရိသတ်တွေအလယ်တွင် သိုးမွေးအနားဖတ်တပ်ထားသော ဖဲဝတ်လုံကြီးဝတ်လျက်။ အနားယူခန်းမှာ ချောချောလှလှတပည့်မလေးတွေ ပြုံးပြုံးလေး ကြိုဆိုနေပုံကို စိတ်ကူးယဉ် အိပ်မက်,မက်ခဲ့ပြန်သည်။

ထိုချာတိတ်၏ အမည်မှာ ဟိုးဝပ်သာစတန်ဖြစ်၍ နောင်အနှစ် ၂၀ အကြာတွင် သူ စိတ်ကူးယဉ်ခဲ့သည့်အတိုင်း အောင်မြင်မှု သရဖူ ဆောင်းနိုင်ခဲ့သော မျက်လှည့်ဆရာကြီးအဖြစ် ကျော်ကြားခဲ့သူပါတည်း။

ထိုမျှမက သူ့မျက်လှည့်ပွဲပြီးသည့်နောက် နောက်ဖေးလမ်း ကြားထဲဝင်ခဲ့ကာ ဇာတ်ရုံအနောက်၌ လွန်ခဲ့သော အနှစ်အစိတ် အိမ် ခြေရာခြေမဲ့ ငေါ်ပြတ်နေသော သတင်းစာလက်ပွေ့သမားလေးဘဝက ရေးထွင်းထားခဲ့သည့် လက်မှတ်တိုလေးကို လွမ်းလွမ်းဆွတ်ဆွတ် သွား ကြည့်မိလေ၏။

၁၉၃၆ ခုနှစ် ဧပြီလ ၁၃ ရက် သူသေဆုံးချိန်မှာတော့ ဟိုးဝပ် သာစတန်သည် မျက်လှည့်ဆရာများ၏ ဥသျှောင်အဖြစ် အသိအမှတ်ပြု ခံနေရပါလေပြီ။

သူ မသေခင် အနှစ် ၄၀ လုံးလုံးကို ကမ္ဘာတစ်လွှား ခြေဆန့်ကာ ပရိသတ်ပေါင်းအသိန်းအသန်းကို ရင်သပ်ရှုမော အံ့ဩသည်းဖိုအောင် ဆန်းပြားလှပသော မျက်လှည့်ပြကွက်များဖြင့် ဖမ်းစားနိုင်ခဲ့၏။ သန်း ပေါင်း ၆၀ ကျော်သော ကမ္ဘာပြည်သူများသည် ရုံပြည့်ရုံလျှံအားပေး ခဲ့ရာမှ အသားတင်အမြတ်ချည်း ပေါင် ၄ သိန်းကျော် ရခဲ့လေသည်။

သူ မကွယ်လွန်မီ ရက်ပိုင်းလေးအလို တစ်ညနေတွင် ကျွန်တော် သည် သာစတန်ဖျော်ဖြေရာ ဇာတ်ရုံတစ်ခု၏ပုဏ္ဏားကွယ်မှနေ၍ သူ့ ပြကွက်များကို ထိုင်ကြည့်ခဲ့ဖူးပါသည်။

ထိုမှ အဝတ်လဲခန်းသို့ ဆင်းခဲ့သည့်နောက် နာရီပေါင်းများစွာ ကြာအောင် သူ၏ ရင်ခုန်စရာ ဘဝစွန့်စားခန်းများကို နားဆင်မှတ်သား ခဲ့ရပြန်သည်။

အပိုအမွန်းတွေမပါသော မျက်လှည့်ဆရာတစ်ဦး၏ဘဝမှာ သူ့ မျက်လှည့်ဇာတ်ခုံပေါ်က လှည့်စားချက်များကဲ့သို့ပင် အံ့ဖွယ်ဘနန်း ပဥ္စလက်ဆန်လှပါတော့၏။

သူ ငယ်စဉ်တောင်ကျေး ကလေးဘဝက သူ့အဖေက သူ့ကို မြင်းအုပ်ကြီး တာအားမောင်းခဲ့ရကောင်းမလားဆိုပြီး ကြိမ်နှင့် ဆော်သည်။ သူသည် နာကျည်းမှု ဒေါသအဟုန်ဖြင့် သွေးရူးသွေးတန်း အော်ဟစ်ပြီး အိမ်မှထွက်ပြေးခဲ့ရာ တစ်ချီတည်း ခြေရာပျောက်။

သူ့အဖေနှင့် အမေမှာ ၅ နှစ်တိုင်တိုင် သတင်းမကြား ဘာမကြားဖြင့် သူနှင့် အဆက်ပြတ်ခဲ့ရသည်။ သူ သေပြီဆိုပြီး ပူဆွေးသောက ရောက်ခဲ့ကြသေးသည်။ တကယ်လည်း သေဘေး အကြိမ်ကြိမ်ကြုံခဲ့သည်။ 'ကံကောင်းထောက်မလို့ မသေခဲ့ရတာ'ဟု သူက ဖွင့်ဟ၏။ သူ့ခများ ခြေသလုံးအိမ်တိုင် ကလေးကချေဘဝဖြင့် ကုန်ရထားကြီးကို သက်စွန့်ဆံဖျား ခိုးစီးခဲ့ရသည်။ တောင်းစားခဲ့ရသည်။ ခိုးစားခဲ့ဖူးသည်။ စပါးကျီထဲက ကောက်ရိုးပုံတွေပေါ် တက်အိပ်ဖူးသည်။ စွန့်ပစ်ထားသော အိမ်အိုအိမ်ပျက်ကြီးတွေထဲ တစ်ယောက်တည်း နေခဲ့ဖူးသည်။ အဖမ်းခံရတဲ့ အကြိမ်ပေါင်းလည်း မနည်းပါ။ ရဲတွေနှင့် လိုက်တမ်းပြေးတမ်းကစားရင်းမှ မိပြီဆိုတော့လည်း အဆဲအဆို အထုအထောင်း ခံရသည်။ ကံခေသည့်အခါ ရထားပေါ်မှ ကန်ချခဲ့ရရုံမက သေနတ်နှင့်ပင် လှမ်းအပစ်ခံရသေးသည်။

ထိုမှ ပြိုင်မြင်းစီး(ဂျော်ကီ)တစ်ယောက် ဖြစ်ခဲ့ရပြီး လောင်းကစားလောကသို့ ရောက်ခဲ့ရပြန်သည်။

အသက် ၁၇ နှစ်မှာတော့ နယူးယောက်မြို့ပေါ်တွင် ချူးတစ်ပြားမကပ်သောဘဝဖြင့် ယောင်လည်လည် ဖြစ်ခဲ့ရပြန်သည် တဲ့။ သည့်နောက် သူ့ဘဝမှာ ထူးထူးခြားခြား အပြောင်းအလဲ ကြုံရတော့သည်။ ဒါကတော့ ဘာသာရေး အခမ်းအနားတစ်ခုသို့ ရောက်သွားရာမှ တရားဟောဆရာ၏ ဓမ္မစကားတွေကို ကြားခဲ့ရသည်။

ထိုစကားတွေအနက်မှ "မင်းကိုယ်ထဲမှာ တန်ခိုးရှင်တစ်ယောက်ရှိနေတယ်"ဟူသော စကားက သူ့ကို ကိုင်လှုပ်လိုက်၏။

သူ တစ်သက်နှင့်တစ်ကိုယ် မကြုံစဖူး ထူးထူးကဲကဲ လှိုက်လှိုက် လှဲလှဲ ယုံကြည်မှုတွေ ပေါ်ပေါက်လာရာမှ ဘုရားသခင်ထံ သူ့အပြစ်တွေရှိသမျှ ထုတ်ဖော်ဝန်ချမိသည်။ ပါးပြင်ထက်တွင် မျက်ရည်တွေ ချောင်းစီးလျက် ဘုရားစင်ရှိရာ လှမ်းတက်ခဲ့သည်။

နောက် ၂ ပတ်အကြာမှာတော့ တရုတ်တန်းရှိ လမ်းထောင့် တစ်ထောင့်တွင်ရပ်လျက် ကျမ်းစာတွေရွတ်ကာ ဆုတောင်းမေတ္တာ ပို့သနေမိပါတော့သည်။ ထိုအလုပ်က သူ့တစ်သက်လုပ်ခဲ့သမျှ အပျော်မွေ့ဆုံး,အရသာအတွေ့ဆုံး ဖြစ်၏။ နယ်လှည့်သာသနာပြုဆရာလုပ်ဖို့ ဆုံးဖြတ်လိုက်သည်။

မက်ဆာချူးပြည်နယ် နော့သ်ဖီးလ်မြို့ရှိ မူဒီကျမ်းစာသင် ကျောင်းသို့ တက်ရန် စာရင်းသွင်းလိုက်မိသည်။ သူ့အသက် ၁၈ နှစ် ပြည့်ခဲ့ပါပြီ။ ဒါပေမယ့် ၆ လထက် ပို၍ ကျောင်း မတက်ခဲ့ဖူးပါ။

ရထားကုန်တွဲကြီးတွေ အပေါက်ဝမှ ဘူတာစဉ် ဆိုင်းဘုတ်တွေ ဘာဆိုတာ သိရအောင် ဘေးလူတွေကို မေးခဲ့ရသည့်ဘဝ။ ထို့အတူ စာလည်း မရေးတတ်။ အတွက်အချက်လည်း နားမလည်။ နလပိန်းတုံးမှ တကယ့်နလပိန်းတုံး။

ဒီကြားထဲ ကျမ်းစာကျောင်း၌ အတန်းမပျက် ကျောင်းမပျက် ကြိုးစားသင်အံခဲ့၏။ နေ့ဘက်၌အချိန်ပိုလျှင် ဂရိဘာသာနှင့် သတ္တဗေဒကို လေ့လာသည်။ ညဘက်တွင် စာရေးစာဖတ်နှင့် သင်္ချာကို သင်ယူသည်။

နောက်ဆုံးတော့ သူသည် 'ဆေးပညာရှင် သာသနာပြုဆရာ' အဖြစ် မျှော်မှန်းခဲ့ပြန်ကာ ပင်ဆီဗီးနီးယားတက္ကသိုလ်သို့ တက်ရောက်ရန် တစ်ဆင့်တိုး လှမ်းခဲ့ပါတော့သည်။ သို့ပေမယ့် မမျှော်လင့်သော အကြောင်းငယ်တစ်ခုက သူ့ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲလိုက်ပါလေ၏။

မက်ဆာချူးဆက်မှ ဖီလာဒဲဖီးယားသို့အသွား လမ်းခရီးမှာ အဲလ်ဘာနီတွင် ရထားပြောင်းစီးရမည် ဖြစ်ပါသည်။ သူသည် ဘူတာရုံတွင် ရထားစောင့်ရင်း အနီးရှိ ဇာတ်ရုံက အလက်ဇန္ဒားဟားမင်း၏ ပဒေသာ မျက်လှည့်ပွဲကို ဝင်ကြည့်မိသည်။ ပြချက်တွေကဆန်းသလောက် ပရိသတ်က တအံ့တသြ ချီးကျူးဩဘာပေးကြတာ တွေ့ရသည်။

သာစတန်သည် ငယ်ငယ်က မျက်လှည့်ဝါသနာ ပါခဲ့သည်။ သူသည် မဟာမျက်လှည့်ဝိဇ္ဇာကြီး ဟားမင်းအား သူ၏ သူရဲကောင်း အဖြစ် အမြတ်တနိုး ကြည်ညိုလေးစားသွားသည်။ ဆရာကြီး တည်းခိုရာ ဟိုတယ်သို့လိုက်သွားပြီး ဆရာကြီးနှင့် ကပ်လျက်အခန်းကို အရငှား သည်။ သော့ပေါက်လေးမှ ချောင်းပြီး အရိပ်အခြည် စောင့်သည်။ အခန်းကူးစကြံလေးမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း တံခါးခေါက်ဖို့ သတ္တိမွေးသည်။ ဒါပေမယ့် ရှယ်ရုံရှယ်၍ မခေါက်ဖြစ်ခဲ့ပါ။

နောက်တစ်နေ့မှာတော့ နာမည်ကျော် မျက်လှည့်ဝိဇ္ဇာကြီးသွားရာ ဘူတာရုံသို့ ရောယောင်လိုက်သွားမိပြီး ကြောက်ရွံ့လေးစားခြင်းဖြင့် တုံဏှိဘာဝေလုပ်ကာ ကြောင်ငေးနေမိခဲ့သည်။

မျက်လှည့်ဆရာကြီးက 'ဆိုင်ရာကျူ့စ်'သို့ သွားမည်ဖြစ်ပါသည်။ သာစတန်က နယူးယောက်သို့ သွားမည်ဟု ရည်ရွယ်ထားသူ။ သို့ပေမယ့် လက်မှတ်ပေါက်၌ လက်မှတ်ဝယ်သည့်အခါ နယူးယောက်ကို ဝယ် ရမည့်အစား 'ဆိုင်ရာကျူ့စ်တစ်စောင်'ဆိုပြီး အယောင်ယောင်အကန်းကန်း မှားဝယ်လိုက်မိတော့သည်။

အမှားက အမှားကောင်း။ သူ့တစ်သက်တာ ကောင်းစားရေးကို ရွှေလမ်းငွေလမ်း ခင်းပေးလိုက်သည့် ကံကြမ္မာ၏ လှလှပပ လှည့်စား ချက်ကလေး ဖြစ်ခဲ့သည်။ ဆေးပညာရှင် သာသနာပြု ပုဂ္ဂိုလ်ဘဝနှင့် ကမ္ဘာကျော် မျက်လှည့်ဝိဇ္ဇာကြီးဘဝကို လဲပေးလိုက်ပါတော့၏။

မျက်လှည့်ပါရဂူကြီး အလက်ဇန္ဒားဟားမင်းအား ကျိုးကျိုးနွံနွံ တပည့်ခံခဲ့ရာမှ သားအရင်းနှင့်မခြား စောင့်ရှောက်ခဲ့ကာ မျက်လှည့် ပညာတွေကို လက်ကုန်သင်ပေးခြင်း ခံရတော့သည်။

ထို့နောက်တော့ ဒီလှိုင်း၏ အရှိန်အဟုန်ကဲ့သို့ နာမည်ကျော်ကြား လူကြိုက်များလာရာမှ သာစတန်သည် မျက်လှည့်ပွဲတိုင်း တစ်နေ့ ပေါင် ၂၀၀ အထိရသော မျက်လှည့်ဆရာတစ်ဆူ ဖြစ်ခဲ့ရပါပြီ။

သို့လင့်ကစား ကျွန်တော် ကြားသိရသလောက် သာစတန်၏ အပျော်ဆုံးနေ့များမှာ ဖဲ ၃ ချပ်ကစားပြ၍ လမ်းဘေးဈေးရောင်းရသည့် အချိန်က ဖြစ်ခဲ့သည်ဟုဆို၏။

သာစတန်သည် သူ့နာမည်ကို တလူလူလွင့်နေသော အလံကြီး ပေါ်မှာ ရဲရဲတောက်အနီကြီးများဖြင့် စာလုံးရေးထိုးထားသည်။ ပြီးတော့ သူ့ကိုယ်သူ ကြော်ငြာစာတန်းထိုးပုံက

'သာစတန်မြောက်ပိုင်း မျက်လှည့်ပညာရှင်'ဟူသတည်း။

အမှန်စင်စစ် သူသည် အိုဟိုင်းယိုးပြည်နယ် ကိုလံဘတ်စ်မြို့ ကလေးက ဖြစ်ပါသည်။ သို့သော် ရေမြေဒေသအရှိန်အဝါနှင့် လူ့ သဘာဝအကြိုက်ကိုလိုက်၍ ခပ်တည်တည်နှင့် ရောဆရာကြီး လုပ် ခဲ့ခြင်းပါပဲ။

မျက်လှည့်ပညာမှာ သူ့ထက်ကျွမ်းတဲ့လူတွေ တစ်ပုံတစ်ပင် ရှိပါတယ်ဟု သာစတန်ကိုယ်တိုင်က ဝန်ခံပါသည်။ ဒါဖြင့် သူ ဘာ ကြောင့် သူမတူအောင် ကျော်ကြားအောင်မြင်ရပါသလဲ။ သူ့အောင်မြင်မှု ရဲ့ လျှို့ဝှက်ချက်တွေက ဘာလဲ။ အဖြေရှာတော့ သူ အောင်မြင်ရခြင်း အဓိကမှာ အကြောင်း ၂ ခုပေါ်၌ မူတည်နေတာ တွေ့ရသည်။

နံပါတ် ၁ အချက်ကတော့ ဟိတ်ဟန်မင်းမောင်းကောင်း သလောက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနှင့် စိတ်ဓာတ်စွမ်းအား မြင့်မြင့်

မားမားထားရှိခြင်းပင်။ သူသည် အဓိပတိ ဖျော်ဖြေရေးသမားတစ်ဦး အအနေဖြင့် ပရိသတ်၏အထာကို နောကြေနေ၏။

မျက်လှည့်ဆရာတစ်ယောက်အဖို့ အဝတ်အစား အသုံးအဆောင် ဘာမဆိုအဆင့်မြင့်၍ အရည်အသွေးကောင်းဖို့က မျက်လှည့်ပညာထက် ပိုအရေးကြီးကြောင်းလည်း သာစတန်က ဖွင့်ပြောခဲ့၏။ သူသည် အသံ ပြာပြာနှင့် အကြောလိုက်သလို မျက်ခုံးတစ်ဘက်ပင့်တတ်သည့် အကျင့် ကလွဲလျှင် အားလုံး အကောင်းဆုံးဖြစ်အောင် လုပ်နိုင်ခဲ့သည်ဟု ဆိုရ ပါမည်။

၂ အချက်အနေဖြင့် သူ အောင်မြင်ကျော်ကြားရခြင်းမှာ ပရိသတ် ကို မြတ်နိုးလေးစားခြင်းကြောင့်ပင် ဖြစ်၏။ ပြည်ဖုံးကားကန့်လန့်ကာ မဖွင့်ခင်တစ်ချိန်လုံး သူသည် စင်ဘေးတွင် တက်လိုက်ဆင်းလိုက်နှင့် ခုန်ပေါက်ရင်း ကာယ,ဉာဏစွမ်းအင်ကို နှိုးနေခဲ့သလို ပါးစပ်က တတွတ် တွတ် ရွတ်နေသည်မှာ

"ငါ ငါ့ပရိသတ်တွေကို ချစ်တယ်။ သူတို့ကို ဖျော်ဖြေရတာကို ကျေနပ်နှစ်သက်တယ်။ ငါ့အလုပ်ဟာ ဂုဏ်ယူဝမ်းမြောက်စရာ သိပ် ကောင်းတဲ့အရာသာပဲ။ ငါ သိပ်ပျော်တယ်။ အရမ်းအရမ်းကို ငါ ပျော် တယ်"ဟူသတည်း။

သူကိုယ်တိုင်ကမှ မပျော်ဘူးဆိုလျှင် တခြား ဘယ်သူ့ကိုမျှ ပျော်အောင်လုပ်နိုင်စွမ်း ရှိမှာမဟုတ်ကြောင်းကို သာစတန် သိပါသည်။



## ၄· အုံ့ထူးမကုန် ဦးစွယ်စုံ

ဝိလီယမ် ရန်းဒေါ့ဖ် ဟီးရားစ်

၁ ပဲနီတန် သတင်းစာများ၏ကျေးဇူးဖြင့် စပိန်က ရဲတိုက်ကြီးများကိုဝယ်ယူ၍ အမေရိကန်သို့ ရွှေ့ဆောက်ခဲ့သူ။

ဥသြသံစုံ နာရီများမှအစ အီဂျစ် မံမီရုပ်များအထိ စုဆောင်းပိုင်ဆိုင်သူ။

လူတွေကို ရန်လုပ်၍ တိရစ္ဆာန်တွေကို သနားကြင်နာသူ လူထူးလူဆန်း ကုဋေကြွယ် ရွှေသူဌေးကြီး။

"တကယ်လို့များ ခင်ဗျားဟာ ပေါင် ၂ သိန်း လက်ထဲမှာရှိမယ် ဆိုရင် ဘာတွေလုပ်မယ် စိတ်ကူးပါသလဲ"

ဝီလီယမ် ရန်းဒေါ့စ် ဟီးရားစ်ကတော့ ပေါင် ၂ သိန်း ပုံမှန် ဝင်ငွေ ရှိခဲ့ဖူးပါသည်။ တစ်ခါတစ်ရံ တစ်နေ့တည်းနှင့် ပေါင် ၆ သောင်းလောက် ဝင်ချင်ဝင်သည်။

ရှေ့ဆက်ဖော်ပြမည့် သူ့အကြောင်းကို ဂရုတစိုက်ဖတ်ရှုလျှင် ပေါင် ၂၀ ခန့်သာရသောဘဝမှ တိုးတက်ကြီးပွားလာခဲ့ကြောင်း တွေ့ရပါလိမ့်မည်။

ဝီလီယမ် ရန်းဒေါ့စ် ဟီးရားစ်ကို ဘယ်သူကမျှ 'ဝီလီယမ်'လို့ မခေါ်ကြပါ။ သူ၏ အရင်းနှီးဆုံးအတွင်းလူကပင် 'ဒကာချုပ် ဒအာ'လို့ ခေါ်၍၊ သူ့အလုပ်သမား ၇ သောင်းကျော်ကတော့ 'ခေါင်းဆောင်ကြီး' လို့ ခေါ်လေ့ရှိကြသည်။

သန်းပေါင်းများစွာသော ပြည်သူများက သူထုတ်ဝေသော သတင်းစာ ၂၃ စောင်နှင့် မဂ္ဂဇင်း ၉ စောင်ကို အသည်းစွဲဖတ်ကြသည်။

သို့ဖြင့် သူသည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနှင့် ဩဇာအကြီးမားဆုံး ထုတ်ဝေသူ သတင်းစာဆရာကြီး ဖြစ်ခဲ့၏။ သူ့အမည်ကို လှည်းနေလှေအောင်း •မြင်းဇောင်းမကျန် သိကြလင့်ကစား သူကိုယ်တိုင်ကတော့ ဝှက်ဖဲဆန်သော လူထူးလူဆန်းကြီးတစ်ယောက်သာ ဖြစ်ပါသည်။

ရာခိုင်နှုန်းအတော်များများကတော့ မဟာတ္တမဂန္ဓိကြီး၏ ကိုယ်ရေးကိုယ်တာဘဝကို သူ့အကြောင်းထက် ပိုသိကြပါမည်။

အမေရိကန်ပြည်တွင် စွာကျယ်ကျယ်နှင့် ရန်အလိုဆုံး ထုတ်ဝေသူဟု သတင်းကြီးသော ဝီလီယမ်နှင့်ပတ်သက်၍ ကျွန်တော် သိသလောက် အံ့သြစရာ အကောင်းဆုံးအချက်မှာ သူသည် အင်မတန်ရှက်တတ်၍ အနေအထိုင် ကျစ်လစ်သိပ်သည်းခြင်းပင် ဖြစ်၏။

ရာစုနှစ်ဝက်လောက်အထိ သူသည် အခမ်းအနားတွေကို စားစားသောက်သောက် တက်ရောက်ပျော်ပါးခဲ့သော်လည်း သူစိမ်းတရံစာများနှင့် မိတ်ဖွဲ့ရမှာကို တကယ်စက်ဆုပ်၏။

ကယ်လီဖိုးနီးယားရှိ သူပိုင်ခြံထဲ၌ ဘယ်သွားသွား နောက်တော်ပါးကပါနေကျ ဧည့်သည် ၁၀ ယောက်မှ ၅၀ လောက် အမြဲရှိတတ်ပြန်သည်။ ဒါပေမယ့် သူ့စိတ်ကြိုက်အပန်းဖြေ အားသစ်လောင်းမှုသည် လူသိမသူမသိ တစ်ယောက်တည်းနေ၍ ဆိတ်ငြိမ်ခြင်း၏အရသာကို ပုန်းလျှိုးကွယ်လျှိုးခံစားခြင်းပင် ဖြစ်၏။

နယူးယောက်မြို့တော်သို့ ရောက်သည့်အခါ သူ အနှစ်သက်ဆုံး အနားယူအပန်းဖြေပုံမှာ ပြတင်းပေါက်မှ ငေးကြည့်နေခြင်းပင်တည်း။

အနောက်ဘက်ပြည်နယ်တစ်ကြောတွင် အကြီးကျယ်ဆုံးမြေများမှာ ဟီးရတ်စ်၏ မွေးမြူရေးခြံနှင့် ပန်းဥယျာဉ်ကြီးပင် ဖြစ်သည်။ မြေအကျယ်အဝန်းမှာလည်း ဧကသန်းပေါင်းများစွာ တစ်စိတ်တစ်ဒေသဖြစ်၍ ကျောက်ဆောင်ထူထပ်သော ပင်လယ်ကမ်းရိုးတန်း၏ မိုင် ၅၀ မျှ ရှည်လျားသောနေရာများ ပါဝင်၏။

ပစိဖိတ်ကမ်းခြေ ရေလှိုင်းများအထက်တွင် ပေ ၂၀၀၀ ကျော်မြင့်၍ 'ပြစားတတ်သော တောင်ကုန်းများ' ဟု သူ အမည်ပေးထားသော ရောမရဲတိုက်ကြီးတွေ အစီအရီ ခိုင်ခိုင်မာမာ ဆောက်လုပ်ထားတာတွေ့ရပါလိမ့်မည်။ ထိုရဲတိုက်ကြီးတွေကို တန်ဆာဆင်ဖို့ သိန်းသန်းကုဋေမက အကုန်ခံခဲ့သည်။

ရဲတိုက်နံရံတွေဆိုလျှင် ရှေးက ပြင်သစ်ဘုရားကျောင်းများတွင် အလှဆင်ခဲ့သော အဖိုးတန် ဂေါ်ဗလင်ကြွေပြားများနှင့် စီခြယ်ထား၏။ ခန်းမဆောင်ကြီးတွေထဲမှာ ကမ္ဘာ့ပန်းချီကျော်ကြီးများဖြစ်သော ရမ်ဘရန့်ဒ်, ရူဘင်းစ်, ရာဖီးလ်တို့၏ တစ်သက်မရိုးနိုင်သော အနုလက်ရာများဖြင့် ကြက်သရေ ဆောင်နေစေ၏။

လာလည်သမျှရွှေဧည့်သည်များကို အဖိုးမဖြတ်နိုင်သော အနုပညာပစ္စည်းများ မွမ်းမံခြယ်လှယ်ထားသည့် ဂုဏ်ထူးဆောင်ခန်းမကြီးထဲ၌ ဧည့်ခံကျွေးမွေးသော်လည်း လက်သုတ်ရန်အတွက်တော့ စက္ကူလက်သုတ်ပုဝါတွေကိုသာ ပေးထား၏။

သူ့ထံတွင် တောရိုင်းတိရစ္ဆာန်တွေ တစ်အုပ်တမကြီး မွေးထားသည်မှာလည်း ဘာနစ်၏ဆပ်ကပ်အဖွဲ့ကြီးလား အောက်မေ့ရပါသည်။

မြင်းကျားအုပ်ကြီးတွေနှင့်တကွ ကျွဲရိုင်းများ, သစ်ကုလားအုတ်များ, သားပိုက်ကောင်များသည် သူ့တောင်ကုန်းတွေတစ်လွှား ပြေးလွှားကျက်စားနေလျက်။

ထောင်ပေါင်းများစွာသော ကမ္ဘာ့အလှဆုံး ရောင်စုံငှက်ကလေးများသည် ပန်းခြံသစ်ပင်များအောက် မြူးတူးပျံဝဲနေကြသလို၊ ခြင်္သေ့များနှင့် ကျားများကိုလည်း ဝီလံယမ် ရန်းဒေါ့စ် ဟီးရားစ်၏ ကိုယ်ပိုင်တိရစ္ဆာန်ရုံကြီးထဲ၌ မာန်ဖီဟိန်းဟောက်နေတာ တွေ့ရပါမည်။

ကျွန်တော်၏မိတ်ဆွေတစ်ဦးဖြစ်သော ဖရန့်စ်မေဆင်သည် ဟီးရားစ်အတွက် ပြင်သစ်မှ ရှေးဟောင်းပစ္စည်းတွေကို ဒိုင်ခံဝယ်ပေးနေကျ ဖြစ်၏။ ဟီးရားစ်သည် သင်္ဘောတစ်စီးတိုက် အနုပညာရတနာတွေကို ဝယ်ယူလေ့ရှိပြီး၊ တစ်ခါတစ်ရံ ရဲတိုက်ကြီးတစ်ခုလုံးကိုပင် သင်္ဘောဖြင့် တင်ဆောင်တတ်သော ဟူ၏။ ရဲတိုက်ကြီးကို အမေရိကန်အရောက် သယ်ယူပုံမှာလည်း စိတ်ဝင်စားစရာ ကောင်းလှသည်။ ကျောက်တုံး တစ်တုံးချင်း, အုတ်တစ်ချပ်ချင်း, သစ်သားတစ်ချောင်း

ချင်း နေရာမယွင်း ပြန်တပ်နိုင်အောင် စနစ်တကျ မှတ်သားကမွည်း ထိုး၍ ကုန်သေတ္တာတွေထဲ ထည့်ခဲ့ခြင်းပါပေ။

သူ စုဆောင်းထားတဲ့ ရှေးဟောင်းပစ္စည်းတွေ ဘယ်လောက်များ မများတော့ မသိ။ အသုံးမလိုတော့၍ စွန့်ပစ်လိုက်သည့် ပစ္စည်းတွေ ထားဖို့ပင် ရောမ ကုန်ရုံကြီးတစ်လုံးကို နယူးယောက်မှာ ဝယ်ထားရ သည်။ ထိုကုန်ရုံ၌ ဝန်ထမ်း အယောက် ၂၀ ခန့်ထားပြီး ၁ နှစ်ပေါင် ၁၂၀၀၀ လစာပေးထားသည်။ . သံစုံဥဩနာရီမှသည် အီဂျစ်မံမီ ရုပ်အလောင်းများအထိ ပါဝင်သော အဖိုးတန် ရှေးဟောင်းအမွေအနှစ် များကို ထိန်းသိမ်းစောင့်ရှောက်စေသည် ဆို၏။

ဝီလီယမ် ရန်းဒေါ့စ် ဟီးရားစ်၏ ဖခင်မှာ မစ်ဆူရီပြည်နယ်မှ လယ်သမားကြီးတစ်ဦး ဖြစ်၏။

၁၈၄၉ ခုနှစ် တစ်ပြည်နယ်လုံး ရွှေရူးထသောခေတ်က သူ လည်း အနောက်ဘက် ရွှေထွက်ဒေသသို့ သွားခဲ့သည်။ ရထားလုံးများ, နွားအုပ်ကြီးများဘေးမှ မိုင် ၂၀၀၀ ကျော် ခြေလျင်ခရီးပြင်း နှင်ရသည်။ ပြီးတော့ အင်ဒီးယန်းလူနီရိုင်းများနှင့် စစ်ခင်းခဲ့ရသည်။ နောက် ရွှေတွင်း တူး၍ ရွှေသူဌေးကြီးဘဝသို့ ရောက်ရလေသည်။

ရွှေသူဌေးဖခင်ကြီး အိမ်ပြန်လာချိန်၌ သူ့ခြံဝင်းအတွင်းရှိ ရောမ သစ်ပင်ကြီးတစ်ပင်၏အရိပ်တွင် အေးအေးလူလူ ထိုင်ရသည်ကို သဘော ကျလေ့ ရှိ၏။

သားတော်မောဒ် ဝီလီယမ်ရန်းဒေါ့ လက်ထက်ကျတော့ ပြတင်း ပေါက်မှ ပင်လယ်ပြင်အလှကို ကြည့်ရာတွင် သစ်ပင်ကြီးက မြင်ကွင်း ကွယ်နေ၏။ သို့ပေမယ့် သူ့ဖခင်ကြီး တယုတယ မြတ်နိုးခဲ့သော သစ်ပင်ကြီးမို့ ခုတ် မလှဲရက်။ ဤတွင် ဂရုတစိုက်နှင့် မပျက်စီးအောင် ပေါင် ၈၀၀၀ ပေးပြီး ပေ ၃၀ အကွာသို့ ရွှေ့ခိုင်းခဲ့လေသတည်း။

သူသည် တိရစ္ဆာန်တွေကို အထူးကြင်နာ မေတ္တာထား၏။ ပမာပြရသော် ဟောလိဝုဒ်မှ ရုပ်ရှင်အဖွဲ့တစ်ဖွဲ့သည် သူနှင့် တွေ့ဆုံခန်း ရိုက်ကူးဖို့ ရောက်လာကြ၏။ သို့ရာတွင် သူက သူ့အချစ်တော် ပုတ်သင်ညိုလေးတစ်ကောင် အမြီးပြတ်သွားသည်ကို ပြုစုကုသနေသဖြင့် ထိုရုပ်ရှင်အဖွဲ့က တစ်နေကုန် စောင့်ဆိုင်းနေရသည် ဆို၏။

နောက်တစ်ခါ အချစ်တော် ပူးကလေးတစ်ကောင် ခြေထောက်ကျိုးသွားရာမှ ညကြီးသန်းခေါင် ဆရာဝန်သွားပင့်ခိုင်းပြီး ဆေးကုသ ငွေ ပေါင် ၁၀၀၀ ရက်ရက်ရောရော ပေးခဲ့တဲ့အဖြစ်ကလည်း အမှတ်တရ ကျန်ရစ်ခဲ့ပြန်သည်။

ဟီးရားစ်သည် အသက် ၈၀ နီးပါးရှိသည့်တိုင် တင်းနစ်ကောင်းကောင်းကြီး ကစားနိုင်သေး၏။ အနှစ် ၄၀ လုံးလုံး တင်းနစ်ရိုက်ခဲ့ပေမယ့် လက်တက်ရန်ဆိုပြီး လေ့ကျင့်ခန်းအသစ်တွေ ယူဆဲ။

သူသည် အပျော်တမ်း ဓာတ်ပုံဆရာတစ်ဦးဆိုလည်း မမှား။ နှစ်စဉ် ထောင်သောင်းမကသော ဓာတ်ပုံတွေ ရိုက်ခဲ့သည်။

ထို့ပြင် ရိုင်ဖယ်သေနတ်ပစ် ချန်ပီယန်လည်း ဖြစ်ပြန်၏။ တစ်ခါက သူ့ရှက်သဘောကလေးနှင့် ညှော်သည်တွေလိုက်ပါသော ပင်လယ်ခရီးတွင် မိုးပေါ်ပျံနေသော စင်ရော်တစ်ကောင်အား ခါးမှ ချိတ်ထားသော ခြောက်လုံးပြူးဖြင့် လှျပ်တစ်ပြက်ပစ်ချကာ လက်စွမ်းပြခဲ့ဖူး၏။

သူသည် ခြေက အဂ္ဂကောင်းလှသလို၊ အကောင်းဆုံး အမှုအရာ အတုခိုးလုပ်ပြနိုင်သူလည်းဖြစ်သည်။ ပုံပြောကောင်းသူဘွဲ့ကိုလည်း ရရှိခဲ့၏။

သူ့မှတ်ဉာဏ်ကလည်း စွယ်စုံကျမ်းကြီးတစ်စောင်နှင့် တူလှပါဘိ။

သူ့ကို အဌမမြောက် ဟင်နရီဘုရင်ကြီး၏ မိဖုရားများအမည်ကို မေးမလား။ သို့တည်းမဟုတ်၊ အမေရိကန်သမ္မတများ စာရင်းကိုပဲ အလွတ် ရွတ်ခိုင်းမလား။ မဆိုင်းမတွ ဒိုးခနဲ ဒေါက်ခနဲ တန်းရွတ်ပြလိုက်မှာ အသေအချာ။

တစ်နေ့မှာတော့ ဂျင်မီဝေါ့လ်ကာနှင့် ဟာသဘုရင်ကြီး ချာလီ ချက်ပလင်တို့ ၂ ယောက် ဟီးရားစ်၏ခြံထဲသို့ သွားလည်ကြရင်း သမ္မာကျမ်းစာပါ ကောက်နုတ်ချက်တစ်ချက်နှင့်ပတ်သက်၍ အချင်းချင်း ငြင်းခုံမိကြသည်။


ထိုတွင် ဟီးရားစ်က ကြားဝင်ပြီး မူရင်းကျမ်းထွက်ကို 'သည်, ၏' မလွဲ လုံးစေ့ပတ်စေ့ ဝင်ရွတ်ပြလိုက်ခြင်းဖြင့် ပဋိပက္ခပြဿနာကို ပြေငြိမ်းသွားစေခဲ့လေသတတ်။

သူသည် လူငယ်တွေနှင့် တအုံးအုံး ဟောလားဝါးလားလုပ်ပြီး ဗရုတ်ကျနေရသည်ကိုလည်း ပျော်မွေ့၏။

သူ့ရှေ့တွင် သေခြင်းတရားအကြောင်း ဘယ်သူ့ကိုမျှ ပြောခွင့်မပြုချေ။

ဟီးရားစ်သည် သူ့ဖခင်ကြီးထံမှ ဒေါ်လာ ၆ သန်း အမွေရခဲ့၏။ သူ့လက်ထက်အရောက် ကုဋေကြွယ်ဝအောင် အပွားခတ်နိုင်ပြန်၏။ ထိုသို့ ချမ်းသာသွားရခြင်းမှာ အနှစ် ၆၀ တိုင်တိုင် တစ်နေ့ကို ၈ နာရီမှ ၁၅ နာရီအထိ အလုပ်လုပ်ခဲ့သောကြောင့်ပင်ဖြစ် ဆို၏။

သူသည် ဘုရားသခင်က အနားမပေးမချင်း သေသည့်တိုင် မလျှော့သောစွဲနှင့် အလုပ်လုပ်သွားမည်ဟု သန္နိဋ္ဌာန်ချထားသူတစ်ဦး ပါပေတကား။




## ၅။ လောကဓံကို အကြောလှန်ပစ်မယ်

လီယွန်နယ် ဘယ်ရီမိုး

သူ ၂၆ နှစ်မှာ ရုပ်ရှင်မင်းသား ဖြစ်ခဲ့သည်။ ၅၃ နှစ်၌ မြောင်းထဲ ကျသွားသည်။ ဒါပေမယ့် ၅၇ နှစ်တွင် အမေရိကန်၏ ပြိုင်ဖက်ကင်း ထိပ်တန်းမင်းသားကြီးရယ်လို့ ဥဒါန်းတွင်ခဲ့ရပြန်သည်။

သူ ဘယ်သူလဲ။

■

၁၉၁၈ ခုနှစ်၏ တစ်ညချမ်း။ ဘရော့ဝေးလမ်းမ ရုပ်ရှင်ရုံကြီးမှာ 'ကော့ပါးဟက်ဒ်' (ကြေးနီဦးခေါင်း) ရုပ်ရှင်ဇာတ်ကား၌ မင့်လ်ရှန့်ခ် အဖြစ် ပါဝင်သရုပ်ဆောင်ထားသော လီယိုနယ် ဘယ်ရီမိုး ကိုယ်တိုင် ရုံတင်ပွဲအခမ်းအနားဖွင့်လှစ်ရာ စာရေးသူလည်း ပါဝင်တက်ရောက်ခဲ့၏။ ထိုပွဲမှာ ရုပ်ရှင်သမိုင်းတွင် မေ့ပျောက်မရလောက်အောင် အခမ်းနားဆုံး, အလှပဆုံး အဓိကရ မော်ကွန်းကြီးတစ်ခု ဖြစ်ခဲ့ပါလေ၏။ စိတ်လှုပ်ရှား တက်ကြွနေကြသော ဘယ်ရီမိုး၏အသည်းကျော် ပရိသတ်ကြီးမှာ ခြေတကြွကြွ အကြီးအကျယ်ရွှင်မြူးနေခဲ့ကြရာမှ သူ့ကို အရူးအမူး ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

နောက် ၁၅ နှစ်အကြာ၌မူ ဘရော့ဝေးလမ်းမှာပင်ရှိသော အမ်ဂျီ အမ်ကုမ္ပဏီရုံးချုပ်ကြီး၏ အစိမ်းရောင်ခန်းမထဲဝယ် လီယွန်နယ် ဘယ်ရီ မိုးနှင့် ကျွန်တော် အကြာကြီး ထိုင်စကားပြောခဲ့မိပါသည်။

သူက သရုပ်ဆောင်မင်းသားဖြစ်အောင် ရုန်းကန်လှုပ်ရှား ကြိုးစားခဲ့ရပုံကို မှတ်မိသရွေ့ ပြန်ပြောပြခဲ့သည်။ ကျွန်တော် အထူး အံ့အားသင့်သွားရာမှ

"ဘာ။ ခင်ဗျားလေ၊ ဘယ်ရီမိုးဆိုတဲ့ လူအနေနှင့်။ ဟုတ်လား။ ဟာ့ဗျာ။ ဒီလောက်တောင် ဂုဏ်သိက္ခာရှိပြီး အဆင့်မြင့်အသိုင်းအဝိုင်း ကြီးတစ်ခုလုံးရှိလျက်သားက ရုန်းကန်ခဲ့ရသေးတယ်ဆိုတာ တကယ့်ကို မယုံနိုင်စရာပဲ"

သူက ကျွန်တော့်ကို တအောင့်မျှ ကြောင်ကြည့်သည်။ ပြီးတော့ သူ့ထုံးစံ အသံသြကြီးကိုနှိမ့်၍

"ဒီတစ်ခါတော့ ခင်ဗျား အတွေးတော်တော်ညံ့သွားပြီ ထင်တယ်ဗျ။ ဘာမဟုတ်တဲ့ တိရစ္ဆာန်လို ကောင်တစ်ကောင်အတွက်တော့ ကြိုးစားဖို့ မလိုဘူးပေါ့။ လူတစ်ယောက်အနေနှင့် အောင်မြင်ကျော်ကြားတဲ့နာမည်တစ်ခုကို ဘယ်လွယ်လွယ်နှင့်ရတာ ရှိဖူးလို့လဲ"

ဘယ်ရီမိုး ညီအစ်ကိုမောင်နှမများသည် ထူးဆန်း၍ ဥပေက္ခာပြုခံရသော ကလေးဘဝလေးကို ပိုင်ဆိုင်ခဲ့ရတာတော့ အမှန်။

ဖခင်ကြီးသူ မောရစ်စ်ဘယ်ရီမိုး ကိုယ်တိုင်က မိုက်ရူးရဲစတန့်ထွင်မှုများကြောင့် လူစိတ်ဝင်စားခြင်းခံရသူ ဖြစ်ခဲ့၏။ သူသည် ရှိသမျှပိုက်ဆံ တစ်ပြားမျှမကျန်အောင် တိရစ္ဆာန်တွေဝယ်မွေးရန် ဝါသနာကြီးလှ၏။ တစ်နည်းဆို ကလေးထက် ခွေးကို ပိုချစ်သူ ဖြစ်သည်။ ဝက်ဝံမိသားစုကို မွေးထားသလို၊ မျောက်ရွာတစ်ရွာကိုလည်း တည်ခဲ့၏။ ကြောင်ရိုင်းတစ်အုပ်နှင့် ခွေးမျိုးစုံ ဒါဇင်ချီ၍ ထိန်းကျောင်းထား၏။

တစ်ခုသော နွေရာသီတွင် ဂျွန်နှင့် လီယွန်နယ် ဘယ်ရီမိုးတို့ ညီအစ်ကိုသည် စကိတ်ဇာန်ကျွန်းရှိ လယ်တဲအိမ်၌ နီဂရိုးလူယုံတော်ကြီးမှအပ တခြားဘယ်သူမျှမပါဘဲ ခွေး ၃၅ ကောင်နှင့်အတူ နေခဲ့ကြရဖူး၏။

လီယွန်နယ်, ဂျက်နှင့် အီသယ်လ်ဘယ်ရီမိုးတို့ မောင်နှမ ၃ ယောက်စလုံး 'ရပ်စပြူတင်နှင့် ဧကရီမ' ဇာတ်ကားကြီးတွင် ပထမဆုံးပါဝင်မည်ဟု ရုပ်ရှင်မြို့တော် ဟောလိဝုဒ်က တဝင့်ကြွားကြွား ကြော်ငြာခဲ့၏။ သို့သော် ဟောလိဝုဒ်က ပညာရှင်များ မှားသွားရှာ၏။

ဘယ်ရီမိုးတို့ ၃ ယောက်မှာ ယခုမှသာ မဟုတ်။ ယခင် လွန်ခဲ့သော အနှစ် ၄၀ ကပင် အတူတွဲ၍ ကပြခဲ့ဖူးကြပြီးလေပြီ။

သူတို့ဇာတ်ရုံက စကိတ်တန်ကျွန်းရှိ မင်းသားတစ်ယောက်၏ အပန်းဖြေ အိမ်တစ်လုံးနောက်က စပါးကျီကြီးပင် ဖြစ်၏။ ပွဲကြည့်ပရိသတ်မှာလည်း အိမ်နီးနားချင်းကလေးငယ်များ ဖြစ်သည်။ ရုံဝင်ခမှာ ၁ ပဲနိဖြစ်၍၊ စုစုပေါင်း ၁ သျှီလင် ၆ ပဲနိနှင့် ၁ ပြား ရခဲ့ကြ၏။

'မာမီလီ'ပြဇာတ်ကို သူတို့ ကပြကြသည်။

အိသယ်မှာ ပွဲမန်နေဂျာဖြစ်ပြီး၊ ဂျက်နှင့် လီယွန်နယ်ကို ပြောင်မြောက်သော သရုပ်ဆောင်ကြေး ၅ ပဲနိပေး၍ ကျန် ၈ ပဲနိကျော်ကို သူက အိတ်ထဲ ထည့်ခဲ့၏။

စင်စစ် လီယွန်နယ်ရော ဂျက်ပါ ပြဇာတ်မင်းသားလုပ်ဖို့ ဆန္ဒ သိပ် မပြင်းပြခဲ့ကြပါချေ။ သူတို့ ၂ဦးစလုံးက ပန်းချီကျော်များ ဖြစ်ချင်ကြသလို၊ ပဲရစ်စ်သို့ပင် ခေတ္တ ပညာသင်သွားဖူးကြ၏။

ကျွန်တော်ကမူ သူ အနုပညာခရောင်းလမ်းမှာ ဆင်းရဲဒုက္ခ ရောက်၍ အငတ်ဘေးများ ကြုံခဲ့ဖူးခြင်း ရှိ,မရှိ မေးပြန်တော့ သူက

"ဟာ၊ ဘာပြောကောင်းမလဲဗျာ။ ထမင်းငတ်ခဲ့တဲ့အကြိမ် ရေတောင် မရေနိုင်ပါဘူး။ ဒါကလည်း ကျုပ် မာနကြီးပြီး ကျုပ်ပန်းချီ လက်ရာတွေကို မဂ္ဂဇင်းတိုက်တွေ လိုက်မရောင်းခဲ့လို့ပါ။ နောက်ပြီး အိမ်ကိုသံကြိုးရိုက်ပြီး ပိုက်ဆံမှာလို့လည်း ရပါတယ်။ ဒါပေမယ့် ခက်တာက သံကြိုးရိုက်ခလေးတောင် ပေးစရာမရှိတော့ လိုမ့်နေအောင် ငတ်တော့တာပေါ့။

"ကျုပ်နှင့်ဂျက် ပေါင်းပြီး ဂဝင်းရစ်ချ်ရွာလေးမှာ ပန်းချီစတူဒီယို ဖွင့်ကြသေးတာကလား။ လိုအပ်တဲ့ ပရိဘောဂတွေကတော့ မဝယ်နိုင်ခဲ့ကြဘူး။ ကုန်ကုန်ပြောရရင် အိပ်ဖို့ခုတင်လေးတောင် မရှိလို့ ကြမ်းပေါ်မှာ ဒီအတိုင်း ကျောခင်းအိပ်ခဲ့ရတယ်။ သိပ်ချမ်းတဲ့ညမျိုးကျတော့ ကျုပ်တို့ကိုယ်ပေါ်မှာ စာအုပ်တွေ ဖိပြီး ဖုံးထားရတယ်။ ကျုပ်တို့နှင့် အတူနေတဲ့ စာရေးဆရာတစ်ယောက်လည်း ရှိသေးတယ်။ သူက ရွှေသွားတစ်ချောင်းတပ်ထားတာဆိုတော့ ကျုပ်တို့တစ်စု ပြတ်ပြီ ငယ်ပြီဆိုရင် သူ့ရွှေသွားကိုဖြုတ်ပြီး ပေြးပေါင်ကြတာပဲဗျို့။ ဒါပေမယ့် အပေါင်ဆိုင်တွေ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် လျှောက်ပေါင်ကြတဲ့တိုင်အောင် ဘယ်ဆိုင်မျှ ၃ သျှီလင်ထက် ပိုမပေးခဲ့ကြပါဘူးဗျာ"

လီယွန်နယ်ဘယ်ရီမိုး ၂၆ နှစ် မင်းသား စဖြစ်ပြီးနောက် ဘရော့ဝေးရုပ်ရှင်ရုံကြီးများ၏ နီယွန်ဆိုင်းဘုတ်တွေပေါ်မှာ ဖိတ်ဖိတ် တောက် အရောင်လက်ခဲ့ရသည့် ကြယ်တစ်ပွင့် ဖြစ်ခဲ့၏။ ၅၃ ခုနှစ် ကျတော့ နာမည်ကျသွားသည်။ သူ့နာမည်ကို ကြားဖူးရုံမျှသာ ရှိကြ တော့၏။

ရုပ်ဖြောင့်သော ညီဖြစ်သူ ဂျွန်ဘယ်ရီမိုးက ဈေးအမြင့်ဆုံး မင်းသားအဖြစ် ကမ္ဘာကျော်ခဲ့သလို၊ ညီမငယ် အီသယ်မှာလည်း နယူး ယောက်ဇာတ်ခုံပေါ်တွင် ဂုဏ်ထူးဆောင် ပြဇာတ်မင်းသမီးဘဝနှင့် သရဖူ ဆောင်းနေရ၏။

ထိုအချိန်တွင် လီယွန်နယ်ကတော့ ဒါရိုက်တာတစ်ဦးအနေဖြင့် ဟောလိဝုဒ်မှာ ကုပ်ကုပ်ကလေး အသက်မွေးနေရ၏။ သူ့အဖြစ်က မိသားစုများနှင့် မိတ်ဆွေအားလုံးအဖို့ စိတ်ထိခိုက်စရာ။ အမေရိကန်၏ ရှားရှားပါးပါး ပါရမီရှင် မင်းသားတစ်လက်အနေဖြင့် ခုလို အလဟဿ အချိန်ကုန်ခံပြီး ဘဝဇာတ်မြုပ်ပစ်လိုက်ဖို့ မသင့်ဟု ယူဆကာ အပြင်း အထန် အရေးဆိုကြသည်။ ဒါပေမယ့် လီယွန်နယ်ကတော့ တုံဏှိဘာဝေ ဆိတ်ဆိတ်နေလို့။ ဘာဖြေရှင်းချက်မျှ မထုတ်။ ငုတ်တုတ် ကျောက်ရုပ်။

သူ၏ အနှစ် ၃၀ ရုပ်ရှင်အတွေ့အကြုံနှင့် ကျွမ်းကျင်မှုစွမ်းရည် များကို ငွေရောင်ပိတ်ကားနောက်ကွယ်က ဒါရိုက်တာအဖြစ်သာ အသုံးချ နေခဲ့လေ၏။ သူ့ စိတ်ကူးယဉ်အိပ်မက်တွေကို လက်တွေ့လုပ်ဆောင်၏။ အသည်းအသန် လေ့ကျင့်၏။ မနားမနေ တင်ဆက်၏။ သို့ဖြင့် သံစုံသွင်း ရုပ်ရှင်ကားများကို တစ်ခေတ်ဆန်းစေခဲ့သော အသံထွက် ရိုက်ကူးနိုင် သည့်ကင်မရာကို တီထွင်နိုင်ပါလေတော့၏။

သူသည် ဟောလိဝုဒ် ရုပ်ရှင်လောကကြီးတစ်ခုလုံး ရင်သပ် ရှုမောစေခဲ့သည့် ဂန္ထဝင်ကားများအဖြစ် ရစ်ချတ်ဘာတန် ပါဝင်သော

'မဒမ်အိတ်ခ်စ်', လောရင့်စ်တိဘက် သရုပ်ဆောင်သော 'တန်ဖိုးမဲ့သီချင်း', ဘာဘရာစတန်ဝက် ခေါင်းဆောင်သည့် '၁၀ ပြားတန်အက' စသည့် ရုပ်ရှင်ကားများကို အောင်မြင်စွာ ရိုက်ကူးပေးနိုင်ခဲ့၏။

သူ့အသက် ၅၄ နှစ် ရှိခဲ့ပြီမို့လည်း သရုပ်ဆောင်ဘဝ လသာနေ့များ ကုန်လွန်ခဲ့ပြီဟု ရိုးရိုးသားသားပင် ယုံကြည်ခဲ့ရှာ၏။ ဒါရိုက်တာဘဝကို ငြီးငွေ့လာချိန်၌ပင် အကြောင်းကံလှ၍ တစ်မောင်းပြန်ထလာပြီး စန်းပွင့်ခဲ့ရပါချေပြီ။

ဒါရိုက်တာ နော်မန်ရှီးရားက 'လွတ်လပ်ဝိညာဉ်'ကို ရိုက်ထုတ်ဖို့ စီစဉ်သည်။ အရေးကြီးသော ဖခင်နေရာမှ ပီပီပြင်ပြင် သရုပ်ဆောင်နိုင်မည့် ဝါရင့်မင်းသားတစ်ဦး လိုလာသည်။

လီယွန်နယ် ဘယ်ရီမိုးတစ်ယောက် ကင်မရာရှေ့သို့ တစ်ကျော့ပြန်ရောက်ဖို့ ဖန်တီးလာရာမှ ဝတိ ဘုံဖျားတွင် စိန်မှုန်စားခဲ့ရပါလေတော့သည်။

ရုပ်ရှင်အနုပညာရှင်များ အသင်းကြီးမှ ချီးမြှင့်သော အကယ်ဒမီဆုကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိလိုက်သည်။ သူ့ကို မင်းသားကျကြီးဆိုပြီး ပစ်ပစ်ခါခါ စွန့်ပစ်ထားခဲ့သော ထုတ်လုပ်သူတွေကလည်း သူနှင့် ကားရိုက်ရဖို့အရေး အလုအယက်တန်းစီပြီး ခြေထောက်ဖက်ခဲ့ကြတော့၏။

စန်းပွင့်လာပြီဆိုတော့လည်း ရွှေပေါ်မြတင် မြကိုစိန်ခြယ် ရတနာဆိုတာ လိုရာရသလို အောင်မြင်မှုတွေ အထပ်ထပ်ရခဲ့ပြန်သည်။

'လက်မှတ်ဝါလေး တစ်စောင်, ဘိုလ္လျှိမယ် မာတာဟာရီ, ဂရင်းဟိုတယ်, ရုပ်စ်ပြူတင်နှင့် ဧကရီမ, အလိုလေး ကြမ်းလှချည်လား' အစရှိသည့် ရုပ်ရှင်ကားများက ငွေကြယ်ပွင့်ကြီးကို ရွှေနားကွပ်၍ ရွှန်းလက်တောက်ပစေခဲ့၏။

ကျွန်တော်က လီယွန်နယ်ဘယ်ရီမိုးကို ပွင့်ပွင့်လင်းလင်းပဲ မေးကြည့်မိ၏။

"ခင်ဗျား ပြန်မအောင်မြင်ခင် ကြားကာလမှာ စိတ်ဓာတ်တော်တော် ကျမသွားဘူးလား"ဆိုတော့ သူ ခပ်ပြုံးပြုံးလေးပြန်ဖြေပုံက

"ဘာလို့ ကျရမှာလဲဗျာ။ ကျုပ်ဘဝမှာ အနိမ့်အမြင့် အတက်အကျဆိုတာ မဆန်းတော့ပါဘူး။ လူတွေက ကျုပ် နွံနစ်သွားပြီလို့ ပြောတယ်။ ဒါပေမယ့် တကယ်ပြောတာပါ။ ကျုပ်ကိုယ်ကျုပ် သူတို့ ပြောသလောက် အခြေအနေမဆိုးသေးပါဘူးလို့ အမှန်ယုံကြည်ခဲ့တယ်။ ကျုပ်ဟာ အရှုံးနှင့်အတူ သောကတွေမဝင်နိုင်အောင် အလုပ်နှင့်လက်နှင့်မပြတ် ကြိုးစားခဲ့တာပါပဲ။ ဒီလိုနှင့် သောကခံကို အလဲထိုးခဲ့တယ်ဆိုပါတော့လေ"

ဟုတ်ကဲ့။ ဒုက္ခတွေ မရှုပ်ရအောင် သောကခံကို အကြောလှန်ပစ်ခဲ့သူ၊ သို့မဟုတ် လီယွန်နယ် ဘယ်ရီမိုး။



## ၄။ နွံမနစ် ပတ္တမြား

ဆမ်းမားဆက်မွမ်

ရှိတ်စပီးယား၏ ပြဇာတ်နောက်၊ ကမ္ဘာ့အကောင်းဆုံး ပြဇာတ်၏ ဖန်ဆင်းရှင်။

လက်ဖျားငွေသီးစေသော ဆရာဝန်နားကြပ်ကို ဘေးချိတ်၍ အငော်ပြတ်ခံ စာရေးဆရာအဖြစ် ကလောင်ကို လက်ကမချတမ်း ကိုင်စွဲခဲ့သူ။

■

ကမ္ဘာ့ပြဇာတ်သမိုင်းတွင် အကျော်တကား အကျော်ဆုံး ပြဇာတ် အဖြစ် ဘာကို ရွေးကြမလဲ။

နယူးယော်က်မှ ထိပ်တန်းပြဇာတ် ဝေဖန်ရေးဆရာများကို လျှို့ဝှက်မဲပေးစနစ်ဖြင့် အကောင်းဆုံး ပြဇာတ် ၁၀ ခုကို ရွေးထုတ်စေရာတွင် လွန်ခဲ့သော နှစ်ပေါင်း ၇၀၀ မှ ရှိတ်စပီးယား၏ ဟင်းမလက် ပြဇာတ်ကြီးက ၁ ဂဏန်း ချိတ်ခဲ့သည်။

ဒုတိယနေရာ နံပါတ် ၂ ကတော့ 'မက္ကဘက်' မဟုတ်သလို၊ 'လီယာဘုရင်ကြီး' နှင့် 'ဗင်းနစ်မြို့မှ ကုန်သည်လေး' လည်း မရဘဲ 'ရိန်း'(မိုး)ဆိုသည့် ပြဇာတ်ကိုပေးရန် တညီတညွတ်တည်း ဆန္ဒပေးခဲ့ကြ၏။

မှန်ပါသည်။ ဘာသာရေးနှင့် ရာဂအချစ်တို့၏ ဆန့်ကျင်ဘက် အားပြိုင်မှုကို ပင်လယ်မုန်တိုင်း၏ ကြမ်းကြုတ်ရက်စက်မှုများနှင့် ရောမွှေတင်ပြထားသော အပြင်းစား ဘဝသရုပ်ဖော် ပြဇာတ်ကြီးပင်ဖြစ်၍ စာရေးဆရာကြီး ဆမ်းမာဆက်မွမ်၏ ဝတ္ထုတိုလေးကို အခြေခံထားခြင်း ဖြစ်ပါသည်။

မွမ်သည် 'မိုး'ပြဇာတ်၏ ကျေးဇူးဖြင့် ပေါင် ၄သောင်း အကျိုးအမြတ် ခံစားခဲ့ရသည်။ သို့သော် ပြဇာတ်ဖွဲ့ရန် ၅ မိနစ်စာလေးမျှ အချိန်ပေးရေးသားရခြင်း မရှိခဲ့ပါချေ။ အဖြစ်က ဒီလို

အာဒီသွန်မဆင်ဟု အမည်ပေးထားသော ဝတ္ထုတိုတစ်ပုဒ်ကို မွမ် ရေးခဲ့၏။

ဇာတ်လမ်း အပြည့်အစုံကိုပင် မစဉ်းစားရသေး။ ရေးရင်းစီရင်း စက်တင်ပုံနှိပ်ခဲ့ပါပြီ။ တစ်ည သူနှင့် တစ်အိမ်တည်းနေသော ဂျွန်ကိုလ်တန်က မအိပ်ခင် ဖတ်စရာတစ်ခုခုပေးဖို့ တောင်းလာ၏။

မွမ်က သတ်ပုံပြင်ရန် ယူထားသော ရိုက်လက်စ ဝတ္ထုမူကြမ်းတွေကို ပေးလိုက်၏။ လိုလ်တန်ခမျာ ဝတ္ထု၏အသားပါပါ ဖမ်းစားမှုကို ခံလိုက်ရ၏။ ဝတ္ထုကို တစ်အားကြိုက်သွား၏။ အိပ်ရာက ငေါက်ခနဲ ထပြီး အခန်းတွင်း ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်းက ပြဇာတ်အသွင် ပြောင်းဖို့ ဖုတ်ပူမီးတိုက် စဉ်းစားလေတော့၏။ ခေတ်အဆက်ဆက် ဥဒါန်းတွင်ရစ်မည့် ဂန္ထဝင်ပြဇာတ်ကြီးတစ်ပုဒ် ဖြစ်နိုင်လောက်သည်ဟု သူ ယုံစားခဲ့သည်။ သို့ဖြင့် နောက်တစ်နေ့၊ ဆမ်းမားဆက်မွမ်ဆီသို့ ဒရောသောပါး ရောက်လာပြီး

"ခင်ဗျားဝတ္ထုထဲမှာ အကောင်းဆုံး ပြဇာတ်တစ်ပုဒ် ရှိနေတယ်ဗျ။ အဲဒီအကြောင်းကို ကျုပ်တစ်ညလုံး စဉ်းစားနေရတာ။ အဲ-အိပ်ချင်အောင် ပေးလိုက်တာ မဟုတ်လား။ ခင်ဗျားအိပ်ဆေးကောင်းမှုကြောင့် ခုထိ တစ်မှေးမျှ အိပ်မရတော့ဘူးဗျို့"

မွမ်ကတော့ သိပ် လှိုက်လှိုက်လှဲလှဲ မဖြစ်လိုက်မိပါချေ။ သူ၏ ရှင်းလင်းပြတ်သားသော အင်္ဂလိပ်လေသံဖြင့်သာ

"ပြဇာတ်။ ဟုတ်လား။ အင်း ခပ်ရှော်ရှော် ပြဇာတ်တစ်ပုဒ်တော့ ဖြစ်နိုင်ကောင်းပါရဲ့။ တစ်လလောက်တော့ ခံနိုင်မှာပေါ့လေ။ ဒါပေမယ့် ပရိသတ်ကို စိတ်ညစ်အောင် မနှိပ်စက်နိုင်ဘူး ထင်ပါတယ်။ တကယ်ပါ"

ပြဇာတ်ဖြစ်သွားသောဝတ္ထုက သူ ထင်သလို လူအများကို အနှောင့်အယှက်မပေးခဲ့ရုံမက သူ့ကို ငွေ ၄ သောင်းပါ ရစေခဲ့သေးသည်။

ပြဇာတ်ဆရာက ဇာတ်ညွှန်းရေးပြီးသွားချိန်တုန်းကလည်း ထုတ်လုပ်သူတွေက ခေါင်းခါကြသည်။

"ဒီပြဇာတ် တင်လို့ကတော့ ရှုံးမှာပဲ"လို့ သွေးချာပေါက် ပြောခဲ့ကြ၏။

ထို့နောက် ဆမ်ဟဲရစ်ဆင်က လက်ခံပြီး စင်တင်ပေးခဲ့သည်။ သူကလည်း 'ဂျင်နီအီးဂဲလ်'အမည်ရှိသော မင်းသမီးသစ်လေးအတွက် ဝယ်ယူခဲ့ခြင်းဖြစ်၏။ သည်တွင်လည်း သူ့မန်နေဂျာ အေးဂျင့်လုပ်သူက ကန့်ကွက်ခဲ့သေးသည်။ အေးဂျင့်ကြီးက နာမည်ကြီး မင်းသား,မင်းသမီး တွေမှ သုံးချင်ပါသတဲ့။

နောက်ဆုံးတော့ ဂျင်နီအီးဂဲလ်ပင် ခေါင်းဆောင်နေရာရခဲ့ပြီး အာဒီသွန်မဆင်ပြဇာတ်ကို အသက်ပါပါ ကပြနိုင်ခဲ့ရာမှ ဘရော့ဝေး ပြဇာတ်လောကအား လှုပ်ခတ်ချောက်ချား သွားစေခဲ့သည်။

ဂျင်နီက ရုံပြည့်ပြီဆိုသည့် ဆိုင်းဘုတ် ၄၁၅ ကြိမ် ဆက်တိုက် ချိတ်ရသည်အထိ ပရိသတ်၏ ဝက်ဝက်ကွဲအားပေးမှုကို ရယူခဲ့ခြင်း လည်းဖြစ်၏။ ဂျင်နီ ဟိုးဟိုးကျော်ခဲ့သလို မူရင်းဇာတ်ဆရာ မွမ်သည် လည်း လူတိုင်းပါးစပ်ဖျားမှာ ရေပန်းစားခဲ့ရပါတော့၏။

ဆမ်းမားဆက်မွမ်သည် ပတ်တီးတစ်လိပ်အကြောင်း, လစန္ဒာ နှင့်ခြူးပိုက်ဆံ, ရောင်စုံမျက်နှာဖုံး စသည့် နာမည်ကျော် ဂန္ထဝင် ဝတ္ထုကြီး များကို ဖန်ဆင်းခဲ့သလို၊ အောင်မြင်သော အချစ်အလွမ်း ဝတ္ထုပေါင်း များစွာ၏ အရှင်သခင်လည်း ဖြစ်ပါသည်။

ဒါပေမယ့် ပြဇာတ်ဆိုလို့တော့ တစ်ပုဒ်တလေမျှ လက်စွမ်းပြ ဖွဲ့နွဲ့ခြင်း မရှိခဲ့ပါ။

•

ယနေ့ခေတ် လူအများက သူ့ကို ပါရမီရှင်ကြီးလို့ သမုတ်ကြ သည်။ တကယ်တော့ မွမ်သည် စာပေလောကသို့ ဝင်ခါစ ၁၁ နှစ် လောက်မှာ ဆင်းရဲဒုက္ခပေါင်းစုံနှင့် ကြုံခဲ့ရရှာသူဖြစ်၏။ ကြည့်ပါဦး။

ကမ္ဘာကျော်စာရေးဆရာကြီးအဖြစ် သိန်းချီချမ်းသာနေသော ပုဂ္ဂိုလ်ကြီးမှာ ၁၁ နှစ်တာ ဘဝရဲကျစဉ်က ၁ နှစ်လုံးမှ ပေါင် ၁၀၀

သာ ဝင်ငွေရှိခဲ့သည်။ တစ်ခါတစ်ရံ လုံး၀ ထမင်းငတ်ခဲ့ရသည်။ အငတ် ဒဏ်ပြင်းလာသည့်အခါ လခစား အယ်ဒီတာ အလုပ်ကလေး ရလိုရငြား ကြိုးစားရှာဖွေမိသေး၏။ သို့တမူ ကံမကောင်းစွာပင် ဘယ်သူကမျှ အလုပ်မပေးခဲ့။ သည်တော့ ကံကောင်းစွာပင် ဝတ္ထုတွေ ဆက်တိုက်ရေး ရလေတော့သည်။

“ဗိုက်ထဲ တဂျုတ်ဂျုတ်မြည်နေတဲ့ကြားကပဲ စာ ကလည်း ရေငတ်သလို မရေးရမနေနိုင်ဖြစ်နေတော့ မရေးမဖြစ် ဆက်ရေးရ တယ်ပဲ ဆိုပါတော့ဗျာ”ဟု မွမ်ကိုယ်တိုင်က ဖွင့်ဆိုအသိပေးခဲ့ပါ၏။

သူ့မိတ်ဆွေများက ‘ဆရာဝန်ဖြစ်လျက် ထမင်းငတ်တဲ့ အလုပ် လုပ်နေတာ ခင်ဗျားအရူးပဲ’လို့ အပြစ်တင်ကြ၏။

အမှန်စင်စစ်လည်း မွမ်သည် နာမည်ကြီးဆေးကောလိပ်မှ ဒေါက်တာဘွဲ့ရပြီး ဖြစ်ပါသည်။ ဒါကြောင့်ပင် သူ့ကို စိတ်ကူးယဉ် လောကမှကို စွန့်ခွာပြီး တကယ့်ဘဝထဲတွင် ဆေးပညာဖြင့် အကျိုးပြု အသက်မွေးဝမ်းကျောင်းသို့ တိုက်တွန်းခဲ့ကြ၏။

သိကြသည့်အတိုင်း စာရေးဆရာ စစ်စစ်တွေက ခေါင်းမာသည်။ အသည်း မာသည်။ အင်္ဂလိပ်စာပေသမိုင်း၏ ရှေ့တန်းမျက်နှာစာတွင် သူ့နာမည်ကို ရောမရွှေစာလုံးကြီးများဖြင့် ကမ္ဗည်းထိုး ဖော်ပြခြင်း မခံရမချင်း ခြေတစ်လှမ်း နောက်မဆုတ်ဟူသော သံမဏိ အဓိဋ္ဌာန်ကြီး ကို စွဲကိုင်ထားသည်။ စာပေသူရဲကောင်းတစ်ယောက် လက်မြှောက် ဒူးထောက်ရအောင် အငတ်ဘေးကြီးသာမက ဘယ်သူကမျှ သွေးဆောင် ဖြားယောင်း ဖိအားပေးလို့ မရနိုင်ပါ။

‘ယုံချင်ယုံ မယုံချင်နေ’ ကမ္ဘာကျော်စာအုပ်ကို ရေးခဲ့သူ ‘ဘော့ ရစ်ပလေ’က ကျွန်တော့်အား မှတ်မှတ်ရရ ပြောဖူးသည့် စကားတစ်ခွန်း ရှိ၏။

"လူတစ်ယောက်ဟာ ယုံကြည်ချက်ရဲ့ကျွန်အဖြစ် ၁၀ နှစ်လောက် ကျားကုတ်ကျားခဲ ရုန်းကန်နေရင်းက ၁၀ မိနစ်အတွင်းမှာ ကျော်ကြားအောင်မြင်မှုသရဖူကို ဆောင်းရတတ်တာပဲဗျ"

ရစ်ပလေနှင့် မွမ်တို့မှာ ဘဝချင်း တူသည်ပဲ ဆိုရပါမည်။

ခုတော့ ဆမ်းမားဆက်မွမ်အဖို့ အနှာခံဘဝတွင် လူးလှိမ့်နေရာမှ ထွက်ပေါက်ရခဲ့ပါလေပြီ။

ပုဂ္ဂိုလ်တစ်ဦး၏ ပြဇာတ်တစ်ပုဒ်မှာ လန်ဒန်ဇာတ်ရုံတွင် အရှုံးနှင့် ရင်ဆိုင်သွားရသည်။ ပြဇာတ်မန်နေဂျာက အစားထိုးကဖို့ ပြဇာတ်သစ်ကို လိုက်ရှာသည်။

ပထမတန်းစား ပြဇာတ်ကြီးတစ်ခု မတင်ဆက်နိုင်မီ ယာယီကြားထိုး ကပြနိုင်ဖို့လောက်ပဲ ရည်ရွယ်ရင်း သူ့စားပွဲကို မွှေနှောက်ရှာဖွေရာမှ ဆမ်းမားဆက်မွမ် ပေးထားခဲ့သော ပြဇာတ်ကို သွားတွေ့တော့သည်။ ကြာပါပြီ။ စားပွဲထဲ အောင်းနေခဲ့ရတာ ၁ နှစ်တိတိပင် ကြာခဲ့ပါပြီ။ ဖတ်ကြည့်တော့လည်း အားမရ။ ပြဇာတ်ကောင်းတစ်ပုဒ်၏ အင်္ဂါရပ်တွေ သိပ်မပါ။ ဒါကို သူ ကောင်းကောင်း နားလည်သည်။

သို့တစေ နာမည် မထွက်ရင်နေ။ ၁ ပတ် ၂ ပတ်လောက် ဝင်ထိန်းရင် တော်ပြီဆိုပြီး ကောက်စီစဉ်မိ၏။ ချက်ချင်း ဇာတ်တိုက်သည်။ အမြန်ဆုံး စင်တင်သည်။ သို့သော် မမျှော်လင့်ဘဲ အောင်ပွဲခံလိုက်ရသည်။ အံ့မခန်း အဆန်းတကြယ်ပဲ ဆိုလောက်ပါ၏။

'လေဒီဖရက်ဒရစ်'ဟူသော ပြဇာတ်၏အောင်မြင်မှုသည် မိုးမြေသိမ့်သိမ့် တုန်သွားရချေ၏။ လန်ဒန်တစ်မြို့လုံး ပွက်လောရိုက်သွား၏။ ဒီပြဇာတ်ကို မကြည့်ဘူးရင်ပဲ သေရတော့မလို ပြောကြ၏။

အော်စကာဝိုင်းလ်ဒ်၏ ပြောင်မြောက်လှသော စကားလုံးတွေ၏ နောက်ပိုင်းတွင် မွမ်၏ စကားလုံးတွေလောက် ရသမြောက်တာ မရှိဟု အင်္ဂလန်တစ်ခွင် ပြောစမှတ် တွင်သွား၏။ နေ့ချင်းညချင်း ဆိုသလို

လန်ဒန်ရှိ ပြဇာတ်မန်နေဂျာများက ဆမ်းမားဆက်မွမ်အား ပြဇာတ်သစ်တွေ အားချင်းရေးပေးရန် ငါးရံ့ပြာလူး တောင်းလာကြတော့၏။ မွမ်လည်း စားပွဲအောက်တွင်ဖုန်တက်နေသော နှစ်ချို့စာမူများကို ဖုန်ခါထုတ်ခဲ့ရလေပြီ။ နွံနစ်နေသော ပတ္တမြားတွေက ရွှေနန်းတော်ထက် ရောက်သွားကြပါပြီ။

ရက်သတ္တပတ် အနည်းငယ်အတွင်း သူ့ပြဇာတ် ၃ ပုဒ်ကို နာမည်ကြီးပြဇာတ်ရုံများ၌ တင်ဆက်ကပြခြင်း ခံလိုက်ရသည်။

ရတနာရှိရာ ရတနာလာ ဆိုသလိုပါပဲ။ မွမ့်အဖို့ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးခဲ့ရသလို၊ နန်းသုံးတော်ဝင် ပညာရှင်ကြီးတစ်ဆူအဖြစ် အရာပေးအရေးထားခြင်း ခံခဲ့ရသည်။

စာအုပ်ထုတ်ဝေသူတွေကလည်း သူ့လက်ရာ အဖိုးတန် ရတနာတွေကို ထုတ်ဝေနိုင်ရေးအတွက် ဝိုင်းအုံ စုပြုံလာကြသည်။

ရွှေရှိမှ မျိုးတော်ချင်သော လူ့အသိုင်းအဝိုင်း၏ ထုံးစံအတိုင်း အကြောင်းအမျိုးမျိုးပြ၍ ဖိတ်ကြားလာသော ဖိတ်စာတွေကလည်း တောင်ပုံရာပုံ။

၁၁ နှစ်ကြာ ငရဲခံဘဝကို မေ့ရလောက်အောင် မေဖဲယားဟိုတယ်ကြီး၏ ရွှေရောင်ခန်းမကြီးထဲ၌ ဝီစကီခွက်ကို မြှောက်ကာ မြှောက်ကာ ဆုမွန်ကောင်းတောင်းနေသော ပုဂ္ဂိုလ်ကျော်ကြီးအဖြစ် သူ့ကိုယ်သူ မွမ် တွေ့လိုက်ရတော့၏။

မွမ်က သူသည် ၁ နာရီကျော်လျှင် ဘယ်တော့မျှ စာမရေးတော့ကြောင်း ကျွန်တော့်ကို ပြောပါသည်။ မွန်းတိမ်းသည်နှင့် သူ့ဦးနှောက်တွေ စဉ်းစားဉာဏ် ထုတ်လို့မရတော့ဟုလည်း ဆို(ပါ)သည်။

သူသည် ပြင်သစ်ပြည် မြစ်ကမ်းဘေးတစ်နေရာရှိ ‘မိုးရစ်စ်ရိပ်သာ’စံအိမ်တော်၏ အပေါ်ဆုံးထပ် သီးသန့်ခန်းထဲတွင် စာရေးလေ့

ရှိ၏။ ဆေးတံကို မပြတ်သောက်ပြီး စာမရေးခင် ဒဿနစာပေများကို တစ်နာရီခန့် ဖတ်ရှုရျာန်သွင်းတတ်သည်ဟုလည်း သိရ၏။

၁၉၄၀ ခုနှစ် ပြင်သစ်ကို ဂျာမန်များ ဝင်သိမ်းလိုက်ချိန်တွင်မူ အင်္ဂလန်သို့ ထွက်ပြေးခဲ့ပြီး၊ စစ်မီးငြိမ်းသည်မှ ယနေ့တိုင် ပြင်သစ်မှာပဲ အခြေချခဲ့ပါ၏။

မွမ်က သူ အယူမသီးတတ်ကြောင်း ပြောဖူးပါသည်။ သို့တစေ သူ့စာအုပ်အားလုံးလိုလို အနှောင့်၌ မိစ္ဆာမျက်လုံး၏ သင်္ကေတတံဆိပ်တွေကို ရိုက်နှိပ်ထားတာ တွေ့ရသည်။

မိသားစုထမင်းဝိုင်းတွေပေါ်မှာလည်း အလားတူ ဒီဇိုင်းတွေ စိတ်ဝင်စားဖွယ် ခတ်နှိပ်ထားလျက်။ စာရေးကိရိယာတွေသာမက အပျင်းပြေကစားသည့် ဖဲချပ်တွေမှာလည်း ထိုတံဆိပ်တွေ မြင်ရလိမ့်ဦးမည်။ မီးလင်းဖိုထက်က သတ္တုဘောင်တွင်လည်း မိစ္ဆာမျက်လုံးတံဆိပ်ကို ထွင်းထားပြန်၏။ သူ့ရိပ်သာအဝင် မုခ်ဦးပေါ်တွင် ထိုအမှတ်တံဆိပ်နှင့် မကင်းခဲ့ပါချေ။

ကျွန်တော်က "ခင်ဗျား ဒါတွေကို အန္တရာယ်ကင်းအောင် အင်းတံဆိပ်တွေအဖြစ် တကယ်ပဲ ယုံသလား"လို့ ပြောင်ကျကျ မေးမိပါသည်။ သူက သဲ့သဲ့မျှ ပြုံးရုံလေးပြုံးလို့သာ နေပါလေသည်။



# ရွှေအိပ်မက်နှင့် ရွှေဘုံစံ

ဂျူန်းကရော့ဖို့

လမ်းပေါ်မှာ က,ရင်း ဟောလီဝုဒ် ရုပ်ရှင်မြို့တော်သို့ မျက်စိလည်ရောက်သွားတဲ့ စင်ဒရဲလား မင်းသမီးလေး။

ဘဝသမားအဖြစ်မှ အလှသရဖူ ဆောင်းခဲ့ရတဲ့ အာဇာနည်မ။

ကဲ, ဉာဏ်, ဝီရိယ ကျေးဇူးကြောင့် တောင်ထိပ်မှာ တက်ပေါက်တဲ့ ကြာတစ်ပွင့်။

၁၂ နှစ်ကြာ အတိတ်က

မစ်ဆူရီမှ ကောလိပ်ကျောင်းသူလေးတစ်ယောက် အိပ်ရာထဲမှာ ကျိတ်ငိုနေရှာသည်။ အားကိုးရာမဲ့ အထီးကျန်ဘဝမှာ မျက်ရည်ကိုသာ အဖော်ပြုခဲ့ရတဲ့ဘဝ။ ခုတော့ ရင်ခုန်သံဆူညံနေသော ပရိသတ်များက မရွှေချောလေး ဘယ်တော့ ပေါ်လာပါ့မလဲ မျှော်တော်ဇောဖြင့် မောနေကြပါပြီ။

လှတစ်မျက်နှာနှင့် ချစ်စရာနာမည်လေးကို သမုဒ္ဒရာ ၇ စင်း၊ တိုက်ကြီး ၆ တိုက်က မရေမတွက်နိုင်သော ပရိသတ် သန်းပေါင်းများစွာက ကျွမ်းကျွမ်းဝင်ဝင်သိနေကြပါသည်။

လွန်ခဲ့သော ၁၂ နှစ်ကတော့ စတီဖင်ကောလိပ်မှာ ကျောင်းဝင်ကြေးပေးဖို့ ကျောင်းစားသောက်ခန်းတွင် စားပွဲထိုး ဝင်လုပ်ခဲ့ရရှာ၏။ ဆင်းရဲချို့တဲ့လွန်းသဖြင့် ဟိုကဆွဲ ဒီကဖန် ညစောင့်အစိုးကြီးဆီကပါ မကျန် ချေးရင်းငှားရင်း အကြွေးသံသရာ လည်လိုက်ရသေး၏။

သူ့ကို ညှော်ခံပွဲများက ဖိတ်သည့်တိုင်အောင် မသွားနိုင်ခဲ့ရှာပါ။ အကြောင်းကတော့ ပွဲနေပွဲထိုင်သွားစရာ အဝတ်အစားမရှိလို့ပဲ ဖြစ်ပါသည်။ ရှိတဲ့အဝတ်အစားတွေကလည်း သူငယ်ချင်းတွေအကျ ဝတ်ပြီးသား အဟောင်းအနွမ်းလေးတွေသာ ဖြစ်နေသည်။

ဒီနေ့ကျတော့ သူသည် ဟောလိဝုဒ်မြို့တော်တွင် အပျံဆုံး၊ အလှဆုံး ဝတ်ဆင်နိုင်သည့် နတ်မိမယ်လေးဘဝသို့ ရောက်နေပါပြီ။

ခေတ်မီသော သူ့အဝတ်အစားတွေက သူကိုယ်တိုင်တီထွင်ထားသော ဖက်ရှင်ဒီဇိုင်းတွေဖြင့် ဆန်းပြားလှပလျက်ရှိသလို၊ သူ့ဂါဝန်ပုံစံကို တစ်ကမ္ဘာလုံးက အမျိုးသမီးထုမှာ အတုခိုးနေရ၏။

အဝတ်အစား ချုပ်ရောင်းသူတွေကလည်း သူတို့၏ နောက်ဆုံးပေါ် ဖက်ရှင်ဝတ်စုံတွေကို နမူနာအဖြစ် ဝတ်ပေးပါရန် ငွေတွေပုံပေးလျက် သူမကို တောင်းပန်ခယ နေကြရပြန်သည်။

တစ်ခုသောအတိတ်က အထီးကျန် မျက်နှာငယ်မလေးအဖြစ် ထာဝစဉ် ကြေကွဲဝမ်းနည်းခြင်းတွေကို ရင်ဝယ်ပိုက်လျက် အဝတ်အစား သစ်လေးတစ်ထည်မျှ မဝယ်နိုင်အောင် မွဲပြာကျခဲ့ရှာသူ ဒီမိန်းကလေး ဘယ်သူများပါလိမ့်။

ဟုတ်ကဲ့။ သူမရဲ့အမည်ကတော့ 'လူစီလီလီဆူအာ' တဲ့။

ဗျာ။ ဒီနာမည်ကို တစ်ခါမှ မကြားဖူးဘူး။ ဟုတ်လား။

ကောင်းပါပြီ။ အဲဒါက သူ့နာမည်အရင်းပါ။ ဒါပေမယ့် ဟောလိဝုဒ်မှာ သူ့ကို ခေါ်ကြတာကတော့ 'ဂျုန်းကရော့ဖို့' တဲ့။

ဩော်။ ခင်ဗျား သိသွားပြီပေါ့နော်။ ဒီလိုပဲ ဖြစ်ရမယ်လေ။ ဂျုန်းကရော့ဖို့ ဆိုတာ စူပါ့စူပါ စူပါစတားပဲဥစ္စာ။

သို့ပေမယ့် တစ်ချိန်ကတော့ သူ့ခမျာ နေရှာစိမ်း မျက်နှာစိမ်းကြားမှာ ရေမျောကမ်းတင် အားကိုးရာမဲ့ဘဝဟာ ဘယ်လိုလဲဆိုတာ ကောင်းကောင်းကြီး နားလည်ခဲ့ရပါသည်။ ပြီး ထမင်း ဝယ်စားစရာ တစ်ပြားမျှမရှိလို့ ငက်မွတ်ဆာလောင်ခြင်းရဲ့ အဓိပ္ပာယ်ကို ပီပီပြင်ပြင် ဘာသာပြန်နိုင်ခဲ့သည်။

တရစပ်ရှန်းကန်လျက် အသည်းနာစရာ ဝေဒနာနှစ်များကို ဖြတ်သန်းခဲ့ရာမှ ဘဝတိုက်ပွဲရဲ့ အနှစ်သာရကိုလည်း ရေရေလည်လည် သဘောပေါက်ခဲ့ပါပြီ။

အုတ်ကလာ့ ဟိုးမားပြည်နယ် လောတန်မြို့လေးမှ ဂျုန်းကရော့ဖို့၏ ကလေးဘဝကတော့ ဆင်းရဲတဲ့ကြားက ပျော်ရွှင်စရာကောင်းသလိုလို။ အိမ်နီးပါးချင်း ရွာနီးချုပ်စပ် ပြေးလွှားရင်း ဆော့ခင်းတမ်း ကစားခဲ့သလို၊ ယောက်ျားတွေနှင့်ပြိုင်ပြီး သစ်ပင်တက်ဦးမလား စိန်ခေါ်ရဲတဲ့ ပေါက်ကျော်မ။

ထိုကတည်းက သူ့အနှစ်သက်ဆုံး အလုပ်ကတော့ မင်မောင်း အပြည့်ဖြင့် အမှုအရာလုပ်ခြင်း ပါပေတည်း။ ဂျူန်းနှင့် ကစားဖော် သူငယ်ချင်း တစ်သိုက်သည် စပါးကိုဒေါင်ကြီးတစ်လုံးထဲသွား၍ သေတ္တာ ပုံးအလွတ်တွေနှင့် ဇာတ်စင်ဆောက်ကြသည်။ ဆလိုက်မီးထိုးဖို့ လက်ဆွဲ မှန်အိမ်ကို အသုံးပြုသည်။ ထို့နောက် မြင်းတွေ, ခိုတွေ, စာပုတီးလေး တွေကို ပွဲကြည့်ပရိသတ်နေရာထား၍ ဂျူန်းကရော့ဖို့တစ်ယောက် ထိုးထိုးထွန့်ထွန့် က,တော့သည်။

တစ်ချိန်တည်းမှာလည်း 'အဖိုးတန်အဝတ်အစားတွေ ဝတ်နိုင်တဲ့ ပြဇာတ်မင်းသမီး တစ်နေ့တော့ ဖြစ်စေရမယ်'ဟု စိတ်ကူးယဉ် မဟာ ဆုံးဖြတ်ချက်ကြီးနှင့်အတူ သူ့ကိုယ်သူ တိုင်တည်သစ္စာဆိုလိုက်သည်။

"ငါ ကြီးလာတဲ့အခါ ကတ္တီပါဇာတ်ရုံအနီရောင်နှင့် ရွှေဖိနပ်ကြီး ရှပ်တိုက်စီးပြီး ငှက်ကုလားအုတ်မွေးဦးထုပ်ကို ဆောင်းရတဲ့ဘဝ ရောက် စေရမယ်"လို့ ကြုံးဝါးသံမဆုံးမီ၊ ဂျူန်း ၈ နှစ်သမီးအရွယ်၌ မိခင်က ကင်းဆက်ကီ စီတီးသို့ ပြောင်းလာခဲ့၏။ ဂျူန်းကို အလုပ်လုပ်ပြီးပညာ သင်ရသော သီလရှင်ကျောင်း၌ ထားခဲ့သည်။

ဂျူန်း ကောင်လေးတွေနှင့် အပြေး မပြိုင်နိုင်တော့။ ဂိုဒေါင် ဟောင်းကြီးထဲမှာ ပြဇာတ် မကနိုင်တော့။ ကျောင်းနေခွင့်ရဖို့အရေး အခန်း ၁၄ ခန်းကို သန့်ရှင်းရေး ဒိုင်ခံလုပ်ပေးရသည်။ ကလေး ၂၅ ယောက်အတွက် ထမင်းဟင်းချက်ရသည်၊ ပန်းကန်ဆေးရသည်။

ထိုမျှ မကသေး။ သူတို့ကို အဝတ်အစားလဲပေးပြီး အိပ်ရာထဲ ဝင်သိပ်ပေးရသည်။ သူကတော့ အပွင့်ပါသော အပြာနှင့် အဖြူရောင် ပိတ်စကို ချုပ်ဝတ်ရပြီး သံခုတင်တန်း၏အစွန် ကြမ်းပြင်ပေါ်မှာ အိပ် ရ၏။

၆ နှစ်အကြာတွင် အဆင့်မြင့်ပညာသင်ရန် ခုန်ပျံကျော်လွှားဖို့ ကြိုးစားလိုက်၏။ မစ်ဆူရီပြည်နယ် ကိုလံဘီယာမြို့ရှိ စတီဖင် ကောလိပ်

သို့ ကျောင်းဝင်ခွင့်လျှောက်ခဲ့ခြင်း ဖြစ်တော့သည်။

ငွေလား။ ငွေဆိုလို့ ဆင်ဆင်တူ စက္ကူတစ်ရွက်တောင် မရှိဘူးလေ။

အစက ပြောခဲ့တဲ့အတိုင်း သူများ ပေးကမ်းစွန့်ကြဲထားတဲ့ ဝတ်စုံတစ်ပတ်နွမ်းလေးတွေဝတ်ပြီး စာသင်ခွင့်နှင့် နေစရာရဖို့ စားပွဲထိုးမလေး ဝင်လုပ်ရတော့တာပေါ့။

ထိုအချိန်က စားပွဲထိုးမလေးဆိုပြီး အထင်သေး၊ အမြင်သေး ဝိုင်းနှိမ်ပြီး မာနတစ်ခွဲသားနှင့် မောက်မောက်မာမာဆက်ဆံခဲ့ကြတဲ့ ဟာမလေးတွေကလည်း ခုတော့

"ဂျူန်းကရောဖို့လား။ အို၊ ဘယ့်နယ်ပြောလိုက်ပါလိမ့်။ ကျွန်မတို့ ကောင်းကောင်းသိတာပေါ့။ သူနှင့် ကျွန်မတို့ အရမ်းရင်းနှီးတဲ့ သူငယ်ချင်းတွေပါ။ ကောလိပ်မှာ တစ်ခန်းတည်း အတူတက်ခဲ့ကြတာပဲ"

ဘာညာသာရကာလေးတွေ ပြောပြီး အသားလွတ် ကြွားနေပါလေရောလား။

စတီဖင်ကောလိပ် ကျောင်းတော်ကြီးကိုယ်၌ကပင် စိန်နားကပ် အရောင်ကြောင့် ပါးပြောင်ဆိုဘိသကဲ့သို့ သူမ၏ ကျော်စောကိတ္တိ ရှိမှုကို အမှီပြု၍ ဂုဏ်တက်ခဲ့ရသည်။ သို့ဖြင့် ဧည့်ခန်းမကြီးတဲတွင် ဂျူန်းကရောဖို့၏ ရောမပိုစတာ စာရွက်ကြီးကို ဘောင်သွင်းချိတ်ဆွဲထားရုံမက ဓာတ်ပုံအောက်မှာပင် ကမ္ပည်းထိုး ဂုဏ်ပြုထားလိုက်ပါသေး။

**'ဂျူန်းကရောဖို့သည် ဤကျောင်းတော်သူအဖြစ် ဤခန်းမထဲ၌ စေတနာလုပ်အားပေးဖူးခဲ့ပါသည်'**တဲ့။

အမှန်စင်စစ် ဂျူန်း၏ပြင်းထန်သော အာသီသနှင့် အမြင့်ဆုံး ရည်မှန်းချက်မှာ ကချေသည်တစ်ယောက် ဖြစ်လာရေးပင်။ ထို့ကြောင့်လည်း လမ်းဘေးဖျော်ဖြေပွဲတစ်ခုတွင် ၁ ပတ်လျှင် ၄ ပေါင်ရသော

ကချေသည်အလုပ်ကို လက်မလွှတ်တမ်း ဝင်လုပ်ခဲ့သည်။

ဒါကိုပင် သူက ကောင်းကင်ဘုံထိပ်မှာ ခြေဖျားထောက် က, ရတာပဲလို့ မှတ်ယူခံစားပြီး အပျော်ကြီးပျော်ခဲ့သည်။ ၂ ပတ်သာ ခံသည်။ ပွဲခွင်ပျက်သွားသည်။ ဂျူန်းခမျာလည်း အိမ်လခ ပေးစရာ မရှိသော အလုပ်လက်မဲ့ဘဝ ပြန်ရောက်သွား၏။ လှေလှော်ရင်း တက်ကျိုး၊ တွယ်ရာမဲ့ မျောပေဦးတော့ ဂျူန်း။

ဒါနှင့်ပင် စင်မြင့်ပေါ် အရတက်မယ်ဆိုတဲ့ သူ့ သံမဏိ အဓိဋ္ဌာန် ကြီးက အပြီးတိုင် ပျက်သုဉ်းသွားရတော့မတဲ့လား။ ဝေးပါသေးရဲ့။ ဝေးသေးရဲ့။

သူက လက်လှမ်းမီရာက ဖိုက်ဆံချေးသည်။ ကင်းဆက်စ်စီတီသို့ ပြန်ခဲ့သည်။ ကြုံရာကျပန်းလုပ်၍ မုန့်စုပဲစု စုသည်။ ခရီးစရိတ်ရပြီ ဆိုသည်နှင့် ချီကာဂိုမြို့ကြီးဆီသို့ စင်တီဖီးရထားဖြင့် ရှေ့ရှု ထွက်လာ ခဲ့တော့သည်။ ရထားခ ပေးလိုက်ပြီးချိန်၌ သူ့လက်ထဲတွင် ၁၀ သျှီလင် သာကျန်တော့၏။ လက်ကျန်ငွေလေး ကုန်သွားမှာစိုးသဖြင့် မသုံးရက် သလို မနက်စာ,ညစာပါ အငတ်ခံခဲ့ရှာသည်။

ထိုမှ ကားဘရက် ခေါ် ကပွဲနှင့်ဖျော်ဖြေသော စားသောက်ဆိုင် တွင် ကချေသည်တစ်နေရာ ရခဲ့သည်။ ၎င်းနောက် နယူးယောက်သို့ တက်လာရာ ဝင်းတားဂါးဒင်းတွင် ယိမ်းသမ(ဝါ) နောက်လိုက်ကချေ သည်အဖြစ် ဝင်ကခဲ့ပြန်၏။ သည်တွင် အမ်ဂျီအမ်ရုပ်ရှင် စတူဒီယိုမှ အကျိုးဆောင်တစ်ဦးက သူမကို အမှတ်မထင်မြင်သွား၏။

ဂျူန်း၌ နှစ်လိုဖွယ် ယဉ်ကျေးသိမ်မွေ့မှု, ငယ်ရွယ်နုပျိုမှု, လှပ ချောမောမှု, ကိုယ်ခန္ဓာပြေပြစ်မှုနှင့် ခြေထောက်လှလှလေးတစ်စုံလည်း ရှိသည်မဟုတ်ပါလား။

အကျိုးဆောင်ကိုယ်စားလှယ်က ဂျူန်းကို ရုပ်ရှင်ရိုက်ဖို့ ဖိတ် ခေါ်သည်။

"ဘာ။ ရုပ်ရှင်။ ဟုတ်လား။ အို၊ မဟုတ်တာရှင်။ မရိုက်ချင်ပါဘူး"

ဘရော့ဝေးဇာတ်ခုံပေါ်တွင် ပြဇာတ်မင်းသမီး ဖြစ်လိုစိတ်ဖြင့် ဂျူန်း ငြင်းပယ်မိသေး၏။ နောက်ဆုံးတွင် အကျိုးအနယ် အချေအတင် မနည်းကြီးနားချပြီးမှ ရုပ်ရှင်စမ်းရိုက်ရန် စိတ်ပါခဲ့သည်။

ဂျူန်းအဖို့ ဟောလိဝုဒ်ဝင်ခွင့်လက်မှတ် ရရှိလိုက်သလို တစ်ပတ် ၁၅ ပေါင်နှုန်းဖြင့် ကန်ထရိုက်အလုပ်တစ်ခု ရလိုက်သည်။ ဒါပေမယ့် ဟောလိဝုဒ်ဆရာကြီးများက သူ့အမည်ကြားကြားချင်း နှာခေါင်းရှုံ့သွားကြ၏။

"လူစီလီလီဆူအာ။ ဟုတ်လား။ ကဗျာဆန်တာတော့ မှန်ပါတယ်။ နို့ပေမယ့် ရုပ်ရှင်မင်းသမီးတစ်ယောက်အတွက် အောင်မြင်မှု ရနိုင်မယ့် နာမည်မျိုးမဟုတ်ဘူး။ ဒီနာမည်မျိုးကို မှတ်မိဖို့ ခဲယဉ်းသလို ဘယ်သူမျှ စာလုံးပေါင်းဖတ်တတ်မယ် မထင်ဘူး"

ထို့ကြောင့် ရုပ်ရှင်မဂ္ဂဇင်းတစ်စောင်က ဆုငွေချီးမြှင့်၍ နာမည်ပြိုင်ပွဲ လုပ်ပေးခဲ့သလို၊ ထောင်သောင်းချီသောနာမည်များ စာတိုက်မှ တစ်ဆင့် လှိမ့်ဝင်လာတော့သည်။ ထိုပြိုင်ပွဲ၏ ရလဒ်ကတော့ လူစီလီလီဆူအာမှ ဂျူန်းကရော့ဖို့ ဖြစ်လာရခြင်းပါပေတည်း။

တစ်နည်းဆိုသော် 'ဂျူန်းကရော့ဖို့' ဟူသော အမည်လှလှလေးကို ပြည်သူက ပေးအပ်ခဲ့ခြင်းပါ။ သို့တိုင် သူ့အတွက် ရုပ်ရှင်ကြယ်တစ်ပွင့် ဖြစ်ဖို့က အလှမ်းဝေးနေပါသေးသည်။ ဇာတ်ရုံအဖြစ် မထင်မရှား အခန်းတချို့မှာသာ ပါဝင်ခွင့်ရခဲ့ရှာ၏။ မရှိသုံး၊ လိုသုံးလေးနှင့် အဖြည့်ခံဘဝပဲ ဆိုပါတော့။

တစ်ခါတလေ မင်းသမီးနော်မာရှီးယားရား၏ ကိုယ်ခွဲအဖြစ်ပင် ပုံများ ဝင်ရိုက်ပေးရသေး၏။

ညဘက်ကျတော့ ဝါသနာအလျောက် ထွက်လာ၏။

ချားလက်စတန်, သည်ဘလက်ကော့တွန်, သည်စိန့်လူး၀စ္စ ဟော့ပ် ဆိုသော ကပွဲရုံများတွင် လျှောက်ကရခြင်း ဖြစ်၏။ ထိုမှ ဒါဇင်ပေါင်းများစွာသော ဖိနပ်တွေကို၀တ်ပြီး ကြော်ငြာပေးရသလို၊ လက်ဆောင်ဆုဖလားတွေလည်း ဒါဇင်နှင့်ချီ၍ ရရှိခဲ့၏။

သို့သော် ထိုအချိန်ထိ ဂျုန်းကရော့ဖို့ ပီပီသသ မဖြစ်သေးပါ။ သူမသည် တွန့်လိမ်ကောက်ကွေး ရှုပ်ထွေးသောဆံပင်ပုံစံနှင့် ၀၀ကစ်ကစ် ချာတိတ်မလေးသာ ဖြစ်ဆဲ။ ပြီး၊ ရုက်ကိုးရုက်ကန်း ဖြစ်တတ်တာလေးကို ဖုံးဖိဖို့ ဂျစ်တူးတူးနှင့် ထောင့်မကျိုး အချိုးမပြေသေးဘဲ ရှိနေသေး၏။

နောက်တော့ သူ ဟောလီဝုဒ်မှာ ဆက်လက်ရှင်သန်လိုလျှင် သူ့ကိုယ်သူ ပြုပြင်ပြောင်းလဲရေးတွေလုပ်မှဆိုတာ တစ်စထက်တစ်စ နားလည်လာသည်။

နေ့ချင်းညချင်းဆိုသလို ရည်မှန်းချက်အသစ်နှင့် လူသစ်စိတ်သစ် ဖြစ်သွား၏။ ညဘက်ကချေသည်အလုပ်ကို အပြတ်စွန့်လွှတ်လိုက်၏။

ပညာရေးလုံးပန်းရန် တိတိကျကျ စီစဉ်၏။ ပြင်သစ်နှင့် အင်္ဂလိပ်စာ သင်မည်။ အဆိုလည်း လေ့ကျင့်မည်။ ကိုယ်အလေးချိန် လျှော့ချမည်။ ထို့အတွက် ၃ နှစ်နီးပါး အငတ်ပြန်ခံလိုက်သည်။ မနက်စာကို စိတ်ကြိုက်စားနိုင်နေပြီဖြစ်သော်လည်း လိမ္မော်သီးဖျော်ရည်တစ်ခွက်၊ သို့မဟုတ် ရေတစ်ခွက်လောက်နှင့် ပြီးလိုက်သည်။ မလိုင်ခပ်ထားသော နို့တစ်ခွက်ကလွဲ၍ တစ်နေ့လုံး ဘာမျှ မစား မသောက် နေလိုက်ရသည့်ရက်များလည်း တစ်ပုံကြီး။

တစ်ဘက်ကလည်း သရုပ်ဆောင်ပညာကို ကြေညက်အောင် လေ့ကျင့်သည်။ သူ အကြိတ်အနယ် အပြင်းအထန်ကြိုးစားခဲ့ရာမှ နေရာကောင်းတွေ ရလာသည်။

ရုပ်ရှင်ကားတစ်ကားမှာတော့ အပါချီလူရိုင်းမလေးအခန်းမှ လူရိုင်းအက ကပြခဲ့ရသည်။ မတော်တဆချော်လဲပြီး ခြေမျက်စိကွဲသွား၏။ ဒါပေမယ့် ရုပ်ရှင်ထဲ ဆက်မပါရမှာစိုး၍ ကြိတ်မှိတ်ဝေဒနာခံကာ ဆရာဝန်ကိုသာ ပလာစတာကပ်ခိုင်းပြီး ဆက်ကခဲ့သည်ဆို၏။

ဂျုန်းကရော့ဖို့က ပြောခဲ့သည်။

သူ ခုလို ရွှေဘုံစံဘဝရောက်ခဲ့ပုံနှင့် ပတ်သက်၍ သူ့ကိုယ်သူဘာတွေ ဘယ်လိုများ ဖြစ်ခဲ့ပါလိမ့်ဆိုပြီး အံ့သြမဆုံးအောင် ခံစားရပါသည်တဲ့။

တကယ်တော့လည်း အုတ်ကြားမြက်ပေါက်ဘဝဖြင့် ဆင်းဆင်းရဲရဲမွေးဖွားလာတဲ့ ဂျုန်းကရော့ဖို့။ ခုတော့ လက်ညှိုးညွှန်ရာ ရွှေဖြစ်၍ စိန်ဆိုစိန်, မြဆိုမြ။ လိုသလို တ၊ တ,သလောက်ရတဲ့ သန်းကြွယ်သူဌေးမကြီးဖြစ်လို့။

တစ်ချိန်က ဝတ်ရမဲ့ စားရမဲ့ အဖော်မဲ့ခဲ့လင့်ကစား ခုတော့ သွားလေရာမှာ အခြွေအရံတွေတစ်ပြုံကြီးနှင့် လိုတာဖြည့်မယ့်သူတွေ အဆင်သင့်လို့။

အလှအပကင်းပြီး အကျည်းတန်စွာ အိမ်တွင်းပုန်းလုပ်ခဲ့ရာမှ ခုတော့ ငွေရောင်ပိတ်ကားပေါ်မှာ အလှဘုရင်မများအနက်က အလှကေရီတစ်ပါး ဖြစ်ခဲ့ရလေတဲ့ ဂျုန်းကရောဖို့။

တစ်နည်းဆိုတော့ လူနေချုံကြား စိတ်နေဘုံဖျား။ စိုင်ကော်လို့ တိမ်ပေါ်ရောက်။

အကြံထူး, ဉာဏ်ထူး, ကံထူးတဲ့ ဂျုန်းကရော့ဖို့၊ သို့မဟုတ် ရွှေအိပ်မက်နှင့် ရွှေဘုံစံရတဲ့ ရွှေမင်းသမီးလေး။



# စိန် သို့မဟုတ် စိန်

ကလဲရင့်စ် ဒါရိုး

ကျောင်းသားဘဝ မြို့ငယ်လေးတစ်မြို့မှာ မတရား အရိုက်ခံခဲ့ရာမှ စိတ်နာပြီး အကျော်ဆုံး အတော်ဆုံး ရှေ့နေကြီးဖြစ်အောင် ကြိုးစားခဲ့သူ။

မရှိဆင်းရဲသား တရားခံတွေနှင့် နာမည်ကျော် ရာဇဝတ်ကောင်တွေရဲ့ အမှုမျိုးကိုမှ အာမခံနှင့် လိုက်တဲ့သူ။

မြင်းကကြိုး ၁ ပေါင်တန်ရလိုမှုကို အမှုလိုက်ခ ၁ ပေါင်နှင့် တရားရုံး ၇ ရုံးမှာ ၇ နှစ်တိတိ စရိတ်အိတ်စိုက်ပြီး အနိုင်ရခဲ့တဲ့သူ။

သစ္စာဘက်တော်သား၊ သတ္တိခဲ ကယ်တင်ရှင်။

လွန်ခဲ့သော ၇၅ နှစ်ခန့်က ဆရာမတစ်ယောက်က ကျောင်းသားလေးတစ်ဦး၏ နားထင်ကို လက်သီးနှင့်ထိုး၍ ဆုံးမခဲ့မိသည်။ ကျောင်းသားလေးက မျောက်ရှုံးအောင် ဆော့နေသောကြောင့် ဖြစ်၏။ ထိုစဉ်က ၅ နှစ်သားမျှသာရှိသော ချာတိတ်က မတရားသဖြင့် နှိပ်စက်ခံရသည်ဟု အမှတ်သည်းခြေကြီးစွာ စွဲမှတ်ခဲ့၏။

သို့နှင့်အမျှ တရားလွန်ရက်စက်မှုများနှင့် တစ်ဘက်သတ် အနိုင်ကျင့်မှုများကို စက်ဆုပ်ရွံရှာခဲ့သလို သူ့ဘဝတစ်လျှောက်လုံး မမှန်တာ မလုပ် မဟုတ်မခံ သတ္တိခဲဖိုက်တာတစ်ယောက်အဖြစ် ပုံသွင်းခဲ့တော့သည်။

ချာတိတ်၏အမည်က 'ကလဲရင့်စ်ဒါရိုး'အဖြစ် သူ့ခေတ် သူ့အခါက အမေရိကန်တစ်ဝှမ်းလုံး ထင်ရှားကျော်ကြားသူ ထိပ်တန်းရှေ့နေကြီး။

သူ့အကြောင်းနှင့် သူ့အမှုတွေက ဓာတ်ပုံတွေ ဝေဝေဆာဆာဖြင့် သတင်းစာအသီးသီးမှာ မျက်နှာဖုံးက ပါနေကျ။ သူသည် မကောင်းသူကယ် ကောင်းသူကယ် ဝါဒလက်ကိုင်ထား၍ တော်လှန်ရေးသမားစိတ်ဓာတ်ရှိသော တိုက်ပွဲဝင် ရှေ့နေတစ်ယောက်ဖြစ်သလို၊ အဖိနှိပ်ခံတို့၏ သူရဲကောင်းဘွဲ့ထူးလည်း ရခဲ့၏။

သူ ပထမဆုံးရှေ့နေလိုက်ခဲ့သော အမှုမှာ အိုဟိုင်းအိုးပြည်နယ် အက်ရှ်ဒါဂိုလာမြို့လေးက ရှေ့မီနောက်မီ လူကြီးများ၏ ပါးစပ်များတွင် တသသနှင့် ယနေ့တိုင် ပြောမဆုံးအောင် ဖြစ်နေရ၏။

တရားဆိုင်ပစ္စည်းက ငွေ ၁ ပေါင်မျှသာတန်၍ ပိုင်ရှင်တွေအတွက် အရေးမပါလှသော မြင်းကကြိုးအဟောင်းတစ်စုံသာ ဖြစ်၏။

အမှန်တရား ဖော်ထုတ်ရေးအတွက် သစ္စာသမားက ခေါင်းမော့ ဟစ်ကြွေးပြီး ဘင်္ဂလားကျားကြီးတစ်ကောင်နှင့် တုဖက်သတ်ပုတ်ဘိ သကဲ့သို့ အနိုင်မခံအရှုံးမပေး စိတ်ဓာတ်မွေး၍ ယှဉ်ပြိုင်ရင်ဆိုင်ခဲ့၏။

တိုက်ပွဲဝင်ရှေ့နေအဖြစ် အသပြာ ၁ ပေါင်မျှသာ ရခဲ့၏။ ဒါပေမယ့် ကုန်ကျစရိတ်တွေကို သူ့ဘာသာသူ အိတ်စိုက်၍ တရားရုံး ၇ ရုံးတွင် ၇ နှစ်တိုင်တိုင် သဲသဲမဲမဲ ခွဲလုံ့လနှင့် လိုက်ပါရင်ဆိုင်ခဲ့ပြီး အဆုံးစွန်သောလောကဋ္ဌ သူ အနိုင်ရလိုက်သည်။

ဒါရိုးက သူသည် ငွေအတွက်၊ သို့မဟုတ် ဂုဏ်သိက္ခာအတွက် ဒီအလုပ် လုပ်ခဲ့ခြင်း မဟုတ်ကြောင်း အမြဲပြောလေ့ရှိသည်။

သူ့အဖို့အမှန်တရားပေါ်ထွန်းရေးသာ အဓိကထား၏။ သာမန် အားဖြင့် သူသည် အဆိပ်မရှိသော ရေမြွေတစ်ကောင်သာဖြစ်၍ ရိုးရိုး အေးအေး မာန်ချနေတတ်၏။

သူက အညတရရွာကျောင်းလေးတွင် ပညာသင်ရင်းမှ ပညာ တတ် ရှေ့နေကြီးဖြစ်ခဲ့ရပုံကို မကြာခဏ ဖွင့်ပြောတတ်သည်။

သူ့ဘဝကံကြမ္မာကို ပြောင်းလဲဖြစ်ခဲ့သည့် ဖြစ်ရပ်ကလည်း အဆန်းသား။

သူ့တို့မြို့တွင် ပန်းပဲဆရာတစ်ယောက်ရှိ၍ မြင်းခွာရိုက်သည့် အလုပ်ပါးသည့်အခါမျိုး၌ ဥပဒေစာအုပ်တွေကို လေ့လာတတ်သူဖြစ်၏။ ကလေးရင့်စ်ဒါရိုးသည် ထိုပန်းပဲဆရာ၏ သံဖြူဆိုင်တွင် အမှုတစ်ခုနှင့် ပတ်သက်၍ ဥပဒေကြောင်းဖြင့် ငြင်းခုံနေကြသည်ကို ကြားလိုက်ရ၏။ အာဝဇ္ဇန်းရွှင်ရွှင် ဖြတ်ထိုးဉာဏ်ကောင်းကောင်းနှင့် ဇနပုဒ်သား ၂ ယောက် စကားစစ်ထိုးပွဲကို သူ အရမ်းအားကျသွား၏။ သူကိုယ်တိုင် လည်း နူတ်ရေးစကားတတ် ဖြစ်ချင်လာသည်။

ထို့ကြောင့်ပင် ပန်းပဲဆရာကြီး၏ ဥပဒေစာအုပ်များကို ငှား ရမ်းပြီး စတင် ဖတ်ရှုတော့သည်။ တစ်ခုသော တနင်္လာနေ့နံနက်မှာ

တော့ သူ့ကျောင်းသို့ ဥပဒေစာအုပ်တွေ ယူသွားမိ၏။ အခြားအတန်းသားများက ပထဝီနှင့် သင်္ချာတွေ ကျက်မှတ် တွက်ချက်နေကြစဉ် သူက ဧရာမ စာအုပ်အမည်းကြီးထဲက ရတနာတွေကို အငမ်းမရ ရှာနေမိလေ၏။

သူ ကြီးပြင်းလာတော့လည်း ရှေ့နေဘွဲ့ ရခဲ့ပြန်သည်။ သို့သော် မမျှော်လင့်သော ဖြစ်ရပ်တစ်ခုကသာ သူ့ကို တွန်းအားမပေးခဲ့လျှင် သူ့ဘဝမှာ တောရှေ့နေလေးဘဝက တက်ဦးမည်မဟုတ်ဟု သူ ဝန်ခံခဲ့၏။ ထိုဖြစ်ရပ်ကတော့

သူနှင့် သူ့ဇနီးတို့သည် အက်စတာဘူလာမြို့က သွားစိုက်ဆရာဝန်တစ်ယောက်ပိုင် အိမ်ငယ်ကလေးတစ်လုံးကိုဝယ်ဖို့ ဆုံးဖြတ်ခဲ့ကြသည်။ အိမ်တန်ဖိုးမှာ ပေါင် ၇၀၀။ ဒါရိုးက ပေါင် ၁၀၀ ကို ဘဏ်မှ ထုတ်ခဲ့သည်။ (စင်စစ်တော့ တစ်ကမ္ဘာလုံး သူ ပိုင်ဆိုင်သမျှ ငွေအကုန်ပါပဲ။) ပြီးတော့ ကျန်ငွေကို နှစ်စဉ် အရစ်ကျ စနစ်ဖြင့် ပေးချေဖို့ သဘောတူလိုက်ကြသည်။ အရောင်းအဝယ်စာချုပ် အပြီးသတ်၍ လက်မှတ်ထိုးကြမည်ဆိုခါမှ သွားဆရာဝန်၏ဇနီးက လက်မှတ်ထိုးဖို့ ငြင်းဆန်တော့သည်။

"ဒီမယ် ငါ့မောင်။ မင်းတစ်သက်လုံး ပေါင် ၇၀၀ ရအောင် ရှာနိုင်မယ်လို့ ငါမထင်ဘူး။ ဒါကြောင့် အရောင်းအဝယ် ဖျက်တယ်"

အထင်သေးစွာ မောက်မောက်မာမာပြောလိုက်သောစကားတွေက ဒါရိုးကို အသည်းခိုက်သွားစေ၏။ အိပ်ငိုက်နေသော ခြင်္သေ့ကြီးကို လှုပ်နှိုးလိုက်သည်နှင့် မခြား။ ဒေါသမီးတောက်ထဲက ဒါရိုး။

'ဒီလို အောက်တန်းကျသည့် ဇနပုဒ်မြို့ငယ်လေးမှာ နေမည့်အစား မြို့တက်ပြီး ကြီးပွားအောင်လုပ်မယ်'ဟု ရဲရဲကြီး ဆုံးဖြတ်ချက်ချလိုက်၏။

အက်စတာဘူလာ ဖုန်တောထဲမှ ချီကာဂိုမြို့တော်၏ နိုင်လွန်လမ်းများပေါ်သို့ ဦးတည်ခဲ့ပါသည်။

ချီကာဂိုရောက်စ ပထမနှစ်မှာ ၁ နှစ်လုံးမှ ဝင်ငွေ ပေါင် ၆၀ သာရခဲ့သည်။ အခန်းခ ပေးဖို့လည်း မလုံလောက်။ သို့ရာတွင် နောက် ၁ နှစ်မှာတော့ အမှု ၁၀ မှုရ၍ ပေါင် ၆၀၀ ဝင်ခဲ့၏။ တစ်ဆက်တည်း မှာပဲ မြို့တော်၏ အထူးအမှုလိုက်အရာရှိလည်း ဖြစ်လာ၏။

"အေးဗျာ။ ကံဇာတာ တက်လာပြီဆိုတော့လည်း တားမရ ဆီးမနိုင် ဒလဟောပါပဲ" ဒါရိုးက ကောက်ချက်ချခဲ့ပါသည်။

ချီကာဂိုမြို့၏ ရှေ့နေချုပ်ကြီးနှင့် အနောက်မြောက်ရထားကုမ္ပဏီ ၏ အာဏာကုန်လွှဲအပ်ခံရသည့် ဥပဒေအကြံပေး မဖြစ်မီ ဝင်ငွေတွေ သောက်သောက်လဲ ရခဲ့သည်။

ဒီနောက်တော့ ပေါက်ကွဲမှုကြီးတစ်ခု။ အလုပ်သမားထု အုံကြွ ပါဝင်တဲ့ သပိတ်တိုက်ပွဲကြီး။ နာကြည်းမုန်းတီးမှုနှင့် ရက်စက်မှု တွေကြား သွေးချောင်းစီးခဲ့ပါပြီ။

ဒါရိုး၏ သနားမေတ္တာက ဆန္ဒပြသူတွေဘက်မှ ရပ်တည်လိုက် သည်။ ရထားအလုပ်သမားခေါင်းဆောင် ယူဂျင်းဒက်ဘ်ကို ရုံးတင် တရားစွဲလိုက်သောအခါ ဒါရိုး သူ့ရာထူးက နုတ်ထွက်လိုက်သည်။ သူ့ကို လစာပေးထားသော ကုမ္ပဏီဘက်က ရှေ့နေလိုက်ရမည့်အစား ဆန္ဒပြသူများဘက်က ခုခံကာကွယ်ခဲ့သည်။ ဤသည်မှာ ဒါရိုးနှင့် တရားရုံးသမိုင်းကို မော်ကွန်းတစ်ရပ် ဖြစ်စေလောက်အောင် အကြိတ် အနယ် ပွဲကြီးပွဲကောင်း ဖြစ်သွားခဲ့၏။

နောက်တစ်မှု။ လူမမည်ကလေး စေဟော့ဘီဖရင့်ကို သတ်မှုမှ တရားခံဖြစ်ခဲ့ကြသော လီယိုပိုးနှင့် လော့ဘ်တို့၏ နာမည်ကျော်အမှု။ လူမဆန်သော ရက်စက်မှုကြီးတွင် တရားခံရှေ့နေအဖြစ် ကလဲရင့်စ် ဒါရိုး အမှုလိုက်မည်ဆိုသောအခါ လူထုတစ်ရပ်လုံး အုံးအုံးကျွက်ကျွက် ဖြစ်သွားကြသည်။ တုန်လှုပ်ချောက်ချားမှုနှင့်အတူ စိုးရိမ်ထိတ်လန့်မှု

များ ခံစားလိုက်ကြရ၏။ ဒါရီးက အမှုတွဲကို ပိုင်ပိုင်နိုင်နိုင်ကိုင်၍ လျှောက်လဲချက်ပေးသည်။

အဆိုးဆုံး ရာဇဝတ်ကောင်များဖြစ်နိုင်ကြောင်း ဖော်ထုတ်လျက် အပြစ်ရှိကြောင်းဝန်ခံထားသော သူ့တရားခံများ၏ သက်သာရာ သက်သာကြောင်းကို တောင်းဆိုခြင်းဖြစ်၏။ သူ ဘာကြောင့် ဒီလို လုပ်ရတာလဲဆိုသည်ကို ဒါရီးက ပြန်လည်ရှင်းပြ၏။

"ကျွန်တော် ဒီလိုပြဿနာတွေထဲ ဝင်ပါရတဲ့အကြောင်းက မုန်းတီးမှုလှိုင်းတံပိုးတွေနှင့် ရန်ငြိုးဖွဲ့ ကလဲ့စားချေမှုတွေကို ပပျောက်စေချင်လို့ပါပဲ။ ကျွန်တော့်အမှုသည်အားလုံး သေဒဏ်ပေးတာ တစ်ယောက်မျှ မခံခဲ့ရပါဘူး။ ကျွန်တော့်အနေနှင့် သေဒဏ်စီရင်တဲ့ ဓာတ်လမ်းတွေလည်း လုံးဝမကြားချင်တာ အမှန်ပါ။ ကြိုးမိန့်ပေးလိုက်ပြီဆိုတာနှင့် ဒီပြည်နယ်, ဒီဒေသမှာ မနေတော့ဘူးလို့ ကြံရွယ်ထားပါတယ်။ သတ်ဖြတ်မှုမှန်သမျှကို ကျွန်တော် ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချတယ်ဆိုတဲ့ သဘောပါပဲ"

သူ့မူဝါဒအရ လူ့အဖွဲ့အစည်းကြီး ရှိနေသမျှ ရာဇဝတ်မှုကင်းမည်မဟုတ်ကြောင်း၊ ဖောက်ပြန်သော လူမှုဝန်းကျင်က ရာဇဝတ်ကောင်တွေကို မွေးထုတ်ပေးကြောင်း၊ သို့အတွက် ကာလ ဒေသ ပယောဂအရ မည်သူမဆို ရာဇဝတ်မှု တစ်ခုမဟုတ်တစ်ခုနှင့် ငြိစွန်းနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သေး၏။

ဒါရီးကိုယ်တိုင် အမှုဆိုင်၍ တရားခံဘဝ ရောက်ခဲ့ရသည့် ဖြစ်ရပ်လည်း ကြုံဖူး၏။

တစ်ခါက တရားသူကြီးတစ်ယောက်အား လာဘ်ထိုးမှုဖြင့် သူ တရားစွဲခြင်း ခံရသည်။ ဒါပေမယ့် ထက်မြက်ထူးခြားသော အစွမ်းတန်ခိုးဖြင့် သူ့ကိုယ်သူ အလွတ်ရုန်းထွက်နိုင်ခဲ့၏။ သူ့အမှုတွင် သူ

လက်ကုန်အစွမ်းပြခဲ့ခြင်းက သူ၏ ဂုဏ်ထူးဝိသေသကို အမြင့်မားဆုံး လွှင့်ထူနိုင်ခဲ့သည် ဆိုရပါမည်။

တစ်ချိန်က သူ့အမှုသည်ဟောင်းတစ်ဦးက သူနှင့်တွေ့ပြီး ခုလို ပြောခဲ့ဖူးသည် ဆို၏။

"ခင်ဗျားသိစေချင်တယ် ဒါရိုး။ ကျွန်တော် သေမယ့်ဆဲဆဲ ဒုက္ခရောက်နေတဲ့အချိန်မှာ ကျွန်တော့်ကို ကြိုးစင်ပေါ်က ခင်ဗျားဆွဲချပြီး အသက်ကယ်ခဲ့တယ်လေ။ အခု ခင်ဗျား ဒုက္ခရောက်နေပြီဆိုတော့ ကျွန်တော် ပြန်ကယ်ရမယ့်အလှည့်ပဲ။ ဒီတော့ ခင်ဗျားကို ချောက်တွန်းတဲ့ အမိကသက်သေကို ဖျောက်ဖျက်ပေးရမယ်ဆိုရင်တောင် ဝမ်းသာအားရ ဖျောက်ဖျက်ပေးပါ့မယ်။ အဲဒီအတွက် ကျွန်တော့်ကို ခင်ဗျား တစ်ပြားမျှ ပေးစရာမလိုပါဘူး"

ပြီးခဲ့သည့် နှစ်အနည်းက ဒါရိုး စာအုပ်တစ်အုပ် ရေးခဲ့သည်။ သူ့ဘဝဇာတ်ကြောင်း ကိုယ်ရေးအတ္ထုပ္ပတ္တိပင် ဖြစ်၏။ ထိုစာအုပ်ထဲ၌ သူ့ဘဝအမြင်တွေကို ဒဿနဖွဲ့ဆို ရေးသားထားသည်။ စာရေးသူ ကောင်းကောင်း မှတ်သားထားမိခဲ့သည်။

"ကျွန်တော်ဟာ ကျွန်တော့်ကိုယ်ကျွန်တော် ဘယ်လောက် ကြီးမြတ်လို့, ဘယ်လောက် သိမ်ငယ်တယ်ဆိုတာနှင့် ပကတိဘဝရဲ့ အောင်မြင်ပြည့်စုံမှုတွေကို အတိအကျ အမှန်အကန် မတိုင်းတာတတ်ပါဘူး။

"ကျွန်တော့်ဘဝမှာ အမှားတွေလည်း ကျူးလွန်ကောင်း ကျူးလွန်မိခဲ့သလို၊ တစ်ကိုယ်ကောင်းဆန်ဆန် ချမ်းသာပျော်ရွှင်မှုကို ဖွတ်ဖန်တီးခဲ့တာလည်း ရှိချင်ရှိပါလိမ့်မယ်"

"လူဆိုတာ သူ့နည်းသူ့ဟန်နှင့် ဘဝခရီးကို ဖြတ်သန်းနေကြရပေမယ့် ဘဝပန်းတိုင်ကို အဓိပ္ပာယ်ရှိတဲ့ လမ်းညွှန်ချက်နှင့် အရောက်သွားဖို့ မမေ့သင့်ပါဘူး"

"ကျွန်တော်တော့ ကျွန်တော့်ကိုယ် ကျွန်တော် 'အိုပြီ'လို့ ဘယ်တော့မှ မထင်ပါဘူး။ ဘဝခရီး ဘယ်တော့မှဆုံးဆုံး, သံသရာ ဘယ်လောက်ပဲရှည်ရှည် မလျှော့တမ်းဇွဲနှင့် ဆက်လျှောက်နေမယ့် လူစားပါ"

"အခုတော့ ဘဝခရီးသည်အတွက် အချိန်ရောနေရာပါ အတော်လေး နှံ့စပ်ပြည့်စုံသွားပြီ ဆိုရမလောက်ပင်။ ဘဝရဲ့ ခရီးအဆုံးဟာလည်း နီးသထက် နီးကပ်နေပါပြီ။ သံသရာခရီးက မဆုံးတမ်း ရှည်နေဦးမှာနှင့်အမျှ ခရီးသည်တစ်ယောက်ရဲ့ ပင်ပန်းနွမ်းနယ်နေတဲ့ ခြေရာတွေကတော့ ရှေ့ဆက် ထင်စရာ သိပ်ကျွန်တော့မှာ မဟုတ် တော့ပါဘူးဗျာ"



# သတ္တဝါခဲ့ သားရဲဘုရင်

ကလိုက်ဘီတီ

ခြင်္သေ့ပါးစပ်ထဲ ခေါင်းကို မျက်နှာဖုံးမပါဘဲ ခေါင်းလျှိုသွင်းပြသူ။

အသက်အာမခံကုမ္ပဏီတွေက "ခင်ဗျားကိုတော့ လက်မခံပါရစေနှင့်"ဟု ငြင်းဆန်ခံရတဲ့ ဆပ်ကပ်ဝိဇ္ဇာ။

သေမင်းတွေနှင့်ကစားရမှ ပျော်ပြီး၊ စက်ရုံအလုပ်သမား လုပ်ရရင်တော့ သေမှာပဲ ဆိုတဲ့ လူထူးလူဆန်း ကမ္ဘာရှား။

သူသည် ကျားလက်သည်းနှင့် အပုတ်ခံရပြီး၊ ကျားအကိုက်ပင် ခံခဲ့ရသည်။ သူ့ခြေထောက်ကို အရိုးထိအောင် ခြင်္သေ့စွယ်တွေ စိုက်ဝင် နစ်မြုပ်ခံရဖူးသည်။ ဆင်တွေ၏နှာမောင်းနှင့် အရိုက်ခံရပြီး၊ ခြေနှင့် နင်းသတ်ဖို့ အကြံခံရသေးသည်။ ဝက်ဝံတွေက သူ့ကိုခုန်အုပ်ပြီး တစ်စစီဖြဲပစ်ဖို့ ကြိုးစားကြသည်။ ကျားသစ်နက်တစ်ကောင် အကုတ် ခံရသည့်အပြင် ခွေးတစ်အုပ် ဝိုင်းအကိုက်ခံခဲ့ရပြန်သည်။ ဤသို့ဖြင့် သွေးရဲရဲသံရဲရဲ ဒဏ်ရာရနေသောသူ့ကို ဆေးရုံသို့ ၂၁ ကြိမ်တိုင်တိုင် သယ်ပြေးရှင်ပြေး ပို့ခဲ့ရသည်။

နောက်ဆုံးအကြိမ်မှာ 'နီရို'လို့ အမည်ပေးထားသော အကောင် အကြီးဆုံးခြင်္သေ့ကြီးက အသေဝါးဖို့ကြိုးစားခဲ့ရာမှ သူက ခုခံသတ် ဖြတ်လိုက်ရသလို၊ ဆေးရုံတွင် ၂ လခွဲ တက်ကုရပြီး ခြေတစ်ဖက် ဆုံးရှုံးလုနီးပါး ဖြစ်ခဲ့၏။

ရှာမှရှားတဲ့ ဖိုးသက်ပြင်းကတော့ 'ကလိုက်ဘီတီ'ပါတဲ့။

ဟုတ်ကဲ့။ ကမ္ဘာပေါ်တွင် ကြောက်စရာအကောင်းဆုံး မရဏ အန္တရာယ်တွေနှင့် ကစားပြခဲ့တဲ့ ဆပ်ကပ်ဝိဇ္ဇာကြီးပါ။

သူသည် သေမင်းမာန်စွယ်များကြားကို တစ်ခါမက နေ့စဉ် ၂ ကြိမ်မျှ ခေါင်းလျှိုသွင်းပြီး တမလွန်တိုင်းပြည်ကို ချောင်းကြည့်နေ ခဲ့သည်။

အသက်အာမခံကုမ္ပဏီများက သူ့ကို ကြမ်းကြုတ်ရိုင်းစိုင်းသော သားရဲတွေရဲ့အစာ အချိန်မရွေး ဖြစ်သွားနိုင်ကြောင်း နားလည်သည်။ ဒါကြောင့်လည်း သူ့အသက်နှင့် လောင်းကြေးစားကြေးလုပ်ရန် ငြင်း ပယ်ခဲ့ကြ၏။ သူသည် ကမ္ဘာ့ဆပ်ကပ်လောကတွင် အသက်အာမခံ

စာချုပ် လုပ်ခွင့်မရသော တစ်ဦးတည်းသော ဆပ်ကပ်သမား ဖြစ်ပါလေသတည်း။

ကျွန်တော့်ကို သူ ပြောဖူးသည်။

တစ်ခါတစ်ခါ ခြသေ့်တွေ ကျားတွေကြားမှာ အသက်စွန့်ပြီး ကစားနေရတဲ့ အလုပ်က အနားယူလိုက်ဖို့ ကြံမိပါတယ်တဲ့။

ဒါပေမယ့် စက်ရုံတစ်ခုမှာ အချိန်ကိုက် အလုပ်သမားပဲဖြစ်ဖြစ်, အလားတူ တခြားအလုပ်မျိုးပဲဖြစ်ဖြစ်၊ ဝင်လုပ်လိုက်တာနှင့် သူ သေရပါလိမ့်မယ်တဲ့။

တကယ်လို့ သေမယ်ဆိုရင်လည်း "သေမင်းကို လည်စင်းအရှုံးပေးရတဲ့အသေမျိုးထက် သေမင်းကိုရင်ဆိုင်စိန်ခေါ်ပြီး သေတဲ့ ရဲရင့်သူတို့ရဲ့သေခြင်းမျိုးနှင့်သာ သေချင်ပါတယ်ဗျာ"တဲ့။

ကလိုက်ဘီတီသည် ရင်ခုန်သံတွေဒိန်းဒိန်းဆူလျက် မျက်တောင်မခတ် ပင့်သက်မရှူရဲအောင်ညှို့ထားနိုင်သော သူ့ဘဝ၏ ထက်ဝက်မကကို ဧရာမရွက်ဖျင်ရုံကြီးအောက်မှာ မြှုပ်နှံထားခဲ့၏။

အိုဟိုအိုပြည်နယ် ချီလီကိုသ် မြို့လေးမှာ ကလေးဘဝကတည်းက ဆပ်ကပ်ရူး ရူးနေသူဖြစ်ခဲ့ပါ၏။ ဘာနမ်နှင့် ဘေလီဆပ်ကပ်အဖွဲ့ကြီး ရောက်လာသောနေ့မှာ ဘီတီအဖို့ အပျော်ဆုံးနေ့ ဖြစ်ခဲ့ပါ၏။

ပင်မင်းဆိုင်ရှင်တစ်ဦးက ဆပ်ကပ်ကြော်ငြာပိုစတာကြီးကို ပြတင်းပေါက်၌ ကပ်လိုက်၏။ ပိုစတာကြီးက ရောင်စုံရိုက်နှိပ်ထားသည်။ သူရဲကောင်း ခြသေ့်ဆရာက မာန်ဖီဟိန်းဟောက်နေသော အာဖရိက ခြသေ့်ကြီးများကို ကြာပွတ်စွမ်းပြနေသည့် ဓာတ်ပုံကြီးပင်ဖြစ်ပါ၏။ ဘီတီကလေးက ဆိုင်ထဲသို့ပြေးဝင်ကာ ပင်မင်းဆိုင်ရှင်အား ဆပ်ကပ်အဖွဲ့ပြန်သွားလျှင် သူ့ကို ပိုစတာကြီး ပေးပါလို့ တောင်းမိသည်။ ပင်မင်းဆိုင်ရှင်က

"အေး။ ငါ့ကို တစ်ပတ်စာ လုပ်အားပေးမယ်ဆိုရင် မင်းကို ဒီပိုစတာကြီး ပေးမယ်"ဟု ပြော၏။ ဘီတီလေးက ဝမ်းသာအားရ ခေါင်းညိတ်မိ၏။

၁၂ နှစ်အရွယ်မျှရှိသေးသော ဘီတီလေးမှာ ရန်လို၍ မာန်ဖီ ဟိန်းတတ်သော ကိုယ်ပိုင်အရိုင်းကောင်လေးတွေ ရှိသည်။ သို့မဟုတ် သူ့မှာရှိသည်ဟု ယူဆသည်။

သူ့တပည့် ခွေး ၅ ကောင်မှာ ထိုင်ဆို ထိုင်, ပြေးဆိုပြေး, လက် ၂ ဘက်မြှောက် ရှိခိုးဆို ရှိခိုး ကျွမ်းထိုးခိုင်းလို့လည်း ရသည်။ နောက် ခြေ ၂ ချောင်းတည်းဖြင့်လည်း လမ်းလျှောက်တတ်အောင် သင်ထားသည်။ သည့်နောက် သူက ဆပ်ကပ်ပိုစတာကြီးကို အိမ်နောက်ဘက်မှာကပ်လျက် ကစားဖော်ကလေးများအား သားရဲကိုင်ဆရာကြီးလုပ်၍ ဆပ်ကပ်ပြတမ်း ကစားလေ့ရှိ၏။

နှစ်တိုင်းလိုလိုပင် ဆပ်ကပ်အဖွဲ့တွေ သူတို့မြို့လေးသို့ ရောက်လာကြ၏။ ရောက်လာတိုင်း သူကလည်း အလုပ်သွားတောင်းနေကျဖြစ်၏။ သူက အသက်ငယ်လွန်းသဖြင့် အလုပ်မပေးကြ။

ထိုမှ နောက်တစ်နေ့။ ရောမ ဆပ်ကပ်ယာဉ်တန်းကြီးနှင့် ဆပ်ကပ်အဖွဲ့ကြီးတစ်ဖွဲ့ ရောက်လာပြန်သည်။ ကလိုက်ဘီတီက ဆပ်ကပ်ဝင်းအတွင်းက ပြန်တယ်လို့မရှိတော့။ ဆပ်ကပ်အဖွဲ့လည်းပြန်၊ သူလည်းပျောက်။

၃ ရက်လုံးလုံး သူ့မိဘတွေက အသည်းအသန် လိုက်ရှာကြသည်။ သူ့မိခင်ကြီးခမျာ ညပေါင်းများစွာ ငိုကြွေးပြီးမှ လှောင်အိမ်တွေ သန့်ရှင်းရေး အလုပ်ရ၍ ဆပ်ကပ်အဖွဲ့နောက် လိုက်သွားပြီဖြစ်ကြောင်း စာလေးတစ်စောင် ရတော့၏။

ထိုအချိန်က ဘီတီအသက် ၁၅ နှစ်သာရှိသေး၍ လုပ်ခငွေမှာ ၁ လမှ ၁ ပေါင်သာရ၏။ ဒါပေမယ့် သူ့အတွက်

နိုလှုံခွင့်ရတဲ့အခွင့်အရေးက တန်ဖိုးမဖြတ်နိုင်ခဲ့။ ၁၀ နှစ်အတွင်းမှာ အိုဟိုင်းအိုပြည်နယ် ချီလီကိုသ်မှ တောသား ချာတိတ်လေးက ဆပ်ကပ်ထဲမှ ခြင်္သေ့ဆရာများထဲတွင် ၂ ယောက်မရှိအောင် အစွမ်းပြနိုင်သူအဖြစ် စံချိန်တင် သမိုင်းတွင်ခဲ့ပါပြီ။

သူ့ပြကွက်တိုင်းမှာ သူများမလုပ်ရဲတာကို ဝံ့ဝံ့စားစားလုပ်ခဲ့၍ တချို့ဆိုလျှင် မိုက်ရူးရဲဆန်လွန်းလှသဖြင့် ဘဝတူဆပ်ကပ်သမားများကိုယ်တိုင်က ဘုရား တ,နေရပါသည်။ တချို့ကလည်း သူလုပ်ပြတာကို ကြည့်ပြီး

"ဒီငနဲတော့ ရူးနေပြီ။ အသက်ကို နည်းနည်းလေးမျှ တန်ဖိုးမထားတဲ့ကောင်"စသည်ဖြင့် အမနာပ ဝေဖန်ကြ၏။ သူကလည်း ပြောလည်းပြောစရာ။

မာန်ထနေသော ခြင်္သေ့နှင့် ကျားကောင်ရေ ၄၀ ကို လှောင်အိမ်ကြီးတစ်ခုထဲ တစ်ချိန်တည်း သွင်းပြဖူးသည်။ ကြာပွတ်သံတရွှမ်းရွှမ်းဖြင့် ခိုင်းသမျှ သူ့အမိန့်ကို နာခံစေခဲ့ သည်။

အကောင် ၄၀ တိတိရှိသော ခြင်္သေ့နှင့် ကျားတွေ ဒေါသအမျက်ချောင်းချောင်းထွက်၍ တစ်ကောင်နှင့်တစ်ကောင် ရန်ထောင်နေကြပုံမှာ ကြည့်ရသူတွေ ရင်တဖိုဖို အသည်းတယားယား ကျောချမ်းကြက်သီးထစရာ။

"ခြင်္သေ့နှင့် ကျားဆိုတာ ကမ္ဘာ့ရန်။ မြင်လိုက်တာနှင့် ပြေးလိုက်ကြတာမျိုး။ ဒါကို တစ်ခုတည်းရောပစ်လိုက်တယ်ဆိုတော့ ဆပ်ကပ်အဖွဲ့ဝင်တွေကိုယ်တိုင် ရင်တမမနှင့် ဖျားကုန်ခဲ့ရပါပြီ။

ဒေါသမုန်တိုင်းထလျက် ဝုန်းဒိုင်းကြဲနေသော အရိုင်းမိစ္ဆာကောင်တွေကြားက ကလိုက်ဘီတီအတွက် စိုးရိမ်လွန်ရခြင်းလည်း ပါဝင်ခဲ့သည်။

အဲ–ဘီတီကိုယ်တိုင်ကတော့ ခပ်ပျော်ပျော်ခပ်ပြုံးပြုံးလေးဖြင့် ထူးထူးဆန်းဆန်း စကားတစ်ခွန်းတောင် ပြောလိုက်ပါသေးရဲ့။

"ခြင်္သေ့နှင့် ကျားတွေဟာ ထိန်းရအခက်ဆုံး အန္တရာယ်ကောင်တွေ မဟုတ်ပါဘူးဗျာ"တဲ့။

ဘီတီသည် ခြင်္သေ့တွေ, ကျားတွေသာမက၊ ကျားသစ်တွေ, ဝက်ဝံတွေ, ခွေးအတွေပါမကျန် ဆင်ကြီးတွေအဆုံး သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပါသည်။ သူ့အတွေ့အကြုံအရ သတ္တဝါအားလုံးအနက် ကြောက်စရာအကောင်းဆုံး အန္တရာယ်ကောင်မှာ ပိုလာဝက်ဝံတွေသာ ဖြစ်ပါသတဲ့။

ထို့အပြင် သူ့အတွက် အခက်ခဲဆုံးပြကွက်ကတော့ ကျားတစ်ကောင်ကို ဆင်ကြီးကျောပေါ် တက်စီးခိုင်းတာပဲ ဟု ဆိုပါသည်။ သည်လိုအဖြေကောင်းခဲ့လို့ သေဘေးကြုံခဲ့ရဖူးသည်။

တစ်နေ့ ဆင်ကြီးကို ဧရာမကျားလှောင်ချိုင့်ကြီးထဲအသွင်း မသတိစရာ ကျားနံ့ရလိုက်သော ဆင်ကြီးက သူ့ကိုအာခံ၍ နင်းသတ်ဖို့ ကြိုးစားခြင်းပင်ဖြစ်၏။ သူ အရှောင်ကောင်းလို့သာ ဇီဝိန်မကြွေခဲ့ရခြင်းပါပေ။

သားရဲထိန်းဆရာများသည် အရိုင်းကောင်များ၏မျက်လုံးတွေကို စိုက်ကြည့်ခြင်းဖြင့် လိုသလိုခိုင်းစေနိုင်သည်ဆိုသောစကား ကြားဖူးကြမည် ထင်ပါသည်။

ကလိုက်ဘီတီကတော့ "အဲဒီစကားဟာ လုံးဝ အဓိပ္ပာယ်မရှိဘူးဗျာ"လို့ ကျွန်တော့်ကို ပြောပါသည်။

ခြင်္သေ့ဆိုတဲ့ သတ္တဝါတွေဟာ သူတို့မျက်လုံးကို စိုက်ကြည့်လာသူမှန်လျှင် မယ်စကြာဝဠာလေးပဲဖြစ်စေ၊ ၂ ချက်မဟိန်းဘဲ ခုန်အုပ်ပစ်လိုက်မှာ သေချာသည်ဆိုပဲ။

သူ ခြင်္သေ့မျက်လုံးတွေကို မပြတ်ကြည့်နေရတာကတော့ သူတို့

ဘာလုပ်မလဲ၊ ရှေ့ဆက် ဘာတွေကြုံနေသလဲ သိအောင် အလစ်မပေးဘဲ အကဲခတ်နေရတဲ့သဘောပါလို့ ဖွင့်ဟ၏။

ထို့အတူ ဘယ်ဆပ်ကပ်ဆရာမျှ ခြင်္သေ့ပါးစပ်ထဲ ဒီအတိုင်း ခေါင်းလျှိုပြရဲခြင်း မရှိပါ ဟုဆို၏။ သူ့အပြောက

"ကျွန်တော် ခပ်ရမ်းရမ်းဆပ်ကပ်ဆရာတွေနှင့် တွေ့ဖူးပါတယ်။ ဒါပေမယ့် ခြင်္သေ့ပါးစပ်ထဲ တကယ်ခေါင်းသွင်းရဲအောင် မိုက်မဲတဲ့ လူကတော့ ရှားမှရှားပဲ"

အကြောင်းမှာ ခြင်္သေ့အာခံတွင်းအနံ့ဆိုးတွေက ပုပ်ဟောင်လွန်း လှသဖြင့် လည်းကောင်း၊ ဘေးဆီးရန်ကာအနေဖြင့် လည်းကောင်း၊ သူတို့နှင့် ဘယ်လောက်ပဲ အကျွမ်းဝင်ပါစေ၊ ဓာတ်ငွေ့ကာခေါင်းစွပ် ဆောင်းခဲ့ကြသည်ဟု ဆိုပါသည်။

နောက်၊ ခေတ်စားနေသည့် အပြောတစ်ရပ်ကလည်း 'ဆပ်ကပ် ဆရာများသည် ဒေါသထွက်နေသည့် ခြင်္သေ့များကို ထိန်းသိမ်းရာ၌ မီးထွက်သည့်ကြာပွတ်များ, တုတ်များကို သုံးသည်'ဟူ၍ ဖြစ်ပါ၏။ ဒါကိုလည်း ဘီတီက လက်မခံပါချေ။

ဘီတီက "ခင်ဗျား ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံချင်တယ် ဆိုရင်တော့ အဲသလို မီးထွက်တဲ့ကြာပွတ်တို့, မီးတုတ်တို့ကိုင်ပြီး ကျားတွေ, ခြင်္သေ့တွေ လှောင်အိမ်ထဲ ဝင်သွားပေတော့"ဟု ပြောခဲ့၏။

ဘီတီ၏ လက်စွဲကိရိယာတွေကတော့ အန္တရာယ်မပေးနိုင်သော ထမင်းစားခန်းသုံး ကုလားထိုင်တစ်လုံး, ရိုးရိုးကြာပွတ် တစ်ချောင်း, ဗလာကျည်ဆံတွေ ထည့်ထားသော ၆ လုံးပြူးတစ်လက်သာ။

တကယ်လို့ လက်နက်တစ်စုံတစ်ရာနှင့် လိုသလိုစေခိုင်းနိုင်တယ် ဆိုရင်လည်း အဲ့ဒီလူကို 'ခြင်္သေ့များကို ယဉ်ပါးစေသူ'လို့ပဲ ခေါ်နိုင်မည် ဖြစ်ကြောင်း။ သူကတော့ ခြင်္သေ့ကို ယဉ်အောင်လုပ်သူ မဟုတ်ဘဲ ခြင်္သေ့သင်တန်းဆရာဖြစ်ကြောင်း။

သူ့ခြင်္သေ့များသည် မလိမ္မာသလို၊ ကျားတွေကိုလည်း သူ့ကျားတွေရယ်လို့ ပိုင်ပိုင်နိုင်နိုင် မပြောသာကြောင်း။ အကြောင်းမူ သူတို့ဒေါသဖြစ်၍ အရိုင်းစိတ်ဝင်ပြီဆိုလျှင် အာရှ သို့မဟုတ် အာဖရိကတောနက်တွင်းက သားရဲတိရစ္ဆာန်များနှင့်မခြား ရက်စက်ကြမ်းကြုတ်ပြီး အန္တရာယ်ပေးဖို့ အသင့်ရှိကြောင်းများ ထုတ်ဖော်အသိပေးပါ၏။

ကလိုက်ဘီတီက တောရိုင်းတိရစ္ဆာန်တွေကို တကယ်တမ်းယဉ်ပါးလိမ္မာအောင် သင်ဖို့မလွယ်ကြောင်း ပြောပါသည်။ သူ အထူးကြိုးစားကြည့်သေးသည်။

သို့သော် မွေးရာပါဗီဇသဘာဝကို ဘယ်လိုမျှ ပြုပြင်၍မရသလို ကြမ်းကြုတ်ရိုင်းစိုင်းခြင်းကိုသာ ခံမင်နှစ်သက်စွာဖြင့် တစ်ချိန်ချိန်တွင် ဖောက်ပြန် ဇာတိပြလေ့ရှိကြောင်း၊ လိမ္မာအောင် သင်ထားပါသည်ဆိုသော တိရစ္ဆာန်ရိုင်းများသည် ပျက်စီးသွားသော ကလေးငယ်များနှင့်တူကြောင်း၊ သူတို့အလိုမကျ၍ ဆန့်ကျင်ဘက်မပြုမချင်းသာ စိတ်ကောင်းဝင်ပြီး ချစ်ရာကောင်းနေခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အပေါ်ယံကြောနှင့် အတိုင်းအတာတစ်ခုအထိသာ လိမ္မာသည် ဟုဆိုရမည်ဖြစ်ကြောင်းများကို ထောက်ပြခဲ့ပါသည်။

သူ့ကို လူတိုင်းက စိတ်ဝင်တစားဖြင့် မကြာခဏ မေးခွန်းထုတ်ဖူးကြပါသည်။

ခြင်္သေ့ဟာ ကျားကို လျက်တတ်သလား။

ကျားရော ခြင်္သေ့ကို လျက်သတဲ့လား။

အရိုးသားဆုံး •သူ့အဖြေကတော့ "ဒါတော့ မသိပါ"ဟူ၏။

သူ သိသမျှတော့ ခြင်္သေ့နှင့် ကျား အတူရောထားလျှင် ခြင်္သေ့တွေက အုပ်စုလိုက်ရန်မူတတ်၍၊ ကျားတွေကတော့ တစ်ကောင်ချင်းတိုက်ခိုက်ရဲတာ တွေ့ရပါသည်တဲ့။

ခြင်္သေ့တစ်ကောင်က စပြီး တိုက်ခိုက်တော့မည်ဆိုပါက တခြား

ခြသေ့်တွေက ဝိုင်းပြီးကူညီကြကြောင်း၊ အထူးသဖြင့် တစ်သားတည်း ပေါက် ညီရင်းအစ်ကိုများဆို ပိုသွေးစည်းကြောင်းလည်း ပြောပြ၏။

ကျားတွေကတော့ အမျိုးချစ်ရ ကောင်းမှန်း မသိ။ ကျားတစ်ကောင် ရှေ့မှာအသတ်ခံရသည့်တိုင်အောင် တခြားကျားက မမှုတဲ့အပြင် ဆောင့်ကြောင့်ထိုင်ပြီး သမ်းတောင် သမ်းနေလိုက်ဦးမည်တဲ့။

ကလိုက်ဘီတီ၏ ပျော်စရာ,မြူးစရာ အကောင်းဆုံးတင်ဆက်မှုကတော့ ဝက်ဝံကြီးကို တစ်ပတ်ကျွမ်း ထိုးခိုင်းခြင်းပင် ဖြစ်၏။ ကျွမ်းထိုးခြင်းမှာ ကမ္ဘာပေါ်တွင် ဝက်ဝံများလုပ်နိုင်သော တစ်ခုတည်းသော အစွမ်းပြကွက်ပင် ဖြစ်ပါသည်။ သည်လို ကျွမ်းထိုးတတ်ကြောင်းကိုလည်း ဘီတီ အမှတ်မထင် မမျှော်လင့်ဘဲ တွေ့ရှိခဲ့ရတာပါ ဆို၏။

တစ်နေ့ ဘီတီ လှောင်အိမ်ထဲ ဝင်နေစဉ် ဝက်ဝံကြီးက သူ့ကို ကုပ်ဖွဲ့သတ်ဖြတ်ရန် ပြေးကပ်လာ၏။ သွားကြီး အဖြဲသား၊ လက်သည်းတွေ ထုတ်လို့။ မျက်ဝန်းထဲမှာ ရန်လိုမုန်းတီးမှုတွေအပြည့်။ ဝက်ဝံကြီးရဲ့ လှုပ်ရှားမှုကလည်း မြန်လှပါဘိ။


မြန်သလောက် ကြောက်စရာကောင်း၍ မရမနေ အသေသတ်မည့်ပုံမို့ ဘီတီလည်း သူ့အသက် သူကာကွယ်ဖို့ လုပ်မိလုပ်ရာ လုပ်လိုက်မိသည်။

ဘီတီ ဖျပ်ခနဲခုန်ရှောင်ရင်းက ဝက်ဝံကြီး၏နှာနုကို ဖြတ်ရိုက်ထည့်လိုက်သည်။ တကယ်တော့ ဝက်ဝံတစ်ကောင်၏ နှာခေါင်းကို တုတ်နှင့်ရိုက်သည့်တိုင် သိပ် နာမည်မဟုတ်ပါ။ သို့ဖြင့် ဘီတီ၏ လက်သီးချက် ထိလိုက်သည်နှင့် တစ်ပြိုင်နက် ဝက်ဝံကြီးက ဇွေ့ခနဲ နောက်ကျွမ်းပစ်လိုက်ခြင်း ဖြစ်တော့၏။

ဤသည်ပင် ဘီတီအတွက် အကြံကောင်းရစေခဲ့ပါသည်။ ဝက်ဝံကြီး ကျွမ်းပစ်အောင် နှာခေါင်းကို ကြာပွတ်နှင့် ခပ်သာသာလေး ရိုက်ပေးလိုက်ခြင်းဖြင့် ပြကွက်ဆန်းတစ်ခု တီထွင်နိုင်ခဲ့ပါလေသည်။

ကလိုက်ဘီတီသည် တောနက်ပိုင်းနှင့် ကန္တာရလွင်ပြင် ၂ မျိုးတွင် ကျက်စားသည့် တိရစ္ဆာန်ရိုင်းများ၏ သဘာဝနှင့်အထာကိုသိသည် ဆိုရပါမည်။ တခြား တစ်ပါးသူတွေသိတာထက် သူက ပိုပြီး ထဲထဲဝင်ဝင် နားလည်ခဲ့ပါသည်။

တစ်ခုတော့ ရှိသည်။ သူ့အချစ်ဆုံး တိရစ္ဆာန်ကတော့ ခွေးကလေးတွေပါပဲတဲ့။



## ၁၀ ။ ကရုဏာနှင့် မေတ္တာညီနောင်

### မေယိုညီအစ်ကို

လေပြင်းမုန်တိုင်းကျ၍ တစ်မြို့လုံးပျက်စီးခဲ့ရခြင်းက ကမ္ဘာကြီးအား စိတ္တဇရောဂါဘေးမှ ကယ်တင်ခဲ့သည့် ဖြစ်ရပ်ဆန်း။

ဆရာဝန်ခေါ်ရလောက်အောင် ငွေအသပြာမမက် စေတနာသက်သက်ဖြင့် ကုပေးသော ဆရာဝန်ပီသသည့် ဆရာဝန်ညီအစ်ကို။

လယ်ကွက်ရောင်း ပေးဆပ်လိုက်သည့်ဆေးဖိုးကို ပြန်ပေးရုံမက ကုန်ခဲ့သမျှ ဆေးကုသစရိတ်တွေအားလုံး ထပ်လှူခဲ့သည့် ရှားလူများ။

ဆေးပညာသမိုင်း၏ အံ့ဩစရာအကောင်းဆုံး ရှာဖွေတွေ့ရှိမှု တစ်ရပ်မှာ လွန်ခဲ့သော အနှစ် ၅၀ က မင်နီဆိုတာ ပြည်နယ်မြို့လေး တစ်မြို့ကို 'တိုနာဒို' မုန်တိုင်းကြီးသာမတိုက်ခဲ့လျှင် ဖြစ်ထွန်းလာမည် မဟုတ်ပါ။

တိုနာဒိုမုန်တိုင်း ဖျက်ဆီးခဲ့သည့်မြို့လေးမှာ ရှိချက်စတာ ဟု အမည်တွင်၍၊ ယခုအခါ ခွဲစိတ်ကုပါရဂူကြီးများဖြစ်သော မေယိုညီနောင် နေထိုင်ရာ စံအိမ်ကြီးရှိနေခြင်းကြောင့် ကမ္ဘာကျော်နေပါချေပြီ။

သည့်မတိုင်မီက ဖခင်ကြီး ဒေါက်တာ စီ၊ အိပ်ချ် မေယို ကိုယ်တိုင်က သွက်ချာပါဒရောဂါပျောက်ဆေးကို စမ်းသပ်ဖော်နေခဲ့ ပါ၏။ ထိုဆေးကို အားနည်းသူများနှင့် သွေးလေချောက်ချား စိတ် ဂယောက်ဂယက် ဖြစ်နေသူများကို ထိုးပေးလိုက်ပါက သွေးလှည့်ပတ်မှု ပြောင်းလဲသွားကာ လူကောင်းပကတိ ဖြစ်သွားစေရမည်ပေါ့။ ဒီ ရှာဖွေ တွေ့ရှိမှုက လူ့လောကကြီးကို ဘယ်လို အကျိုးပြုခဲ့ပါသလဲ။

အချက်တချို့ တင်ပြပါမည်။ စာဖတ်သူ ပုံဖော်ကြည့်ပါ။

အမေရိကရှိ ဆေးရုံကြီးများတွင် စိတ်ရောဂါသည်တွေက တခြား ရောဂါသည်တွေထက် ပိုများနေပါသည်။ ဒါကို ကျောင်းသား ၁၆ ယောက်တွင် ၁ ယောက်နှုန်းဖြင့် စိတ်ရောဂါကုဆေးရုံတွင် တက် နေရသည်ကို ထောက်ချင့်၍ သိနိုင်၏။

လူ ၂၀ တွင် ၁ ယောက်ဆိုသလို စိတ်ပိုင်းဆိုင်ရာ ဝေဒနာ တစ်မျိုးမျိုးကို ၇ နှစ်စာမျှ ခံစားဖူးကြသည်ဟုလည်း စာရင်းဇယား တွေက ပြခဲ့သည်။ လွန်ခဲ့သော ၁၀ စုနှစ်အတွင်း စိတ်ရောဂါဖြစ်ပွား မှုက ၂ ဆတိုးခဲ့သည် ဆိုကြပြန်သေး၏။

တကယ်လို့သာ ထိုအချိန်ကို ကျဆင်းအောင် မဟန့်တားနိုင်လျှင် နောက်ရာစုဦး တစ်ပြည်လုံးရှိ လူဦးရေထက်ဝက်မှာ စိတ်ရောဂါဆေးရုံကြီးတွေပေါ် ရောက်နေရပြီဖြစ်သလို ကျန်လူတစ်ဝက်က သူတို့ကြောင့် စရိတ်ထောင်း၍ ဒုက္ခဘေးထပ်ကြုံရဖို့ သေချာ၏။

သည့်အတွက် အံ့မခန်းဆန်းကြယ်သော ရောဂါပျောက်ဆေး၊ ဝါ၊ နတ်ရေစင်ကို ဖော်ထုတ်စစ်ဆေးပေးခဲ့ရုံမက ကမ္ဘာ့အတော်ဆုံးခွဲစိတ်ပါရဂူများ၏ ထိပ်ခေါင်တင်ဖြစ်ခဲ့သော မေယိုညီနောင်၏ကျေးဇူးမှာ ကြီးမားများပြားလှသည်ဟုဆိုက ပိုမည်မထင်ပါ။

လန်ဒန်, ပဲရစ်, ဘာလင်, ရောမ, ကိတ်တောင်း, တိုကျိုမြို့တော်ကြီးများမှ ဆေးဝါးဗေဒပညာရှင်မှန်သမျှ ရိုချက်စတာမြို့ငယ်လေးသို့ စုရုံးရောက်ရှိကြပြီး ပညာသင်ကြရသည်။

သေမင်းရက်ချိန်းရပြီးသား လူနာအများစုအပါအဝင် အသက်ရှင်ခွင့်ရဖို့အရေး မေတ္တာစာတ်သက်ဝင် နတ်ရေစင်သောက်သုံးရန်အတွက် မေယိုဆေးရုံကြီးသို့ အထွတ်အမြတ်ထား၍ အားကိုးတကြီးရောက်လာကြ၏။ ဒီတော့ ထပ်ပြီး ပြောပါရစေ။

လွန်ခဲ့သော ၅၂ နှစ်က တိုနာဒိုမုန်တိုင်းကြီးသာ အနောက်အလယ်ပိုင်းကို တော်လဲသံကြီးနှင့် ဝင်မမွှေခဲ့ပါက သွက်ချာပါဒရောဂါပျောက်ဆေးဆိုတာ ပေါ်လာစရာအကြောင်းမရှိသလို ရိုချက်စတာမြို့ကလေးနှင့် မေယိုညီနောင်တို့ကို ကမ္ဘာကြီးက ဘယ်လိုမျှ သိရှိနိုင်မည် မဟုတ်ပါချေ။

မေယိုညီနောင်၏ဖခင်ကြီးမှာလည်း ဆရာဝန်ကြီး ဒေါက်တာမေယိုဖြစ်၍ ယခင်နှစ်ပေါင်း ၇ နှစ်ကျော်ကပင် လူဦးရေ ၂၀၀၀ မျှသာရှိသော ရိုချက်စတာမြို့လေးမှာ အခြေစိုက်နေထိုင်ခဲ့ပါသည်။

သူ၏ ပထမဆုံး ဝေဒနာရှင် ၂ ဦးမှာ ရောဂါဖြစ်နေသော နွားတစ်ကောင်နှင့် မြင်းတစ်ကောင်သာ ဖြစ်ပါ၏။

ရက်အင်ဒီးယန်း ခေါ် လူရိုင်းနီများနှင့် စစ်ဖြစ်သောအခါ ဒေါက်တာမေယိုသည် ရှေးဟောင်း မတ်စကက်သေနတ်ကြီးကိုစွဲ၍ ကာကွယ်တိုက်ခိုက်ခဲ့ရာက အသားနီတွေ အတုံးအရုံးကျဆုံးခဲ့ရ၏။ စစ်မီးငြိမ်းပြီဆိုတော့လည်း စစ်မြေပြင်တစ်ခုလုံးရှိ ဒဏ်ရာရသူများကို လိုက်လံကုသပေးခဲ့ပြန်သည်။ သူ ကုနေကျလူနာတွေမှာ မိုင် ၄၀–၅၀ အဝေးရှိ ပရယ်လီ တောင်ပေါ်လွင်ပြင်ဒေသက တောင်ပေါ်သားများပင် ဖြစ်၏။ တောင်ပေါ်သားအများစုမှာ ပရယ်လီမြေသားကျောက်သားများနှင့် အိမ်ဆောက်လေ့ရှိကြ၏။ သူတို့အဖို့ ဆေးဖိုးဝါးခ ပေးစရာလည်း မရှိ။

သို့ပေမယ့် သဘောကောင်းသော ဆရာဝန်အိုကြီးက အပြင်းအထန်ခံစားနေရသော သူတို့ဝေဒနာတွေ သက်သာပျောက်ကင်းရေးအတွက် တစ်ညလုံးခရီးကြမ်းနှင်ပြီး သွားရောက်ကုသပေးပါသည်။

တစ်ခါတစ်ရံ နှင်းမုန်တိုင်းနှင့်မြူရိုင်းတွေကြား နေ့ခင်းကြောင် တောင် စမ်းတဝါးဝါး တိုးဝှေ့သွားခဲ့ရသေးသည်။

ဘမျိုးဘိုးတူဆိုသလို ထိုဆရာဝန်ကြီး မွေးဖွားလာသည့် သား ၂ ယောက်ကရော ခေပ့ါမလား။

ဝီလီယမ်နှင့် ချားလ်စ်ဟုခေါ်၍ ယခုအခါ မေယိုညီနောင်အဖြစ် တစ်ကမ္ဘာလုံးမှာ ဟိုးဟိုးကျော်နေကြပါပြီ။

သူတို့ညီအစ်ကိုက တစ်မြို့တည်းရှိဆေးဆိုင်တွင် အလုပ်ဝင်၍ ဆေးစပ်, ဆေးပေးရင်း တစ်ဘက်က ဆေးကောလိပ် တက်ခဲ့ကြသည်။

သည်တွင်ပင် ကြေကွဲစရာအဖြစ်ဆိုးကြီး ပေါ်ပေါက်ခဲ့သလို၊ ထိုအဖြစ်ဆိုးကြီးက ဆေးပညာသမိုင်းကို တစ်ခေတ်ဆန်းအောင် အရောင်တင်ပေးလိုက်ပါတော့သည်။

အဖြစ်ဆိုးကြီးကား တခြားမဟုတ်။ တိုနာဒိုမုန်တိုင်းကြီးပင် ဖြစ်၍ ပရယ်လီဒေသတစ်ခွင်လုံးကို နတ်ဆိုးကြီးတစ်ကောင် ကျိန်စာ

တိုက်လိုက်သည့်အလား။ ပြားပြားဝပ် မှုန့်မှုန့်ကြေ ချေမွဖျက်ဆီးပစ်ခဲ့သည်။

မုန်တိုင်းကြီးက ရှိချက်စတာကိုလည်း ချမ်းသာမပေးဘဲ ထုထောင်းနှိပ်စက်ခဲ့ရာမှ ရစရာမရှိအောင် စုတ်ပြတ်ကြေမွခဲ့ပြန်သည်။ မြို့သူမြို့သား ၂၃ ယောက်သေ၊ ဒဏ်ရာရသူတွေကလည်း ရာထောင်မကသေး။

မေယိုညီနောင်နှင့် ဖခင်ကြီးမှာ အပျက်အစီးတွေကြားက လူနာများကို နေ့မနားညမနား ရက်ပေါင်းများစွာ ကုသပေးခဲ့ကြသည်။ ဆေးထည့်တန် ထည့်၊ ပတ်တီးစည်းတန် စည်း၊ ကျိုးလျှင် ဆက်၍ လိုအပ်လျှင် ခွဲစိတ်ကြရသည်။

စိန့်ဖရန်စစ် သီလရှင်ဂိုဏ်းချုပ် မယ်တော်ကြီး စစ္စတာအဲယ်ဖရက်က သူတို့လုပ်ငန်းကို ချီးကျူးအားပေးလျက်၊ 'မေယိုသားအဖ ကွပ်ကဲနိုင်မည်ဆိုပါက ဆေးရုံတစ်ရုံ ဆောက်ပေးမည်'ဟု ကမ်းလှမ်းလာ၏။

သူတို့က ဝမ်းပန်းတသာ သဘောတူလိုက်သည်။

၁၈၉၈ ခုနှစ်တွင် မေယိုဆေးကုခန်း စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ သား ၂ ယောက်မှာ ဆေးရုံလုပ်ငန်းအတွေ့အကြုံ လုံးဝ မရှိခဲ့ကြသေးချေ။

"အဲဒီအချိန်က ကျွန်တော်တို့ဟာ အစိမ်းသက်သက်မှ တကယ့်အစိမ်းသက်သက်ပါပဲဗျာ"ဟူ၍ သူတို့ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ဝန်ခံခဲ့ကြပါသည်။

ဟော ဒီနေ့တော့ အစ်ကိုကြီး ဝီလီယမ်မေယိုကို ကမ္ဘာကျော်ကင်ဆာရောဂါ ပါရဂူကြီးအဖြစ် တလေးတစား အသိအမှတ်ပြုနေရပါလေပြီ။ သူတို့ ညီအစ်ကိုအချင်းချင်းလည်း "သူက ကျွန်တော့်ထက်တော်တာပါ"လို့သာ ပြောတတ်ကြ၏။

သူတို့၏ခွဲစိတ်မှုမှာ တိကျပြီးလျင်မြန်၏။ ခေတ်ပြိုင် ခွဲစိတ်ဆရာဝန်များကပင် စံပြုချီးမွမ်းကြရသည်အထိ လျင်မြန်ခြင်းပါ။

ဆေးရုံသို့ နံနက် ၇ နာရီရောက်လာကြသလို၊ ရောက်ရောက်ချင်းလုပ်ငန်းခွင်ဝင်ပြီး ၄ နာရီလုံးလုံး တရစပ် ခွဲစိတ်ကြသည်မှာ နေ့တိုင်းပင်။ ခွဲစိတ်ကုသမှု ၁၅ ခုမှ ၃၀ အထိ နေ့စဉ်လုပ်ဆောင်နိုင်စွမ်းကလည်း နှစ်ပေါင်းများစွာ ကြာရှည်ခဲ့ပါ၏။ ဒီကြားထဲမှာ သူတို့က ဆေးပညာ တိုးတက်ပွားများရေးအတွက် လေ့လာသင်ယူမှု မပြတ်ခဲ့။ ဒါကလည်း သူတို့အနေဖြင့် ပညာမပြည့်စုံခဲ့သလို၊ ဆက်လေ့လာစရာတွေ တစ်ပုံကြီး ကျန်သေးလို့ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကြပါသည်။

ယခုအခါ မေယိုဆေးရုံကြီးသို့ သွားမည်ဆိုပါက ရိုချက်စတာမြို့ကို တံခါးမရှိဓားမရှိ ဖွင့်လှစ်ထားပါသည်။ သို့သော် ဆေးရုံဝန်းကျင်တွင် ဝန်တင်ကားကြီးများ သွားခွင့်မပြုပါ။ ဘတ်စ်ကားတွေကလည်း ဆေးရုံနားရောက်လျှင် ဟွန်းမတီး၊ စက်သံလျှော့၍ မောင်းနှင်ကြသလို၊ လမ်းပေါ်လျှောက်ရင်း စကားပြောကြသူများပင် တိုးတိုးတိတ်တိတ် လေသံနှိမ့်၍ ပြောကြ၏။

ဆင်းရဲသားမျက်နှာမွဲများ၊ ဘဏ်သူဌေးကြီးများ၊ လယ်သမားများ၊ ရုပ်ရှင်မင်းသား မင်းသမီးများကို အဆင့်အတန်းခွဲခြားမှု မရှိသော ဆေးရုံဧည့်ကြိုခန်းထဲ၌ အလှည့်ကျ စောင့်ဆိုင်းနေကြတာလည်း တွေ့ရပါလိမ့်မည်။ ငွေကြေးချမ်းသာသူများကို တတ်နိုင်လျှင် တတ်နိုင်သလောက် ပေးစေသော်လည်း၊ ဆင်းရဲသူများဖို့ ပိုက်ဆံမရှိသဖြင့် ပြန်သွားရတယ်လို့ တစ်ယောက်မျှ မရှိစေရ။

မေယိုညီနောင်၏ ဆေးကုသမှုလုပ်ငန်းကြီး ၃ ပုံ ၁ ပုံမှာ ဓိဝိတဒါနပေးလှူခြင်းပင် ဖြစ်ပါ၏။ သူတို့သည် ငွေတောင်းခံလွှာဖြင့် ဘယ်တော့မျှ လိုက်မတောင်းသလို၊ စုဗူးဖောက်လာဟန်တူသည့် အကြွေအနုတ်များကိုလည်း မယူပါ။ ဆေးဖိုးဝါးခဆိုပြီး ခြံတွေ၊ အိမ်တွေ

ပေါင်ပေးတာမျိုးလည်း လက်မခံပါချေ။ လူနာတစ်ယောက် ပေးနိုင်သလောက်သာ ပေးစေ၍၊ ခွဲစိတ်ကုသကြေး ဘယ်ရွေ့ ဘယ်မျှဟုလည်း သီးသန့်တောင်းလေ့မရှိ။

တစ်ခါက လယ်သမားကြီးတစ်ယောက် သူ့အသက်ကို ကယ်ခဲ့သည့်အတွက် ကျေးဇူးဆပ်ပါရစေဆိုကာ လယ်တစ်ကွက်ကို တရားဝင်ပေးအပ်ခဲ့ဖူးသည်။

ဤသည်ကို မေယိုညီအစ်ကိုသိသည်နှင့် ထိုသူ၏ စာချုပ်စာတမ်းတွေကို ချက်ချင်းပြန်ပေးစေရုံမက ဆေးရုံတက်ကုစဉ်က ကုန်ကျစရိတ်ငွေအားလုံးကိုပင် ချက်လက်မှတ်ရေး၍ ပြန်ပေးလိုက်သောဟူ၏။

သူတို့သည် အရိုးခံ တောသူတောင်သားပီသခြင်း၏ သင်္ကေတ၊ ကရုဏာမေတ္တာတရား၏ အလှပဆုံးသာကေပြယုဂ်အသွင် ဆောင်ခဲ့သလို ငွေ လုံးဝမမက်ကြောင်းလည်း ထင်ရှားခဲ့ပါသည်။

ကိုယ့် စေတနာ ကိုယ် အကျိုးပေးသည်ဆိုသော စကားသည် မှန်၏။

ငွေမလိုချင်သော သူတို့အဖို့ ရွှေမိုးရွာပြီး ရွှေချောင်းစီးကာ ရွှေထီးဆောင်းဘဝ ရောက်ခဲ့ရတော့သည်။

သူတို့သည် အမေရိကန် ပြည်ထောင်စုတစ်ဝန်းရှိ အတုလံ အတုမရှိသော ခွဲစိတ်ဆရာဝန်ကြီးတွေ ဖြစ်ခဲ့လင့်ကစား၊ သူတို့၏ အောင်မြင်ကျော်ကြားမှုကို သူတို့အရေး မထားခဲ့။

နှလုံးလှလှနှင့် သူတို့၏ ပြင်းပြသောအာသီသက ဒုက္ခရောက်နေသော လူသားများကို ကူညီကယ်တင်ရေးပင် မဟုတ်ပါလား။

ညှော်ကြိုခန်းမကြီးအတွင်းရှိ စားပွဲတစ်လုံးနောက်နံရံတွင် ရေးထွင်းထားသော ကမ္ပည်းစာတန်းက မေယိုညီနောင်၏ အောင်မြင်မှုမှ အမြင့်မြတ်ဆုံးသစ္စာတရားကို ဖော်ကျူးနေပါချေသတည်း။

'အကယ်၍များ ကမ္ဘာကြီးက တစ်စုံတစ်ရာ အလိုရှိခဲ့ပါလျှင်၊ သင် တောကြီးမြက်မည်းအလယ်၌ ရှိနေပါစေ။ ခရောင်းလမ်းကို ပန်းခင်း၍ သင့်တံခါးဝသို့ ကျွန်ုပ်တို့ အရောက်လာခဲ့ပါမည်'တဲ့။

ဩော်–အတုယူစရာ, အားကျစရာ တကယ့်စေတနာ ဆရာဝန်များပါတကား။




## သေရဲမှ သူရဲကောင်း

အက်ဒီရစ် ကင်ဘောကာ

ကျောက်ဆစ်သမားဘဝဟာ အနုရာယ်များလှချည်ရဲ့ ဆိုပြီး တိုက်လေယာဉ် တက်မောင်းတဲ့လူ။

ယာဉ်မောင်းလိုင်စင်မရှိဘဲ မိုင်ပေါင်းသိန်းချီ မောင်းခဲ့တဲ့ ပြိုင်ကားသမား။

ပထမကမ္ဘာစစ်ရဲ့ 'တိုက်တိုင်းအောင်' ဆုတံဆိပ်ပေါင်းများစွာ ပိုင်ရှင်။

■

ယခုတင်ပြမည့်အဖြစ်အပျက်မှာ 'ရဲဘော်မသေ သေသော် လူစွမ်းကောင်း'ဟူသော နှလုံးပိုက်၍ သေဘေးတွေ အကြိမ်ကြိမ် ကြုံခဲ့သည့်ကြားမှ အခါခါလွတ်မြောက်ခဲ့သဖြင့် သေမင်းလက်မှိုင်ချရသည့် လူတစ်ယောက်အကြောင်းပါ။

သူသည် ဆံပင်တွေ လေထဲမတ်ထောင်၍ လိပ်ပြာလွင့်မတတ် အမြန်နှုန်းဖြင့်မောင်းရသော ကားပြိုင်ပွဲ ၂၀၀ ကျော်ကိုလည်း ဝင်နွှဲခဲ့ဖူး၏။

၁၉၁၈ ခုနှစ် စစ်မီးတောက်နေချိန်မှာလည်း ကောင်းကင်ယံ လေယာဉ်စီးချင်းထိုးတိုက်ပွဲ၌ ရန်သူဂျာမန်လေယာဉ် ၂၆ စင်းကို လေထဲ၌ပင် ပစ်ချနိုင်ခဲ့ပြီး၊ သူ့လေယာဉ်မှာလည်း ကျည်ဆံဆန်ခါပေါက်ဖြစ်၍ သံခမောက်တွင် ကျည်ဖူးတစ်ခုစိုက်ဝင်ခဲ့ရာမှ ဦးနှောက်ထဲဝင်ရန် တစ်ဆံချည်သာ လိုတော့သည့်တိုင် သေကံမရောက်ခဲ့ရ။

ဟုတ်ကဲ့။ နာမည်ကျော် စက်ဝိုင်းနီ တိုက်လေယာဉ်အုပ်စု၏ အုပ်ခွဲခေါင်းဆောင် ပထမကမ္ဘာစစ်အတွင်းက အမေရိကန်လေတပ်၏ ဗိုလ်တကာ့ဘုရင် နံပါတ်ဝမ်း ပထမတန်း လေသူရဲ အက်ဒီရစ်ကင်းဘေကာ ဇာတ်ကြောင်းပါ။

ကမ္ဘာစစ်ကြီးပြီးပြီးချင်း ကျွန်တော်သည် တွေ့ဖူးသမျှ လူတွေထဲတွင် ချစ်စရာအကောင်းဆုံး လူတစ်ယောက်ဖြစ်သော ကမ္ဘာကျော် ဩစတြေးလျလေသူရဲ ဆာရို့စ် စမစ်၏မန်နေဂျာ ဖြစ်ခဲ့ရပါသည်။

ဆာ ရို့စ်စမစ်သည် မြင့်မြတ်သော ဂျေရုဆလင်မြို့တော်ပေါ်သို့ လေယာဉ်ဖြင့် ပထမဆုံး ဖြတ်သန်းခဲ့သူဖြစ်သလို၊ အမြန်ဆုံး လေယာဉ်မောင်းစံချိန်တင်၍ ကမ္ဘာတစ်ပတ် ပတ်နိုင်ခဲ့သူလည်း ဖြစ်ပါ၏။

ယောက်ျားဂုဏ်ရောင်ထွန်းပြောင်သည့် သတ္တိခဲ တိုက်လေယာဉ်မှူးတွေ ဖြစ်သလို အံ့ဖွယ်လူသား ၂ ဦးဖြစ်သော ဆာရိုစ်စမစ်နှင့် အက်ဒီရစ်ကင်ဘောကာတို့၏ တစ်ယောက်နှင့်တစ်ယောက် အလွန်တူညီသည့်အချက်များကို သတိပြုခဲ့မိပါသည်။

၂ ယောက်စလုံး အေးဆေးတည်ငြိမ်၍ စကားနည်းကြသလို ဘဝင်လည်း မမြင့်တတ်ကြပါ။ စကားပြောရာတွင်လည်း လေသံပျော့လေးတွေနှင့် အင်မတန် ယဉ်ကျေးသိမ်မွေ့ကြပါသည်။ သို့နှင့်အမျှ စက်သေနတ်ခလုတ်တွေ အဆက်မပြတ်ဆွဲ၍ ကောင်းကင်ယံ သေမင်းတွေကို မွေးထုတ်ပေးနေသူများအဖြစ် သူတို့ကို ဘယ်လိုမျှ ထင်စရာမရှိပါ။

အတိတ်ကို ခြေရာကောက်ကြည့်မည် ဆိုရင်တော့

အက်ဒီရင်ကင်ဘောကာသည် ၁၂ နှစ်သားအရွယ် ကလေးဘဝမှာပင် လူကြမ်းလူရမ်းလေး ဖြစ်ခဲ့ပါ၏။ ဂျစ်ကန်ကန်နှင့် ပေါက်ကွဲလွယ်သည့် စည်းပျက်ကမ်းပျက် လူဆိုးလေးဆိုလည်း မမှား။ သူ့လမ်းထဲတွင် လမ်းသရဲဂိုဏ်းခေါင်းဆောင်လို့ ဆိုရမလို ဓာတ်တိုင်မီးလုံးတွေကို ပစ်ခွဲရာမှာ ထိပ်တန်းက။ ထိခနဲဆို အီစကို ရပ်ကျော်ရွာကျော်တာတေလန်ကလေး။ ဒါပေမယ့် လူဆိုးလေးဘဝပြောင်းဖို့ ကံကြမ္မာဖန်လာသည်။

ဒါကတော့ သူ့ဖခင် ကွယ်လွန်ခဲ့ခြင်းဖြစ်၍ ညတွင်းချင်းပင် အက်ဒီတစ်ယောက် လူကြီးဘဝ ရောက်ခဲ့ရပါလေပြီ။ ဤဖြစ်ရပ်ကပင် သူ့ကို တိုးတက်ရှင်သန်အောင် မောင်းနှင်လိုက်သည် ဆိုရမည်။

သူ့ဖခင် သင်္ဂြိုဟ်သည့်နေ့မှာပင် အက်ဒီ အိမ်ထောင်ဦးစီးဖြစ်လာသည်။ သို့ဖြင့် ကျောင်းထွက်၍ အလုပ်လုပ်ရသည်။ မနက်ဆို ၇ မိုင်ခရီးကို ခြေလျင်လျှောက်၍ စက်ရုံအရောက်သွားခဲ့ရပြီး၊ အပြန် ၇ မိုင် ညခရီးကိုလည်း ကားခ ၅ ပြား သက်သာအောင် ကုန်းကြောင်းပြန်ခဲ့ရသည်။

လူကသာ ကလေး။ စိတ်ဓာတ်ကတော့ မာသလား မမေးနှင့်။

ကြီးပွားတိုးတက်ဖို့ပဲ အချိန်ပြည့်ကြံဆနေတတ်တဲ့ လူစား။ သူ့ကို ဘယ်သူမျှ တားလို့မရနိုင်ပါ။ ဖန့်ချက်စက်ရုံအလုပ်က တက်လမ်းမရှိ။ နလပိန်းတုံး ဖြစ်ရမည့်အပြင် အသက်ဘေးကလည်း နီးသေး။ သူ လုံးဝ ငြီးငွေ့စိတ်ကုန်လာသည်။

သူက ပန်းချီအနုပညာသည်ဘဝကို မျှော်မှန်း၏၊ တီထွင်ချင်၏။ အရောင်တွေ, အရုပ်တွေ, မျဉ်းတွေကို စိတ်တိုင်းကျ ဖန်ဆင်းရသော အိပ်မက်တွေ မက်ချင်၏။

ထိုအခါ သင်္ချိုင်းကျောက်စာတိုင် လုပ်ငန်းရှင်တစ်ဦးထံ၌ နတ်သမီးရုပ်နှင့် လူပျံတော်ရုပ်ကလေးများကို ထုဆစ်ရသော ကျောက်ဆစ်သမားအလုပ်တစ်ဘက်နှင့် ပန်းချီညကျောင်း တက်မိလေ၏။

သူ့လက်ရာ ကျောက်ဆစ်ရုပ်နှင့် ကျောက်စာများကို သူ့ဖခင်၏ အုတ်ဂူထက်တွင် ယခုတိုင် တွေ့နိုင်ပါသေးသည်။ ဒါပေမယ့် ကျောက်ဆစ်အလုပ်မှာလည်း အန္တရာယ်များလှသည်ဟု သူက ဆို၏။ ကျောက်မှုန်တွေက အဆုပ်ထဲကိုဝင်၍ ရောဂါဖြစ်နိုင်သည်ပေါ့။

"ကျွန်တော် ငယ်ငယ်ရွယ်ရွယ်နှင့် မသေချင်သေးဘူးလေ။ ဒါကြောင့်လည်း ပိုပြီး အသက်အန္တရာယ်ကင်းတဲ့အလုပ်ကို ရှာတော့တာပဲ"

သို့ဖြင့် ၁၄ နှစ်သားအရွယ်ကလေးသည် မင်္ဂလာနံနက်ခင်း တစ်ခုမှာ ပလက်ဖောင်းပေါ်တွင်ရပ်၍ သူ့တစ်သက်၌ ပထမဦးဆုံး မြင်ဖူးသော မော်တော်ကားတစ်စင်းကို တအံ့တသြ ငေးကြည့်နေမိပါတော့သည်။

စူးစမ်းလေ့လာစိတ်, စွန့်စားတီထွင်လိုစိတ်, ကြီးပွားတိုးတက်ချင်စိတ်တွေက ဆို့မရပိတ်မရ ဆူကြွလာသည့်အဆုံး အိုဟိုင်အိုးပြည်

နယ် ကိုလံဘတ်မြို့လေး၏လမ်းများပေါ်သို့ သူ့ကို တွန်းပို့ပေးလိုက်ခြင်းဖြင့် ဖြစ်ပါတော့သည်။ ဤသည်ပင် သူ့အတွက် 'ဘီး'တွေ၏ ဂုဏ်ပုဒ်ကို ပြလိုက်ခြင်းမည်ခဲ့၏။ ဤသည်ပင် သူ့ဘဝ၏ ကြီးကျယ်ထူးခြားသော အလှည့်အပြောင်းတစ်ခု ဖြစ်စေပါ၏။

၁၅ နှစ်မြောက် မွေးနေ့မတိုင်ခင် ကားပြင်ရုံတစ်ရုံသို့ ဝင်လုပ်မိ၏။

တစ်ချိန်က မြင်းဇောင်းဖြစ်ခဲ့သော သစ်သားဂိုထောင်ထဲက ကားတစ်စီးပေါ်တက်၍ ရှေ့တိုးနောက်ဆုတ် အမောင်းကျင့်၏။

သူနေထိုင်ရာ ခြံနောက် ကွက်လပ်ကလေး၌ အလုပ်ရုံငယ်လေးတစ်ရုံဆောက်ကာ ရှိသမျှ ကိရိယာတန်ဆာပလာများဖြင့် ကိုယ်ပိုင်ကားတစ်စီး တည်ဆောက်ခဲ့၏။ တိုက်တိုက်ဆိုင်ဆိုင် ထိုအချိန်မှာပင် ကိုလံဘတ်စ်မြို့၌ ကားစက်ရုံကြီးတစ်ရုံ စဖွင့်ခဲ့၏။

ရစ်ကင်ဘေကာသည် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ထိုစက်ရုံသို့သွား၍ အလုပ်တောင်း၏။ တနင်္ဂနွေပေါင်းများစွာသာ ကုန်ဆုံးသွားရ၏။ ၁၈ ကြိမ်တိုင်တိုင် ငြင်းပယ်ခံရသည့်နောက် အံ့အားသင့်နေသော စက်ရုံပိုင်ရှင်ကို စိတ်ပေါက်ပေါက်နှင့် ဖွတ်ဝင်တွေ့တော့သည်။

"ဒီမယ် ကြည့်စမ်းပါဦး။ ခင်ဗျားကတော့ သိမယ် မထင်ဘူး။ ဒါပေမယ့် ခင်ဗျားအဖို့ အလုပ်သမားသစ်တစ်ယောက် ရလိုက်ပြီလို့ မှတ်ပါ။ ကျွန်တော် မနက်ဖြန်မနက်ကစပြီး အလုပ်ဆင်းမယ်။ စက်ရုံကြမ်းပြင်တွေက ညစ်ပတ်နေတယ်ဗျ။ ဒါကို ကျွန်တော် လာပြီး တိုက်ချွတ်ဆေးကြောပေးမယ်။ ပြီးတော့ လက်နက်ကိရိယာတွေ သွေးပြီး ခင်ဗျားခိုင်းသမျှလည်း လုပ်ပေးဦးမယ်"

လခ ဘယ်လိုလဲ။ လခ လုပ်ခနှင့် ပတ်သက်လို့ သူ ဘာတစ်ခွန်းမျှ မဟခဲ့။ အလုပ် လုပ်ခွင့်လေးသာ တောင်းခဲ့တော့လည်း ထိုအလုပ်ကို သူ ရသည်ပဲပေါ့။

တစ်ပြိုင်တည်း စက်ပြင်အင်ဂျင်နီယာ စာပေးစာယူသင်တန်း တက်ခဲ့ရာမှ သူ့အနာဂတ်ခရီးကို မျှော်လင့်ချက်ရောင်ခြည်တွေ ဖြာဝေနေအောင် ကြံဆောင်နိုင်လိုက်ပါတော့သည်။ ထို့နောက် သူ့တိုးတက်မှုက အံ့မခန်း မြန်ဆန်လိုက်ပါဘိ။

အညတရ အလုပ်သမားလေးဘဝမှ ဖိုမင်၊ လက်ထောက်အင်ဂျင်နီယာ၊ ကယ်ဆယ်ရေးအဖွဲ့ဝင်၊ အရောင်းဈေးသည် ဌာနခွဲမန်နေဂျာ။ ရာထူးတွေကို စုံလို့။ ဒီနောက်တော့။

အရှိန်ပြင်းပြင်း စီးရခြင်းကို နှစ်သက်သောဆန္ဒ, တီထွင်စွန့်စားလိုသော ဝါသနာများက သူ့သွေးကြောထဲ စီးဝင်ခဲ့ရပါလေပြီ။

ထိုမှတစ်ဆင့် ပြိုင်ကားချန်ပီယန်တစ်ယောက်အတွက် ချီးမွမ်းထောပနာ ဩဘာလက်ခုပ်သံများ၊ ရောက်လေရာ မျက်နှာပွင့်လန်းမှုနှင့် ရင်ခုန်သည်းဖိုရသများက သူ့အသည်းနှလုံးကို သိမ်းကျုံးဆွဲယူလိုက်ပြန်သည်။ သူ့ ဘဝပြောင်းမှ ဖြစ်တော့မည်ဟု နားလည်လိုက်သည်။

၁– ဂမူးရှူးထိုး ထင်ရာစိုင်းတတ်တဲ့ ဉာဉ်ဆိုးကို ဖိနှိပ်အနိုင်ယူဖို့ သန္နိဋ္ဌာန်ချလိုက်၏။

၂– သူ့ကိုယ်သူ အောင့်အီးထိန်းချုပ်မှုကို တိုးမြှင့်နိုင်ခဲ့၏။

၃– သူ့အပြုံးကို လူတိုင်းနှစ်လိုဖွယ် နာမည်ကျော်အပြုံးမျိုးဖြစ်အောင် ကြိုးစားလေ့ကျင့်လိုက်၏။

၄– ပြိုင်ပွဲဝင် •ပြိုင်ကားမောင်းသမား တစ်ယောက်အတွက် အကြမ်းပတမ်းခံ ဒေါင်ဒေါင်မြည် မာကျောသန်စွမ်းဖို့ အရေးကြီးကြောင်း သူ သိသည်။

ထို့အတွက် စီးကရက်နှင့်အရက်ကို ဖြတ်ပစ်လိုက်သလို၊ ည ၁၀ နာရီ၌ အိပ်ရာဝင်သည့်အလေ့အကျင့်ကိုလည်း မွေးခဲ့၏။

ထိုအချိန်၌ အသက်အစိတ်သာ ရှိသေးသော အက်ဒီရစ်ကင်ဘေကာသည် ပြေးလမ်းတစ်လျှောက် မီးဟုန်းဟုန်းတောက်စေခဲ့သော အငယ်ဆုံးနှင့် အကျော်ကြားဆုံး ပြိုင်ကားချန်ပီယန်တစ်ဦး ဖြစ်ခဲ့ပါလေပြီ။

သည်နေရာမှာ ရယ်စရာကောင်းတာလေးတစ်ခု ပြောရဦးမည်။ အက်ဒီသည် အနှစ် ၃၀ အတွင်း မိုင်ပေါင်းရာ,ထောင်များစွာ မောင်းနှင်ခဲ့သည့်တိုင် ဒရိုင်ဘာလိုင်စင်ရယ်လို့ မရှိခဲ့ခြင်းပင် ဖြစ်၍၊ ယနေ့တိုင်အောင်လည်း လိုင်စင် မယူခဲ့မိပါဟု ဆိုသည်။

ထို့အတူ ဘေးရန်ကင်းပြီး ကံကောင်းစေမည့် အဆောင်လက်ဖွဲ့ ဆိုတာတွေလည်း အယုံအကြည်မရှိချေ။ သူ့မိတ်ဆွေများက သူ့ကို ယုန်ခြေထောက်, မြင်းခွာ, ဆင်ရုပ်ကလေးတွေ စသဖြင့် ဘေးဆီးရန်ကာ ကံကောင်းအောင် စေတနာလက်ဆောင် ပေးခဲ့ကြသည်။ ဒါပေမယ့် သူ အမေရိကန်တွင် ခရီးသွားစဉ် တစ်နေ့၌ မှန်ပြတင်းဖွင့်ပြီး ပါသမျှအဆောင်လက်ဖွဲ့တွေကို ကင်ဆက်စ်ပြည်နယ် လွင်ပြင်ထဲသို့ လွှင့်ပစ်ခဲ့သည် ဟူ၏။

အမေရိကန်များ ပထမကမ္ဘာစစ်ထဲ ဝင်ပါခဲ့ကြသောအခါ၌ အယ်ဒီရစ်ကင်ဘေကာသည် ပြိုင်ကားလောကတွင် သရဖူဆောင်းနေခဲ့ပါပြီ။ သူသည် ဗိုလ်ချုပ်ကြီးပါရှင်း၏ ယာဉ်မောင်းအဖြစ် ပြင်သစ်သို့ ရေကြောင်းမှ လိုက်ပါသွားခဲ့၏။ သို့တစေ ဗိုလ်ချုပ်တစ်ယောက်၏ ကားကို ညင်သာအောင် မောင်းရသည်မှာ မိုက်မိုက်ကန်းကန်း စွန့်စားလိုသောသူ့အတွက် ချင်ရဲမပြေ ရှိလှ၏။

နောက်ဆုံး သူက စွန့်စားလှုပ်ရှားနိုင်ရေးအတွက် ဖွင့်ဟတောင်းဆိုခဲ့ရာမှ လေယာဉ်ပေါ်တက်ခွင့်ရပြီး သေနတ်သမားဘဝ ရောက်ခဲ့ရလေတော့သည်။

၁၈ လအတွင်း သူ့အမည်ကို စစ်သူရဲကောင်းများစာရင်းတွင် ထိပ်ဆုံးက မော်ကွန်းထိုးနိုင်ခဲ့သလို၊ အစိုးရ ၃ ခုမှ မင်းခမ်းမင်းနား ဖြင့် အထူးတလည် ဂုဏ်ပြုချီးကျူးခြင်းကိုလည်း ခံယူခဲ့ရသည်။

သူသည် လေသူရဲဘဝက ပျံသန်းမှုများနှင့် လေကြောင်း တိုက်ပွဲများအကြောင်းကို စာမျက်နှာ ၃၇၀ ပါသော ကိုယ်တွေ့စွန့်စား ခန်းစာအုပ်ကြီးအဖြစ် လက်သွက်သွက်နှင့် ရေးသား ထုတ်ဝေခဲ့ပါ တော့သည်။

သူရဲကောင်းများ၏ ရဲစွမ်းသတ္တိနှင့် ကြက်သီးထဖွယ် စွန့်စား ခန်းများဖြင့် ပြည့်နှက်နေသော ထိုစာအုပ်ကိုဖတ်လိုပါက နီးရာ စာကြည့်တိုက်သို့သွား၍ အက်ဒီရစ်ကင်ဘာ၏ 'ကောင်းကင်ဆပ်ကပ် လေကြောင်းတိုက်ပွဲ'မေးလျှင် ရနိုင်ပါသည်။

လေကြောင်းတိုက်ပွဲသမိုင်း၌ စံပြုလောက်အောင် ဆွဲဆောင်မှု အရှိဆုံးနှင့် အကောင်းဆုံး စာအုပ်တစ်အုပ် ဖြစ်ပါ၏။



## ဘာမထိ အာနည်ဖွားပေမို့

ဆာ မယ်လ်ကွန် ကင်းဘဲလ်

၁ နာရီ မိုင် ၃၀၀ နှုန်း ပထမဆုံးစံချိန်တင်ခဲ့သော ပြိုင်ကား ချန်ပီယံ။

တောနက်ကြီးထဲမှာ တောမီးနှင့် အပြေးပြိုင်ခဲ့တဲ့ သိန်းငှက်လိုလူ။

ပင်လယ်ဓားပြရတနာသိုက်ကြီးကို အပျင်းပြေအပျော် တမ်း လိုက်ရှာခဲ့သူ။

■

အင်ဒီရစ်ကင်ဘေကာ အကြောင်းရေးရင်းမှ ဆာမယ်လ်ကွန်ကင်းဘဲလ်ကို သတိရလိုက်မိသည်။

အကြောင်းမူ ညစာစားပွဲတစ်ခု၌ ကျွန်တော်သည် ထိုပုဂ္ဂိုလ် ၂ ယောက်ကြားတွင် မှတ်မှတ်ရရ ထိုင်ခဲ့ရသောကြောင့်ပင်ဖြစ်၏။

သူတို့ ၂ ယောက်စလုံး လူရိုးလူအေးများဖြစ်ကြပြီး၊ စကားကို တိုးတိုးသက်သာ ပြောတတ်တာချင်းလည်း တူသည်။ အမြန်နှုန်းပြိုင်စတမ်းဆိုလည်း သူမတူအောင် အစွမ်းပြနိုင်သော ကားသူရဲ, လေသူရဲများ ဖြစ်ကြပုံချင်းလည်း တူနေပါ၏။

သို့ပေမယ့် ခြားနားချက်ကလေး ၁ ခု, ၂ ခုတော့ ရှိသည်ဟု ဆိုရပါမည်။ ကျွန်တော်သိသလောက် ရစ်ကင်ဘေကာသည် ပထမဆုံး ကားပြိုင်ပွဲကို ဝင်ခဲ့ရခြင်းမှာ ငွေလိုလို့ ဖြစ်၏။ ဒါဖြင့် ကင်းဘဲလ်ကရော၊ ဘယ်လိုပါလိမ့်။

ကင်းဘဲလ်ကတော့ တစ်ဘဝစာ ပူစရာမလိုသော သူဌေးသားတစ်ယောက်။ ငွေကို ရေလိုသုံးနိုင်၍ ငွေရေးကြေးရေး လုံးဝ ဂရုမစိုက်။ ဘာ့အတွက် သက်စွန့်ဆံဖျား ဝင်လုပ်ခဲ့ရသလဲ။ ကျော်ကြားချင်လို့လား၊ ချီးမွမ်းခံချင်လို့လား။

"မဟုတ်ပါဘူး"တဲ့။ သူက ခေါင်းခါပြရင်း ပြောခဲ့သည်။

တကယ်တော့ "ဝါသနာပါလို့ အပျော်သက်သက် လုပ်ခဲ့တာ" ဆိုပဲ။

ဒီနောက် အင်ဒီရစ်ကင်ဘေကာဘက်လှည့်ပြီး မေးကြည့်မိသည်။

ဆာမယ်လ်ကွန် ပြိုင်ပွဲဝင်နေစဉ်အတွင်း ဖုန်တထောင်းထောင်းနှင့် ကြယ်တံခွန်တစ်ခုလို အမြီးတန်းပြီး ကားရောလူပါ ပျောက်လုခမန်း

အမြန်နှုန်းဖြင့် တဝေါဝေါပတ်မောင်းနေသည်ကို ကြည့်ပြီး ဘယ်လိုများ ခံစားရဖူးပါသလဲလို့။

ကျွန်တော့်အမေး မဆုံးခင် သူကိုယ်တိုင်က ကားပြိုင်ပွဲပေါင်း ၂၀၀ ကျော်ဝင်ပြိုင်ဖူးသော ဝါရင့်ကားပြိုင်သမားဖြစ်သည့် အက်ဒီက ပခုံးတွန့်ပြီး

"ဟာ။ သူ့လိုလူမျိုးတော့ ကျွန်တော် တစ်ခါမျှ မတွေ့ဘူးသေးပါဘူး။ သူ့လို ကြမ်းဖို့ရမ်းဖို့လည်း ကျွန်တော် ဘယ်တော့မျှ စိတ်မကူးမိဘူး။ သူ ပြိုင်ပွဲဝင်တိုင်း ၅ ပုံ ၄ ပုံလောက် သေကိန်းနီးနေမှန်း တွက်မိတာကြောင့်ပါပဲ"

မှန်ပါသည်။ ကျွန်တော် အင်တာဗျူးလုပ်ခဲ့စဉ်ကာလက ဆာမယ်လ်ကွန်ကင်းဘဲလ်လောက် ပြိုင်ကားကို အမြန်မောင်းနိုင်သော သက်ရှိထင်ရှား ဘယ်လူသားမျှ ကမ္ဘာပေါ်မှာ မရှိသေးပါ။

သူက ၁ နာရီ မိုင် ၃၀၀ နှုန်းဖြင့် (၁ မိနစ်ကို ၅ မိုင်)မောင်း၍ နယူးယောက်မှ ဆန်ဖရန်စစ္စကိုသို့ ၁၀ နာရီတည်းနှင့်အရောက် စံချိန်သစ်တင်ခဲ့သည် မဟုတ်ပါလား။

တခြားပြိုင်ကား ချန်ပီယန် ၄ ယောက်ဖြစ်သော လော့ခ်,ဟတ်ဒ်, ကီးချ်နှင့် ဘိုင်ဆယ်တို့မှာ ၁ နာရီ မိုင် ၂၀၀ ကျော်သာ မောင်းနိုင်ခဲ့ကြပြီး၊ ၄ ယောက်စလုံးသည် ကားမှောက်၍ မရှုမလှ ဇာတ်သိမ်းခဲ့ကြရရှာပါသည်။ ကင်းဘဲလ်တစ်ယောက်တည်း ကံထူး၍သာ ကျန်ရစ်ခဲ့တယ် ဆိုရမည်။ တကယ်လည်း သူသည် ကံကို ယုံစား၏။ သို့နှင့် အမျှ စိုးရိမ်စိတ်မရှိ၊ အလျှဉ်းမကြောက်တတ်။

ပြိုင်ပွဲပန်းဝင်ပြီးချိန်ဆိုရင်လည်း ရုံးမှ အိမ်ပြန်လာတဲ့ပုံမျိုးနှင့် ကားထဲမှ အေးအေးဆေးဆေးထွက်နေကျ။

ကင်းဘဲလ် ၁၆ နှစ်သားအရွယ်က သူ့ဖခင်ကို စက်ဘီးဝယ်ပေးရန် ပူဆာဖူး၏။ သူ့အဖေက အလန့်တကြားနှင့် ချက်ချင်းဆိုသလို

ပင် ကင်းဘဲလ်အား လန်ဒန်မှ နာမည်ကျော်အာမခံကုမ္ပဏီကြီးဖြစ်သော လွိုက်ဘဏ်၌ စာရေးအဖြစ် ဝင်လုပ်ခိုင်းတော့သည်။

ဆာမယ်လ်ကွန်ကင်းဘဲလ်က ကျွန်တော့်ကိုပြောခဲ့ရာတွင် ဘဏ်အလုပ်ကို လုပ်သာလုပ်ရသော်လည်း ၂ နှစ်တိုင်တိုင် လခ တစ်ပြားမျှ မရ ဟု ဆို၏။ တတိယနှစ်ကျမှ လခအနည်းငယ် ပေးသည်။ နောက်တော့ သူသည် ကမ္ဘာကျော်လွိုက်ကုမ္ပဏီကြီး၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦး ဖြစ်ခဲ့ရတော့သည်။

သူသည် အင်္ဂလိပ်သတင်းစာတိုက်များသို့ ထုတ်ဝေခွင့်အာမခံ စာချုပ်များ ထုတ်ရောင်းဖို့ အကြံရချိန်၌ ၁၉ နှစ်သားသာ ရှိသေးသည်။

အင်္ဂလန်၏ ထုတ်ဝေခွင့်ဥပဒေများမှာ အမေရိကန်ပြည်ထက် ပို၍ တင်းကြပ်၏။ မကြာမီပင် ကင်းဘဲလ်၏အကြံ အောင်မြင်၍ တစ်နိုင်ငံလုံးမှ သတင်းစာတိုင်းက သူ့ထုတ်ဝေခွင့်အာမခံပေါ်လစီကို ဝယ်ယူခဲ့ကြတော့သည်။

ထိုအခါသမယမှာတော့ သူ့အသက်သည် ၂၁ နှစ်ပြည့်ပြီးခဲ့ သလို လူချမ်းသာစာရင်းဝင်တစ်ယောက် ဖြစ်နေပါလေပြီ။

သူ့လက်သူ့ခြေ သူ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရပြီ ဆိုသည်နှင့် ကင်းဘဲလ်သည် မော်တော်ဆိုင်ကယ်တွေ, ကားတွေ ဝယ်၍ ပြိုင်ပွဲ ပေါင်းစုံ ဝင်ခဲ့ပါတော့သည်။ သူသည် ပြိုင်ပွဲအသီးသီး၌ စံချိန်ချိုးရန် ကြိုးစားရင်း ပေါင် ၅ သောင်းကျော်ကို ထုတ်သုံးခဲ့ရသည်။

စံချိန်သစ်တင်နိုင်ရေးအတွက်လည်း မိုင်ပေါင်းထောင်သောင်း ချီ၍ မောင်းခဲ့ရသလို၊ ပြေးလမ်းတစ်လျှောက်၌ ကားဦးနှင့် သေမင်း မိတ်ဆက်ရမယ့်အဖြစ်မျိုး တိုးခဲ့ရတာလည်း အကြိမ်ကြိမ်။

သူသည် ဒိန်းမတ်နိုင်ငံသာမက ဆာဟာရသဲကန္တာရ၊ တောင်အာဖရိကနှင့် ဖလော်ရီဒါကမ်းခြေတို့သို့လည်း ရောက်ခဲ့ရ၏။ ဒါပေမယ့် သူအကြိုက်ဆုံး ပြေးလမ်းရှိသည့်နေရာမှာ အူတားဖြစ်သည်ဟု ဆိုပါ သည်။

ထိုဒေသမှာ ရှေး နှစ်ပေါင်း ၁ သိန်းကျော်က ရေကန်ဟောင်းကြီးများ ခန်းခြောက်ပြီးပေါ်ထွန်းလာသည့် ဆားငန်မြေများ ဖြစ်နေ၏။ ဆားမြေက မာကျော၍ ရေခဲပြင်တမျှ ချောမွတ်နေပါသည်တဲ့။

တစ်ခါတော့ ဒိန်းမတ်၌ ပြိုင်ပွဲဝင်နေစဉ် မိုင် ၁၄၀ နှုန်းဖြင့် သဲကြီးမဲကြီးမောင်းလာသော သူ့ကားသည် ရှေ့တာယာ ဒိုင်းခနဲကွဲသွားပါလေရော။ သူ ဘယ်လိုမျှ မထိန်းနိုင်လိုက်။

လမ်းဘေးက ရပ်ကြည့်နေသော လူအုပ်ထဲ တိုးဝင်သွားတော့သည်။ ကလေးတစ်ယောက်ကို အသေတိုက်မိပြီး လူအုပ်ထဲမှ လွတ်ထွက်၍ ပြေးလမ်းပေါ်သို့ပြန်ရောက်သွားရာက ပန်းဝင်ခဲ့ရသည် ဆို၏။

ဆာမယ်လ်ကွန်က သူ့အသည်းစွဲ စွန့်စားခန်းများမှာ ပထမကမ္ဘာစစ်အတွင်းကပင်ဖြစ်ကြောင်း ကျွန်တော့်ကို ဖွင့်ဟပြောဆိုခဲ့ပါသည်။

သူသည် လေသူရဲဘဝဖြင့် အင်္ဂလန်လေတပ်က တိုက်လေယာဉ်များကို မောင်းနှင်ကာ ရေလက်ကြားကိုဖြတ်၍ စစ်မြေပြင်သို့ သွားခဲ့ရကြောင်း။ တစ်ခါတစ်ရံ မမောင်းဘူးသော လေယာဉ်များကို မောင်းရပြီး၊ မရောက်ဘူးသောနေရာများကိုလည်း စမ်းတဝါးဝါးဖြင့် ရောက်ခဲ့ရကြောင်း။ လေကြောင်းတိုက်ပွဲအတွင်း မကြာခဏဆိုသလို ဂျာမန်တိုက်လေယာဉ်များက တိမ်ကြားထဲမှ ရုတ်တရက် ဒိုင်ဗင်ထိုးဆင်းလာပြီး စက်သေနတ်တွေဖြင့် ကျည်ဆံမိုး ရွာတတ်သည်။

၄ နှစ်နီးပါး တိုက်ပွဲဝင်ခဲ့ရပေမယ့် ဒဏ်ရာဆိုလို့ အပ်တစ်ထောက်စာကလေးမျှ မရခဲ့တာကလည်း ထူးခြားချက်ပင်။

ကင်းဘဲလ်၏ သမိုင်းတွင်လောက်သော စွန့်စားခန်းကတော့ စွဲမက်စရာ စာအုပ်တစ်အုပ်အဖြစ် သူကိုယ်တိုင် ရေးသားခဲ့ပြီးဖြစ်သော

ကိုကော့စ်ကျွန်းပေါ်၌ လျှို့ဝှက်ရတနာသိုက်ကြီးကို ရှာဖွေခဲ့ခြင်းပါတည်း။ စင်စစ်တော့ ပင်လယ်ဓားပြများ သိုဝှက်ထားခဲ့သော ရှေးဟောင်းရတနာသိုက်ကြီးပဲ ဖြစ်ပါသည်။

ကိုကော့စ်ကျွန်းသည် ကမ္ဘာပေါ်တွင် ငြိမ်းငွေ့ချောက်ချားဖွယ်အကောင်းဆုံး ကျွန်းတစ်ကျွန်းပင်။ ကျွန်းပေါ်တွင် အိမ်တစ်လုံးတလေမျှ မရှိခဲ့သလို၊ လူရိပ်လူယောင်ဆိုလို့လည်း အစအနမျှ တွေ့ရမည်မဟုတ်ပါ။ ကျွန်းသားတွေသည် အင်ကာယဉ်ကျေးမှု ထွန်းကားခဲ့ချိန်က ပေါက်ဖွားလာသော မျိုးဆက်နွယ်တွေ ဖြစ်ဟန်တူ၍၊ နောက်ခေတ်များ၌ တောင်ပေါ်ဒေသများ၌ ပုန်းအောင်းနေထိုင်လျက် ရှိ၏။ ညအခါကျမှ သူတို့က ပင်လယ်ကမ်းခြေသို့ တိတ်တဆိတ် ဆင်းလာတတ်ကြသည်။ စွန်ပလွန်ပင်အုပ်တွေကို အကာအကွယ်ယူထားသော သူတို့၏လှုပ်ရှားမှုကလည်း အင်မတန်မှ ပိရိသေသပ်၏။ လူဖြူတစ်ယောက်၏မျက်လုံးက လိုက်မမီအောင်လည်း ကျွန်းသားတွေက လျင်မြန်ဖျတ်လတ်လွန်းလှသည်။

ပြီးတော့ ပင့်ကူကြီးများ၊ ကုန်းဂဏန်းကြီးများ၊ ကင်းခြေများများ၊ ပုရွက်ဆိတ်ကြီးများ ကြီးစိုးထားတဲ့နယ်မြေ။ ယင်ကောင်နှင့်ခြင်ရိုင်းတွေက တဝုန်းဝုန်းနှင့် နေ့ညဉ့်မပြတ် မင်းမူထားတဲ့ကျွန်း။ ကျွန်းပတ်လည် ပင်လယ်ရေပြင်မှာတော့ ငါးမန်းတွေက မြူးတူးနေပါသတဲ့။

ရတနာသိုက်တူးဖို့လာသော ဆာမယ်လ်ကွန်ကင်းဘဲလ်သည် စမ်းချောင်းတစ်ခုနောက်သို့ လိုက်ခဲ့ရာမှ အက်ကွဲကြောင်းရှိသော ဧရာမကျောက်တုံးကြီးကို လိုက်ရှာနေမိသည်။ ထို ကျောက်အက်ကြောင်းကြီးမှာ ရတနာသိုက်သို့ ဝင်ပေါက်အဖြစ် သံတိုင်တပ် လျှို့ဝှက်တံခါးလည်း ရှိထားသည်။ ထိုတံခါးနောက်မှာတော့ သန်းပေါင်းများစွာတန်သော ကျောက်မျက်ရတနာနှင့် ရွှေတုံးရွှေခဲတွေ ရှိနေပါလိမ့်မည်။

အာလာဒင်၏ ရတနာသိုက်ကြီးမျိုးပဲ ဆိုပါစို့။ သို့ဖြင့် ကင်းဘဲလ်လည်း စမ်းချောင်းတွေ့သမျှ တစ်ခုပြီးတစ်ခု ခြေရာကောက်ခဲ့သည်။ ရေခမ်းနေသော သဲချောင်းတွေပင် မကျန်ရ။

တောနက်ထဲ တိုးဝင်ခဲ့သလို ကျောက်ဆောင်အထပ်ထပ်ကို ကျော်၍ တောင်တွေပေါ်လည်း ရောက်ခဲ့ပြန်သည်။ ဒါပေမယ့် သူကြိုးစားသလောက် အရာမထင်။ အမောသာ အဖတ်တင်ခဲ့ရသည်။

တစ်နေ့။ မြက်ရိုင်းကိုင်းတောကြီးတစ်ခုထဲ ဇွတ်တိုးဖြတ်ရင်း မျက်စိလည်နေရာမှ လေက မြောက်ဘက်မှ တိုက်ခတ်လာသည်ကို သတိပြုမိလိုက်၏။ လေသည်လည်း လမ်းပျောက်နေသောခရီးသည်အတွက် အားကိုးစရာ လမ်းညွှန်တစ်ခုပဲ မဟုတ်ပါလော။

ကင်းဘဲလ်နှင့် သူ့အဖော်တပည့်က မီးရှို့ပြီး ထွက်ပေါက်ရှာရန် ကြံလိုက်ကြသည်။ မီးခြစ်ခြစ်၍ နီးရာမြက်ပင်တွေကို မီးတင်လိုက်သည်။ တစ်မှုဟုတ်ချင်း မီးတောက်မီးလျှံကြီးတွေ တက်လာပြီး တစ်တောလုံး ကူးစက်သွားသည်။ သေးရာမှကြီးလာကာ အနီရောင်ဘီလူးကြီးတစ်ကောင် ဖြစ်သွားသည်။ ထိုမှ ရုတ်တရက် သူတို့ကြောက်လန့်တုန်လှုပ်သွားရတာကတော့ မီးက တရှူးထိုး တွေ့ကရာလောင်၍ မမျှော်လင့်တာထက်ပို၍ ကြောက်မက်ဖွယ် ပျံ့နှံ့သွားခြင်းဖြစ်၏။ အဆိုးဆုံးက သူတို့ဘက်ကိုပါ မီးတောက်မီးလျှံကြီးတွေက တဟဲဟဲနှင့် ဝါးမြိုလောင်မြိုက်ဖို့ ဝိုင်းလာခြင်းပါပေတည်း။ အရှင်လတ်လတ် မီးလောင်တိုက်သွင်းခံရတော့မည့် အခြေအနေသို့ ဆိုက်ရောက်သွားရပါပြီ။

သူတို့လည်း သွေးရူးသွေးတန်း ကြံမိကြံရာဖြင့် ကြောက်မက်ဖွယ် တောမီးအန္တရာယ်မှ လွတ်ရာလွတ်ကြောင်း တောကြီးမြက်မည်းထဲ စွတ်ပြေးခဲ့ကြပြန်တော့သည်။ သေမင်းနှင့် လိုက်တမ်းပြေးတမ်းကျီစယ်ရင်း အပြေးပြိုင်တာလို့လည်း ဆိုနိုင်ပါသည်။

နောက်ဆုံးတော့ မီးအဟပ်ခံရသည့် ဒဏ်ရာတွေနှင့် တစ်ကိုယ်လုံး မည်းသဲလျက်။ အသက်ကို အလုအယက်ရှူရလောက်အောင် အမောဟိုက်ရင်းက ပင်လယ်ကမ်းခြေသို့ လွတ်မြောက်လာနိုင်ခဲ့ပါ၏။ ကေ ရာပေါင်းများစွာသော တောကြီးတစ်တောလုံးကတော့ တဝုန်းဝုန်းဖြင့် မီးလောင်ချင်တိုင်း လောင်ကောင်းဆဲ။ အထက်ကောင်းကင်တစ်ခုလုံးပင် နီရဲနေပါတော့၏။ အပူဒဏ်က ပြင်းထန်လွန်းမက ပြင်းထန်၍ မခံမရပ်နိုင်အောင် ပူလောင်ခြင်းမှာ လူသားစားငါးမန်းအုပ်ကြီးစောင့်ကြိုနေသော ရေထဲသို့ခုန်ချဖို့ မောင်းထုတ်နေသည့်အလား။

သို့လင့်ကစား စိမ်းစိမ်းစိုစို စွန်ပလွန်ပင်များက သူတို့ကို မီးဘေးမသင့်အောင် ကယ်လိုက်ကြ၏။ ကံကြီးလှစွာပင် အသက်ချမ်းသာရာရခဲ့ခြင်းပဲဖြစ်၏။

ထို့မှ နောက် ၃ ပတ်တိုင်တိုင် အံတင်းမာန်သွင်း၍ ရတနာသိုက်ကို ဆက်ရှာခဲ့ပါသော်လည်း ဆာမယ်လ်ကွန်ကင်းဘဲလ် ရရှိခဲ့သမျှမှာ ကျောက်သံပတ္တမြားတွေတော့ မဟုတ်ချေ။ သွေးလူးနေသော ခြေထောက်အစုံ၊ ပုံရွဲ့နေသော လက်သည်းများ၊ မီးဟပ်ခံထားရပြီးမီးလောင်ဖုပေါက်ခဲ့ရသော ကျောပြင်ကြီးသာ အမြတ်ထွက်ခဲ့ရခြင်းဖြစ်ပါသည်။

သူသည် အင်္ဂလိပ်လူမျိုး မိလျံနာသူဌေးတစ်ယောက်ဆိုတာထက် အကျဉ်းခံထောင်သားတစ်ယောက်ရုပ် ပေါက်နေခဲ့ပါသည်။ တစ်ကိုယ်လုံး မြင်မကောင်းအောင်စုတ်ပြတ်၍ ခြေကုန်လက်ပန်းကျနေကာ အဖျားလည်း ဝင်နေပါလေပြီ။ သူ့အဖို့ အိမ်ပြန်လိုစောသာ ဖိစီးနေပါတော့၏။

ဒါပေမယ့် ကျွန်တော့်ကို ပြန်ပြောရင်းက တာကယ်လို့ အခွင့်သာလျှင် မာယာများသော ကိုကော့စ်ကျွန်းသို့ တစ်ခေါက်ပြန်သွားပြီး မကျေပွဲနွှဲလိုက်ချင်သေးကြောင်း၊ ရတနာသိုက်ကြီး ကျိန်းသေတွေ့ရှိ

မည်ဟု ယုံကြည်ကြောင်း မြည်တမ်းခဲ့ပါသေးသည်။ သူက တစ်ဆက်တည်းဆိုသလို

"ခင်ဗျားသိတဲ့အတိုင်းပဲ။ ကျွန်တော် ကမ္ဘာတစ်ပတ် ပတ်ပြီး စွန့်စားခဲ့ရတယ်ဆိုတာ ဘာမျှ ပြောပလောက်စရာမှ မဟုတ်တာ။ တကယ့်ကို အားမရသေးဘူးလေဗျာ" တဲ့။

ဩော်။ အာဂစွဲနှင့် သတ္တိခဲတစ်ယောက်ပါကလား။



## အင်ဂျင်နီယာ ဖဲဝီဇာ

### အယ်လီကူဘတ်ဆံန်

ဘဝပျက်၍ ကစားဝိုင်းဝင်လောင်းရာမှ ပေါင် ၂၀၀၀ နိုင်တဲ့ ဖိုးကံကောင်း။

ထမင်းဝေတ်လွန်းသဖြင့် တောင်းစားခဲ့ရတဲ့ ဖိုးကံဆိုး။

အကောင်း,အဆိုး ဘဝ ၂ မျိုး ကျင်လည်ခဲ့ရာမှ ရန်ပွဲတစ်ပွဲကြောင့် သူဌေးဖြစ်ခဲ့ရတဲ့ မီလျံနာကြီး။

၁၉၂၁ ခုနှစ်ရဲ့ တစ်ခုသောနေ့က ခေါင်းမီးတောက်နေတဲ့ လူငယ်တစ်ယောက် ပဲရစ်မြို့တော်လမ်းမကြီးတွေမှာ အပြေးအလွှား လျှောက်နေမိသည်။

သူ့ပုံစံက ရှူးရှူးရှားရှား ကျားတစ်ကောင်အသွင်။ အိတ်ထဲမှာ ပိုက်ဆံဆိုလို့ မရှိသလောက် ဖြူခါပြာခါ ကျနေပေမယ့် ရင်ထဲမှာတော့ ဒေါသနှင့် သောကတွေ ပြည့်နှက်လျက်။ ဘာဖြစ်လို့များပါလိမ့်။ ပြဿနာက သူ့မိသားစုချမ်းသာသမျှ ပေါင် ၁ သန်းနီးပါး မတရားသဖြင့် လိမ်လည်လုယူ ခံလိုက်ရသောကြောင့် ပါပေတည်း။

အမေရိကန် ဘူမိဗေဒနှင့် သတ္တုတွင်းအင်ဂျင်နီယာတစ်ဦး ဖြစ်ခဲ့သော သူ့ဖခင်ကြီးသည် ရုရှားသို့ နှစ်ပရိစ္ဆေဒများစွာကပင် ရောက်ခဲ့ပြီး၊ ရေနံတွင်းတစ်တွင်းကို အောင်မြင်စွာ ရှာဖွေတူးဖော်နိုင်ခဲ့သလို အဆမတန် အကျိုးစီးပွားဖြစ်ထွန်းခဲ့သည်။

ကမ္ဘာစစ်ကြီးပြီးဆုံးသည့်နောက် ဆိုဗီယက်များက သူ့စည်းစိမ်ချမ်းသာတွေကို ပြည်သူပိုင်သိမ်းပိုက်ခဲ့ရာက ဖြူခါပြာခါကျသည့်ကိန်း ဆိုက်ခဲ့ရသည်။ သားဖြစ်သောသူက ဖခင်ကြီးအသက်ကို ကယ်ရန် ပဲရစ်သို့ ပြေးခဲ့သည်။

၁၉၃၁ ခုနှစ် သူရောက်သွားချိန်မှာ သူအိတ်ထဲ၌ ငွေ ၄ပေါင်မျှသာရှိ၍ အငတ်ဘေးနှင့် သူတင်ကိုယ်တင် နပန်းလုံးရမည့် အခြေအနေ။ မထူးတော့ဘူးဆိုကာ မျက်စိမှိတ် ကံစမ်းလိုက်ရသည်။ ကာစားဝိုင်းတစ်ခုသို့ ဝင်၍ ထီကစားနည်းတစ်မျိုးတွင် ၁ ပေါင် လောင်းလိုက်မိ၏။ ရှေ့ကို မဲကြည့်နေခိုက် ပြင်သစ်တစ်ယောက်က သူ့ခြေထောက်

ကို တက်နင်းမိ၏။ သူက ကျားနာတစ်ကောင်လို ခုန်အုပ်ပြီး ဆွဲလား လွဲလားလုပ်၍ ပြင်သစ်ကို တောင်းပန်ခိုင်း၏။ ပြင်သစ်ကလည်း လူပါးခပ်ဝဝ။ သူ့ကို ရန်စရကောင်းလားဆိုပြီး မတောင်းပန်တဲ့အပြင် စိန်ခေါ်၏။ သူတို့မှာ ဓားလည်း မပါ၊ သေနတ်လည်း မရှိ။ သည့်တော့လည်း ကလပ်နောက်ဘက်ထွက်ပြီး လက်သီးချင်းထိုးကြသည် ဆိုပါတော့။ အပြန်အလှန်ထိုးကြိတ်ရာက မျက်လုံးတွေ အညိုအမည်းစွဲ၍ နှာခေါင်းသွေးကိုယ်စီကျပြီးမှ ပွဲသိမ်းခဲ့ကြသည်။

အမေရိကန်လူငယ်ကလေးသည် ကစားဝိုင်းသို့ မောကြီးပန်းကြီး ပြန်ရောက်လာသည်။ စကားပင် ဟဟမပြောနိုင်။ ဒါပေမယ့် တစ်ခါမျှ လောင်းကစားပွဲ မနိုင်ဘူးသောသူ့အဖို့ ထိုးထားခဲ့သည့် ငွေ ၁ ပေါင်က ပေါင် ၂၀၀၀ အလျော်ရနေကြောင်း တွေ့လိုက်ရတော့သည်။

ခုနရန်ပွဲကလည်း သူ့ဘဝကို တစ်မျိုးတစ်ဖုံပြောင်းပေးလိုက်ရုံမက ကမ္ဘာ့လူသားများအတွက် အကျိုးပြုနိုင်ခဲ့သည်။ ဒါကတော့ ဒီလိုပါ။

သင် ဘရစ်ဂျ်ဖဲ ကစားတတ်ပါသလား။ သို့မဟုတ် ဘရစ်ဂျ်ဖဲ ကစားဖို့ ဝါသနာမပါဘူးလား။ ကူဘာတ်ဆန် နည်းစနစ်ဆိုတာ ကြားဖူးပါသလား။

အကယ်၍သာ သူသည် ကစားဝိုင်း၌ ပြင်သစ်နှင့် ရန်မဖြစ်ခဲ့ပါက ကူဘာတ်ဆန် နည်းစနစ်ဆိုတာလည်း ပေါ်ပေါက်လာမည် မဟုတ်ပါ။ အဘယ်ကြောင့်ဟူမူ သူက မင်ရှိဗစ်ဘက်တော်သားအဖြစ်ဖြင့် ရုရှားဖြူတွေတပ်ထဲ ၀င်သည်။ ဘော်ရှီဗစ်တွေကို အငြိုးတကြီး ဘက်နက်နှင့် လိုက်ထိုးသတ် ကလဲ့စားချေပြီး မိသားစုစည်းစိမ်တွေကို ပြန်လုယူဖို့ ကြံခဲ့သောကြောင့်ပင် ဖြစ်၏။

ခုတော့ ပေါင် ၂၀၀၀ ပိုက်မိပြီးနောက် စစ်ထဲဝင်ဖို့ မေ့သွားပါပြီ။ ပေါင် ၁ သန်းကျော် ရလိုမှုဖြင့် ဆိုဗီယက်အစိုးရကို ဥပဒေ

ကြောင်းအရ အလျော်တောင်း တရားစွဲရန်သာ ဆုံးဖြတ်ချက် ချလိုက်သည်။ ဘဝရေ့ရေးအတွက်တော့ ဝတ္ထုရေးဆရာ၊ သို့မဟုတ် စီးပွားရေးပါမောက္ခဖြစ်ဖို့ ရည်ရွယ်မိ၏။

၁၉၂၁ ခုနှစ်က ကူဘတ်ဆန်သည် အကြံကုန် ဂငွေ့န်ဆားချက်ဘဝဖြင့် လောင်းကစားသမား ဖြစ်ခဲ့၏။

ယနေ့မူ ၁ နှစ်ကို ပေါင် ၁ သိန်း၊ ၁ ပတ်လျှင် ပေါင် ၂၀၀၀ ရသော ဘရစ်ဂျ်ဖဲကစားနည်းကို ရောင်းချသူ ဖြစ်နေပါပြီ။ ဒါတောင် နှစ်ရှည်လများ ရရှိမည့်အကျိုးအမြတ်များ မပါသေးချေ။

သူသည် ကမ္ဘာအနှံ့အပြားရှိ အပျော်တမ်း ဘရစ်ဂျ်ဖဲကစားအဖွဲ့များက အပူတပြင်းမေးလာသော မေးခွန်းပေါင်း မရေမတွက်နိုင်အောင်ကို ဖြေကြားသည်။ ၁ နှစ်လျှင် ပေါင် ၆၀၀၀ အကုန်အကျခံ၍ မေးသမျှမေးခွန်းများကို အခကြေးငွေမယူဘဲ သူ့လက်ထောက်ပညာရှင်များကို ဖြေခိုင်းစေခဲ့ခြင်းလည်း ဖြစ်၏။

ကူဘတ်ဆန်။ ဘုရား,တရားကြည်ညိုသော ခရစ်ယာန်ဘာသာရေးခေါင်းဆောင်ဖခင်က လူ့လောကသို့ ခေါ်ဆောင်ခဲ့သလို၊ ကစားနည်းမျိုးစုံ အပါအဝင် အင္ဂရသအစုံအလင် ငယ်စဉ်ကတည်းက သင်ပေးထားခဲ့သည်။

ကားလ်မတ်နှင့် တော်လ်စတွိုင်းကျောင်းထွက်တစ်ယောက်ဖြစ်သော သူသည် အစဉ်သဖြင့် တိုးတက်ခေတ်မီသော အတွေးအခေါ်များ ရှိ၏။ အမြစ်လှန်ပြောင်းလဲရေးသမားလည်း ဖြစ်၏။ ရုရှားတွင်နေခိုက် ကျောင်းသားဘဝမှာကတည်းက သူငယ်ချင်းများနှင့် တော်လှန်ရေးအဖွဲ့တစ်ခုကို လျှို့ဝှက်ဖွဲ့စည်းခဲ့သည်။ ပြီးတော့ ဆွစ်ဇာလန်သို့သွား၍ ဂျီနီဗာမှ လီနင်ထုတ်ဝေသော ဘော်ရှီဗစ်များ၏ အစိုးရဆန့်ကျင်ရေး သတင်းစာတွေကို ခိုးသွင်းခဲ့သေးသည်။

ရုရှား၌ အဆင်မပြေသဖြင့် အမေရိကားသို့ ၁၈၂၂ ခုနှစ်တွင် ရောက်သွားပြီးနောက် ဒဿနိကဗေဒနှင့် လူမှုရေးဘာသာရပ်ကို သင်ကြားရန် အားထုတ်ခဲ့၏။ ဒါပေမယ့် သင်ခွင့် မရခဲ့။

ထို့နောက် မီးသွေး ရောင်းပြန်၏။ ဝက်ဝက်ကွဲ ရှုံး၏။ ထို့နောက် ကော်ဖီ ရောင်းပြန်၏။ ဒါလည်း မအောင်မြင်။ နောက်ဆုံးတော့ ဆိုရှယ်လစ်များကို ပြင်သစ်စာပေ ကျူရှင်ပေးရင်း တစ်ဘက်က အစ်ကိုဖြစ်သူ တယောသမားအတွက် ပွဲမန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့တော့သည်။

အမှန်တော့ သူသည် ဘရစ်ဂျ်ဖဲကစားနည်းပညာကို တတ်ဖို့ ဘယ်နည်းနှင့်မျှ အကြောင်းမရှိခဲ့ပါ။ ခပ်ညံ့ညံ့ ဖဲသမားတစ်ယောက်သာ ဖြစ်ခဲ့သလို၊ ခွဲကောင်းခေါင်းမာသူတစ်ယောက်လည်း ဖြစ်ခဲ့သည်။

သူက အမေးအမြန်းထူလှသည်နှင့်အမျှ တစ်ဘက်သားကို အကျဉ်းအကျပ်ဆိုက်စေတတ်၏။ အပေါင်းအသင်းများက သူနှင့်အတူ မကစားလိုကြချေ။ သို့ဖြင့် သူသည် ဘရစ်ဂျ် ဖဲကစားနည်းတွေနှင့် ပတ်သက်သမျှ စာအုပ်တွေကိုသာ နင်းကန်ဖတ်ခဲ့သည်။ ထိုစာအုပ်တွေက ထင်သလောက် မကောင်း။ သူ ဖတ်လို့ အားမရ။

ထို့ကြောင့် သူကိုယ်တိုင် စာအုပ်တစ်အုပ်ရေးဖို့ ကြိုးစားတော့သည်။ နှစ်,လ များစွာအရင်းပြုပြီး ဘရစ်ဂျ်ဖဲကစားနည်းအကြောင်း စာအုပ် ၅ အုပ်မျှ ရေးနိုင်ခဲ့သည်။ ဒါပေမယ့် သိပ်မပီပြင်လှကြောင်းကို သူ ကိုယ်တိုင်သိသည်။ ထို့အတွက် လက်နှိပ်စက်ရိုက်သည့်အဆင့်သို့ မရောက်ခင် စာမူဘဝမှာပင် သူ စုတ်ဖြဲပစ်လိုက်၏။

သည့်နောက် မဖြစ်မနေထပ်ကြိုးစားရာက သူ့စိတ်ကြိုက် စာအုပ်များ ထွက်ပေါ်လာတော့သည်။ ထိုစာအုပ်များကတော့ ဘာသာစကား ၁၂ မျိုးအထိ ပြန်ဆိုကြရပြီး၊ စောင်ရေ ၁ သန်းနီးပါးမျှ ဖြန့်ဝေခဲ့ရသည်။ သူ့စာအုပ်များထဲမှ တစ်အုပ်ဆိုလျှင် မျက်မမြင်စာပေ

အဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်၏။ မျက်မမြင်ဒုက္ခိတများပင် ဘရစ်ဂျ်ဖဲ ကစားနိုင်ခဲ့ကြသည် ဆို၏။

ကူဘတ်ဆန်သည် ၁၉၁၀ ပြည့်နှစ်တွင် အမေရိကားသို့ ပထမဆုံးအကြိမ် ခရီးထွက်ခဲ့၏။ မိခင်ဖြစ်သူ ရုရှားအမျိုးသမီးက ယေးလ်တက္ကသိုလ်တွင် ပညာသင်ရန် သူ့ကို ပို့ပေးလိုက်ခြင်းဖြစ်၏။ သို့သော် သူသည် အင်္ဂလိပ်စာကို ပတ်ပတ်နပ်နပ်မဖြေနိုင်သဖြင့် ဝင်ခွင့်စာမေးပွဲ ကျရှုံးခဲ့ရသည်။

တွေးကြည့်လိုက်လျှင် ရယ်စရာလည်း ကောင်း၊ သနားစရာလည်း ကောင်းသည်။ စင်စစ် သူသည် အမေရိကန်ပြည်သားတစ်ယောက် ဖြစ်ပါ၏။ အမေရိကန်ပြည်ထောင်စုသမိုင်းကို မှောက်ခုံပြောင်းပြန်အထိ သိသည်။ အဆုံးမှအစသို့ ပြန်ပြောနိုင်အောင် သိခဲ့သည်။ ရုရှား, ဂျာမန်, ပြင်သစ်, စပိန်, အီတလီ စကားတွေလည်း တတ်၏။ ဒါပေမယ့် အင်္ဂလိပ်ဘာသာကိုတော့ မကျွမ်းကျင်ခဲ့။ ဤသို့ဖြင့် သူ့ခမျာ ယေးလ်တက္ကသိုလ်ကြီးကို ကျောခိုင်းကာ ကနေဒါနိုင်ငံသို့ ကူးခဲ့ရသည်။ ရထားလမ်းဖောက်နေသော အလုပ်သမားဂိုဏ်းတစ်ဂိုဏ်းတွင် အချိန်မှတ် တာလီစာရေးလေးအဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။

သည့်နောက် အပြောကောင်း အဟောကောင်းပီပီ ရဲရဲတောက်စကားလုံးများဖြင့် အဖိနှိပ်ခံအလုပ်သမားတွေကို ကုမ္ပဏီပိုင်ရှင်များက မဝရေစာပေး၍ ကုပ်သွေးစုပ် အမြတ်ထုတ်နေကြောင်း သွေးထိုးလှုံ့ဆော်ခဲ့သည်။ သူသည် ဒုက္ခကို အရောင်ဆိုး၍ သပိတ်မှောက်သည်အထိ အုံကြွစေခဲ့ရာမှ သူကိုယ်တိုင် အလုပ်ထုတ်ခံရပြီး အိုးပျောက်, ခွက်ပျောက် ဖြစ်ခဲ့ရတော့သည်။

သို့ဖြင့် မိုင် ၂၀၀ ကျော် လမ်းလျှောက်၍ အနီးဆုံးမြို့သို့ ပြန်နိုင်ရန် ကုန်းတစ်တန်ရေတစ်တန် အခမပေးဘဲ ခိုးစီးခဲ့ရသည်။ ထမင်း

တစ်နပ်အတွက် မီးဖိုချောင်တံခါးခေါက်ပြီး မရှက်မကြောက် တောင်းစားခဲ့ရဖူးသည်။

ယခု ကူဘာတ်ဆန်၏ နည်းစနစ်ဖြင့် ဘရစ်ဂျ်ဖဲ ကစားနေခဲ့သော အမျိုးသမီးတွေကိုယ်တိုင် တစ်ချိန်က သူတို့အိမ်နောက်ဘက်တံခါးတွင် လာရပ်ခဲ့သည့် အယ်လီကူဘာတ်ဆန်အား အသားညှပ်ပေါင်မုန့်တချို့နှင့် ကော်ဖီပူပူလေး တိုက်ကျွေးဖူးပါလိမ့်မည်။

သြော်။ ဘဝဆိုတာ သစ်ငုတ်ဖြစ်လိုက် မြက်ဖြစ်လိုက်။ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်။



# ဒို-လမ်းပြကြယ် ကြေကွဲဖွယ်

လီယိုတော်စတွိုင်း

ဂန္ထဝင်အမြောက်ဆုံး ကမ္ဘာကျော် ဝတ္ထုရှည်ကြီး ၂ ပုဒ်ကို ရေးခဲ့မိသည့်အတွက် နောင်တရပြီး ရှက်မိပါသည်ဟု ဆိုသော စာရေးဆရာကြီး။

အိမ်ထောင်ရေးကံဆိုးမှုကြောင့် ဘဝနာပြီး တရားရှာခဲ့သူ။ ငယ်ငယ်က ဉာဏ်ထိုင်းခဲ့သလောက် ပြိုင်စံရှားအောင် ထူးချွန်သည့် ပါရမီရှင်ကြီး၏ နောက်ဆုံးမှာတမ်း။

ယခုတင်ပြမည့် အကြောင်းအရာမှာ တစ်ထောင့်တစ်ညပုံပြင်များနှင့် နင်လားငါလား ယှဉ်နိုင်စရာမရှိအောင် ထူးထွေဆန်းပြားလှသော စာရေးဆရာကြီး လီယိုတော်စတွိုင်း၏ သရုပ်မှန်ဘဝဇာတ်လမ်းပင် ဖြစ်ပါသည်။

အလွန်မှ ကြည်ညိုစရာကောင်းသော ကဝိအကျော် ပရောဟိတ်ကြီးတစ်ဆူလည်းဖြစ်သူ ဆရာကြီးသည် ကျွန်တော်တို့၏ မျက်မှောက်ခေတ် ၁၉၁၀ ခုနှစ် (အတည်ပြုချက် မရသေး)၌ အနိစ္စရောက်ခဲ့ရှာပါပြီ။

ဆရာကြီးသည် မကွယ်လွန်မီ အနှစ် ၂၀ ကတည်းကပင် ကမ္ဘာ့ပြည်သူအပေါင်း၏ ကြည်ညိုလေးစားမှုကို ရခဲ့သလို၊ ကွယ်လွန်ပြီးနောက်မှာလည်း သူ့မျက်နှာကို မြင်ဖူးရန်, သူ့အသံကို နားဆင်ရန်, သူ့အဝတ်အစားများကို ကိုင်တွယ်ကြည့်ရှုရန် သူ နေထိုင်ရာ အိမ်ကလေးသို့ လာရောက်ကြသူများမှာ တစ်သီတစ်တန်းကြီး။ အဆက်ပြတ်သည် မရှိ။ တစ်ခါတစ်ရံ ကြိတ်ကြိတ်တိုး နေရပါတော့သည်။

သူ အသက်ထင်ရှားရှိစဉ်က မိတ်ဆွေအပေါင်းအသင်းတွေမှာ သူ့အိမ်တွင် နှစ်ကာလကြာရှည်နေထိုင်ပြီး သူ့နှုတ်က ရေရွတ်သမျှစကားတွေကို တစ်လုံးမကျန် လက်ရေးတိုနှင့် လိုက်တေးမှတ်ခဲ့သလို သူ၏ နေ့စဉ်ဘဝ လှုပ်ရှားမှုများကိုလည်း စက္ကန့်, မိနစ်ကအစ အသေးစိတ်မှတ်တမ်းတင်ခဲ့ကြသည်အထိ အရှိန်အဝါကြီးမားခဲ့ပါသည်။

ထိုမှတ်တမ်းများကို ပုံနှိပ်ထုတ်ဝေခဲ့သည်ပင် အတွဲပေါင်းမြောက်မြားစွာ ရှိခဲ့သောဟူ၏။

ဆရာကြီးအကြောင်း အမျိုး ၂,၃၀၀ မဟုတ်ပါဘူး။ စာအုပ်အမျိုးပေါင်း ၂၃,၀၀၀ အပြင်၊ ၅၆,၀၀၀ မျှသော သတင်းစာများနှင့် မဂ္ဂဇင်းဆောင်းပါးများကပါ ဆရာကြီး၏ အတ္ထုပ္ပတ္တိနှင့် အတွေးအမြင်များကို ဖော်ပြခဲ့ကြပါသည်။

သူကိုယ်တိုင်ရေး စာအုပ်များကပင် အတွဲပေါင်း ၁၀၀ ရှိခဲ့၍ သာမန်လူ ဘယ်သူမျှ ရေးနိုင်စွမ်းမရှိသော စကားလုံးပေါင်း သိန်း,သန်း, ကုဋေမျှ ပါရှိခဲ့ပါ၏။

ဆရာကြီး၏ဘဝသည် ဆရာကြီး၏ ရသစုံဝတ္ထုများကဲ့သို့ပင် အဆန်းတကြယ် ရောင်စုံခြယ်လျက် ရှိပါသည်။

ဆရာကြီးကို အခန်းပေါင်း ၄၂ ခန်းရှိသော နန်းအိမ်ဂေဟာကြီးထဲ၌ မွေးခဲ့၏။ ပိုးဖဲကတ္တီပါ စိန်မြရုံခြယ် စည်းစိမ်ချမ်းသာများတွင် ရွှေလင်ပန်းနှင့် အချင်းဆေးခဲ့သည် ဆိုရပေမည်။ တစ်နည်း သက်ဦးဆံပိုင်ခေတ် ရုရှားနန်းညွန့်နွယ် မှူးကြီးမတ်ရာများ၏ နတ်စည်းစိမ်ကို ခံစားခဲ့ရသည်ဆိုလည်း မမှား။

သို့ပေမယ့် သူ့ဘဝနေဝင်ချိန်မှာတော့ မွေးစကထက် ပြင်ပြင်ကြီး ခြားနားခဲ့ရပါပြီ။ သူ ပိုင်ဆိုင်သည့် မြေယာဟူသမျှ လက်မဲ့ခဲ့ရသလို၊ ချမ်းသာသရွေ့ ပစ္စည်းဥစ္စာတွေကိုလည်း စွန့်လွှတ်ခဲ့ပြီးပါလေပြီ။ အိတ်ထဲတွင် ပိုက်ဆံတစ်ပြားမျှ မရှိတော့သော အခြေအနေနှင့် ရုရှားဘူတာရုံငယ်တစ်ခုတွင် လယ်သမားများဝိုင်းရံလျက် အသက်ဆုံးသွားရှာပါသည်။

ဆရာကြီးငယ်စဉ်က တော်ရုံတန်ရုံလူကို လူမထင်ခဲ့။ ဟိတ်ကြီးဟန်ကြီး တစ်ခွဲသား။ ကြွားဝါ မောက်မာနေလေ့ရှိ၏။ မော်စကိုရှိ အပ်ချုပ်ဆိုင်များတွင် ငွေကုန်ကြေးကျခံ၍ ဝတ်ကောင်းစားလှတွေချုပ်ပြီး၊ တစ်နေ့တစ်မျိုး မရိုးအောင် ရှိုးထုတ်ခဲ့သူလည်း ဖြစ်၏။ နောက်ပိုင်းကျတော့ သူ့ဖိနပ် သူချုပ်၏။ သူ့အိပ်ရာ သူခင်း၍ အခန်းကို သူ့

ဘာသာသူပင် လှဲကျင်းသန့်ရှင်း၏။ စားပွဲငယ်တစ်လုံးပေါ်တွင် သစ်သား ပန်းကန်, သစ်သားဇွန်းများသုံးကာ ဖြစ်သလိုပင် စားသောက်ခဲ့တော့ သည်။

ဆရာကြီး၏ငယ်ဘဝမှာ သူကိုယ်တိုင်၏ အသုံးအနှုန်းအရ အညစ်အကြေးပေလူးလျက် ရွံရှာဖွယ်ဘဝ ဖြစ်ခဲ့သည်။ အရက်သောက် သည်။ ရန်ဖြစ်သည် မကောင်းမှုဒုစရိုက်မှန်သမျှ ကျူးလွန်သည်။ မိုက်မိုက်ကန်းကန်း ရမ်းရမ်းကားကားနှင့် လူပင်သတ်ဖူးခဲ့သည် ဆို၏။ ဒါပေမယ့် နောင်အခါမူ သမ္မာကျမ်းစာပါ ခရစ်တော်၏ သွန်သင်ဆုံးမ မှုများကို လိုက်နာခဲ့ရာမှ ရုရှားပြည်၏ မွန်မြတ်သော ဘာသာရေး နယ်ပယ်ကို လွှမ်းမိုးနိုင်ခဲ့ရုံမက သူတော်စင်ကြီးနှယ် အများ၏ကြည်ညို လေးစားမှုကို ခံခဲ့ရပါလေ၏။

ဆရာကြီး အိမ်ထောင်ပြုပြီးစ နှစ်တွေမှာ သူတို့ဇနီးမောင်နှံအဖို့ ပျော်တပြုံးပြုံး မော်မဆုံးမို့ အနန္တတန်ခိုးရှင် ဘုရားသခင်ကို ကျေးဇူး တင်လျက်။ ရာသက်ပန်ကောင်းချီးမင်္ဂလာပေး၍ သာယာချမ်းမြေ့မှု ပြည့်ဝရပါစေကြောင်း ဆုတောင်းလို့ မဝနိုင်ကြ။

ထို့နောက်မူ သူတို့၏အိမ်ထောင်ရေးမှာ ကြေကွဲဝမ်းနည်းစရာ အဆင်မပြေမှုတွေနှင့်သာ ပြည့်နက်နေခဲ့ရတော့သည်။ ဆရာကြီးမှာ ဇနီးဖြစ်သူ၏ မျက်နှာကို မကြည့်ချင်လောက်အောင် နာကျည်းသွားခဲ့ ရာမှ သေလုမြောပါး အခြေအနေရောက်ချိန်အထိ သူ့ဇနီးကို အနားလာ ခွင့်ပင် မပေးခဲ့တော့ချေ။

ကျောင်းသားဘဝက ဆရာကြီးသည် ကောလိပ်တွင် စာမေးပွဲ တဖုံးဖုံးကျခဲ့သည်။ သူ့ အထူးသင်ဆရာတွေကလည်း ဉာဏ်ထိုင်းလှ သောသူ့ခေါင်းကို ဘာပညာမျှ ထည့်ပေးလို့မရခဲ့။ 'တော်ပါပြီ, ကြောက် ပါပြီ'လို့တောင် အော်ကြမတတ်။

သို့သော် အနှစ် ၃၀ ကြာသောအခါ ကမ္ဘာပေါ်တွင် မရှိဘူး သေးခဲ့သော မဟာဂန္ထဝင်ဝတ္ထုရှည်ကြီး ၂ ပုဒ်ကို ထိုဦးနှောက်ထဲမှ ဖန်တီးပေးခဲ့သည်။ ထိုဝတ္ထုရှည်ကြီးမှာ ကမ္ဘာတည်သရွေ့ ပြိုင်ဖက် ကင်းအောင် တည်တံ့ရှင်သန်နေမှာလည်း သေချာပေါက် ဆိုရလောက် ၏။ ထို ၂ ပုဒ်ကတော့ 'စစ်နှင့်ငြိမ်းချမ်းရေး', 'အင်နာကာရီနာ'။

ယနေ့ခေတ်၌ ဆရာကြီးတော်စတွိုင်းသည် ဇာတ်ဘုရင်များ မင်းမူ ခဲ့သော အမှောင်ခေတ် သွေးနန်းတော်ကြီးတည်ရာ ရုရှားပြည်၏ ပြင်ပ ကမ္ဘာတွင် ပိုမိုကျော်စောနေပါပြီ။

သို့နှယ် တစ်ကမ္ဘာလုံး တုန်ဟီးသွားစေသည့် ဝတ္ထုရှည်ကြီးတွေ ရေးနိုင်ခဲ့လို့ သူ ပျော်မည် ထင်ပါသလား။ တဒင်္ဂအားဖြင့်တော့ နည်း နည်းပါးပါး ပျော်ခဲ့ပါ၏။ ဒီနောက်တော့ ထိုဝတ္ထုကြီးများအတွက် အရှက်ကြီး ရှက်ခဲ့မိပါသတဲ့။ ဘာလို့များပါလိမ့်။

အသိတရားကြွယ်ဝလာတဲ့အချိန်၌ 'အဲဒါတွေက သမ္ဗပ္ပလာ ဝါစာ၊ ဝိရုဏ္ဍာနကထာတွေပါလား။ တကယ်စင်စစ် လောကလူသား တွေကို ထိရောက်တဲ့အကျိုးကျေးဇူး ဘာတစ်ခုမျှ မပေးနိုင်ပါကလား' လို့ ဆင်ခြင်နောင်တ ရခဲ့ခြင်းကြောင့်ပါပေတည်း။

သူ့ဘဝ၏ တတိယအရွယ်မှာ နောင်တ, သံဝေဂမျိုးစုံရပြီး တရားဓမ္မလိုက်စားခဲ့ရာမှ အသိထူး, အမြင်ထူးတွေ ရခဲ့သည်ဆိုလည်း မမှားပါ။ ထိုအခါ ဆရာကြီးအနေဖြင့် အပေါ်ယံရွှေမှုန်ကြဲထားသည့် စာတွေအစား ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြောင်းနှင့် ဗြဟ္မစိုရ်တရား ထွန်းကား၍ စိတ်၏ငြိမ်းချမ်းရေး အမှန်တကယ်ရရှိဖို့ကို ညွှန်းဖွဲ့ လှုံ့ဆော်ခဲ့သော သဝဏ်လွှာလေးများ ရေးသားခြင်းတွင်သာ ပျော်မွေ့ ခဲ့၏။ သူရေးသမျှ သဝဏ်လွှာကလေးများမှာလည်း ဓမ္မဒါနသဘော ဈေးပေါပေါ ဖြန့်ဝေခဲ့သလို တစ်အိမ်တက်ဆင်း ရောင်းချခဲ့ရာမှ ၄ နှစ် အတွင်း စောင်ရေ ၁၂ သန်းပင် ကုန်ခဲ့သောဟူ၏။

ပြီးခဲ့သော နှစ်အနည်းငယ်က ကျွန်တော်ကိုယ်တိုင် ဆရာကြီး၏ သမီးအငယ်ဆုံးနှင့် ပဲရစ်မြို့တွင် သွားရောက်တွေ့ဆုံခဲ့မိပါသည်။

သူမသည် ဆရာကြီး၏ဘဝနေဝင်ချိန်၌ အထွေထွေအတွင်းရေးမှူးမလေးအဖြစ် အနီးကပ်စောင့်ရှောက်ခဲ့သလို ကွယ်လွန်ချိန်မှာလည်း ဆရာကြီးနှင့် ဖဝါးမကွာ ပြုစုလျက်သား ရှိနေခဲ့ပါသည်။ ယခုမူ သူမသည် ယာခင်းတစ်နေရာ၌ နေထိုင်နေပါသည်။ ဆရာကြီးနှင့် ပတ်သက်၍ အများသူငါ မသိကြသေးသည့်အချက်များကို သူမနှုတ်ဖျားက ကြားခဲ့ရ၏။ ထို့အပြင် သူ့ဖခင်၏ အတ္ထုပ္ပတ္တိတစ်စွန်းတစ်စကို 'တော်လ်စတွိုင်း၏ ကြေကွဲဖွယ်ရာများ' ခေါင်းစဉ်ဖြင့် စာတစ်အုပ် ရေးခဲ့ပါချေသည်။

ဆရာကြီး၏ဘဝမှာ တကယ်ပဲ သနားစရာကောင်းလှသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း အိမ်ထောင်ရေးက အဓိကတရားခံ။ ဆရာကတော်မှာ ပကာသနကို မက်မောလွန်းလှ၏။ ဆရာကြီးကတော့ ပကာသနကို ရွံမုန်းစက်ဆုပ်၏။ ဆရာကတော်က ထင်ပေါ်ကျော်ကြားမှုကို လိုလားကိုးကွယ်၏။ ဆရာကြီးကတော့ အဓိပ္ပာယ်မရှိ၊ တန်ဖိုးလည်းမဲ့သော ဝန်ထုပ်ဝန်ပိုးကြီးအမှတ်ဖြင့် စိုးစဉ်းမျှ အရေးမစိုက်။ ဆရာကတော်က ငွေဆို ငမ်းငမ်းတက်။ စည်းစိမ်ချမ်းသာခံစားဖို့သာ လောဘတကြီးနှင့် မျှော်တွေးနေလေ့ရှိ၏။ ဆရာကြီးကတော့ လောဘတရားသည် အပြစ်မကင်းသော အကုသိုလ်သက်သက်ဖြစ်၍၊ ချမ်းသာခြင်းဆိုတာလည်း မမြဲသောသင်္ခါရသာဖြစ်ကြောင်း နားလည်၏။ ဆရာကတော်က အရှိန်ပါဝါအာဏာဖြင့် လွှမ်းမိုးရမှုကို နှစ်သက်သလောက် ဆရာကြီးကတော့ မေတ္တာတရားဖြင့် အောင်နိုင်မှုကို ယုံကြည်၏။

ပြဒါးတစ်လမ်း သံတစ်လမ်း။ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်။ အမည်းနှင့်အဖြူ မတည့်အတူနေ အိမ်ထောင်ရေးဘဝမှာ

ဘယ်သို့ အဆင်ပြေပါတော့အံ့နည်း။ ပိုဆိုးတာက ဆရာကတော်မှာ ဒေါသကြီး၍ ရိုင်းစိုင်းသလို ဝန်တိုမိစ္ဆရိယများခြင်းပင် ဖြစ်၏။ ဆရာကြီး၏ မိတ်ဆွေဟူသမျှ အကောင်းမမြင်။ အဆိုးပြော၍ ငြူစူရန်လုပ်၏။ တစ်ခါက သမီးဖြစ်သူကိုပင် အိမ်မှနှင်ချပစ်ခဲ့ပြီး ဆရာကြီး၏ အခန်းထဲ ဝုန်းဒိုင်းကြဲ ဝင်သောင်းကျန်းကာ သမီး၏ဓာတ်ပုံကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သေး၏။ သူမသည် ဆရာကြီးကို နှစ်ရှည်လများ အပြစ်ရှာ ဂျီတိုက်ခဲ့သည်။ အော်လားငေါက်လား, ကျိန်လားဆဲလား, မာန်လား မဲလား, ဆောင့်လားအောင့်လားနှင့် အမျိုးမျိုးနှိပ်စက်ပြီး ကိုယ်,စိတ် ဆင်းရဲအောင် လုပ်ခဲ့သည်မှာလည်း အချိန်ပြည့်။

ဆရာကြီးက သူ့စာအုပ်တွေကို ရှုရှားပြည်သူတစ်ရပ်လုံး ဝေမျှ လက်ဆောင်ကမ်းသောအားဖြင့် မူပိုင်ခွင့်မယူဘဲ အခမဲ့ထုတ်ဝေခွင့်ပေး ခဲ့သည့်အတွက်လည်း ဒေါသူပုန်ထပြီး တစ်အိမ်လုံး ငရဲကျစေခဲ့သည်။ ဆရာကြီးက သူ့သဘောမလိုက်ဘဲ ဆန့်ကျင်ဘက်လုပ်မိလျှင်တော့ မိုးမီးလောင်ပြီသာ မှတ်ပေတော့။ တဒင်္ဂ စိတ်ရူးပေါက်သွားသလို တက် မတက်ချက်မတတ် ငယ်သံပါအောင်အော်ပြီး မျောက်ခုန် ထခုန်မည်။ ပြီးတော့ သူ့ကိုယ်သူ ကြမ်းပေါ်ပစ်ချပြီး ပင့်ာမြေလူးဓာတ်ခင်းမည်။ ဘိန်းရည် ပုလင်းလိုက်သောက်၍ သူ့ကိုယ်သူ သတ်သေမယ်လို့ ခြိမ်း ခြောက်မည်။သို့မဟုတ် ရေတွင်းထဲ ခုန်ချမည့်ဟန် ပြင်သည်။ ဆရာ ကြီးခမျာ ထိုဇနီးဆိုးကို နှစ်ပေါင်း ၅၀ မျှ သည်းခံပေါင်းသင်းခဲ့ရှာပါ၏။

တစ်ခါတလေ စိတ်ကောင်းလေးဝင်လျှင်တော့ သူမက သူ့ ခြေရင်းမှာ ကျုံ့ကျုံ့ကလေးထိုင်လျက် လွန်ခဲ့သော ၄၈ နှစ်ကာလ သမီးရည်းစားဘဝ အရှူးအမူးချစ်ကြိုက်ခဲ့စဉ်က ခံစားချက်အပြည့်ဖြင့် အပြောင်မြောက်ဆုံး ဖွဲ့နွဲ့သီကုံးခဲ့သော မေတ္တာစာများကို ပြန်ဖတ်ပြဖို့ ချော့မော့နေတတ်ပါသေး၏။

သဲလွန်စမဲ့ ပျောက်ဆုံးသွားသော လှလှပပအတိတ်၏ ပျော်စရာနေ့ကလေးများကို နှမြောတမ်းတရင်း ၂ ဦးစလုံး သည်းထန်စွာ ငိုကြွေးခဲ့ဖူးကြပါ၏။

နိဂုံး၏ နောက်ဆုံး။

အသက် ၈၂ နှစ်အရွယ် ဆရာကြီးခမျာ သာယာမှု လုံးဝမရှိတော့သော အိမ်ဂေဟာ၌ ဘယ်လိုမျှ ဆက်မနေနိုင်တော့သလို ၁၉၁၀ ပြည့်နှစ် အောက်တိုဘာလ ၂၁ ရက်နေ့ညမှာတော့ ဇနီးဆိုးနှင့် လမ်းခွဲကာ တိတ်တဆိတ် ထွက်လာခဲ့တော့သည်။

ပတ်ဝန်းကျင်မှာ ပကတိ မည်းမှောင်နေ၏။ အအေးဒဏ်ကလည်း ခိုက်ခိုက်တုန် အရိုးကွဲမျှ။ သူ ဘယ်သွားနေတာလဲ။ သူ မသိ။ ၁၁ ရက်အကြာ၌ ဘူတာရုံငယ်လေးတစ်ခုထဲသို့ ရောက်နေခဲ့ပါပြီ။ အဆုတ်အအေးပတ်သော နမိုးနီးယားရောဂါဖြင့် သေလုမျောပါးအခြေအနေမှ နောက်ဆုံးစကားတွေကို မှာတမ်းခြွေခဲ့ပါချေ၏။

"ဘုရားသခင်ဟာ အရာခပ်သိမ်းကို အဆင်သင့် ပြင်ထားပြီးပါပြီ"ဟု ပြောရင်းကပင်

"တွေ့အောင်ရှာကြ။ တစ်သက်လုံး ကြိုးစားပြီး ရှာကြ"



## ှင်းလည်း သေမင်း, ငါလည်း မော်ဂင်

ဂျေ၊ ပီ၊ မော်ဂင်

မလိုမုန်းထား ရန်သူများက သေနတ်တွေ ဗုံးတွေနှင့် ဝိုင်းသတ်ခဲ့ပေမယ့်၊ သူ့မှာတော့ လီလီပန်းလေးတွေ အစိုက် မပျက်။ သို့သော် ဓာတ်ပုံအရိုက်ခံရမှာကိုတော့ သေရမှာ ထက် ကြောက်သတဲ့။

ပထမကမ္ဘာစစ်ကြီးတုန်းက မဟာမိတ်များရဲ့ ကယ်တင်ရှင် စာပေသုတေသီ ဘဏ်သူဌေးကြီး။

သူ့အချိန်တုန်းက ကမ္ဘာပေါ်မှာ စွမ်းအားအကောင်းဆုံးလူ။ ဘယ်သူလဲ။

ဒီမေးခွန်းက ယေဘုယျသဘောဆောင်၍ ထွေပြားတာတော့ အမှန်။ ကဲ။ တိတိကျကျမေးပြီ ဆိုပါစို့။

ကမ္ဘာ့စီးပွားရေးလောကမှာ တံခွန်တိုင်ထိပ်တက်ပြီး အောင်လံလွှင့်ခဲ့သူကို ပြပါဆိုရင်ကော။

အဖြေကတော့ ငွေကြေးဈေးကွက်၏ အဓိမတိ, ဝေါလ်စထရိ၏ အာဏာရှင်ဧကရာဇ် ကွယ်လွန်သူ မဟာဘီလျံကြီး ဂျေ၊ ပီယာပွန့်မော်ဂင်ကိုပဲ ပြစရာရှိပါသည်။ သို့တိုင် လူတစ်ယောက်၏ သမရိုးကျ ဘဝတစ်ခုအနေဖြင့် သူ့အကြောင်းကို အပြည့်အဝသိခွင့်ရမည် မဟုတ်ပါ။ သူ့ကို 'မစ္စတာလျှို့ဝှက်'ဟု ဘွဲ့ထူးပေးလျှင်ပင် သူ့စရိုက်အား ပြည့်မီအောင် ဖော်ကျူးနိုင်ဖွယ် မရှိတန်ပါချေ။ သူသည် လူတွေကြားထဲ ထင်ထင်ပေါ်ပေါ်နေ၍ ကိုယ်ရည်သွေးရမည့်အလုပ်မျိုးကို အထူးရှောင်သည်။ ဓာတ်ပုံရိုက်ခံရမှာကိုလည်း သေရမှာထက် ကြောက်သည်။

သူ စိတ်ဆိုးပြီဆိုလျှင်တော့ အာဋဝကနှင့် ပုဏ္ဏက ၂ ယောက် ပေါင်းကတောင် ရှုံးရမည် မှတ်။ စကားပြောလျှင်လည်း ပိဿာလေးနှင့် ဘောပစ်သလို အားမနာတမ်း ပြောင်ကျလွန်းသည်။ ဒါကြောင့်လည်း သူ့ကို 'အမေရိကန်က "လူ့ဂွစာအကျဆုံးလူ'ရယ်လို့ သမုတ်ကြသည်။

အရပ် ၆ ပေ၊ ကိုယ်အလေးချိန် ပေါင် ၂၀၀ ကျော်နှင့် ရောမ လူထွားကြီးပီပီ ကြောက်ရွံ့စိတ်ဆို၍ နမ်းတစ်လုံးစာ မရှိ။ ဥပမာ အားဖြင့် တစ်နေ့ မော်ဂင် အိမ်ရှေ့ခြံထဲ၌ရှိနေစဉ် အရူးတစ်ယောက်က ရုတ်တရက် ပြေးဝင်လာသည်။ လက်ထဲမှာလည်း သေနတ်ကြီးတယမ်း

ယမ်းနှင့် ပစ်မည့်ခတ်မည့်တကဲကဲ။ မော်ဂန်အနေဖြင့် ပန်းရုံတစ်ခုကို ကွေ့ရှောင်ပြီး တံခါးနောက်ဝင်ပြေးသွားလျှင် လွတ်သည်။ ဒါပေမယ့် သူ မပြေးခဲ့။ ပြေးမည့်အစား နှစ်ကယ်ရောင်ပြောင်လက်နေသော သေနတ်ပြောင်းဝသို့ မတွန့်မရွံ့ လျှောက်ဝင်သွားသည်။

လျှပ်တစ်ပြက်အတွင်း သေနတ်သံ ဒိုင်းခနဲဟိန်းထွက်သွားသည်။ မော်ဂင် တစ်ချက်ယိုင်သွားရ၏။ ကျည်ဆံက သူ့ဗိုက်ကို မှန်သွားပြီ။ သို့ပေမယ့် မော်ဂင် ဒယီးဒယိုင် ဆက်လျှောက်၏။ အရူးကို ခုန်အုပ်ပြီး သေနတ်ကို အရယူလိုက်၏။ သည်နောက်မှ ပြိုလဲကျသွားပြီး သတိလစ်သွားတော့သည်။ အိမ်သားများ အချိန်မီရောက်လာကြရာမှ ဆေးရုံသို့ သေပြေးရှင်ပြေးပို့ခဲ့ကြသည်။ သေကွင်းသေကွက်နှင့် တစ်လက်မလောက်ကွာသွားသဖြင့် သေမင်း နောက်ဆုတ်သွားရ၏။

ဝေါလ်စထရိ အမှတ် ၂၃ တွင် ရွှေများရဲ့သခင် ရွှေဘုရင်ကြီးဖြစ်ရမည့်ဇာတာပါလာသော သူ့ကို လွယ်လွယ်နှင့် သတ်လို့မရခဲ့။ တကယ်တော့ သူ့ရုံးခန်းက အခိုင်အခံ့ဆောက်ထားသော တိုက်ပုလေးသာဖြစ်လင့်ကစား ကုဋေပေါင်းများစွာ ရောင်းဝယ်ရေးဌာနဖြစ်၍ 'လမ်းထောင့်တိုက်ကြီး'လို့ လူသိများသည်။

ကမ္ဘာလှည့်ခရီးသည်တွေလာလျှင် ခရီးလမ်းညွှန်ဖြစ်သူက ထိုတိုက်မျက်နှာစာမှ ရောမအက်ကြောင်းကို ပြသဖို့ ဘယ်တော့မျှ မမေ့ခဲ့ကြ။ ၁၉၁၆ ခုနှစ်အတွင်းက လူပေါင်း ၄၀ ကို ပွဲချင်းပြီးစေခဲ့ပြီး၊ လူ ၂၀၀ ကျော် ဒဏ်ရာရစေ၍၊ ပေါင် ၄ သိန်းဖိုးပျက်စီးခဲ့သော ဗုံးခွဲမှုကြီးမှ မပျောက်မပျက်ကျန်ရစ်ခဲ့သည့် သက်သေခံ အမှတ်အသားပါပေတည်း။ မွန်းတည့်ပြီး ၁ မိနစ်တိတိ၌ မမျှော်လင့်ဘဲ ဖြစ်ရပ်ဆိုးကြီးနှင့် ကြုံလိုက်ကြရခြင်း ဖြစ်ပါ၏။

ငွေလမ်းပေါ်၌ ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော စိတ်အေးလက်အေး ဝင်ထွက်သွားလာနေကြသူများဖြင့် ပျားပန်းခတ် စည်ကား

နေချိန်။ မော်ဂင်ကုမ္ပဏီတိုက်ရှေ့တွင်ရပ်ထားသော မြင်းအိုကြီးတပ် ထားသည့် ရထားလုံးတစ်စီးကို ဘယ်သူမျှ သတိမထားမိခဲ့ပါချေ။

ဖြူနီးဆို ဝင်းခနဲလက်ခနဲ မျက်စိတွေကျိန်းသွားအောင် စိမ်းပြာ တန်းအလင်းရောင်ကြီးကို မြင်လိုက်ကြရသည်။ နောက် ကြောက်မက် ဖွယ် မြည်ဟိန်းပေါက်ကွဲသံကြီး တစ်ချက်။ မိုးမျှော်တိုက်ကြီးများကို သိမ့်သိမ့်တုန် လှုပ်ခါပစ်လိုက်သည်။

ယမ်းဘီလူး ပေါင်ချိန် ၁၁၀ အားနှင့်ညီမျှသော ပေါက်ကွဲမှုကြီး နှင့်အတူ ဗုံးဆံများက ဒုံးပျံအလား ပတ်ဝန်းကျင်အရပ် ၁၀ မျက်နှာသို့ ပျံ့နှံ့ထွက်သွားသည်။ ထောင်ပေါင်းများစွာသော ပြတင်းပေါက်တွေ တစ်စစီဖြစ်ကုန်သလို မှန်ကွဲစတွေက လမ်းဘေးစင်္ကြံပေါ်သို့ မုန်တိုင်း အော်သံကြီးနှင့်အတူ ကြွေကျလာကြ၏။ အနီးအနား အဆောက်အဦ များမှ ၁၂ ထပ်တိုင်အောင် မီးတောက်ကြီးများ တဟုန်းဟုန်းတောက် နေခဲ့ရပါလေပြီ။

[illegible]

ပြတင်းဘောင်တွေပေါ်တွင် ပိုးစိုးပက်စက် ပြန့်ကြဲခဲ့ရ၏။ ဒဏ်ရာ ရသူတွေကလည်း သွေးရဲရဲသံရဲရဲ။ သွေးရူးသွေးတန်းနှင့် အော်ညည်းလို့ ငိုသူကငို။ မသေမရှင်တွေကလည်း တစ်ပုံကြီး။ မီးသတ်ကားနှင့် ဆေးရုံ ကားများက ဥဩသံတွေပေးလျက် အနိဋ္ဌာရုံတွေကြား တိုးဝင်လာသည်။ မီးခိုးအမှောင်တိုက်ကြီး ပြယ်လွင့်သွားသောအခါ ဗုံးထောင်ထားခဲ့သည့် မြင်ရထားမှာ လှည်းဘီးအစအန, သံတိုမယ်နတချို့, မြင်းခွာ ၂ချောင်း သာကျန်ခဲ့တာကို တွေ့ရ၏။

ဒါပေမယ့် မသမာသူတွေ၏ အဓိကပစ်မှတ်ဖြစ်သော မော်ဂင် မှာ ထိုအချိန်က သူ့ရုံးခန်းထဲမှာ မရှိပါ။ ကံကြီးလှစွာဖြင့် ဥရောပ တစ်နေရာသို့ ရောက်နေလေသည်။ သူက လူမဆန်သော ရက်စက် ယုတ်မာမှုကြီး၏ လက်သည်တရားခံ မကောင်းဆိုးဝါးတွေကို ဖော်ထုတ်

ဖမ်းဆီးဖို့ ကြိုးပမ်းခဲ့၏။ ဘယ်လောက်ပဲကုန်ကုန် ငွေကိုပုံအောရှ်သုံးစွဲခဲ့သည်။ ဆုငွေ ပေါင် ၁ သောင်းပေးသည်။ ရဲတပ်ဖွဲ့ဝင်များ, အက်ဖ်ဘီအိုင် ပြည်ထောင်စုစုံထောက်အဖွဲ့ကြီးနှင့် လျှို့ဝှက်ထောက်လှမ်းရေးသမားတွေသာမက အလွတ်စုံထောက်များပါ ဌားရမ်းကာ သမိုင်းတွင် အကြီးမားဆုံးသောအမဲလိုက်ပွဲကြီး ဆင်နွှဲခဲ့သည်။

ကမ္ဘာတစ်လွှား ပိုက်စိပ်တိုက် ရှာဖွေကြသည်။ သင်္ဘောဆိပ်, လေဆိပ်တွေကိုလည်း မျက်လုံးပေါင်း ၁၀၀၀ နှင့် စောင့်ကြည့်ကြသည်။ ကနေဒါနှင့် မက်စီကို နယ်စပ်ပါမကျန်။ နယူးယောက်,ချီကာဂိုနှင့် အခြားအမေရိကန်မြို့ကြီးများရှိ ဒုစရိုက်ဂိုဏ်းတွေထဲသို့ပင် ထိုးဖောက်ပြီး သဲလွန်စရဖို့ မွှေနှောက်ကြ၏။ ငွေကို ရေလိုသုံးခဲ့ပေမယ့် အလဟဿ။

ရာဇဝတ်ကောင်ကား အနှစ် ၃၀ ယနေ့တိုင် လွတ်မြောက်နေဆဲ။ လျှို့ဝှက်မှုသည် လျှို့ဝှက်မှုအတိုင်းသာ ကျန်ရစ်ခဲ့၏။ ထို့နောက်ပိုင်းမှစ၍ မော်ဂင်၏ရုံးရှေ့တွင် လက်နက်ကိုင်စုံထောက်များကို အချိန်ပြည့်ကင်းချထားလိုက်သည်။ အခြားတိုက်တွေပေါ်က ဗုံးပစ်မချနိုင်အောင် အမိုးကို သံမဏိပြားများ ဖုံးအုပ်စေခဲ့သည်။ ပတ်လည်ကိုလည်း သံတံတိုင်းကာလိုက်ခြင်းဖြင့် ခံတပ်တစ်ခုနှင့် မခြားတော့။ ထို ခံတပ်ရုံးခန်းထဲမှာတော့ စာသင်ခန်းတစ်ခန်းကဲ့သို့ စားပွဲ ၂ တန်း ရှေ့နောက်ဆင့်လျက်။ ထိုစားပွဲများ၌ အစုရှယ်ယာဝင် ဒါရိုက်တာ ၁၈ ယောက် အလုပ်လုပ်နေကြ၏။ သူတို့နောက်မှာမှ စာမေးပွဲစစ်နေသော ကျောင်းအုပ်ကြီး၏ စတိုင်ဖြင့် ဥက္ကဋ္ဌကြီးမော်ဂင်က အခံ့သားထိုင်နေပါလေ၏။

အခြားသော ပုဂ္ဂလိကဘဏ်လုပ်ငန်းများမှာ မော်ဂင်၏ ကုမ္ပဏီလောက် ကမ္ဘာ့အရေးအခင်းများ၌ အရေးပါဆုံးကဏ္ဍက ပတ်သက်လှုပ်ရှားခြင်း မရှိခဲ့ချေ။ ဖလော်ရင့်စ်နှင့် ရို့သ်ချိုင်းလ် အော့ဖ် ယူရုတ်ကဲ့သို့ ကျားကုမ္ပဏီကြီးများပင် ဂုဏ်သိက္ခာအရာတွင် မော်ဂင်ကို

လိုက်မမီခဲ့ချေ။ ရိုသ်ချိုင်းလ်သည် ဥရောပတိုက်ကို နပိုလီယန်၏ အန္တရာယ်မှ ကယ်တင်ပေးနိုင်ခဲ့၏။

သို့ရာတွင် မော်ဂင်၏ဘဏ်က တခြားသော ငွေလုပ်ငန်းရှင် ဘဏ်သူဌေးတစ်ဦးချင်းထက် အစွမ်းထက်ကာ မဟာမိတ်တပ်များအား ပထမကမ္ဘာစစ်ကြီးကို အနိုင်ရစေခဲ့၏။ ၁၉၁၅ ခုနှစ်အတွင်းက မော်ဂင် ကုမ္ပဏီသည် နိုင်ငံခြားငွေများကို အလုံးအရင်းနှင့် ထုတ်သုံးလိုက်၏။ ပေါင်ပေါင်း သန်း ၁၀၀ ကျော်ကို သမုဒ္ဒရာများဖြတ်၍ မဟာမိတ်များ စစ်စရိတ်အတွက် အင်အားပါပါ ပံ့ပိုးပေးနိုင်ခဲ့၏။ သို့နှင့်မက အမေရိကန်ပြည်၌ မော်ဂင်တို့သည် မဟာမိတ်စစ်တပ်များအားလုံး၏ အဝယ်တော်များ ဖြစ်ခဲ့သည်။ သန်းပေါင်း သန်းချီတန်ပိုးရှိသော စစ်လက်နက်များနှင့် လူ့အသုံးအဆောင်, ရိက္ခာပစ္စည်းများကို တင်သွင်းရခြင်းပါ။ တစ်လအတွင်း ဝယ်ယူတင်သွင်းမှုပမာဏသည် တစ်ကမ္ဘာလုံး၏ အသုံးစရိတ်ထက် ပိုများသည်ဟုပင် ဆိုစမှတ်ပြုရ၏။

ဂျေ၊ ပီ၊ မော်ဂင်သည် လန်ဒန်မှာ အနေများသကဲ့သို့ပင် ကားစက်သံ ဆူဆူညံညံနှင့် မီးခိုးလှိုင်းထနေသော နယူးယောက်ကိုလည်း အပြေးအလွှား သွားနေတတ်သည်။

သူ့ဖခင်ကြီးရှိစဉ် နှစ်ပေါင်းအတန်ကြာကပင် မော်ဂင်ကုမ္ပဏီ၏ 'အင်္ဂလန်ဌာနခွဲမှူး' ရာထူးရခဲ့၍၊ ဝေါလ်စထရီသို့ ပြန်ရောက်တော့ ညနေပိုင်း လက်ဖက်ရည်သောက်သော အင်္ဂလိပ်တို့၏ဓလေ့ထုံးစံ စွဲပါလာ၏။

၁၉၄၃ ခုနှစ် သူ မသေခင်နေခဲ့သော အိမ်ကြီးတစ်လုံး ဂရောစ်ဗင်းနားပန်းခြံ၌ ရှိနေခဲ့သည်။ မော်ဂင်က သူ့အိမ်ကြီး၌ အချိန်မရွေးခိုင်းရန် အသင့်ဖြစ်နေသော အစေအပါးတွေ တစ်အုပ်ကြီး ခန့်ထားခဲ့၏။ သူ လနှင့်ချီ၍ အိမ်မှာမရှိသည့်တိုင် သူ့အတွက် ညစာစားပွဲပြင်ထားတာ

တွေ့ရသည်။ အငွေ့တလူလူ ပူပူနွေးနွေး ချက်ပြုတ်ထားကြသည်။ ပြီး သူ့အိပ်ရာကို ညစဉ် ခင်းကျင်းပြင်ဆင်ပေးထားရသေးသည်။

သူသည် အမေရိကန်ရှိ အက်ပစ်ခ်ကော်ပယ် ဘုရားကျောင်းလူကြီး တစ်ဦးဖြစ်သလို၊ ရောမက ပုပ်ရဟန်းမင်းကြီးနှင့်လည်း ပုံမှန်စာအဆက်အသွယ်ရှိခဲ့သည်။ ဗာတီကန် သာသနာ့မြို့တော်သို့ သွားရောက်လည်ပတ်သည့်အခါများတွင်လည်း သူသည် ပုပ်ရဟန်းမင်းကြီးနှင့် နာရီပေါင်းများစွာထိုင်ပြီး စကားလက်ဆုံကျကြလေ့ ရှိသည်။ ဘာတွေများ အရေးတကြီးပြောသည် ထင်ပါသနည်း။

ကောပတစ်ဘာသာဖြင့် ရေးထားသော ပေစာများနှင့် အီဂျစ်ရှေးဟောင်းစာပေများအကြောင်း ဆွေးနွေးကြခြင်းပင် ဖြစ်ပါသည်။

ယခုအခါ မစ္စတာမော်ဂင်၏ စာကြည့်တိုက်ကြီးသည် ကမ္ဘာကျော်ရလောက်အောင် ဖြစ်နေသည်။ အမေရိကတိုက်ကို ကိုလံဘတ်ရှာမတွေ့ခင် အနှစ် ၅၀၀ ခန့်က ဘုန်းတော်ကြီးများရေးသားစီရင်ခဲ့သော ရှားပါးကျမ်းစာများကို ငွေပုရပိုက်များဖြင့် အများအပြားစုဆောင်းထားရှိပေသည်။

သူ့တွင် ရှိတ်စပီးယား၏ အဖိုးမဖြတ်နိုင်သောစာစုများနှင့် ဂူတင်ဘတ်၏ သမ္မာကျမ်းစာတစ်တွဲလည်း ရှိခဲ့၏။ ထိုကျမ်းစာအုပ်တစ်အုပ်သည်ပင်လျှင် အနည်းဆုံး ပေါင် ၄ သောင်းမျှ တန်ပေလိမ့်မည်။ မော်ဂင်သည် ရှိတ်စပီးယားစာများနှင့် သမ္မာကျမ်းစာများကို အထူးပြုကျွမ်းကျင်ရာ၌ ၂ ယောက်မရှိအောင် ကျော်ကြားခဲ့သည်။ ထို့အတူ ခင်ဗျားတို့ ကျွန်တော်တို့လိုပင် စုံထောက်ဝတ္ထုကောင်း တစ်ပုဒ်ကို စွဲစွဲမက်မက်ဖတ်ဖို့လည်း ဝါသနာကြီးသူ ဖြစ်ပါ၏။

'ကြီးမြတ်သော မော်ဂင်'ဟု လူသိထင်ရှားသူ သူ့ဖခင်ကြီးကဲ့သို့ပင် သူသည် 'အနုပညာပါရဂူ' ဆိုရမည့်သူပါ။

သူသည် သန်းပေါင်းထောင်ချီအောင် မရေမတွက်နိုင်သော ငွေများဖြင့် ပန်းချီကားများ, ပန်းပုရုပ်များ, ဇာပန်းထည်များ, ပိုးရုပ်လွှာများ, ကြွေထည်များနှင့် သမိုင်းဝင်ရတနာများကို အမြတ်တနိုး ဝယ်ယူသိမ်းဆည်းခဲ့၏။ ၎င်းတို့အနက်မှ အဖိုးမဖြတ်နိုင်သော ပန်းချီကားတချို့ကို ပြန်ရောင်းမည်ဆိုလျှင် ထိုပန်းချီကား၏ ရာဇဝင်ကို သတင်းစာတိုင်းက ၂ လိုင်း စာလုံးမည်းကြီးများဖြင့် မျက်နှာဖုံးက အသားပေးဖော်ပြရစမြဲ။

တစ်ခုသော ခရစ္စမတ်အကြိုညမှာ မော်ဂင်၏စာကြည့်တိုက်၌ အထူးခြားဆုံး အခမ်းအနားတစ်ရပ် ကျင်းပခဲ့၏။ သူ့မြေးများ, မြစ်များနှင့်ရင်းနှီးသော သူ့မိတ်ဆွေတချို့ ဝိုင်းဖွဲ့ကာ ခရစ်တော်၏ ဘဝဖြစ်စဉ်အား ဂီတဖြင့် ဖွဲ့ကျူးထားသော ဓမ္မသီချင်းကို နားထောင်ကြခြင်းဖြစ်ပါသည်။ ထို တေးဇာတ်လမ်းမှာ ပုံနှိပ်စာအုပ်မှမဟုတ်ဘဲ စာရေးဆရာကြီး ချားလ်စ်ဒစ်ကင်း၏လက်ရေးဖြင့် ရေးထားသော မူရင်းစာမူကိုကြည့်၍ သီဆိုစေခဲ့ကြခြင်းသာ။

မော်ဂင်သည် ကျိုကျိုတက်ချမ်းသာလင့်ကစား အနေအထိုင်နှင့် ဓလေ့ဝါသနာမှာ အင်မတန်ရိုးသား၏။ ပမာပြရသော် သူသည် ဦးထုပ်အစုတ် တစ်လုံး, ကုတ်အင်္ကျီအဟောင်း တစ်ထည်နှင့် မိုးရွာထဲလျှောက်သွားရင်း မိုးပေါက်ကလေးတွေ မျက်နှာလာမှန်သည့် အရသာကို အလွန်နှစ်ခြိုက်၏။

မော်ဂင်သည် သူ့ဇနီးသည်အပေါ်မှာလည်း စုံမက်ယုယလှသလို၊ ၁၉၂၅ ခုနှစ်၌ ချစ်ဇနီး ကွယ်လွန်သွားသည့်နောက် သူမ၏ အခန်းကို နေ့စဉ် လက်ရာမပျက် လှပစွာမွမ်းမံပြင်ဆင် ထားစေသည်ဟူ၏။ သူ့ဇနီးမှာ တစ်ခေတ်က 'မနိုးသောအိပ်ခြင်း'ဟု အမည်တွင်သည့် ရောဂါဆန်း(ကိုမာ)ရ၍ မျောသေ သေခဲ့ရခြင်းဖြစ်၏။ မော်ဂင်၏

သိန်းသန်းကုဋေမကသော ရွှေငွေများက သူမအသက်ကို မကယ်နိုင်ခဲ့ချေ။

ပန်းများကို အရူးအမူးချစ်သော သူ့ဇနီးသည်က 'ပန်းချစ်သူများကလပ်'ကို တည်ထောင်ခဲ့သလို၊ ကလပ်ဝင်များမှာ ကိုယ်ပိုင် ပန်းဥယျာဉ်တစ်ခုစီ စိုက်ပျိုးကြရ၏။

သို့ဖြင့် ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင် ဘီလျံနာကြီး ဂျေ၊ ပီ၊ မော်ဂင်သည် သူ့ဘဝ နောက်ဆုံးအချိန်ထိ ဘောင်းဘီပွကြီးဝတ်ကာ ကွယ်လွန်သူချစ်ဇနီး၏ပန်းခြံထဲက ပန်းပင်လေးများကို ကိုယ်တိုင် ပေါင်းသင်မြေဆွပြီး အလှမပျက်အောင် ပြုစုယုယ နေခဲ့ရှာပါလေသတည်း။



# အဆိုတော် အသောက်တော် နာမည်ကျော်

အင်ရီကို ကရူးဆိုး

မိခင် လယ်သူမကြီးခမျာ သူ့ဂီတသင်တန်းကြေး ပေးနိုင်ရေးအတွက် ဖိနပ်မပါ ခြေဗလာဖြင့် ကိုးကျင်းကိုးကုန်း လျှောက်သွားပြီး နေပူမိုးရွာမရှောင် အလုပ်လုပ်ခဲ့ရသည်။

သူလည်း ကမ္ဘာ့အကောင်းဆုံး အဆိုကျော်တစ်ဦး ဖြစ်ခဲ့ရသည်။

အစက သူ့နာမည် မသိသေးသော ပရိသတ်တွေက "ဟိုအမူး သမားဆိုဟော့"လို့ ပွဲတောင်းခံခဲ့ကြသည်။

သို့သော် အရက်၏ ကျေးကျွန်ဘ၀ဖြင့် သနားစရာ သူ့ဇာတ်သိမ်းမှာ

■

အင်ရီကို ကရူးဆိုး ၄၈ နှစ်အရွယ်သည် ၁၉၂၁ ခုနှစ်၌ ကွယ်လွန်ခဲ့ရာ တစ်ပြည်လုံး မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရသည်။ အကြောင်းက သူ့လောက် အသံချိုသည့်အဆိုတော်မျိုး နောက်နောင် ဘယ်အခါမျှ ပေါ်လာတော့မည် မဟုတ်သောကြောင့်ပါပေတည်း။

ကမ္ဘာတစ်ခုလုံး ရှိက်ငိုဆုတောင်းသံတွေ ဖုံးလွှမ်းသွားချိန်မှာပင် ဝိညာဉ်ငှက်ငယ်သည် အဝေးသို့ ပျံပြေးခဲ့ပါလေပြီ။

အဆမတန် ပင်ပန်းလွန်းလှသည့် ဘဝဒဏ်၊ အအေးမိသည့်ကြားမှ ပေတေပေါ့ဆခဲ့သည့် ဒဏ်တွေကြောင့် ၆ လတိုင် အိပ်ရာထဲလဲ၍ ဝေဒနာအသည်းအသန်ခံစားရင်း သေမင်းနှင့် စစ်ခင်းခဲ့ရသည်။

ထိုအတောအတွင်းက ကမ္ဘာတစ်ဝှမ်းက သူ့ကိုချစ်သော ပရိသတ်ကြီး၏ အသည်းလှိုက်အူလှိုက် ဆုတောင်းပေးသံများမှာ သောသောညံနေခဲ့၏။

ကရူးဆိုး၏ ပဥ္စလက်ဆန်သောစားသံသည် ဘုရားသခင်ထံမှ နှင်းအပ်သောလက်ဆောင် ဟု အပြတ်မပြောနိုင်သလို၊ နှစ်ပေါင်း၊ လပေါင်း၊ ရက်ပေါင်းများစွာ မလျှော့သောဇွဲနှင့် အလုံဖြူ မတင်စတမ်း သန္နိဋ္ဌာန်ချ၍ ကြိုးစားလေ့ကျင့်ခဲ့ခြင်း၏ ရလဒ်လည်း ဖြစ်ပါသည်။

ကနဦး၌ သူ့အသံကို ပြာတာတာနှင့် ကြောင်စီစီနိုင်လှချည့်ရဲ့ ဟု ဆရာတစ်ယောက်က ဝေဖန်ခဲ့၏။

“ဒီအတိုင်းဆို မင်း သီချင်းဆိုနိုင်မှာ မဟုတ်ပါဘူးကွာ။ အသံ ၇ ပေါက်မှာ ၁ ပေါက်မျှ မတည့်တဲ့အပြင် ကြောင် အမြီးညှပ်လို့အော်တဲ့ အသံမျိုး။ သုံးမရ လုံးဝ လုံးဝပဲ”

ဤသို့ဖြင့် နှစ်အတော်ကြာအထိ ခက်ခဲသောသင်္ကေတနုတ်စ်တွေအပေါ်တွင် ညောင်နာနာအသံလေးဖြင့် ဖျစ်ညှစ်ဆိုရင်း အရပ်ဖျော်ဖြေပွဲတစ်ခုမှာ သနားစရာမျက်နှာလေးနှင့် စတက်ခဲ့ရခြင်းလည်း ဖြစ်ပါသည်။

အနုပညာသည်တို့၏ သဘာဝအတိုင်း ကရူးဆိုးလည်း အောင်မြင်မှုကို ယစ်မူးခဲ့ပါ၏။ သို့သော် သူ အထွတ်အထိပ်သို့ ရောက်၍ လျှမ်းလျှမ်းတောက်ဖြစ်နေစဉ် သူ မအောင်မြင်ခင်က ရုန်းကန်ခဲ့ရသော ဘဝကို ပြန်လည်မြင်ယောင်ပြီး မျက်ရည်ပေါက်ပေါက် ကျခဲ့ရသည် ဆို၏။

သူ ၁၅ နှစ်အရွယ်မှာ သူ့မိခင်ကြီး အနီးစွ ရောက်ခဲ့ရှာသည်။ ဒါပေမယ့် သူ သွားလေရာမှာ မိခင်ကြီး၏ဓာတ်ပုံက ကိုယ်နှင့်မကွာ ပါနေကျ။ သူ့မိခင်က ကလေး ၂၁ ယောက် မွေးခဲ့သည်။ ၁၈ ယောက်မှာ မွေးစဥ်ပင် သေဆုံးသွားကြသည်။ ကရူးဆိုးအပါအဝင် ၃ ယောက်သာ အဖတ်တင်၏။

သူ့အမေသည် ပီဘိ တောသူမကြီးဖြစ်ကာ၊ ဘဝ၏ ကြမ်းတမ်းခက်ခဲမှုများနှင့် မျက်ရည်၏အရသာကို ကောင်းကောင်းကြီး သိခဲ့၏။ သို့နှင့်အမျှ တစ်မိပေါက် တစ်ယောက်ထွန်းပါစေတော့ဆိုပြီး ကရူးဆိုး၏ ဝါသနာဗီဇကို မြေတောင်မြှောက်ပေးဖို့ ကြိုးစားခဲ့သည်။ သားဖြစ်သူအတွက် သူ့ဘဝကို အဆုံးစွန်ပေးဆပ်ခြင်းဖြင့် စတေးခံရန်ပင် သူ့စွာပြုခဲ့ပုံရသည်။ ဒါကို ကရူးဆိုး အစဉ်အမြဲ ပြောပြတတ်ပါ၏။

"ကျွန်တော့်အမေဟာ ဖိနပ်မပါ ခြေဗလာနှင့် ရွာရိုးကိုးပေါက်လျှောက်ပြီး ကျွန်တော် သီချင်းဆိုနိုင်ခွင့်ရရေးအတွက် အလုပ်တွေဖိလုပ်ခဲ့တယ်၊ ငွေ စုခဲ့တယ်။ ခုလို စင်ပေါ်မှာ အောင်မြင်နေတာများ အမေမြင်လိုက်ရင် ဘယ်လောက်များ ဝမ်းသာလိုက်မလဲဗျာ" ဟုပြောရင်းက တရှုံ့ရှုံ့ဖြင့် ငိုပါလေရော။

ကရူးဆိုး ၁၀ နှစ်သားတွင် သူ့အမေက သူ့ကို ကျောင်းနုတ်ကာ စက်ရုံတစ်ရုံတွင် ဝင်လုပ်ခိုင်းလိုက်၏။ အလုပ်မှ ပြန်လာသည့် ညနေတိုင်း ကရူးဆိုးက ဂီတကို သင်ကြားလေ့ကျင့်၏။ ဒါပေမယ့် သူ ၁၂ နှစ်သားအရွယ်၌ သီချင်းဆိုရန် အလုပ်ထွက်လိုက်သည်။ မနီးမဝေးကမှ ကဖီးဆိုင်တွင် ညစာတစ်နပ်နှုန်းဖြင့် သီချင်းဆိုပြရန် အခွင့်အရေးရသည်။ မကြာမကြာဆိုသလိုလည်း အပျိုမလေးတွေ ပြတင်းပေါက်ရှေ့မှာ လျှောက်ပြန်သံပေး ခြေအေးဝမ်းယောင်လုပ်ကာ 'လမ်းပေါ်က အဆိုကျော်'အဖြစ် သီချင်းတကြော်ကြော် ဟာစ်ခဲ့တာလည်း ရှိ၏။

တစ်ခါတစ်ရံ အငှားလိုက်အဆိုတော် လုပ်ရပြန်သေး၏။ ရှေ့မှ သူငယ်ချင်းက သူ့ရည်းစားကို လူလုံးပြထားပြီး၊ ချုံကွယ်မှ သူက ဗီလင်အပြည့်ဖြင့် နောက်ခံဆိုပေးရခြင်း ဖြစ်ပါသတဲ့။

နောက်ဆုံး စင်ပေါ်တက်ခွင့် ဈေးဦးပေါက်သည်။ တေးဂီတ ပြဇာတ်တစ်ခု၌ သီချင်းဆိုရန် အကြောင်းဆိုက်လာသည်။ အစမ်းဆို ပြရာတွင်မူ သူ အကြောက်လွန်ပြီး အသံမထွက်တော့။ ထွက်လာတော့ လည်း အသံပျက်၍ အက်တက်တက်ရှတတကြီး ဖြစ်နေ၏။ သူ ထပ်တလဲလဲ ကြိုးစားရှာပါသည်။ သို့တိုင်အောင် သီချင်းတစ်ပုဒ်ပြီး တစ်ပုဒ်ပျက်ခဲ့ရပြီး မျက်ရည်ဖြိုင်ဖြိုင်စီးလျက် ဇာတ်ရုံမှ ထွက်ပြေးခဲ့ရသည်။

နောက်တစ်ကြိမ်ကတော့ မကြေပွဲ။ ပြဇာတ်စင်မြင့်ပေါ် မတက်ခင်ကတည်းက အရက်ကို မူးအောင်သောက်၍ ရဲဆေးတင်ပြီး ဟာစ်ခဲ့ခြင်းသာဖြစ်၏။ သူ အရက်အလွန်အကျွံ မူးနေသဖြင့် သူ့သီချင်းသံမှာ ပရိသတ်၏ ဆူပွက်လောင်ပြောင်သံများအောက်တွင် နစ်မြုပ်သွားခဲ့ရ ပြန်သည်။ စင်စစ်တော့ ထိုအချိန်ထိ သူက လေ့ကျင့်ဆဲနှင့် တက်သစ်စ အဆိုရှင်ဘဝသာ ရှိပါသေးသည်။

ငါစ်ည ခေါင်းဆောင်အဆိုတော် ရုတ်တရက်ဖျားၡ် ကရူးဆိုး လည်း မရှိ။ အရေးပေါ် လူလွှတ်ပြီး သူ့ကို လမ်းတကာ လိုက်ရှာကြ သည်။ အဆုံးတွင် အရက်ဆိုင်တစ်ဆိုင်၌ လေတိုက်လျှင် လဲတော့မည့် ပုံဖြင့် ရေချိန်ကိုက်နေတာ တွေ့လိုက်ရသည်။ သတင်းကြားကြားချင်း ပြဇာတ်ရုံသို့ သူ ခြေကုန်သုတ်ပြေးခဲ့၏။ ဇာတ်ခုံနောက်သို့ မောကြီး ပန်းကြီး ရောက်သွားရာမှ အဝတ်လဲခန်း၏ အိုက်လှောင်မှုနှင့် အရက်၏ ပူပြင်းမှုများပေါင်းစပ်၍ အမူးဒီဂရီ ပိုတက်သွားရသည်။ ကမ္ဘာကြီးက ချားရဟတ်လို ဖြုန်းခနဲ သွက်သွက်လည်နေသည်။ သည်ကြားထဲမှ ဇွတ်မိုတ်၍ စင်ပေါ်တက်ခဲ့ရာ စင်အလယ်တွင်ပင် အရုပ်ကြိုးပြတ် ပုံကျသွားရတော့သည်။ ပွဲအသိမ်းမှာ သူလည်း ရေရေလည်လည် အကြိမ်းခံရပြီး အလုပ်ထုတ်ခံလိုက်ရ၏။

နောက်တစ်နေ့ အမူးပြေချိန်မှာတော့ သူ့မျှော်လင့်ချက်တွေ ရေစုန်မျောပါပြီဆိုပြီး ယူကျုံးမရ ဖြစ်စိတ်နှင့် တဒင်္ဂ ရူးသွပ်မိုက်မဲမှုဖြင့် သူ့ကိုယ်သူ သေကြောင်းကြံရန် ကြိုးစားမိတော့၏။

သူ့အိတ်ထဲမှာ လိုင်ရာငွေ ၁ ကျပ်သာ ရှိသည်။ ဝိုင်အရက် တစ်လုံးဖိုးတော့ ရပါရဲ့။ တစ်နေကုန် ဘာမျှတော့ မစားရသေး။ ဖြစ်ချင်ရာ ဖြစ်စမ်း။ ဝိုင်တစ်လုံးလုံး ကုန်အောင်သောက်ရင်း သူ့ကိုယ် သူ ဘယ်လိုသတ်ရမလဲဟု အကြံထုတ်နေခိုက်မှာပင် အခန်းတံခါးပွင့်၍ လူတစ်ယောက် ဒရောသောပါးဝင်လာ၏။ ပြဇာတ်ရုံမှ လွှတ်လိုက် သော ခြေမြန်တော်ပင် ဖြစ်နေ၏။ ခြေမြန်တော်က အားရပါးရ အော်လျက်

"ကရူးဆိုး ကရူးဆိုး။ မြန်မြန် လိုက်ခဲ့စမ်းပါ။ ပရိသတ်တွေက လူစားထိုးထားတဲ့ အဆိုတော်ခေါင်းဆောင်ကို မကြိုက်လို့ စင်ပေါ်က မောင်းချနေပြီ။ သူတို့က ခင်ဗျားကို အခုခေါ်ပေးလို့ အော်နေကြတယ်။ ခင်ဗျားအတွက် အကွက်ပဲ"

"ဘာ။ ငါ့အတွက်။ ဟုတ်လား။ မဖြစ်နိုင်တာပဲကွာ။ ငါ့နာမည်တောင် မသိတဲ့ပရိသတ်က ငါမှငါဆိုပြီး တမ်းတရတယ်လို့"

"ဟုတ်ပါတယ်။ သူတို့ ခင်ဗျားနာမည်မသိတာတော့ အမှန်ပါပဲ။ ဒါပေမယ့် ခင်ဗျား ဘယ်သူဆိုတာ သူတို့ သိနေကြတယ်။ ခင်ဗျားရဲ့ ဂုဏ်ပုဒ်ကိုဖော်တာ နာမည်ခေါ်တာနှင့် ဘာထူးခြားမှာလဲ။ အဲ–သူတို့အော်ခေါ်နေကြတာ 'ဟို အရက်သမားအဆိုတော်'တဲ့။ 'အမူးသမား အဆိုတော်အသံမှ တို့ကြိုက်တယ်'တဲ့"

ဒီလိုနှင့်ပင် အရက်သမားအဆိုတော်သည် ကမ္ဘာကျော် ချိုတေးရှင်ကြီး ဖြစ်ခဲ့ရသည်။ မီလျံနာအဆိုကျော်ကြီး ဖြစ်ခဲ့ရသည်။ သန်းကြွယ်သူဌေးကြီးဘဝဖြင့်ပင် အသက်ဆုံးခဲ့ရသည်။ သူ့ဓာတ်ပြားများမှ ဝင်ငွေကပင် ပေါင် ၄ သိန်းကျော်၏။

ငယ်စဉ်က ဆင်းရဲမွဲတေမှုဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားခဲ့ရခြင်းသာမက ချမ်းသာသည့် အချိန်မှာလည်း ထင်သလောက်မပျော်နိုင်ဘဲ သေသည့်တိုင် ဒဏ်ရာရရှမ်းလျှနေခဲ့ရကြောင်းကို သူ့ကိုယ်ပိုင်မှတ်စုစာအုပ်လေးထဲ၌ မခြွင်းမချန် ရေးသားထားခဲ့၏။ သို့နှင့်အမျှ မကြုံစဖူးချမ်းသာသမျှကို အရမ်းကာရော သုံးဖြုန်းပစ်ခဲ့သည်။

တန်ဖိုးမဖြတ်နိုင်သော ရှေးလက်ရာ ဇာပန်းထည် တစ်ခု၊ သို့မဟုတ် ဆင်စွယ်ရုပ်ထု တစ်ခုကို ဝါသနာအလျောက် စုဆောင်းရန် ဘယ်လောက်ပေးရပေးရ ဝယ်သည်။

အီတလီလယ်သမားပီပီ မျိုးရိုးလိုက်၍ အယူသီးရာမှာလည်း ၂ ယောက်မရှိ။ သူ သေဆုံးချိန်အထိ မကောင်းဆိုးဝါး မိစ္ဆာရုပ်တွေကို ရဲရဲမကြည့်ဝံ့။ ဖဲဒင်မမေးဘဲနှင့် ရေကြောင်းခရီးကို ဘယ်တော့မျှ မသွား။ လှေကားအောက်က မဖြတ်သလို၊ သောကြာနေ့မှာ အင်္ကျီ၊ ဘောင်းဘီအသစ် ထုတ်မဝတ်။ ထို့အပြင် အင်္ဂါနေ့ သို့မဟုတ် သောကြာ

နေ့တွင် သူ့ကို ခရီးထွက်ရန် ဘယ်သူမျှ ခေါ်လို့ရမည် မဟုတ်ပါ။ အသန့်ကြိုက်ရာတွင်လည်း အသဲအမဲ ဥပါဒါန်ကပ်လွန်းလှသည်။ အိမ်ကို တစ်ခါပြန်ရောက်တိုင်း အတွင်းခံဘောင်းဘီပါမကျန် တစ်ကိုယ်လုံးရှိအဝတ်အစားတွေ လဲပစ်တတ်လေ့ရှိခြင်းပင် ဖြစ်၏။ သူသည် ကမ္ဘာပေါ်တွင် ၁ သန်းမှာ ၁ ယောက်သာရှိသော အရှားပါးဆုံးနှင့် အဖိုးတန်ဆုံးအသံကို ပိုင်ဆိုင်ခဲ့သော်လည်း အဝတ်လဲခန်းထဲ၌ မိတ်ကပ်လိမ်းရင်းကပင် စီးကရက် အငွေ့ထောင်းထောင်းထအောင် သောက်နေခဲ့၏။ မိတ်ဆွေများက 'စီးကရက် ဒီလောက်သောက်မှဖြင့် အသံမပျက်ဘူးလား' ဆိုတော့ သူက အားရပါး ရ ရယ်နေလိုက်၏။

သူက ဆေးဝါးဓာတ်စာ စားသည်များကိုလည်း သရော်လေ့ရှိ၏။ သူ့အတွက် ဆေးဝါးကတော့ အရက်ပင်ဖြစ်၍ စင်ပေါ်မတက်ခင် ဝီစကီ တစ်ခွက်တစ်ဖလားဖြင့် လည်ချောင်းရှင်းသွားတတ်စမြဲ။

သူ့ခမျာ ၁၀ နှစ်သားကတည်းက ကျောင်းထွက်ခဲ့ရသဖြင့် စာတစ်အုပ်ကို ကုန်အောင်ဖတ်နိုင်စွမ်း မရှိခဲ့ပါချေ။ ထို့အတွက် သူ့ဇနီးကို သူ ရှင်းချက်ထုတ်ဖူးသည် ဆို၏။

"ငါ ဘာစာများ ဖတ်စရာ လိုသေးလဲကွာ။ ဘဝတက္ကသိုလ်ကြီးက ငါ့ကို သင်ပေးထားတာတွေမှ တစ်ပုံကြီး"

ဒါလည်း မှားတယ်လို့ မဆိုသာ။

စာဖတ်မည့်အစား တံဆိပ်ခေါင်းနှင့် ရှေးဒင်္ဂါးပြားတွေစုခြင်းဖြင့် သူ အချိန်ဖြုန်းသည်။

ကရူးဆိုးသည် အဆိုကောင်းသလို ပုံတူရုပ်ပြောင်ဆွဲရာ၌ ထူးခြားသော ပါရမီရှင်လည်း ဖြစ်ခဲ့ပါသည်။ အပတ်စဉ် အီတလီမဂ္ဂဇင်းတစ်စောင်၌ သူ့ကာတွန်းတွေ ပါလေ့ရှိ၏။

လွန်ပြီးသောနှစ်များစွာကပင် သူ့မှာ ခေါင်းကိုက်ဝေဒနာကြီး အကြီးအကျယ် စွဲကပ်ခဲ့ရာမှ သူ့အသိဉာဏ်တွေကို ဖျက်ဆီးပစ်မတတ် ဖြစ်သည်။ ဝေဒနာခံစားရပြီဆိုလည်း ကယ်ပါယူပါ အော်နေရသည်။

သူ အသက်အရွယ်ထောက်လာချိန်မှာတော့ သူမတူသော ခံနိုင်ရည်တွေလည်း သိသိသာသာ ဆုတ်ယုတ်ခဲ့ရချေပြီ။ သူသည် စာဖတ်ခန်းထဲမှာ ငြိမ်ကုပ်နေချိန်တွေ များသထက်များလာသလို ပရိသတ်၏ ဩဘာသံတွေကို ခံယူလိုစိတ်တွေလည်း နည်းသထက် နည်းလာ၏။ နောက်ဆုံး အိမ်ထဲမှ အိမ်ပြင်မထွက်နိုင်အောင် စိတ်ဓာတ်ကျလျက်။ သတင်းစာ, မဂ္ဂဇင်းပါ သူ့ဓာတ်ပုံတွေ, ကြော်ငြာတွေကို ဖြတ်ညှပ်၍ မှတ်တမ်းစာအုပ်ထဲကပ်ရင်း ဖြင့်သာ အလွမ်းဖြေနေခဲ့ပါတော့သည်။

ကရူးဆိုးကို အီတလီပြည် နေပယ်လ်မြို့၌ မွေးဖွားခဲ့၏။ ဒါပေမယ့် သူ့ဇာတိမြို့လေး၌ ပထမဆုံး သီဆိုဖျော်ဖြေစဉ် သတင်းစာတွေက သူ့ကို မညှာမတာ ဝေဖန်အပုပ်ချခဲ့သည်။ မြို့ခံပရိသတ်ကလည်း လိုက်လိုက်လဲလဲအားမပေးဘဲ ရှာမြက် ရှာနွားမစားသလို အေးတိအေးစက် လုပ်နေခဲ့ဖူးသည်။ ကရူးဆိုး ဒါကို အသည်းပေါက်မတတ်နာကြည်းပြီး ခွင့်မလွှတ်တမ်း အာဃာတကြီးမားခဲ့တော့သည်။ သို့ဖြင့် သူ တစ်ခဲနက်အောင်ပွဲခံပြီး လျှမ်းလျှမ်းတောက်ကျော်ကြားနေချိန်များမှာ နေပယ်လ်မြို့သို့ မကြာခဏ ရောက်သွားတတ်သော်လည်း သီချင်းဆိုဖျော်ဖြေဖို့ကား ခါးခါးသီးသီး ငြင်းဆန်ပါလေတော့၏။

သူ့ဘဝအတွက် အကြီးအကျယ်ဆုံးနှင့် အပျော်ဆုံးကာလမှာ သမီးဦးလေး ဂလိုရီးယားကို ရင်ဝယ်ပိုက်ရသည့်အခါက ဖြစ်နိုင်ပါသည်။ ဂလိုရီးယား မွေးကတည်းက “သမီးလေးကို မြန်မြန်ကြီးဖော် ချင်လှပါပြီ။ နောက်ပြီး အလုပ်ခန်းတံခါးက ပြေးဝင်လာတာလေး

လည်း မြင်ချင်လှပါပြီ။ ဒါကိုပဲ စောင့်နေရတာ အမောပါ”ဟု သူ တဖွဖွ ပြောနေခဲ့ပါသည်။

တစ်နေ့တော့ ကရူးဆိုးသည် စန္ဒရားကြီးဘေး မှီရပ်နေစဉ် သူ့ မျှော်လင့်ချက် ပြည့်ဝခဲ့ရပါလေတော့၏။ သမီးငယ်လေးက တဘောက်ဘောက် လျှောက်တတ်ခါစမှ သူ့ရင်ခွင်ထဲ ပြေးဝင်လာသည်။ သူက ဆီးကြိုဖမ်းချီပြီး ပွေ့ထားလိုက်ရာမှ မျက်ရည်တွေ တသွင်သွင်စီးလို့။ ပြီးတော့ ဇနီးသည်ကို လှမ်း၍

“ဒါလင်။ မင်း သတိရသေးရဲ့လားဟင်။ မောင်တို့ အကြာကြီး စောင့်နေရတဲ့အချိန်ဟာ အခု ရောက်ပြီလေ”တဲ့။

သြော်။ သူပြောလို့မဆုံးခင် တစ်ပတ်အတွင်းမှာပင် သူ တိမ်းပါးသွားခဲ့ရပြီ။ ဇနီးနှင့် သမီးလေးကို ထာဝရ စွန့်ခွာသွားခဲ့ရပါတော့သည်။



## ဒုက္ခဆိုတာ ချိုနှင့်လား

ဟယ်လင်ကယ်လာ

•

နပိုလီယန်နှင့် တန်းတူရည်တူ ခိုင်းနှိုင်းခံရသော ဆွံ့အ နားမကြား မျက်မမြင်ဒုက္ခိတ အာဏာနည်းမ။

ဘဝကိုအရှုံးမပေး ဒုက္ခကိုအနိုင်ယူခဲ့တဲ့ မိန်းကလေး။

ချီးကျူးလောက်တဲ့ဆရာနှင့် အံ့ချီးဖွယ်ရာ တပည့်ထူး။

■

စာရေးဆရာကြီး မတ်ခ်တွိန်း တစ်ခါက ပြောဖူး၏။

“၁၉ ရာစုရဲ့ စိတ်ဝင်စားစရာအကောင်းဆုံး ပုဂ္ဂိုလ်ကျော် ၂ ယောက်ကတော့ နပိုလီယန်နှင့် ဟယ်လင်ကယ်လာပါပဲဗျာ”တဲ့။

မတ်ခ်တွိန်း ထိုစကားကိုပြောစဉ်က ဟယ်လင်ကယ်လာမှာ ၁၅ နှစ်သမီးမျှသာ ရှိသေး၏။ ယနေ့ထက်တိုင် သူမသည် ၂၀ရာစု၏ အထူးခြားဆုံး အာဇာနည်မယ်အဖြစ် မော်ကွန်းဝင်ဆဲ။

ဟယ်လင်ကယ်လာသည် စင်စစ်တော့ မျက်စိစုံလုံးကန်းနေသော ဒုက္ခိတမလေးပါ။ သို့တိုင် မျက်စိမြင်သော လူများထက်ပင် စာအုပ် အမြောက်အမြားကို ဖတ်နိုင်ခဲ့သည်။ သူမသည် ကြိုက်သော စာအုပ် ဆိုလျှင် အခါ ၁၀၀ လောက်ဖတ်တတ်သလို၊ ကိုယ်တိုင်အနေဖြင့်လည်း ၇ အုပ်ရေးခဲ့ပါသေး၏။ သူ့ဘဝကို သူကိုယ်တိုင် ရုပ်ရှင်ရိုက်ပြီး သူ ကိုယ်တိုင် သရုပ်ဆောင်ခဲ့၏။

ဟယ်လင်ကယ်လာသည် နား လုံးဝမကြားပါ။ ဒါပေမယ့် သာမန်လူများစွာ နားထောင်နိုင်သည်ထက် တေးဂီတများကို တခုံတမင် နားထောင်နိုင်စွမ်း ရှိခဲ့၏။

သူ့ခမျာ ၉ နှစ်လုံးလုံး စကားမပြောနိုင်ဘဲ ဆွံ့အနေခဲ့ရာသည်။ သို့လင့်ကစား အမေရိကန်တစ်ဝန်းလုံးသို့ လက်ချာပေးနိုင်သည်။

ပဒေသာကပွဲ၏ ရှေ့ဆုံးတန်းမှ ၄ နှစ်တိုင်တိုင် ပါဝင်သူဖြစ် ခဲ့ပြီး၊ ဥရောပတစ်ခွင် ပြုပြစ်အောင်လည်း ခရီးလှည့်ဖူး၏။

ဟယ်လင်ကယ်လာ မွေးတုန်းက အကောင်း။

၁ နှစ်ခွဲသမီးအရွယ်ထိ အခြားကလေးများကဲ့သို့ပင် မြင်သည်၊ ကြားသည်၊ စကားပြောနိုင်သည်၊ ထိုမှ မမျှော်လင့်ဘဲ ကံဆိုးမိုးမှောင်

ကျခဲ့ရခြင်း ဖြစ်ပါသည်။ ၁၉ လ သမီး၌ အသည်းအသန်ဖျားခဲ့ရာမှ နားပင်း၍ ဆွံ့အပြီး မျက်စိတွေ ကွယ်သွားရပါတော့သည်။ ရှိသမျှ အကြောတွေ ပျက်စီးခဲ့ရသည်ဆိုပါတော့။ အဖြစ်ဆိုးကြီး၏ နောက်ဝယ် ဟယ်လင်ကယ်လာသည် တောနက်ထဲက တိရစ္ဆာန်များလိုပင် အရိုင်း စိတ်အပြည့်ဖြင့် ကြီးပြင်းလာရသည်။

သူ စိတ်မကျေနပ်လျှင် တွေ့သမျှ အရာဝတ္ထုတွေကို ဖောက်ခွဲ ဖျက်ဆီးပစ်တတ်သည်။ အစားစားပါက လက် ၂ ဘက်နှင့်ယူ၍ ပါးစပ်ထဲ အတင်းသွတ်သည်။ သူ့ကို တစ်စုံတစ်ယောက်က ပြုပြင် သွန်သင်ပေးမည် မကြံလိုက်နှင့်။ ကြမ်းပြင်ပေါ်သို့ တုံးခနဲ ပစ်လှဲချ လိုက်မည်။ ခြေဆောင့် ကန်ကြောက်ပြီး တွန့်လိမ်ကောက်ကွေးလျက် ဝူးဝူးဝါးဝါးကုန်းအော်ဖို့ ကြိုးစားပါလိမ့်မည်။

မျှော်လင့်ချက် ပျက်သုဉ်းခဲ့ရသော သူ့မိဘများက ဘော့စ်တန်ရှိ ပါကင်းစ် မျက်မမြင်ကျောင်းသို့ ပို့၍ ဆရာမတစ်ဦးထံ အပ်နှံလိုက် သည်။

ဤတွင်ပင် အလင်းရောင်နတ်သမီးလေးနှင့်တူသော အင်နီ မင်းစဖီးလ် ဆူလီဗန်တစ်ယောက် သူမ၏ သနားစရာဘဝထဲသို့ ကယ် တင်ရှင်အဖြစ် ဝင်ရောက်လာပါတော့သည်။

မစ္စဆူလီဗန်သည် ပါကင်းစ် ဆွံ့အ, နားမကြားကျောင်းက မဖြစ်နိုင်အောင် ခက်ခဲလှသောအလုပ်ကို လက်ခံခဲ့သည်။ ထိုအလုပ်က ဆွံ့အ, နားမကြား, မျက်မမြင်ကလေးများကို ပညာသင်ပေးရခြင်းပါ ပေတည်း။

ဆူလီဗန် ကိုယ်၌၏ ဘဝကပင် ကြေကွဲစရာနှင့် ဒုက္ခတွေ ပင်လယ်ဝေခဲ့ရသည်။ ဆူလီဗန် ၁၂ နှစ်သမီးအရွယ်၌ သူ့မောင်ငယ် လေး ၂ ယောက်အား မက်ဆာချူးဆက်ရှိ တူးစ်ဘူးရီမြို့ရှိ အလုပ်ရုံ တစ်ခုသို့ လွှတ်လိုက်ရသည်။

အလုပ်ရုံမှာ လူတွေအပြည့်အလျှံရှိနေ၍ ကလေး ၂ ယောက်မှာ 'သေမင်းပါးစပ်'မှာ အမည်ပေးထားသည့် အခန်းထဲမှာ အိပ်ရရှာ၏။ ထိုအခန်းထဲဟု မြေမြှုပ်သင်္ဂြိုဟ်မည့် လူသေအလောင်းများထားရှိ၍ ယခုလို ခေါ်ကြခြင်းဖြစ်၏။ မောင်အငယ်လေးမှာ လန့်ဖျားဖျားပြီး ၆ လအကြာတွင် ဆုံးပါးခဲ့ရရှာသည်။

အင်နီကိုယ်တိုင်လည်း ၁၄ နှစ်သမီးအရွယ်တွင် မျက်လုံးတွေ ကန်းလုမတတ် အဖြစ်ဆိုးနှင့် ကြုံရပြီး၊ ပါကင်းစ် မျက်မမြင်ကျောင်းသို့ ရောက်လာခဲ့ရသည်။ ကျောင်းက လက်နှင့် စမ်းသပ်ဖတ်ရသော မျက်မမြင်စာကို သင်ပေး၏။ သို့သော် ကံကောင်းထောက်မစွာပင် မျက်မမြင်ဘဝသို့ မရောက်လိုက်ရ။ မျက်စိမပျက်စီးခဲ့သလို မြင်အားလည်း ကောင်းလာသည်။ ကံကြမ္မာ၏ ကျီစယ်မှုပဲ ထင်ရ၏။

အင်နီအဖို့ အနှစ် ၅၀ လောက် အကောင်းပကတိဖြစ်ခဲ့ပြီး သေခါနီးအချိန်ကျမှ မျက်လုံးတွေ ပြန်ကွယ်သွားရပါလေ၏။

ကျွန်တော့်အနေဖြင့် အင်နီဆူလီဗန်က ဟယ်လင်ကယ်လာအား လမ်းပြကြယ်သဖွယ် အလင်းရောင်ပေး၍ လိုသလိုပုံသွင်းခဲ့သည့် မယုံနိုင်စရာ အံ့မခန်းဖြစ်ရပ်ကြီးကို စကားလုံးအနည်းငယ်မျှဖြင့် ထင်ရှားပေါ်လွင်အောင် ရေးနိုင်စွမ်းရှိမည်မဟုတ်။

တစ်လအတွင်း ပကတိဆိတ်ငြိမ်ခြင်းနှင့် အမှောင်ချောက်ကမ်းပါးကြီးအလယ်က ကလေးငယ်နှင့် သူ ဘယ်လိုများ အောင်အောင်မြင်မြင် ဆက်သွယ်နိုင်ခဲ့ပါလိမ့်။ စဉ်းစားလို့ ဉာဏ်မမီခဲ့။

ထိုအကြောင်းကို ဟယ်လင်ကယ်လာကိုယ်တိုင် ရေးသားခဲ့သော 'ကျွန်မဘဝ ဖြစ်စဉ်'ဟူသော စာအုပ်တွင် မမေ့နိုင်စရာ မှတ်တမ်းတင်ထားခဲ့သည်။ ထိုစာအုပ်ကို ဖတ်မိသူတိုင်း ဘဝလမ်းဆုံးရောက်နေသည့် မျက်မမြင်ဒုက္ခိတမလေးအဖို့ တခြားလူတွေလိုပင် သူ စကားပြောနိုင်ကြောင်း သိလိုက်ရသော ပထမဆုံးနေ့မှ ပျော်ရွှင်မှုကို ကိုယ်ချင်းစာ

နားလည်ပြီး ဟယ်လင်ကယ်လာနှင့်အတူ လိုက်ပျော်မိကြမှာ မလွဲပါ။

ထိုနေ့အဖို့ လောကကြီးမှာ ကျွန်မလောက်ပျော်တဲ့လူ ရှိတော့မည် မဟုတ် ဟု ကျွန်မ၏ခုတင်ငယ်လေးတွင် လျောင်းစက်ရင်း တွေးမိသလို တသိမ့်သိမ့် ပီတိလှိုင်းစီးနေမိလျက်က နောက်တစ်နေ့ မိုးလင်းလာမည်ကို ပထမဆုံးအကြိမ် အဖြစ် မျှော်လင့်တောင့်တနေမိပါတော့သည်ဟူ၍ ဟယ်လင်ကယ်လာက ရေးခဲ့သည်။

ဟယ်လင်ကယ်လာ အသက် ၂၀ အရွယ် ရောက်လာသည်တွင် ပညာရေးအဆင့်မြင့်လာပြီး ဝက်ကလစ်ဖ်ကောလိပ်သို့ပင် ဝင်ခွင့်ရခဲ့၏။ သူနှင့်အတူ သူ့ဆရာမလည်း အဖော်အဖြစ် လိုက်ပါလာရ၏။

ထိုအချိန်၌ ဟယ်လင်ကယ်လာသည် စာဖတ်နိုင်ရုံမက တခြားကျောင်းသူကျောင်းသားလိုပင် စာတွေ ရေးနိုင်နေပါလေပြီ။ စကား ၁ လုံး၊ ၂ လုံးပင် ပြောလို့ရခဲ့ပေပြီ။ သူ အစဦးသဖြင့် အသုံးပြုခဲ့သော အဦးဆုံးဝါကျမှာ

"ငါ အခု ဒုက္ခိတအ,အမလေး မဟုတ်တော့ဘူး"

ဒီစကားကို သူ ထပ်ပြန်တလဲလဲပြောရင်း ခံတွင်းတွေ့နေသလို မကြုံစဖူး အဖြစ်ထူးကြောင့် ပျော်မြူးနေမိရှာသည်ကလည်း မိုးမမြင်လေမမြင်။

"ကျွန်မ အခု အ,အမလေး မဟုတ်တော့ဘူး"

"ကျွန်မ အခု အ,အမလေး မဟုတ်တော့ဘူး"

ဒီကနေ့ကျတော့ ဟယ်လင်ကယ်လာသည် ဘာသာခြားစကား မတတ်တတ် လူတစ်ယောက်ကဲ့သို့ ဟိုတစ်ခွန်းဒီတစ်ခွန်း အထစ်ထစ် အငေါ့ငေါ့လေး ပြောနိုင်နေပါပြီ။

လုံးချင်းစာအုပ်နှင့် မဂ္ဂဇင်းဆောင်းပါးများကို အထူးတီထွင်ထားသော မျက်မမြင်သုံးလက်နှိပ်စက်ဖြင့် ကိုယ်တိုင် ရိုက်ရေး ရေးခဲ့၏။ အမှားပြင်လိုပါကလည်း ဘေးနှုတ်ခမ်းသားချန်ထားသော စာရွက်ပေါ်တွင် ပင်အပ်ကလေးဖြင့် အပေါက်ကလေးများ ဖောက်ထားလေ့ ရှိစမြဲ။

နယူးယောက်မြို့တော်၏ အစိတ်အပိုင်းဖြစ်သော ဖောရက်စ်ဟီးလ်တွင် ဟယ်လင်ကယ်လာ နေထိုင်ပါသည်။

ကျွန်တော့်အိမ်ကလည်း သူ့အိမ်နှင့် ၃–၄ လမ်းခြား၌ပင် ရှိ၏။ သို့ဖြင့် ကျွန်တော်၏ ဘော့စတွန်ခွေးဘီလူးလေးနှင့် လမ်းလျှောက်ထွက်တိုင်း ရက်ပတ်ခွေးကြီးအဖော်ပြုကာ ပန်းခြံထဲလှည့်လည်နေသော သူမကို တွေ့ရသည်။ လမ်းလျှောက်ရင်း သူမ တစ်ကိုယ်တည်း စကားပြောနေတာလည်း သတိပြုမိ၏။ သူ စကားပြောပုံက ကျွန်တော်တို့ ခင်ဗျားတို့လို နှုတ်ခမ်းတွေ မလှုပ်ပါ။ သူ့ကိုယ်သူ ပြောခြင်း ဖြစ်ပါသည်။

သူ့အတွင်းရေးမှူးမလေးက ကျွန်တော့်ကိုပြောပြရာ၌ မစ္စကယ်လာ၏ ဦးတည်ချက်အသိတရားများမှာ ကျွန်တော် သို့မဟုတ် ခင်ဗျားလောက် မကောင်းပါ။

တစ်ခါတလေ သူသွားနေကျ သူ့အိမ်ထဲမှာပင် လမ်းမှားတတ်သည်။ အိမ်ထောင်ပရိဘောဂတွေ နေရာရွှေ့ထားပြီဆိုလျှင်တော့ လုံးဝ လမ်းပျောက်သွားလေ့ ရှိပါသတဲ့။

လူအများက သူ့ကို အာရုံ ၆ ပါးစလုံး ချွတ်ယွင်းသည်ဟု ထင်မှတ်ကြသော်လည်း သိပ္ပံနည်းကျ စမ်းသပ်ချက်များအရ သူ၏ လျှာအရသာခံနိုင်မှု, အနံ့ခံနိုင်မှုတို့မှာ ခင်ဗျားတို့လိုပင် ကောင်းမွန်ကြောင်း တွေ့ရ၏။ မည်သို့ပင်ဖြစ်စေ၊ သူ၏ အထိအတွေ့ အာရုံယူမှုကလည်း တစ်မျိုးထူးခြားသည်ဟု ဆိုရပါမည်။

သူ့မိတ်ဆွေများ၏ နှုတ်ခမ်းပေါ်ကို လက်နှင့် ဖွဖွလေး လိုက်စမ်းရုံဖြင့် သူတို့ ဘာတွေပြောသလဲဆိုတာ သိခြင်းပင်ဖြစ်၏။

ထို့အတူ စန္ဒရားခုံ သို့မဟုတ် တယောအိုးပေါ်တွင် လက်တင်ထားခြင်းဖြင့် ဂီတရသကို မြိန်ရေယှက်ရေ ခံစားနိုင်သည် ဆိုပါ၏။

သူမအဖို့ သံဖရိန်၏တုန်ခါမှုကို ခံစားရင်းဖြင့် ရေဒီယိုကြိုးမဲ့စက်များလိုပင် ဖမ်းယူနားထောင်နိုင်စွမ်း ရှိပါလေ၏။

အဆိုတော်၏လည်ချောင်းကို အသာအယာကိုင်ထား၍လည်း သီချင်းကို နားထောင်တတ်သည်။ သို့သော် ကိုယ်တိုင်တော့ သီချင်းလည်း မဆိုနိုင်။ အသံလည်း မပြုနိုင်ပါချေ။

ဟယ်လင်ကယ်လာက 'ယနေ့ ခင်ဗျားနှင့် လက်ဆွဲနှုတ်ဆက်ခဲ့ပြီးနောက် ၅ နှစ်ကြာမှ ထပ်တွေ့လို့ လက်ဆွဲနှုတ်ဆက်ကြမယ်ဆိုလည်း ခင်ဗျားကို သူ ကောင်းကောင်း မှတ်မိနေပါလိမ့်မယ်' တဲ့။

ပြီးတော့ ခင်ဗျား စိတ်ဆိုးနေသလား။ ပျော်ရွှင်နေသလား။ စိတ်ပျက်နေသလား။ တက်ကြွနေသလား။ သူ အကုန် သိပြီးသား။

သူတစ်ယောက်တည်း လှေလှော်တတ်သည်။ ရေကူးနိုင်သည်။ တောအုပ်ထဲတွင် မြင်းကို ကဆုန်စိုင်းစီးလို့ရသည်။ သူ့အတွက် အထူးဖန်တီးပေးသော စစ်တုရင်ခုံနှင့် စစ်တုရင် ထိုးတတ်သေးသည်။ ဖောင်းကြွ ဖဲချပ်ကဲလေးများဖြင့် စိတ်ရှည်လက်ရှည် ဖဲကစားလို့တောင်ရသည်။ အရုပ်ဆက် ပုံဖော်ကစားနည်းလည်း တတ်ကျွမ်းသည် ဆိုပါလား။ မိုးရွာသောနေ့တွေဆိုလည်း ဇာထိုးပန်းထိုးအလုပ်ဖြင့် အချိန်ဖြုန်းလေ့ရှိပြန်သည်။

လူအတော်များများက လောကတွင် အဆိုးဆုံးခံစားမှုမှာ မျက်လုံးစုံကွယ်၍ မျက်မမြင်ဘဝရောက်ရခြင်းပဲဟု ယူဆခဲ့ကြ၏။

ဟယ်လင်ကယ်လာ့အပြောကတော့ သူ့အနေဖြင့် မျက်စိကွယ်ခဲ့ရခြင်းကို နားပင်းခဲ့ရသလိုပင် သိပ် ထိခိုက်ခံစားမှု မရှိကြောင်း။

တကယ်ဆိုးတာက အမှောင်နှင့် ငြိမ်သက်ခြင်းများအောက်သို့ ရောက်သွားကာ ကမ္ဘာကြီးနှင့် အဆက်ပြတ်သွားရမှုပင်ဖြစ်၏။ စိတ်ထိခိုက်စရာ အကောင်းဆုံးမှာလည်း လူသားများ၏ နှစ်လိုဘွယ်အသံများကို ဆုံးရှုံးခဲ့ရခြင်းပင် ဖြစ်သည်ဟု ဆိုပါချေသတည်း။



# အူကြောင်ကြောင်ဂေဟာ

ဝင်ဒယ်လ် မောင်နုမများ

လူ့လောကအပြင်ဘက်က လူတွေပဲ ဆိုရမလား။ လူထူးလူဆန်းတွေပဲ ပြောရမလား။ အနှစ် ၂၀၀၀ ကျော်က ပစ္စည်းဟောင်းတွေ အလယ်၌ အနှစ် ၂၀၀ ကျော်က ပုံစံနှင့် ခေတ်ဟောင်းမှာ ပြန်နေကြသူ။

မရှိတဲ့ ဧည့်သည်တွေအတွက် အပြန်အလှန်ဧည့်ခံတဲ့ ထမင်းဝိုင်းများ။

ကလေးရလာလျှင် အမွေခွဲရမှာစိုးလို့ 'ညီအစ်မ ၇ ယောက်၊ တစ်သက်လုံး လင်မယူရ'လို့ တစ်ချက်လွှတ် အမိန့်ထုတ်ခဲ့တဲ့ အစ်ကိုကြီး။

သူ့ သေသောအခါ သား အစစ်တစ်ယောက်, အတု တစ်ယောက်, ဆွေမျိုးပေါင်း ၂၀၀ ကျော်က အမွေလာ တောင်းတဲ့ အဖြစ်ဆန်း။

■

နယူးယောက်မြို့တော် ပဉ္စမရိပ်သာနှင့် ၃၉ လမ်းထောင့်က အိမ်အိုကြီးတစ်လုံးအကြောင်းမှာ လူတိုင်းပါးစပ်များတွင် ပြောမဆုံး ပေါင် တောသုံးထောင် ဖြစ်ခဲ့ဖူးပါသည်။ အနှစ် ၂၀ တိုင်တိုင် 'လျှို့ဝှက် ဆန်းကြယ် အံ့ဖွယ်ရိပ်မြုံ'ဟု သတင်းကြီးခဲ့ရပါသည်။

စုံထောက်ဝတ္ထုများ, သတင်းဆောင်းပါးများ, ပြဇာတ်များနှင့် ရုပ်ရှင်များထဲမှာပင် အုတ်တံတိုင်းမြင့်မြင့်ကြီးတစ်ဘက်၌ အုံ့မှိုင်း ညှို့ဆိုင်းလျက် တစ္ဆေအိမ်ကြီးဆန်လှသော ဧရာမဂေဟာကြီးအကြောင်း တစေ့တစောင်း ထည့်သွင်းဖော်ပြရသည်အထိ စိတ်ဝင်စားဖွယ်ကောင်း လှသည်။

နေ့စဉ် လူ ၄-၅ သောင်းသည် ထိုခြံနှင့် တိုက်ကြီးရှေ့က ဖြတ်သန်းရင်း လှမ်းမျှော်ကြည့်မိကြသည်မှာလည်း မရိုးနိုင်သော အစဉ် အလာ။သို့သော် စေ့စေ့ပိတ်ထားသော ပြတင်းပေါက်များ၏ နောက်ဝယ် ဘာအစအနမျှ မတွေ့ခဲ့ရတာလည်း အမှန်။

တကယ်လို့ လေ့လာရေးဘတ်စ်ကားတစ်စီးကို တက်စီးခဲ့ပါက ပဉ္စမရိပ်သာ လမ်းထိပ်ရောက်သည်နှင့် မြေ ၃ ပေပတ်လည်ကို ပေါင် ၂ သိန်း ဈေးခေါ်ထားသည့် ကမ္ဘာပေါ်တွင် အဖိုးတန်ဆုံးနှင့် တစ်အိမ် တည်းသာရှိသည်ဟု ဆိုရမည့် 'ဝင်ဒယ်လ်'စံအိမ်တော်ကို လက်ညှိုး ထိုးပြမှာ မလွှဲပါ။

ဝင်ဒယ်လ်များသည် နယူးယောက်၏ အချမ်းသာဆုံးမိသားစု များထဲတွင် တစ်စုအပါအဝင် ဖြစ်၏။ သူတို့ပိုင် အိမ်ခြံမြေများတန်ဖိုး သည် ကာလပေါက်ဈေးဖြင့် သိန်း ၂၀ ကျော်မိုး ရှိခဲ့သည်။

ထို့ပြင် သူတို့သည် ခေတ်နောက်ပြန်ဆွဲ၍ ခေတ်ဟောင်းကြီးထဲ နေရသည်ကို စုံမက်လှ၏။

လူပျိုအစ်ကိုကြီးနှင့် ညီမအပျိုကြီးများသည် အီလီနွိုက်စ် ပြည်နယ်၌ သမ္မတဟောင်း အေဘရာဟင်လင်ကွန်း အညတရရှေ့နေ လေးဘဝဖြင့် ရှိနေစဉ်အချိန်ကတည်းက တည်ဆောက်ခဲ့သော စံအိမ် ကြီးကို တယုတယ ဖက်တွယ်နေထိုင်ကြ၏။

တစ်နေ့ ကျွန်တော်ကိုယ်တိုင် ထိုအိမ်ကြီးရှေ့ ဖြတ်လျှောက် သွားခိုက် အလုပ်သမားများသယ်လာသော ဒန်ဇလုံကြီးနှင့် ကြွေရည် သုတ်လက်ဆေးကန်ကြီးများမှာ ရှေးဟောင်းပစ္စည်းတွေဖြစ်ကြောင်း တွေ့လိုက်ရဖူးပါသည်။

ဝင်ဒယ်မောင်နှမများသည် ဓာတ်ငွေ့နှင့်သာ မီးထွန်းကြ၏။ အကြောင်းမူ လျှပ်စစ်မီးထက် မျက်စိထိခိုက်မှု သက်သာသောကြောင့် ဟူ၏။

သူတို့မှာ ရေဒီယို, ဝိုင်ယာလက်စက် စသဖြင့် ဘာမျှ မရှိ။ စားပွဲထိုး မထား။ ဓာတ်လှေကား မသုံး။ မော်တော်ကားပင် မစီး။ အိမ်ထဲမှ အိမ်ပြင်လည်း တော်တော်တန်တန်နှင့် မထွက်။

သူတို့အိမ်ကြီး၏ ခေတ်အမီဆုံး အသုံးအဆောင်ဆို၍ တယ်လီ ဖုန်းတစ်လုံးသာ ရှိခဲ့၏။ ဒါတောင်မှ ဝင်ဒယ်မိသားစု၏ နောက်ဆုံး လက်ကျန်တစ်ယောက် မကွယ်လွန်မီ ၂ ရက်အလိုက တပ်ဆင်ခဲ့ခြင်း ဖြစ်သည်။ ထိုတယ်လီဖုန်းကိုအသုံးပြု၍ သူနာပြုဆရာမက ဆရာဝန် ကို ခေါ်နိုင်ခဲ့ခြင်း ဖြစ်၏။

ဝင်ဒယ်ဂေဟာကြီးကို အိမ်ခွန်စည်းကြပ်ရာတွင် ပေါင် ၁၅၀၀ သာ ပေးဆောင်ခဲ့ရသည်။ သို့လင့်ကစား ရှေ့နေများက ထို ၁၅၀၀တန် အိမ်ကြီးတွင် သူတို့ရောက်လာ နေထိုင်စရိတ်မှာ တစ်နေ့လျှင် ၂၀၀ ခန့်ကုန်ကျကြောင်း တွက်ပြခဲ့ကြသည်။ ဒါလည်း အမှန်ပင် ဖြစ်၏။

အိမ်ရှိရာခြံမြေကို ပေါင် ၈ သိန်း တန်ဖိုးဖြတ်ကြသည်။ အတိုး နှုန်း၊ အိမ်ခွန်နှင့် အခြားအခွန်အခများ ပေါင်းလိုက်ပါက ပေါင် ၄၀၀

ခန့် နေ့စဉ် ကုန်ကျစရိတ် ပေါ်ခဲ့၏။ သို့သော် ထိုမျှ ချမ်းသာကြလင့်ကစား ဝင်ဒယ်မိသားစုသည် ခေတ်ဆွေး, လူဆွေးကြီးများအဖြစ်သာ မွေ့လျော်ခဲ့ကြ၏။

ဂျွန် ဂေါ့တလိုက် ဝင်ဒယ်သည် ၁၉၁၄ ခုနှစ်တွင် အနိစ္စရောက်သွားသည်။ သူ အသက်ရှင်တုန်းတစ်ချိန်လုံး၌ အမေရိကန်ပြည်တွင်းစစ်ကြီး ပြီးဆုံးသည့် ၁၈၆၅ ခုနှစ်က ဝယ်ဝတ်ခဲ့သော ဝတ်စုံများကိုတစ်သဝေမတိမ်းပုံတူကူးပြီး ချုပ်လုပ်ဝတ်ဆင်ခဲ့သည်။ တစ်ကြိမ်ချုပ်လျှင် ၁၈ စုံ တစ်ပြိုင်တည်းအပ်သော ဟူ၏။ ဝတ်စုံတွေကိုလည်း၎င်းတို့ထက် အနှစ် ၄၀ စောသော သေတ္တာကြီးထဲမှာပင် ပုံမှန်သိမ်းဆည်းစေခဲ့သည် ဆို၏။ သူသည် အရောင်ဆိုးဆေး ဆိုးထားသောအထည်တွေကို ဝတ်လေ့ မရှိ။ သူ့အတွက် အနက်ရောင်ဝတ်စုံ လိုချင်သောအခါ စကော့တလန်ရှိ သိုးမွေးခြံသို့ လှမ်းမှာလိုက်ပြီး သိုးနက်အမွေးကိုသာ ရွေးရိတ်ပြီး ပို့ပေးရပါသတဲ့။

မစ္စတာဝင်ဒယ်သည် နေပူပူမိုးရွာရွာ လသာသာ ထီးကောက်ကြီးလက်ကမချစတမ်း ကိုင်သွားတတ်၏။ သူ့၌ မြက်ဦးထုပ်တစ်လုံးလည်းရှိရာ ၁ နှစ်ပြီး ၁ နှစ်သာ ပြောင်းသွားမည်။ ဦးထုပ်ကတော့ မပြောင်း။ သူ တစ်ပင်တိုင်ဆောင်းခဲ့သည်။ ဟောင်းနွမ်းစုတ်ပြတ်ခဲ့သည့်တိုင် တစ်ရာသီ စ,သည်နှင့် ပြောင်လက်အောင်တိုက်ချွတ်ပြီး ဆေးအနက်သုတ်၍ ပြန်သ,တတ်ပါသည်။

မိတ်ဆွေသင်္ဂဟတွေကို ထမင်းဖိတ်ကျွေးဖို့ ဖိတ်လျှင်လည်း ဖိတ်စာကို လက်တင်ဘာသာဖြင့် ရေး၏။

သူက ရောဂါမှန်သမျှသည် ခြေထောက်မှတစ်ဆင့် ကူးစက်လာသည်ဟု ယုံကြည်၏။ ထို့ကြောင့်လည်း မြေကြီးပေါ်က ရောဂါပိုး

ရန်ကို ကာကွယ်ရန် တစ်ဝက်မထူသောအောက်ခံပြားတပ် ရောမ ရှူးဖိနပ်ကြီးကို အော်ဒါချုပ်၍ စီးလေ့ရှိ၏။

ထိုအချိန်က ဂျွန် ဂေါ့တလိုက် ဝင်ဒယ်သည် နယူးယောက်တွင် အကြီးဆုံးမြေပိုင်ရှင်ကြီးတစ်ယောက် ဖြစ်ခဲ့သည်။

သူသည် ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်ထားခဲ့သော မြေကွက်များ ပေါ်တွင် အခွံသား လက်ပိုက်ထိုင်နေရင်းကပင် မြို့တော်ကြီး တိုးချဲ့ သလောက် တစ်နေ့တခြား မြေဈေးတွေတက်ခဲ့ရာမှ ဆတိုးချမ်းသာ လာရခြင်းဖြစ်၏။

ဝင်ဒယ် ညီအစ်မများကလည်း ခေသူများ မဟုတ်ကြ။ ကန့်လန့် ကျသည့်နေရာတွင် သူတို့ အစ်ကိုကြီးနှင့် နင်လား ငါလားပါပဲ။ သူတို့ ညီအစ်မတစ်တွေသည် အရက်သောက်ခြင်းကို အပြင်းအထန် ဆန့်ကျင်သူများ ဖြစ်ကြ၏။ တစ်ခါက သူတို့အတွက် ရေးဦးသူနာပြု သေတ္တာနှင့် ဆေးဘီရိုထဲတွင် အယ်လ်ကိုဟော တစ်ပိုင့်ထက် ပို မပါ ပါဘူးဟု ကတိမပေးမချင်း ပေါင် ၂ သိန်းတန် အိမ်ငှားခ စာချုပ်ကို လက်မှတ်ထိုးဖို့ ငြင်းဆန်ခဲ့ဖူးသည်။ သို့ဖြစ်သော်ငြား သူတို့ ကွယ်လွန် ပြီးနောက်တွင် ပေါင် ၂၀၀၀ ဖိုးမျှသော ရှားပါးဝိုင်အရက်၊ ဝီစကီ၊ ရှန်ပိန်အရက်များကို သူတို့အခန်းထဲမှာ တွေ့ခဲ့ရသည်။ ပုံမပျက် သိမ်း ဆည်းထားသော ထို အရက်ပုလင်းရာများစွာ အချဉ်ပေါက်ပြီး ပျက်စီး ကုန်လေပြီ။

ဂျွန် ဂေါ့တလိုက် ဝင်ဒယ်တွင် ညီမ ၇ ယောက်ရှိပေမယ့် 'တစ်ယောက်မျှ ယောကျ်ားမယူရ'ဟု အာဏာကုန်သုံး၍ တစ်ချက်လွှတ် အမိန့် ထုတ်ထားခဲ့၏။ သူတို့အိမ်ထောင်ပြုလျှင် သားသမီးတွေ မွေး လာပြီး နောက်ပိုင်းမှာ ဇာတ်ရှုပ်၍ မောင်နှမတွေ ဖရိုဖရဲ စိတ်ဝမ်းကွဲမှာ စိုးကြောက်သောကြောင့် ဖြစ်၏။

သို့နှင့်အမျှ "ယောက်ျားတွေက နင်တို့ရဲ့ငွေတွေမက်ပြီး ယူမှာ ဟဲ့"လို့ သတိပေးလေ့ရှိ၏။ ယောက်ျားဖော်တွေ ခေါ်လာရင်လည်း "နောက် ခေါ်မလာနှင့်"ဟု ပြောင်တားမြစ်တတ်၏။ ညီအစ်မတွေ အနက်မှ မစ္စရီဘက်ကာ တစ်ယောက်သာ အိမ်ထောင်ကျခဲ့သည်။ ဒါတောင် အသက် ၆၀ ကျော်မှ ဖြစ်ပါသည်။ ကျန်တဲ့သူတွေကတော့ သက္ကရာဇ်ဖင်ဆောင့်နေပြီး အဘွားကြီးဘဝဖြင့် ကြင်ဖော်ကင်းစွာ သေသွားကြရရှာသည်။

သူတို့ဖြစ်ရပ်ကို ကြည့်လျှင် ငွေသာ ပဓာနဖြင့် ဥစ္စာခြောက်ခဲ့ခြင်းက လူ့ဘဝကို ဘယ်လောက်ဒုက္ခပေးကြောင်းနှင့် ဘာမဟုတ်တဲ့ ငွေကြောင့် လူဖြစ်ရှုံးရမှုကို ထင်ထင်လင်းလင်း သရုပ်ဖော်ပြလိုက်ခြင်းပင်။

ဂျော်ဂျီယာနာကတော့ ညီအစ်မတွေထဲတွင် အထက်မြက်ဆုံး, အစွာဆုံး ဆိုရမည်။ သူတို့၏ အကျယ်ချုပ်ကျနေသော ဘဝကို တိုက်ပွဲဝင်ရင်းမှ တရိရိညှဉ်းဆဲမှုဒဏ် မခံနိုင်သည့်အဆုံး စိတ်ဖောက်ပြန်သွားရသည်။ စံအိမ်ကြီးမှဝေးရာ စိတ္တဇဆေးရုံမှာ အနှစ် ၂၀ လုံးလုံး သွားနေရပြီး၊ ၁၉၃၀ ပြည့်နှစ်တွင် သေဆုံးသွားရှာသည်။ သူမသည် ပေါင် ၁ သန်းမျှ ပိုင်ဆိုင်ခဲ့သော်လည်း ၁ ပဲဖိုးမျှပင် ဘဝ၏ပျော်ရွှင်ချမ်းသာမှု ရမသွားခဲ့ပါချေ။

နောက် ညီမတစ်ဦးဖြစ်သူ ဂျိုးဇက်ပင်းကတော့ ဝင်ဒယ်မိသားစုပိုင် တောမြို့လေးတစ်မြို့၌ အိမ်စေများဝန်းရံလျက် တစ်ကိုယ်တည်း အထီးကျန် နေထိုင်ခဲ့ရပြန်သည်။ သူ့ခများလည်း တစ်မျိုးသနားစရာကောင်းလှသည်။ စိတ်ကူးယဉ် ကမ္ဘာလေးတစ်ခုဖန်တီး၍ သူ့ကိုယ်သူ အပျင်းဖြေ ပျော်တော်ဆက်နေသည်။ သူ့ခြံကြီးထဲမှာ ဆူဆူညံညံ ကစားပျော်ပါးနေကြသော ကလေးတွေ တစ်အုပ်ကြီးနှင့်အတူ သူဝင်ကစားပြီး စကားပြောကြ စားသောက်ကြသည့် အိပ်မက်ကို အမြဲ

မက်နေမိသည်။ အိပ်မက်ထဲသာမက အပြင်မှာလည်း တကယ်ဖြစ်နေသလို ထင်ယောင် မြင်ယောင်နေတတ်၏။ ဧည့်သည်တွေ သူ့ဆီကို လာလည်သည်ဟုလည်း စိတ်ကူးယဉ်တတ်သလို၊ အစေခံများအား ညစာစားပွဲကြီးတွင် လူ ၆ ယောက်စာ ပြင်ခိုင်းလေ့ရှိသည်။

တစ်ကြိမ်ပြီးလျှင် နောက်အသစ်တစ်ဝိုင်းကို ပုံစံတစ်မျိုးဖြင့် ထပ် ပြင်ပေးရပြန်သည်။ ဒါကတော့ ဧည့်သည်တွေက သူ့ကို ပြန်ပြီး ဧည့်ခံပွဲလုပ်ပေးတာပါတဲ့။

ကလေးစိတ်နှင့် လူကြီးကစားနည်းတစ်ခုပဲ ဆိုရမလား။ ယဉ်ယဉ်လေးနှင့် ရူးနေတယ်လို့ပဲ ပြောရမလား။ အထီးကျန်ဘဝ၏ အကျည်းတန်ညများဟု ဆိုလျှင်တော့ မှားမယ် မထင်။

ညီအစ်မတွေ တစ်ယောက်ပြီးတစ်ယောက် သေကုန်ကြသည့်နောက် သူတို့နေခဲ့သည့် အခန်းများကို အပြီးတိုင် သော့ခတ်ပိတ်ထားလိုက်တော့၏။

နောက်ဆုံး မစ္စအယ်လာ တစ်ယောက်သာ ကျန်ရှိချိန်၌ သူ့အိပ်ခန်း၊ အောက်ထပ်ထမင်းစားခန်း၊ သူတို့ညီအစ်မများ ကျောင်းသူဘဝက ကစားခဲ့သော အပေါ်ထပ်ခန်းမကျယ်ကြီး တစ်ခန်းတို့ကိုသာ ဖွင့်ထားခဲ့လေသည်။ မစ္စအယ်လာ တစ်ယောက်တည်း အခန်းပေါင်း ၄၀ ရှိသော ချောက်ချားဖွယ်ရာ ဝိညာဉ်စံအိမ်ကြီးအတွင်း သစ္စာရှိအမှုထမ်းဟောင်းတချို့နှင့် ပြင်သစ်ခွေးဘီလူးကြီး တော်ဘီကိုသာ အဖော်ပြု၍ နှစ်ရှည်လများ နေသွား၏။

တော်ဘီသည် အယ်လာ၏ အခန်းထဲ၌ သူ့သခင်မနှင့် တစ်ပုံတည်းဆင်ထားသော ခုတင်ငယ်လေး၌ အိပ်ရ၏။ ပြီးတော့ တော်ဘီသည် ခွေးစားဘီစကစ်နှင့် ဝက်အူချောင်းများကို ထမင်းစားခန်းထဲရှိ

သူ့အတွက်အထူးလုပ်ပေးထားရသော ကြေးစားပွဲပေါ်တွင် ကတ္တီပါခင်းနှင့် စားရ၏။

အယ်လာဝင်ဒယ် အနိစ္စရောက်သောအခါ သူပိုင်ပစ္စည်းအားလုံးကို မက်သဒစ်ဘုရားကျောင်းသို့ ရန်ပုံငွေအဖြစ် လှူပစ်လိုက်ခဲ့သည်။ သို့သော် သူ့တစ်သက်တာတွင် ထိုဘုရားကျောင်းကို တစ်ခေါက်မျှ မရောက်ဘူးခဲ့ဟု ဆိုကြ၏။

အယ်လာက ကမ္ဘာပေါ်တွင် ဆွေမျိုးသားချင်းရယ်လို့ တစ်ယောက်မျှမရှိတော့ကြောင့် ယုံကြည်ခဲ့၏။ ဒါပေမယ့် သူကွယ်လွန်ပြီး ၁ နှစ်အတွင်းမှာပင် ဝင်ဒယ်မိသားစုနှင့် ဆွေမျိုးတော်တွေပါဟု ဆိုလာသူ လူပေါင်း ၂၃၀၀ တိတိ မှိုပေါက်သလို ဘွားခနဲ ဘွားခနဲ အလျှိုအလျှို ပေါ်လာကြ၏။

တင်နက်ဆီပြည်နယ် တစ်ခုတည်းမှာပင် အယောက် ၂၆၀ ရှိ၍ သူ၏ ပေါင် ၇ သန်းတန် မြေယာများကို အမွေခွဲပေးဖို့ ဖုတ်ပူမီးတိုက်တောင်းဆိုလာကြသည်။

ဂျာမနီပြည်က ဂျာမန်ကောင်စစ်ဝန်အနေဖြင့် ဂျာမန်ရောက် ဝင်ဒယ်မျိုးစု၏ ပိုင်ဆိုင်ခွင့်လျှောက်လွှာ စောင်ရေ ၄၀၀ ကို လက်ခံခဲ့ရသည်။ ချက်ကိုဆလိုဗေးကီးယားမှာလည်း အမွေဆိုင်အများအပြားရှိကြောင်း နိုင်ငံခြားရေးဌာနမှ တစ်ဆင့် တင်ပြလာကြ၏။

ထိုအထဲမှ ထူးထူးဆန်းဆန်း ကြုံရပုံက ဝှုန်ဝင်ဒယ် တိတ်တိတ်ပုန်းအိမ်ထောင်ပြု၍ မွေးခဲ့သောရင်သွေးများဟုဆိုကာ လူ ၂ ယောက်က အမွေတောင်းလာခြင်း ပါပေတည်း။ တစ်ယောက်ကတော့ လက်ထပ်စာချုပ်နှင့် သေတမ်းစာအတုလုပ်မှု ပေါ်သွားသဖြင့် အမွေမရဘဲ ထောင်ကျသွားရသည်။

ဝှုန်ဂေါ့တလိုက်ဝင်ဒယ်သည် ဘယ်တော့မျှ သေတမ်းစာရေးမည့်လူစား မဟုတ်ပါချေ။ သူက

"အပိုတွေဗျာ။ ကျုပ်ပိုက်ဆံတွေကို ရှေ့နေစာ အလဟဿ အဖြစ်မခံနိုင်တာတော့ အမှန်ပဲ"

ဝင်ဒယ်ရယ်။ စကားနောက် တရားပါ။ နောက်လူများ ဟား တိုက်စရာ။ ကြည့်စမ်းပါဦး။

ရှေ့နေ အစားမခံနိုင်ပါဘူး ဆိုခဲ့သော သူ့ရတနာသိုက်ကြီးကို လုယက်တူးဖော်ရေးအတွက် အမွေဆိုင်အသီးသီးက ငှားရမ်းခဲ့သော ရှေ့နေတွေမှာ ၁ ယောက်မက, ၁၀၀ မက၊ အယောက် ၂၅၀ တိတိပင် ရှိလာသည်ကို သူ သိခဲ့ပါလျှင်။



# ဒူးမထောက်စတမ်း

ကပ္ပတိန် ရောဘတ် ဖယ်လ်ကွန် စကော့

ဝင်ရိုးစွန်းဒေသ၏ လျှို့ဝှက်ချက်များကို ရှာဖွေရင်း ဘုရားသခင်ကို တွေ့ရှိခဲ့ရသူ။

ပြိုင်စံရှား ယောကျ်ားကောင်းတို့၏ အားမာန်, သတ္တိ, ခွဲလုံ့လ။

သေမင်းရှေ့မှောက် ဒူးမထောက်စတမ်း အာခံအံတု ရင်ဆိုင်မှု။

ကျွန်တော်သိသမျှ ဇာတ်လမ်းတွေထဲတွင် တောင်ဝင်ရိုးစွန်းသို့ ဒုတိယရောက်ခဲ့သော ကပ္ပတိန် ရောဘတ် ဖယ်လ်ကွန် စကော့၏ ဖြစ်ရပ်လောက် သူ့ရသတ္တိပြောင်မြောက်၍ စိတ်ဓာတ်ခိုင်ကျည်ပြီး ကြေကွဲဖွယ်ကောင်းသည့် ဇာတ်လမ်းမျိုး မရှိခဲ့ပါ။

စကော့နှင့် သူ့ရဲဖက်တော် အဖော်မွန် ၂ ယောက် ရေခဲကန္တာရ တစ်နေရာက ယာယီတဲလေးအတွင်း သေမင်းကိုရင်ဆိုင်သွားပုံမှာ အသည်းနှင့်စရာဖြစ်သလို ဘယ်သောအခါမျှ မပျက်ပြယ်နိုင်အောင် ဥဒါန်းတွင်လျက် လူ့သမိုင်းကို အရောင်တင်ပေးခဲ့ပါပြီ။

ဗိုလ်ကြီးစကော့ ကွယ်လွန်ကြောင်းသတင်းသည် ၁၉၁၃ ခုနှစ် ဖေဖော်ဝါရီလ၏ သာယာသောနေ့တစ်နေ့တွင် အင်္ဂလန်သို့ ရောက်လာသည်။ အင်္ဂလန်တစ်နိုင်ငံလုံးမှာ ထရာဖဲလ်ဂျာတွင် ရေတပ်ဗိုလ်ချုပ်ကြီး နယ်လ်ဆင်သေဆုံးကြောင်း ကြားရစဉ်ကကဲ့သို့ပင် အပြင်းအထန် ပူဆွေး ခံစားလိုက်ကြရတော့၏။

နောက် ၂၂ နှစ်ကြာသောအခါ ကပ္ပတိန်စကော့ကို ဂုဏ်ပြုသော အားဖြင့် အမှတ်တရကျောက်တိုင် စိုက်လိုက်ကြပါသည်။ ထိုကျောက် တိုင်ကား အခြားမဟုတ်။ ကမ္ဘာပေါ်တွင် ပထမဦးဆုံး တည်ဆောက် လိုက်သော 'ဝင်ရိုးစွန်း ပြတိုက်ကြီး'ပင် ဖြစ်ပါလေသတည်း။ ကမ္ဘာ အနှံ့အပြားမှ အာတိတ်ခရီးသည် စွန့်စားရှာဖွေသူများ စုဝေးလာကြပြီး သူ့ကို အလေးပြုကြသည်။ ပြတိုက်ကြီး၏မျက်နှာစာတွင် ကမ္ပည်း စာတန်းကြီးကို လက်တင်ဘာသာဖြင့် ထွင်းထား၏။

**ရောဘတ်စကော့**

သူ ဝင်ရိုးစွန်းဒေသ၏ လျှို့ဝှက်မှုများကို ရှာဖွေခဲ့သည်။
ဘုရားသခင်၏ လျှို့ဝှက်ချက်များကို သူတွေ့ရှိသွားသည်။

စကော့သည် တောင်ဝင်ရိုးစွန်း မရဏခရီးကို 'တာရာဒိုဗာ' အမည်ရှိ သင်္ဘောငယ်ဖြင့် စတင်ခဲ့၏။

အေးစက်နေသော သမုဒ္ဒရာစက်ဝိုင်းစွန်းသို့ တာရာဒိုဗာ ဦးတည်လိုက်ပြီဆိုကတည်းက စကော့အဖို့ ဂြိုဟ်ဝင်၍ ကံဆိုးမိုးမှောင် ကျခဲ့ရပါတော့သည်။ တောင်လောက်နီးပါး လှိုင်းလုံးကြီးများက သင်္ဘောငယ်လေးကို ဘီလူးအစွယ်ကြီးများနှင့် ဝါးမြိုမယောင် မာန်ဖီခြိမ်းခြောက်လျက်။ တစ်ချက်တစ်ချက် ပုတ်ခတ်လာသည့်လှိုင်းများမှာ အမြောက်ကြီးနှင့် ထုလိုက်သလား မှတ်ရသည်။ ကုန်းပတ်ပေါ် ပါသမျှ ပစ္စည်းတွေမှာလည်း လှိုင်းပုတ်ရာပါ၍ ရေထဲ ကျကုန်သည်။ တန်ပေါင်းများစွာသော ရေတွေက သင်္ဘောထဲသို့ တဝေါဝေါတဝုန်းဝုန်းနှင့် စီးဝင်လာသည်။ ဘွိုင်လာစက်လည်း ရေနစ်၍ မီးသေသွားသည်။ ရေစုပ်စက်တွေလည်း ပျက်ကုန်ပါပြီ။ သည်လိုနှင့်ပင် ဒေါသမုန်တိုင်းထန်နေသော ပင်လယ်ရိုင်း လှိုင်းဆိုးကြီးများကြားတွင် တာရာနိုဗာသည် ရက်ပေါင်းများစွာ ကြုံကြုံခံလျက်-ကယ်သူမဲ့ လွင့်မျောခဲ့ရ၏။ ဒါပေမယ့် အဲဒါက စကော့၏ကြမ္မာညိုးမှု နိဒါန်းအစလို့သာ ဆိုရပါလိမ့်မည်။

သူက ရေခဲနှင်းခဲသော ဆိုက်ဘေးရီးယားလွင်ပြင်မှ အအေးဒဏ်ကိုပင် မဖြုခဲ့သည့် အကြမ်းခံမြင်းငယ်လေးတွေကို တစ်ပါတည်း ယူဆောင်လာ၏။ ဒါပေမယ့် ထိုမြင်းတွေလည်း ရောဂါရပြီး အကြီးအကျယ်နာကုန်သည်။သည်ကြားထဲမှ နှင်းတသဲသဲကြားတွင် မနည်းကြီး ရုန်းကန်သွားနေရာက နှင်းဖုံးနေသော ရေခဲအက်ကြောင်းထဲ ကျွံပြီး ခြေထောက်ကျိုးသွားကြသည်။ သေနတ်နှင့် ပစ်သတ်ရုံကလွဲ၍ အားမကိုးနိုင်ပါတော့။ ခွေးတွေ ဆိုရင်လည်း ထိုနည်းတူ။ ယူကွန်မှ တကူးတက မှာယူခဲ့ရသော မျိုးကောင်းရိုးကောင်း စစ်ခွေးကြီးတွေ ရေခဲကန္တာရထဲရောက်သည်နှင့် သွေးလန့်စိတ်ရှူးပေါက်ပြီး ယောင်ယောင်ကန်းကန်း ပြေးမိပြေးရာ တစ်ဟုန်ထိုးစွတ်ပြေးရင်း ရေခဲတောင်

ကမ်းပါးစွန်းမှ အသူတရာချောက်ကြီးထဲသို့ ထိုးကျဇာတ်သိမ်းသွားကြရသည်။

ထို့နောက် စကော့နှင့် အဖော် ၄ ယောက်သည် ပန်းတိုင်အရောက် ခရီးကြမ်းဆက်နှင်ခဲ့ကြပြန်၏။ သူတို့နှင့်အတူ ပေါင် ၁၀၀၀ လေးသော ရိက္ခာတင် စွပ်ဖားလေးသာ ရှိတော့၏။

တစ်နေ့တစ်နေ့ တရွေ့ရွေ့ဖြင့် ရေခဲပြင်, ရေခဲတောင်များကို ဖြတ်သန်းခဲ့ရာမှ ပင်လယ် ရေမျက်နှာထက် ပေ ၉၀၀ အမြင့်၌ တဟူးဟူးနှင့် အရိုးကွဲအောင် ချမ်းစိမ့်လှသောလေဒဏ်ကြောင့် အသက်ရှူတွေ ကြပ်လာရသည်။ အသက်ပင် မရှူနိုင်အောင် အမောဆို့လာကြရသည်။ သို့တိုင် သူတို့တစ်ယောက်မျှ ညည်းညူခြင်း မရှိ။ ခက်ထန်ကြမ်းကြုတ်ဆုံးသော သည်ရေခဲကန္တာရခရီး၏အဆုံးမှာ လှပသောအောင်မြင်မှုက ရှိနေသည် မဟုတ်ပါလား။

အောင်မြင်မှုနှင့်အတူ ဘုရားသခင် ဖန်ဆင်းသောနေ့မှစ၍ ယခုတိုင် လူသူအရောက်အပေါက်မရှိသေးဘဲ ထူးခြားဆန်းပြားလှသော ဝင်ရိုးစွန်းက ကြိုဆိုနေမှာ မုချ။ ဝင်ရိုးစွန်းဒေသမှာ သက်ရှိသတ္တဝါဆိုလို့ လုံးဝမရှိ။ ထွက်သက်ဝင်သက် တစ်ချက်မရှိ။ လှုပ်ရှားမှု ယောင်ယောင်လေး မရှိ။ ဝဲပျံနေတဲ့စင်ရော်ဆိုတာ ဝေလာဝေး။ အလုံးစုံပကတိ ငြိမ်သက်တိတ်ဆိတ်ခြင်းဖြင့် ကြီးကျယ်ခမ်းနားနေသည်။ အတုမဲ့ ဝင်ရိုးစွန်း။

မျှော်လင့်ချက်အတွေးများက ဖွဲ့သတ္တိကို မွေး၍ အားသစ်လောင်းပေးလိုက်သည်။ ယောက်ျားတို့ဖွဲ့လုံ့လ သေခါမှ လျှော့စတမ်းပါ။ ဖွဲမာန်တင်းရင်း ခရီးပြင်းနှင်ခဲ့ရာမှ ၁၄ ရက်အကြာမှာတော့ ကမ္ဘာ့ထိပ်ဖျားသို့ သူတို့ ခြေချမိကြပါလေပြီ။ သို့သော် သူတို့ခမျာ ခဲလေသမျှ သည်းကြွေရ။ ဟင်ခနဲ,ဟာခနဲ,ဟိုက်ခနဲ အထိတ်တလန့် အံ့အားသင့်သွားကြရှာသည်။ သူတို့ မြင်လိုက်ရသည်က မြေစိုက်တိုင်ငယ်တစ်ခု၌

စုတ်ပြတ်လုမတတ်သော အဝတ်စတစ်ခု။ တဝိုးဝိုးတိုက်ခတ်နေသည့် လေထဲမှာ ကြွားကြွားဝင့်ဝင့် တလူလူလွင့်လို့။ အလံ တစ်လက်ပါပေ။ နော်ဝေအမျိုးသား အလံပေါ့။ အေမွန်ဆန်ဆိုသူ နော်ဝေတစ်ယောက်က သူတို့အရင် ရောက်နှင့်ပြီး အောင်လံစိုက်သွားပါပြီကော။

တကယ်တော့ သူတို့အဖို့ နှစ်နှင့်ချီ၍ ပြင်ဆင်ရမှု, လနှင့်ချီ၍ ကြုံတွေ့ရသော အခက်အခဲများက သူတို့ကို အောင်မြင်မှုနှင့် တော့လွဲကလေး လွဲသွားစေခဲ့ပါသည်။

တစ်နည်း ၅ ပတ်မျှ နောက်ကျခဲ့ရခြင်းဖြင့် 'တောင်ဝင်ရိုးစွန်းသို့ ပထမဆုံး ရောက်ခဲ့သည့် ကမ္ဘာ့လူသားများ' ဟူသော ဆုလာဘ်ကြီး လက်လွတ် ဆုံးရှုံးခဲ့ရလေပြီ။ ရင်ကွဲပက်လက် စိတ်ပျက်လက်ပျက်နှင့်ပင် သူတို့အပြန်လမ်းအတွက် နောက်လှည့်လိုက်ကြရသည်။ အိမ်အပြန်လမ်းဆိုတာလည်း ဝေဒနာလွှမ်းရုံမက ဒုက္ခပေါင်းစုံကြားတွင် သနားစဖွယ်ရုန်းကန်ခဲ့ခြင်းသာ ဖြစ်ပါလေတော့၏။

အဆက်မပြတ်တိုက်ခတ်နေသော လေပြင်းက လူရုပ်ပျောက်နေအောင်ရှည်နေပြီဖြစ်သည့် သူတို့၏မုတ်ဆိတ်, ကျင်စွယ်များတွင် ရေခဲမှုနှင့် ဆီးနှင်းစများလိမ်းကျံပေး၍ တစ်မျက်နှာလုံး ဖွေးဖွေးလှုပ်နေစေခဲ့၏။ ၄ ယောက်စလုံး သာခွေယိုင်ဘဝဖြင့် ယဲ့ယဲ့လေးတွေသာ ကျန်တော့ရာမှ မကြာမကြာ ချော်လဲကျ၏။ သူတို့အခြေအနေကလည်း ထိရုံနှင့် ကြွေရမည့်ပုံ။ သေမင်းရှေ့သို့ ခြေတစ်လှမ်း ပိုနီးသွားသည်ပဲ မှတ်ရ၏။

ပထမဆုံး သူတို့ထဲတွင် အသန်ဆုံး, အတောင့်ဆုံးဖြစ်သူ တပ်ကြပ်အီဗန်းစ် အားပြတ်ပြီးချော်လဲရာမှ ရေခဲပြင်နှင့်ရိုက်၍ ဦးခွံကွဲကာ သေဆုံးသွားသည်။

သည့်နောက် ကပ္ပတိန်အုတ်စ် အဖျားဝင်ပြီး လဲပြန်သည်။ ခြေထောက် ၂ ဘက်စလုံး နှင်းကိုက်ဒဏ်ရာတွေ ရထား၏။ လမ်း

လျှောက်ဖို့မှ အနိုင်နိုင်။ သူက သူ့ကြောင့် တခြားလူတွေ ခရီးဖင့်နှောင့်နှေးနေရတာကို တွက်မိသည်။ ထို့ကြောင့်လည်း တစ်ညမှာတော့ ဘုရားသခင်တို့သာ လုပ်နိုင်၍ လူသာမန်တို့လုပ်နိုင်ခဲသော စွန့်လွှတ်ခြင်းမျိုး လုပ်သွားတော့သည်။ ဒါကတော့ သူ့အပေါင်းအဖော်တွေ အသက်ရှင်ရေးအတွက် သူ့အသက်ကို စတေးပြီး နှင်းမုန်တိုင်းတွေကြားထဲ တိတ်တခိုး တိုးဝင်လျက် ခြေရာဖျောက်ခဲ့ခြင်းပဲ ဖြစ်ပါတော့၏။ သူက သူရဲကောင်းဆန်ခြင်းမဟုတ်၊ တမင်စတန့်ထွင်ခြင်းလည်း မဟုတ်ဘဲ လေအေးအေးလေးနှင့် ပြောသွားသေးသည်။

"ငါ အပြင်ခဏ ထွက်လိုက်ဦးမယ်။ သိပ် မကြာစေရပါဘူးကွာ"ဟုဆိုပြီး လုံးဝ ပြန်မလာတော့။ ရာသက်ပန် နှုတ်ဆက်သွားခြင်းသာ ဖြစ်ပါသည်။ သူ၏ နှင်းရိုက်ထားသောအလောင်းကိုလည်း ဘယ်လိုမျှ ရှာမတွေ့ခဲ့တော့ပါ။ သို့ရာတွင် ဒီကနေ့တော့ သူ စွန့်ခွာပျောက်ဆုံးသွားလောက်သည့်နေရာတွင် အထိမ်းအမှတ် ကျောက်စာတိုင်တစ်ခု စိုက်ထူထားပါပြီ။ ကျောက်စာတိုင်၌ ထိုးထားသည့် ကမ္ပည်းက

ဤနေရာတွင် သူမတူအောင် ရဲရင့်လှသော အာဇာနည်တစ်ဦး အသက်စွန့်သွားသည်။

ကပ္ပတိန်စကော့နှင့် ကျန် ၂ ယောက်၏အဖြစ်ကို ဆက်လက်တင်ပြရဦးမည်။ သူတို့ ၃ ဦးသားမှာလည်း လူနှင့်မတူတော့အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေကြပါပြီ။ ခြေဖျားလက်ဖျားနှင့် နှာခေါင်းတွေမှာ အအေးဒဏ်ကြောင့် ပုံကြွေခဲ့ကြရပါပြီ။ သို့ဖြင့် ၁၉၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်။ သူတို့ ဝင်ရိုးစွန်းမှ ထွက်ခွာလာသည့် ရက် ၅၀ အကြာတွင်တော့ နောက်ဆုံးစခန်းအဖြစ် ရွက်ဖျင်တဲလေးတစ်ခု ထိုးလိုက်ကြသည်။ သူတို့မှာ လက်ဖက်ရည် ၂ ခွက်ဖျော်လောက်ရုံ လောင်စာနှင့် ရိက္ခာ ၂ ပတ်စာမျှသာ ကျန်တော့၏။ ဘာပဲဖြစ်ဖြစ်၊

သူတို့ကိုယ်သူတို့ အသက်အန္တရာယ်မှ လွတ်မြောက်နိုင်လိမ့်မည်ဟု ထင်ထားခဲ့ကြသည်။

အရေးပေါ်ရိက္ခာတွေ မြှုပ်ထားခဲ့သောနေရာကို ပြန်ရောက်ဖို့ ၁၁ မိုင်သာ လိုတော့သည်။ ခု တစ်ထောက်နားပြီး အားသွန်ရုန်းလိုက်လျှင် ထိုစခန်းသို့ သူတို့ အရောက်လှမ်းနိုင်မှာ သေချာနေ၏။ ဒါပေမယ့်

မမျှော်လင့်ဘဲ ရုတ်တရက်ဆိုသလို ဝမ်းနည်းစရာ ကြမ္မာဆိုးကြီး သူတို့အပေါ် အရိုပ်ထိုးကျသွား၏။ အဖြစ်ကတော့ မြေပြိုမတတ် ငလျင်တော်လဲသံကြီးများဖြင့် နှင်းမုန်တိုင်းကြီး ကျလာခြင်းပါတည်း။

လေပြင်းကလည်း ထန်သလားမမေးနှင့်။ တွေ့ရာမြင်ရာကို တစ်ပိုင်းတစ်စစီ ဖြတ်တောက်မှုန့်ချေပစ်မည့်ပုံနှင့် ကြောက်စရာကောင်းလှချည့်။ သည် လေပြင်းမုန်တိုင်းဒဏ်ကို မြေပြင်ထက်ရှိ ဘယ်လိုသတ္တဝါမျိုးကမျှ အသက်ရှင်လျက်ခံနိုင်မည် မဟုတ်ပါ။

စကော့နှင့် သူ့သွေးသောက်များသည် နှင်းမုန်တိုင်းကြီး သည်းထန်နေသည့်အတွက် ၁၁ ရက်တိုင်တိုင် သူတို့တဲကလေးထဲမှာ အကျဉ်းသမားဘဝဖြင့် ငြိမ်ကုပ်နေကြရရှာ၏။

သူတို့မှာ ပါသမျှရိက္ခာလည်း ပြတ်လေပြီ။ ရိက္ခာပြတ်ပြီဆိုတော့လည်း အသက်ဆုံးရှုံးရုံသာ ရှိတော့မည်။ သူတို့ နားလည်လိုက်ကြသည်။ ဒီနေရာမှာ သူတို့အတွက် ထွက်ပေါက်တစ်ခုတော့ ရှိ၏။ ညင်ညင်သာသာနှင့် အလွယ်ဆုံးထွက်ပေါက်ပဲ ဆိုပါတော့။

သူတို့မှာ ဘိန်းတွေ ပါလာကြသည်။ အရေးကြုံလျှင် သုံးရအောင်ဆိုပြီး ဘိန်းတွေ တော်တော်များများလေး သယ်ဆောင်ခဲ့တာ ရှိသည်။ ဘိန်းကို လိုတာထက်ပို၍ မျိုလိုက်ပြီးတော့ အသာလှဲပြီး အိပ်မက်ကောင်းကောင်းလေးတွေမက်ရင်းက ဘယ်တော့မျှ ပြန်မနိုးသောအိပ်ခြင်းဖြင့် အိပ်သွား။ ဇိမ်ကျကျလေး သေတယ်ဆိုတာမျိုးပေါ့။ ဒါပေမယ့်

သူတို့က သေမင်းကို ဒူးထောက်အရှုံးပေးရာရောက်သော ဘိန်းစား လမ်းစဉ်ကို ဘေးဖယ်ပစ်လိုက်သည်။

ရေးခေတ် အင်္ဂလန်ပြည်က အားကစားသမားကောင်းတို့၏ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်မျိုးဖြင့် သေမင်းကိုရင်ဆိုင်ရန်လမ်းကို ရွေးချယ်လိုက်သည်။

စကော့သည် အသက်နှင့်ခန္ဓာ မြဲနေသည့်အချိန်ကာလအတွင်း သူတို့၏နောက်ဆုံးအခြေအနေကို ဖော်ကျူးသော စာတစ်စောင်ကိုသာ ဂျိမ်းစ်ဘယ်ရီထံသို့ ရေးသားခဲ့၏။

'သူတို့မှာ အစာရေစာ ပြတ်သွားပြီ။ သေအံ့မူးမူး ဖြစ်နေကြပြီ' စသည်ဖြင့် ဖော်ပြခဲ့သည်။ အဆုံး၌ စကော့က ခုလို နိဂုံးချုပ် ပန်ကြား ခဲ့၏။

'ကျွန်တော်တို့ရဲ့ ရွက်ဖျင်တဲလေး ပြည့်လျှံသွားအောင် ကျွန် တော်တို့နားထောင်ဖို့ ပျော်စရာသီချင်းလေးတွေ ခင်ဗျား လာဆိုပေး နိုင်မယ်ဆိုရင်ဖြင့် ခင်ဗျားတစ်သက်လုံး ပီတိဖြစ်စရာ ကောင်းကျိုး တစ်ခု လက်ဆောင်ရတာပဲ ဖြစ်ပါလိမ့်မယ်ဗျာ'တဲ့။

နောက် ၈ လအကြာ၊ တစ်ရက်၌မူ အန္တာတိတ်နေခြည်က ရွှေရည်ဝင်းလျက်။ ဘော်ငွေရောင်တောက်ပသော ရေခဲပြင်ထက်သို့ လပငြိမ်သက်စွာ ဖြာကျလာချိန်၌ ရှာဖွေရေးအဖွဲ့တစ်ဖွဲ့က သူတို့၏ ရေခဲစိမ်အလောင်းများကို တွေ့ရှိခဲ့ကြရပါသည်။ သူတို့ တဲစခန်းချရာ မှာပင် အလောင်းတွေကို သင်္ဂြိုဟ်လိုက်ကြသည်။ မြေပုံပေါ်မှ ရေခဲပြင် လျှောစီးသည့် စကိတ်တစ်စုံကိုယူ၍ လက်ဝါးကပ်တိုင် လုပ်ပေးခဲ့၏။ ပြီးတော့ သူတို့၏ သဘာဝဂူထက်၌ တင်နီဆင်၏အလှအပကဗျာလေး တစ်ပုဒ်ကို ရေးထိုးထားလိုက်သည်။

သူ့ရဲ့ကောင်းတို့ရဲ့ နှလုံးသားဟာ
တစ်ရောင်တည်း ခြယ်ထားတယ်။
ကာလယန္တရားနှင့် ကံကြမ္မာရိုင်းပျမှုက
ဘယ်လိုပဲ အားအင်ချည့်နဲ့စေခဲ့ပါစေ၊
ဆန္ဒနှင့် စိတ်ဓာတ်တွေကတော့
မယိုင်မလဲ ရဲရင့်ခိုင်မာဆဲ။
လှုပ်ရှားရန်းကန်ရန်အတွက်။
ရှာဖွေရန်အတွက်, တွေ့ရှိရန်အတွက်
သို့စဉ်လျက် ငိုညည်းဖို့တော့ အိပ်မက် လုံးဝမမက်။



# အညတရ တော်ဝင်

## အက်ဒဝပ် ဘော့ခ်

ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက် တောက်မယ့်မီးခဲ အလျှံနှင့်ရဲရဲ။

လမ်းဘေးမှာ မီးသွေးကောက်ရသည့်ဘဝမှ မဂ္ဂဇင်းပိုင်ရှင် မီလျံနာကြီးဘဝရောက်အောင် ရုန်းကန်ကြံဖန်ခဲ့သော ချာတိတ်လေး တစ်ယောက်။

၁၄ နှစ်သားအရွယ်၌ ဗိုလ်ချုပ်ကြီး၏ ညွှဲသည်တော်အဖြစ် ဖိတ်ကြားခြင်းခံခဲ့ရသူ။

အင်္ဂလိပ်စကားမတတ်သည့် လူမျိုးခြားဖြစ်လျက်နှင့် အမေရိကန် မြို့ပြစနစ်အား ဖြေလှန်ပစ်ခြင်းဖြင့် ကျေးဇူးဆပ်ခဲ့သူ။

တစ်နေ့တွင် ဆာလောင်နေသော ကျောင်းသားတစ်ယောက် အိမ်ပြန်လာရာမှ ပေါင်မုန့်ဆိုင်တစ်ဆိုင်ရှေ့က အလှပြထားသော ပူပူနွေးနွေး ပေါင်မုန့်လုံးလေးများနှင့် ဌာပနာမုန့်များကို ငေးကြည့်ရင်း သွားရေကျမိ၏။ ထိုစဉ် မုန့်ဆိုင်ရှင်ထွက်လာပြီး သူ့ကို မေးသည်။

"မုန့်တွေက မလှဘူးလားကွ။ ဟေ ဘယ့်နှယ်နေလဲ"

ဒတ်ချ်လူမျိုးကလေးကလည်း အာသွက်လျှာသွက်ကလေးပင် ပြန်ဖြေခဲ့သည်။

"အင်း။ ခင်ဗျားရဲ့ ပြတင်းမှန်တွေကိုတိုက်လိုက်ရင် ဒီထက် ပိုလှသွားမယ်။ တကယ်"

သည်တော့ မုန့်တိုက်ရှင်က လိုလိုလားလားပြန်ပြော၏။

"အား။ သိပ်ကောင်းတာပေါ့။ ဘာလို့ မဖြစ်နိုင်ရမှာလဲ။ ငါ့ အတွက် မင်း ဒီပြတင်းမှန်တွေကို ဖုန်သုတ်ပေးပေါ့"

ဤသည်မှာ အဲက်ဒဝပ် ဘော့ခ်၏ ပထမဆုံး အလုပ်ရရှိခဲ့ပုံပင် ဖြစ်တော့၏။ ထိုအလုပ်အတွက် ၁ ပတ်မှ ၂ သျှိလင်သာရသော်လည်း မိသားစုအတွက်တော့ ရတနာပုံဆိုက်သည် မည်ပါ၏။

သူတို့တစ်အိမ်သားလုံးမှာ တိုင်းတစ်ပါးမှ ပြောင်းရွှေ့ခိုလှုံ လာရသူတွေပီပီ ဆင်းရဲတွင်းနက်လှသည်။ မိုးလင်းသည်နှင့် တောင်း တစ်လုံးစွဲ၍ လမ်းတကာလျှောက်ပြီး မီးသွေးကားတွေ မီးသွေးအိတ် သယ်ရင်း ဖိတ်စဉ်ကျန်ခဲ့သော မီးသွေးတုံးအစအနလေးတွေ လိုက် ကောက်ရသည့်ဘဝ။

အက်ဒ်ဝပ် ဘော့ခ်ဆိုသည့် ချာတိတ်လေးသည် အင်္ဂလိပ်စကား တစ်လုံးမျှ မတတ်ဘဲ အမေရိကန်သို့ ရောက်လာခဲ့သလို ကျောင်းတက် တော့လည်း ဆရာမ ပြောတာတွေ လုံးဝ နားမလည်ရှာသူ ဖြစ်ခဲ့၏။

သူ တစ်ဘဝလုံး ၆ နှစ်ထက်ပို၍ ပညာသင်ကြားခဲ့ရခြင်း မရှိပါ။ ခုတော့ အမေရိကန်စာနယ်ဇင်းသမိုင်းတွင် အအောင်မြင်ဆုံးသော မဂ္ဂဇင်းအယ်ဒီတာတစ်ယောက် ဖြစ်နေပါချေပြီ။

သူ့အနေဖြင့် အမျိုးသမီးတွေ ဘယ်စာမျိုး ကြိုက်တတ်သလဲ ဆိုသည်ကိုလည်း ဘုရားစူးမသိခဲ့ကြောင်း ဝန်ခံသည်။ သို့သော် တောင်လောက်မက မိုးထိနီးပါး စောင်ရေမြင့်မားလှသော ကမ္ဘာအကျော်ကြားဆုံး အမျိုးသမီးမဂ္ဂဇင်းတစ်အုပ်ကိုတော့ သူ ဦးစီးထုတ်ဝေနိုင်ခဲ့သည်။ ထိုမဂ္ဂဇင်းက သူ နောက်ဆုံးအနားယူသည့်လတိုင်အောင် စောင်ရေ သိန်း ၂၀ ရောင်းခဲ့၏။ တစ်ကြိမ်ထုတ်လျှင် ရှေ့ဖုံး နောက်ဖုံးမှာ ပါခဲ့သော ကြော်ငြာခကပင် ပေါင် ၂ သိန်းခန့် ရရှိ၏။

အက်ဒ်ဝပ်ဘော့ခ်သည် 'မေတို့အိမ်'ဂျာနယ်၏ အယ်ဒီတာအဖြစ် အနှစ် ၃၀ လုပ်ခဲ့သည်။ သူ့ဘဝအတွေ့အကြုံများကို 'အက်ဒ်ဝပ်ဘော့၏ အမေရိကန်ပြည်သားဖြစ်ခြင်း'အမည်ရှိ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်တစ်အုပ် ရေးသားခဲ့သည်။

မုန့်တိုက်တွင် မုန့်ပြတင်ပေါက်များ သန့်ရှင်းရေးအလုပ်ကို ဝင်လုပ်ခဲ့ပြီးနောက်၊ တံဆိပ်ခေါင်းဝယ်ရောင်းအလုပ် အပါအဝင် ကြုံရာကျပန်းကလေးများ တစ်ပြိုင်နက်တည်း လုပ်မိ၏။

တနင်္ဂနွေ မနက်တိုင်း သတင်းစာ လိုက်ပို့၏။ စနေနေ့ ညပိုင်းနှင့် တနင်္ဂနွေနေ့များတွင် ခရီးသွားစခန်းများ၌ ရေခဲရေနှင့် သံပုရာအချိုရည်များကို လိုက်ရောင်းသည်။ ထို့အပြင် ညနေပိုင်းများ၌ သူတို့မြို့ထုတ်သတင်းစာများတွင် လက်ဖက်ရည်ပွဲ၊ မွေးနေ့ပွဲ စသော သတင်းအတိုအထွာလေးများ ရေးပို့၍ ကလောင်သွေးခဲ့သေး၏။

စာရင်းချုပ်လိုက်ပါက ဟိုလုပ်ဒီလုပ်နှင့် တစ်ပတ်တစ်ပတ်လျှင် သူ့ဝင်ငွေမှာ ၄ ပေါင်နှင့် ၅ ပေါင်ကြား ရလာ၏။

ထို အလုပ်မျိုးစုံအားလုံးကို ကျောင်းနေရင်းတန်းလန်းက ကျောင်းဆင်းချိန်, ကျောင်းပိတ်ချိန်များတွင် လျှောက်ဝင်လုပ်ခဲ့ခြင်း ဖြစ်၏။ သို့နှင့်အမျှ အမေရိကန်ပြည်သို့ ရောက်ခဲ့သည်မှာ ၆ နှစ် သာသာလေး ရှိသေးသည်။ သူ့အသက်လည်း ၁၂ နှစ်ပင် မပြည့်တတ် သေးချေ။

သူ ကျောင်းထွက်ပြီး ဝက်စတင်းယူနီယံတွင် မင်းစေ ဝင်လုပ် တော့ ၁၃ နှစ်သားသာ ဖြစ်၏။ သို့တိုင် ပညာသင်လိုစိတ်ကိုတော့ နည်းနည်းလေးမျှ မလျှော့ခဲ့။ ကျောင်းမှာ ဆက်သင်ရမယ့်အစား ကိုယ်တိုင်လေ့လာသင်ယူဖို့ စတင် ကြိုးစားလိုက်၏။

သူသည် အမေရိကန်ပြည်တွင်းရေးရာ စွယ်စုံကျမ်းကြီးတစ်တွဲ ကို ဝယ်ယူဖို့ရာ စာအုပ်ဖိုးမပြည့်မချင်း မနက်စာမစားဘဲ ရသမျှငွေကို စုခဲ့၏။ သည့်နောက်တော့ သူ မကြားဘူး, မသိဘူးတာဟူ၍ ဘာမျှ မရှိတော့ပေ။

သူသည် ကျော်ကြားအောင်မြင်သူများ အကြောင်းကို အားရ ပါးရဖတ်ရှုပြီး ထိုပုဂ္ဂိုလ်ကြီးများထံ မိတ်ဆက်စာ ရေးကာ စာအုပ်ထဲ မပါသေးသော ၎င်းတို့၏ ငယ်စဉ်ဘဝဖြစ်စဉ်များကို ပြောပြရန် ပန်ကြား လေ့ရှိ၏။

တစ်ခါတွင်လည်း သမ္မတရွေးကောက်ပွဲဝင်ဖို့ ပြင်ဆင်ခဲ့သော ဗိုလ်ချုပ်ကြီး ဂျိမ်းစ်၊ အေ၊ ဂါဖီးလ်ထံ စာရေး၍ ငယ်ငယ်က တူးမြောင်း ထဲမှာ ရေယာဉ်ကြိုးဆွဲ အလုပ်သမားကလေး ဝင်လုပ်ခဲ့ရတယ်ဆိုတာ မှန်,မမှန် မေးမြန်းခဲ့ဖူးသည်။

ထို့အတူ ဗိုလ်ချုပ်ကြီး ဂရန့်ကိုလည်း သူတိုက်သည့် စစ်ပွဲတစ်ပွဲ အကြောင်း စူးစမ်းခဲ့ရာမှ ဗိုလ်ချုပ်ကြီးက မြေပုံတစ်ပုံ သူ့ကို ပို့ပေးခဲ့ သည်။ ပြီး ၁၄ နှစ်သား လူငယ်ကလေးအား ညစာဖိတ်ကျွေးကာ တစ်ညနေလုံး ဧည့်ထောက်ခံ စကားဖောင်ဖွဲ့ပြောခဲ့သော ဟူ၏။

ဘော့ခ်သည် တစ်ပတ်လျှင် ၂၅ ဒေါ်လာခန့်ဖြင့် ကြေးနန်းရုံး၌ ဝင်လုပ်ကိုင်နေရင်း သူ့နည်းသူ့ဟန်ဖြင့် ထိုခေတ်က ထိပ်ဆိုသည့် ပုဂ္ဂိုလ်အကျော်ကြီးများ အားလုံးနီးပါးနှင့် သိကျွမ်းခင်မင်အောင် လုပ်နိုင်ခဲ့သည် ဆိုရမည်။

သို့ဖြင့် အင်မာဆင်၊ ဖီးလ်စ်စ် ဘရွတ်စ်၊ အောလစ် ဝင်ဒယ်ဟုမ်း၊ လောင်းဖဲလိုး၊ မစ္စစ်အေဘရာဟင်လင်ကွန်း၊ လူဝစ်ဆာမေအယ်လ်ကော့နှင့် ဗိုလ်ချုပ်ကြီး ရှားမင်းတို့ဆီအထိ သူ သွားလည်ဖူးခဲ့သည်။

ထိုထိုသော အကျော်ဒေးယျပုဂ္ဂိုလ်ကြီးများနှင့် တရင်းတနှီး တွေ့ဆုံမှု၏ရလဒ်ကတော့ ဘော့ခ်တစ်ယောက် သူ့ကိုယ်သူ ယုံကြည်မှု တိုးပွားလာသည်။ လောကအမြင် ကြည်လင်လာသည်။ ရည်ရွယ်ချက် မြင့်မားလာသည်။ အဖိုးမဖြတ်နိုင်သော အကျိုးအမြတ်တွေ ရခဲ့သည်ပဲ ဆိုပါတော့။

တစ်နေ့ လူတစ်ယောက် လမ်းလျှောက်ရင်းက စီးကရက်ဘူးကို ဖွင့်ပြီး အထဲက အမှတ်တရလက်ဆောင်ဓာတ်ပုံလေးအား လွှင့်ပစ် သွားသည်ကို သူ တွေ့လိုက်ရ၏။

အက်ဒ်ဝပ် ဘော့ခ်ကလည်း စာရေးရမည့် နာမည်ကြီးပုဂ္ဂိုလ် အသစ်ကို ရှာနေတဲ့လူဆိုတော့ ထိုဓာတ်ပုံလေးကို အပြေးအလွှား ကောက်ကြည့်လိုက်သည်။ ဓာတ်ပုံက ထင်ရှားကျော်ကြားသော လွှတ်တော်အမတ်တစ်ယောက်ရဲ့ပုံ။ ကျောဘက်မှာတော့ ပြောင်အလွတ်ကြီး။ သည်တွင် ဘော့ခ် အတွေးပေါ်လာသည်။

'အင်း။ ဓာတ်ပုံနောက်မှာ ဒီပုဂ္ဂိုလ်ရဲ့ ကိုယ်ရေးရာဇဝင်အကျဉ်း လေးသာပါလိုက်ရင် ဒီဓာတ်ပုံဟာ ခုလို အချောင်လွှင့်ပစ်ခံရမှာ မဟုတ်ဘူး'

အတွေးမှ အကြံ ဖြစ်ခဲ့ရပြန်၏။

နောက်တစ်နေ့ သူ ထမင်းစားနားတဲ့ အချိန်မှာတော့ ထိုခါတ်ပုံတွေ ထည့်ပေးလိုက်သည့် ကုမ္ပဏီဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားပါလေတော့သည်။ ပြီးတော့ တာဝန်ခံမန်နေဂျာနှင့်တွေ့ပြီး သူ့စိတ်ကူးကို တင်ပြသည်။ သူက ယုံကြည်ချက်အပြည့် အားတက်သရော မစားရဝခမန်း ပြောခဲ့တာမို့လည်း တစ်ဘက်လူက အကျကြီးကျသွားသည်။ သူ မပြန်ခင်မှာပင် ၁ ပုဒ်ကို ၂ ပေါင်နှုန်းဖြင့် အတ္ထုပ္ပတ္တိအကျဉ်း အပုဒ် ၁၀၀ ရေးပေးဖို့ အလုပ်အပ်လိုက်တော့၏။

များမကြာမီ အလားတူရေးသားပေးရန် အလုပ်တွေ ပုံအောကျလာသဖြင့် သူတစ်ယောက်တည်း မနိုင်နိုင်အောင်ဖြစ်ရသည်။ ဤတွင် လက်ခွဲတွေရှာပြီး ၁ ပုဒ် ၁ ပေါင်နှုန်း၊ သူက ထက်ဝက်စားဖြင့် ကန်ထရိုက် ပေးခဲ့ရတော့သည်။

တစ်နေ့တခြား ဝါရင့်ပြီး ကွက်ကျော်မြင်လာသည့်အဆုံး အတ္ထုပ္ပတ္တိအကျဉ်း ရေးပေးသည့်အလုပ်ကို စွန့်လွှတ်လိုက်ကာ ကိုယ်ပိုင်ပုံနှိပ်ထုတ်ဝေသူအဖြစ် စာပေနယ်ထဲသို့ ခြေစုံပစ် ဝင်လိုက်တော့၏။

သူ 'မေတို့အိမ်' ဂျာနယ်ကို ဦးစီးထုတ်ဝေရန် ဖီလာဒဲဖီးယားသို့ ထွက်ခဲ့ချိန်မှာ အသက် ၂၅ နှစ်သာ ရှိသေးသည်။

ကြီးကျယ်မြင့်မားသော ဘဝသရဖူကို ဆောင်းနေရဆဲ အသက် ၅၆ နှစ်တွင် လုပ်ငန်းကိုရပ်ဆိုင်း၍ အနားယူခဲ့သည်။ ထို နောက်ဆုံးအချိန်မှာတော့ သူပြောခဲ့သည့် တစ်ခွန်းတည်းသော စကားက

'ငါ'။

•

ဘော့ခ်သည် အနှစ် ၃၀ လုံးလုံး အမေရိကန် စာနယ်ဇင်းလောက၏ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်တစ်ဦးအဖြစ် သူ့ကိုယ်သူ ထိုက်ထိုက်တန်တန် ဖန်ဆင်းနိုင်ခဲ့၏။ သို့နှင့်မခြား အချမ်းသာကြီး ချမ်းသာခဲ့တာလည်း အမှန်။ တစ်ခုတော့ ရှိသည်။

လူတစ်ယောက်၏ အောင်မြင်မှုကို ငွေတစ်ခုတည်းနှင့် ဆုံးဖြတ်၍မရပါ။ ဥပမာအနေဖြင့် အက်ဒ်ဝပ် ဘော့ခ်ကိုပဲ ကြည့်ရအောင်။ ခင်ဗျားတို့, ကျွန်တော်တို့ကောင်းကျိုးအတွက် သူ ဘယ်လိုများ အကျိုးပြုခဲ့ပါသလဲ။

ကဲ။ ဒါဆိုလည်း သူ စားကုန်သန့်ရှင်းမှု ဥပဒေအတွက် သူ ကလောင်တိုက်ပွဲ ဝင်ခဲ့လို့ အမေရိကန်တွေ ကျန်းမာရေးနှင့်ညီညွတ်တဲ့ အစားအသောက်သန့်သန့်လေး စားရတာပါ ဆိုတဲ့အချက်က စပြော ရပါလိမ့်မည်။

သူနေထိုင်ရာ မြို့တော်တစ်ခွင်မှာ လှပသန့်ရှင်း ရောဂါကင်းခဲ့ ရသည်မှာ မြင်မကောင်းရှုမကောင်းစုပုံနေသော အမှိုက်သရိုက် အညစ်အကြေးများနှင့် ရေပုပ်မြောင်းများကို အပြတ်ရှင်းလင်းရန် ဦးဆောင် လှုံ့ဆော်လျက် လူအားငွေအားပါစိုက်ကာ အားကြိုးမာန်တက် သူ ဆောင်ရွက်ခဲ့သည့် ကျေးဇူးပင်ဖြစ်၏။

မြို့တော်ရှိ တိုက်တွေ, အိမ်တွေ ခေတ်မီဆန်းသစ်သော ပုံစံများ ဖြင့် လှသားနားလျက် နတ်ဘုံနတ်နန်းအလား တောက်ပဝင့်ကြွားခဲ့ရ ပါပြီ။ ဒါကလည်း ဘိုးတော်ဘွားတော်များလက်ထက် ဗစ်တိုးရီးယား ခေတ်က ပုံဆိုးပန်းဆိုးနှင့် လေဝင်လေထွက်မကောင်းသော တိုက်အို တိုက်ဆွေးကြီးများကို အစားထိုးရန် ဘော့ခ်က အပြင်းအထန် မနေမနား အရေးဆိုခဲ့သောကြောင့်ပင်။

ထိုအချိန်က အဆောက်အအုံပုံစံများမှာ အပြောက်အမွမ်းများလေ အရုပ်ဆိုးလေ၊ ငွေကုန်ကြေးကျများလေ ကြောက်စရာကောင်းလေလို့ပဲ ဆိုရပါမည်။

ဤသည်ကို ဘော့ခ်က မြို့ပြတော်လှန်ရေးတစ်ရပ် ဆင်နွှဲကာ အမေရိကန်နိုင်ငံတစ်ဝှမ်းမှ အတော်ဆုံးဗိသုကာများကို စုစည်းပြီး လူတိုင်းတတ်နိုင်အောင် ဈေးချိုချိုနှင့် လက်ရာကောင်းကောင်း အိမ်ပုံစံ

များကို ဆန်းသစ်တည်ဆောက်စေခဲ့ခြင်းလည်း ဖြစ်ပါ၏။ သူ့လုပ်ရပ်က အတိုင်းမသိ အောင်မြင်ခဲ့သဖြင့် သမ္မတကြီး သီအိုဒိုရုစဗဲ့ကပင်

"တစ်နိုင်ငံလုံးလိုလိုရဲ့ မြို့ပြအိမ်ရာပုံစံတွေကို ကောင်းသထက်ကောင်းအောင်ပြောင်းပစ်နိုင်တဲ့သူဟာ ငါ ကြားဖူးသလောက်တော့ အက်ဒ်ဝပ်ဘော့ခ် တစ်ယောက်ပဲ ရှိတယ်ဟေ့"လို့ ချီးကျူးထောပနာပြုရသည်ဆို၏။

သူသည် အလုပ်မှ အငြိမ်းစားယူပြီးနောက် ၁၀ နှစ်တာ ၁၀ တွင် ပန်းဥယျာဉ်များကို တည်ဆောက်ခဲ့ပြန်၏။

သူ့မိခင်တိုင်းပြည်ဖြစ်သော ဟော်လန်မှ ထောင်ပေါင်းများစွာသော မီးသီးများကို မှာယူတင်သွင်းကာ လမ်းဘေးဝဲယာတွင် ပြည်သူအများ မျက်စိပသာဒဖြစ်စေရန် ထွန်းညှိခြယ်သပေးခဲ့သေးသည်။ ဘူတာရုံများတစ်ဝိုက်၌လည်း နှင်းဆီခင်းကြီးများဖြင့် အလှဆင်လိုက်ပြန်၏။

ဒါတွေ အားလုံးအနက်မှ ဘော့ခ်၏ အကျော်ကြားဆုံး, အဆန်းသစ်ဆုံး တံခွန်စိုက် လုပ်ဆောင်ချက်ကတော့ ဖလော်ရီဒါမှ အံ့ချီးဖွယ်ရာ တေးသံလွင် မျှော်စင်ကြီးပဲ ဖြစ်ပါသည်။

တစ်ချိန်က ဖလော်ရီဒါသဲလွင်ပြင်၏ အမြင့်ဆုံးအပိုင်းမှာ ခုတော့ သစ်ပင်ဝါးပင်များဖြင့် စိမ်းစိမ်းစိုစို မြရောင်လွှမ်းခဲ့ရသည်။ ထိုမြကမ္ဘလာ အလယ် ပန်းနုရောင်ကျောက်ပြားများနှင့် ဝင့်ထည်လှပသော တေးသံလွင်မျှော်စင်ကြီးက မိုးပြာအမြင့်နောက်ခံမှာ ငွားငွားစွင့်စွင့် ထင်ဟပ်နေပုံက တင့်တယ်လို့ ရှုမဆုံးနိုင်အောင်ပါတကား။



## ၂၁။ မှားပါတယ် မမ

အီဗင်ဂျလင်း ဘုသ်

လူ ၁၀၀၀ လက်ထပ်ခွင့်တောင်းသည်ကို ခါးခါးသီးသီး ငြင်းပယ်ခဲ့ပြီး၊ မြင်းရိုင်းကို ဒုန်းစိုင်းစီးခဲ့တဲ့ အပျိုကြီး။

ကိုယ်ကျိုးစွန့်၍ အများအကျိုးဆောင်ခဲ့ခြင်းကြောင့် အိပ်ပျော်စားဝင် ထာဝစဉ်ပြုံးပန်းဆင်နိုင်ပြီး ပျော်ရွှင်နေရပါသတဲ့။

လူသတ်စားပြကြီးကိုယ်တိုင် ဒူးထောက်လည်စင်းပြီး အသနားခံ တောင်းပန်ရတဲ့ မမ။

■

မကြုံစဖူး ထူးထူးကဲကဲ၊ အံ့မခန်းပါပဲ။

ယောက်ျားပေါင်း ၁၀၀ က ဝိုင်းချစ်ရေးဆိုပြီး လက်ထပ်ခွင့် တောင်းခံရတဲ့ မိန်းမထူးမိန်းမမြတ်ရယ်လို့ ကျွန်တော် မြင်ဖူးကြားဖူး သလောက် တစ်သက်တစ်ခါ တစ်ကမ္ဘာမှာတစ်ယောက်သာ ရှိခဲ့ပါ လေသည်။

သို့တစေ သူမက ထိပ်ထိပ်ကြဲဆိုသည့် လူတွေကအစ တံငါ သည်တွေ၊ လယ်သမားတွေ၊ ကလေးကချေ အလုပ်လက်မဲ့တွေအထိ ပါဝင်သော ထိုသူကောင်းသားအားလုံးကို ခေါင်းခါခါ လက်ခါခါ ဆောရီးမှာ ပြခဲ့သည်။

ဥရောပမှ အထင်ရှားဆုံး နန်းညွန့်နန်းနွယ် မင်းသားတစ်ပါး ဆိုလျှင် သူမနောက်သို့ လပေါင်းများစွာ တကောက်ကောက်လိုက်၍ ဇွဲကောင်းကောင်းဖြင့် အသည်းတောင်းခဲ့သည် ဆို၏။

သူ့ခမျာလည်း မမကျောက်ရုပ်ကြောင့် မလှမပ နောက်ဆုတ်ခဲ့ ရသည်ဟူ၏။

မမတို့ စန်းပွင့်လိုက်ပုံမှာ အရွယ်တော် တစ်ဆိတ်ဟိုင်း ၃၀ ကျော် ၄၀ ပိုင်းရောက်သည့်တိုင်အောင်ပင် လက်ထပ်ပါရစေ ဖွင့်ဆို လာသည့် မေတ္တာစာတွေက တောင်ပုံရာပုံ။ ကိုယ်ရေးအရာရှိ ကလေးမ ခမျာ မမကို ပြရမှာအားနာ၍ တော်ရာ ချောင်ထိုးထား လိုက်ရတယ် ဆိုပဲ။

ဒီလောက်ဆို ဒီမမ ဘယ်သူများပါလိမ့် သိလိုဇော တကြွကြွ ဖြစ်နေလောက်ပါပြီ။ ဟုတ်ကဲ့။ ကျွန်တော်ကလည်း ပြောချင်လွန်းလို့ နိဒါန်းဆင် အမွှန်းတင်နေတာပါ။

မမ အမည်က 'အီဗင်ဂျလင်းဘုသ်'ပါတဲ့။

ပြီးတော့ မမက မဟာရန်သူတွေကို အနိုင်တိုက်နေတဲ့, ကမ္ဘာပေါ်မှာ အင်အားအကောင်းဆုံး စစ်တပ်ကြီးတစ်တပ်ရဲ့ သေနာပတိတစ်ပါးလေ။

လန့်တော့ မသွားပါနှင့်။ မဟာရန်သူဆိုတာက အငတ်ဘေး။ စစ်တပ်ကြီးကတော့ ကမ္ဘာကျော် 'ကယ်တင်ခြင်းတပ်'ဆိုတဲ့ ရေးနှင့် လူမှုရေးအဖွဲ့အစည်း။ မမတို့ကယ်တင်ခြင်းတပ် အရာရှိတွေချည်း ၃ သောင်းကျော်ရှိပြီး၊ ဝေးလံခေါင်ဖျား များသော နိုင်ငံငယ် ၈၆ ခု၌ အမျိုး ၈၀ သော ဘာသာစ... ပုံ မေတ္တာဖြန့်ဝေလျက်။ ငတ်မွတ်ခေါင်းပါးနေသူများအား ကျွေးမွေးစောင့်ရှောက် အသက်ကယ်ထားကြပါသည်။

ကျွန်တော် မမအီဗင်ဂျလင်းဘုသ်နှင့် တွေ့ဆုံလိုက်ရသောအခါ မယုံနိုင်အောင် အံ့အားသင့်သွားရပါ၏။ တကယ်စင်စစ် မမသည် အသွားအရွယ် ရောက်နေပါလျက် ဆံပင်နီတွေမှာ မဆိုစလောက်ကလေး ညိုရောင်သမ်းရုံမှလွဲ၍ တစ်ချောင်းမျှမဖြူသေးဘဲရှိခြင်း။ အထူးသဖြင့် ခန့်ချောကြီးချောနေဆဲမှာတောင် ချစ်စရာကောင်းနေတုန်း။ ပြီးတော့ မျက်လုံးအစုံမှာ ကရုဏာတရားတွေ ဖိတ်ဖိတ်လက်လက်တောက်ပလျက် စိတ်ဓာတ်ခွန်အားတွေဖြင့် ရွှန်းလဲ့ပြည့်လျှမ်းလို့ပါပဲ။

'အသက် ၄၀ မှာ ဘဝစတယ်'လို့တော့ ဆိုရိုးစကားရှိပါရဲ့။ ဒါပေမယ့် လူသန်ကြီး ၂ ယောက် ထိန်းဆွဲထားသည့်ကြားက ခုန်ပေါက်ရုန်းကန်နေတဲ့ မြင်းဆိုးကြီးကိုမှ တက်စီးခဲ့တဲ့ မမကို တွေ့လျှင် 'ဩော် ဘဝဆိုတာ ၇၀ မှ စတာပါလား'လို့ သင် ယုံကြည်သွားရလိမ့်မည်။

မမအီဗင်ဂျလင်းသည် သူ့ပိုင်ရှင်ကိုယ်၌က မစီးရဲသဖြင့် ဈေးပေါပေါနှင့်ရောင်းခဲ့သော မြင်းဆိုးကြီးကို ဝယ်ခဲ့ခြင်းဖြစ်ပါသည်။ မြင်းကြီးနာမည်က 'ရွှေအသည်း'တဲ့။ နာမည်နှင့်လိုက်အောင် အသည်းမာသလား မမေးနှင့်။ ဒါပေမယ့် သူ့အထက် အသည်းမာသော သံမဏိ

အသည်းပိုင်ရှင် မမနှင့်တွေ့တော့ ရွှေအသည်း အရည်ပျော်ရသည်။

"လွှတ်ပေးလိုက်ကြစမ်းဟယ်"

မမသည် အော်ရင်းငေါက်ရင်းက မြင်းမိုက်ကြီးပေါ်ကို လွှားခနဲ ခုန်တက်လိုက်သည်။ ရွှေအသည်းကလည်း အစီးမခံ၊ ခါချသည်၊ ပတပ်ရပ်သည်၊ ကဆုန်ပေါက်သည်။ ရှေ့တိုးနောက်ငင်လုပ်၍ မထင် လျှင် ဘေးတိုက်ကန့်လန့်ပြေးလို့ ကတ်ကတ်သတ်သတ် အမျိုးမျိုး ပညာပြသည်။

သို့သော် သူ့ထက်ရင့်၍ ဇက်ကြိုးကောင်းကောင်းနိုင်သော မမ၏ပညာစွမ်းကို သူ မယှဉ်နိုင်။ ကြာရှည်ကြာမျော ဖွဲမခတ်နိုင်ဘဲ မာန်လျှော့၍ အရှုံးပေးခဲ့ရလေပြီ။ အရိုင်းစင်စစ်က တစ်စထက်တစ်စ ယဉ်ပါးသွားရရှာသည်။

မမသည် ရွှေအသည်းကို မနက်တိုင်း တစ်နာရီ စီး၏။ တစ်ခါ တစ်ရံ ဇက်ကြိုးကို လက်တစ်ဘက်တည်းဖြင့်ကိုင်ပြီး တောအုပ်ထဲသို့ ဒုန်းစိုင်းဖြတ်သန်းတတ်၏။ တစ်ဘက်ကလည်း ရွှေအသည်းကို လိမ္မာ ရေးခြားရှိအောင် ဆုံးမစကားတွေ ပြောရင်းနှင့်။

နှစ်စဉ် နွေဦးပေါက်ပြီဆိုလျှင် မမတစ်ယောက် ဂျော့ချ်ကန်တော် ကြီးသို့ ရောက်သွားတတ်သည်။ ဒိုင်ဗင်အလှထိုး အမျိုးမျိုးလေ့ကျင့်၏။ ရိုးရိုးကျွမ်းသာမက ၁ ပတ်ကျွမ်း, ၂ ပတ်ကျွမ်း, ရှေ့ကျွမ်း, နောက် ကျွမ်း, လေဝဲကျွမ်း, စကြာကျွမ်း, ကျွမ်းပဒေသာ၊ စုံလို့။ ဒီထက် ငယ်ငယ် ၆-၇ နှစ်အရွယ်ထိ ဂျော့ချ်ကန်တော်ကြီးကမ်းတစ်ဘက်နှင့် တစ်ဘက်ကို ၄ နာရီအရောက် ဖြတ်ကူးနိုင်ခဲ့သေး၏။

မမသည် သူ့မွေ့ရာဘေးတွင် စာရေးစက္ကူတစ်အုပ် ညတိုင်း ထားအိပ်လေ့ရှိ၍ သန်းခေါင်ယံတစ်ရေးနိုးလျှင် မှတ်တမ်း ထရေးတတ် သည်။ တစ်ည သူ တော်တော်နှင့် အိပ်မပျော်၊ ၃ နာရီလောက်တွင် ထပြီး သီချင်းတစ်ပုဒ်စပ်၍ သံစဉ်ထည့်၏။

မမသည် အတွင်းရေးမှူးမလေး ၃ ယောက်နှင့် အတူနေသလို တစ်ခါတစ်ရံ ညဥ့်နာရီပြန် ၂ ချက်လောက်ထိ၍ အလုပ်လုပ်တတ်ပါသည်။

မမအိမ်မှ ရုံးသို့ တစ်နာရီကြာ ကားမောင်းရပါ၏။ လမ်းတစ်လျှောက် မမက ရေးစရာမှတ်စရာရှိသမျှ နှုတ်တိုက်ချလာတတ်ပြန်ပါသေးသည်။

မမ အီဗင်ဂျလင်းဘုသ်က သူ့ဘဝတွင် စိတ်လှုပ်ရှားစရာ အကောင်းဆုံးအတွေ့အကြုံမှာ 'ယူကွန်သို့ ရွှေရှာထပြီး ရွှေတွင်းတူးသွားကြချိန်က ဖြစ်သည်'ဟု ဆိုခဲ့၏။

အလာစကာပြည်နယ်တွင် ရွှေကြောရှာမတွေ့မီ တစ်ခေတ်စော၍ အမေရိကန်တစ်ပြည်လုံး အုံးအုံးကျွက်ကျွက် ထပွက်ခဲ့ရသည့်အဖြစ်ကို မြင်ယောင်နိုင်ပါသည်။ ထိုစဉ်က အလုပ်အကိုင်အခြေအနေမဲ့တွေ အားလုံး အုပ်လိုက်သင်းလိုက် မြောက်ဖျားဒေသသို့ အရေးပေါ် ချီတက်ခဲ့ကြသည်။ မမ အီဗင်ဂျလင်းအနေဖြင့်လည်း သူတို့ ကယ်တင်ခြင်းတပ်သွားကူညီဖို့ လိုအပ်မည်ဟု အတပ်တွက်ခဲ့မိ၏။

ထို့ကြောင့်လည်း သမ္မာရင့်သူနာပြုတွေ တစ်ဖွဲ့ကြီးနှင့် လက်ထောက် ၃–၄ ယောက်ကို ဦးဆောင်၍ ယူကွန်သို့ ထွက်ခဲ့ကြသည်။

သူတို့ စကတ်ဝေးသို့ ခြေချမိချိန် ကြက်ဥတစ်လုံး ၁ သျှီလင်၊ ထောပတ်တစ်ပေါင်ကို ၁၂ သျှီလင်ခွဲဖြစ်၍ ကုန်ဈေးနှုန်းက ခေါင်ခိုက်နေတာ တွေ့ရသည်။ လူအတော်များများ စရိတ်ပြတ်၍ ငတ်နေကြပါပြီ။ လူတိုင်းလိုလိုမှာလည်း သေနတ်တွေ ပါလာကြသည်။ ထိုအထဲက ရောက်လေရာရာ လူတိုင်းပါးစပ်ဖျားတွင် ရေပန်းစားနေသည်မှာ 'ဆပ်ပြာကောင် စမစ်'ဆိုတဲ့ ကလွန်ဒိုက်မှ လူသတ်ဓားပြအကြောင်း။

ဆပ်ပြာကောင်စမစ်နှင့် သူ့ဂိုဏ်းဝင်လူဆိုးတွေသည် ရွှေတူးသမားများ ရွှေတွင်းမှအပြန်တွင် လမ်းမှာ အလစ်ဝင်တိုက်ခိုက်သတ်

ဖြတ်ကာ ပါလာသမျှ ရွှေမှုန်ရွှေစတွေကို လုယက်နေကျဖြစ်ပါသည်၊ အမေရိကန်ဖဟိုအစိုးရက လက်နက်ကိုင်တပ်ဖွဲ့ငယ်တစ်ဖွဲ့ စေလွှတ်၍ သူ့ကို သုတ်သင်ခိုင်းသေး၏။ ဒါပေမယ့် စမစ်တို့အဖွဲ့က သူတို့အားလုံးကိုအပြတ်ရှင်းပြီး ထွက်ပြေးလွတ်မြောက်နေခဲ့သည်။

စကတ်ဝေးဆိုတာက တကယ့်ဒုစရိုက်နယ်မြေ။ ဥပဒေမဲ့ နိုင်ရာစားဒေသ။

အီဗင်ဂျလင်းတို့ ရောက်သွားသည့်နေ့မှာပင် လူ ၅ ယောက်တိတိ အသတ်ခံခဲ့ရပါလေပြီ။ ထိုညဥ့်ပင် ယူကွန်မြစ်ကမ်းနံဘေးတွင် လူထုအစည်းအဝေးတစ်ခု ကျင်းပရန် အီဗင်ဂျလင်းက စီစဉ်လိုက်၏။ အစည်းအဝေးသို့ လူ ၂၀၀၀၀ တက်ရောက်လာကြသလို၊ ထိုလူအားလုံးကို ရှေးအတီတေ သူတို့မိခင်တွေလက်ထက်က ဆိုပြ၍ ကြားဖူးပြီးသား ဓမ္မသီချင်းတစ်ပုဒ်ကို သံပြိုင်ဆိုခိုင်းမိသည်။

"အို ယေရှုသခင်
အကျွန့်ဝိညာဉ်ရဲ့ မေတ္တာတော်ရှင်
အသင်နှင့်အကျွန့်ကို ထာဝရဘုရားသခင် ထံ ပို့ဆောင်ယူငင်
ထို့ပြင်
အကျွန်တို့ တစ်မိသားစုလုံး ပျော်ရွှင်
သီရိဂေဟာ မင်္ဂလာအိမ်အသွင် ဖန်ဆင်းရှင်"

မြောက်ရပ်ဝန်း၏ညမှာ ဆီးနှင်းတွေ တသဲသဲတဖွဲဖွဲနှင့် စိုစိုရွှဲရွှဲ ခိုက်ခိုက်တုန် ချမ်းအေးလှပါဘိ။ သည်ကြားထဲက အားရရွှင်လန်းစွာ ဟစ်ကြွေးတေးသီနေသော မမကို လူအုပ်ထဲမှ လူတစ်ယောက်က စောင်တစ်ထည်ယူလာပြီး ကိုယ်ပေါ်မှာ လွှမ်းခြုံပေးခဲ့၏။

ရောမလူအုပ်ကြီးက သန်းခေါင်ကျော် မိုးလင်းလုနီးပါး ည ၁ နာရီကျော်တဲ့အထိ သီချင်းတကြော်ကြော် ဆိုဖွဲ့နေခဲ့ကြသည်။ သည့်နောက် အီဗင်ဂျလင်းနှင့် နောက်တော်ပါ အဖွဲ့သားများသည်

သစ်တောတစ်နေရာသို့သွား၍ ထင်းရှူးပင်တွေကြား မြေပြင်ပေါ်မှာ တစ်ညတာ နားနေအိပ်စက်ရန် ပြင်ဆင်ခဲ့ကြ၏။

သူတို့က မီးတစ်ဖို ဖိုပြီး ကိုကိုးဖျော်သောက်ရန် စီစဉ်နေခိုက်မှာပင် သေနတ်ကိုယ်စီနှင့် လူ ၅ ယောက် ဘွားခနဲရောက်လာတာ တွေ့လိုက်ရတော့သည်။ သူတို့အဖွဲ့နှင့် လက်တစ်ကမ်းအကွာသို့ ဝင်လာရာမှ ခေါင်းဆောင်သေနတ်သမားက သူ့ဦးထုပ်ကို ချွတ်လိုက်ရင်း

"ကျွန်တော် အဲ 'ဆပ်ပြာကောင်စမစ်'ဆိုတာ ကျွန်တော်ပါပဲ။ ဟို မမတို့ သီချင်းဆိုတာကို သိပ်သဘောကျလွန်းလို့ လာတွေ့တာပါခင်ဗျာ"

တစ်ဆက်တည်းမှာလည်း သူက ထပ်ပြောခဲ့ပါသေး၏။

"ခုနက မမ သီချင်းဆိုနေတုန်းက စောင်လာခြုံပေးခဲ့တဲ့သူဟာလည်း ကျွန်တော်ပါ။ မမ ဆန္ဒရှိမယ်ဆိုရင် အဲဒီစောင်ကို အပိုင်ယူလိုက်ပါ"

သာမန်အချိန်မှာတော့ စောင်တစ်ထည်က အဖိုးထိုက် အဖိုးတန်လက်ဆောင်တစ်ခု မမည်ပါဘူး။ ဒါပေမယ့် သေမတတ် ချမ်းအေးလှသော ထိုအချိန် ထိုဒေသမျိုးမှာ အဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးလို့ ဆိုနိုင်ပါသည်။

မမက စမစ်ကို သူတို့အဖွဲ့ ဒီမှာနေလို့ ဘေးကင်းပါ့မလားဟု မေးကြည့်မိသည်။

"ဟာ။ ဒီနေရာမှာ ကျွန်တော်ရှိနေသမျှ လုံးဝ မပူနှင့်။ မဲ့တစ်ပေါက် မစွန်းစေရဘူး။ ကျွန်တော် တာဝန်ယူ ကာကွယ်ပေးမယ်"

သူတို့ ၂ ဦးသား သန်းခေါင်ကျော်ည မှုန်ပျပျလရောင်အောက် ကနှင်းတောထဲမှာ ၃ နာရီတိုင်တိုင် စကားလက်ဆုံကျခဲ့ကြ၏။ မမက တရားပြ နားချ၏။

"အေးကွယ်။ မမတို့က အသက်ပုံအပ်တာကို မင်း လက်ခံစောင့်ရှောက်ပေးမယ်လို့ ကြားရတာ ဝမ်းလည်းသာတယ်၊ ကျေးဇူးလည်း တင်ပါတယ်။ ဒါပေမယ့် ဒီလောက်နှင့် မပြီးသေးဘူး ထင်တယ်။ ရှင်းရှင်းပြောရရင်တော့ မင်းရဲ့ဒုစရိုက်လုပ်ငန်းကြီးကို လုံးဝစွန့်လွှတ်လိုက်စေချင်တယ်။ လမ်းမှားက လမ်းမှန်ပေါ်ကို ပြန်လျှောက်ပါ။ မင်းရှေ့ဆက်ဖို့လည်း မလွယ်တော့ဘူး မဟုတ်လား။ အနေးနှင့်အမြန် မင်းကို သူတို့သတ်ကြမှာပဲ။ ဘာပဲဖြစ်ဖြစ် ဘုရားသခင်က မင်းကို ခွင့်လွှတ်ပါစေကွာ"

စမစ်က သူ ကလေးဘဝအဖြစ်များနှင့် သူ့မိခင်ကြီးအကြောင်းများကို ပြောပြခဲ့၏။ ပြီးတော့လည်း မမတို့ကယ်တင်ခြင်းတပ်၏ဝတ်ပြုအစည်းအဝေးသို့ သူ့အဘွားနှင့်အတူ တက်ရောက်ပြီး ဘုရားရှိခိုးမည်၊ ဓမ္မတေး ဆိုမည်ဟုလည်း ဆန္ဒပြုသည်။ ထို့အပြင် သူ့အဘွားသေမည့်အချိန်တွင် မမသင်ပေးသော ဓမ္မသီချင်းတစ်ပုဒ်ကို အနားမှာ ဆိုပေးပါမည်ဟုလည်း ကတိပြုခဲ့၏။

'အကျွန့်နှလုံးသားတွေဟာ နှင်းထက်ပို၍ ဖြူစင်ခဲ့ပါပြီ။
ယေရှုသခင်က အကျွန်နှင့်ထပ်တူ ဒီမှာ လာရှိနေလို့ပဲဖြစ်သည်။
အကျွန့်အပြစ်တွေ တစ်ပုံတစ်ပင်
အသနားခံလို့ စွန့်လွှတ်ခဲ့ပြီထင်။
သိုးဖြူလေးတစ်ကောင်ရဲ့ အနာဂတ်ဟာ
အလွန်အေးချမ်း လှပသာယာ'

မမက စမစ်ကို သူ့ဘေးတွင် ဒူးထောက်ခိုင်းလိုက်သည်။

ကယ်တင်ခြင်းတပ်မှ သူ့ရဲကောင်းမလေးနှင့် စမစ်ဆိုသော နာမည်ကျော်လူသတ်ကောင် ဓားပြဗိုလ်ကြီးတို့ ၂ ယောက် အတူယှဉ်ပြီး ဘုရားထံပါး ဆုတောင်းတိုင်တည်ကြရင်း ကြေကွဲပီတိဖြင့် ငိုကြွေးခဲ့မိကြပါလေပြီ။

ပါးပြင်ပေါ်တွင် မျက်ရည်ဖြိုင်ဖြိုင်စီးကျလျက်က လူဆိုးဗိုလ်ကြီး စမစ်သည်

"ကျွန်တော် မှားပါတယ် မမ။ နောက် ဘယ်တော့မှ လူ မသတ်တော့ပါဘူး။ ပြီးတော့ အမြန်ဆုံး လက်နက်ချအဖမ်းခံလိုက်ပါ တော့မယ်"ဟူ၍ သစ္စာဆိုခဲ့ပါတော့၏။

မမ အီဗင်ဂျလင်းကလည်း စမစ်၏ပြစ်မှုကို အသက်ညှာဆုံး စီရင်ပေးဖို့ အာဏာပိုင်အစိုးရထံ အစွမ်းကုန်ပန်ကြား ဖိအားပေးပါ မည်ဟု ကတိပြုခဲ့ပြန်ပါသည်။

မိုးသောက်အရုဏ်လုချိန် နံနက် ၄ နာရီထိုးခါမှ သူမမ အနားက ပြန်သွား၏။ ၉ နာရီလောက်ကျတော့ တပည့်လက်သားတွေ လွှတ်၍ မမတို့အတွက် ယိုဘူးများ၊ ထောပတ်များနှင့် လတ်လတ်ဆတ်ဆတ် ပူပူနွေးနွေးဖုတ်ထားသော ပေါင်မုန့်တွေကို လက်ဆောင် ပို့ပေးခဲ့ပြန် သည်။ ထိုကာလက ထိုဒေသအဖို့ အရှားပါးဆုံး၊ တန်ဖိုးအရှိဆုံး၊ အကောင်းဆုံး အညွှန့်အဖူးအာဟာရတွေပဲ ဖြစ်ပါသည်။

စင်စစ်တော့ လူတကာဆီက အနိုင်ကျင့်ဗိုလ်ကျ လုယက်ခဲ့ သောပစ္စည်းတွေကို အလာစကာနယ်စပ်သို့ မေတ္တာကရုဏာတရား များနှင့် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတရားများဝေငှရန် စေတနာ့ ဝန်ထမ်းရောက်လာသူ အမျိုးသမီးတစ်ဦးအား အလေးအမြတ် ဆက်သ ခဲ့ခြင်းဆိုလည်း မမှား။

ထိုမှ ၂ ရက်အကြာ ဆပ်ပြာကောင်စမစ်ခမျာ အမည်မသိ လူတစ်ယောက်၏ သေနတ်ဖျားတွင် အသက် ပါသွားရရှာတော့သည်။ စကတ်ဝေးမြို့သားများက စမစ်ကိုသတ်သူအား အထိမ်းအမှတ် ကျောက် တိုင်စိုက်လို့ပင် ဂုဏ်ပြုခဲ့ကြပါသေးသည်။

အီဗင်ဂျလင်းအတွက်တော့ နှင်းမှုန်ကြားက လွမ်းပုံပြင်တစ်ပုဒ် သာ ဖြစ်ခဲ့ပါတော့၏။

ကျွန်တော် တွေ့ဖူးသမျှထဲတွင် အီဗင်ဂျလင်းဘုသ်ကို အပျော်ဆုံးအမျိုးသမီးတစ်ယောက်အဖြစ် သတ်မှတ်မိပါသည်။ သူ ပျော်ရွှင်နိုင်ရခြင်းမှာလည်း အများအတွက် ရှင်သန်ခဲ့ရသောကြောင့်သာ ဖြစ်ပါ၏။

အီဗင်ဂျလင်းက ကျွန်တော့်အား ပြောပြရာ၌ သူမ၏ အပြင်းပြဆုံးဆန္ဒမှာ တွေ့သမျှလူများကို (စားပွဲထိုးမလေးတွေနှင့် ဘူတာရုံမှ ကူလီများပါမကျန်) စိတ်ရောကိုယ်ပါ ချမ်းသာပျော်ရွှင်မှုပေးရေးပင် ဖြစ်သည်ဟု ဆိုပါသည်။

ကိုယ့်စေတနာကိုယ် အကျိုးပေးသည်ပဲပေါ့။ (စားပြဗိုလ်ကြီး စမစ်အပါအဝင်) တွေ့တဲ့လူတိုင်းကလည်း မမ မမနှင့် တဖွဖွ သူ့ကို ချစ်ခင်တွယ်တာမဆုံးဖြစ်ခဲ့ရတာ ဆန်းသည်ဟု မဆိုနိုင်တော့ပါချေ။



# လူမဟုတ် ဘီလူးမဟုတ်

ဘာဆီလ် ဇာဟာရော့ဖ်

သူသည် သင့်အသိတစ်ယောက် သေဆုံးခဲ့ရခြင်း၌ တာဝန်ရှိသူ ဖြစ်နိုင်သည်။

သူသည် ၂ ဘက်ချွန်လုပ်၍ စစ်မီးမွေးပြီး စီးပွားရှာခဲ့သည့် ငတေမာ။

သူ့ကို အသေသတ်နိုင်လျှင် မည်သူကိုမဆို ဆုငွေပေါင် ၂ သောင်းပေးမည်ဟု ရွှေကြော်ငြာ ကပ်ခံခဲ့ရသူ။

မာကျောရက်စက်သလောက် နူးညံ့သိမ်မွေ့သော နှလုံးသားဖြင့် အသိရခက်သော လျှို့ဝှက်သော လူထူးဆန်းကြီးတစ်ယောက်။

■

သူသည်ကား ဓာဟာရေ့ဖ်။

ဓာဟာရေ့ဖ်ဆိုသည်က လောကတွင် အချမ်းသာဆုံး၊ ဝှက်ဖဲ အဆန်ဆုံး၊ အဆိုးရွားအကြီးမားဆုံးသော ပြစ်မှုကို ကျူးလွန်သူတစ်ယောက်၏အမည်။

လွန်ခဲ့သော နှစ်များစွာက သူ့ကို အသေသတ်ပေးမည့်သူကို ပေါင် ၂ သောင်း ပေးမည်ဟုပင် ဆုငွေထုတ်ခြင်းခံခဲ့ရသည်။ သူ့အကြောင်းစာအုပ်တွေ တစ်ပုံကြီး ရေးထုတ်ခဲ့ကြရသည်။

ကမ္ဘာ့စစ်တရားခံကြီးအဖြစ် သံသယအပြည့်နှင့် စွပ်စွဲခံရသလို လူတိုင်းက သူ့ကို မုန်းတီးရွံရှာကြသည်နှင့်အမျှ ၊သူ့ဘဝ သူ့အကြောင်းက ထူးထူးခြားခြား စိတ်ဝင်စားစရာကောင်းလှ၏။

တော်ပြတ်ဆင်းရဲ ငရဲတမျှဘဝဆိုးနှင့် ပြာပုံထဲမှာ မွေးဖွားခဲ့သော ဓာဟာရေ့ဖ် ဖြစ်သည်။ ၁၀ သက်၊ ၁၀ ကမ္ဘာ စားမကုန်နိုင်သော စည်းစိမ်ချမ်းသာ ရတနာတောင်ကြီးပေါ်တွင် မြိန့်မြိန့်ကြီးထိုင်နေမိပါလေပြီ။ ဒီလို ကုဋေကြွယ် သူဌေးကြီးဘဝကို မရှင်းဂန်း စက်သေနတ်အကြီးစားများ၊ အမြောက်ကြီးများနှင့် ပေါက်ကွဲဖျက်ဆီးနိုင်အားအကြီးမားဆုံးသော ယမ်းဘီလူးဗုံးလက်နက်များ ရောင်းချရင်းက ရောက်ခဲ့ခြင်း ဖြစ်၏။

ထို့ကြောင့်လည်း သူ့အတ္ထုပ္ပတ္တိတစ်ပုဒ်တွင် အောက်ပါအတိုင်း နိဒါန်းချီထားတာ တွေ့ရ၏။

'သန်းပေါင်းများစွာသော လူအများ၏ သင်္ချိုင်းကျောက်စာများမှာ သူ့အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများပင်ဖြစ်၍ သေအံ့မူးမူး အချိန်က သူတို့၏ ငိုညည်းသံတွေကလည်း သူ့ကို ရွှေနားတော်သွင်းသည့် ချေင်းလင်္ကာများအဖြစ် သူက ထင်မြင်ပါလိမ့်မည်။'

ဇာဟာရော့ဖ်သည် ၂၈ နှစ်သားကပင် လက်နက်အရောင်းကုမ္ပဏီတစ်ခု၌ တစ်ပတ်လျှင် ၅ ပေါင်နှင့် ကော်မရှင်ရသော အရောင်းဝန်ထမ်းအလုပ် ရခဲ့သည်။ ထိုစဉ်က သူသည် ဂရိနိုင်ငံ၌ နေထိုင်ဆဲဖြစ်ပြီး၊ လက်နက်ခဲယမ်းတွေ အရောင်းရတွင်ကျယ်ဖို့ ဆိုသည်မှာ ဝယ်အားလိုက်အောင် ဖန်တီးဖို့လိုကြောင်း သဘောပေါက်ခဲ့၏။

သို့ဖြင့် သူသည် ဂရိပြည်သူများကို မျက်လုံးပြူးသွားအောင် ခြောက်လုံးလှန့်လုံးတွေထုတ်၍ ဆွပေးတော့သည်။

"သွေးဆာနေတဲ့ရန်သူတွေ ပတ်လည်ဝိုင်းနေပြီ။ ကိုယ့်အဖနိုင်ငံကိုကာကွယ်ဖို့ လက်နက်တွေစုကြမှ ဖြစ်မယ်"ဟူ၍ တီးတိုးသတင်းဖြန့်လိုက်ခြင်းဖြစ်၏။

တစ်နိုင်ငံလုံး ကြောက်လန့်တကြီး တုန်လှုပ်ချောက်ချားသွားကြရပါပြီ။ စစ်မောင်းသံတွေ ညံသွား၏။ စစ်အောင်လံတွေ လွင့်ထူလိုက်ကြ၏။

ခါတော်မီသူရဲကောင်းတွေကလည်း လူထုပရိသတ်ကြီးရှေ့တွင် လက်သီးလက်မောင်းတန်း၍ စစ်ခေါ်သံများကို ကြွေးကြော်၏။

ဂရိအစိုးရသည် သူ့စစ်တပ်ကို လက်နက်အင်အားတိုးချဲ့၍ ဇာဟာရော့ဖ်ထံမှ ဗုံးနှင့်သေနတ်တွေ အမြောက်အမြား ဝယ်ယူခဲ့လေတော့သည်။ ထိုအထဲတွင် ရေငုပ်သင်္ဘောတစ်စီးပင် ပါဝင်၍၊ ပထမကမ္ဘာစစ်မတိုင်ခင်က တည်ဆောက်ခဲ့ခြင်းဖြစ်၏။

အရောင်းအဝယ်ဖြစ်ထွန်း၍ ဇာဟာရော့ဖ်လည်း ကော်မရှင်ခမြက်မြက်ကလေးစားလိုက်ရပြီး တစ်ချီတည်း ပွသွားပါတော့သည်။ သည့်နောက် တူရကီသို့ အပြေးအလွှားကူးဝင်သွားပြန်၏။

"ကြည့်စမ်းပါဦးဗျာ။ ဂရိတွေလုပ်ပုံ ခင်ဗျားတို့ သတိထားမိရဲ့လား။ သူတို့ စစ်ပြင်နေကြပြီလေ။ တူရကီတစ်ပြည်လုံးကိုတော့ သူတို့က တံမြက်စည်းလှဲသလို အပြတ်ရှင်းပစ်လိုက်တော့မယ်. ထင်တာပဲ"

ဇာဟာရော့ဖ်၏ ပုဏ္ဏားခြေထိုးချက်ကို တူရကီတွေကလည်း အဟုတ်မှတ်သွားသည်။ သူ့ထံမှ ရေငုပ်သင်္ဘော ၂ စီးကို ဝယ်လိုက်၏။

လက်နက်အသစ်အဆန်းတွေလည်း ပို့လိုက်စမ်း။

• ထို့အတွက် ဇာဟာရော့ဖ် တစ်ယောက်တည်း ပေါင် သန်း ၆၀ အမြတ်ထွက်ခဲ့ရသည်။

တစ်နည်းဆိုတော့ လူ့အသက်တွေ သိန်းသန်းချီ၍ ဆုံးရှုံးခဲ့ရရာက တသွင်သွင်ချောင်းစီးခဲ့ရသောသွေးတွေဖြင့် သူ့ကိုယ်သူ ဘိသိက်သွန်းလောင်းခဲ့သည် ဆိုရမည်။

ကမ္ဘာအနှံ့အပြားတွင် ရာစုတစ်ဝက်ကျော်ကျော် ဇာဟာရော့ဖ်က မင်းမူစိုးမိုးပြီး ပြည်တွင်းစစ်, ကျူးကျော်စစ်, ခုခံစစ် စသည်ဖြင့် စစ်မျိုးစုံကို ဖန်တီးအသက်သွင်းပေးခဲ့သည်။ စစ်မီးမွေး၍ ငရဲအိုးတည်ခဲ့သည်။

ရုရှား–ဂျပန်စစ်အတွင်းကလည်း သူက ၂ ဘက်စလုံးသို့ လက်နက်တွေ ရောင်းချခဲ့ခြင်းဖြင့် အတော်လေး ထောခဲ့ရသေးသည်။

ဒါတင်ပဲလား။ မကသေးပါ။ စပိန်နှင့် အမေရိကန် စစ်တုန်းကလည်း အမေရိကန်စစ်သည်တွေကို အတုံးအရုန်းသတ်ခဲ့သည့် ကျည်ဆံတွေကို သူ တင်ပို့ခဲ့ခြင်းဖြစ်၏။

ပထမကမ္ဘာစစ်ကြီးဖြစ်နေချိန်၌ သူသည် ဂျာမနီ, အင်္ဂလန်, ပြင်သစ်နှင့် အီတလီနိုင်ငံများတွင် လက်နက်စက်ရုံကြီးတွေကို တည်ဆောက်ပိုင်ဆိုင်ခဲ့သူ, ငွေရင်းထောင်ပေးခဲ့သူ, ရှယ်ယာဝင်ခဲ့သူမှာလည်း သူပင် ဖြစ်၏။

သည်တော့ သူ၏ကြွယ်ဝချမ်းသာမှုသည် ဘယ်သူမျှ မခန့်မှန်းနိုင်အောင် များပြားသလောက် ဇယားတိုင် ပေါက်ထွက်၍ မိုးပေါ်သို့ တစ်ရှိန်ထိုးမြင့်တက်ခဲ့သည်ပဲ ဆိုရပေတော့မည်။

သူသည် အနှစ် ၅၀ ကျော် ၆၀ လုံးလုံး ဥရောပတစ်ခွင်မှ စစ်ရုံးအသီးသီးတွင် ဝင်လိုက်ထွက်လိုက်နှင့် ကြောင်စုန်းတစ်ကောင်လို

မှောင်ရိပ်ခိုပြီး ခြေရှုပ်ခဲ့သည်။ သူ့လှုပ်ရှားမှုတွေကလည်း ပိပိရိရိ လျှို့လျှို့ဝှက်ဝှက် အကွက်စေ့လွန်းသဖြင့် ဘယ်သူမျှ မရိပ်မိခဲ့။ ဉာဏ်နီဉာဏ်နက်ကလည်း များသလားမမေးနှင့်။

သူနှင့် ရပ်ချင်းတစ်ထေရာတည်းတူသူ ၂ ယောက်ကို ရှာဖွေရွေးချယ်ပြီး အလုပ်ခန့်ထားသည်။ သူတို့အလုပ်က သူ့အယောင်ဆောင်ကာ လူလယ်ခေါင်ထွက်၍ ဟိုသွားဒီသွား လုပ်ရခြင်းပင် ဖြစ်၏။ လူစားထိုးထားသူတွေကိုပင် သတင်းစာတွေက အစစ်ထင်ပြီး တခမ်းတနား ရေးသားဖော်ပြကြသည်။ သို့ဖြင့် ဘာလင် သို့မဟုတ် မွန်တီကာလိုတွင် အတုတွေရောက်နေချိန်၌ သူကတော့ တခြားတိုင်းပြည် တစ်နေရာသို့ လျှို့ဝှက်ခရီးဖြင့် ရောက်နေလေ့ရှိသည်။

ဇာဟာရော့ဖ်သည် ဘယ်တုန်းကမျှ ဓာတ်ပုံ အရိုက်မခံခဲ့ရပါ။ ဖော်ပြပါပုံမှာ အက်စ်၊ တီ၊ ဝုဖ်ဆိုသူ ပန်းချီဆရာတစ်ဦးက ပုံကြမ်းကူးဆွဲထားခြင်းသာ ဖြစ်ပါသည်။

ထို့အတူ သူ့ကို အင်တာဗျူးလုပ်ဖို့လည်း တစ်ကြိမ်တစ်ခါမျှ ခွင့်မပြုဘူးပါ။ သူသည် တစ်ခါမျှ သူ့ကိုယ်သူ ခုခံကာကွယ်သည့် စကားမျိုး မပြော။ သူ့လုပ်ရပ်တွေနှင့် ပတ်သက်လို့လည်း တစ်ခါမျှ ရှင်းချက်မထုတ်။ ဘယ်သူ ဘာပြောပြော ငြင်းချက်မထုတ်သည့်အပြင် ယောင်လို့မျှ လှည့်မကြည့်။ သူ့ကို တိတိလင်းလင်း ပုတ်ခတ်စွပ်စွဲချက်မှန်သမျှကိုလည်း လုံးဝ ပြန်လည်ဖြေကြားခြင်း မရှိ။ ဒါကို သရဲဘောကြောင်တယ်ပဲ ဆိုဆို, သတ္တိကောင်းတယ်ပဲပြောပြော၊ ဒါမှမဟုတ် သွေးအေးတယ်ပဲ ခေါ်မလား။ မခံ့လေးစားနှင့် ခေါင်းရှောင်တယ်ပဲ ကဲ့ရဲ့မလား။ ပြောချင်တိုင်း ပြော။ သူက မမှု။

ဒီလို စိမ်းကားလွန်းသည့်စစ်တရားခံကြီးတွင် လွမ်းဆွတ်ရင်မောဖွယ်ရာ ဒဏ္ဍာရီလေးတစ်ပုဒ် ရှိသည်ဆိုလျှင် ဘယ်သူ ယုံပါ့မည်နည်း။ တကယ်တော့ အမှန် ရှိခဲ့ဖူးပါသည်။ သူ အသက် ၂၆ နှစ်

လောက်က ဆိုပါတော့။ အရပ်မြင့်မြင့်, ရုပ်ချောအပြောကောင်း ဖျတ်လတ်သွက်လက်သော တက်လူကလေးတစ်ယောက်အနေဖြင့် အသက် ၁၇ နှစ်သမီး မိန်းမလှလေးတစ်ယောက်ကို နှစ်နှစ်ကာကာ ချစ်ကြိုးသွယ်မိခဲ့ခြင်းပင်ဖြစ်၏။ သူသည် ချစ်သူမလေးအား အေသင်မှ ပဲရစ်အသွား ရထားပေါ်တွင် ဖူးစာဆုံခဲ့သလို မြင်မြင်ချင်းပင် အရယူချင်လောက်အောင် စွဲငြိခဲ့ကြသည်။

ကံကြမ္မာ၏ကျီစားချက်က ထိုနတ်မိမယ်လေးခမျာ သူမထက်အသက် ၂ ဆကြီး၍ ရှုးကြောင်ကြောင်ဖြစ်နေသူ စပိန်မြို့စားတစ်ယောက်နှင့် လက်ထပ်ရမည့်ဆဲဆဲ ဖြစ်နေ၏။ ကွာရှင်းဖို့ဆိုတာလည်း ဘာသာရေးယုံကြည်ချက်အရ နည်းနည်းမျှ မဖြစ်နိုင်။ သည်တော့လည်း စောင့်ပေဦးပေါ့။ ဇာဟာရော့ဖ် ဘယ်အထိ ဘယ်လောက်စောင့်ခဲ့ရပါလိမ့်။ ချစ်သူမျက်နှာ လှလှလေးကို အသည်းထောင့်မှာသိုဝှက်ပြီး ရာစုတစ်ဝက် အနှစ် ၅၀ တိုင်တိုင် စောင့်ခဲ့ရခြင်းပါ။ နောက်ဆုံး ၁၉၂၃ ခုနှစ် မြို့စားကြီး စိတ္တဇဆေးရုံမှာ သေပြီဆိုမှ ၁၉၂၄ ခုနှစ်ထဲတွင် ဇာဟာရော့ဖ်နှင့် သူ့ချစ်သူ လက်ထပ်ဖြစ်လိုက်ကြသည်။

ထိုအချိန်၌ သူ့သတို့သမီး၏ အသက်က ၆၅ နှစ် ဖြစ်နေ၍ သူ့အသက်က ၇၄ နှစ် ရှိခဲ့ပါလေပြီ။ နောက် ၂ နှစ်အကြာမှာပင် သူ့ဇနီး ကွယ်လွန်သွားခဲ့၏။ သူမသည် သူ့အသက်ဘူး ချစ်ဦးသူအဖြစ် ၄၈ နှစ်တိုင်တိုင်ချစ်ခဲ့ပြီး၊ ဇနီးဘဝနှင့် ၁၈လသာ ပေါင်းလိုက်ရသည်။

ဇာဟာရော့ဖ်သည်၊ နွေရာသီရောက်ပြီဆိုလျှင် ပဲရစ်မြို့အနီးရှိ ခမ်းနားထည်ဝါလှသော ဘုရားကျောင်းကြီး၌ နားနေ အချိန်ဖြုန်းလေ့ရှိသည်မှာ သေသည့်တိုင်အောင်ပင် ဖြစ်၏။ သို့သော် သူ၏ မွေးခဲ့သည့် ဒေသကတော့ တူရကီပြည်၏နယ်စွန်နယ်ဖျား ကျေးလက်ဇနပုဒ်ကလေးတစ်ခုက ပြတင်းပေါက်မပါသော ရွှံ့တဲကလေးသာ ဖြစ်ခဲ့သည်။

ကလေးဘဝ၌ သူ့ခများ ညစ်ပတ်ပေရေနေသော မြေကြီးပေါ်၌ အိပ်ခဲ့ရသလို သူ့ခြေထောက်ကို နွေးနွေးထွေးထွေးရှိစေရန်အတွက် ကော်ဇောအစုတ်တွေနှင့် ထွေးပတ်ထားရသည်။ သည်ကြားထဲက ထမင်းငတ်ခဲ့သည့် အကြိမ်ပေါင်းကတော့ မရေမတွက်နိုင်။ သူသည် ၅ နှစ်သာ ကျောင်းနေခဲ့ရ၏။ ဒါပေမယ့် ဘာသာစကား ၄ မျိုး ပြောတတ်၍ အောက်စဖို့တက္ကသိုလ်ကြီးက သူ့အား ပြည်တွင်းစစ်ဆိုင်ရာ ပညာရှင် ဒေါက်တာဘွဲ့ဖြင့် ဂုဏ်ပြုခဲ့သည်။

ငယ်ရွယ်စဉ် အင်္ဂလန်သို့ရောက်ခါစက ခိုးမှုစားရသော အလစ်သမားလေးဘဝ ကျင်လည်ခဲ့ရသေး၏။

နောက် အနှစ် ၃၀ အကြာမှာတော့ အင်္ဂလန်ပြည့်ရှင် ဘုရင်မင်းမြတ်၏ သူရဲကောင်းတံဆိပ် ချီးမြှင့်၍ သူကောင်းပြုခြင်းခံခဲ့ရသည်။

၁၉၀၉ ခုနှစ် နွေရာသီ၏တစ်နေ့၌ ထူးခြားလှို့ဝှက်သော ဥရောပတိုက်သား ကုဋေကြွယ်သူဌေးကြီးသည် ပဲရစ်ရှိ နာမည်ကျော် တိရစ္ဆာန်ဥယျာဉ်ထဲသို့ ဖြတ်သန်းလမ်းလျှောက်လာခဲ့မိ၏။

သည်တွင် သူ အလန့်တကြားတွေ့လိုက်ရသည်က မျောက်တွေမှာ ဝဲစွဲ၍ ပိန်ချုံးနေပြီး ဆာလောင်မွတ်သိပ်နေသလို၊ လူတိုင်းအချစ်တော် ခြင်္သေ့ကြီးလည်း ၄ ဘက်နာစွဲ၍ လဲနေခြင်းပင်ဖြစ်၏။ တိရစ္ဆာန်ရုံအတွင်း နေရာတိုင်းလိုလိုမှာ ပြိုလုတဲတဲဖြစ်ကာ ယိုယွင်းပျက်စီးနေကြသည်။ သို့ဖြင့် ဇာဟာရော့ဖ်က မန်နေဂျာကိုဆင့်ခေါ်ပြီး ဒေါနှင့်မောနှင့် ဆူတော့ကြိမ်းတော့သည်။ မန်နေဂျာခများလည်း သူ့ရှေ့ရောက်နေသူကို ကမ္ဘာပေါ်မှာ အချမ်းသာဆုံး ကုဋေကြွယ်သူဌေးကြီးမှန်းမသိဘဲ တိရစ္ဆာန်တွေကို ပုံမှန်ကျွေးဖို့ဆိုပါက ဖရန့်ငွေ ၅သိန်းလောက် လိုမည်ဖြစ်၍ သူ့မှာ လုံလောက်အောင် မရှိကြောင်း စိတ်ပေါက်ပေါက်ဖြင့် ဘုဆတ်ဆတ်ပြောမိလေ၏။

ထိုအခါ ဇာဟာရော့ဖ်က

"ကောင်းပြီ။ မင်းလိုချင်တာ ဒီလောက်ပဲလား။ စိတ်ချ။ ရစေရမယ် ရော့။ ဒီမှာ"

ပြောပြောဆိုဆိုဖြင့် ချက်လက်မှတ်ထုတ်၍ တိရစ္ဆာန်တွေကို ကျွေးမွေးပြုစုရန် ပေါင် ၂ သောင်း လက်မှတ်ထိုးပေးခဲ့တော့သည်။

လက်နက်ကျည်ဆံတွေဖြင့် လူတွေကို သန်းချီသေစေခဲ့တဲ့ လူက ခုတော့လည်း စိတ်ကောင်းဝင်ပြီး တိရစ္ဆာန်တွေကို သနားနေပြန်ပါလေရဲ့။ တိရစ္ဆာန်ရုံမန်နေဂျာကလည်း လက်မှတ်ကို မဖတ်တတ်ခဲ့သည်နှင့်အမျှ 'ဒီလူစိမ်းတော့ ငါ့ကို ခပ်တည်တည်နှင့် နောက်သွားပြီ'ဟု ယူဆခဲ့ပြီး ချက်စာရွက်ကို စားပွဲကြားမှာ ချောင်ထိုးထားလိုက်မိသည်။

လအတော်ကြာမှ မေ့ထားခဲ့ရာက မိတ်ဆွေတစ်ယောက်ကို တွေ့၍ သတိရပြီး ထုတ်ပြမိသည်။ သည်တော့မှ ပြင်သစ်ပြည်တွင် ဘုရင်ထက်ပင်ချမ်းသာသော မီဂါဘီလျံနာကြီး၏ လက်မှတ်အစစ်ဖြစ်ကြောင်း အံ့အားတသင့် တွေ့သိလိုက်ရရှာတော့၏။

ဇာဟာရော့ဖ်သည် အသက် ၈၅ နှစ်အရွယ်တွင် အထီးကျန်အဖော်မဲ့ဘဝဖြင့် နာမကျန်းဖြစ်ကာ သနားစဖွယ် သေဆုံးသွားခဲ့ရသည်။

သူမသေမီ လက်ပါးစေတစ်ဦးက ဘီးတပ်ကုလားထိုင်ပေါ်တင်၍ သွားလိုရာကို တွန်းပို့ပေးခဲ့ရ၏။ နောက်ဆုံးအချိန်၌ သူ အဓိကအာရုံစိုက်ခဲ့သည်မှာ တယုတယနှင့် အလှပဆုံးစိုက်ပျိုးထားခဲ့သော နှင်းဆီပန်းခင်းကြီးသာ ဖြစ်ခဲ့ပါလေ၏။

ဇာဟာရော့ဖ်သည် အနှစ် ၅၀ တိုင်၊ ဒိုင်ယာရီစာအုပ် ၅၃ အုပ်တိတိ ရေးခဲ့သည်ဆို၏။

သို့လင့်ကစား ကောလာဟလစကားများအရ သူသေတာနှင့်တစ်ပြိုင်နက် ထိုဒိုင်ယာရီများ အပါအဝင် လျှို့ဝှက်စာရွက်စာတမ်းအားလုံးကို မီးရှို့ဖျက်ဆီးပစ်ရန် အမိန့်ပေးခဲ့သောဟူ၏။ သူကား လူမဆန်တဲ့ ဘီလူး၊ ဒါပေမယ့် ဘီလူးမဟုတ်တဲ့ လူ။



# ငရဲမှသည် နတ်ဘုံဆီသို့

ဘီလီဆန်းဒေး

အရက်သမား, ဘောလုံးသမားဘဝမှ တရားဟော ဆရာ ဖြစ်ခဲ့ပြီး လူပေါင်း ၁ သန်းကျော်ကို နောင်တတရား ရစေခဲ့သူ။

အပြောကောင်း၊အဟောကောင်းလွန်းသဖြင့် တရားနာ ပရိသတ်အပေါင်းက သောင်းသောင်းဖျဖျ ကြိုဆိုဩဘာ ပေးခြင်း ခံရသူ။

သို့မဟုတ် အဖြူနှင့်အမည်း, ခေါင်းနှင့်ပန်းတို့၏ ပြယုဂ်။

■

ခရစ်ယာန်သာသနာသမိုင်းတွင် ပေါ်ပြူလာအဖြစ်ဆုံး၊ သို့မဟုတ် လူကြိုက်အများဆုံး တရားဟောဆရာကို ပြပါဆိုလျှင် ဘောလုံးသမား ဟောင်းနှင့် အရက်သမားတစ်ဖြစ်လဲ ဘီလီဆန်းဒေးကိုသာ ညွှန်လိုက်ဖို့ ရှိတော့၏။

အမေရိကန်ပြည်သူ သန်း ၈၀ အနက်က ၃ ပုံ ၁ ပုံဖြစ်သည့် ကလေးလူကြီး, ကျားမ အားလုံးက ဒေါနှင့်မောနှင့် အားမာန်အပြည့် အသက်ပင်ဖြောင့်အောင်မရှူတမ်း ဟောပြောတတ်သည့် သူ့တရားကို နာကြားလိုစိတ်ဖြင့် ကျိတ်ကျိတ်တိုးနေရ၏။

သူ၏ ဂုဏ်အယူဆုံးနှင့် လက်သုံးစကားမှာ မကောင်းဆိုးဝါး ဘဝမှ ရုန်းထွက်စွန့်ပစ်ပြီး ၃၅ နှစ်တာကာလအတွင်း လူတစ်သန်း ကျော်၏ဝိညာဉ်များကို အပြစ်မှဆေးကြောပေးကာ အလင်းရောင် အောက်သို့ ဆွဲခေါ်နိုင်ခဲ့သည့်အကြောင်းပင် ဖြစ်၏။

စင်စစ်မှာလည်း သူသည် အပြစ်သားများကို ထုတ်ဖော်ဝန်ခံ စေနိုင်သည့် ကြီးကျယ်မြင့်မြတ်ဆုံးနှင့် တစ်ဦးတည်းသော စွမ်းအား ရှင်ဟု ခေါ်ဆိုလောက်သည်သာ။

ကျွန်တော်သည် ဘီလီဆန်းဒေးကို ကြိမ်ဖန်များစွာ မြင်တွေ့ဖူး ခဲ့ပါ၏။ ကျွန်တော့်အမြင်အရတော့ သူသည် မုန်တိုင်းဆန်သော လူ တစ်ယောက်ဖြစ်ပြီး ပြင်းထန်သောစွမ်းအင်တွေ ပြည့်နေသည့် ဘောင်းဘီ ဝတ် လူသားဒိုင်နမိုတစ်လုံးနှင့်လည်း တူနေပေသည်။

သူ ဟောပြောလျှင် သူ့ရင်ဘတ်သူ တဗုန်းဗုန်းရိုက်ရင်း သူ့ ကုတ်အင်္ကျီ ကော်လံစနှင့် နက်ကတိုင်များကိုလည်း ဆွဲဖြဲတော့မည့် အလား တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လှုပ်ယမ်းသည်အထိ စိတ်ထက်

သန် အင်အားပါသည်ကို သတိထားမိ၏။ ဒီလိုနှင့်မှ အားမရသည့်အဆုံး ခွေးခြေပေါ်တက်ကာ စကားပြောခုံကို ခြေတစ်ဘက်တည်းနှင့် မှီရပ် လျက်ပြောပေဦးမည်။

ထိုမှ ဘော့စ်ဘောကစားသမားက သူ့တိုင်ခြေကို အမိအရ လျှောထိုးပြန်သည့် ပုံစံမျိုးဖြင့် စကားပြောခုံပေါ်မှာ ဝမ်းလျားထိုးလျက် အာဘောင်အာရင်းသန်သန် ဆက်ဟောနေသည်မှာ ဘယ်အချက် စင် ပေါ်က ကျွမ်းပစ်ကျမလဲဟု ရင်ထိတ်နေရလောက်အောင် ဖြစ်ပါ၏။

တမင်လုပ်တာ မဟုတ်။ ပင်ကိုသရုပ်ဖြစ်သော ဒီစတိုင်တွေ ကပင် သူ့ကို လူအများစိတ်ဝင်စားအောင် ဆွဲဆောင်နိုင်ခဲ့သည်ဆိုက မှားမည်မထင်။ ဘီလီဆန်းဒေး၏တရားပွဲတွင် အိပ်ငိုက်တဲ့လူဆိုလို့ တစ်ယောက်မျှ မရှိ။ ကလေးကအစ မရှိ။ ပြောခဲ့သလို သူ့ဒီဇိုင်းက တရားဟောရင်း ဆပ်ကပ်ပြနေသည်နှင့် တူနေသောကြောင့် ဖြစ်၏။

သူက ဟောပြောရာတွင် အရမ်းတက်ကြွ လှုပ်ရှားလွန်းသဖြင့် သွားလေရာ အနှိပ်သည်တစ်ယောက်ခေါ်ထားရပြီး၊ ဆေးလိမ်း၍ ထုဟယ် ထောင်းဟယ်နှင့် နှိပ်နင်းအကြောကိုင်ပေးရသည်မှာ နေ့တိုင်း လိုလို။

တစ်ခါက သူ ပစ်ခ်ဘာ့တွင် ၂ လတိုင်တိုင် တရားဟောပြော ခဲ့သည်။ သတင်းစာများကလည်း သူ့အကြောင်း, သူ့တရား, သူ့ လှုပ်ရှားမှုများကို နေ့စဉ်မပြတ် အသားပေးဖော်ပြခဲ့ကြသည်။

တစ်မြို့လုံးမှာလည်း သူရောက်လာသည့်အတွက် ပွဲတော်ကြီး တမျှ အုံးအုံးကျွက်ကျွက်ဖြစ်ကုန်၏။ ရောမစတိုးဆိုင်ကြီးများက ဝန်ထမ်းများကို သူ့တရားသွားနာရန် ဆိုင်ပိတ်၍ လွှတ်ပေးကြသည်။ စက်ရုံအလုပ်သမလေးများကလည်း မွန်းလွဲပိုင်း တရားပွဲပရိသတ် ထဲတွင် တစ်အုပ်တစ်မကြီးပါနေ၏။

တစ်ရက်လျှင် လူအင်အား ၁ သောင်း ၅ ထောင်ကျော်မျှ ရှိသဖြင့် ရဲ ၁၀ ယောက်ကပင် လာရောက်ထိန်းသိမ်းစောင့်ရှောက်ပေး ခဲ့ရသည်။

အခြားအခြားသော တရားဟောဆရာများနှင့် တစ်မူကွဲပြားစွာ ဘီလီဆန်းဒေးက အမျိုးသားတွေကို ပို၍ ဦးစားပေးရည်ရွယ်ပြီး ဟောကြားတတ်၏။ သူ့ဟောချက်တွေထဲက နမူနာတစ်ခုကတော့

"ကျုပ်ဟာ မီးသွေးခဲက ဖြစ်လာတဲ့ ပတ္တမြား။ အသားမည်း ပေမယ့် ပတ္တမြားခဲ ဆိုပါတော့။ အဲ နည်းနည်းတော့ ညှော်နံ့မပျောက် ချင်သေးဘူး။ တစ်ချိန်တုန်းကဆို ဘာပြောကောင်းမလဲ။ ကိုယ့်ခေါင်းကို ဘဲချေးတွေနှင့်လိမ်း၊ ဖိနပ်ကို ပြောင်အောင်ဆိုပြီး ပြာတွေရွံ့တွေနှင့် တိုက်၊ အိုးမည်းတွေပေလူးနေတဲ့ ဂုံနီအိတ်စုတ်နှင့် မျက်နှာသုတ်ခဲ့တဲ့ ကောင်။ ရှင်းရှင်းပြောရရင်တော့ ဒုစရိုက်နွံထဲမှာ နစ်ချင်တိုင်းနစ် မျောချင်တိုင်း မျောခဲ့တယ်ဗျို့။ အရက်ကို ကော်ဖီသောက်သလို တစွတ် စွတ်သောက်ခဲ့တာ ကျုပ်။ အပြစ်မှန်သမျှ အရသာခံပြီး မျက်စိမှိတ် ဝါးစားခဲ့တာ ကျုပ်။ ဆိုးပါတယ်ဆိုတဲ့ လူတွေကို ကတုံးပေါ်ထိပ်ကွက ခဲ့တာ ကျုပ်။ လူတကာက သတ်မှတ်တဲ့ ကောင်းမှုအားလုံးနှင့် ကျုပ်က ဆန့်ကျင်ဘက်။

"သူက ဖြူရင် ကျုပ်က မည်းလိုက်ရမှ ကျေနပ်တယ်။ မလုပ်နှင့် ဆိုရင် လုပ်ပြီးပြီ။ ရှေ့တိုးဆိုရင် နောက်ဆုတ်မယ်။ အများက ၁ ဆိုရင် ကျုပ်က ၁၀၀ အထိ ရေပြီးပြီ။ ယှဉ်လိုက်ရင် နှာတစ်ဖျားလေး ကြောလိုက်ရမှ။ အဲ ကျုပ်လိုကောင်မျိုးက ရယ်စရာကြီးနော်။ ဟဲဟဲဟဲ"

သူ့ကို အိုင်အိုဝါရှိ သစ်လုံးအိမ်ခန်းလေးတစ်ခု၌ မွေးဖွားခဲ့ပြီး၊ မိဘမဲ့ဂေဟာတွင် ကြီးပြင်းလာရသည်။ အသက် ၁၅ နှစ်တွင် ကျောင်း

တစ်ကျောင်း၌ ကျောင်းစောင့်အလုပ် ရခဲ့၏။ တစ်လ ၅ ပေါင်ရသော ထိုအလုပ်က သူ့ကို ပညာသင်ရန် အထောက်အကူပြု၏။ နံနက် မိုးမလင်းခင် ၂ နာရီလောက်မှာ အိပ်ရာထ၍ မီးဖိုကြီး ၁၄ ဖိုစာ မီးသွေးတွေ သယ်ရ၏။ နေ့ဘက်မှာလည်း မီးဖိုမီး မပြတ်ရအောင် စောင့်ကြည့်ရသည်။ တံမြက်လှည်းရသည်။ ကြမ်းတိုက်ရသည်။ ဒီနောက်မှာမှ စာကျက်ရခြင်း ဖြစ်၏။

လူလားမြောက်ခဲ့သည့်နောက် တကယ့်အလုပ်သမားဘဝ ရောက်ခဲ့သလို မာရှယ်တောင်းမြို့က အသုဘလုပ်ငန်းတွင် လက်ထောက်စဏ္ဍာလအဖြစ် ပထမဆုံး ဝင်လုပ်ခဲ့မိသည်။ အလုပ်တစ်ဘက်နှင့် ဘော့စ်ဘော လေ့ကျင့်ကစားခဲ့ရာ ထူးထူးချွန်ချွန် နာမည်ရလာ၏။ သို့ဖြင့် နာမည်ကြီးသထက် ကြီးလာသည့်အဆုံး ဘော့စ်ဘောကစားသမားအဖြစ် ဘဝပြောင်းခဲ့ရတော့၏။

သူသည် ချီကာဂိုပိုက်ဆောက် အသင်းခေါင်းဆောင် ပေါ့ပ်အင်ဒါဆင်နှင့် တွဲဖက်အံညီဆုံး ကစားနိုင်ခဲ့သည်။ ပို့လိုက်သော ဘောလုံးကို ပန်းတိုင်တစ်ခုမှ တစ်ခုသို့ တစ်မုဟုတ်ချင်း သယ်ပြေးနိုင်သည်။ ပြေးအားကောင်းပုံမှာလည်း လေအဟုန်, မြင်းအဟုန်မျိုးဖြင့် လှစ်လှစ်လှစ်လှစ် မြည်နေ၏။ ထို့ကြောင့်လည်း သူ အသက် ၂၁ နှစ်မှာပင် ထိပ်တန်းဘော့စ်ဘော အသင်းကြီးများ၏ အားအထားရဆုံး လက်ရွေးစင်, ပရိသတ်၏အသည်းကျော် ဖြစ်ခဲ့ရလေပြီ။

"ကျုပ်ဟာ ဘော့စ်ဘောကွင်းတစ်ပတ် ပန်းတိုင်တွေအားလုံးကို ၁၄ စက္ကန့်တည်းနှင့် ပတ်ပြေးနိုင်ခဲ့တယ်။ ကျုပ်စံချိန်ကို ကနေ့ထိ ဘယ်သူမှ မချိုးနိုင်သေးဘူး"

ကြုံသည့်အခါတိုင်း ဘီလီက ထုတ်ကြွားလေ့ရှိပါသည်။ ၅ နှစ်တာအတွင်း နာမည်ကျော်အားကစားသမားအဖြစ် အောင်မြင်ခဲ့သလို အပျော်ကျူးသည့် ကဖော်မှုးဘဝလည်း လှလှကြီးရောက်ခဲ့၏။

ယစ်ထုပ်ကြီးဘဝမှတစ်ဖန် ဆရာကြီးဝက်စလီပြီးလျှင် ညို့ယူဆွဲဆောင်မှုအရှိဆုံး တရားဟောဆရာဘဝသို့ ပြောင်းလဲပစ်မည့် အဖြစ်တစ်ရပ် အမှတ်မထင် ပေါ်ပေါက်လာပြန်သည်။

ထိုဖြစ်ရပ်ကို ဘီလီဆန်းဒေးကိုယ်တိုင် နှုတ်ထွက်စကားဖြင့် တင်ပြရပါသော်

"၁၈၈၇ ခုနှစ်ရဲ့ တစ်နေ့သောအခါပေါ့ဗျာ။ ကျုပ်ဟာ နာမည်ကျော် ကစားဖော်ကစားဖက်တစ်ချို့နှင့် ချီကာဂိုမြို့ထဲ လမ်းလျှောက်ထွက်ခဲ့တယ်။ ထုံးစံအတိုင်းပဲ။ အရက်ဆိုင်တစ်ဆိုင်ကို ရောက်ကြတာပါပဲ။ အဲဒီနေ့က တနင်္ဂနွေနေ့ ညနေပိုင်းဗျ။ ဒီလိုနှင့် ဆိုင်ထောင့်မှာ အရက်တွေ, အမြီးတွေ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ဝိုင်းဖွဲ့မိကြရော ဆိုပါစို့။ ပျော်ပျော်ပါးပါးစားသောက်နေတုန်းမှာပဲ လမ်းပေါ်က လူတစ်အုပ်ပေါ်လာတယ်။ ယောကျ်ားတွေရော မိန်းမတွေရော မနည်းဘူးဗျ။ အယောက် ၃–၄၀ လောက် ရှိမယ်။ ဟွန်းတယော,ပလွေ,ဘင်ခရာတွေ တူရိယာအစုံအလင်နှင့် တီးမှုတ်လာကြတာကိုးဗျ။ အဆိုအဖွဲ့ကလည်း ကောင်းမှကောင်းဗျို့။ ဆိုလာကြတဲ့ သီချင်းကလည်း ဘုရားသီချင်းဗျ။

"ကျုပ် ကလေးဘဝက အိုင်အိုဝါက သစ်လုံးအိမ်လေးမှာ ကျုပ်အမေ ဆိုနေကျ ကျမ်းမြတ်တော်ဝင် မဟာဓမ္မတေးကိုးဗျ။ ဒီတင် ကျုပ် အမေ့ကို မြင်ယောင်သတိရရင်းက ကြွေရတော့တာပဲ။ မျက်ရည်တွေချောင်းစီး တဟီးဟီးနှင့် ငိုပြီးရင်းငို ငိုလို့ပဲ မဝတော့ပါဘူး။ ဒီကြားထဲ ဟိုအဖွဲ့ထဲက လူငယ်လေးတစ်ယောက် ကျုပ်အနား ကပ်လာတယ်။ ပြီးတော့

"အစ်ကိုရေ။ ကျွန်တော်တို့ ပစိဖိတ်ပန်းခြံဘုရားကျောင်းက ဝတ်ပြုပွဲသွားမလို့ အစ်ကိုရ။ အစ်ကိုရာ ကျွန်တော်တို့နှင့် ပျော်ပျော်ပါးပါး မလိုက်ချင်ဘူးလားဟင်။ အစ်ကို ရေရေလည်လည် ပျော်သွား

မှာ သေချာပါတယ်ဗျာ။ အဲဒီမှာ ခိုးသမားကြီးတွေက သူတို့ ဘယ်လို အရက်ပြတ်ပြီး လူကောင်းဖြစ်သွားတယ်ဆိုတာ ပြောကြသလို၊ ကောင်မလေးတွေကလည်း ဘဝပျက်ရမယ့်ဆဲဆဲက ဘုရားသခင်ရဲ့ ကယ်တော်မူခြင်းခံရတဲ့အကြောင်းတွေ ပြောပြတာ အစ်ကိုနားထောင်ရမှာ။ လာပါ။ လိုက်ခဲ့ပါ အစ်ကိုရာ'တဲ့။

"ကျုပ်ကလည်း မဆွတ်ခင်က ညွတ်ချင်နေတဲ့လူကိုး။ ၂ ခါ မခေါ်လိုက်ရပါဘူးဗျာ။ ခေါက်ခနဲထ လိုက်ရင်းနှင့် 'အေး။ ငါလိုက်မယ်ကွ။ ငါ ခရစ်တော်ဆီကို အခုသွားမယ်။ ငါ လမ်းမှားခဲ့တာကြာပြီ'လို့ ပြောပြောဆိုဆိုနှင့် သောက်ဖော်သောက်ဖက်တွေကို ကျောခိုင်းခဲ့မိတယ်။ နောက်တွေက တဟားဟားနှင့် ကျုပ်ကို လှောင်လို့ပေါ့ဗျာ။ ဒီကောင်မမူးဘဲနှင့် ဗလာချီကြောင်သွားပြီတဲ့။ သက်သက် အရူးထတာဆိုတဲ့လူက မရှား။ တစ်ယောက်လား အားပေးတယ်။ 'ကောင်းတယ်။ ဆက်လုပ်'တဲ့။

"ဟုတ်ကဲ့။ အဲဒီကတည်းက မကောင်းတာတွေ ကျုပ် ဆက်မလုပ်တော့တာ သေတဲ့အထိပဲ"

ဤသည်မှာ ဘီလီဆန်းဒေး၏ ကိုယ်ပိုင်သံစဉ်အတိုင်း ဖောက်သည်ချလိုက်ခြင်းပဲ ဖြစ်ပါသည်။

တချို့ကတော့လည်း ဘီလီဆန်းဒေးသည် စားပေါက်ချောင်လို့ ဒီအလုပ် ဝင်လုပ်တာပါလို့ အမနာပ ပြောချင်ကြ၏။

စင်စစ်တော့ ဘောလုံးသမားအနေဖြင့် ၁ လကို ပေါင် ၁၀၀ ရ၍၊ ဝိုင်အမ်စီအေမှ တရားဟောဆရာမ ၁ လ ၁၇ ပေါင်သာရသည်ကို နှိုင်းယှဉ်က အဖြေမှန်ကို သိသာနိုင်သည်။

၆ လေး ၁ လေး စွန့်လွှတ်အနစ်နာခံခဲ့ခြင်းက သူ့ယုံကြည်ချက်၏အတိမ်အနက်ကို အရှင်းသားပြဆိုနေသည် ဆိုရပါတော့မည်။

၁၉၁၇ ခုနှစ်က နယူးယောက်သို့ ဘီလီဆန်းဒေးရောက်လာသည်ကို ကျွန်တော် မှတ်မိပါသေးသည်။ ဟတ်ဆင်မြစ်ကြီးဘေးက ဘေဘီလုံမြို့လေးမှာ ဘာသာရေးလှုပ်ရှားမှုနှင့် ပတ်သက်၍ တစ်ခါမျှ ဒီလောက် စိတ်အားထက်သန် တက်ကြွခဲ့တာမျိုး မကြုံဘူးခဲ့ပါ။ သူ မလာခင် လနှင့်ချီ၍ သတင်းတွေဖြန့်ထားတာ တွေ့ရသည်။ သူ့ ခရီးစဉ်နှင့် တရားပွဲများအတွက် အကြိမ်ပေါင်းထောင်ချီတဲ့ ကြိုတင်ပြင်ဆင်မှုအစည်းအဝေးတွေ လုပ်ခဲ့ကြ၏။

ဘရော့ဝေးလမ်းကြီးနှင့် ၁၆၆ လမ်းပေါ်၌ တရားနာပရိသတ်များအတွက် ထိုင်ခုံ ၂ သောင်းကို အလုပ်သမား ၄၀၀ ခင်းကျင်းပေးရသည်။ သံပြိုင်အဆိုတော်အဖွဲ့ထိုင်ရန် ပလက်ဖောင်းပေါ်၌ ချခင်းပေးရသော ထိုင်ခုံချည်းကပင် အလုံး ၂၀၀ ရှိခဲ့သည်။

အပြစ်ကို အသနားခံဖို့ ဒူးထောက်ရာ၌ခင်းရန် လွှစာမှုန့်ကား ၄ စီးတိုက် သယ်ခဲ့ရသည် ဆို၏။

ရွှေပွဲလာ ပရိသတ်အပေါင်းကို ကူညီရန် စေတနာ့ဝန်ထမ်း လုပ်အားပေးသူပေါင်း ၂၀၀၀ ကျော် ပါဝင်ခဲ့ကြသည်။

နယူးယောက်သို့ရောက်ရှိစဉ် ဘီလီဆန်းဒေးသည် လူ ၁ သန်းခွဲကို တရားဟောခဲ့၏။

လူ ၁ သိန်းနီးပါးမှာ သူတို့၏ မိုက်ကြေးမိုက်ပြစ်တွေကို ဝန်ခံတောင်းပန်ကာ အကုသိုလ်ဒုစရိုက်မှုများကို အပြီးတိုင် စွန့်လွှတ်လိုက်ကြသောဟူ၏။ •တစ်နည်းအားဖြင့် ငရဲမှသည် နတ်ဘုံဆီသို့။



## အဖြူရောင်အလု

သီအိုဒိုရူးစဗဲ့

ရင်ဘတ်တွင် သေနတ်မှန်ထားသည့်ကြားက တရားဟောမပျက်၊ မိနစ်ခွန်းဆက်ပြောနေခဲ့သူ သမ္မတကြီး။

အိမ်ဖြူတော်၌ ခေါင်းအုံးဘေးမှာ ကျည်အပြည့်ပါ ၆ လုံးပြူးထား၍ အိပ်ခဲ့တဲ့ သမ္မတကြီး။

လူကြောက်ကလေးဘဝမှ သတ္တိခဲမုဆိုးဖြစ်လာသလို၊ တိုင်းပြည်၊ လူမျိုးနှင့် စာပေကိုချစ်မြတ်နိုးသော အဖြူရောင်နှလုံးသားပိုင်ရှင် သမ္မတကြီး။

■

၁၉၁၉ ခုနှစ် ဇန်နဝါရီလအတွင်းက အဖြစ်အပျက်တစ်ရပ်ကို ကျွန်တော့်တစ်သက် မေ့နိုင်တော့မည် မဟုတ်ပါ။

ထိုစဉ်က ကျွန်တော်သည် တပ်မတော်ထဲမှာ အမှုထမ်းနေဆဲ ဖြစ်ပြီး လောင်းအိုင်လင်းရှိ အပ်တွန်တပ်စခန်းတွင် တာဝန်ကျနေပါသည်။ ထိုညနေက တပ်စိတ်တစ်စိတ်မှ ရဲဘော်များသည် တောင်ကုန်း ငယ်တစ်ခုပေါ်သို့ တက်သွားကြပြီး၊ ရိုင်ဖယ်သေနတ်တွေကို မိုးပေါ် ထောင်၍ ပစ်ဖောက်ကြခြင်းဖြင့် နိုင်ငံတော်အကြီးအကဲတစ်ယောက် အား နောက်ဆုံး ဂါရဝပြုလိုက်ကြခြင်း ဖြစ်ပါ၏။

'ရှူးစဗဲ့ သေပြီ'တဲ့။

သီအိုဒိုရှူးစဗဲ့။

မိမိတိုင်းပြည်ကို စိုးစိုးပိုင်ပိုင် နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်ခဲ့ သလောက် ဘုန်းမီးနေလ အတောက်ပဆုံး အထူးခြားအကျော်ကြားဆုံး သမ္မတကြီး သီအိုဒိုရှူးစဗဲ့ အသက်အရွယ်နှင့်လိုက် သန်မာဖျတ်လတ် သွက်လက်ထက်မြက်နေတုန်းမှာ ကွယ်လွန်ခဲ့ရသည့် သမ္မတကြီး ရှူးစဗဲ့ နှင့် ပတ်သက်သမျှအကြောင်းတွေ အားလုံးကတော့ အတိဿယ ဂုဏ်မြောက်လောက်အောင် အံ့ချီးဖွယ်ရာတွေချည်းပဲဟု ဆိုရပါမည်။ သာဓကပြရလျှင် သူသည် မျက်နှာနားကပ်ကြည့်မှ မြင်ရလောက်အောင် မျက်စိမှုန်သူ ဖြစ်၏။ မျက်မှန် တပ်မထားပါက ၁၀ ပေ အကွာရှိ သူ့အချစ်ဆုံး မိတ်ဆွေကိုပင် ဘယ်သူဘယ်ဝါမှန်း မသိသူဖြစ်ပါ၏။ သို့သော် ရိုင်ဖယ်ပစ်ချန်ပီယန်ဘဝနှင့် အာဖရိကခြင်္သေ့ကြီးတွေကို တုံးခနဲတုံးခနဲ ပစ်ချနိုင်ခဲ့ပြန်ပါသတဲ့။

သူသည် တစ်သက်နှင့်တစ်ကိုယ် ငါးမမျှားခဲ့ဘူး၊ ငှက်တစ်ကောင်မျှ မပစ်ဘူးခဲ့ပေမယ့် သားကောင်ကြီးများပစ်ရာတွင် အမဲလိုက်ပွဲများတွင် အတော်ဆုံး အကျော်ဆုံးမုဆိုးကြီးဘွဲ့ထူးကို ရခဲ့သည်။

သူငယ်စဉ်က အလွန် ချူချာ၏။ ဖြူဖပ်ဖြူရော်လေးနှင့် ချည့်နဲ့နဲ့နိုင်လှသည့် ပန်းနာရောဂါသည်လေးဘဝ။ ဒါကြောင့်လည်း သူ့ကျန်းမာရေးအတွက် အနောက်ဘက်ဒေသသို့ ခရီးထွက်ခဲ့ရ၏။ ထိုမှ အကြမ်းပတမ်းခံ နွားကျောင်းသား(ကောင်းဘွိုင်)ဖြစ်ခဲ့ရပြီး၊ လေဟာပြင် ကြယ်ရောင်အောက်၌ ဖြစ်သလိုအိပ်ရင်းက အားခွန်ဗလ တောင့်တင်း ခိုင်မာသည်မှာ မိုက်ဒီနိုဗင်နှင့် လက်ဝှေ့ယှဉ်ထိုးနိုင်ခဲ့သည့်အထိပင် ဖြစ်၏။

သူသည် တောင်အမေရိက၏ ခက်ထန်ကြမ်းတမ်းမှုတွေကိုလည်း စိန်ခေါ်ဖြိုခွင်းခဲ့သေးသည်။ ဂျန်ဖရူးနှင့် မက်တာဟွန်းကဲ့သို့သော မိုးမျှော်တောင်ကြီးများကို အခက်အခဲကြားက အရတက်ခဲ့သည်။ ကျူးဘားမှ စန်ဂျူအန်တောင်ကုန်းပေါ်ကိုလည်း သေနတ်ကျည်ဆံတွေ မိုးမွှန်နေသည့်ကြားက အရောက်သွားခဲ့၏။

ရှူးစဖဲ့၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ၌ သူ ငယ်စဉ်ကလေးဘဝက အလွန်သတ္တိနည်း၍ စိတ်အားငယ်တတ်သလို ထိခိုက်ဒဏ်ရာရမှာကို သိပ်ကြောက်တတ်ကြောင်း တွေ့ရ၏။ အကြောက်လွန်၍ပင် လက်ကောက်ဝတ် ကျိုးခဲ့ရပြီး၊ လက်မောင်း, နှာခေါင်း, နံရိုး, ပခုံးတွေမှာလည်း မကြာခဏ ပွဲ့ရွဲ့စုတ်ပြဲခဲ့ရကြောင်း ဖော်ထုတ်တင်ပြခဲ့၏။ ထို့နောက် ဒါကိုတာပြည်နယ်သို့ ကောင်းဘွိုင်ဘဝဖြင့် ရောက်ခဲ့ချိန်မှာတော့ မြင်းပေါ်ကလိမ့်ကျ၍ အရိုးတစ်ချောင်းကျိုးသွားသည့်တိုင် အောင် ကုန်းနှီးပေါ်သို့ မရမကဖက်တွယ်တက်ပြီး နွားတွေကို လှည့်ပတ်ဆက်ကျောင်းခဲ့သည် ဆို၏။

မှတ်သားလောက်စရာ သူ့အပြောက “ကျွန်တော်ဟာ လုပ်ရမှာကြောက်တဲ့အလုပ်တွေကို ဇွတ်တိုးလုပ်ရင်းကပဲ သတ္တိတွေ ရှိလာရတာပဲ”တဲ့။

လူကြောက်ကလေးဘဝကနေ ရဲရင့်သတ္တိကောင်းလာပြီဆိုတော့လည်း သေပေါက်သေဝ ရောက်ခဲ့ရသည့်အချိန်တိုင်အောင်ပင် မတုန်မလှုပ် ကြံ့ကြံ့ခိုင် ရင်ဆိုင်သွားနိုင်ခဲ့လေသည်။ နောက်ဆုံးတွင် သူသည် ခြသေ့်ဟောက်သံများနှင့် အမြောက်သံများကိုပင် မမှုတော့သည့်အဆင့်သို့ရောက်၍ အသည်းကောင်းကောင်းနှင့် ပွဲတိုင်းကျော် ဖြစ်ရပါတော့၏။

၁၉၁၂ ခုနှစ် ရွေးကောက်ပွဲမဲဆွယ်စဉ်ကာလ မိန့်ခွန်းပြောရန် အသွား လမ်းတွင် အရူးတစ်ပိုင်းသေနတ်သမားတစ်ယောက်က လုပ်ကြံပစ်ခတ်၍ ရင်ဘတ်ကို ကျည်ဆံထိမှန်ခဲ့သည်။ ရှုးစဖဲ့သည် သူ့ကို သေနတ်မှန်သွားကြောင်း ဘယ်သူ့ကိုမျှ အသိမပေးဘဲ ဣန္ဒြေမပျက် ဆက်လိုက်သွား၏။ အစီအစဉ်အတိုင်း စင်မြင့်ထက်သို့တက်၍ မိန့်ခွန်းပြောခဲ့ပြန်သည်။ မိန့်ခွန်းပြောရင်းတန်းလန်း သွေးထွက်လွန်ပြီး ယိုင်လဲကျသွားတော့မှ အဖြစ်မှန်ကို သိလိုက်ကြရခြင်းဖြစ်၏။ သို့နှင့် ဆေးရုံသို့အချိန်မီ ပို့ဆောင်နိုင်ခဲ့ရတော့သည်။

သူ အိမ်ဖြူတော်၌ ရှိနေစဉ်တစ်လျှောက်လုံး ခေါင်းအုံးဘေးမှာ ၆ လုံးပြူးထား၍ အိပ်ခဲ့သလို၊ လမ်းလျှောက်ထွက်ပြီဆိုလည်း ပစ္စတိုငယ်လေးတစ်လက် အမြဲဆောင်သွားနေကျ ဖြစ်ခဲ့၏။

ရှုးစဖဲ့သည် သမ္မတကြီးဖြစ်နေခိုက်မှာပင် စစ်ဗိုလ်ကလေးတစ်ယောက်နှင့် လက်သီးချင်း ယှဉ်ထိုးဖူး၏။ အပျင်းဖြေ လေ့ကျင့်ကစားတာပါ။ စစ်ဗိုလ်ကလေးက သူ့ဘယ်မျက်လုံးကို မိမိရရ ထိုးမိလိုက်သည်။ ထိချက်က သွေးကြောတွေ ပြတ်ကုန်သည်အထိ ပြင်းထန်၍ မျက်လုံးအိမ်ကြီးတစ်ခုလုံး ညိုမည်းယောင်ကိုင်းကာ မျက်စိကွယ်လုမတတ် ဖြစ်သွားရသည်။ ရှုးစဖဲ့က စစ်ဗိုလ်ကလေး စိတ်မကောင်း

ဖြစ်မည်စိုး၍ သူ့အခြေအနေကို လုံး၀ အသိမခံခဲ့။ စစ်ဗိုလ်ကလေးက နောက်တစ်ချီ ထပ်ကစားကြဦးမလားလာခေါ်တော့ သမ္မတကြီးက ယဉ်ယဉ်ကလေး ငြင်းလိုက်၏။

"ငါ လက်ဖွေ့ထိုးလို့ မကောင်းဟော့ဘူး။ အသက်ကြီးပြီကွ" ဟုသတည်း။

နောက် နှစ်အတန်ကြာသောအခါမှ ထို ဘယ်ဘက်မျက်လုံး လုံး၀ ကွယ်သွားရှာတော့၏။ သို့တိုင် စစ်ဗိုလ်ကလေးကြောင့် ကွယ်ခဲ့ရကြောင်း စစ်ဗိုလ်ကလေးမသိအောင် တစ်သက်လုံး ရေငုံနှုတ်ပိတ်သွားခဲ့၏။

သူသည် အိုင်စတာဆေးရှိ သူ့ရဲ့မြေထဲတွင် ကိုယ်တိုင် ထင်းခုတ်၏။ လက်ကြမ်းကြီးများနှင့် ကောက်ရိုးတွေ လိုက်ကောက်၏။ သူ ခန့်ထားသော ဥယျာဉ်မှူး၏ ရေလောင်းပေါင်းသင်အလုပ်များကို အခမဲ့ ၀င်ကူညီ၏။

သူကား ဆေးလိပ် လုံးလုံးမသောက်။ ဘယ်တော့မျှ ကျိန်တာ, ဆဲတာ မရှိ။ အရက်ကိုလည်း မလွဲမရှောင်သာသည့် အခါမျိုးကျမှသာ ဘရန်ဒီကို လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာမျှ သောက်တတ်၏။ ညအိပ်ရာမ၀င်ခင်တော့ ဒိန်ချဉ်တစ်ခွက် သောက်နေကျ ဖြစ်၏။ သို့သော် ဒိန်ချဉ်ထဲမှာ အရက်အနည်းငယ် ပါလေ့ရှိကြောင်း သူ တပည့်လက်သားတစ်ယောက်ကပြောမှ သူ့ခမျာ သိခဲ့ရသော ဟူ၏။ သူ့ကို သေသောက်ကျူးဟု သွားပုပ်လေလွင့်ပြောသူများအား ဤ ဖြစ်ရပ်ကကန့်ကွက်ချေပလိုက်သည်ပဲ ဆိုရပါမည်။

သမ္မတကြီးသည် အိမ်ဖြူတော်တွင် အဆမတန် အလုပ်တာဝန်တွေ ပိနေသည့်ကြားမှ အချိန်လု၍ စာဖတ်ဖို့ ကြိုးစားခဲ့သည်။ စာအုပ်ပေါင်း ရာထောင်ချီ၍လည်း ဖတ်နိုင်ခဲ့သည်ဟု သိရ၏။ ညနေပိုင်းများ၌ အကြောင်းအမျိုးမျိုးဖြင့် သူ့ထံ လာရောက်သူများအား ၅

မိနစ် တွေ့ဆုံခွင့်ပေး၍ မနားရအောင် ပင်ပန်းခဲ့၏။ သို့ပေမယ့် သူ့ဘေးမှာ စာအုပ်တစ်အုပ် အမြဲဆောင်ထား၍ လူဝင်လူထွက်ပြတ်သည့် စက္ကန့်ပိုင်းအချိန်လေးတွေမှာပင် အလုအယက်ဖတ်ခဲ့လေ၏။

သူ ခရီးဝေးထွက်ပြီဆိုလျှင်တော့ ရိုတ်စပီးယား သို့မဟုတ် ရော်ဘီဘာန်းစ်တို့၏ အိတ်ဆောင်အရွယ် စာအုပ်များကို ကိုယ်နှင့်မကွာ ယူသွားနေကျ။ တစ်ချိန်က ဒါကိုတာပြည်နယ်တွင် နွားအုပ်တွေကို ထိန်းကျောင်းနေစဉ်ကပင် မီးပုံကြီးဘေး၌ထိုင်လျက် ကောင်းဘွိုင် တစ်ယောက်ကို ဟမ်းမလက် ပြဇာတ် အစအဆုံးအား အသံထွက် ဖတ်ပြခဲ့ဖူးသည် ဆို၏။ ဘရာဇီးတောနက်ကြီးတွေထဲ ရောက်သွားတုန်း ကလည်း ညတိုင်းပင် ဂစ်ဗွန်း၏ 'ရောမအင်ပါယာကြီး ကျဆုံးခန်း'ကို ဖတ်နေခဲ့သည်။

သူသည် ဂီတသီချင်းကို မြတ်နိုးစွာ ခံစားနားဆင်၏။ ဒါပေ မယ့် သူကိုယ်တိုင် လေပင် မချွန်တတ်ချေ။ သူတစ်ကိုယ်တည်း အလုပ် လုပ်နေစဉ်အခါမျိုး၌ 'ဘုရားသင် သင့်ထံ လာနေပြီလေ'ဆိုသော သီချင်းကို မကြာမကြာ ဆိုညည်းတတ်၏။ တစ်ခါတော့ အနောက်ဘက် မြို့တစ်မြို့၏ လမ်းတွေပေါ် ဖြတ်သွားရင်းက ဝမ်းသာအယ်လဲ ကြိုဆို ကြသောလူအုပ်ကြီးကို ဦးထုပ်လေး ချွတ်ယမ်းနှုတ်ဆက်ရင်းက ထို ဘုရားသီချင်းကို သူ့နှုတ်က မြည်တမ်းနေခဲ့ပါသည်။

ရှုးစဖွဲ့ကား ဝါသနာ တော်တော်စုံသည်။

တစ်နေ့ သူ အိမ်ဖြူတော်၌ နေထိုင်စဉ် ထင်ရှားသော ဝါရှင် တန်၏ သတင်းထောက်တစ်ယောက်ကို ဖုန်းဆက်ပြီး သူ့ ရုံးခန်းသို့ အမြန်ဆုံးလာခဲ့ရန် ဆင့်ခေါ်လိုက်၏။ သတင်းထောက်လည်း သမ္မတ ကြီးကိုယ်တိုင်က တကူးတက ဖုန်းဆက်ခေါ်သဖြင့် ပြူးပြူးပျာပျာ ဖြစ်သွားရ၏။ 'ကောင်တော့ တိုင်းရေးပြည်ရေး အရေးကြီးပြီ ထင်ပါရဲ့'

ဆိုပြီး သူ့ဆိုင်ရာသတင်းစာကို 'အရေးပေါ် သတင်းထူးထည့်ဖို့ အဆင်သင့် ပြင်စရာတွေ ပြင်ထားပေတော့'လို့ ဖုတ်ပူမီးတိုက် သံကြိုးရိုက်ကာ သမ္မတကြီးထံ ဒုန်းပြေးခဲ့မိသည်။ အိမ်ဖြူတော်ကို ချက်ချင်းရောက်သွားသည်။ ရူးစဗဲ့နှင့် တွေ့သည်။ ဒါပေမယ့် သမ္မတကြီးက သူမျှော်လင့်သလို နိုင်ငံရေးကိစ္စ ဘာဘာညာညာ တစ်လုံးမျှ မပြော။ ထိုအစား သတင်းထောက်ကြီးအား အိမ်ဖြူတော် ခြံဝင်းတစ်နေရာရှိ သစ်ခေါင်းကြီးနှင့် အပင်ကြီးတစ်ပင်ဆီသို့သာ ခေါ်သွားသည်။ ပြီးတော့ ဇီးကွက်အသိုက်နှင့် ဇီးကွက်ကလေးတွေ ပေါက်နေတာ သူတွေ့ထားကြောင်း ပြလိုက်ချေသတည်း။

တစ်ခါကလည်း အမေရိကအလယ်ပိုင်းသို့အသွား ရထားခရီး၌ သူ အထူးသီးသန့်တွဲကြီးထဲမှာ အာဏာပိုင်အဖွဲ့ဝင်များနှင့် တိုင်ပင်ဆွေးနွေးရင်း လိုက်ပါလာသည်။ ရုတ်တရက်ဖျတ်ခနဲ ရထားလမ်းဘေးဂျုံခင်းထဲမှ လယ်သမားကြီးတစ်ယောက်က အပြေးထွက်ရပ်ပြီး ဦးထုပ်မြှောက်၍ ဇွေ့ယမ်းနှုတ်ဆက်သည်ကို သူ လှမ်းမြင်လိုက်သည်။ ထိုလယ်သမားကြီးသည် အမေရိကန်ပြည်ထောင်စု သမ္မတကြီးတစ်ယောက်ကို အလေးအမြတ်ထား၍ ဂါရဝပြုလိုက်ခြင်းပဲဖြစ်ကြောင်း ရူးစဗဲ့နားလည်လိုက်သည်။

သို့ဖြင့် ဆိုင်းမဆင့် ဗုံမဆင့် ဝုန်းခနဲထပြီး သူ့ရထားတွဲကြီး၏နောက်ပေါက်မှ ခြေနင်းခုံလေးသို့ထွက်ကာ သူ့ဦးထုပ်ကို ဇွေ့ယမ်းလျက် အငမ်းမရ ပြန်လည်နှုတ်ဆက်ခဲ့တော့သည်။ ဒါကို သူ နိုင်ငံရေးစတန့်ထွင်ပြီး လုပ်ခဲ့တာမဟုတ်ဘဲ၊ လှိုက်လှိုက်လှဲလှဲ အသည်းထဲက သူချစ်သော ပြည်သူတစ်ယောက်ကို အရိုသားဆုံးနှင့် အပွင့်လင်းဆုံး မေတ္တာတုံ့ပြန်လိုက်မိခြင်းသာ ဖြစ်ပါသည်။

သူ့ကျန်းမာရေး ယိုယွင်းလာရာမှ ဘဝ၏နေဝင်ချိန် နောက်ဆုံးနှစ်သို့ ဆိုက်ရောက်ခဲ့ပါပြီ။ သူက တကယ်တမ်း အသက် ၆၀ သာ

ရှိသေးသော်လည်း သူ့ကိုယ်သူ အိုလှပြီလို့ ထပ်တလဲလဲပြောနေတတ်သည်။ သူနှင့် ရွယ်တူမိတ်ဆွေတစ်ယောက်ထံ စာတစ်စောင်ရေးခဲ့ရာဝယ်

"မင်းတို့ ငါတို့လည်း ရိုင်ဖယ်ပြောင်းဝကို ရောက်နေကြပြီ သူငယ်ချင်း။ ဘယ်အချက်မှာ ကားခနဲ အသက်ပျောက်ကြမလဲ မသိဘူး။ တို့ဘဝ အမှောင်မဖုံးခင်လေးမှာတော့ အကောင်းတကာ့ အကောင်းဆုံးတွေ လုပ်သွားဖို့ပဲ ရှိတော့တယ်ဗျာ့"လို့ သံဝေဂသံ ထွက်ခဲ့ပါ၏။

သမ္မတကြီး ရူးစဗဲ့သည် ၁၉၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အိပ်ရာထဲမှာပင် ငြိမ်သက်အေးဆေးစွာ ဓီဝိန်ချုပ်ခဲ့ပါ၏။ နောက်ဆုံးထွက်သက်မတိုင်မီ သူ ရေရွတ်မြည်တမ်းခဲ့သည့် စကားလေးကတော့ ၂ လုံးတည်းသာ။

"ကျေးဇူးပြုပြီး မီးတွေ ပိတ်လိုက်ကြပါ"တဲ့။



## အကောင်းဆုံး အရှုံးသမား

ဝုဒ်ရိုးဝီလ်ဆင်

သူသည် အခွင့်ထူးကြုံ၍ အထွတ်အထိပ်သို့ ရောက်ခဲ့ရသည်။

သို့ပါလျက် လူတွေကို အကိုင်အတွယ် မတတ်သဖြင့် ပလ္လင်ပေါ်က ကျွမ်းပြန်ကျရရှာသည်။

သူသည် မေတ္တာမွတ်သိပ်ခြင်းဖြင့် မိတ်ဆွေများကို လိုလားခဲ့သော်လည်း သန်းပေါင်းများစွာသောရန်သူများ၏ ဝိုင်းခြင်းကို ခံခဲ့ရ၏။

သူသည် ချစ်ဇနီးအလောင်းကို မပစ်ရက်သဖြင့် ၃ ရက်လုံးလုံး ဖက်ငိုနေမိသူ ဖြစ်၏။

■

လူ့အဖိုးတန်တစ်ယောက်၏ ရင်နာစရာကျဆုံးခန်းမှ သင်ခန်းစာ။

ဝုဒ်ရိုးဝီလ်ဆင်ဟာ အမှန်စင်စစ် ဘယ်လိုလူစားပါလဲ။

သူကား ရှားရှားပါးပါး ထက်မြက်ထူးချွန် လူတံခွန်ဟု ဆိုရလောက်သည့် 'မဟာဉာဏ်ကြီးရှင်'တစ်ယောက်ပါ။

တစ်ဆက်တည်းမှာ နမြောစရာ အကောင်းဆုံး 'မဟာ အရှုံးသမား'ဟုလည်း အခေါ်ခံခဲ့ရ၏။

သူသည် နိုင်ငံပေါင်းချုပ်အသင်းကြီး ဖွဲ့စည်းမှုဖြင့် ကမ္ဘာငြိမ်းချမ်းရေးကို အရယူရန် အမြော်အမြင်ကြီးစွာ ဆန္ဒပြုခဲ့သည်။ သူ့ဆန္ဒအတိုင်းလည်း ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ အားကြိုးမာန်တက် လုံ့လစိုက်ထုတ်ခဲ့သည်။ သည်ကြားထဲမှ သူ့ခမျာ ဝမ်းနည်းကြေကွဲဖွယ်ရာ ဘဝဇာတ် သိမ်းသွားရ၏။

၁၉၁၉ ခုနှစ် ဝုဒ်ရိုးဝီလ်ဆင်သည် ဥရောပသို့ ရေကြောင်းခရီးမှ သွားရောက်ခဲ့ရာ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ထွက်၍ သူ့ကို ကယ်တင်ရှင်ကြီးအဖြစ် ကြိုဆိုခဲ့ကြသည်။ သွေးအိုင်ထဲ လဲနေသော ဥရောပနိုင်ငံများသည် သူ့ကို ဘုရားသခင်တစ်ပါးကဲ့သို့ ကြည်ညိုလေးစား အားထားခဲ့ကြတာလည်း မှန်သည်။ အငတ်ဘေးကြုံနေရသော လယ်သမားများက သူ့ဓာတ်ပုံရှေ့တွင် ဖယောင်းတိုင်မီးထွန်း၍ သိဒ္ဓိရှင်သူတော်စင်အလား ဆုပန်ဆုတောင်းခဲ့မိကြသည်။

ဝုဒ်ရိုးဝီလ်ဆင် ဘုန်းတန်ခိုးကြီးမြင့်ပုံမှာ ကမ္ဘာကြီးတစ်ခုလုံး သူ့ခြေဖဝါးအောက် ရောက်ခဲ့သည်ဆိုက လွန်အံ့မထင်။ ကံအလှည့်အပြောင်းက ဗလောင်းဗလဲ နိုင်လှသည်။

သူ အမေရိကန်သို့ ပြန်လာပြီး ၃ လအကြာ ကျန်းမာရေး ချို့တဲ့ခဲ့ရသလို၊ သူ့ဘဝလည်း ကျဆုံးခန်း ဆိုက်ခဲ့ရတော့၏။ မိတ်ဆွေရင်းချာတွေနှင့် စိတ်ဝမ်းကွဲခဲ့ရသည့်နောက် တစ်နေ့တခြား ရန်သူတွေများသထက်များလာရာမှ အသိန်းအသန်း ချီသွားတော့သည်။

သမိုင်းကြောင်းအရ ဝုဒ်ရိုးဝီလ်ဆင်အား ဂုဏ်ရှိန်မြင့်သူ လူအေးတစ်ယောက်အဖြစ်သာမက လူထုမေတ္တာ ခံယူရသူအဖြစ်ပါ အမွန်းတင် ဖော်ပြခဲ့ကြသည်။ တကယ့်အဖြစ်မှန်မှာ ထိုဖော်ပြချက်နှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသည်လို့သာ ဆိုရပါမည်။

စင်စစ်၌ ဝီလ်ဆင်သည် ပုထုဇဉ်လူသားပီပီ ထိလွယ်ရှလွယ် ခံစားလွယ်၍ အကောင်းအဆိုး ဒွန်တွဲနေသူတစ်ဦးသာ ဖြစ်ပါ၏။ အဓိကအားဖြင့် သူသည် မေတ္တာငတ်နေခဲ့သလို အပေါင်းအသင်း မိတ်ဆွေသင်္ဂဟပေါ်များမှုကို လို့ချင်တပ်မက်လှပါသည်။ သို့လင့်ကစား ကံမကောင်း အကြောင်းမလှစွာပင် သူ၏ပင်ကိုသဘာဝ အရှက်ကြီးစိတ်နှင့် မပွင့်လင်းမှုက မိတ်ဆွေများနှင့်ကွဲကွာစေလျက် အထီးကျန်ဘဝကို ပို့ပေးလိုက်တော့သည်။

တစ်ခါက သူကိုယ်တိုင်ကပင်

"ဒီလောကမှာ ဆန့်ကျင်ခြားနားမှုတွေ ဘယ်လောက်ပဲရှိရှိ ကျွန်တော့်အနေနှင့် မမှုပါဘူး။ ဘာမဆို စွန့်လွှတ်ပေးအပ်ဖို့လည်း အသင့်ပါ။ ဒါပေမယ့် ကျွန်တော့်ကိုယ်ကျွန်တော် မကျော်နိုင်တာ, စိတ်မထိန်းနိုင်တာတွေဟာ ပြဿနာ ဖြစ်ခဲ့ရပါတယ်"ဟု ဖွင့်ဟ ဝန်ခံခဲ့ပါသည်။

ရှင်းနေပါသည်။ ကိုယ့်ကိုယ်ကို မနိုင်သူတစ်ယောက်အဖို့ လောကကြီးကို အောင်နိုင်ဖို့ဆိုတာ ဘယ်သို့ လွယ်နိုင်ပါမည်နည်း။

ပြီးတော့ အောင်မြင်မှုဆိုတာက ရဖို့မခက်ပေမယ့် ရေရှည်အောင် ထိန်းသိမ်းဖို့ ခက်လှသည်။

တစ်ခါတစ်ရံ သူ့လုပ်ရပ်တွေက စိတ်ဓာတ်မခိုင်မာ ပျော့ညံ့ရာ ရောက်ခဲ့ပါသည်။

ဝက်စလီယန်တက္ကသိုလ်၌ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်စဉ် အစည်းအဝေးပွဲ ထိုင်နေရင်းတန်းလန်းက ကောက်ကာငင်ကာ ထွက်သွားပြီး ဘောလုံးပွဲမှာ အော်လားဟစ်လား သွားအားပေးနေခဲ့ဖူးသည်။

ဘာမြူဒါကျွန်းကို ရောက်သွားစဉ်ကလည်း နီဂရိုးလှေသမား တစ်ယောက်နှင့် သွားစကားပြောရန် လှိုင်းလေထဲမှ တစ်ယောက်တည်း ရွက်လွှင့်သွားခြင်းဖြင့် စိတ်အလို လိုက်ခဲ့ဖူးသေး၏။

ဂုဒ်ရိုးဝီလ်ဆင်သည် အိမ်ဖြူတော်တွင် စံမြန်းခဲ့သူများထဲတွင် ပညာအရှိဆုံး ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော် သူ့အသက် ၁၂ နှစ်သားအရွယ်ထိ စာရေးစာဖတ် မတတ်ခဲ့သေးပါ။ ပညာတတ်ဘဝ ရောက်တော့လည်း သူအကြိုက်ဆုံး အပန်းဖြေနည်းက စုံထောက်ဝတ္ထုများ ဖတ်ခြင်းပင် ဖြစ်ပါ၏။

သူသည် အနုပညာဝါသနာ နည်းလှသည်။ သူ့အနေနှင့် ဖြပဲနိစတိုးဆိုင်ရောက်လျှင် တူရိယာပစ္စည်းတစ်ခုကို ယူရမည့်အစား အရုပ်ကားတစ်ချပ်ကိုသာ ဝယ်မည်ဖြစ်ကြောင်း မကြာခဏ ပြောဖူး၏။

မျက်ခုံးကောင်းကောင်းနှင့် ပရော်ဖက်ဆာကြီးသည် ဘဝတစ်လျှောက်တွင် အကယ်ဒမီအနုပညာရှင်တွေဝန်းရံထားသော ပတ်ဝန်းကျင်၌ ကျက်စားခဲ့ရသည့်ကြားမှ ပွင့်ပွင့်လင်းလင်းပဲ ဖွင့်ဟခဲ့ပါသည်။ ဒါကတော့ သူသည် 'ရှိတ်စပီးယားဆန်သော အလွမ်းဇာတ်များထက် မြူးကြွသော တေးသံစုံဟာသဇာတ်ကားများကိုသာ ကြည့်ချင်ပါသည်တဲ့။ သို့နှင့်အမျှ သူ ပြဇာတ်ရုံသို့ သွားကြည့်ခြင်းမှာ 'နီတိသင်တန်းတက်၍ အဆုံးအမခံယူရန်မဟုတ်ဘဲ၊ အပန်းဖြေရုံသက်သက်သာ ဖြစ်ကြောင်း' လည်း ပြောပါသေးသည်။

သူ့စကားအတိုင်းပင် အိမ်ဖြူတော်တွင်နေစဉ်ကာလ အပတ်တိုင်းလိုလိုမှာ ပဒေသာကပွဲနှင့် တေးဂီတဇာတ်မြူးများကိုသာ သွားကြည့်တတ်တာ တွေ့ရပါသည်။

သူ့ဘဝ၏ အစိတ်အပိုင်းအများစုမှာ နွမ်းပါးချို့တဲ့ခဲ့ရသည်သာဖြစ်၏။

သူ ရသော ကျောင်းဆရာလခက အလွန်နည်းလှသဖြင့် ဇနီးဖြစ်သူက ပန်းချီကားတွေရေးဆွဲရောင်းချပြီး မိသားစုစားစရိတ် ကာမိအောင် အပိုဝင်ငွေ ရှာခဲ့ရ၏။ ပါမောက္ခပေါက်စတစ်ယောက်အနေဖြင့်လည်း ဝုဒ်ရိုးဝီလ်ဆင်သည် ဝတ်ကောင်းစားလှတွေ ဝယ်မဝတ်နိုင်ရှာပေ။ နောက်ပိုင်း ဘဝအခြေ မြင့်ခဲ့သည့်အခါမှာလည်း သမ္မတကြီးလင်ကွန်းကဲ့သို့ပင် အဝတ်အစား ဇီဇာမကြောင်၊ သူ့ကိုယ်သူ ဂရုမစိုက်ဘဲ ဖြစ်သလိုနေသွားခဲ့၏။

သူ သမ္မတကြီး ဖြစ်ခဲ့ချိန်၌ အစေအပါးလုပ်သူက သူ့ဝတ်စုံမှာဟောင်းရသည့်အထဲ ရင်ဘတ်က ပန်းလိပ်စများ ပြဲနေသဖြင့် အသစ်သွားလဲရန် တိုက်တွန်းခဲ့သည်။ ဤတွင် ဝုဒ်ရိုးဝီလ်ဆင်က "ကိစ္စမရှိပါဘူးကွ။ အလကား အလုပ်ရှုပ်ခံလို့။ အင်္ကျီက နောက် ၁ နှစ်လောက်တော့ ကောင်းကောင်းဝတ်လို့ရပါသေးတယ်"ဟု အပြတ်ငြင်းခဲ့သော ဟူ၏။ ထို့အပြင် ဝီလ်ဆင်သည် သမ္မတကြီးတစ်ယောက်အဖြစ် လင်ကွန်းကဲ့သို့ပင် အစားအသောက် စားရာမှာလည်း ဈေးမများချေ။ သူ့ကို ချကျွေးသည့်အတိုင်း ဘာမဆို စားလေ့ရှိပြီး တစ်ခါတလေ ဘာစားလို့စားမှန်းပင် သိပုံမပေါ်ခဲ့။

သူသည် တစ်သက်လုံးမှ ဆေးပြင်းလိပ် ၁ လိပ်, ၂ လိပ်စာမျှသာ သောက်ဖူးခဲ့မည် ထင်ရ၏။ အကြောင်းမှု ဆေးလိပ်မကုန်ခင်ပင် သူက ခေါင်းမူးလာတတ်သောကြောင့် ဖြစ်၏။

သူ၏ တစ်ခုတည်းသော အသုံးစရိတ်မှာ စာအုပ်လှလှလေးတွေ ဝယ်သည့်အတွက်သာ ကုန်ရ၏။

အပြင်ပန်းအားဖြင့် ရေခဲတုံးနှင့်တူသယောင် လူအေးတစ်ယောက်ဟုဆိုရမည့် ဝုဒ်ရိုးဝီလ်ဆင်သည် တကယ်တမ်းအားဖြင့် စိတ်မြန်လက်မြန်နှင့် ကြောက်စရာကောင်းအောင် ခံစားချက်ပြင်းပြ သူတစ်ဦးပဲဖြစ်ပါသည်။ အကြောင်းသိအတွင်းသိများက သူ့ကို သီအိုဒိုရူးစဗဲ့ထက်ပင် ပေါက်ကွဲတတ်၍ ဂမူးရှူးထိုးနိုင်ကြောင်း ပြောကြ၏။

သူ၏ ပထမဇနီးသည်အပေါ် ချစ်မြတ်နိုးပုံကလည်း အကဲပါလွန်းတယ်ဆိုရမလောက် အရူးအမူးဆန်လှသည်။ သူ သမ္မတဖြစ်ပြီဆိုသည်နှင့် ပထမဦးဆုံး ဦးစားပေးလုပ်ခဲ့သည့်ကိစ္စမှာ သူ့ဇနီးအတွက် မြွေပါအမွေးနှင့်လုပ်သော ခြုံထည်ကို ပြေးဝယ်ပေးခြင်းပင်တည်း။

နောက် ၁ နှစ်အကြာ သမ္မတကတော် ကွယ်လွန်ရှာရာတွင်လည်း အလောင်းကို အိမ်ဖြူတော်မှ ၇၂ နာရီလုံးလုံး အရွှေ့မခံဘဲ ထားစေခဲ့သည်။ သူကိုယ်တိုင် အလောင်းဘေး၌ ဆိုဖာတစ်လုံးနှင့် ၃ ရက် ၃ ညတိုင် မခွဲနိုင်မခွာရက် မျက်ရည်တလည်လည်ဖြင့် ထိုင်စောင့်နေခဲ့မိရှာ၏။

ဝုဒ်ရိုးဝီလ်ဆင်အား ကဝိအမော် မဟာပညာကျော်တစ်ဦးအဖြစ် ဂုဏ်တင်ခဲ့ကြ၏။ သို့သော် သူသည် ဘာသာစာပေ၌ အထိုက်အလျောက် သာမန်အဆင့်သာ ရှိခဲ့ပါသည်။ ထို့အတူ ဂန္ထဝင်မြောက်စာပေအတော်များများနှင့် အလှမ်းအဝေးကြီး ဝေးကွာခဲ့ပါသည်။ သိပ္ပံပညာရပ်ဆိုင်ရာများကိုလည်း သူ စိတ်မဝင်စား။ ဒဿနိကဗေဒဆိုလျှင် တီးမိခေါက်မိရုံသာ ရှိ၏။ သူ့အနေဖြင့် ရှေ့နေလုပ်စားဖို့ ကြံခဲ့သေးသော်လည်း ဥပဒေနှင့်ပတ်သက်၍ အတော်လေးပင် ညံ့ဖျင်းအားနည်းခဲ့၏။ သူ့ဘဝတွင် အမှုတစ်ခုရယ်လို့ ဖြစ်ဖြစ်မြောက်မြောက်

မလိုက်ဘူးခဲ့သလို တစ်သက်တစ်ခါ အချိုကြီးမိလိုက်ရပြန်တော့လည်း အမှုသည်က သူ့အမေ ဖြစ်နေ၏။

မည်သို့ပင်ဖြစ်စေ၊ သမ္မတကြီးတစ်ယောက်အဖြစ် ဝီဆင်လ် အထင်ကရ အောင်မြင်စွာအရွေးခံရတာကတော့ အမှန်ပင်။ ဒါက လည်း အခြေခံပညာအရည်အချင်းထက် သူမတူအောင် ဉာဏ်စွမ်း ထက်မြက်မှုကြောင့်ဟု ဆိုရပါလိမ့်မည်။ သူ့ဘဝတစ်ခုလုံး၏ ရည်မှန်း ချက်က လွှတ်တော်အမတ် ဖြစ်ဖို့ပင်ဖြစ်၏။ ထို့ကြောင့်လည်း လူငယ် ဘဝကတည်းကပင် သူ့အခန်းထဲ၌ နာရီပေါင်းများစွာကြာအောင် စကားပြောလေ့ကျင့်ခဲ့သည်ဆို၏။

တိုးတက်မှု ပိုရှိအောင်ဆိုပြီး အဓိပ္ပာယ်မရှိတာတွေကိုပင် သူ လုပ်ခဲ့၏။ ပမာအားဖြင့် သူ ရပ်ပြောမည့် ကိုယ်ဟန်အနေအထားများ ကို ပုံကြမ်းဆွဲ၍ နံရံမှာချိတ်ပြီး တစ်ထပ်တည်းကျအောင် ပြန်အတု ခိုးခြင်းမျိုးပင် ဖြစ်ပါသည်။

တကယ်တော့ သူသည် အလုမ်းကျယ် အလယ်လပ်မိခဲ့ပါ လေပြီ။ အဓိက အရေးတကြီးလုပ်သင့်လုပ်ထိုက်တာတွေကို ကျော်သွား လျှံသွား မေ့ချန်သွားခဲ့သည်ဆိုလည်း မမှား။ အတိအကျပြောရလျှင်တော့ လူတွေကို သိမ်းသွင်းထိန်းသိမ်းနိုင်ဖို့ စည်းရုံးရေးနှင့် လူမှုဆက်ဆံရေး ပညာတွေကို သူ နည်းနည်းမျှ လေ့လာသင်ကြားခဲ့မှု မရှိခြင်းပေတည်း။

သူ့ဘဝ နေဝင်ချိန်၏ ကြေကွဲစရာအကောင်းဆုံး အချိန်ပိုင်းမှာ ရောင်းရင်းရဲဘော်များနှင့် တကွဲတပြားဖြစ်အောင် မိတ်ပျက်ခဲ့ခြင်းပဲ ဆိုရတော့မည်။

သူသည် ဆီးနိတ်လွှတ်တော် ခေါင်းဆောင်များနှင့် အကြီး အကျယ် အငြင်းပွားပြီး အချင်းများခဲ့မိ၏။

ကာနယ်ဟောက်စ်ကဲ့သို့သော သစ္စာရှိ မိတ်ဆွေများနှင့် သွေး ကွဲ၍ သူ့ကို ပစ်ခွာသွား၏။

နောက်ဆုံးတွင် ပြည်သူပြည်သား မဲဆန္ဒရှင်အများစုကို 'ဒီမို ကရက်များကိုမှ မဲပေးရကောင်းလား'ဟု ရန်စွယ်ငေါငေါ ပြောမိသည့် မဟာအမှားကြီးကို ကျူးလွန်မိလေတော့သည်။

ဆီးနိတ်အထက်လွှတ်တော်က သူ၏ နိုင်ငံပေါင်းချုပ်အသင်းကြီး နှင့်စပ်လျဉ်းသော မူဝါဒများကို လက်မခံဘဲ ပယ်ချလိုက်သောအခါ ပြည်သူလူထုထံ တိုက်ရိုက်အကူအညီတောင်းမိပြန်သည်။ ဒါပေမယ့် သူ့အတွက် အများကြီးနောက်ကျသွားခဲ့ပါလေပြီ။

သူ့ကျန်းမာရေးအခြေအနေက သိသိသာသာ ဆိုးဝါးလာသည် နှင့်အမျှ ဆရာဝန်ကြီးများက သူ့ကို အပြင်းအထန် အားစိုက်ခွန်စိုက် အလုပ်မလုပ်ရန် သတိပေးခဲ့၏။ ဒါပေမယ့် သူက သတိပေးစကားကို နားမထောင်။ ဥပေက္ခာပြု၍ ပေတေနေခဲ့သည်။

တစ်ချိန်က မဟာဦးနှောက်ပိုင်ရှင်အဖြစ်နှင့် ကမ္ဘာကြီးကို ကိုင်လှုပ်ခဲ့သောသူသည် သမ္မတဘဝ၏ နောက်ဆုံးနှစ်များအတွင်း အဘက်ဘက်ကချွတ်ခြုံကျခဲ့ရာမှ သူ့လက်မှတ်ကိုပင် သူ မထိုးနိုင် တော့ဘဲ တစ်ယောက်ယောက်က လက်ကိုကိုင်ပေးမှ ထိုး၍ရသည့် အဖြစ်သို့ ရောက်ခဲ့ရရှာလေပြီ။

သူ အငြိမ်းစားယူပြီးနောက်တော့ ကမ္ဘာတစ်လွှားမှ သူ့ကို သံယောဇဉ်ရှိသူများသည် ဝါရှင်တန်မြို့တော် အက်စ်လမ်းရှိ သူ့အိမ်သို့ နောက်ဆုံးဂါရဝပြုရန် စုပြုံရောက်ရှိလာကြ၏။ မီးစာကုန်ဆီခန်းဘဝ ဖြင့် အသက်ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေသည်။ သူနှင့် မလှမ်းမကမ်း အိမ်ရှေ့ပလက်ဖောင်းများပေါ်၌ ဒူးထောက်ဝတ်ပြုပြီး ဘုရားရှိခိုး ဆုတောင်းမေတ္တာများ ပို့ခဲ့ကြပါလေသည်။

သူတို့လေးစားမြတ်နိုးသော သမ္မတဟောင်းကြီး၏ဝိညာဉ် ညင်ညင်သာသာစွန့်ခွာလျက် ကောင်းရာသုဂတိ ဘုံဗိမာန်သို့ ရောက် သွားပါစေကြောင်း သံပြိုင်ဟစ်ကြွေးသံများနှင့်အတူ ကြယ်တစ်ပွင့် ကြွေလွင့်သွားခဲ့ပါပြီ။



# ပင်လယ်မုန်တိုင်းခြင်္သေ့နီ

ဂျက်လန်ဒန်

အထက်တန်းကျောင်း၌ ၃ လသာ နေခဲ့ဖူးပြီး ၁၈ နှစ်အတွင်း စာအုပ် ၅၁ အုပ်ရေးခဲ့သည့် ဘဝသမားလူကြမ်းကလေး။

တရားသူကြီးက ထောင် ၁ လ ကျခံစေတဲ့။

နောက် ၆ နှစ်အကြာမှာတော့ အော်တိုရေး၍ လက်မှတ်ထိုး ပေးပါတစာစာဖြင့် တောင်းပန်ခဲ့ရပါလေပြီ။

သူ့လောက် အလုပ်ပေါင်းစုံ, ဘဝပေါင်းစုံ အမေရိကန်သမိုင်းကို ကမ္ဘာ့အလယ်မှာ ဝင့်ဝင့်ထည်ထည် ဂုဏ်ဆောင်နိုင်စေခဲ့သည့် စာရေးဆရာဟူ၍ မရှိသလောက်။

အနှစ် ၄၀ ဟိုဘက်စွန်းက ခြေသလုံးအိမ်တိုင် တေလေကြမ်းပိုးကလေးတစ်ယောက် ကုန်ရထားကြီးတစ်စင်း၏ သံတန်းတွေပေါ် ထိုင်လိုက်ပြီး ဘတ်ဖ်လိုးမြို့သို့ ရောက်လာခဲ့သည်။ နောက် ထမင်းတစ်နပ်အတွက် အိမ်ပေါက်စေ့လှည့်ပြီး တောင်းတော့သည်။ ရဲကလေလွင့်သူအဖြစ်ဖမ်းဆီးခဲ့ရာမှ တရားသူကြီးက လူငယ်ပြုပြင်ရေး အကျဉ်းစခန်းတစ်ခုသို့ အလုပ်ကြမ်းနှင့် ထောင် ၁ လ အမိန့်ချလိုက်၏။ ၁ လလုံးလုံး သူ့ခမျာ ကျောက်ခဲထုရသည်။ စားရတော့လည်း မငတ်ရုံတစ်မည် ပေါင်မုန့်နှင့်ရေ။

ထိုမှ ၆ နှစ်အကြာမှာတော့ သည် ကလေကချေအုတ်ကြား မြက်ပေါက်ကလေး၊ အညတရ သူဖုန်းစားဖြစ်ခဲ့ဖူးသော ငနင်းပြားကလေးအား အနောက်ဘက်ကမ်းခြေတစ်ခွင်တွင် သူမှသူ ရယ်လို့ သဲကြီးမဲကြီးလိုက်ရှာရသည့်အခြေအနေ ဆိုက်ခဲ့ရတော့၏။

ကာလီဖိုးနီးယားမှ လူ့မလိုင်ခဲဆိုတာတွေက သူ့ကို အရေးတယူ ပြုစုဧည့်ခံရသလို နာမည်ကျော် ဝတ္ထုရေးဆရာများ၊ ဝေဖန်ရေးသမားများနှင့် စာပေအယ်ဒီတာများက သောင်းသောင်းဖျဖျ ဩဘာပေးခဲ့ကြရသည်။

•

သူသည် ၁၉ နှစ်သားတိုင်အောင် အထက်တန်းကျောင်းသို့ မတက်ခဲ့ဘူးဘဲ အသက် ၄၀ အရွယ်တွင် ကွယ်လွန်ခဲ့ရရှာပါ၏။ သို့သော် သူ့နောက်ကွယ်၌ စာအုပ်ပေါင်း ၅၁ အုပ် ချန်ထားရစ်ခဲ့၏။

သူကား စာရေးဆရာ ဂျက်လန်ဒန်။ 'အရိုင်းခေါ်သံ'ကို ရေးခဲ့သူပေတည်း။

၁၉၀၃ ခုနှစ်အတွင်း 'အရိုင်းခေါ်သံ'ကို ဂျက်လန်ဒန် ရေးထုတ်လိုက်သည်နှင့်တစ်ပြိုင်နက် လျှမ်းလျှမ်းတောက် အောင်မြင်သွားခဲ့သည်။ အယ်ဒီတာတွေက သူ့စာမူကို အပူတပြင်းငမ်းငမ်းတက် တောင်းခံလာကြရ၏။ ပွဲဦးထွက်စာအုပ်က အကြီးအကျယ်အောင်မြင်ခဲ့သလောက် ရရှိသည့်စာမူခမှာ မတန်တဆ နည်းပါးလှ၏။

နောက်ပိုင်း၌ ထုတ်ဝေသူများနှင့် ဟောလိဝုဒ်မှ ရုပ်ရှင်သမားများသည် ထိုဇာတ်လမ်းမှ ပေါင် ၂ သိန်းကျော် အမြတ်ထွက်ခဲ့သော်လည်း စာရေးဆရာ ဂျက်လန်ဒန်ကိုယ်တိုင်ကတော့ 'အရိုင်းခေါ်သံ'၏ မူပိုင်ခွင့်အားလုံးကို ပေါင် ၄၀၀ တည်းနှင့် ရောင်းခဲ့ရခြင်းဖြစ်၏။

စာအုပ်တစ်အုပ်ကို သင် ရေးမည်ဆိုလျှင် အဓိကနှင့် ပထမလိုအပ်ချက်မှာ ရေးဖို့အကြောင်းအရာပင် ဖြစ်သည်။ ဤသည်ပင် ဂျက်လန်ဒန် အံ့မခန်းအောင်မြင်မှုများ၏ လျှို့ဝှက်ချက်တစ်ခုဟု ဆိုရပါမည်။ သူ့ဘဝသည် တိုတောင်းသလောက် ဆိုးဝါးလှသည်။ ဘဝနှင့်မလိုက်အောင် အတွေ့အကြုံမျိုးစုံ ကြွယ်ဝခဲ့သည်။ သင်္ဘောကြိုးချည်၊ ဆိပ်ကမ်း ကူလီ၊ မုတ်ကောင် ရေငုပ်ခိုးဖမ်းသူ၊ ရွှေတွင်းတူးသမား ဘဝပေါင်း စုံလှ၏။ မြောက်သမုဒ္ဒရာ အစွန်အဖျားတွင် ဝေလငါးတွေလိုက်ဖမ်းရသည့် ရေမှုဆိုးလည်း လုပ်ဖူး၏။

သူသည် ကမ္ဘာတစ်ဝက်ချဉ်းအောင် ခရီးစုံလှည့်ဖူးသလို အလုပ်လက်မဲ့ လမ်းပေါ်ကလူ ဖြစ်ခဲ့ရပုံကိုလည်း စာတစ်အုပ်ရေးခဲ့သည်။ သူ အငတ်ငတ်အပြတ်ပြတ်နှင့် အူခြောက်ခဲ့ရသည်မှာလည်း မရေမတွက်နိုင် အကြိမ်ကြိမ်။ ပန်းခြံထဲက ခုံတန်းလျားလေးတွေပေါ်မှာ ညလုံးပေါက် အိပ်ခဲ့ရ၏။ ကောက်ရိုးပုံနှင့် ရထားကုန်တွဲကြီး တွလည်း သူ့အတွက် ကျောတစ်ခင်းစာဖဲမွေ့ရာ ဖြစ်ခဲ့ဖူး၏။ တစ်ခါတစ်ရံ

မြေကြီးပေါ်မှာပင် ဖုန်အလူးလူး ကျောက်ခဲအစူးစူးနှင့် အိပ်ရရှာ၏။ သည်ကြားထဲ တစ်ခါတလေ အိပ်ရာက လန့်နိုးတော့မှ ရေအိုင်ထဲမှာ အိပ်လျက်သားရောက်နေတာမျိုးကိုလည်း ကြုံရ၏။ ဒီအပြင် ကုန်ရထား ကြီးအောက်၌ ဘေး၌ တွယ်ကပ်စီးရင်းက မောမောပန်းပန်းဖြင့် အိပ်မော ကျရသည့် အခါမျိုးလည်း ရှိသေးသည်။

သူ့ခမျာ အမေရိကန်တွင် အကြိမ် ၁၀၀ မက အဖမ်းခံရပြီး ထောင်ထဲဝင်ခဲ့ရရုံမက၊ မက္ကဆီကို, မန်ချူးရီးယား, ဂျပန်နှင့် ကိုရီးယား တိုင်းပြည်များက အကျဉ်းထောင်တွေမှာလည်း ကျဖူးခဲ့ရှာသည်။

ဂျက်လန်ဒန်၏ကလေးဘဝကလည်း သနားစရာကောင်းလောက် အောင် ဆင်းရဲမွဲတေ၏။ ဒုက္ခမီးတွေ ဝိုင်းဝိုင်းလည်နေခဲ့သည်။

ဆန်ဖရန်စစ္စကို ပင်လယ်ဆိပ်များတစ်လျှောက်ရှိ ဒုစရိုက်ဂိုဏ်း တွေထဲမှာပင် သူပါဝင်ပြီး အကြမ်းဖက်လုပ်ရှားခဲ့ဖူးသူ ဖြစ်၏။ ဒါဖြင့် ကျောင်းကော မနေဖူးဘူးလား။ နေတော့ နေဖူးခဲ့ပါရဲ့။ သို့ပေမယ့် စာသင်တာထက် ကျောင်းပြေးချိန်က ပိုများခဲ့သည်။

သည်ကြားထဲက တစ်နေ့၌ ပြည်သူ့စာကြည့်တိုက်တစ်ခုကို မျက်စိလည်ပြီး ရောက်သွားရာမှ 'ရော်ဘင်ဆင် ကရူးဆိုး'ဝတ္ထုကို ဖတ်မိသည်။ ဖတ်တုန်းက အမှတ်မထင်။ ဖတ်ရင်းက စွဲသွားသည်။ ထမင်းဆာနေသည့်ကြားမှ ညစာပင် အိမ်ပြန်မစားတော့ဘဲ တထိုင် တည်း အပြတ်ဖတ်ပစ်လိုက်၏။ နောက်တစ်နေ့ကျတော့လည်း စာကြည့် တိုက်သို့ ဒရောသောပါးပြေးခဲ့ပြီး တခြားစာအုပ်တွေကို အငမ်းမရ ဖတ်ပြန်သည်။ ကမ္ဘာသစ်တစ်ခုက သူ့အတွက် ဟင်းလင်းပွင့်ခဲ့ပါချေပြီ။

အာရေဗျညများကဲ့သို့ တစ်ထောင့်တစ်ည ပုံပြင်များမှ စကားလုံး များသည် သူ့အဖို့ ဆန်းသစ်လှပနေပြီး ချိုမြိန်သောရသလည်း ခံစား ရစေ၏။

ထိုအချိန်မှစ၍ ဂျက်လန်ဒန်သည် စာမဖတ်ရ မနေနိုင်တော့။ စာအုပ်သရဲဘဝသို့ ပျော်ပျော်ကြီး ရောက်ခဲ့ရလေတော့၏။ သူသည်

အရှိန်တက်သွားလျှင် တစ်နေ့တည်း ၁၀ နာရီ၊ ၁၅ နာရီ ဆက်တိုက် ဖတ်ပစ်လိုက်မိသည်အထိ။ စာမျိုးတွေကလည်း စုံသလားမမေးနှင့်။

နစ်ကာတာ၏ စပိုင်ဝတ္ထုတွေမှအစ ရှိတ်စပီးယား၏ ဂန္ထဝင် ပြဇာတ်ကြီးများအဆုံး ရသရွှေ့ တစ်အုပ်မျှ မကျန်။ ဒါတင် မကသေး။ ဟားဘတ်စပင်ဆာမှ ကားလ်မတ်တိုင်အောင်သော အတွေးအခေါ်၊ အမြင်သစ်ဆိုင်ရာစာအုပ်တွေလည်း အားလုံးလိုလို ဝါးစားမလား မှတ်ရသည်။

သို့ဖြင့် သူ အသက် ၁၉ နှစ်အရောက်မှာတော့ သူ့ကာယလုပ်အားကို ရောင်းစားမည့်အစား၊ ဦးနှောက်ဖြင့်လုပ်စားရန် ဆုံးဖြတ်ချက်ကို ရဲရဲကြီးချလိုက်ပါတော့၏။

တကယ်တော့လည်း ကလေကချေ လမ်းကြိုလမ်းကြားမှာ ရုန်းကန်နေရတဲ့ဘဝကို ငြီးငွေ့လှပါပြီ။ ရဲတွေရဲ့အရိုက်အနှက် အထုအထောင်းခံရတာလည်း စိတ်ကုန်လှပါပြီ။ ရထားဂတ်ဗိုလ်တွေက သူ့ခေါင်းကို လက်ဆွဲမီးအိမ်တွေနှင့် လှမ်းရိုက်တဲ့ဒဏ်ကိုလည်း မခံချင်တော့ပါ။

ထို့ကြောင့် သူ့အသက် ၁၉ နှစ်တွင် ကာလီဖိုးနီးယားပြည်နယ် အုတ်ကလန်မြို့အထက်တန်းကျောင်းသို့ တက်ရောက်ပညာသင်ခဲ့တော့၏။ သူသည် နေ့ရောညပါ အပြင်းအထန်ကြိုးစားပမ်းစား သင်အံလေ့ကျက်ခဲ့သည်။ ရက်အတော်များများပင် ညမအိပ်ဘဲ ဖတ်မှတ်လေ့လာခဲ့သည်။ ဖွဲလုံ့လနှင့် ဘဝတစ်ခုကို တည်ဆောက်ခဲ့သည်ဆိုလည်း မမှား။

၄ နှစ်စာပညာများကို ၃ လတည်းနှင့် ကျေညက်အောင် သင်ကြားလိုက်သလို အထက်တန်းစာမေးပွဲကို အောင်မှတ်ကောင်းကောင်းနှင့် အောင်မြင်ခဲ့ပြီး ကာလီဖိုးနီးယားတက္ကသိုလ်သို့ တက်လိုက်ရပြန်သည်။

နာမည်ကျော် စာရေးဆရာကြီးဖြစ်ရမည် ဟူသော အန္တိမ ရည်မှန်းချက်၏ မီးထိုးလှူ့ဆော်မှုနှင့်အတူ အနုစာပေများကို တရှိန်ထိုး အဆက်မပြတ် ဖတ်ရှုခဲ့ပြန်သည်။ ရတနာကျွန်း၊ ကောင့်အော့ဖ်မွန်တီခရစ္စတို၊ သည်တောလ်စ် အော့ဖ် တူးစီစီ စသည့်ဝတ္ထုတွေကို ဖင်ပြန်ခေါင်းပြန်အထပ်ထပ် ဖတ်ပြီးရင်းဖတ်နေခဲ့သည့်အဆုံး သူကိုယ်တိုင် အသည်းအသန် ချရေးပါတော့သည်။ ရေးပုံကလည်း ကြည့်။ တစ်ရက်တည်းကို စကားလုံး ၅၀၀၀။ ရက် ၂၀ တည်းနှင့် ဝတ္ထုရှည်ကြီး တစ်ပုဒ် အစအဆုံး အပြည့်အစုံ ပြီးနိုင်သည့်နှုန်းပင်။

သို့ဖြင့် တစ်ခါတစ်ရံ အယ်ဒီတာများလက်ကို တစ်ကြိမ်တည်းနှင့် ဝတ္ထုတို အပုဒ် ၃၀ ပို့ခဲ့သည့်အဖြစ်မျိုးတောင် ရှိခဲ့၏။ ကလောင်သွေးစဆိုတော့လည်း ပို့သမျှအားလုံး အပယ်ခံရ၍ အိမ်ပြန်ရောက်ရ၏။ ဘာပဲပြောပြော၊ သူ့အနေနှင့် အမှန်အကန်ကြိုးစားခဲ့ရခြင်းဖြင့် ထိုက်ထိုက်တန်တန်နေရာရခဲ့သည်လို့ပဲ ဆိုနိုင်ပါသည်။

သို့ဖြင့် ဆန်ဖရန်စစ္စကိုကောလ် စာစောင်မှ ကြီးမှူးပြုလုပ်သော ဝတ္ထုတိုပြိုင်ပွဲတွင် သူရေးသည့် 'ဂျပန်ကမ်းခြေ တိုင်ဖွန်မုန်တိုင်း' စာမူက ပထမဆု ချိတ်ခဲ့တော့သည်။ ဒါပေမယ့် ဆုငွေက ၄ ပေါင်သာ။ မှန်းချက်နှင့် နှမ်းထွက်မကိုက်သလို ဖြူခါပြာခါ ကျခဲ့ရသည်။ အိမ်ခန်းငှားခပင် မပေးနိုင်ရှာပါ။

၁၈၉၆ ခုနှစ်သို့ ရောက်ခဲ့ပါပြီ။ တစ်နည်းဆိုလျှင် တစ်ပြည်လုံး တက်ကြွလှုပ်ရှားလျက် လွမ်းမောခဲ့ရသည့်နှစ်။

အဖြစ်ကတော့ ကလွန်ဒိုက်တွင် ရွှေတွေ တွေ့လို့တဲ့။ ကြေးနန်းသတင်းတွေ ပလူပျံသွားသလို တစ်ပြည်လုံး သိမ်းကျုံးဆွဲခေါ်လိုက်သလို ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ အလုပ်သမားတွေက သူတို့ဆိုင်တွေ ပိတ်ပစ်လိုက်သည်။ စစ်မှုထမ်းတွေကလည်း သူတို့တပ်ရင်း တပ်ဖွဲ့တွေကို

ကျောခိုင်းထွက်ခဲ့သည်။ လယ်သမားတွေကလည်း လယ်ပစ်ယာပစ် စွန့်စားခဲ့ကြသလို၊ လုပ်ငန်းရှင် ကုန်သည်ကြီးတွေပင် သူတို့၏ စတိုးဆိုင်ကြီးတွေကို သော့ခတ်ပြီး ရွှေနောက် ကောက်ကောက်ပါခဲ့ကြ၏။

ရွှေအိပ်မက်နှင့် ရွှေရှူးရူးပြီး ရွှေတွင်းတူးဖို့ ရွှေဒေသသို့ ချီတက်ခဲ့ကြပါပြီ။ ပုထုဇဉ်တွေပီပီ လောဘအတောင်ပေါက်၍ ရွှေထွက်ရာ မြောက်ဘက်ဒေသကို ရှေ့ရှုခဲ့ကြသည် ဆိုပါတော့။ ဂျက်လန်ဒန်လည်း ဘာသားနှင့် ထုထားတာမို့လဲ။ အခွင့်ကောင်းကြုံနိုက် ကံတိုက်လျှင် ရွှေသူဌေးဖြစ်ရချည်ရဲ့ မျှော်လင့်ချက်ကြီးနှင့်။ ယောက်ျားတစ်ယောက်၏ စွန့်စားရဲသော ဝါသနာစိတ်ဓာတ်ကို အရင်းခံလျက် ရွှေရှာသူအုပ်စု တစ်စုတွင် လိုက်ပါသွားခဲ့မိသည်။

ရွှေမတွေ့ဘဲ မြေတွေ့ကြသည့်ကိန်းပါပဲ။ ဆိုးဝါးရက်စက်သော ဒုက္ခတွေက သူတို့ကို ကြိုဆိုခဲ့သည်။ ဂျက်လန်ဒန်ကိုယ်တိုင်ပင် ကောနေလူးနေအောင် နာခံလိုက်ရ၏။ စားစရာတွေကလည်း ရှားမှရှား။ ကြက်ဥတစ်လုံး ၁ သျှိုလင်။ ထောပတ်တစ်ပေါင် ၁၂ သျှိုလင် ၆ ပဲနီ။ ပြီးတော့ ရာသီဥတုက ဆိုးမှဆိုး။ သုညအောက် ၇၄ ဒီဂရီရောက်အောင် အေးသောမြေကြီးတွင် အိပ်ခဲ့ရသည်။ နောက်ဆုံးတော့ အိတ်ထဲမှာ ရွှေတစ်ပြားငွေတစ်ပြားမပါ လက်ဗလာဖြင့် ဌာနေသို့ ပြန်ရောက်ခဲ့ရသည့်အဖြစ်။

သည့်နောက် ရသမျှအလုပ်ကို တွေ့မရှောင် ဝင်လုပ်ခဲ့မိပြန်၏။ စားသောက်ဆိုင်နှင့် ဟိုတယ်တွေမှာ ပန်းကန်ဝင်ဆေး၏။ ကြမ်းတိုက်သမား လုပ်၏။ ဆိပ်ကမ်း ကုန်ထမ်း၏။ စက်ရုံမှာ အလုပ်ကြမ်းသမားလိုသလား။ လာခဲ့။

သည်လိုနှင့် ဆာလောင်မှုနှင့် ရိက္ခာကြားမှာ အဝတ်တိုက်ပွဲကို ၁၀ သျှိုလင်တည်းနှင့် အနိုင်မတိုက်နိုင်၍ ပြဿနာတက်နေရင်း တန်းလန်းမှ ချွေးနှင့်သွေးနှင့် ရင်းရသည့် အလုပ်ကြမ်းသမားဘဝကို တစ်ခန်း

ရပ်ပြီး သူမြတ်နိုးသော စာပေနှင့် အသက်မွေးဖို့ ဘဝသစ်စစ်ဆင်ရေး စလိုက်ခြင်း ဖြစ်ပါချေတော့၏။

ထိုအချိန်မှာ ၁၉၈၉ ခုနှစ်ဖြစ်၍ နောက် ၅ နှစ်အကြာ ၁၉၀၃ ခုနှစ်အတွင်း စာအုပ် ၆ အုပ်နှင့် ဝတ္ထုတို ၁၂၅ ပုဒ် ရေးသားထုတ်ဝေနိုင်ခဲ့သည်။ သို့နှင့်အမျှ 'ဂျက်လန်ဒန်'ဟူသော နာမည်တစ်လုံးသည် အမေရိကန်စာပေလောကတွင် မပါရင် မပြီး၊ လူတိုင်း၏ အသည်းစွဲ ထိပ်ထိပ်ကြဲ စာရေးဆရာကြီးတစ်ဦး ဖြစ်လာရတော့သည်။

ဂျက်လန်ဒန်သည် ၁၉၁၆ ခုနှစ်တွင် ကွယ်လွန်ခဲ့ရာ စာရေးဆရာသက်တမ်း ၁၈ နှစ်မျှသာ ရှိသေး၏။ အကြွေးစောသည့် ကြယ်တစ်ပွင့်ဟုဆိုရလောက်ပါ၏။ သို့သော် ထို ၁၈ နှစ်ကာလအတွင်း တစ်နှစ်ကိုလုံးချင်းဝတ္ထု ၃ အုပ်နှင့် မရေမတွက်နိုင်သော ဝတ္ထုတိုများရေး၍ လောကကို အမွေပေးခဲ့သည်။ ကောင်းစားစဉ် တိုတိုတောင်းတောင်း အချိန်ကာလမှာ နှစ်စဉ် သူ့စာမူခက အမေရိကန်သမ္မတကြီး၏ ဝင်ငွေထက် ၂ ဆ ပိုခဲ့၏။

ယနေ့တိုင် သူ့ဝတ္ထုစာအုပ်များက အကြီအကျယ် ခေတ်စားနေဆဲဖြစ်သလို၊ ဥရောပနှင့်တကွ ကမ္ဘာတစ်ဝှမ်းမှ စာဖတ်ပရိသတ်များ၏အသည်းစွဲ အမေရိကန်စာရေးဆရာတစ်ယောက်လည်း ဖြစ်နေပေသေး၏။

သူ ပေါင် ၄၀၀ သာရခဲ့သော 'အရိုင်းခေါ်သံ'စာအုပ်ကို ဘာသာပေါင်းစုံ ပြန်ဆိုခဲ့ကြသည်။ အကြိမ်ကြိမ်အထပ်ထပ်ရိုက်ခဲ့ရာ စုစုပေါင်း စောင်ရေ ၁ သန်းခွဲကျော်ခဲ့ပြီဟု သိရပါ၏။ တစ်နည်းအားဖြင့် အမေရိကန်စာပေသမိုင်းတွင် သက်တမ်းအရှည်ဆုံး ဘက်ဆဲလားစာရင်းဝင်စာအုပ်တစ်အုပ်ဆိုကလည်း မှားမည်မထင်ပေ။

သြော်။ လူသေသော်လည်း နာမည်မသေသည့် ပင်လယ်မုန်တိုင်းမှ ခြသေ့်တစ်ကောင်၏ဟိန်းဟောက်သံများကား နောက်ရာစုများသို့တိုင် ပဲ့တင်ထပ် ပျံ့လွင့်နေဦးမည်မှာ သေချာသလောက်ပင်။



## ငွေပင်နန်းက ဆောင်းညသြ

ဟယ်လင် ဂျက်ဆင်

ဖာထေးဝတ်ထားသော ခြေအိတ်အစုတ်နှင့် မိုးထိအောင် လှေကားထောင်တက်ခဲ့တဲ့ ကောင်မလေး။

ကုန်ပဒေသာဆိုင်ကြီးမှာ ဘော်ဒီအင်္ကျီတွေရောင်းခဲ့ရဟဲ့ ဈေးသည်မလေးဘဝနှင့် အပယ်ခံအဆိုတော်မလေး။

သေမြေကြီး ရှင်ရွှေထီး ဆုံးဖြတ်ချက်တစ်ချက်ဖြင့် ငွေပလ္လင်ထက် နန်းတက်ခဲ့ရသည့် အလှကေရီမလေး။

■

စင်ဒရဲလားနှင့် ရွှေဖိနပ်တစ်ဖက်ပုံပြင်ကို ကြိုက်နှစ်သက်ပါသလား။ ဒါဆိုရင် ဟောဒီမှာ ဒဏ္ဍာရီမဆန်တဲ့ တကယ့်အဖြစ်အပျက်။ တစ်ချိန်တုန်းက 'ဝတုတ်မ'လို့ ခပ်နှိမ်နှိမ်အခေါ်ခံခဲ့ရာမှ ကြီးလာသောအခါ ပြိုင်ဖက်ကင်း ချိုတေးရှင် ရွှေမင်းသမီးလေးဘဝရောက်ခဲ့ရသူတစ်ယောက်အကြောင်းပါ။

တစ်နည်းအားဖြင့် ဂီတသင်တန်းကြေး မပေးနိုင်လောက်အောင်ဆင်းရဲခဲ့လင့်ကစား နောင်သောအခါ နယူးယောက်ရွှေမြို့တော်ရှိမက်ထရိုပိုလီတန် တေးသံစုံကဇာတ်အဖွဲ့ကြီးမှာ အဆိုကျော်ခေါင်းဆောင်မင်းသမီးအဖြစ် စင်တော်ကောက် ခံရသူလေး၏ ဘဝဇာတ်လမ်း။

၁၉၃၀ ခုနှစ်အတွင်းက ဒီသူငယ်မလေးခမျာ ရေဒီယိုအသံစစ်အဖွဲ့တွေထံ တစ်ဖွဲ့ပြီးတစ်ဖွဲ့သွားပြီး သီချင်းဆိုခွင့်ရရေး ကြိုးစားခဲ့သည်။ ခြေတို၍ အာဲပေါက်ရုံသာ အဖတ်တင်သည်။ ဘယ်သူမျှ သူ့ကိုလက်မခံခဲ့ကြ။

ဒါပေမယ့် နောက် ၄ နှစ်အကြာမှာတော့ အမေရိကန်တစ်ပြည်လုံးရှိ အသံလွှင့်ဌာနတိုင်းက သူ့ကို သောတရှင်တို့အချစ်တော်ပန်တျာရှင်မလေးအဖြစ် ဆန္ဒပေး ရွေးချယ်ခဲ့ကြရ၏။

တစ်ခါက ကျွန်တော်ကိုယ်တိုင် ကိုလံဘီယာလေလှိုင်း အစီအစဉ်မှ အသံလွှင့်ခဲ့ရစဉ် အသံလွှင့်စတူဒီယိုတွင် အထင်ပေါ်ဆုံး ဖြူဖြူသွယ်သွယ် မိန်းမလှလေးတစ်ယောက်ကို မကြာခဏ အာရုံဝင်စားမိပါသေးသည်။

ပြုံးရည်လဲ့နေသော ချော့ကလက်ရောင် မျက်လုံးလေးများပိုင်ရှင်ကိုယ်လုံးကိုယ်ပေါက် အထူးပြေပြစ်လှပ၍ ချစ်စရာမျက်နှာထား ချိုချိုလေးနှင့် စွဲမက်ဖွယ် လှယမင်းလေးတစ်ယောက်ပဲ ဖြစ်ပါသည်။

သူမကား အော်ခက်စထရာ သံစုံတီးဝိုင်းကြီးက နာမည်ကျော် ပလွေဆရာ ဂျော့ချ်ပေါ့ဆယ်၏ရှမင်ငြီး ဇနီးချောလေးဖြစ်သော ဟယ်လင် ဂျက်ဆင်မှလွဲ၍ တခြား ဘယ်သူမျှမဖြစ်နိုင်ချေပြီ။

ကျွန်တော်က ဂျော့ချ်အား သူတို့ ၂ ယောက် မြင်မြင်ချင်း ချစ်ခဲ့ကြတာလားဟု မေးမိ၏။ သူက "ဟုတ်ပါတယ်"ဟု ဝန်ခံစဉ် မှာပင် ဟယ်လင်ဂျက်ဆင်က ကြားဖြတ်၍

"သူက 'ဟုတ်ပါတယ်'ဆိုပေမယ့် တကယ်တမ်း မြင်မြင်ချင်း ချစ်ခဲ့ရတာက ကျွန်မဘက်ကပါ။ သူ့ဘက်က မဟုတ်ပါဘူး။ သူ့ကို ကျွန်မ နှစ်ချီပြီးစွဲလမ်းမြတ်နိုးခဲ့ရပါတယ်။ ဒါမို့လည်း သူ ကျွန်မကို စိတ်ဝင်စားလာအောင် အမျိုးမျိုးဟန်ရေးပြခဲ့ရတာပေါ့။ သူနေတဲ့လမ်းကို အခေါက်ခေါက်အခါခါ လျှောက်ရင်းနှင့်တောင် မျက်နှာချင်းဆိုင်မိဖို့ ကြိုးစားခဲ့ရသေးတယ်။ အပွင့်လင်းဆုံးနှင့် မရှက်တမ်းပြောရရင်တော့ ကျွန်မဟာ မိန်းမနောက်ပိုး ဆိုပါတော့ရှင်။

"ဒီလိုနှင့် တစ်နေ့တော့ သူ့ကို ဓာတ်ရုံနောက်ပေါက်မှာ အမှတ်တမဲ့ လှမ်းမြင်လိုက်ရတယ်။ ရင်ထဲမှာ ဒိန်းခနဲတုန်သွားပြီး ရင်ခုန်သံတွေ တော်တော်နှင့်မစဲတော့အောင် ဖြစ်သွားရာက ထွက်ပြေး ဖို့တောင် ကြံမိပါရဲ့။

"ကျွန်မ သူ့ကို 'ချော်တေကူ'ကန်တော်ကြီးမှာ သူတို့တီးဝိုင်း ဖျော်ဖြေနေတုန်းက စတွေ့ခဲ့တာပါ။ အဲဒီအချိန်က ကျွန်မအသက် ၂၀ ပဲ ရှိသေးတယ်လေ။ သူမကတော့ ၃၂ နှစ်လောက် ရှိရော့မ[illegible]။ ကျွန်မဟာ စင်အောက်က ဘာမဟုတ်တဲ့ ဂီတရူးမလေးပေါ့။ သူ့က စင်ပေါ်က နာမည်ကျော်ဂီတပညာရှင်တစ်ယောက်ပဲလေ။ သူ့ကို ကျွန်မ အသည်းနင့်အောင်ချစ်ခဲ့ရသလို သူ့ကို ချောင်းချောင်းကြည့်ရတာလည်း အမောပါပဲရှင်"

ဟယ်လင်ဂျက်ပဆင်၏ အရိုးခံဖွင့်ဟချက်ပင် ဖြစ်ပါလေ၏။

ကျွန်တော်က သူမကို "တစ်သက်တာမှာ အံ့သြပျော်ရွှင်ဆုံး အရာဟာ ဘာများပါလိမ့်"လို့ မေးလိုက်တော့ ဟယ်လင်က ပြုံးပြုံးလေးနှင့် အလွယ်တကူပင်

"ဪ။ အဲဒါကတော့ လူအတော်များများဟာ ကျွန်မ မင်္ဂလာဆောင်လိုက်ပြီဆိုတာနှင့် ကလေးရပြီဆိုတာကို အံ့သြဝမ်းသာ မဆုံးအောင် ဖြစ်ခဲ့ကြတယ်လေ"

သို့ဖြင့် ကျွန်တော်က သူ့ရင်သွေးလေးအမည်ကို မေးကြည့်သည့်အခါမှာတော့ ဟယ်လင်က

"ကျွန်မ ၃ နှစ်ပြည့်တော့မယ်"

"ဟုတ်ပါပြီ။ ကျွန်တော် သိပါတယ်။ ဒါပေမယ့် ခင်ဗျားနာမည်လေး တစ်ဆိတ်လောက်ပါ"

ဟယ်လင်က မသိကျိုးကျွံ ထပ်ဖြေပြန်သည်။

"ကျွန်မမွေးနေ့ကျရင် ကိတ်မုန့်နှင့် အိုက်စ်ကရင် စားရတော့မယ်"

စင်စစ်တော့ ဟယ်လင်သည် ရိုးရာဓလေ့ကို စွဲမြဲလိုက်နာသောအားဖြင့် ဆင်ဖေ့ရန်ရှောင် လုပ်နေပုံရပါသည်။ သို့ဖြင့် ဟယ်လင်ဂျက်ပဆင်အား 'အယူသီးတတ်သလား'လို့ ထပ်မေးစရာ ပေါ်လာပြန်သည်။ ထိုမေးခွန်းကိုတော့ သူက အခုလို အကျေအလည် ရှင်းပါသည်။

"ဘယ်ကလာ အယူသီးရမှာလဲရှင်။ မက်ထရိုပိုလီတန်ကဇာတ်ရုံ အဝတ်လဲခန်းထဲမှာတောင် ကျွန်မ လေချွန်ခဲ့သေးတာပဲ။ ဆရာသိတဲ့အတိုင်းပဲ။ အဆိုတော်တစ်ယောက်အတွက် အဆိုးဆုံးအနေနှင့် ရှောင်ကြဉ်ရတဲ့အယူအဆဟာ လေချွန်တာပဲလေ"

ဟယ်လင်ဂျက်ဆင်သည် သမီးလေး မွေးခဲ့ပြီးနောက် ဆေးရုံဆရာမက ကလေးလည်တိုင်တွင် နာမည်ထိုးထားသော လည်ပတ်ကလေးတစ်ခု ချည်ပေးထား၏။ မစ္စဂျက်ပဆင်က ထိုလည်ပတ်ကလေး

ကို ဖြုတ်ယူကာ လက်ပတ်ကလေး လုပ်ဝတ်ခဲ့၏။ သူ သီချင်းဆိုတိုင်း လက်ပတ်ကလေး ပတ်ချင်ပတ်၊ မပတ်လျှင် ကိုင်ထားလေ့ရှိ၏။ လက်ပတ်လေးမပါဘဲ သီချင်းဆိုသည်ဟူ၍ မရှိခဲ့ပါချေ။

အဲဒီအတွက်လည်း အယူသီးရာ ရောက်မရောက် သူ့ကို စူးစမ်းမိပြန်၏။

"အို။ ကြံကြီးစည်ရာရှင်။ အဲဒါက ကျွန်မအဖို့ ကံကောင်းစေတဲ့ အဆောင်လက်ဖွဲ့ပဲဥစ္စာ"တဲ့။

အကယ်၍သာ ဟယ်လင်တစ်ယောက် 'ဟိုရှေးခေတ် ဗားဂျီနီးယားဆီ ကျွန်မကို ခေါ်သွားပါ'ဆိုသည့်သီချင်းကို အိုဟိုင်ယိုးရှိ ရော့ထရီကလပ်တွင် မဆိုခဲ့မိပါလျှင် ဂီတကမ္ဘာ၏ အတောက်ပဆုံးကြယ်တစ်ပွင့်ဖြစ်လာမည့်အစား မထင်မရှား စတိုးဆိုင်ဈေးသည် မလေးဘဝမှာပဲ နစ်မွန်းသွားရပေတော့မည်။

သူ့ဘဝ ဖြစ်စဉ်ကလေးကတော့ ဒီလိုပါ။

ဟယ်လင်ခမျာ အချိန်ပြည့် အဆိုတော်ရူး ရူးနေခဲ့ရသူလေးပါ။ သူ့မှာ ပဒေသာကပွဲဇာတ်မှ ကချေသည် အဒေါ်တစ်ယောက်ရှိခဲ့ပြီး ထိုအဒေါ်က သူ့အကျ ကပွဲအဝတ်အစားတွေကို ဟယ်လင်အား ပေးလေ့ရှိ၏။ ဤသည်ပင် အနုပညာပိုးရှိသော ဟယ်လင်ကို အရူးဘုံမြှောက်သလို ရောဂါသည်းစေခဲ့သည်။ ဟယ်လင်သည် အဒေါ်ပေးသော ဆင်းဝတ်တန်ဆာတွေဝတ်၍ အိမ်နီးနားချင်းကစားဖော်ကြားတွင် ဆိုဟယ်,ကဟယ်နှင့် ဇာတ်ကတမ်း ကစားလေတော့သည်။

နောက် ကျောင်းနေ၍ အထက်တန်းကျောင်းသူဘဝရောက်တော့လည်း အပျော်တမ်းအနုပညာကလပ်မှာ ပင်တိုင်စံမင်းသမီးလေး အဖြစ် ရေပန်းစားခဲ့ရသည်။ ထိုမှ ဘွဲ့ရပြီး အာရွန်းမြို့ ကုန်ပဒေသာ

ဆိုင်ကြီး၌ အလုပ်ရခဲ့သလို မိန်းမဝတ်ဘော်ဒီများ ရောင်းခဲ့ရလေတော့၏။ တကယ်တော့ တက်လမ်းလုံးဝမရှိသည့်အလုပ်ပင် ဖြစ်၏။ ဒါပေမယ့် ထိုအလုပ်က ဟယ်လင့်အဖို့ ကလိဖ်လန်းတွင် ဂီတသင်တန်းသွားတက်ဖို့စရိတ်ကို စုဆောင်းမိအောင် ဖန်တီးပေးခဲ့သည်။

ဟယ်လင်သည် တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်း သံပြိုင်သီကျူးရေးကွိုင်ယာအဖွဲ့၌ ပါဝင်သီဆိုလေ့ရှိပြီး၊ တစ်ခါတစ်ရံ ရီဂျင့်ဆီအဝတ်အထည်ကုမ္ပဏီအတွက် ဖက်ရှင်မယ်အဖြစ် အလှဆင်ပြရတတ်သည်။ အပျော်တမ်းကလပ်များနှင့် မိတ်ဆုံညည့်ခံပွဲများ၌လည်း တေးဆိုဖျော်ဖြေခွင့် ရခဲ့၏။

တစ်နေ့ လုပ်ငန်းရှင်တစ်ယောက်သည် သူမ ဖျော်ဖြေနေကျရော့ထရီကလပ်သို့ရောက်လာပြီး 'ဟိုရှေးခေတ် ဗာဂျီးနီးယားဆီကျွန်မကို ပြန်ခေါ်သွားပါ'သီချင်းကို ကြားသွားသည်။ ထိုပုဂ္ဂိုလ်ကသူ့စတိုးဆိုင်၌ ဓာတ်ပြားရောင်းချရန် အရောင်းစာရေးမလေးတစ်ယောက် လိုနေ၏။ သို့ဖြင့် ဟယ်လင်နှင့် သူ ဆက်သွယ်ပြီး အလုပ်ခန့်လိုက်ရာမှ ဟယ်လင့်ဘဝမှာ ရေမအပြောင်းအလဲကြီးနှင့် ကြုံဆုံလိုက်ရလေတော့သည်။

ဟယ်လင်သည် ဓာတ်ပြားဆိုင်တွင်ရှိသမျှ ကောင်းပေ့ဆိုသည့် ဓာတ်ပြားတွေကို စိတ်တိုင်းကျ ထပ်တလဲလဲဖွင့်သည်။ ပြီးတော့ သီချင်းတွေကို အတုခိုးလိုက်ဆိုသည်။ သို့ဖြင့် ဂျီရစ်ဆာ, ဘိုရီ, ရီဆာပွန်ဆယ်လီ စသောအဆိုကျော်ကြီးများ၏ ဆိုပေါက်အတိုင်း တစ်ထပ်တည်းကျအောင် ဆိုနိုင်ခဲ့ပါပြီ။

"ဒါတောင် တစ်ခါတလေ အားမလိုအားမရဖြစ်ပြီး ကျွန်မပါး ကျွန်မ ရိုက်မိသေးတယ်"

ဟယ်လင့်စကားကိုထောက်၍ သူ ဘယ်လောက်ကြိုးစားခဲ့တယ်ဆိုတာ သိသာနိုင်ပါသည်။

နောက်ဆုံးတော့ ဖီလာဒဲဖီယားရှိ နာမည်ကျော် ကားတစ်ဂီတ တက္ကသိုလ်ကြီးမှ ပညာသင်ဆုအတွက် အဆိုပြိုင်ပွဲဝင်ဖို့ အခွင့်အလမ်း ပေါ်လာ၏။ ဟယ်လင် သွားလို့ဖြစ်ပါ့မလား။ ဖီလာဒဲဖီယား လက်မှတ် တစ်စောင် ဝတ်လိုက်သည်နှင့် သူစုဆောင်းထားသမျှ တက်တက်ပြောင် သွားမှာမလွဲ။ ပြီးတော့ ပညာသင်ဆု တစ်ဆုတည်းအတွက် ဝင်ပြိုင်မည့် အဆိုရှင် မိန်းကလေးပေါင်းက ၂၀၀ ကျော် ရှိနေသည်။ ကဲ–မတော်လို့ သူ ရှုံးသွားရင်ဖြင့်။ ဘာပြောစရာ လိုပါမလဲ။ ရှုံးသွားရင် အိမ်ပြန်ဖို့ လမ်းစရိတ်တောင် ကျန်တော့မှာ မဟုတ်တဲ့အဖြစ်။ ဒီတော့ ဖီလာဒဲ ဖဲယားရှိ စတိုးဆိုင်တစ်ဆိုင်ဆိုင်ဝင်ပြီး ဘော်ဒီအင်္ကျီကောင်တာမှာ ဈေးသည်မလေး ဝင်လုပ်ရဦးမယ့်ဘဝ။ ဒါပေမယ့် ကံကောင်းလို့ သူနိုင်မယ်ဆိုရင်ကော။ အဲ–နိုင်မယ် ဆိုရင်တော့ နတ်သမီးကျွန်းရဲ့ မုခ်ဦးဝမှ ခြေချမိပြီပေါ့။

ဤနည်းဖြင့် ဟယ်လင်ခမျာ သူ့အနာဂတ်ကို လောင်းကြေး စားကြေးထပ်၍ ဖီလာဒဲဖီယားသို့ အရောက်လာခဲ့မိပါပြီ။

ပြိုင်ပွဲကတော့ သူတင်ကိုယ်တင် အကြိတ်အနယ်ပါပဲ။ ပြိုင်ပွဲ ၂၀၀ အနက်မှ သူ့လိုပင် အသံချို, အဆိုကောင်း, ကြည်မြပီသသည့် မဒီအလှ ဂီတ၏သမီးပျိုလေးတွေက တစ်ပုံတစ်ပင်။ တချို့ဆိုလျှင် သူ့ထက်ပင် သာသလိုလိုရှိသေး။ သို့သော် တခြားသူတွေမှာ မရှိသည့် အရည်အသွေးများ ဟယ်လင့်မှာ ရှိနေ၏။ ဒါကတော့ သူ့အတွေ့အကြုံ အရ အလှပြပညာကို တတ်ကျွမ်းခြင်းပဲဖြစ်သည်။

သူ့ကိုယ်သူ ရောင်းပန်းလှအောင် ရောင်းတတ်သည်ပဲ ဆိုပါ တော့။ ရဲရင့်သည်။ သွက်လက်သည်။ ချို့ရွှင်သည်။ ပြင်တတ်ဆင် တတ်သည်။ သည်အရည်အသွေးတွေက ပြိုင်ဖက်တွေအားလုံးကို ကျော်ဖြတ်တက်လိုက်နိုင်သည်။ ပြီးတော့ တိုက်တိုက်ဆိုင်ဆိုင် ကံကောင်း တယ်ဆိုရမည့်အဖြစ်ကလေး ရှိသေး၏။

အကဲဖြတ်လူကြီးတစ်ယောက်က ကယ်လင်၏ခြေအိတ်ကလေး တစ်ဘက်မှာ သေသေသပ်သပ် ချုပ်ဖာထားတာကို မျက်စိစူးစူးနှင့် ဖမ်းမြင်လိုက်သည်။ ထိုပုဂ္ဂိုလ်က မိန်းမပျိုလေးတွေ ခြေအိတ်ပြဲလျှင် စနစ်တကျ လှလှပပ ဖာထေးဝတ်မှ ကြိုက်နှစ်သက်သည့် လူစား။ သူ့ဆီက ဟယ်လင် အမှတ်ပြည့်ရလိုက်သည်ပဲပေါ့။

ဒီလိုနှင့် ဟယ်လင်ဂျက်ဆင်သည် ပထမဆု ပညာသင်အဖြစ် အရွေးခံလိုက်ရပါပြီ။ သူနှင့်အတူ အဖော်မိန်းကလေးတစ်ယောက်က မြို့ဆင်ခြေဖုံးမှာ အခန်းငှားနေခဲ့ကြ၏။ ၅ ထပ်တိုက်ကြီးကို နေ့စဉ် အတက်အဆင်း လုပ်ရ၏။ ဆောင်းအေးသည့်အခါများ၌ တစ်ယောက် တစ်ယောက် နှိပ်ရင်းနယ်ရင်း နွေးထွေးအောင် ကြံဆောင်ရ၏။ ဖယောင်းတိုင်တွေ အပြွတ်လိုက် ကြမ်းပေါ်၌ထွန်းပြီး မီးလင်းဖို သဘောထား၍ မီးလှုံကြရရှာ၏။

တစ်နေ့တစ်နေ့ စားစရိတ်က ၂ သျှီလင်သာရ၍ ဓာတ်ငွေ့ မီးဖိုငယ်လေးနှင့် ကိုယ်တိုင် ချက်ပြုတ်စားကြရသည်။ တစ်ခါတစ်ရံ ညစာအဖြစ် စွပ်ပြုတ်ကလွဲ၍ ဘာမျှမရှိ။ သို့ပေမယ့် သူတို့ကိုယ်သူတို့ ပဲရစ်မြို့တော်ကြီးတွင် ရောက်နေသူများအမှတ်ဖြင့်သာ သီချင်းတကြော် ကြော်ဖြင့် ပျော်ပျော်ကြီးနေလိုက်ကြသည်။

အခက်အခဲ ဒုက္ခတဲ့လား။ အင်း၊ ဒုက္ခကို ဒုက္ခလို့ ဂရုမထား သူများအတွက် ဒုက္ခဆိုတာ နေစရာမရှိသလို ထွက်ပြေးရစမြဲ။

မနေတတ်လို့ အနေကြပ်တာဖြစ်၍၊ နေတတ်လျှင် အနေချောင် သည်မဟုတ်လား။ ပျော်ပျော်နေ သေခဲ ဆိုတဲ့ထုံး နှလုံးမူ၍ ထောင် ကျကျ ပြားကျကျ နေခဲ့သည်ပဲဆိုပါစို့ရဲ့။


ဟယ်လင်ဂျက်ဆင်ကို ကျွန်တော် တစ်ခုအံ့ဩတာ ရှိသည်။ အောင်မြင်မှု, ကျော်ကြားမှုနှင့် ငွေကြေးတွေက သူ့ကို မနှောင့်ယှက် မဖျက်ဆီးနိုင်ခဲ့ခြင်းပဲ ဖြစ်ပါသည်။ အောင်မြင်မှုဒဏ်ကို ကြံ့ကြံ့ခံနိုင်သူ

ရှားရှားပါးပါးလူတစ်ယောက်ဟုပင် ဆိုနိုင်ပါ၏။

ဟယ်လင်သည် လွတ်လပ်မှုနှင့် တရားမျှတမှုကို မြတ်နိုးသော ဒီမိုကရေစီတစ်ဦးပီသ၍၊ ဟန်ဆောင်, မာန, ပကာသနကင်းသော တော်ဝင်သူတစ်ဦးလည်း ဖြစ်ပါပေသည်။

ယခုအချိန်၌ ဟယ်လင်တစ်ယောက် သူ့အိမ်သူ တံမြက်စည်းလှဲပြီး သန့်ရှင်းရေးလုပ်ကောင်း လုပ်နေမည်။ ပြီးတော့ အိုဟိုင်ယိုးပြည်မှ အာရွန်မြို့ကလေးတွင် သက်ရှိထင်ရှားနေထိုင်ဆဲ ဖခင်ကြီးထံပို့ရန် ဝက်အူချောင်းတွေ ကြော်ချင်ကြော်နေပေလိမ့်မည်။

ဘယ်နေရာမှာ ဘာပဲ လုပ်နေလုပ်နေ ဥဩဖြူကလေးကတော့ တေးတကြော်ကြော် သီကျူးနေမည်မှာ အသေအချာ။



## သူလိုလူစား ရှာမှရှား
### အင်ဒရူး ကာနက်ဂျီ

မဟောသဓာလို ဉာဏ်ကြီး၍ ဝေဿန္တရာလို အလှူ ရက်ရောသူ။

မြောက်မြားစွာသော မီလျံနာများကို မွေးထုတ်ခဲ့သော မီလျံနာ သူဌေးကြီး။

အမေ့ကျေးဇူးဆပ်ဖို့ ကြိုးစားရင်းက ချမ်းသာခဲ့ရသည့် သားလိမ္မာတစ်ဦး။

■

အင်ဒရူးကာနက်ဂျီအား မီးဖွားခ မတတ်နိုင်လောက်အောင် ဆင်းရဲသောမိဘများက ဆရာဝန်မပါ, သားဖွားဆရာမ အားမကိုးဘဲ အိမ်မှာပင် မွေးဖွားခဲ့ပါသည်။

သူသည် ၁ နာရီ ၁ ပဲနိနူန်းဖြင့် အလုပ် စလုပ်ခဲ့ရာမှ သန်းပေါင်း ၁၀၀ နီးပါးချမ်းသာသော မဟာသူဌေးကြီး ဖြစ်ခဲ့လေပြီ။

ကျွန်တော်သည် သူမွေးဖွားခဲ့ရာ စကော့တလန်ပြည် ဒန်ဖာမလင်းရှိ အိမ်ကလေးသို့ တစ်ခေါက်ရောက်ခဲ့၏။ အိမ်ကလေးမှာ အခန်း ၂ ခန်းသာရှိ၏။ သူ့အဖေက အောက်ထပ်တွင် ရက်ကန်းအလုပ်ကိုထောင်ထားပြီး၊ သူ့တစ်အိမ်သားလုံးက အပေါ်ထပ် မှောင်မည်းကျဉ်းကျပ်နေသော အခန်းလေးထဲမှာပင် ချက်ပြုတ် စားသောက် ညအိပ်ကြရ၏။

ကာနက်ဂျီတို့မိသားစု အမေရိကသို့ ပြောင်းရွှေ့လာသောအခါ သူ့ဖခင်က စားပွဲခင်းများရက်၍ လမ်းတကာ လည်ရောင်းရသည်။ သူ့မိခင်က ဖိနပ်လုပ်ငန်းရှင်တစ်ဦးထံမှ ဘွတ်ဖိနပ်တွေကို ယူချုပ်ပြီး အရောင်တင်ရသောအလုပ်ကို လုပ်၏။ အင်ဒရူးမှာ အင်္ကျီတစ်ထည်တည်းသာရှိသဖြင့် သူ့အမေက ညစဉ် သူအိပ်ရာဝင်ချိန်တိုင်း ကပျာကရာလျှော်ဖွပ်ပြီး မီးပူတိုက်ပေးထားရသည်။ သူမသည် တစ်နေ့လျှင် ၁၆ နာရီမှ ၁၈ နာရီတိုင်တိုင် အလုပ်နှင့်လက် မပြတ်ခဲ့ရ။

ကာနက်ဂျီက သူ့အမေကို သိပ်ကြည်ညိုလေးစားသည်။ သူ့အသက် ၂၂ နှစ်အရွယ်ကပင် "အမေရှိနေသရွေ့ မိန်းမ မယူ"ဟု ကတိပြုခဲ့သည်။ ပြောသည့်အတိုင်းလည်း ကတိတည်၏။ သူ့အမေ မကွယ်လွန်မီ အနှစ် ၃၀ လုံးလုံး အိမ်ထောင်မပြုဘဲနေခဲ့သည်။ သူ

မင်္ဂလာဆောင်ချိန် အသက် ၅၂ နှစ်ရှိခဲ့ပြီး၊ ပထမဆုံးနှင့် တစ်ဦးတည်း သောသားလေးကို သူ့အသက် ၆၂ နှစ်ကျမှ ဖွားမြင်ခဲ့၏။

ကာနက်ဂျီသည် ချာတိတ်ဘဝကပင် သူ့အမေကို ထပ်တလဲလဲ ပြောနေကျစကားတစ်ခွန်း ရှိ၏။

"အမေ။ ကျွန်တော် တစ်နေ့ ချမ်းသာအောင်လုပ်မယ်အမေ။ ဒါမှ အမေ့ကို ရွှေတွဲလွဲငွေတွဲလွဲ ပိုးဖဲကတ္တီပါတွေဆင် အခိုင်းအစေ တွေနှင့်ထားပြီး ကိုယ်ပိုင်မြင်းရထားကြီး ပေးစီးနိုင်မှာ မဟုတ်လား"

သို့နှင့်မခြား သူ မကြာမကြာ ပြောလေ့ရှိသည်က သူဦးနှောက် ဉာဏ် ကြီးမားထက်မြက်သမျှသည် သူ့အမေထံမှ အမွေဆက်ခံရခြင်း သာဖြစ်၏။ သူ့အမေပေါ်တွင် မကုန်မခမ်းနိုင်အောင် ချစ်မြတ်နိုးမှုများ ကလည်း အဘက်ဘက်က တိုးတက်ချမ်းသာစေသော စွမ်းအင်သတ္တိထူး တစ်ရပ်ဖြစ်ခဲ့ကြောင်း ပါပေတည်း။

မိဘကျေးဇူးသိတတ်သူ တစ်ယောက်အဖို့ မိဘမေတ္တာ ရောင်ပြန် ဟပ်သလို၊ ကံကြမ္မာကောင်း၊ ဘဝကောင်း ကြုံရသည့်သဘောပင် ဖြစ်ပါတော့၏။ သူ့အမေ သေပြီဆိုတော့ စိတ်ထိခိုက်လွန်း အားကြီး သဖြင့် ၁၅ နှစ်တိုင်တိုင် အမေ့နာမည်ကို ဖွင့်ဟမပြောနိုင်ဘဲ ရှိခဲ့ရသည် ဆို၏။

အင်ဒရူးကာနက်ဂျီသည် 'သံမဏိဘုရင်ကြီး'အဖြစ် ထင်ရှား ကျော်စောခဲ့ပါသည်။ သို့တိုင် သံမဏိထုတ်လုပ်မှုနှင့်ပတ်သက်၍ သူသည် နည်းနည်းဆို နည်းနည်းလေးမျှသာ နားလည်ခဲ့ပါ၏။ တစ်ခုတော့ ရှိသည်။ သူ့ထက် သံမဏိအကြောင်း ကျွမ်းကျင်နားလည်သူများကို ရာပေါင်းများစွာမက ထောင်ပေါင်းများစွာတိုင်အောင် မွေးထားသည်။ သူ့အတွက် ကျိုးကျိုးနွံနွံ အလုပ် လုပ်ပေးနေကြသည်။

အင်ဒရူးသည် သံမဏိအကြောင်း နားမလည်သော်လည်း လူတွေကို ဘယ်လို ကိုင်တွယ် ထိန်းကျောင်း ပေါင်းသင်းရမလဲဆို တာတော့ ကောင်းကောင်းကြီးသိသည်။ ဒီအချက်ကပင် သူ့ကို ကျိကျိတက်ချမ်းသာစေခဲ့ခြင်း ဖြစ်တော့၏။

သူ့ဘဝတွင် ရှေးဦးမဆွ စောစီးစွာကပင် စည်းရုံးရေးပညာ, ခေါင်းဆောင်မှုအရည်အသွေးနှင့် လူတကာကို ကြိုးကိုင်ခိုင်းစေနိုင် သည့်အတတ်များကို ပါရမီဗီဇအလျောက် ကျွမ်းကျင်နားလည်ခဲ့ပြီး ဖြစ်ကြောင်း ပြသနိုင်ခဲ့၏။

သူ့စကော့တလန်တွင်နေထိုင်စဉ် ကလေးဘဝက ယုန်မကြီး တစ်ကောင်ကို ဖမ်းမိဖူး၏။ ကံတိုက်ချင်တော့ ယုန်သားပေါက် ကလေးတွေ တစ်ပြုံတစ်မလုံးကိုပါ ရှာတွေ့လိုက်ရ၏။ ဒါပေမယ့် ယုန်မိသားစုကိုကျွေးဖို့ အစာမရှိဘဲ အခက်ကြုံနေရသည်။

အင်ဒရူးက ဦးနှောက်ကောင်းကောင်းနှင့် အကြံတစ်ခုထုတ် လိုက်၏။ ဒါကတော့ သူနှင့် အိမ်နီးချင်း ကစားဖော်သူငယ်ချင်းတွေ ကို စုရုံး၍ ယုန်စာအဖြစ် မြက်နှင့် မုံလာဥများ ယူလာနိုင်သူကို ဂုဏ်ပြုသည့်အနေဖြင့် ယုန်ကလေးများကို ၎င်းတို့၏နာမည် မှည့်ပေး မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ သူ့အကြံက မျက်လှည့်ပြလိုက် သလို အဆန်းတကြယ်အံ့သြဖွယ် အလုပ်ဖြစ်သွားခဲ့၏။

နောက် နှစ်ပေါင်းများစွာအကြာမှာလည်း ကာနက်ဂျီသည် အလားတူ စိတ္တဗေဒဆိုင်ရာ ပဥ္စလက်အတတ်မျိုးကို လုပ်ငန်းဆောင် တာများတွင် ကောင်းကောင်းကြီး အသုံးချခဲ့ပါလေသည်။

ဥပမာအားဖြင့် သူသည် ပင်ဆယ်ဗေးနီးယား ရထားကုမ္ပဏီ အတွက် ရထားသံလမ်းတွေကို ရောင်းချင်၏။ ထိုအချိန်က ပင်ဆယ် ဗေးနီးယား ရထားကုမ္ပဏီ၏ဥက္ကဋ္ဌကြီးမှာ မစ္စတာ ဂျေ၊ အက်ဂါ သွန်မဆင် ဖြစ်၏။

သို့ဖြင့် အင်ဒရူးကာနက်ဂျီသည် ပစ်စ်ဘတ်မြို့၌ ရောမသံမဏိစက်ရုံကြီးတစ်ရုံတည်လိုက်ပြီး၊ စက်ရုံအမည်ကို 'ဂျေ၊ အက်ဂါသွန်မဆင် သံမဏိလုပ်ငန်း' ဟူ၍ ဆိုင်းဘုတ်တင်စေလိုက်၏။ လူ့သဘာဝအတိုင်း မစ္စတာသွန်မဆင် ဖိုးကျိုင်းတုတ်ဘဝဖြင့် သဘောတွေ့မနောရွှေ့သွားရာ ၂ ခါက ၃ ခါ မဆွယ်လိုက်ရ။ သူ့နာမည်နှင့် တည်ထားသော စက်ရုံမှ သံလမ်းများကို ဝယ်ယူရန် သဘောတူခဲ့လေတော့သည်။

ကာနက်ဂျီသည် ပစ်စ်ဘတ်မြို့၌ ကြေးနန်းပို့လုလင်ဘဝဖြင့် လုပ်ငန်းခွင် စဝင်ခဲ့ရ၏။ လုပ်ခကတော့ တစ်နေ့ ၂ သျှိလင်။ ဘာပဲဖြစ်ဖြစ် သူ့အတွက်တော့ နည်းနည်းနောနောမဟုတ်။ သူက ထိုမြို့မှ မျက်နှာစိမ်းဧည့်သည်သာ ဖြစ်သည်လေ။ သူ့ဆရာ ရှားရှားပါးပါး ရတဲ့အလုပ်လေး ပြုတ်မှာကြောက်သဖြင့် အဆမတန်ကြိုးစားခဲ့ရသည်။ မြို့လမ်းအနေအထားကို မကျွမ်းသေးသောသူ့အဖို့ လုပ်ကွက် ထဲရှိသမျှ နာမည်နှင့် လိပ်စာအားလုံးကို အမိအရ အလွတ်ကျက်ထားရှာသည်။

တစ်ဖန် သူ အော်ပရေတာဖြစ်ဖို့ တစ်ဆင့်တက် မျှော်မှန်းမိပြန်သည်။ ထို့ကြောင့်လည်း ကြေးနန်းရိုက်ပညာကို ညဘက်များတွင် မတတ်မနေသင်ပြီး၊ မနက်တိုင်း အစောကြီးရုံးသွား၍ စက်ခလုတ်တွေကို ကိုင်တွယ်လေ့ကျင့်နေခဲ့မိ၏။ တစ်မနက်တော့ အထူးသတင်း တစ်ပုဒ်ပါသောကြေးနန်းက အရေးတကြီးဝင်ရောက်လာ၏။

ဖီလာဒဲဖီးယားမှ ပစ်စ်ဘတ်သို့ ခေါ်နေသည်။ ဒေါသအမျက်တခြောင်းခြောင်းနှင့် တဖျောင်းဖျောင်းရိုက်၍ ခေါ်နေသည်။

တာဝန်ကျ အော်ပရေတာမှာ သူ့နေရာ၌ သူ မရှိ။ ဘယ်သွားနေသည် မသိ။ ဤတွင်ပင် အင်ဒရူးကာနက်ဂျီက စက်ခန်းထဲ အပြေးအလွှားဝင်ပြီး ကြေးနန်းသတင်းကိုလက်ခံရယူကာ လိုအပ်သလို ဖြန့်ဝေ

သို့ဖြင့် အင်ဒရူးကာနက်ဂျီသည် ပစ်စ်ဘတ်မြို့၌ ရောမသံမဏိစက်ရုံကြီးတစ်ရုံတည်လိုက်ပြီး၊ စက်ရုံအမည်ကို 'ဂျေ၊ အက်ဂါသွန်မဆင် သံမဏိလုပ်ငန်း'ဟူ၍ ဆိုင်းဘုတ်တင်စေလိုက်၏။ လူ့သဘာဝအတိုင်း မစ္စတာသွန်မဆင် ဖိုးကျိုင်းတုတ်ဘဝဖြင့် သဘောတွေ့မနောခွေ့သွားရာ ၂ ခါက ၃ ခါ မဆွယ်လိုက်ရ။ သူ့နာမည်နှင့်တည်ထားသော စက်ရုံမှ သံလမ်းများကို ဝယ်ယူရန် သဘောတူခဲ့လေတော့သည်။

ကာနက်ဂျီသည် ပစ်စ်ဘတ်မြို့၌ ကြေးနန်းပို့လုလင်ဘဝဖြင့် လုပ်ငန်းခွင် စဝင်ခဲ့ရ၏။ လုပ်ခကတော့ တစ်နေ့ ၂ သျှီလင်။ ဘာပဲဖြစ်ဖြစ် သူ့အတွက်တော့ နည်းနည်းနောနောမဟုတ်။ သူက ထိုမြို့မှ မျက်နှာစိမ်းညှော်သည်သာ ဖြစ်သည်လေ။ သူ့ဆရာ ရှားရှားပါးပါးရတဲ့အလုပ်လေး ပြုတ်မှာကြောက်သဖြင့် အဆမတန်ကြိုးစားခဲ့ရသည်။ မြို့လမ်းအနေအထားကို မကျွမ်းသေးသောသူ့အဖို့ လုပ်ကွက် ထဲရှိသမျှနာမည်နှင့် လိပ်စာအားလုံးကို အမိအရ အလွတ်ကျက်ထားရှာသည်။

တစ်ဖန် သူ အော်ပရေတာဖြစ်ဖို့ တစ်ဆင့်တက် မျှော်မှန်းမိပြန်သည်။ ထို့ကြောင့်လည်း ကြေးနန်းရိုက်ပညာကို ညဘက်များတွင် မတတ်မနေသင်ပြီး၊ မနက်တိုင်း အစောကြီးရုံးသွား၍ စက်ခလုတ်တွေကို ကိုင်တွယ်လေ့ကျင့်နေခဲ့မိ၏။ တစ်မနက်တော့ အထူးသတင်းတစ်ပုဒ်ပါသောကြေးနန်းက အရေးတကြီးဝင်ရောက်လာ၏။

ဖီလာဒဲဖီးယားမှ ပစ်စ်ဘတ်သို့ ခေါ်နေသည်။ ဒေါသအမျက်တခြောင်းခြောင်းနှင့် တဖျောင်းဖျောင်းရိုက်၍ ခေါ်နေသည်။

တာဝန်ကျ အော်ပရေတာမှာ သူ့နေရာ၌ သူ မရှိ။ ဘယ်သွားနေသည် မသိ။ ဤတွင်ပင် အင်ဒရူးကာနက်ဂျီက စက်ခန်းထဲ အပြေးအလွှားဝင်ပြီး ကြေးနန်းသတင်းကိုလက်ခံရယူကာ လိုအပ်သလို ဖြန့်ဝေ

ပေးလိုက်သည်။ သည့်စွမ်းဆောင်ချက်ကြောင့်ပင် လစာ ၂ဆ ရသော အော်ပရေတာအဖြစ် ချက်ချင်း ရာထူးတက်ပေးခြင်း ခံရတော့သည်။ သူ၏ မနေမနားကြိုးစားအားထုတ်မှု၊ အအိပ်ပျက် အစားပျက်နှင့် ရည်မှန်းချက်ကြီးမြင့်သလောက် စိတ်ရှည်ဖွဲ့သန်မှုများက သူ့ကို ဂရုမစိုက်ဘဲ မနေနိုင်အောင် ဆွဲဆောင်ခဲ့သည် ဆိုရပါမည်။

ပင်ဆယ်ဗေးနီးယား ရထားကုမ္ပဏီအနေဖြင့် သူပိုင် ကြေးနန်းလိုင်းတစ်လိုင်း သွယ်ခဲ့၏။ အင်ဒရူးကာနက်ဂျီကလည်း ကြေးနန်းရိုက် အော်ပရေတာဘဝမှ တစ်ဆင့်တက်၍၊ တိုင်းကြီးကြပ်ရေးမှူး၏ ကိုယ်ရေးအရာရှိလေး ဖြစ်နေပါပြီ။

တစ်နေ့တော့ သူ့ကို ရွှေလမ်းခင်းပေးမည့် အဖြစ်အပျက် တစ်ရပ်နှင့် ရုတ်တရက်မမျှော်လင့်ဘဲ ဆုံဆည်းလိုက်ရသည်။

ရထားတွဲတစ်ခုအတွင်းထိုင်နေသော သူ့နံဘေးသို့ တီထွင်သူ ပညာရှင်တစ်ယောက် ရောက်လာသည်။ ပြီးတော့ သူတီထွင်ထားသော အိပ်ခန်းပါသော ရထားတွဲပုံစံငယ်လေးကို ပြသသည်။ ထိုစဉ်က အိပ်ခန်းတွဲများမှာ ကုန်တွဲသံဘောင်ဒီများတွင် ဖြစ်ကတတ်ဆန်း ကပ်ရိုက်ထားသလို အိပ်စင်တွေကလည်း လက်ရာကြမ်းလှသည်။ ယခု တီထွင်ဆန်းသစ်ထားသည့် အိပ်ခန်းတွဲမှာ နောက်ဆုံးပေါ် ဇိမ်ခံကားလေးနှင့် တစ်ပုံတည်း တူမှတူ။

ကာနက်ဂျီကား ပါးနပ်လိမ္မာသော စကော့လူမျိုးပီပီ ဉာဏ်အမြော်အမြင် ကြီးမားလှပါဘိ။ ဤတီထွင်မှုက ဖြစ်နိုင်ခြေ တစ်ပုံတစ်ပင်နှင့် ကြီးပွားကိန်း ကျိန်းသေရှိကြောင်း သိလိုက်သည်။ သို့ဖြင့် သူက တီထွင်သူနှင့် အကျိုးတူပေါင်းစပ်၍ ရင်းနှီးမ,တည်ငွေကို ရှာသည်။ ဘဏ်မှ ငွေချေးသည်။ အစုရှယ်ယာခေါ်သည်။ ကုမ္ပဏီအနေဖြင့် မက်လောက်သော အမြတ်ဝေစုတွေ ပေးခဲ့သည်။ လုပ်ငန်းက ထင်တာထက် အောင်မြင်သွားပါသည်။ အင်ဒရူးကာနက်ဂျီ ၂၅ နှစ်သား

ရောက်သောအခါ သည်လုပ်ငန်းတစ်ခုတည်းက နှစ်စဉ်ရရှိသည့်အကျိုး အမြတ်မှာ ၁ နှစ်ကို ပေါင် ၁၀၀၀ ရှိခဲ့လေ၏။

တစ်ခါကလည်း ရထားလမ်းတစ်နေရာက သစ်သားတံတား တစ်ခုမီးလောင်သွားသဖြင့် ရက်အတော်ကြာ ရထားအသွားအလာ ပြတ်တောက်ခဲ့ရသည်။ ထိုအချိန်မှာမူ အင်ဒရူးကာနက်ဂျီသည် တိုင်း ကြီးကြပ်ရေးမှူးကြီး ဖြစ်နေပါချေပြီ။ ပျက်စီးလွယ်သော သစ်သား တံတားတွေက တိမ်ကောလုဆဲ ဖြစ်သည်။ ဒါကို သူ ရေရေလည်လည် သဘောပေါက်သည်။ သံတံတားခေတ်က အနေးနှင့် အမြန် ရောက် လာတော့မည်။

သည်တော့လည်း သူ ငွေတွေ ရသလောက်ချေးသည်။ ကုမ္ပဏီ တစ်ခု ထောင်သည်။ သံတံတားတွေ အားချင်း စ,ဆောက်တော့သည်။ နောက်ဆက်တွဲ ရလာသည့်အမြတ်တွေကတော့ ဝေါခနဲဝေါခနဲ လှိမ့်ဝင် လာရာမှ သူကိုယ်တိုင် မူးမေ့လဲသွားမတတ်။ ရက်ကန့်းသည် သား၏ ထူးခြားမှုကတော့ လက်နှင့်ထိတိုင်း ရွှေ ဖြစ်ခဲ့ပါပြီ။

ကံကောင်းခြင်းသည် သူနှင့်မကွာ ရှိနေ၏။ အထင်ကရ ကံကောင်းခြင်းမျိုးပဲ ဖြစ်၏။

တစ်ခါက သူနှင့် သူ့မိတ်ဆွေတစ်စု ပေါင်းပြီး ပင်ဆယ် ဗေးနီးယားအနောက်ပိုင်းရှိ ရေနံတွင်းများအလယ်က မြေတစ်ကွက် ကို ဝယ်လိုက်၏။ ဝယ်တုန်းက ပေါင် ၈၀၀၀ သာ ပေးခဲ့ရသော ရွှေမြေက ၁ နှစ်အတွင်းမှာ ပေါင် ၂၀၀၀၀ အမြတ်ရစေခဲ့ချေသည်။ ထိုအချိန်မှာတော့ စကော့လူနပ်ကလေးသည် ၂၇ နှစ်အရွယ် ရောက်ခဲ့ ပြီဖြစ်သလို၊ တစ်ပတ်ဝင်ငွေ ပေါင် ၂၀၀ အထိ ရနေခဲ့ပြီလေ။ လွန်ခဲ့သော ၁၅ နှစ်က တစ်နေကုန်လုပ်မှ ၁၀ ပဲနီသာရသော ဘဝနှင့် တော့ မိုးနှင့်မြေ ခြားခဲ့ပါပကော။

သည်လိုနှင့် ၁၈၆၂ ခုနှစ်တိုင်ခဲ့ရော ဆိုပါတော့။ အေဘာရာဟင်

လင်ကွန်းက အိမ်ဖြူတော်စိုးစံနေချိန်။ ပြည်တွင်းစစ်ကြီးကလည်း မီးတောက်နေဆဲ။ ကုန်ဈေးနှုန်းတွေက မိုးထိုးနေသည်။ အပြောင်းအလဲတွေကလည်း ဗလောင်းဗလဲ နိုင်လှချည့်။ နယ်စပ်ဒေသတွေမှာ ကျူးကျော်သိမ်းပိုက်ခံရမှုကြောင့် ကျို့ကုန်ရသည်။ အနောက်ဘက် အစွန်အဖျားတွင် တိုးလျှိုပေါက် ဟင်းလင်းပွင့်နေပေပြီ။

ရထားလမ်းတွေကတော့ တစ်ပြည်လုံးမက အမေရိကတစ် တိုက်လုံးအထိ တစ်နံတစ်လျား ပျံ့နှံ့အောင် ဖောက်ရတော့မည့်ပုံ။ မြို့ကြီးပြကြီးတွေလည်း အသစ်အသစ် ထပ်ပေါ်ပေါက်လာမည့် အရိပ်အယောင်တွေပြလျက်။ အမေရိကတစ်ပြည်လုံးသည် အံ့သြဘနန်းဒီဇိုင်းသစ်နှင့်။ ခေတ်သစ်ဦး၏မုခ်ဝသို့ရောက်လျက် လှုပ်ခတ်ချောက်ချားနေရချိန်။

အင်ဒရူးကာနက်ဂျီတစ်ယောက်အဖို့တော့ သံမဏိစက်ရုံ ခေါင်းတိုင်တွေမှ မီးခိုးတလူလူ မီးလျှံတထောင်းထောင်းနှင့် ကောင်းကောင်းကြီး အလုပ်ဖြစ်ခဲ့ရသည်။ စီးပွားဥစ္စာတွေကလည်း တစ်နေ့တခြား ဒီရေအလား တိုးပွားနေရပါပြီ။

ပြောရလျှင်တော့ သူ အိပ်မက်ပင် မမက်ဘူးသော အတိုင်းအတာပမာဏဖြင့် ချမ်းသာပြီးရင်းချမ်းသာ၍၊ လူ့သမိုင်းတွင် မကြုံစဖူးလောက်အောင် ထားစရာမရှိတော့ဘူးဆိုတဲ့ ချမ်းသာနည်းမျိုးဖြင့် အချမ်းသာကြီး ချမ်းသာခဲ့ရပါလေတဲ့ အင်ဒရူးကာနက်ဂျီ။

တကယ်တမ်းကျတော့ သူ ပင်ပင်ပန်းပန်းရယ်လို့ ဘာမျှလုပ်ခဲ့ရတာ မဟုတ်ပါ။ သူ့ဘဝရဲ့ တစ်ဝက်စာလောက်သာ အချိန်ယူလုပ်ရှားခဲ့ရခြင်းဖြစ်သည်။ သို့သော် သူ့ထက်ပို၍ သိက္ခာမ်းတတ်လွန်သော ပညာရှင်တွေကို လက်ကိုင်မွေး၍ သူ့အနီးအပါးမှာ ခြံရံထားသည်ဟု ဆိုခဲ့၏။ ပြီးတော့ သူတို့ကို သူ့အတွက် ငွေတွေ အသိန်းအသန်းချီ၍ ရှာဖွေစေခဲ့ခြင်းပါတဲ့။

သူသည် စကော့လူမျိုးတစ်ယောက် ဖြစ်ပါသည်။ သို့သော် စကော့ သိပ်မဆန်သူတစ်ယောက်ပါ။

မစ္စတာအင်ဒရူးက သူ့လုပ်ဖော်ကိုင်ဖက်အားလုံးကို သူ ရရှိသမျှ အကျိုးအမြတ်တွေထဲမှ ခွဲဝေပေးကမ်းလေ့ရှိ၏။ မီလျံနာပေါင်းများစွာကို သဘောထားကြီးစွာ မွေးထုတ်ပေးခဲ့သော သူ့လို သူဌေးကြီးမျိုးကား သန်း ၁၀၀ မှ ၁ ယောက် မရှိသလောက်ပင် ရှာမှရှား ဖြစ်ခဲ့တော့၏။

သူ့ဘဝတွင် ၄ နှစ်တည်းသာ ကျောင်းနေခဲ့ဖူး၏။ သို့ပင် ဖြစ်ငြားသော်လည်း ခရီးသွားမှတ်တမ်း, ကိုယ်ရေးအတ္ထုပ္ပတ္တိ, အက်ဆေး စာတမ်းများ, စီးပွားရေးပညာပေး စာအုပ်များ, စုစုပေါင်း ၈ အုပ် တိတိ ကိုယ်တိုင်ရေးသား ထုတ်ဝေခဲ့သည်။

ကိုယ်ထူကိုယ်ထစာကြည့်တိုက်များသို့ ပေါင် ၁၂ သန်း လှူဒါန်း ခဲ့သလို၊ အနာဂတ်ပညာရေးအတွက် ကျောင်းအသီးသီးသို့ ရန်ပုံငွေ လှူခဲ့သည်မှာလည်း ၁၆ သန်းမျှ ရှိခဲ့၏။

ထို့အပြင် ရော်ဘီသန်းစ် ရေးခဲ့သမျှကဗျာတွေကို သူ အလွတ် ရ၏။ ဆရာကြီးရှိတ်စပီးယား၏ ပြဇာတ်များဖြစ်သော မက်ကဘက်, ဟင်းမလက်, ကင်းလီယာ, ရိုမီယို အင် ဂျူးလီယက်, မားချင့်အော့ဖ်, ဗင်းနစ်တို့မှ ဇာတ်ဝင်စာအားလုံးကို အာဂုံဆောင်ထားနိုင်သလို တစ်လုံး မကျန် အချိန်မရွေး ရွတ်ပြနိုင်စွမ်းရှိသည်။

သူသည် မည်သည့် ဘုရားရှိခိုးကျောင်းမှာမျှ အဖွဲ့ဝင် မဟုတ်ခဲ့ပေ။ သို့ပေမယ့် အော်ဂင် အလုံးပေါင်း ၇၀၀၀ ကျော်ကို ဘုရားကျောင်းများသို့ ပေးလှူခဲ့၏။

သူ အရပ်ရပ်လှူဒါန်းခဲ့သမျှ အလှူငွေပေါင်းမှာ ပေါင် ၇၅ သန်းကျော်ခဲ့၏။ အဓိပ္ပာယ်က နှစ်စဉ် နေ့တိုင်း ပေါင် ၂ သောင်း လှူနေသည်ဟု အဖြေထွက်ပါသည်။

အင်ဒရူးကာနက်ဂျီသည် 'သူ သိုမှီးပိုင်ဆိုင်သမျှသော ရွှေ၊ ငွေ ဘဏ္ဍာများကို ဘယ်ပုံဘယ်နည်းဖြင့် အကျိုးအရှိဆုံး စွန့်လွှတ်ရမလဲ' အကောင်းဆုံး ပြောပြနိုင်သူအား ဆုငွေချီးမြှင့်မည်ဆိုကာ သတင်းစာကြီးများ၌ ပြိုင်ပွဲလုပ်ပေးခဲ့သေးသည်။

သူ အကြောင်းပြ ရှင်းချက်ထုတ်ခဲ့သည်ကတော့ သူ သေသွားလျှင် ဒီပစ္စည်းတွေက သူ့နောက် ပါမှာ မဟုတ်လို့ပါတဲ့။



ငွဲ

## လောရင့်စ် တိဘက်

အိမ်ငှားခ ပေးစရာရှာရန် စပျစ်သီးဆွတ်သမား လုပ်ခဲ့ရသူက ဒီနေ့တော့ ၁ စက္ကန့်ကို ၁ ပေါင်နှုန်းဖြင့် ဝင်ငွေကောင်းသည့် တေးသံရှင် ဖြစ်နေပါလေပြီ။

အထက်တန်းကျောင်း အနုပညာအသင်းတွင် သီချင်း တက်ဆိုဖို့ ကြိုးစားခဲ့စဉ်က 'တန်ရာတန်ရာ လုပ်ပါ'လို့ ပြောပြီး ချောင်ထိုးခံခဲ့ရသူ။

မခံချင်စိတ်ကြောင့် ကြိုးစားရင်း အဆိုကျော်မင်းသား ဘဝ ရောက်ခဲ့ရသော တောသားကောင်းဘွိုင်လေး တစ်ယောက်။

■

၁၉၂၂ ခုနှစ်က လောရင့်စ်တိဘက်သည် လော့စ်အိန်ဂျလိအနီး တွင် နေထိုင်စဉ်ကာလ၌ သူ့ဇနီးကို ပုံမှန်ဝင်ငွေ ရှာမပေးနိုင်လောက် အောင် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။

ဘုရားကျောင်းတစ်ခု၌ တနင်္ဂနွေနေ့တိုင်း ကွာရယ်ခေါ် သံပြိုင် ဟစ်ကြွေး ဓမ္မတေးအဖွဲ့နှင့် ပါဝင်သီဆိုခဲ့ရသည့်ဘဝမှ မင်္ဂလာဆောင် များတွင် 'ကိုယ့်ကို ကတိပေးပါလားကွယ်' ဟူသော တေးသီချင်းလေး ကို တစ်ခါဆို ၁ ပေါင်ယူ၍ ကြိုကြားကြိုကြား သီဆိုဖျော်ဖြေရသော အဆင့်သို့ ရောက်ခဲ့၏။

သူသည် နှစ်နှင့်ချီ၍ အဆို လေ့ကျင့်ခဲ့သည်။ ဒါပေမယ့် အတွေ့အကြုံ နုနယ်လှသလို ဝါးလုံးခေါင်းထဲ သာသည့်လသာ ဖြစ်ခဲ့ ရ၏။ မည်သို့ပင်ဖြစ်စေ၊ သူ့မှာ မိတ်ကောင်း ရှိခဲ့၏။ ရူးပတ်ဟူးဟု ခေါ်သည့် သူ့မိတ်ဆွေက သူ၏ ဖြစ်နိုင်ခြေအလားအလာကို ယုံကြည် ၏။

"မင်းအသံ မဆိုးပါဘူးကွ။ ဒီထက် ပိုပြီးကောင်းအောင်, အဆို ပိုင်လာအောင် နယူးယောက်သွားပြီး သင်ဖို့ လိုလိမ့်မယ်"

မိတ်ဆွေကောင်း ရူးပတ်ဟူး၏ စေတနာပါသော တိုက်တွန်း ချက်က တိဘက်၏ဘဝကို တစ်ဆစ်ချိုး ပြောင်းလဲစေခဲ့သည်ဆိုရမည်။ သို့ဖြင့် သူက အရှေ့ဘက်သို့ ခရီးစ,ရန် ပေါင် ၅၀၀ ချေးယူခဲ့မိ တော့သည်။

နယူးယောက်ကိုရောက်ပြီးမှ မျှော်လင့်သည့်အတိုင်း ဖြစ်မလာ ဘူးဆိုရင် ဘာလုပ်မလဲ။ အို–ခက်တာမှတ်လို့။ ကာလီဖိုးနီးယားကို သွားပြီး ထရပ်ကားအရောင်းဈေးသည် သွားလုပ်ရုံ ရှိတာပေါ့။

ထိုစဉ်က ၁၉၂၂ ခုနှစ်ပါ။ ဒီနေ့တော့ လောရင့်စ်တိဘက် ဘာဖြစ်နေပြီလဲ။ ထရပ်ကားရောင်းနေရသလား။ ဝေးပါသေး၏။

ခု လောရင့် တိဘက်ဘဝက ဟောလိဝုဒ်မှာ သောက်သောက်လဲ ဝင်ငွေကောင်းနေသည့် အနုပညာရှင် အဆိုကျော်ဘဝ။ နာမည်ကြီး ရုပ်ရှင်ကားများဖြစ်သည့် 'တစ်ပြားမျှ မတန်တဲ့ သီချင်း', 'ဆန်းစ စန္ဒာ', 'ကျူးဘား အချစ်တေး' ဇာတ်ကားများမှ သူ့တေးသံများကို သင် ကြားဖူးကောင်း ကြားဖူးနိုင်ပါသည်။

ထို့အပြင် အောင်မြင်ထည်ဝါသလောက် မြူးကြွအားပါသော သူ့အသံကို ရေဒီယိုမှကြားရသူတိုင်း နားမစွင့်ဘဲ နေနိုင်မည်မဟုတ်ပါ။ သောတရှင်အပေါင်းကို ဖျော်ဖြေပေးရန်အတွက် သူ့ကို ၁ မိနစ်လျှင် ပေါင် ၆၀၊ တစ်နည်းအားဖြင့် ၁ စက္ကန့်ကို ၃ ပေါင် ပေးရသည်။

ဒါပေမယ့် ၁၉၂၂ ခုနှစ်တုန်းကတော့ လောရင့်စ်တိဘက်ခမျာ မြို့ပေါ်မှာ မနေနိုင်အောင်ပင် နွမ်းပါးချို့တဲ့ခဲ့ရှာသည်။ ထို့ကြောင့်လည်း တောမှာ အိမ်လေးတစ်လုံး ငှားနေရသည်။ ၄ ၅ကောင်းထောက်မစွာပင် သူငှားသည့်အိမ်က စပျစ်ခြံအလယ်ကွင် ဆောက်ထား၏။ သို့ဖြင့် စပျစ်သီးတွေကို သူစားချင်သလောက် အလကား စားရ၏။ ထိုအချိန်က သူ့အတွက် ပိုက်ဆံမရှိသည့် အချိန်တွေသာများ၍ ငတ်ငတ်နှင့် စပျစ်သီး တွေကိုသာ ဖိစားခဲ့ရသည်ဟု ဝန်ခံခဲ့ရာ၊ ရင်ကျပ်မသေတာပဲ တော်ရဲ့လို့ ဆိုရတော့မည်ထည်။

အိမ်ငှားခကလေးကလည်း ပေါမှပေါ။ တစ်လလုံးမှ ၂ ပေါင်နှင့် ၁၀ သျှိလင်သာ ကျသည်။ အဲဒါလေးတောင်မှ တစ်ခါတလေ ပြေ လည်အောင် မပေးနိုင်ခဲ့။ သီချင်းဆိုခ ဝင်ငွေက အိမ်လခပေးလောက် အောင် မရခဲ့တာကိုး။ တစ်ချိတော့ ၁၀ လဆက်တိုက် အိမ်လခ အကြွေးတင်ခဲ့သဖြင့် စပျစ်သီးတွေခူးဆွတ်၍ ပေါင်းသင်ရှင်းလင်းပေး ရသည့် စပျစ်ခြံအလုပ်သမားဝင်လုပ်ပြီး အကြွေးဆပ်ခဲ့ရသေးသည်။

သူသည် စန္ဒရားတစ်လုံးကို တစ်လ ၁ ပေါင်နှင့် ငှား၏။ သို့သော် တောင်နံရံကို မှီဆောက်ထားသော သူ့အိမ်ရှေ့ခန်းမှာ စန္ဒရားထားလို့မရအောင် ကျဉ်းကျဉ်းကလေးဖြစ်နေရုံမက မြေပြင်ကလည်း မညီမညာ ထိုးထိုးထောင်ထောင်မို့ အိမ်အပြင်မှာပဲ ချ,တီးခဲ့ရသည်။

နယူးယောက်ကို ရောက်ရောက်ချင်းမှာလည်း မြို့တော်ပဒေသာကပွဲရုံကြီးက အပေါ်ဆုံး နောက်ဆုံးတန်းခုံတစ်နေရာကိုပင် ဝယ်မကြည့်နိုင်ရှာ။ ဒီတော့လည်း မတ်တတ်တန်းဟုခေါ်ရမည့် ခုံတန်းတွေ နောက်ဘက်မှ ၁၀ သျှိလင်ပေး၍ ခြေဖျားထောက် မျှော်ကြည့်ပြီး ထိုခေတ်က အကျော်ကြားဆုံးအဆိုတော် မင်းသား,မင်းသမီးများဖြစ်ခဲ့သည့် စကာ့တီနှင့် အလှဘုရင်မ မေရီဂါးဒင်းတို့၏သီဆို ဖျော်ဖြေမှုကို မဆံ့တင့် နားထောင်ခဲ့ရသည်။

သို့ဖြင့် သူ့ခမျာ အခန်းငှားခနှင့် ဂီတသင်တန်းကြေးပေးရန်အတွက် မိတ်ဆွေအပေါင်းအသင်းများထံမှ ထပ်တလဲလဲငွေချေးခဲ့ရသေး၏။ နောက် ၁၀ နှစ်အကြာမှာတော့ မြို့တော်ကပွဲရုံကြီး၏ ကြီးကျယ်ခမ်းနားလှသော စတိတ်ခုံကြီးပေါ်တက်၍ လက်ခုပ်သြဘာသံတဖြောင်းဖြောင်းကြားက ပရိသတ်အချစ်တော်ဘဝဖြင့် သူ့ကိုယ်တိုင်တဝင့်တကြွား ဟစ်ကြွေးအသုံးတော်ခံခဲ့ရပါလေပြီ။

သူ့အသံကို စွဲမက်နှစ်သက်မှုဖြင့် အားပေးသည်။ ပရိသတ်ဘယ်လောက်များ များလိုက်သလဲဆိုလျှင် သူ့တစ်ကိုယ်တော် သီဆိုမှုကို ညစဉ် ၂၂ ကြိမ်တိုင်တိုင် ကန့်လန့်ကာအဖွင့်, အပိတ်လုပ်၍ တင်ဆက်ရသည်။

တကယ်တော့လည်း သူသည် ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံးနှင့် အကောင်းဆုံး တစ်ဦးတည်းသော အသံလတ် အဆိုတော်ဖြစ်ခဲ့သည်ပဲ မဟုတ်ပါလား။ နှစ်တိုင်းလိုလိုပင် ရာထောင်ချီနေသော တက်သစ်စ အဆိုတော်ပေါက်စလေးတွေက နာမည်ရော လူပါ ချမ်းသာ

အောင် နယူးယောက်သို့ အုံခဲတက်လာနေကျဖြစ်၏။ သူတို့ထဲက ဘယ်နှစ်ယောက်အောင်မြင်၍ ဘယ်နှစ်ဦး ကျရှုံးခဲ့ပါသလဲ။ ဒီမေးခွန်းကို ကျွန်တော် လောရင့်စ်တိဘက်ကို မေးကြည့်ဖူး၏။

သူက ၁၀၀မှာ ၁ ယောက်၊ ၁ သောင်းမှာ ၁ ယောက်လောက်သာ အောင်ပန်းဝင်နိုင်မည် ထင်ကြောင်း။ အများစုမှာ အသံကောင်းကြလျက်သားနှင့်, အဆို ပါးနပ်လိမ္မာကြပါလျက်သားနှင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်ကြောင်း။ သို့ကလို အရေးနိမ့်ခဲ့ရခြင်းမှာလည်း သူတို့မှာ ဖျော်ဖြေမှုအနုပညာကို ပါရမီနှံနဲ့စွာ နားမလည်ကြသလို ပရိသတ်ကို ကိုယ့်ဘက်ပါအောင် ဆွဲကိုင်ညှို့ခေါ်နိုင်စွမ်း မရှိ၍သာ ဖြစ်ကြောင်း။ အထူးသဖြင့် သီချင်းတစ်ပုဒ်ဆုံးသည့်တိုင်အောင် ပရိသတ်ကို ဖမ်းစားကာ သူတို့နားထောင်နေသော သီချင်းနှင့်ပတ်သက်၍ သံစဉ်နှင့် အဓိပ္ပာယ်များကအစ အနှစ်သာရ ပြည့်ပြည့်ဝဝခံစားရအောင် မဆိုနိုင်၍ ဖြစ်ကြောင်း မှတ်သားဖွယ်ရာ ဖြေကြားခဲ့ပါလေသည်။

လောရင့်စ်တိဘက်၏ ငယ်ဘဝမှာ **ကာလီဖိုးနီးယားပြည်နယ်** ဘက်ကာဖီးလ်မြို့လေးမှ စခဲ့၏။ သူ့ဖခင်သည် ကာလီဖိုးနီးယား၏ ဝါရင့်ကောင်းဘွိုင် မြင်းစီးကောင်း နွားကျောင်းသားကြီး ဖြစ်ခဲ့၏။ တောင်ပေါ်နွားစားကျက်တစ်ခုမှတစ်ခုသို့ ဒုန်းစီးရင်း, ခြံစည်းရိုးတွေပြင်ရင်း နွားလေးတွေကို တံဆိပ်ရိုက်ရင်း, နွားသူခိုးတွေကို ပစ်ခတ်ဖမ်းဆီးရင်း အသက်မွေးဝမ်းကျောင်းခဲ့၏။ အဘိုးကြီးက ပုလဲလက်ကိုင်ရိုးတပ် ၆ လုံးပြူးကို ခါးမှာ မချတမ်းချိတ်ထားသည်။ လက်ကလည်း ၊ တည့်ပါဘိသနှင့်။ တစ်ချက်တည်းနှင့် အသေဆိုသည့် လက်မျိုး။ သူ့သေနတ်မှာ အရစ်ကလေး ၂ ရစ် ထွင်းထားသည်။ **နွားသူခိုး** ၂ ယောက်ကို ပစ်သတ်ခဲ့သည့် အထိမ်းအမှတ်ပင်ဖြစ်၏။ ခုဆို သူက **ကာလီဖိုးနီးယား**ပြည်နယ် ကန်းမြို့နယ်၏ မြို့သူကြီး

ရာထူးပင် ရခဲ့ပါပြီလေ။ သူ့အိမ်တွင် လက်နက်တိုက်ငယ်လေး ဆိုရလောက်အောင် သေနတ်တွေဆောင်ထားပြီး၊ ရောမ ခွေးသမင်ကြီးတစ်ကောင်လည်း မွေးထား၏။ တစ်နေရာရာမှာ သေနတ်ပွဲဖြစ်ပြီဆိုသည်နှင့် ဖုန်းဖြင့် လှမ်းခေါ်ကြသလို၊ သူကြီးတီဘက်လည်း သေနတ်တစ်ဘက် ခွေးတစ်ဘက်ဆွဲ၍ အမှုအခင်းဖြစ်ရာသို့ ဒုန်းစိုင်း ရောက်သွားနေကျ။ ပြီးတော့ ခွေးသမင်ကြီးကို အနံ့ခံ ခြေရာကောက်ခိုင်းမည်။ သခင့်အမိန့်အတိုင်း လယ်မြေယာမြေ ခြံတွေကို ဖြတ်လိုက်မည်။ ရှရစ်တီဘက်က ခွေးကြီးနောက်က ထက်ကြပ်မကွာ ပြေးမည်။ ပြီးတော့ လည်ပတ်ကြိုးတန်းလန်းနှင့် သေနတ်ကို ဝှေ့ယမ်းရင်း အသံကုန်အော်တော့မည်။

"ဒီတစ်ခါ ရှော့ဒ် တရားခံကို မိပြီဟေ့။ ရှော့ဒ်။ ဒီကောင့်ကို မိပြီကွ"

သို့သော် တရားခံလူဆိုးကို ဖမ်းမိမည့်အစား များသောအားဖြင့် နွားအိုကြီးတစ်ကောင်၊ သို့မဟုတ် မြက်ခင်းတွင်ကျက်စားနေကျ ဝံပုလွေငယ်တစ်ကောင်ကို 'ခြေရာခံမိလျက်သား ဖြစ်နေတတ်၏။

မြို့သူကြီးဆိုတာက သေနတ်တကားကား ဟန်တကြွားကြွားနှင့် ခပ်မိုက်မိုက်စွန့်စားလှုပ်ရှားရသလို ဂုဏ်ရှိသောအလုပ်တစ်ခုအဖြစ် ချာတိတ်ငယ် လောရင့်စ်တီဘက် အားကျခဲ့မိ၏။

လောရင့်စ်တီဘက်၏ ကလေးဘဝ၌ သူ့အဖေလို မြို့သူကြီးဖြစ်ရန် စိတ်ကူးယဉ် မျှော်မှန်းခဲ့သည်။ ဒါပေမယ့် မမျှော်လင့်သောကြမ္မာငင်အဖြစ်ဆိုးကြောင့် ကြေကွဲဝမ်းနည်းစရာ ကြုံလိုက်ရတော့သည်။

သူ့ဖခင်ကြီးမှာ နာမည်ကြီး လူဆိုးဓားပြ ဂျင်မက်ကင်နီးနှင့် သေနတ်ချင်းယှဉ်ပစ်ရာမှ အသတ်ခံလိုက်ရခြင်းပင်ဖြစ်၏။

သည်အဖြစ်က ဟောရင့်စ်၏ ဘဝလမ်းကြောင်းကို ပြောင်းပြန် လှန်ပစ်လိုက်သည်။

စင်စစ်တွင် သူ့အဖေကြီးက ဘာသာရေးကို ရိုသေကိုင်းရှိုင်း လွန်းသူဖြစ်၍ ဆေးလိပ်သောက်တာ၊ ဖဲရိုက်တာ၊ ပွဲကြည့်တာ၊ သီဆို ကခုန်တာတွေ မှန်သမျှ အပြတ်ဆန့်ကျင်ခဲ့၏။

သို့ဖြင့် တိဘက်ကိုယ်တိုင် ကျွန်တော့်အား ပြောခဲ့ရာတွင် သူ့အဖေသာ ရုတ်တရက်မသေခဲ့လျှင် သူ့အနေဖြင့် အဆိုတော် သရုပ်ဆောင်မင်းသားတစ်ဦးဖြစ်ဖို့ အကြောင်းမရှိကြောင်းလည်း ပါခဲ့ ပါ၏။

ဒါတောင် သူ့အဖေ၏ အမိန့်ဩဇာတွေက သူ့အပေါ် လွှမ်းမိုး ဆဲမို့ ယခုတိုင် ဆေးပြင်းလိပ်တစ်လိပ်ထက် ပိုသောက်လေ့မရှိတာ တွေ့ရ၏။ တစ်လိပ်တလေသောက်မိတော့လည်း ကြီးလေးသော အမှား ကြီးတစ်ခုကို ကျူးလွန်မိသကဲ့သို့ဖြစ်၍ မကောင်းဆိုးဝါးစီးခံရသကဲ့သို့ စိတ်ချောက်ချားရသည် ဆိုပါသည်။

လောရင့်စ်တစ်ယောက် အထက်တန်းကျောင်းသားဘဝ ရောက် ခဲ့ရသည့်အချိန်တွင် ချို့ချို့တဲ့တဲ့နှင့် စိတ်အားငယ်ခဲ့ရရှာ၏။ သူ့မိခင် ကြီးက အိမ်ငှားစားရ၏။ သူ့မှာ အဝတ်တစ်စုံတည်း ရှိ၏။ သူ့ ဘောင်းဘီတွေကလည်း အရပ်နှင့်မလိုက်အောင် တိုလွန်းလှ၏။ ပြီးတော့ အရင်းနှီးဆုံး သူငယ်ချင်းမလေးတွေကို အိုက်စ်ကရင်အရည် ဝယ်မတိုက် နိုင်ခဲ့ရှာချေ။ တခြား ကျောင်းနေဖက်သူငယ်ချင်းတွေက သူ့ကို ဝိုင်းနှိမ် ကြသလို၊ အရေးလုပ်ပြီး လူရာမသွင်းကြ။


ထိုအခါ မခံချင်စိတ်ဖြင့်ကြိတ်၍ ကြိုးစားရင်း ဂုဏ်သိက္ခာ ရှိရှိဖြင့် လူတောထဲဝင်ဆံ့အောင် ဖြတ်လမ်းကလိုက်ဖို့ ကြံမိလေ၏။ သူက ကျောင်းအနုပညာအသင်းဝင်ဖြစ်ဖို့ လျှောက်၏။ ဆင်းရဲနုံချာ သောသူ့ကို လက်မခံခဲ့ကြ။ ကျောင်းပြဇာတ်များတွင် တစ်ခန်း

တစ်နေရာက ဝင်ပါရန် အားထုတ်၏။ ဒါပေမယ့် သူ့ကို တစ်ယောက်မျှ အလိုမရှိ။ 'မင်းနှင့် တန်လို့လား'တဲ့။ နှာခေါင်းရှုံ့လိုက်ကြသေးသည်။ နောင်အခါ အကျော်ကြားဆုံး ထိပ်တန်းအဆိုတော်တစ်လက် ဖြစ်လာမည့် ကာလီဖိုးနီးယားနယ်သားလေးမျာ ကျောင်းသားဘဝက သီချင်းဆိုခွင့်လေးပင် မရလောက်အောင် ဇာတာစန်းလာဘ် ညှိုးမှိန်ခဲ့တာ တော့အမှန်။ အချိန်တန်တော့လည်း နွားပိန်ကန်ပြီပေါ့။ ကံထမှ ဟန်ကျသည်။ ဖွဲ့ဆောင်တော့ မလွဲအောင်သည်။ မြူးလျှင် အမှန်ထူးသည်။ သည်လိုနှင့် လောရင့်စ်တိဘက် ကြယ်တစ်ပွင့်အဖြစ် အနောက်မိုးကောင်းကင်တစ်လွှားမှာ တလက်လက် တောက်ပခဲ့ရပါပြီ။

လော့ရင့်စ် တိဘက်က ပြောသည်။ 'ဆွဲဆောင်မှုအရှိဆုံးဂီတသည် အအောင်မြင်ဆုံး ဖြစ်သွားပါလိမ့်မည်'တဲ့။

ဒီနေ့ ခေတ်စားနေသောသီချင်းတွေလည်း သူ့နည်း သူ့ဟန်နှင့်သူ ကောင်းကြတာချည်းပင် ဖြစ်ပါသည်။ ဒီအထဲမှ ဂီတသမိုင်းစဉ်တစ်လျှောက်တွင် အထင်ပေါ်ဆုံး, ခေတ်အစားဆုံး, လူကြိုက်အများဆုံး စံချိန်တင်ခဲ့တာကတော့ လောရင့်စ်တိဘက်၏ 'မင်္ဂလာရှိသောနေ့လေးတစ်နေ့၏ အဆုံးမှာ'ဆိုသည့် တေးသီချင်းပဲ ဆိုရမည်။

ထိုစဉ်က ဓာတ်ပြားချပ်ရေ ၅ သန်းကျော် ရောင်းခဲ့ရသည်နှင့် အမျှ တိဘက်ကလည်း "အဲဒီသီချင်းဟာ ရိုးရိုးလေးနှင့် အကြီးအကျယ်ကောင်းခဲ့တာဗျ"ဟု ဖွင့်ဆိုခဲ့ပါသည်။ ထို့အတူ 'မြစ်အိုအို လူအိုအို' နှင့် 'အပြာရောင်ရဲ့ ဆန်းကြယ်ချက်'သီချင်းတွေကလည်း ရေးခဲ့သမျှ တေးသံစဉ်တွေထဲမှာ ရသအမြောက်ဆုံးဟု သူ ယုံကြည်ခဲ့ပါသည်။



# ကျွန်တော့်ဘဝ ပစ်တိုင်းထောင်

ဒဗလျူ၊ စီ၊ ဖီးလ်

သူ့ဝင်ငွေ တစ်နေ့ ၁၀၀၀ မရခင်က မွေ့ရာနှင့် စတိုင်ကျကျ မအိပ်ခဲ့ရဘဲ လမ်းဘေးမှာ ကြုံသလိုကွေးခဲ့ရ၏။

သူ့အဖေနှင့် ပဋိပက္ခဖြစ်ပြီး အိမ်မှထွက်ပြေးခဲ့ရာက ဘဝသစ်တစ်ခုကို ရောက်ခဲ့ရ၏။

ကမ္ဘာပေါ်တွင် ပြိုင်ဖက်ကင်းသော တုတ်စကြာလှည့်ကစားနိုင်သူဘဝမှ ရုပ်ရှင်သရုပ်ဆောင် ဖြစ်ခဲ့ပြန်၏။

ဟောလိဝုဒ်ရုပ်ရှင်လောက၏ ရုပါစတား မင်းသားတစ်လက်က ဘုလုံးအနီကြီးတင်ထားသကဲ့သို့ နှာခေါင်း, ဆင်နားရွက်နှင့် ငယ်ထိပ်တွင် ဆံပင်တစ်မွေးမျှမရှိသော ထိပ်ပြောင်ကြီး ဖြစ်ပါသည်။ ပြီးတော့ ရောမခွာမြင့်ဖိနပ်ကြီး စီးထားသည့်ကြားမှ အရပ်က လူစဉ်မမီ ပုတက်တက်လေး ဖြစ်နေသေး၏။ သို့ပေမယ့် ပါရာမောင့်ရုပ်ရှင်စတူဒီယိုကြီးသည် 'အပိုလို ဘယ်ဗီးဒဲ'ဇာတ်ကားကြီးအတွက် သူမှတစ်ပါး အစားထိုးစရာ မတွေ့ခဲ့ရပါချေ။ သူကား သဘောထားပြည့်ဝ၍ ဆက်ဆံရေးပြေပြစ်လှသော မင်းသားကြီး ကလော်ဒီ ဝီလီယမ်ဒူကင်ဖီးလ် ပါပေတည်း။

သူ ယခုလို မအောင်မြင်ခင်ကတော့ စတူဒီယိုထဲတွင် ဟိုတိုးဒီကပ် အောက်ကြို့ခံ မျက်နှာချိုသွေးရင်း ဆိုက်ပတ်ဇာတ်ရံ တစ်နေရာလေးရဖို့ တမျှော်မျှော်ဖြင့် အခေါ်စောင့်ခဲ့ရသည့် ဘဝ။

စင်စစ်သူသည် ဇီယက်ဖဲလ် ပဒေသာဇာတ်ပွဲ၌ ၁၀ နှစ်တိုင်တိုင်ကပြအသုံးတော်ခံခဲ့ပြီးသော သမ္မာရင့်ပညာသည်တစ်ဦးဖြစ်သလို၊ ရုပ်ရှင်နယ်မှာလည်း အနှစ် ၂၀ အတွင်း ဝင်လိုက်ထွက်လိုက်, ပေါ်လိုက်မြုပ်လိုက် ကျင်လည်ခဲ့သူ ဖြစ်ပါ၏။ သည်ကြားထဲမှ သူ့ဝတ္ထုဇာတ်ညွှန်းနှင့် သူ သရုပ်ဆောင်ဒါရိုက်တာ လုပ်ခွင့်ရမည်ဆိုလျှင် တစ်ပြားမျှမယူဘဲ အလကား ရိုက်ပေးမည်ဟု ကမ်းလှမ်းခဲ့မိသေး၏။ ဘယ်ပရိုဂျူဆာကမျှ သူ့ကို အဖက်လုပ်ပြီး စကားမပြန်ခဲ့။

သူက ဟိတ်နှင့် ဟောက်သည်။ ခြေထောက်ဖက် တောင်းပန်သည်။ ချော့တန်ချော့ မြှောက်တန်မြှောက် နည်းပေါင်းစုံသုံး၍ အလုပ်ရဖို့ ကြံဆောင်သည်။ သို့ပေမယ့် အစဉ်သဖြင့် အဖြေကတစ်မျိုးပဲ။

နိုး။ မဖြစ်နိုင်ဘူး။ လုံး၀ မဖြစ်နိုင်ပါဘူးတဲ့။ ထိုမှနောက် ဒေးဗစ် ကောပါဖီးလ် ရိုက်ထုတ်ပြသပြီးချိန်မှာတော့ စီ၊ ဒဗလျူ၊ ဒူကင်ဖီးလ် အား သရုပ်ဆောင်ခ ၁၀ ရက်အတွက် ပေါင် ၁၀,၀၀၀ တန် ချက် လက်မှတ် ထုတ်ပေးလိုက်ရပါတော့၏။

တွက်ကြည့်ပါက တစ်နေ့ ၁၀၀၀ သို့မဟုတ် ၁ မိနစ်ကို ၂ ပေါင်နှုန်း သွားကိုက်၏။ တစ်နည်းဆိုတော့ အမေရိကန်သမ္မတကြီး၏ တစ်နေ့လစာထက် တစ်နေ့တာသူ့သရုပ်ဆောင်ခက ၂၅ ဆ ပိုသည်ဟု အမိပ္ပာယ်ရလေ၏။

ဒူးကင်ဖီးလ် ဆင်းရဲသား ကျောမွဲ မစ်ကော်ဘာအဖြစ် ပိုင်ပိုင် နိုင်နိုင် သရုပ်တူလုပ်ဆောင်ခဲ့သည်ကို လူတိုင်းမမေ့နိုင်ကြပါ။

အဘယ်ကြောင့်ဟူမူ သူနှင့်သူသာ နှိုင်းစရာဆိုသလို ကလော် ဒီဝီလီယမ် ဒူကင်ဖီးလ်သည် ဒဗလျူ၊ စီ၊ ဖီးလ်၏ ပုံရိပ်ကို အပီအပြင် ထင်ဟပ်နိုင်သည့် တစ်ဦးတည်းသောလူသား ဧကန်မုချ ဖြစ်ခဲ့သော ကြောင့် ပါပေတည်း။

သူ့နာမည်ကို တဖျတ်ဖျတ်တလက်လက် ထိုးပြနေသော နီယွန် မီးရောင်တွေ ကြည့်ခြင်းအားဖြင့် ကမ္ဘာပေါ်မှာ အတော်ဆုံး တုတ် စကြာသမား၏ ပြိုင်တုကင်းဂုဏ်ပုဒ်ကို သိသာနိုင်ပါသည်။

အတိတ်ဘ၀ တစ်ဆစ်ချိုးမှာတော့ သူ့အဖို့ ၄ နှစ်လုံးလုံး အိပ်ရာနှင့် မအိပ်ခဲ့ရသည့်ဘ၀မျိုး ကြုံခဲ့ရပါ၏။ သူ့ခများ ပန်းခြံ ခုံတန်းတွေနှင့် ကုန်ထည့်သည့်စက္ကူပုံးကြီးတွေထဲသာမက အရှင်လတ် လတ် မြေကြီးတွင်းတူး၍ ပလတ်စတစ်အစကို စောင်အမှတ်ဖြင့် ခြုံအိပ် ခဲ့ရသည်အထိ အဖြစ်ဆိုးခဲ့ရသည်။ သူ့အပြောအရ နာမည်ကျော် ရုပ်ရှင် သရုပ်ဆောင်ဖြစ်မှ အဖိုးတန်အိပ်ရာခင်းနှင့် ကတ္တီပါစောင်ခြုံပြီး ဇိမ်ခံ အိပ်နိုင်သည်ဟု ဆို၏။

စင်စစ်တော့ တုတ်ချောင်းကလေး ၂ ချောင်းမှ ၁၀ ချောင်းအထိ မိုးပေါ်မြှောက်ပြီး မြေမကျတမ်းဖမ်း၍ ဆက်တိုက်ပြန်တောက်ပစ်ခြင်းဖြင့် တုတ်စကြာလှည့်ပြ ကစားရသည့်အတတ်မှာ လွယ်မယောင်နှင့် ခက်လှပါဘိ။ ကမ္ဘာ တစ်နံတစ်လျား လိုက်ရှာ၊ ဒဗလျူ၊ စီ၊ ဖီးလ်လို မြင်ရသူတိုင်း ဟာခနဲဟယ်ခနဲဖြစ်အောင် ကျွမ်းကျွမ်းကျင်ကျင် လှလှပပ ကစားပြနိုင်သူမျိုးကတော့ မရှိသလောက်ပင်။ သူသည် တုတ်စကြာ ကစားခြင်းကို ၁၄ နှစ်သားကတည်းက တတ်ကျွမ်းခဲ့၏။

ပထမ သူသည် စပါးကျီ၊ သို့မဟုတ် ပန်းပဲဆိုင်များအတွင်း၌ ပန်းသီးများ, တင်းနစ်ဘောလုံးများနှင့် စတင်ခဲ့သည်။ သူသည် နေ့စဉ် အချိန်ပြည့် ဒါပဲ လေ့ကျင့်နေသည်။ တစ်ခါတရံ ၁၆ နာရီပင် ကြာသွားတတ်သည်။ ယုတ်စွအဆုံး သူအပြင်းဖျားနေရာက မတ်မတ် မရပ်နိုင်သည့်တိုင်အောင် အလေ့အကျင့်မပျက်ခဲ့။

သူ့အယူအဆက တုတ်စကြာသမားတစ်ယောက်သည် တနိုင် မြှောက်ပစ်နိုင်သည့် ဘယ်အရာကိုမဆို ကစားပြနိုင်ရမည် ဟူ၍ဖြစ်၏။ သို့ဖြင့် ဒဗလျူ၊ စီ၊ ဖီးလ်သည် ကစားနေကျ တင်းပုတ်ငယ်ကလေးများ သာမက ကြက်ဥများ, ပျဉ်ချပ်များ, ဦးထုပ်များ, ကြိမ်လုံးများ, အကြော် ဒယ်ပြားများ, ပန်းကန်ပြားများ, ဖိနပ်များ, ဘီစကစ်မုန့်များ, ဆေးလိပ် များ, အုတ်ခဲများ, ဖယောင်းတိုင်များနှင့် သံပြားကြီးများပါမကျန် လေထဲတွင် စကြာလှည့်ပြခဲ့သည်။

ကြည့်ရသူအပေါင်းမှာ မျက်တောင်ပင် မခတ်နိုင်အောင် ရင်သပ် ရှုမော အံ့သြမဆုံး ဖြစ်ကြရ၏။ သူသည် ထူးထူးဆန်းဆန်းနှင့် ရင်တမမ အသည်းဖိုအောင်တန်ခိုးပြနိုင်မှ ကြိုက်သောလူတွေကို အစွမ်းပြရင်း ကမ္ဘာပတ်နိုင်ခဲ့၏။

ဘိုးဝါးစစ်ပွဲကြီးအတွင်းပင်မရှောင် ဂျိုဟန်နက်စဘတ် မြို့သူ မြို့သားတွေ၏သြဘာသံကို အရယူနိုင်ခဲ့သည်။ စပိန်, အမေရိကန်

စစ်ပြီးစမှာလည်း မဲဒရစ်မြို့သားမျိုးချစ်တစ်စု၏ အထူးဖိတ်ကြားမှုကို ခံခဲ့ရပြီး ပရိသတ်များကို ပျော်မြူးအောင် ဖြေဖျော်ပေးလိုက်နိုင်သည်။

ထို့အတူ အိန္ဒိယ, အီဂျစ်, ပြင်သစ်, ဂျာမနီ, အင်္ဂလန်, ဩစတြေးလျမှ ပြည်သူများသည်လည်း တုတ်စကြာ ဝါသနာထက်သန်စွာဖြင့် လှိုက်လှိုက်လှဲလှဲ အားပေးခဲ့ကြသည်ဟု သူ ယုံကြည်၏။

အများစုက ဖီးလ်ကို ဗြိတိသျှလူမျိုးဟု ထင်မှတ်ခဲ့ကြ၏။ စင်စစ်တော့ မဟုတ်ပါ။ သူ့ကို ပင်စီဗေးနီးယား ပြည်နယ်တွင် မွေးဖွားခဲ့ပြီး ဖီလာဒီဖဲယားတွင် ကြီးပြင်းလာရသူသာ ဖြစ်၏။

ဒဗလျူ၊ စီ၊ ဖီးလ်သည် ၁၁ နှစ်သားအရွယ် ချာတိတ်ဘဝကပင် ကမ္ဘာလှည့်ခဲ့သူ ဟုဆိုနိုင်သည်။ သူ့အဖေနှင့် အဆင်မပြေ၍ အိမ်ပြေးခဲ့ရခြင်းကြောင့် ဖြစ်သည်။ သူ့စကားအရဆိုလျှင်တော့ သားအဖချင်း နားလည်မှုလွဲခဲ့ကြသည်။ ဒီအကြောင်းကိုပြောရင်းက မျက်တောင်တဖျတ်ဖျတ်နှင့် မျက်ရည်ဝဲလာ၏။ တရားခံက ဂေါ်ပြားတစ်လက်။ တစ်နေ့ ဖီးလ်က ဂေါ်ပြားကို ပစ်စလက်ခတ်ပစ်ထားမိသည်။ သူ့အဖေ ဒူကင်ဖီးလ်က မတော်တဆတက်နင်းမိရာမှ ဂေါ်ပြားအရိုးက ထောင်ထလာပြီး ညို့သကျည်းကို ရိုက်မိသည်။ သူ့အဖေ ရှူးမတတ် ဆွေ့ဆွေ့ခုန်သွားသည်။ တစ်ပေါင်ကျိုးဖြင့် ဆွေ့ဆွေ့ခုန်ရင်း တန်းလန်းကပင် ဂေါ်ပြားကြီးဆွဲ၍ သားတော်မောင်ကို လှမ်းဆော်၏။ ဖီးလ်ပခုံး တော်တော်လေး နာသွားရသည်။ ဒါကိုပင် ကလော်ဒီလေးက သူ့ကို သက်သက်ရက်စက်တာပဲ၊ စိန်ခေါ်တာပဲလို့ ခံစားလိုက်ရသည်၊

ပြေးနိုင်မှ လွတ်မယော့နော် ဟူသောကြုံးဝါးသံနှင့် နောက်ကျတဲ့ ခြေထောက်သစ္စာဖောက်ဆိုပြီး မာရသွန်ပြေးခဲ့ခြင်း ဆိုလည်း မမှား။ ပြေးကောင်းကောင်းနှင့် ပြေးခဲ့သည်မှာ နောက်ကြောင်းကို ပြန်မလှည့်တော့။

နောက်ဆုံးတော့ ဖအေထက်ကြီးမြင့်သော အတိဇာတသား အဖြစ်ဖြင့် ဒဗလျူ၊ စီ၊ ဖီးလ် ဟုတွင်သည့် ကမ္ဘာကျော် တုတ်စကြီး ပညာရှင်ကြီး ဖြစ်ခဲ့ရတော့၏။

သူ အိမ်ကထွက်ပြေးခဲ့ချိန်မှ ၁၆ နှစ်သားအထိ သူ့ခများ ခွေးလေခွေးလွင့်တစ်ကောင်လိုပင် အိမ်ခြေယာခြေမရှိ ခိုကိုးရာမဲ့ဘဝ ရောက်ခဲ့ရှာသည်။ ကြုံရာလမ်းထောင့်မှာ ဝင်ခွေခဲ့သလို တောင်းရမ်းချေငှားပြီး ဖြစ်သလိုစားခဲ့ရ၏။ ဒီလိုမှ မရတဲ့အဆုံး အလစ်သုတ်ခိုးစား၏။ သူသည် လူကုံထံအိမ်များ၌ ခြံဝက နွားနို့ပုလင်းအတော်များများကို ခိုးသောက်ခဲ့သလို၊ သူ ကွယ်လွန်ချိန်ထိ ခြံစောင့်ခွေးကြီးတွေကိုမြင်တိုင်း အသည်းယားအူယားဖြင့် အသားတွေဆတ်ဆတ်တုန်အောင် ကြောက်လန့်နေမိဆဲ။

အကယ်၍ ဒဗလျူ၊ စီ၊ ဖီးလ်နှင့် စကားလက်ဆုံကျမိလျှင် ချားလ်ဒစ်ကင်း၏ဝတ္ထုထဲက ဇာတ်ကောင်တစ်ကောင် အသက်ဝင် အပြင်ထွက်လာပြီး ဆုံတွေ့ရသည်ဟု အောက်မေ့ခံစားရပေမည်မှာ မလွဲပေ။

တစ်ခါကလည်း သူသည် ရေနစ်သူယောင်ဆောင်၍ အကြံအဖန် လုပ်စားဖူး၏။ သူ့လုပ်ကွက်က ကမ်းခြေနှင့် ခပ်လှမ်းလှမ်း ပင်လယ်ရေနက်ရာသို့ ကူးသွားသည်။ ပြီးတော့ ယက်ကန်ယက်ကန် ရေနစ်ဟန်ဆောင်ပြီး ကယ်ပါယူပါအော်သည်။

ထုံးစံအတိုင်း ကမ်းလုံးညွတ်အောင် လူတွေဝိုင်းအုံကြည့်ကြသည်။ ဖီးလ်က မြုပ်ချည်ပေါ်ချည်နှင့် ရေမွန်း၍ အသက်ငင်နေဆဲ။ ကြံ့ရာပါတစ်ယောက်က သူ့ရဲကောင်းလုပ်၍ သွားကယ်သည်။ ဒီအသက်ကယ်ပွဲအတွင်း ကျန်အဖွဲ့ဝင်တွေက ပွဲကြည့်ပရိသတ်တွေကို အသားသွတ်မုန့်များနှင့် အိုက်စကရင်တွေ လိုက်ရောင်းပြီး စီးပွားရှာကြခြင်းပဲ ဖြစ်ပါသည်။ အခြေအနေပေး၍ အလုပ်သွက်သောအခါမျိုးတွင် တစ်နေ့တည်း ၄ ခါ, ၅ ခါမက ရေနစ်ပြရသောဟူ၏။ ထို့အတွက် သူ အဖမ်းခံခဲ့ရသည့်အကြိမ်ပေါင်းမှာလည်း မှတ်တောင်မ မှတ်နိုင်တော့ဟု ဆို၏။

ဒီကနေ့အချိန်မျိုးမှာသာ အဲဒီလို ပြောင်လိမ်မည်ဆိုပါက စာရိတ္တပြုပြင်ရေးထောင်သို့ တန်းရောက်သွားဖို့အရေးမှာ ဖဲဝိဇ္ဇာတစ်ယောက်အောက်ဖဲဆွဲသည်ထက်ပင် သေချာသေးရဲ့ဟု သူက ဝန်ခံ၏။

ပြီးတော့ ရေခဲကားတစ်စင်း၌ အလုပ်သမားအဖြစ် ခဏတဖြုတ်ဝင်လုပ်ခဲ့သေးသည်။ မနက် ၄ နာရီထ၍ အလုပ်ခွင်ဝင်ရသည်။ ဒါပေမယ့် သွားလေရာတောက်လျှောက် ရေခဲတုံးလေးတွေကို ပန်းစကြာလှည့်၍ ကစားခဲ့သည်သာ ဖြစ်၏။

ထို့အတူ သူ့မြင်းကို မြင်းစာကျွေးရင်းကလည်း မြက်ထုံးတွေနှင့် စကြာလှည့် လေ့ကျင့်နေခဲ့ပြန်သည်။

သူ လေ့ကျင့်၍ ၂ နှစ်မျှအကြာတွင် သတင်းစာမှ တုတ်စကြာသမားအလိုရှိကြောင်း ကြော်ငြာပါလာရာမှ သူ သွားလျှောက်ပြီး အရွေးခံခဲ့ရ၏။ လုပ်ခမှာ ၁ ပတ်မှ ၁ ပေါင်သာ ရသည်။ သို့သော် လောဘကြီးသော မန်နေဂျာကို ကော်မရှင်အဖြစ် ၆ သျှီလင် အပတ်စဉ်ဆက်သခဲ့ရပါလေ၏။ ထို့ကြောင့် ပိုက်ဆံစုမိရန် သူ့ခမျာ အဝတ်လဲခန်းတွင်အိပ်ရပြီး မဝရေစာ စားခဲ့ရရှာသည်။

သည့်နောက် နှစ်လုံးပေါက် လုပ်ခ မရလောက်အောင်လည်း

ကံခေခဲ့သည့် အဖြစ်မျိုး ကြုံရသေး၏။ အဖြစ်ကတော့ သူ ပါဝင်သော ကဇာတ်ပဒေသာအဖွဲ့ အရှုံးပေါ် ဇာတ်ခေါင်းကွဲခဲ့သည့်အထဲ မန်နေဂျာက ငွေတွေကို ဘုံးပြေးသောကြောင့် ပါပေတည်း။

မည်သို့ဆိုစေ၊ သူက လက်ရှိဘဝကို ယထာဘူတကျကျ သုံးသပ်ရင်ဆိုင်ခဲ့၏။

ပိုက်ဆံတစ်ပြားမျှ မရဘူးထား။ တစ်နေ့ကို ထမင်း ၃ နပ်စားရပြီး သန့်သန့်ခန့်ခန့် အိပ်ရတာပဲနည်းလားလို့။ ဖြစ်ချင်ရာဖြစ် စိတ်မညစ်တမ်း။ ကြုံရာကွေ့ တွေ့ရာတက်နှင့်လှော် ဆိုတဲ့ထုံး နှလုံးမူခဲ့သည်။ ကျရာဘဝမှာ ပစ်တိုင်းထောင်လို ပြုံးပြုံးလေးနေနိုင်ခဲ့သည်ပဲ ဆိုပါတော့။

ယခုတော့ ဒဗလျူ၊ စီ၊ ဖီးလ်တစ်ယောက် ဟောလိဝုဒ်မှာ အပျံစားအိမ်နှင့် ငြိမ့်နေပါလေပြီ။ သီးသန့်အဝတ်လဲခန်းတွေ ဘာတွေနှင့်။ နံရံမှာ ဦးထုပ်အလုံး ၅၀ ချိတ်ထားနိုင်သည့်အဆင့်။

သူ ကပွဲရုံသို့ လာရာလမ်းမှာ လူတွေတစ်သီတစ်တန်းကြီး စောင့်မျှော်ကြိုဆို ဂုဏ်ပြုနှုတ်ဆက်ခံရတဲ့ ဘဝ။ ဒီဘဝကို ရောက်အောင်လည်း အနှစ် ၄၀ လုံးလုံး ကြိုးပမ်းခဲ့ရသည် မဟုတ်ပါလား။ သို့နှင့် အမှု မွေ့ရာနှင့်, အခင်းနှင့်, ဂွမ်းစောင်တွေအထပ်ထပ်နှင့် စမတ်ကျကျ စက်တော်ခေါ် ပျော်နိုင်တဲ့အခြေ ဆိုက်ခဲ့ပါချေပြီ။

သူ ကိုယ်တိုင် တစ်ခါ ပြောဖူးသည်။

"အေးဗျာ။ အခု အဖိုးတန်ခြုံလွှာတွေကြားထဲတိုးရင်းက ဘဝဟောင်းကိုသတိရပြီး ကျုပ် ပြုံးမိတယ်ဗျ။ တောင်ဆုပ် မွေ့ရာပေါ်ကြီးပေါ်မှာ ခြေပစ်လက်ပစ်အိပ်ရတာ အမယ်လေးလေး တယ်လည်း အရသာထူးပါကလားဗျို့"တဲ့။



# လူပြက်ကြီးမို့ ရှက်တတ်သည်

ချစ်ဆေးလ်

သူရေးပြီး သူကိုယ်တိုင် စိတ်မကောင်းပြန်ဖြစ်ရသော စာတစ်အုပ်အတွက် စကားလုံးတစ်လုံးကို ၁၀ ပေါင်နီးပါး ရခဲ့၏။

သူ သီချင်းမဆိုတတ်ပါ။ မကတတ်ပါ။ ပလွေလည်း မမှုတ်တတ်ပါ။ ဒါပေမယ့် နာမည်အကြီးဆုံး ပလွေသမား ဖြစ်ခဲ့သည်။

■

ဤစာကို ရေးနေချိန်အထိ စာအုပ်တစ်အုပ်မှ စာတစ်လုံးလျှင် ၁၀ ပေါင်နှုန်းဖြင့် အမြတ်ထွက်ခဲ့သော စာရေးဆရာဆို၍ တစ်ယောက်တည်းသာ ရှိဦးမည်ဟု ကျွန်တော် ထင်ပါသည်။

စာအုပ်အမည်က 'ပါရဂူ'။

စာရေးဆရာက 'ချစ်ဆေးလ်'။

ပါရဂူ စာအုပ်သည် ချစ်ဆေးလ်၏ ပထမဆုံး လက်ရာဖြစ်သလို၊ သူ့ကိုယ်သူ အထင်မကြီး၍ စတင်ထုတ်ထုတ်ချင်း အုပ်ရေ ၂၀၀၀ သာ ရိုက်ခဲ့၏။ ထိုစာအုပ်တွေကိုလည်း ၂ လခွဲမျှ ရောင်းခဲ့ရ၏။ သည့်နောက် အမှတ်မထင် သူ့စာအုပ်က ဖြုန်းခနဲ ဒိုင်းခနဲ နာမည်ကျော်ကြား လူကြိုက်များသွားသည်။ စာအုပ်၏ကောင်းသတင်းက တောမီးကြီးပမာ တစ်ပြည်လုံး တဟုန်းဟုန်းတောက်သွားသည်။ စာအုပ်တွေက ထပ်ခါထပ်ခါရိုက်မလောက်အောင်ဖြစ်၍ 'ကောင်းသော ဤမြေ' ဆိုသည့် စာအုပ်ထက်ပင် အုပ်ရေ ပိုရောင်းကောင်းခဲ့ရ၏။

သည့်အတွက် စာရေးဆရာလုပ်သူကတော့ အပျော်ကြီးပျော်၍ မော်ကြွားဂုဏ်ယူနေမည်ဟု ထင်ပါသလား။ ဒါဆိုရင်တော့ သင့် အထင်လွဲသွားချေပြီ။ ချစ်ဆေးလ်ကတော့ နည်းနည်းမျှ ဝမ်းမသာနိုင်ပါ။

သူ ဒီစာအုပ်ကိုရေးမိတာပင် မှားသေးရဲ့လို့ နောင်တစကားဆို၏။ ဘာကြောင့်များပါလိမ့်။

အကြောင်းရင်းကတော့ သူ့ပြက်လုံး, သူ့ဟာသတွေကို စာဖတ်သူ တော်တော်များများ နားမလည် သဘောမပေါက်ခဲ့ကြလို့ပဲ ဖြစ်ပါသတဲ့။ တစ်ဘက်ကတော့ စာအုပ်၏ အောင်မြင်မှုအတိုင်းအတာနှင့်အမျှ သူ ဂုဏ်ယူမိတာ အမှန်။ သူ့ရှေ့မှာ သူ့စာအုပ်အကြောင်း ပြောတိုင်း သူ့အဖို့ အနေကြပ်ခဲ့ရသည်။ မနှစ်မမြို့ ခံစားရသည်။

သည့်အတွက် မပြောတာပဲ ခပ်ကောင်းကောင်း ဟု ဆို၏။ အထူးသဖြင့် ဟာသ၏ ရသနှင့်တန်ဖိုးကို နကန်းတစ်လုံး နားမလည်သူများ၏ အမြင်အတွေးများကို သူ အောင့်သက်သက်နှင့် နားထောင်နေသော ကြောင့်ပဲ ဖြစ်သည်။

တစ်ခါကတော့ သူ့သမီးဖြစ်သူကိုယ်တိုင်က စာအုပ်ထဲမှာ သူတို့ မိသားစု သိက္ခာကျ အရှက်ရစရာတွေ ပါသည်ဆိုပြီး ချုံးပွဲချ ငိုခဲ့ဖူးသည်။

စင်စစ် ချစ်ဆေးသည် စာရေးဆရာဖြစ်လာရခြင်းမှာ မတော် တဆ ကံစွပ်ခဲ့ခြင်းလို့သာ ဆိုနိုင်၏။ အမှန်က သူသည် လူတွေကို ရယ်မောပျော်ရွှင်အောင် ကလိထိုးနိုင်သော ဟာသဝိဇ္ဇာတွေအနက် ‘၁’စွဲလောက်သော ဟာသသရုပ်ဆောင်ကြီးသာ ဖြစ်ပါ၏။ ဒီနေရာမှာ လည်း ဟာသမင်းသားဘဝကို မမျှော်လင့်ဘဲ မတော်တဆရခဲ့သည်ဟု ဆိုရပေမည်။

ယခင်ယခင်နှစ်များက သူသည် အီလီနွိုက်ပြည်နယ် ယူဘာနာ မြို့လေးမှ စက်ပြင်ဆရာတစ်ယောက်သာ ဖြစ်ခဲ့သည်။ သူ့ အစ်မတစ် ယောက်က အကအခုန်ဝါသနာကြီးစွာဖြင့် ချီကာဂိုသို့သွားပြီး အနုပညာ ကျောင်းတက်ခဲ့၏။ ခရစ်စမတ်ပွဲတော်ရက်အတွင်း ဌာနေသို့ ပြန်လာ ရာမှ ဘုရားကျောင်းတွင် တစ်ပါးသူ၏အမူအရာကို အတုခိုးလုပ်ပြပြီး ရယ်ပွဲဖွဲ့သည့် အစီအစဉ်တစ်ခု တင်ဆက်ခဲ့၏။

သူမ၏ဖျော်ဖြေမှုပြီးဆုံးသည်နှင့် ချစ်က “ဒါလေးများ ဘာခက် တာ မှတ်လို့ဗျာ။ အစ်မလို ကျောင်းမတက်ဘဲနှင့်တောင် လုပ်ပြနိုင် သေး”လို့ ဖွင့်အန်မိသည်။

သူ့အစ်မက “ဒါဆိုလည်း လုပ်ပြလေ”ဟု မြှောက်ပေးလိုက် ရာမှ ချစ်တစ်ယောက် လူပုံအလယ်သို့ထွက်ပြီး သူတို့မြို့က ကြေးနန်း အော်ပရေတာ၏အမူအရာနှင့် တစ်ထပ်တည်းတူအောင် ခပ်လောင်

လောင်လေး လုပ်ပြလိုက်သည်။ ပွဲကြည့်ပရိသတ်အားလုံးလည်း ကျွမ်းထိုးမှောက်ခုန်ဖြစ်မတတ် တဝေါဝေါနှင့် ပွဲကျသွားကြသည်။

ပါရမီဓာတ်ခံနှင့် ဇဝနဉာဏ်က ပွဲဦးထွက်အောင်မြင်မှုကို ဖန်တီးပေးလိုက်ခြင်းပင်ဖြစ်၏။ ဖြစ်ချင်တော့ နောက်တစ်ပတ်မျှအကြာမှာပင် သူတို့မြို့သို့ ကဇာတ်အဖွဲ့တစ်ဖွဲ့ ရောက်လာပြန်သည်။ ထို ကဇာတ်အဖွဲ့မှာလည်း အဆို,အကချည်းသက်သက်နှင့် ပရိသတ်ငြီးငွေ့မသွားရလေအောင် ကြားဖြတ် အစီအစဉ်တစ်ခုအနေဖြင့် လူရွှင်တော်တစ်ယောက်၏ တစ်ကိုယ်တော်ဖျော်ဖြေခန်း ပါဝင်၏။ သို့ပေမယ့် ထိုအချိန်က လူရွှင်တော်သည် မကျန်းမမာဖြစ်နေ၍ ထွက်မကနိုင်။ သည်သတင်းကို ကြားကြားချင်း ချစ်က အပြေးသွား၍ သူ ကူညီ၍ အစားထိုးက,ပေးမည်ဟု ပြောမိသည်။

ပထမ မန်နေဂျာဖြစ်သူက အင်တင်တင်လုပ်နေသေး၏။ ချစ်က နမူနာ ၁ ကွက်, ၂ ကွက် လုပ်ပြလိုက်တော့မှ သဘောကျသွားသည်။ ချစ်ကို တစ်ပတ်စာ သျှိလင် ၅၀ နှင့် ငှားလိုက်သလို ချစ်လည်း လူရွှင်တော်ဘဝလုံးလုံး ကူးခဲ့ရပါတော့သည်။

ရောင်စုံဆလိုက်မီးတွေ, ဝတ်ကောင်းစားလှဝတ်၍ မပင်မပန်းလုပ်ရမှုတွေ, ပရိသတ်၏ ပျော်ရွှင်ရယ်မောသံတွေ, ဩဘာသံ လက်ခုပ်သံတွေက သူ့ကို မီးရထားအလုပ်ရုံသို့ပြန်မသွားအောင် ညှို့ယူနှောင်ဖွဲ့ထားလိုက်ပါပြီ။

သည်မှနောက် သူသည် သေတ္တာဟောင်းလေးဆွဲ၍ ချီကာဂိုသို့ တက်ခဲ့ရာမှ ဇာတ်ရုံတစ်ရုံတွင် ဝင်လုပ်ခဲ့၏။ အပေါ်စား အိမ်တစ်ခန်းကို ငှားနေပြီး ဟာသအသစ်အဆန်းတွေကို တီထွင်လေ့ကျင့်ခဲ့ပြန်သည်။

သူ့ကိုယ်သူ အဘိုးကြီးရုပ်ပြောင်းဖို့, နှုတ်ခမ်းမွေးအတုတပ်ဖို့ ကြံမိ၏။ ဒါပေမယ့် နှုတ်ခမ်းမွေးလုပ်ရန် သဘင်သည်တွေသုံးနေကျ အမွေးတု ဘယ်မှာဝယ်ရမှန်း သူ မသိ။ ဒီတော့လည်း ခက်တာမှတ်လို့။

ကြမ်းတမ်းတဲ့ ကော်ဇောကြမ်းကအမွေးတွေ ဖြတ်ညှပ်ကပ်လုပ်လိုက်သည်ပေါ့။ ချစ်သည် ပြဇာတ်သုံးမိတ်ကပ်ပစ္စည်း ရောင်းသူထံမှ တကယ့်နှုတ်ခမ်းမွေးအတုကို မဝယ်နိုင်မချင်း သူ့လက်ဖြစ် ကော်ဇောကြမ်းနှုတ်ခမ်းမွေးဖြင့် ၈ လလုံးတိုင်တိုင် ကပြ အသုံးတော်ခံခဲ့ရသည်ဆို၏။ ပြီးတော့ အလုပ်ဝင်စမို့ ရတဲ့ငွေကလည်း နည်းမှနည်း။ ရသမျှလေးကို ခြစ်ခြစ်ကုပ်ကုပ် ဖူးဖူးမှုတ်၍ သုံးစွဲရသည်။

အစားအသောက်ကို ဝလင်အောင်မစားနိုင်ဘဲ အပေါစားသကြားလုံးတွေမြုံ့ရင်းက ညစာတစ်နပ် ပြီးခဲ့ရသည့်ရက်တွေလည်း အနမတဂ္ဂ။ ခံတွင်း တွေ့တွေ့ မတွေ့တွေ့ အဆာပြေရင် ပြီးရောဆိုပြီး ကြိတ်ခံရတာပဲ ဖြစ်သည်။ ကြာတော့ အစာအိမ်ရောဂါ ရသည်။ အပေါစားချိုချဉ်တွေက ဒုက္ခပေးတာလို့လည်း ဆိုနိုင်သည်။ မပြေးသော်ကန်ရာရှိပြီပဲ။ မစားရက် မသောက်ရက် စုထားသမျှလေးတွေ ရာထောင်ချီ၍ ခွဲစိတ်ကုသခပေးရတာနှင့် ကုန်ပါလေရော။ သည့်နောက်တော့ သူသွားလေရာမှာ အိုးတစ်လုံး အမြဲဆောင်ထား၍ ချက်ပြုတ်စားသည်။ ဟိုတယ်စာတွေမစားနိုင်သဖြင့် ချွေတာရခြင်းပဲ ဆိုပါတော့။

ထို့အတူ သူနှင့်အတူ ရောမသံသေတ္တာကြီးတစ်လုံးလည်း ကိုယ်နှင့်မကွာ ပါလေ့ရှိ၏။ ထိုသေတ္တာကြီးကို သူက ဘီရိုသဖွယ် သုံးပြီး ရယ်စရာသောင်းခြောက်ထောင် စာအုပ်စာတမ်း မှတ်စုတွေကို ရှာဖွေသိမ်းဆည်းထားခြင်းပဲ ဖြစ်သည်။

သူ့ဟာသဘဏ်တိုက်က ကမ္ဘာပေါ်တွင် အကြီးဆုံးဟုပင် စံတင်လောက်၏။ တစ်နည်း သူ့လောက် ဟာသပြက်လုံးကြွယ်ဝသူ မရှိသလောက်ပင် ဖြစ်ခဲ့၏။

သို့သော် ပွဲကချိန်ပြင်ပ၌ သူနှင့် လူချင်းတွေ့လို့ကတော့ ရယ်စရာစကား တစ်လုံးမျှပြောမည် မဟုတ်။

ဟာသဝိဇ္ဇာတစ်ယောက်၏ မျက်နှာထက် မှုန်တေတေနှင့်

အတွေးလွန်နေသူ ဒဿနပညာရှင်ကြီးတစ်ယောက်၏ ပုံစံမျိုးသာ ဖမ်းထားတတ်၏။

ချစ်သည် ဘရော့ဒ်ဝေး ပြဇာတ်ရုံတန်းတွင် တစ်ညတည်းနှင့် ဂီတဇာတ်မြူး ၆ ခန်းကို တစ်ရုံမှတစ်ရုံ ကူး၍ ကပြခဲ့သည်။ သို့လင့်ကစား သူသည် သီချင်းတစ်ပုဒ်မျှ မဆိုနိုင်ခဲ့သလို က,လည်း မကတတ်ခဲ့ချေ။

သူသည် အမေရိကတွင် အတော်ဆုံးပုလွေသမား ဖြစ်၏။ တကယ့်ပလွေအစစ်ကို မှုတ်တတ်ခြင်းမဟုတ်။ ပါးစပ်ပလွေမှုတ်ခဲ့ခြင်းသာပါတဲ့။

သူသည် ပဲရစ်မြို့ကို တစ်ခေါက်မျှ မရောက်ဘူးပါဘဲလျက် ပဲရစ်မြို့တော်အကြောင်း ခပ်တည်တည်နှင့် အာဝဇ္ဇန်းရွှင်ရွှင် ရေပက်မဝင်အောင်ပြောပြီး တစ်ချီလျှင် ပေါင် ၁ သောင်း ဟူသော ကြေးကို အရယူခဲ့သည်။

သူ ဇာတ်က,ခဲ့သည့် ၁၆ နှစ်လုံးလုံးမှာလည်း ရှူးဖိနပ် အဟောင်းကြီးတစ်ရန်တည်းသာ စွဲစွဲမြဲမြဲ စီးခဲ့၏။ ထိုဖိနပ်ကြီးများက သူ့ အဘိုးကြီးအဖြစ် သရုပ်ဆောင်လိုက်တိုင်း ဝတ်နေကျလည်း ဖြစ်၏။ ချစ်က ထိုဖိနပ်ဟောင်းကြီးတစ်ရန်သည် သူ့ကို ကံကောင်းစေခဲ့သည်ဟု ယုံကြည်သည့်အလျောက် အသစ်ဝယ်စီးရန် ငြင်းဆန်၍ စုတ်လိုက် ချုပ်လိုက်,ပျက်လိုက်ပြင်လိုက်နှင့် ထပ်တလဲလဲစီးခဲ့သည်ဟု ဆို၏။

သူ ကဇာတ်ပဒေသာတွင် အမှုတော်ထမ်းရင်းက မွန်တာနာပြည်နယ် မွန်သော်လာမြို့သူလေးတစ်ဦးနှင့် ဖူးစာဆုံခဲ့ရသည်။ ငွေလရောင်အောက်တွင် စံပယ်ကုံးလေးပန်ဆင်ထားသော ယဉ်မျိုးစုလှထိပ်တင် နတ်မိမယ်လေးက ချစ်ဆေးကို အပြတ်ဖမ်းစားပစ်လိုက်၏။ မျက်လုံးချင်းဆုံလိုက်သည်နှင့် အသည်းတွေအူတွေ နတ်ယူသလို ထွန့်ထွန့်လူးသွားစေ၏။

သို့သော် ဇာတ်ရုံထဲမှ အထောင်အသောင်းသောရွှေပွဲလာတွေကို ရှိတယ်လို့ မထင်။ မရှက်မကြောက် ရင်ဆိုင်ရဲခဲ့ပြီး စိတ်တိုင်းကျ စေစားခြယ်လှယ်ခဲ့တဲ့ လူရွှင်တော်ကြီး။ ဘာမဟုတ်တဲ့ ကောင်မလေးနှင့်တွေ့မှ ရောဂါရ၍ ချွေးဒီးဒီး ကျခဲ့ရပါလေပြီ။ အကြင် လုဇကေရီလေးကို ချစ်ရေးဆိုမည်ကြံလိုက်ရုံနှင့် လက်တုန်ခြေတုန် အသည်းတုန်အူတုန် တစ်ကိုယ်လုံး လျှောင်လျှိုင်းမိပြီး ဘာက ဘယ်လို စရမှန်း မသိ။ ရှိသမျှသတ္တိတွေ တက်တက်စင်ပြောင်။ စကားတွေ အယောင်ယောင် အမှားမှား။ စိုးရွံ့ရှက်စိတ်တွေ တဖွားဖွား မဟားတရား ရင်မော ခဲ့ရသည့်အဖြစ်။

နောက်ဆုံး နေမကောင်းလို့ပါ အကြောင်းပြပြီး တည်းခိုရာ ဟိုတယ်သို့ တပ်ဆုတ်ပြေးခဲ့သည့် ဇာတ်လမ်း။ အဲ ဟိုတယ်ရောက်မှ သူ့ရဲ့ကောင်းကြီး ဆေးစွမ်းပြကာ တယ်လီဖုန်းဖြင့် ရည်းစားစကား ပြောဖြစ်တော့သည်။ မရွှေချောလေးကလည်း ၂ ခါ မငြင်း။ အရေးပေါ် ချက်ချင်းကြီးလက်ထပ်ခဲ့ကြရာမှ သား,သမီး ၄ ယောက် မွေးပါလေ တော့သတည်း။

'ပါရဂူ'ဟူသော ဘဝအတွေ့အကြုံစာအုပ်ထူကြီးမှ သိန်းချီဝင်ငွေရခဲ့သည့်နောက် ချစ်ဆေးသည် နောက်ထပ် စာအုပ်တစ်အုပ် ရေးပြန်၏။

'ရုပ်ရှင်လောကကို ထိုးဖောက်ဝင်ခဲ့သော ပလွေဆရာ'ဟု အမည်ပေးထားသော စာအုပ်ပင်ဖြစ်၍၊ ထင်တိုင်းမပေါက်ခဲ့သည့်အပြင် စာအုပ်ရိုက်ခပင် မကျေခဲ့ ဟုဆို၏။



# ကြမ်းသလားမမေးနှင့် စစ်ပြန်

## ဖရန့်ဆစ် ကီးယက် ဘရောင်း

ရုပ်ရှင်ထဲမှာ ပီပြင်ပြည့်စုံအောင် မပြနိုင်ခဲ့သည့် ဘင်္ဂလားစစ်သားလေး၏ မဟာစွန့်စားခန်း။

သေမင်းရှေ့ လက်တစ်ကမ်းအကွာမှ အကြိမ်ကြိမ် လွတ်မြောက်ခဲ့ရသော ဖိုးသက်ပြင်း။

အသက်နှင့်ရင်းရသော ကြောက်မက်ဖွယ် ရိုးရာ တောဝက်ဖမ်းပွဲ။

ရန်သူတွေကြားမှ လက်တစ်လုံးခြားမာယာများဖြင့် မိန်းမယောင်ဆောင်၍ ထွက်ပြေးဖို့ အကြံဆန်း။

■

လွန်ခဲ့သော အနှစ် ၂၀ ခန့်က တစ်ညနေတွင် ဖြူဖြူသွယ်သွယ်နှင့် ရင့်ကျက်သော ရုပ်ရေပိုင်ရှင် ဗြိတိသျှလူလင်ပျိုတစ်ဦးသည် ဖောရက်စဟီးလ်ရှိ ကျွန်တော့်အိမ် မီးလင်းဖိုရှေ့၌ ထိုင်လျက် ထူးဆန်းလှျို့ဝှက်၍ ဒဏ္ဍာရီဆန်လှသော အရှေ့တိုင်းက သူ့ စွန့်စားခန်းများကို ပြောပြခဲ့ရာက ကျွန်တော့်မှာ နာရီပေါင်း အတော်ကြာအောင် ငြိမ်ချက်သားကောင်းကောင်းနှင့် အငေးသားနားထောင်ရင်း ညို့သက်မိခဲ့ရပါလေ၏။

သူသည် ထိုအချိန်က ၃၉ နှစ်ရှိနေပြီဖြစ်၍ သူ့အသက် ၁၉ နှစ်အရွယ်ကပင် စစ်ပွဲကြီးတွေ အကြိမ်ကြိမ်နွှဲပြီး သေမင်းနှင့် အဖန်တလဲလဲ မိတ်ဆက်ခဲ့သူပါပေတည်း။ သူသည် ဘဂ္ဂဒက်နှင့် ကွန်စတင်တီနိုပိုတွင် စစ်သုံ့ပန်း စစ်အကျဉ်းသား ဖြစ်ဖူး၏။ မက်ဆိုပိုတေးမီးယားမှ ခြစ်ခြစ်တောက်ပူသော သဲကန္တာရထဲတွင် တူရကီများနှင့်လည်း ရင်ဆိုင်တိုက်ခိုက်ဖူးခဲ့၏။ ဖလင်ဒါးရှိ ရွံ့ညွန်ထူထပ်သော စစ်တလင်း၌ ဂျာမန်များနှင့်လည်း အသေအလဲ ပြိုင်ယှဉ်သတ်ဖြတ်ခဲ့ဖူး၏။

ပြီး 'သွေးစွန်းသောနှစ်များ'ဟု အမည်ပေးထားသော စာအုပ်တစ်အုပ်ကိုလည်း ပြောင်ပြောင်မြောက်မြောက်ရေးခဲ့ဖူး၏။

သူသည် တကယ့်ကို 'အာရေဗျ လောရင့်'နှင့်တူပြီး အေးအေးဆေးဆေးဖြင့် စကားကို သိမ်မွေ့ပျော့ပျောင်းစွာပြောတတ်သော ဗြိတိသျှအမျိုးကောင်းသားတစ်ယောက် ပီသ၍၊ စစ်တိုက်ဖို့ထက် ကဗျာနှင့် ဒဿနိကဗေဒကို ပိုမိုစိတ်ဝင်စားကြောင်း တွေ့ရှိရပါသည်။

ဒါပေမယ့် တစ်ခုသောအတိတ်ကတော့ ကြမ်းကြမ်းရမ်းရမ်း စစ်သားကြီး ဖြစ်ခဲ့သူပါ။ စစ်ပြန်ကြီး ကီးယက်ဘရောင်းမှာ စစ်သက် ၂၀ အတွင်း ငွေကြေးဆို၍ များများစားစား စုမိဆောင်းမိ ရှိခဲ့ပုံမရပါ။

သူ့အနာဂတ်ဘဝခရီးကို ဘယ်သို့ဘယ်ပုံ လှမ်းလျှောက်မည်ဆိုတာ ကလည်း တွေးတောထားပုံ မပေါ်ပါ။ သို့နှင့်အမျှ ဘာကိုမျှ ထိတ်ထိတ် ပျာပျာ အလွန်အမင်းစိုးရိမ်ပူပန်ခြင်း ဖြစ်ဟန်မတူတော့သယောင်ယောင်။

သူ အရှေ့ဘက်သို့ သွားနေစဉ်အတွင်း၊ အရှေ့တိုင်းမှ သောက ကင်းဝေးနေနိုင်ရေး နည်းပညာများကို သင်ကြားတတ်မြောက်လာသည် ထင်ရ၏။ သူ့အနေဖြင့် ဂန္ဓာရီပညာများနှင့် ယောဂကျင့်စဉ်များကိုပင် လေ့ကျင့်ထားပြီး ဖြစ်နိုင်သလို၊ အိန္ဒိယသူတော်စင်များထံ တပည့်ခံ၍ ဝေဒန္တ အတတ်၏ နက်နဲလျှို့ဝှက်မှုများကိုလည်း အခြေအမြစ်ကျကျ လိုက်စားထားလောက်ပါသည်။

ဘာပဲဖြစ်ဖြစ် ဘရောင်းသည် သမားရိုးကျနေထိုင်သူ ကျွန်တော် တို့နှင့်မတူသော ဘဝတစ်ခုကို ပိုင်ဆိုင်ထားတာကတော့ သေချာသည်။ ၃၈ နှစ်ဟူသော သက်တမ်းတစ်လျှောက်၌ သူသည် ဘဝပေါင်းများစွာ ကျင်လည်ရလျက် ထူးထူးခြားခြား အတွေ့အကြုံရင့်ကျက်ခဲ့သူဆိုလည်း မမှားပါ။

သို့ဖြစ်သည့်အားလျော်စွာ သူ အလိုရမှတ်နည်းပါး၍ ခံနိုင်ရည် ရှိလာရပုံများကို စာတစ်ပုဒ်အဖြစ် ရေးထုတ်ခဲ့ပါသေးသည်။

'ဘင်္ဂလားစစ်သားတစ်ယောက်၏ ဘဝဇာတ်လမ်းစုံ'ဟု အမည် ပေးထားသော စာအုပ်ထဲတွင် ကျွန်တော့်ကို တစ်ညနေလုံးပြောပြခဲ့ သော အကြောင်းအရာတော်တော်များများ ပါဝင်ခဲ့ပါ၏။ သူ့စာအုပ် သည် ၁၉၃၀ ပြည့်နှစ်ကာလက သိသိသာသာ အောင်မြင်မှု ဂယက် ရိုက်ခတ်ခဲ့သည်ကတော့ အမှန်ပင်။ ထိုစာအုပ်မှ တစ်ဖန် ဝင်ငွေ အကောင်းဆုံး ရုပ်ရှင်ကားတစ်ကားအဖြစ် ဟောလိဝုဒ်က ရိုက်ထုတ် လိုက်ပြန်သည်။

ဒါပေမယ့် အတ္ထုပ္ပတ္တိများကို အခြေခံရိုက်ကူးတိုင်း ဖြစ်နေကျ ဟောလိဝုဒ်၏ထုံးစံ ကီးယက်ဘရောင်း၏ ရင်သပ်ရှုမောဖွယ်ရာ မူရင်း

ဖြစ်ရပ်များနှင့် တခြားစီ။ ကွာသမှ အလွန့်အလွန် ကွာခြားကွဲလွဲနေခဲ့ပါချေ၏။

ဖရန်ဆစ် ကီးယက်ဘရောင်းသည် ဗြိတိသျှလက်အောက်ခံဘင်္ဂလားဘုရင်ခံစစ်တပ်ထဲ ဝင်ခဲ့ချိန်၌ အသက် ၁၉ နှစ်သာ ရှိသေး၏။

ဘင်္ဂလားစစ်တပ်၏ အပြာနှင့် ရွှေရောင် ယူနီဖောင်းကို ဝတ်၍ အပြာနှင့် ရွှေရောင်ခေါင်းပေါင်းကိုဆောင်းရသော မြင်းစီးတပ်သားဘဝနှင့် ဟန်ကြီးပန်ကြီးတစ်ခွဲသားဖြင့် မော်ကြွားဝင့်ဝါခဲ့သည်ပဲ ဆိုရမည်။ တကယ်တော့လည်း သူ့တပ်သည် ဒေါင်ဒေါင်မြည် လက်ရွေးစင်အားကောင်းမောင်းသန်လူငယ်များနှင့်သာ ရွေးချယ်ဖွဲ့စည်းထားသလို၊ အိန္ဒိယပြည်မ၏ ချည့်နဲ့ယိုယွင်းနေသော တပ်ရင်းတစ်ခုလည်း ဖြစ်ပေါ်၏။ သို့နှင့်အမျှ သူတို့တပ်သားတွေမှာ လခဟူ၍ မရသလောက်။ ရလျှင်လည်း တစ်လလုံးမှ ၂ ပေါင် ၁၀ သျှီလင်ထက် မပို။ ပြီးတော့ မြင်းတွေအတွက် ကိုယ့်ဘာသာ အစာ ရှာကျွေးရသည်။ စစ်အသုံးအဆောင်တွေကိုလည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြံဖန်ကြရသည်။ သို့သော် အင်္ဂလန်သား မိုက်မဲသောလူငယ်တစ်စုသည် အမိအိန္ဒိယပြည်ကြီးအပေါ်၌ သာပေါင်းညာစားမလုပ်ဘဲ ကျေးဇူးသစ္စာကို အနစ်နာခံစောင့်ထိန်းခဲ့၏။

သူတို့သည် ထိုနေရာသို့ ဂုဏ်သိက္ခာအတွက် ရောက်ရှိသွားခဲ့ကြသလို သူတို့ဘဝ တစ်သက်တာအဖို့လည်း ကရစ်ရှနားနတ်ဘုရားနှင့် တရုတ်ဂေါ်ဒန်, ဆာဖရန့်ဆစ်စဒရိတ်, ဆာဝေါလ်တာရီလေးတို့၏ ဝိညာဉ်များ ပူးဝင်ခြင်းခံရတော့သည်သာဖြစ်၏။ သူတို့အဖို့ နေ့စဉ်မနက် ၅ နာရီထ၍ နေမြင့်သည့်တိုင် နာရီပေါင်းများစွာ စစ်ရေးပြရသည်မှာ တစ်ခါတစ်ရံ သေနတ်ပြောင်းတွေ ပူလွန်းမက ပူလာသဖြင့် မကိုင်နိုင်တော့သည်အထိပင်။ ထို့ပြင် နေရိပ်အောက်မှာပင် ၁၀၀ ဒီဂရီ

တက်နေသည့် အပူချိန်၌ သူတို့သည် ပိုလိုကစားကွင်းအတွင်း ပြေးဆင်း ပြေးတက်လုပ်၍ အားသစ်လောင်းတမ်းကစားခဲ့ရသော ဟူ၏။ ဒီလိုနှင့် သူတို့ကိုယ်လုံးတွေက နေလောင်ဒဏ်ကြောင့် ညှိုးချုံးခဲ့ကြရသလို ငှက်ဖျားရောဂါလည်း အမြစ်တွယ်ခဲ့ရတော့သည်။

ဒါပေမယ့် ကီးယက်ဘရောင်းက ပြောပြရမှာတော့ အိန္ဒိယတွင် အန္တရာယ်အကြီးဆုံးနှင့် ရင်တုန်စရာအကောင်းဆုံးကစားနည်းမှာ ဝက်ထိုးခြင်းပင် ဖြစ်ပါသည်တဲ့။ ကစားပုံကတော့ တကယ် အသည်းယားစရာ။ ဆူးချုံတောကြီးထဲမှာ မြင်းကိုဒုန်းစိုင်းစီးသွားပြီး ကျောက်ဆောင်ထူထပ် ကြမ်းတမ်းသော တောင်ခြေမှ တောဝက်အရိုင်းကို သေနတ်လက်နက်မသုံးရဘဲ ဝါးလုံးထိပ်၌ လှံသွားတပ်ထားသော မှိန်းဖြင့် လိုက်ထိုးဖမ်းရခြင်းပင် ဖြစ်၏။

ဒဏ်ရာရထားသောတောဝက်လောက် ကြောက်စရာကောင်းသည့် အန္တရာယ်မျိုး ဤကမ္ဘာတွင် ရှိမည်မဟုတ်ပါ။

ပေါင် ၃၀၀ လောက် အလေးချိန်စီး၍ အမွေးကြမ်းကြီးတွေ လွှမ်းခြုံလျက်၊ မြေခွေးထက် ကောက်ကျစ်စဉ်းလဲပြီး၊ ခြသေ့လို ရဲရင့်သတ္တိရှိသော တောဝက်တစ်ကောင်သည် မြင်းတပ်မှ အမြန်ဆုံးဆိုသည့် မြင်းကဲ့သို့ပင် လှစ်လှစ်မြည်အောင် မြန်လှ၏။ ဓားသွားလို မြနေသော တောဝက်အစွယ်တွေကြား ရောက်သွားလို့ကတော့ ပွဲချင်းပြီးသေပြီသာ မှတ်ပေတော့။

ကျွန်တော်က ကီးယက်ဘရောင်းအား အသက်ဘေးမှ လက်မတင်လေး လွတ်ခဲ့ရပုံတစ်ခုကို ပြောပြခိုင်းမိသည်။ သူက တစ်နေ့ ဝက်ထိုးထွက်ခဲ့စဉ်ကအဖြစ်ကို ထုတ်ဖော်ခဲ့ပါသည်။ သူနှင့်အပေါင်းပါ တစ်စုက ဆူးချုံတိုးနေသော တောဝက်ကြီးတစ်ကောင်အား တောခြောက်၍ မောင်းထုတ်ခဲ့၏။ ရိုင်းစိုင်းလှသောတောဝက်ကြီးက ကွင်းပြောင်တစ်ခုကို ဖြတ်ပြေးခဲ့သလို ရောမအစွယ်ကြီးတွေက နေရောင်အောက်

တွင် အရောင်တဝင်းဝင်းလက်နေတော့၏။ ဘရောင်းလည်း ပိုလို ကစားနေကျ သူ့မြင်းလေးကိုဒုန်းစိုင်း၍ တောဝက်နောက် အပြင်း လိုက်ခဲ့သည်။ ထိုမှ တောဝက်ကို မှိန်းနှင့်လှမ်းအထိုးတွင် မြင်းက ခွာလိပ်ပြီး ခြေချော်သွားသည်။ မြင်းရော, တောဝက်ရော, ဘရောင်းပါ ၃ ဦးသား ထပ်ကျသွားသည်။ ကြောက်အားလန့်အားနှင့် မြင်းဟီသံ ကြီး ဆူညံသွားရာ ဘရောင်းခမျာ ခြေလွတ်လက်လွတ်နှင့် ဟပ်ထိုး ကျွမ်းစိုက် ကျခဲ့ရပါပြီ။

ထိုမှ ဘရောင်းသည် မြင်း ဗိုက်အောက်ရောက်သွားပြီး၊ ယက်ကန်ယက်ကန်ဖြစ်နေသော မြင်းကိုယ်လုံးကြီး ပိနေတော့၏။ သည်အခိုက် မှိန်းတန်းလန်းနှင့် တောဝက်ကြီးကလည်း ဒေါသတကြီး ဖြင့် ကုန်းရုန်းထနေပြီ။ မြင်းကလည်း ခွာစုံ ရပ်မိသွားသည်။ တောဝက် ကြီးကလည်း ၄ ဘက်ထောက်မိချိန်။ တစ်ပြိုင်တည်းလိုလို ဘရောင်း လည်း မြင်းဗိုက်အောက်မှလွတ်သွားရာက အနီးဆုံးသစ်ပင်သို့ ဒရော သောပါးပြေးကပ်လိုက်မိပြီး ကမန်းကတန်း တွယ်ဖက်တက်ခဲ့မိ၏။ တောဝက်ကြီး လိုက်အပက်နှင့် ကံသီရုံလေး လွတ်ခဲ့ရသည်။

ဘရောင်းခမျာ သူ့အဖွဲ့တွေ နောက်က လိုက်ကယ်သည့်အချိန် အထိ သစ်ပင်ပေါ်မှာ တွယ်ကပ်နေခဲ့ရ၏။ သူ့သွားတစ်ချောင်း ကျိုး ၂သွား၏။ လက်မတစ်ချောင်းလည်း မျက်သွား၏။ ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံးတော့ စုတ်ပြတ်ပွန်းပဲ့လို့ ဒဏ်ရာတွေ ဗရပွ။ တောဝက် ကြီးကတော့ မှိန်းတစ်ချက်တည်းနှင့် ဇိဝိန်ကြွေသွားပါချေပြီ။ မြင်း ကတော့ ကံအကောင်းဆုံးဖြစ်၍ အနာတရ ဘာမျှမဖြစ်ဘဲ မြက်တွေ အေးအေးလူလူ ရှာစားနေနိုင်ခဲ့သည်။

ကီးယက်ဘရောင်း၏ အထူးခြားဆုံး နောက်စွန့်စားခန်းတစ်ခုမှာ သူ့ကိုယ်သူ မိန်းမလိုရုပ်ဖျက်၍ ရန်သူ့လက်မှရှောင်ပြေးဖို့ ကြံကြံ

ဖန်ဖန်ကြိုးစားခဲ့သည့် တကယ့်ဇာတ်လမ်းပင်ဖြစ်၏။ ထိုစဉ်က 'မက် စပေါ့'ဟု သူခေါ်သော မက်ဆိုပိုတေးမီးယားတွင် တူရကီတပ်များနှင့် တိုက်ခိုက်စဉ်က ကြုံခဲ့ရခြင်းပါ။ အဖြစ်က သူ့ကို တူရကီများက ဖမ်းမိသွားပြီး၊ ကွန်စတင်တီနိုပိုမြို့ရှိ အကျဉ်းခန်းငယ်လေးတစ်ခု၌ ချုပ်နှောင်ထားခဲ့သည်။ ထို့နောက် သူက အချုပ်ခန်းကိုဖောက်ပြီး ထွက်ပြေးလွတ်မြောက်လာသည်။ ဒါပေမယ့် မြို့ပြင်ရောက်ဖို့ မကြံ တတ်အောင် အခက်ကြုံနေရသည်။

တူရကီအာဏာပိုင်တွေက သူ့ကိုမိလျှင် အစိမ်းလိုက်ဝါးစားရန် သဲကြီးမဲကြီး လိုက်ရှာနေကြ၏။ ရိုးရိုးတန်းတန်းအနေဖြင့် အင်္ဂလိပ် စစ်ဗိုလ်လေးတစ်ယောက်ကိုသာ တွေ့လိုဇောနှင့်နင်းရှာနေသော သူတို့ အဖို့ ကဖီးဆိုင်တစ်ဆိုင်တွင် ရှရားမင်းသားလေးတစ်ပါးနှင့် တွေ့ခဲ့သော ဂျာမန်လူကုံထံ အမျိုးသမီးလေးတစ်ယောက်ကို သတိမမူမိခဲ့ပေ။ တကယ်မှ ရှရားမင်းသားကိုယ်တိုင် အာဏာပိုင်အဖွဲ့များ၏ စောင့်ကြည့် ခြင်း ခံနေရသူဖြစ်၏။ သို့ပါလျက် စိတ်နှလုံးပျော့ပျောင်းသောတူရကီ တွေက အသေးအဖွဲလောက်နှင့် ပြဿနာမလုပ်လိုသော သဘောဆောင် ခဲ့ကြ၏။

ထို့ကြောင့်လည်း ကီးယက်ဘရောင်းတစ်ယောက် ဇာမျက်နှာဖုံး တပ် ပန်းဦးထုပ်နှင့် မြေခွေးနက်အမွေးဖြင့်လုပ်သော ခြုံထည်ကို ပခုံးပေါ်လွှမ်းပြီး လက်အိတ်ရှည်စွပ်လို့ တကယ့် ဂျာမန်မလေးအသွင် ခြယ်သဝတ်ဆင်ကာ ကဖီးဆိုင်ထဲဝင်လာသည်ကို အမှတ်ထင်ထင် ငေးကြည့်နေမိခဲ့ကြ၏။ •

ရှရားမင်းသားက ထိုင်ရာမှ ပျာပျာသလဲထပြီး ဦးညွှတ် ကြိုဆိုကာ လက်ဖျားကလေးကို တလေးတစား နမ်းလိုက်၏။ ဒါကိုပင် တူရကီစုံထောက်တွေက အထာပေါက်ခဲ့သလို မြိန့်မြိန့်ကြီးတွေပြုံးလို့ ပခုံးတွေဘာတွေတောင် တွန့်ပြလိုက်မိကြသေး။ သူတို့သာမက ရှရား

မင်းသားကိုယ်တိုင်ပင် တဒင်္ဂလှည့်စားမှု ခံလိုက်ရပြီး ဘာဂလိုတိုတို ရင်ဖိုခဲ့ရပါပြီ။

ဘရောင်း အကြံကောင်းပေမယ့် ကံမကောင်းလိုက်ပါ။ မဒမ် မိုဆယ်လီ ဂျူဆက်ဖင်းအဖြစ် အယောင်ဆောင်ရုပ်ဖျက်၍ တူရကီမှ ထွက်ဖို့ မလွယ်ခဲ့ပါချေ။ သည်တော့လည်း တစ်မျိုးကြံရပြန်သည်။

ညတွင်းချင်းပင် ယောကျ်ားဘဝပြန်ပြောင်း၍ ဟန်ဂေရီ အမျိုးသားအသွင် ပုံမှားရိုက်လိုက်ပြန်သည်။ သူ့ကိုယ်သူ စစ်ပစ္စည်း စက်ရုံမှ အလုပ်ပြုတ်လာသော မက္ကင်းနစ်တစ်ယောက်ရယ်လို့ ဖြီးမည့် အကြံဖြင့် နှုတ်ခမ်းမွှေး ပါးပါးသွယ်သွယ်လေးကပ်သည်။ သက္ကလပ် ဦးထုပ်ကြီး ဆောင်းသည်။ သံကိုင်းမျက်မှန်ဝိုင်းလေး တပ်သည်။ ဝတ်စုံဖြူ ဝတ်သည်။ ဘေးတွင် မျော့ကြိုးတပ် ရှူးဖိနပ်ကို စီးသည်။ သူ့ဒီဇိုင်းပုံစံက ဒုတိယတန်းစား လူရွှင်တော်တစ်ယောက်နှင့်ပင် တူနေသေးတော့သည်။ ဒါပေမယ့် တူရကီတွေက သူ့ကို မက္ကင်းနစ် အစစ်လို့ပဲ အကြွင်းမဲ့ ယုံစားခဲ့ကြသည်။

ကံခေချင်တော့ မြို့အထွက်မှာ ဖမ်းမိသွားပြီး အကျဉ်းစခန်းသို့ ပြန်ပို့ခံရသည်။ ထိုမှတစ်ဖန် အကျဉ်းထောင် ပန်းခြံထဲသို့ဝင်၍ ညစာ စားသောက်ကြသော ဂရိအုပ်စုတစ်စုနှင့် ရောယောင်လိုက်ပါခဲ့ရာမှ လွတ်မြောက်ခဲ့ပြန်သည်။ မင်သေသေ သွေးအေးအေး သတ္တိကောင်း ကောင်းဖြင့် အကျပ်အတည်းအန္တရာယ်မှ ကျော်လွှားခဲ့ခြင်းသာ ဖြစ်ပါ တော့၏။

သေကံမရောက် သက်မပျောက်တဲ့ ဖိုးကံကောင်းလို့လည်း ဆိုနိုင်ပါသည်။

ကျွန်တော်က သူ့အား စစ်မြေပြင် တိုက်ပွဲဝင်ခဲ့ရသည့် အချိန်များ အတွက် သွေးပျက်စရာအကောင်းဆုံး မြင်ကွင်းကို ဘယ်လိုများ တွေ့ခဲ့ ဖူးပါသလဲ။ မေးကြည့်မိရာမှ သူက ဖြစ်ရပ်တစ်ခု ပြောပြပြန်ပါသည်။

သူ စစ်သုံ့ပန်းဘဝ ရောက်ခဲ့ရစဉ်ကာလ၊ တူရကီတွေက မိုင် ၂၀၀ ခရီးကိုအပြင်းနှင်စေ၍ အကျဉ်းစခန်းတစ်ခုသို့ ပို့ခဲ့သည်။ လမ်းတွင် အသက်ရှင်နေသူ တစ်ဦးတစ်ယောက်မျှ မရှိဘဲ တစပြင်ဘဝ ရောက်နေသောမြို့တစ်မြို့ကို ဖြတ်သန်းခဲ့ရသည်ဆို၏။

တူရကီစစ်တပ်က တစ်မြို့လုံးရှိ အာမေးနီးယန်းလူမျိုးစုတွေကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ထားတာ တွေ့ရခြင်းပင်။ အလောင်းတွေက နေရာအနှံ့ ပြန့်ကြဲလျက်။ မြင်မကောင်း ရှုမကောင်း စစ်၏ အနိဋ္ဌာရုံကို ကြောက်ခမန်းလိလိ ပြဆိုနေသည်။ သက်ရှိသတ္တဝါဆို၍ ချောက်ချားဖွယ်ရာ လူသူကင်းမဲ့နေသော လမ်းတွေပေါ်မှ ခွေးတချို့သာ ရှိနေ၏။ ပြီးတော့ ကောင်းကင်စပ်တစ်နေရာတွင် စွန်တွေ ဝဲနေပါသည်တဲ့။ သတ္တိကောင်းပါသည်ဆိုသော သူပင် ကြက်သီးတဖျန်းဖျန်းထ၍ ရဲရဲမကြည့်ဝံ့အောင် ကြုံရပါသည်အံ့။

ဤသို့ဖြင့် ယီးဘက်ဘရောင်းသည် စစ်ကိုအမုန်းဆုံး စစ်သားအဖြစ် စစ်ထဲမှထွက်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း ဖွင့်ဟခဲ့ပါလေသတည်း။



# ပီးနပ်ကြယ်

မေရီပစ်ဖို့

မွေးနေ့တစ်ရက်လွဲခဲ့ရခြင်းက ကံဇာတာကို ပြောင်းလဲပစ်လိုက်သလို ကမ္ဘာကျော်အမျိုးသမီးတစ်ယောက် ဖြစ်စေခဲ့ပါသလား။

'ဘဝရည်မှန်းချက်ဆိုတာ ကျိန်စာတစ်မျိုးပဲ' ဆိုတဲ့ စကားဟာ မှန်ရဲ့လား။

ရုပ်ရှင်မင်းသား, မင်းသမီးတွေထက် အရည်အသွေးသာသူတွေ ဘာကြောင့် သရုပ်ဆောင် မဖြစ်ကြရတာလဲ။

■

သောကြာကြယ်တန္ခိုး တောက်ပ၍ ကမ္ဘာပေါ်မှာ အထင်ရှား အကျော်ကြားဆုံးအမျိုးသမီးက ဘယ်သူပါလဲ။

အပွင့်လင်းဆုံး ပြောရလျှင် ကျွန်တော် မသိ။ ဒါပေမယ့် ယေဘုယျအနေဖြင့် မှန်းဆရမည်ဆိုပါမူ ထိုဘွဲ့ထူးဂုဏ်ဒြပ်နှင့် အထိုက် တန်ဆုံးသူမှာ ကြုံကြုံလှီလှီလေးနှင့် ပေါင် ၉၀ သာရှိသော ခရစ်ယာန် ဘာသာဝင်၍ 'ဂလက်ဒီ မာရီ စမစ်'အမည်ကိုခံယူခဲ့သူ ကနေဒါနှင့် အိုင်ယာလန်ကပြားမလေးသာ ဖြစ်မည်ထင်ပါသည်။

မာရီစမစ်သည် ကလေးဘဝကပင် ဇာတ်ခုံပေါ်သို့ ရောက်ခဲ့၏။ သူ့အဖို့ အသင်အပြကောင်းသော ဒေးဗစ်ဘယ်လက်စ်ကိုကဲ့သို့ ဇာတ် ဆရာကြီးတစ်ဆူထံတွင် ရင်းနှီးခင်မင်စွာ ပညာသင်ခဲ့သည်မှာ အင်မတန် ကံကောင်းသည်ဟု ဆိုရမည်။ ဆရာကြီးသည် သူ့မင်းသမီးငယ်လေးကို ဂလက်ဒီစမစ်ဆိုသော မထင်မရှား အရပ်သူလေးဘဝမှ စွဲမက်ဖွယ်ရာ အနုပညာကြယ်တစ်ပွင့်ဖြစ်အောင် ပို့ဆောင်နိုင်ခဲ့၏။ ဘယ်လက်စ်ကို သည် သူမအား မေရီပစ်ဖို့ဟု နာမည်တွင်စေခဲ့သည်။

မေရီပစ်ဖို့သည် နာမည်ကြီးဂရီတာဂါဘို၊ ဆွီဒင်ရှိအလှပြင် ဆိုင်တစ်ဆိုင်၌ အမျိုးသားတွေကို ဆံပင်ညှပ်နေချိန်ကပင် ရုပ်ရှင် မင်းသမီးဖြစ်ခဲ့သူ ဖြစ်၏။

မေဝက်က သူ့ကို တစ်ခါတစ်ခေါက်လောက် လာကြည့်ပါဦးဟု ညို့မခေါ်ခင် နှစ်ပေါင်း အလွန့်အလွန် ကြာကတည်းက မေရီ့နာမည် သည် တိုင်းကျော်ပြည်ကျော် ရေပန်းစားနေခဲ့ပါလေပြီ။ စင်စစ်တော့ မေရီသည် ရှိသမျှ မင်းသမီးအားလုံးထက် စောစီးစွာ ရုပ်ရှင်ခေတ်ဦးက ဖြစ်ခဲ့သော ရုပ်ရှင်မင်းသမီးပါ။

သူမသည် ဒေါက်ကလပ်ဖဲယားဘင် ကင်မရာရှေ့သို့ ပထမဆုံး မရောက်မီကပင် ကမ္ဘာကျော်ခဲ့သည်။

ချာလီချက်ပလင် ဟောလိဝုဒ်ကို မမြင်ဘူးသေးချိန်တွင် ရုပ်ရှင်သရုပ်ဆောင်ကြေး အမြင့်ဆုံးရနေသူလည်း ဖြစ်၏။

မေရီ၏ဓာတ်ကားကိုကြည့်ရန် အထူးတန်း၌ တန်းစီတိုးနေကြဆဲ၌ တွမ်မစ်ခမျာ ရုပ်ရှင်လောကသို့ မြင်းစီးပြီးလာနေတုန်းလမ်းခုလတ်မှာပင် ရှိသေး၏။

မေရီပစ်၏ထူးချွန်မှုကတော့ အံ့ချီးမကုန်နိုင်ဖွယ်ပင် ဖြစ်၏။ မေရီသည် ကလေးဘဝကပင် ကချေသည်ကလေးအဖြစ် အသက်မွေးဝမ်းကျောင်းနိုင်ခဲ့ရာမှ ငယ်လွန်းသည့်အတွက် ကလေးသူငယ် အလုပ်သမားဥပဒေနှင့် ငြိစွန်းခဲ့ရ၏။

နယူးယောက်မှ ဂယ်ရီအုပ်စုကဲ့သို့သော အဖွဲ့အစည်းများက သူဓာတ်ခုံပေါ်သရုပ်ဆောင်နေသည်ကို တားမြစ်ဖို့ ကြိုးစားခဲ့ကြသည်။ သူတို့က မေရီသည် ဓာတ်ကရမည့်အစား စာသင်ခန်းမှာ ပညာသင်ရမည့်အရွယ်သာဖြစ်သည်ဟု ဆိုကြ၏။ သည်တော့လည်း တတ်တဲ့ပညာ မနေသာဆိုသလို မေရီတို့က လှည့်စားရတော့သည်။

မေရီမှာ သူ့ထက် ၁ နှစ်သာသာကြီးသော ညီမဝမ်းကွဲတစ်ယောက်ရှိ၏။ မေရီက ညီမဝမ်းကွဲ၏မွေးစာရင်းကိုကိုင်၍ သူ့အသက်ပြည့်နေပြီဖြစ်ကြောင်း သက်သေပြလိုက်၏။ ဤသည်ကြောင့်ပင် ယနေ့ထုတ် 'ဘယ်သူက ဘယ်သူလဲ' ကမ္ဘာကျော်မှတ်တမ်းစာအုပ်ကြီးထဲတွင် မေရီပစ်ဖို့၏အသက်ကို တကယ့်ရှိရင်းစွဲထက် ၁ နှစ်ပို၍ ကြီးထားမိခြင်း ဖြစ်ခဲ့တော့သည်။

ပြီးတော့ မေရီပစ်ဖို့၏အဘိုးက ဧပြီလ ၈ ရက်မှာ မွေးခဲ့သလို၊ သူ့အဖေကလည်း ဧပြီလ ၈ ရက်နေ့မှာပင် တိုက်တိုက်ဆိုင်ဆိုင်

ဖွားမြင်ခဲ့၏။ သို့ဖြင့် ၁၈၉၄ ခုနှစ် (မေရီ၏ မွေးသက္ကရာဇ်အမှန်) သူ့ကို မွေးတော့မည်ဆိုသောအခါ ပစ်ဖို့မိသားစုများက သူ့ကို အထွတ်အမြတ်ထားသော ဧပြီ ၈ ရက်နေ့မှာပဲ မွေးဖွားရန် ကြံဆောင်ကြသည်။ မေရီ၏မိခင်မှာလည်း ယောက္ခမကြီး၏အလိုကျ လိုက်လုပ်ခဲ့ရ၏။ ဧပြီလ ၈ ရက်နေ့ မွေးနေ့ကျရောက်သော သူ့ခင်ပွန်းသည်အား မွေးနေ့လက်ဆောင်အဖြစ် ရင်သွေးငယ်လေးမွေးပေးဖို့ ဆန္ဒပြင်းခဲ့သည်မှာလည်း အမှန်။

သို့သော် လူစီမံရာ ကံက မခံခဲ့ပါချေ။ မေရီသည် သတ်မှတ်ထားသောအချိန်၌ လူ့လောကသို့ မရောက်လိုက်ရပါ။ ဧပြီလ ၉ရက် မနက် ၃ နာရီထိုးသည့်တိုင် မေရီကို မမွေးသေး။ ဒါပေမယ့် မိသားစုတွေက ပြက္ခဒိန်နှင့် အချိန်နာရီတွေကို ဥပေက္ခာပြု၍ မေရီ၏ မွေးနေ့ကို ဧပြီလ ၈ ရက်နေ့ဟုသာ ဖွတ်အမေ့သတ်မှတ် ကြေညာခဲ့ပါလေ၏။ ဤသို့ဖြင့် မေရီအဖို့ ရာစုနှစ်၏ ၃ ပုံ ၁ ပုံမျှကြာအောင် သူ့အမေအသက်ရှင်နေသရွေ့ မွေးနေ့အလွဲကြီးကို ဧပြီလ ၈ ရက်နေ့တိုင်း မွေးနေ့ကျင်းပခဲ့ရသည်။ သို့သော် သူ့မိခင် ကွယ်လွန်ပြီဆိုသည်နှင့် မေရီလည်း သူ့ရက်အမှန်အတိုင်း ဧပြီလ ၉ ရက်ကို မွေးနေ့ပွဲလုပ်ခဲ့ပါတော့၏။ မွေးနေ့အပြောင်းအလဲက သူ့ကံကြမ္မာနှင့် ဇာတာစန်းလဂ်များကို စိုးမိုးခဲ့ပါတော့၏။

သူ့အပျိုဘဝကအဝတ်ကို ကိုယ်တိုင်လျှော်ခဲ့ရသည်။ ၆ ပဲနိတည်းနှင့် မနက်စာ,ညစာ လောက်အောင်စားခဲ့ရသည်။ နောက် ၁၂ နှစ်လောက်အကြာမှာမှ ၁ စက္ကန့်ကို ၃ ပေါင်(ဝါ) ၁ နာရီ ပေါင် ၂၀၀ လောက်ရသော သူကြွယ်ပေါက်စမလေး ဖြစ်ခဲ့ရတော့၏။ သူငယ်စဉ်ကလည်း အလုပ်လက်မဲ့, အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသလို သူ့မိခင်မှာ မူးစုပဲစု ကုပ်ကတ်၍ ကလေးများကို ကြံဖန်ကျွေးမွေးခဲ့ရသည်။ ထိုစဉ်က အသုံးပြုခဲ့သော ပန်းကန်အစုတ်အပြတ်ကလေးများကို မေရီပစ်ဖို့က

အမှတ်တရ အမြတ်တနိုး သိမ်းထားခဲ့သေးသည် ဆို၏။ ထို့အပြင် မေရီချက်ပြုတ်လျှင် သူ့အမေလုပ်သလိုပင် သားငါးကို ပါးပါးရှပ်ရှပ် ကလေးသာလှီး၍ စင်းကောချက်သည့် အကျင့်က နာမည်ကျော်မင်းသမီး ဖြစ်သည့်အထိ ပါလာ၏။

စပ်မိလို့ ပြောရဦးမည်။ ကမ္ဘာကျော်ရုပ်ရှင်မင်းသမီးတစ်ယောက် ၏ နေ့စဉ်ဘဝက ဘယ်လိုများ ရှိနေပါလိမ့်။ သူ့အကြိုက်, သူ့စရိုက်, သူ့ဝါသနာတွေကော ဘာတွေလဲ။ အဲ အစားအသောက်ကို သူ သိပ်မက်မက်မောမောမရှိတာ တွေ့ရသည်။

တစ်နေ့ ညနေ ၆ နာရီလောက် ကျွန်တော် မေရီထံ အလည် သွားလည်မိသည်။ သူက ပေါင်မုန့်တစ်ချပ်နှင့် လက်ဖက်ရည်တစ်ခွက် သောက်ထားလိုက်လျှင် တစ်နေကုန် နေလို့ရသည်ဟု မှတ်မှတ်ရရ ပြောခဲ့ဖူးသည်။

ကျွန်တော်က "ဒီကြားထဲမှာ မဆာဘူးလား"ဆိုတော့ သူက "ဟင့်အင်း။ လုံးဝကို မဆာသလောက်ပါပဲ"တဲ့။

မေရီသည် လွန်ခဲ့သောနှစ်များက အက်တွမ်စင်ကလဲရား၏ 'စုံတောမဟာမြိုင်' ဆိုသည့် စာအုပ်ကိုဖတ်ပြီးနောက် အသားရှောင်၍ သက်သတ်လွတ်စားခဲ့သည်ဟုလည်း သိရပါသည်။

သူ့အဖို့ အသားဆိုင်တွေကို လှမ်းမြင်လိုက်ရုံနှင့် ရင်ထဲပျို့တက် ပြီး ကိုယ်လက်မအီမသာ ဖြစ်သွားတတ်သဖြင့် အသားသတ်ဆိုင်တွေ ရှေ့က ဖြတ်သွားရတိုင်း မျက်စိစုံမှိတ်ထားရသည် ဆိုပါ၏။ သူငယ်ငယ် က သိုးပေါက်စလေးနှင့် ကစားခဲ့ဖူးသောကြောင့်လည်း သိုးသားဟင်း ပန်းကန်တွေ့လျှင် သူ့ကစားဖက်သိုးပေါက်ကလေးကို သတိရ မြင် ယောင်ပြီး မစားဖြစ်တော့ပါ။

မေရီသည် ဝက်သားလည်း ဘယ်တော့မျှ မစားခဲ့။

ကိုယ်တိုင် ငါးမျှားစားလေ့ မရှိသော်လည်း တခြားက မျှားလာရင်တော့ အနည်းအကျဉ်း စားတတ်၏။

မေရီပစ်ဖို့က 'ဘဝရည်မှန်းချက်ဆိုတာ ကျိန်စာတစ်မျိုးပဲ'ဟု အဓိပ္ပာယ်ဖွင့်ခဲ့သည်။ ထိုရည်မှန်းချက်ကြီးက လူကို ချုပ်ကိုင်အပိုင်စီးပြီး ခိုင်းချင်သလိုခိုင်းသည့်အပြင် မိမိဆန္ဒအလိုတွေကိုလည်း ကန့်သတ်ပိတ်ပင်တတ်ပါသည်တဲ့။

သူမအနေဖြင့် အေးအေးဆေးဆေးလမ်းလျှောက်ရခြင်းနှင့် မြင်းစီးရခြင်းကို နှစ်သက်သည်ဆို၏။ သို့လင့်ကစား အချိန်မရသဖြင့် မလုပ်နိုင်။ တစ်နေ့လျှင် ၁၂ နာရီမှ ၁၆ နာရီတိုင် မေရီ အလုပ်လုပ်လေ့ရှိ၏။ သူ့မှာ အတွင်းရေးမှူး အဖွဲ့ ၂ ဖွဲ့တောင် ခန့်ထားရသည်။ ဒါကလည်း သူ့လို ရေရှည် ဆက်တိုက်မလုပ်နိုင်မှာစိုး၍ တစ်လှည့်စီ တာဝန်ပေးရခြင်းဖြစ်သည်ဟု ပြောပါသည်။ အချိန်ဖြုန်းတာကို သူလုံးဝမကြိုက်ချေ။ သူ့တွင် ပြင်သစ်မလေးတစ်ယောက် အဖော်ခေါ်ထား၍ ကားစီးသွားရင်းမှ ထိုပြင်သစ်မလေးနှင့် ပြင်သစ်စကားပြောလေ့ကျင့်သွားသည် ဆို၏။

သူ့ဆီသို့ ရေးပို့လိုက်သည့်စာတွေကလည်း ဘယ်သူမျှ မကြုံဖူး အထူးများပြားလှပါဘိ။ လာသမျှစာတွေကိုသာ ထိုင်ဖတ်မည်ဆိုပါက တစ်နေ့ကို ၁၂ နာရီလောက် အချိန်ပေးရမှာ သေချာ၏။

စာတိုက်မှ သူ့စာတွေကို လာပို့လျှင်လည်း အိတ်ကြီးအိတ်ငယ်တွေနှင့် ဆွဲလာရသည်အထိ။ စာအများစုကတော့ သူ့ဆီက အကူအညီတောင်းသောစာတွေ ဖြစ်၏။ ငွေရေးကြေးရေးကူညီဖို့ အကြောင်းအမျိုးမျိုးနှင့် ပန်ကြားလာကြသည်မှာ သူ့ဝင်ငွေ၏ ၁၀ ဆမကပင် ရှိပါလေသည်။

မေရီပစ်ဖို့၏ ပင်ကိုသဘာဝအရပင် 'မျက်နှာမြင် ချစ်ခင်ပါစေ' ဟူသောဆုနှင့် ပြည့်စုံသူဟု ဆိုရပါမည်။ သူ့ကို အနီးကပ်တွေ့သွားသူတိုင်း ခင်မင်သွားရစမြဲ။ မေရီသည် ဘဝင်မမြင့်တတ်သလို ရိုးသားဖြူစင်သူလေးတစ်ဦး ဖြစ်၏။

သူ့အနေဖြင့် မကောင်းစိတ်တစ်စုံတစ်ရာဖြင့် လူတစ်ဖက်သားကို ဒုက္ခသုက္ခရောက်အောင်ဖျက်ဆီးခဲ့ခြင်းမျိုး လုံးဝမရှိခဲ့တာတော့ အမှန်။ သူသည် လူတိုင်းအပေါ် ကြင်နာသနားတတ်သလို မေတ္တာ ထား၍ ခွင့်လွှတ်တတ်သည်။

"ဘယ်သူတွေ ဘယ်လောက်ပဲ မကောင်းကြံကြံ ကျွန်မကတော့ သေတဲ့အထိ အပြစ်ယူမှာ မဟုတ်ပါဘူး"

မေရီပစ်ဖို့ကိုယ်တိုင် ဖွင့်ဟခဲ့သည့်စကား။

သိကြသည့်အတိုင်း မေရီသည် ရုပ်ရှင်ပိတ်ကားပေါ်တွင် ကလေးဇာတ်လိုက်အဖြစ်ဖြင့် မကြာခဏ ပါဝင်ရိုက်ကူးခဲ့ရသည်။ သည်လိုဝင်ရိုက်ရသည့်အကြောင်းကတော့ သူကိုယ်တိုင် နှစ်သက်လိုလားသလို၊ ကုသိုလ်ကံပေး၍ နတ်ကောင်းနတ်မြတ်တွေက စောင်မသောကြောင့်ပါဟု သူ ယူဆခဲ့၏။

ဤတွင် ကျွန်တော်က မစ္စပစ်ဖို့ကို မေးခွန်းထုတ်မိပြန်၏။

"အမေရိကန်ပြည်တစ်ဝန်းတွင် ဟောလိဝုဒ်မှ မင်းသမီးများကဲ့သို့ ရုပ်ရေလှပချောမော၍ ချစ်စရာကောင်းသလောက် အနုပညာအရည်အချင်းပြည့်သူတွေ ထောင့်သောင်းမက မရှိဘူးလား"လို့။

မေရီက ပြုံးပြုံးလေးနှင့် ပြန်ဖြေသည်။

"အို၊ ဘာလို့ မရှိရမှာလဲ။ သိပ်ရှိတာပေါ့။ ဘာပဲပြောပြော အောင်မြင်မှုဆိုတာက အရည်အသွေးပေါ်မှာ အများကြီး မူတည်ပါတယ်။ အရည်အသွေးဆိုတာကလည်း ကျွန်မတို့ခေါ်နေကျ 'လူတကာ

ထက် သာလွန်ထူးချွန်မှု’ပဲ။ မင်းသမီးတွေဆိုတာ ရှားရှားပါးပါး ထူးထူးချွန်ချွန် ထိုးဖောက်နိုင်စွမ်းရှိတဲ့ အနုပညာရှင်တွေလို့ပဲ ပြောရတော့မယ် ပေါ့လေ”

မေရီ့ဖခင်သည် ကနေဒါနိုင်ငံ တိုရန်တိုမြို့မှ နယူးယောက် ဘတ်ဖဲလိုးဆိပ်ကမ်းသို့ ကူးသန်းသွားလာနေသော ကူးတို့သင်္ဘော တစ်စင်းက ဘဏ္ဍာစိုးတစ်ဦး ဖြစ်ပါ၏။ သူသည် မေရီ ၄ နှစ်သမီး အရွယ်၌ ကြမ္မာဆိုးဝင်၍ စက်သီးနှင့် ခေါင်းကိုရိုက်မိပြီး မရှုမလှ သေဆုံးခဲ့ရသည်။ သူ့အမည်က ‘ဂျွန်စမစ်’ဟု ခေါ်တွင်သည်။

တကယ်လို့ ဂျွန်စမစ်သာ သေရွာကပြန်လာနိုင်၍ သူ့နှလုံး သည်းပွတ်ဖြစ်သူ သမီးငယ်လေးတစ်ယောက် ကမ္ဘာအလယ်မှာ နာမည်ကျော် ရုပ်ရှင်မင်းသမီး ဖြစ်နေသည်ကို တွေ့လိုက်ရလျှင် ဘယ်လောက်များ ဝမ်းသာအားရ ဖြစ်သွားပေမည်နည်း။



# တကယ့်လူဆိုတာ

အယ်လ်ဂျိုလ်ဆန်

ပိုက်ဆံ ၆ ပဲနီ မပေးနိုင်၍ သေမလိုကြုံခဲ့ရသူက ၂ သိန်းတန် ကန်ထရိုက်စာချုပ်ကို စုတ်ဖြဲပစ်ခဲ့သည့် ဖြစ်ရပ်။

ကိုယ်မွေးနေ့တောင် ကိုယ်မသိလောက်အောင် နုံချာခဲ့ရာမှ ဆင်းရဲသားလူနာများအတွက် ဆေးဖိုးဝါးခ သန်းချီလှူခဲ့သော သူ့ဝိစတနာ။

ပထမဆုံး ဇာတ်ခုံပေါ်တက်ခဲ့စဉ်က အရှုံးနှင့် ရင်ဆိုင်ပြီး ထွက်ပြေးခဲ့ရသော်လည်း ကမ္ဘာကျော် ဟာသသရုပ်ဆောင်ဘဝ ရောက်ခဲ့သူ၏ အလံမလှဲစတမ်း ကြိုးစားမှု။

ကျွန်တော်သိသလောက် အမေရိကန်တွင် ကန်ထရိုက်စာချုပ်ကို စုတ်ဖြဲပစ်လိုက်သည့် ရုပ်ရှင်သရုပ်ဆောင်ဟူ၍ တစ်ယောက်တည်းသာ ရှိကြောင်း တွေ့ရပါသည်။ သူ့ကို ရုပ်ရှင်ကားတွေထဲတွင် ခင်ဗျား တွေ့ဖူးပါလိမ့်မည်။ သူ့သီချင်းတွေကိုလည်း လိုက်ဆိုကောင်း ဆိုဖူး မည်ဖြစ်၍၊ သူ့လုပ်ပြသော ရယ်စရာ ဟာသတွေကိုလည်း တဟားဟား လိုက်ရယ်ဖူးမည် ထင်ပါသည်။ သူသည် ပေအရှည်ဆုံး အသံထွက် ကားကိုလည်း ပထမဆုံးရိုက်ကူးခဲ့သူ ဖြစ်ပါ၏။ ထို့အတူ ဟောလိဝုဒ် ရုပ်ရှင်သမိုင်းတွင် အထူးတန်းပရိသတ် ဝက်ဝက်ကွဲစည်ကားအောင် လည်း သူ ဆွဲဆောင်ဖန်တီးနိုင်ခဲ့သည်။

ရုပ်ရှင်ကားတစ်ကားတည်းနှင့် တခြားရုပ်ရှင်ကားတွေ အနားပင် မသီနိုင်သည့် ဝင်ငွေဖြစ်သော ပေါင် ၂၄ သန်းရအောင်ရှာပြီး ဝင်ငွေ စံချိန် ချိုးပေးနိုင်ခဲ့၏။ ထို ရုပ်ရှင်ကားကတော့ 'သီချင်းဆိုနေသော အရူး'ဖြစ်၍ မင်းသားက အေဆာယိုးလ်ဆန် သို့မဟုတ် အယ်လ်ဂျို ဆန်ပင် ဖြစ်ပါသည်။

တစ်ခါက ဂျိုဆန်သည် တစ်ပတ်ကို ပေါင် ၆၂၅၀ နှုန်းဖြင့် တစ်ရက်ကလေးတောင် မလုပ်ရဘဲ ၆ လတိုင်တိုင် ထုတ်ယူခဲ့ရဖူးပါ သည်။ အဓိပ္ပာယ်ကတော့ ဘာဆိုဘာမျှမလုပ်ရဘဲ ငွေ ၂ သိန်း အလကားရသည့် သဘောပါပဲ။

အတိအကျပြောရလျှင်မူ သူ့ဘက်က ရုပ်ရှင်ရိုက်ကူးပေးရန် အဆင်သင့်ဖြစ်နေသော်ငြားလည်း သူ့အလုပ်ရှင်သူဌေးဖြစ်သော ယူနိုက် တက် အားတစ်စ်ကုမ္ပဏီကြီးက ရိုက်ကူးရန် ဇာတ်ညွှန်းကို စိတ်ကြိုက် မရသေး၍ စောင့်နေခဲ့ခြင်းပဲ ဆိုပါတော့။

သို့နှင့်အမျှ သူသည် ဂေါက်သီးရိုက်ကစားရင်းက အချိန်တန်လခသွားထုတ်ခဲ့ရာမှ အမေရိကန်သမ္မတကြီး၏ဝင်ငွေကို လက်ရေးတိုစာရေးလေးတစ်ယောက်၏ ဝင်ငွေလောက်ပဲ ထင်မှတ်ခဲ့ရသည့်ဘဝသို့ ဆိုက်ရောက်ခဲ့ရတော့သည်။

သည့်နောက် စီးပွားပျက်ကပ်ဆိုက်၍ ဟောလိဝုဒ်တစ်ခုလုံး မှောင်ကျသွားခဲ့စဉ် သူက သာမန်လူတို့ လုပ်နိုင်ခဲသော ရက်ရောမှုမျိုးကို ဘယ်လိုမှုမမျှော်လင့်ဘဲ ထူးထူးကဲကဲလုပ်ပြ၍ အလင်းရောင်ပေးလိုက်သည်။

အခြေအနေကဆိုးဝါးလွန်းလှ၍ စိတ်ဓာတ်ကျစရာ အကျပ်အတည်းဆိုက်ခဲ့ရတဲ့အချိန်။ ဂျိုဆန်နှင့် နှစ်ရှည်လများ လက်တွဲပေါင်းဖက်ခဲ့သော သူ့မိတ်ဆွေလည်းဖြစ်, လုပ်ငန်းရှင်လည်းဖြစ်သူ ဂျိုးဇက်ရှန့်ခ်ခမျာ အထိအနာကြီးနာခဲ့ရပြီး ဘဝပျက်မတတ် ချုံးချုံးကျသွားရရှာသည်။ သို့တိုင်အောင် သူနှင့် အယ်ဂျိုဆန်တို့ ချုပ်ထားသည့် ကန်ထရိုက်စာချုပ်မှာ အသက်ဝင်နေဆဲဖြစ်၍ ၁ နှစ်ကို ပေါင် ၂ သိန်းမက ပေးဖို့တာဝန် ရှိနေ၏။ ဒါပေမယ့် ဂျိုဆန်က စာချုပ်ကို သူ့သဘောနှင့်သူ ပယ်ဖျက်ပြီး ယူနိုက်တက်အားတစ်စ် ဥက္ကဋ္ဌဖြစ်သူ ဂျိုးဇက်လက်သို့ ပြန်အပ်လိုက်ပါသည်။ တစ်ဆက်တည်းမှာလည်း

“ဒီကိစ္စကို အပြတ်မေ့ပစ်လိုက်တော့ကွာ။ ငါက မင်းအတွက် ဘာတစ်ခုမျှ လုပ်မပေးနိုင်ခဲ့သလို၊ မင်းကလည်း ငါ့ကို ပိုက်ဆံတစ်ပြားမျှ ထပ်ပေးစရာ မလိုတော့ဘူးပေါ့”

သူ့လိုပင် တစ်ခါက သံမဏိသူဌေးကြီး ချာလ်စ်ရှဝက်သည် ၁ နှစ်ကို ပေါင် ၂ သိန်းရှိသော အာမခံစာချုပ်တစ်စောင်ကို ဝေါလ်စထရိ တစ်လမ်းလုံး တုန်လှုပ်ချောက်ချားသွားအောင် ဆွဲဖြဲပစ်လိုက်ခဲ့လေသည်။ ဒါပေမယ့် ဟိုက ဘီလျံနာသူဌေးကြီး။

ခု ဂျိဆန်က အညတရ မျက်နှာမွဲဆင်းရဲသား သရုပ်ဆောင် လေး။ သူ့အနေဖြင့် ၁ နှစ်ကို ပေါင် ၄ သိန်း အနည်းဆုံးရနိုင်သည့် စာချုပ်ကို စက္ကူစုတ် လုပ်ပစ်လိုက်ခြင်းမှာ ဩချမဆုံးလောက်တဲ့ ရောမ စွန့်လွှတ်မှုကြီးလို့သာ ဆိုရပါတော့မည်။ ဒီလိုလုပ်ဖို့ သူ့ကို ဘယ်သူ ကမျှ တိုက်တွန်းလှုံ့ဆော်ခဲ့ခြင်းမရှိသလို သူ ဒီလိုလုပ်လိမ့်မည်လို့ လည်း ဘယ်သူမျှ မမျှော်လင့်ခဲ့ကြချေ။

အယ်လ်ဂျိဆန်သည် လူငယ် ဘဝက တီဘီရောဂါ စွဲကပ်ခဲ့ ဖူး၏။ ကုသိုလ်ဖြစ် ဆေးခန်းတစ်ခုကို သွားပြတော့ ဆရာဝန်တွေက လက်ရှိ နေထိုင်ရာမြို့က ချက်ချင်းထွက်မသွားလျှင် ၆ လအတွင်း သေနိုင် ဟု ဟောကိန်းထုတ်လိုက်ကြ၏။ သူ့ကို အခမဲ့စမ်းသပ်စစ်ဆေး ပေးတာတော့ မှန်ပါရဲ့။ ဒါပေမယ့် ကုသရေးကျတော့ ဆေးတစ်ပုလင်း ကို ၆ ပဲနီ ပေးရမည်ဖြစ်လာသည်။ သူ့မှာ တစ်ပဲနီတောင် ပေးစရာ မရှိ။ ဒီတော့ သူသောက်ဖို့ ဆေးမရခဲ့ဖူးပေ့။ ကံအားလျော်စွာပင် ဆေးမကု, ဆေးမစားရဘဲ ရောဂါပျောက်ကင်းသွား၏။ သို့ရာတွင် ပိုက်ဆံ ၆ ပဲနီမပေးနိုင်သဖြင့် သေရမည့်အခြေသို့ ဆိုက်ခဲ့ရသော ဒီအဖြစ်ကို သူ့တစ်သက် ဘယ်လိုမျှမမေ့နိုင်အောင် အသည်းစွဲ မှတ်ခဲ့ ရသည်။

ဤသည်ပင် နယူးယောက်မြို့ ဆိုရာနက်ရေကန်ကြီးနံဘေးရှိ အက်စီရွန်ဒက်မှ တီဘီရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသ နေကြသော ဆင်းရဲသားလူနာများအတွက် ဆေးဖိုးဝါးခ နှစ်စဉ်ပေါင် ၄၀၀၀ သူ လှူဒါန်းခဲ့ရသည့် အကြောင်းရင်းပင် ဖြစ်ပါလေတော့၏။ သို့လင့်ကစား သူ့ကျေးဇူးကြောင့် သေဘေးမှလွတ်၍ အသက်ချမ်းသာရာ ရခဲ့သောလူနာတွေကိုတော့ သူ မြင်ဖူးခြင်းမရှိခဲ့ပါ။

ကျွန်တော်သည် လူတွေ၏ မွေးနေ့များနှင့် ပတ်သက်၍ စိတ်ဝင်စား လေ့လာမှတ်သားလေ့ ရှိပါသည်။ ဒါပေမယ့် အယ်လ်

ဂျူဆန်ကို 'သူ ဘယ်တုန်းကမွေးခဲ့သလဲ' မေးမိသည့်အခါမှာတော့ 'သူ့မွေးနေ့ကို သူ မသိပါဘူး'တဲ့။

သူ့ကို ရှရှားပြည်တွင် ဆင်းရဲသော မိဘ ၂ ပါးက ကျောက်တုံး ကြမ်းခင်း, မြက်ခြောက်အမိုးနှင့် တဲငယ်လေးတစ်လုံးမှာ မွေးဖွားခဲ့သည် ဆို၏။ နှစ်တွေ လတွေ ဘယ်လိုပဲ ပြောင်းပြောင်း သူတို့မိသားစုဘဝက တော့ ထူးထူးထွေထွေ မပြောင်းလဲခဲ့ပါ။ သို့နှင့်အမျှ ကလေးတစ်ယောက် တိုးလာခြင်းအတွက်လည်း သူ့မိဘများကို အနှောင့်အယှက် မဖြစ်စေခဲ့ သလို အလေးအနက်ထားလောက်သည့်အရေးကိစ္စလည်း မဟုတ်ခဲ့။

ထို့ကြောင့်လည်း သူ့ကို ၁၈၈၅ ခုနှစ်မှာ မွေးသလား, ၁၈၈၆ ခုနှစ်ပဲလား, ၁၈၈၈ ခုနှစ်လားဆိုတာ ပြဿနာမဟုတ်တော့။ သူ ကိုယ်တိုင်ကလည်း မှတ်မှတ်သားသား မေးထားတေးထားရကောင်း မှန်း မသိ။ ဒါပေမယ့် သူ နာမည်ကျော် ဟာသမင်းသားဖြစ်လာပြီ ဆိုတဲ့အခါမှာတော့ မသိမဖြစ် လိုအပ်လာတော့သည်။ နီးစပ်ရာ မိတ်ဆွေ အပေါင်းအသင်းတွေက မွေးနေ့လက်ဆောင်ပေးဖို့ တဖွဖွ မေးလာ ကြသည်။ သို့ဖြင့် သူ့ခမျာလည်း မွေးနေ့အဖြစ် ရက်တစ်ရက်ကို သတ်မှတ်ဖို့ ကြံရတော့သည်။

သူ နားလည်သလောက် ဆောင်းနှင့် နွေအကြားမှာ မွေးလို့တော့ မလွယ်။ ထိုရာသီဦးကို ရုပ်ရှင်သမားတွေက ကြိုက်လေ့မရှိ။ ဟိုသွား ဒီသွားနှင့် ခရီးယာယီများ၍ လူ မစုမိတတ်ကြ။ သူတို့ ရုပ်ရှင်သမားတွေ အကြိုက်က ဆောင်းဦးပေါက်ကလေး။ ထိုအချိန်မှာ ရာသီဥတု သာယာ လှပ၍ ခြေခင်းလက်ခင်းသာသလို လူတွေလည်း လန်းလန်းဆန်းဆန်း တက်တက်ကြွကြွရှိကြသည်။ မေလကလည်း နွေးနွေးထွေးထွေး အခြေ အနေကောင်းသည် ဆိုရမည်။ ဟုတ်ပြီ။ သူ့ကိုယ်သူ မေလမှာမွေးဖို့ ဆုံးဖြတ်ချက်ချလိုက်သည်။

မှတ်ထားကြပေတော့။ အယ်လ်ဂျီဆန်ရဲ့ မွေးနေ့ဟာ ၁၈၈၈ ခုနှစ်၊ မေလ ၂၆ ရက်နေ့ပါပဲ။

ကြေညာလိုက်ပေမယ့် အမှန်အကန် မဟုတ်တာတော့ သူ သိသည်။ အဲ–အနီးစပ်ဆုံး ရွေးချယ်လိုက်သည်လို့တော့ ဆိုနိုင်ကောင်း ပါရဲ့။ ဘာပဲဖြစ်ဖြစ် တကယ့်မွေးသက္ကရာဇ်ထက် ၄–၅ နှစ်ကြီးများ မကွာရင်ဘဲ တော်လှပြီပေါ့။

ဂျိုဆန်သည် ချာတိတ်ကလေးဘဝကပင် ဇာတ်ခုံပေါ် ရောက် ခဲ့သူ ဖြစ်၏။ သူက 'ဂျူးရပ်ကွက်မှ ကလေးများ' ဟူသော ပြဇာတ်တွင် ဝေလေလေအခန်းမှ မထင်မရှားပါခဲ့ရခြင်းလည်း ဖြစ်သည်။ ဝင်လုပ် ရသည်ကလည်း တအောင့်ကလေးရယ်။ ဇာတ်ခုံရှေ့သွားပြီး အားနှင့် မာန်နှင့် အော်လိုက်ရတာပဲ။

"ဂျူးတွေကို သတ်ပစ်"

ဖြစ်ရပုံမှာ သူ့အဖေက ဂျူးလူမျိုးပိုင်နွားသတ်ရုံတွင် အလုပ် လုပ်နေရပြီး၊ ဥပုသ်နေ့တိုင်း ဂျူးဘုရားကျောင်း၌ သီချင်းဆိုပေးရသူ။

သည်တော့လည်း သားဖြစ်သူက ဇာတ်ခုံပေါ်တက်ပြီး 'ဂျူးတွေ ကို သတ်ပစ်' လို့ အော်ခဲ့တဲ့သတင်းကိုကြားလိုက်ရသော သူ့အဖေ အနေဖြင့် အားပေးမြှောက်လုပ်ဖို့ လမ်းမမြင်။

ဂျိုဆန်ကလေး၏ အနုပညာဗီဇမှာ မျိုးစေ့ချပျိုးစမှာပင် အမြစ် လှန်ခံရလုနီးနီး ကြုံခဲ့ရှ၏။ ဂျိုဆန် သူ့ဝါသနာကို ရှင်သန်အောင် အသက်ဆက်ပေးဖို့ နယူးယောက်သို့ ပထမဆုံးထွက်လာချိန်မှာ ပိုက်ဆံ တစ်ပြားမျှ မရှိ။ ဝါရှင်တန်မှ ရထားခိုးစီးခဲ့ရခြင်းသာဖြစ်၏။ ထိုစဉ်က ဂျိုဆန်ဆိုသည်မှာ နံနံအအမို့ နယူးဂျာစီပြည်နယ် နယူးအတ်မြို့သို့ ရထားအဆိုက်တွင် နယူးယောက်မြို့တော်ကြီးကို ရောက်ပြီဆိုပြီး

ဘူတာများ ဆင်းခဲ့မိသည်။ ထိုညအဖို့ ဘူတာရုံဘေးမြက်တောကြီးထဲတွင် ဝင်အိပ်လိုက်ရသည်။ သူ နိုးလာချိန်မှာတော့ ခြေနှင့်လက်တွေမှာ ခြင်ကိုက်သည့်ဒဏ်တွေဖြင့် အဖုအပိမ့် အညိုအမည်းစွဲကာ သွေးစက်လက် ချင်းချင်းနီနေခဲ့ရပါပြီ။

နောက်ဆုံး နယူးယောက်သို့ ရောက်ခဲ့ပြန်တော့လည်း ပန်းခြံထဲက ခုံတန်းပေါ်တွင် သွားအိပ်ရသည်။ ကမ်းနားဆိပ်တွင် ရပ်ထားသော ကုန်ကားကြီးတွေလည်း သူ့အတွက် တည်းခိုခန်းဖြစ်ခဲ့သည်။ မိုးလင်းလာပြန်တော့လည်း ဝမ်းဟာဟာနှင့် ဆာလောင်မှုနှိပ်စက်ခြင်းကို လှိမ့်ခံရ၏။ သူ့အတွက် အကောင်းဆုံး မျှော်လင့်ချက်မှာ ယာခင်းထဲမှ အသီးအနှံတွေကို သွားခိုးစားဖို့ တစ်လမ်းပဲ ရှိတော့သည်။

လီစရူးဘတ် တစ်ခါက မှတ်ချက်ချဖူးသည်။

'အမေရိကန်မြို့ကြီးပြကြီးများရှိ ဓာတ်ရုံကြီးများ တစ်ဦးကောင်းတစ်ယောက်ကောင်းနှင့် ရုံပြည့်ရုံလျှံအောင်ထိန်းနိုင်သူ ၂ ဦးသာရှိသည်'တဲ့။ 'တစ်ယောက်က ဖရက်စတုန်းဖြစ်ပြီး၊ ကျန်တစ်ဦးက အယ်လ်ဂျိုဆန်ပဲ'လို့ ဆိုခဲ့၏။


သို့တိုင် အယ်လ်ဂျိုဆန်သည် ဟောမန္တပန်းဥယျာဉ်၌ ပွဲဦးထွက်ပထမဆုံး တက်က,စဉ် အရှက်ကွဲခဲ့ရဖူးကြောင်း ကျွန်တော့်အား ဖွင့်ပြောပြပါ၏။ ထိုစဉ်က ပွဲမှာ ညလုံးပေါက်ကပြရ၍ သန်းခေါင်ကျော်ပြီးနောက် ရှေ့ဆက် ကလို့မရသည့်အခြေအနေသို့ ဆိုက်ခဲ့ရသည်။

ထိုည ပွဲကြည့်ပရိသတ်နှင့် သူ လမိုင်းမကပ်သလို သူ့ကို နည်းနည်းမျှ အကြိုက်တွေ့ပုံမရ။ လုံးဝဆို လုံးဝ။ သူ့ဟာသတွေလည်း တစ်လုံးမျှ မရယ်။ လက်ခုပ်သံဆိုတာ ဝေး။ ပရိသတ်က တင်းခံနေသည်မှာ ပြည်ဖုံးကားသာ ချလိုက်ရပါလေရော။ ဘာတွေ ဘယ်လိုဖြစ်သည် မသိ။

သူလည်း စိတ်ဓာတ် အကြီးအကျယ်ကျပြီး ကယောင်ချောက်ချားဖြင့် ဘရော့ဝေးလမ်းမကြီးမှ ထွက်ပြေးခဲ့မိသည်။ စင်စစ် သူ ၅၄ လမ်းမှာနေပါလျက် လမ်း ၉၀ ရောက်အောင် ယောင်ယောင်ကန်းကန်းနှင့် လျှောက်ခဲ့မိသည်။ သူ့ကိုယ်သူ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း သတိမထားမိဘဲ ၄၆ လမ်းလုံးလုံးကို ကျော်သွားခြင်းပဲ ဖြစ်ပါသည်။

ထိုအချိန်မှစ၍ သူ့အတွေးအကြံ သန္နိဋ္ဌာန်တွေက (သွေးလေချောက်ချား၍မက်သည့် အိပ်မက်ထဲပါမကျန်) 'တစ်နေ့တွင် သူ့နာမည်ကို ဘရော့ဝေးလမ်းမကြီးသာမက တစ်ပြည်လုံး တစ်ကမ္ဘာလုံး ဟိုးဟိုးကျော် လျှမ်းလျှမ်းတောက်စေရမည်'ဟု ကြုံးဝါးသံပေးလိုက်မိပါလေတော့သည်။

သူ့ကြုံးဝါးချက်အတိုင်းပင် နောင်သောအခါ ပွဲရုံမန်နေဂျာတွေက သူ လာ က,ပေးပါမယ့်အရေးကို တစ်မိနစ်လျှင် သျှီလင် ၄၀ နှုန်းပေး၍ အောက်ကျို့တောင်းပန် ဖြစ်ခဲ့ရပါလေတော့၏။



## ဖြေမဆည်နိုင်အောင် ဆွေး

ဝိလီယမ်  ရှိတ်စပီးယား

ရှိတ်စပီးယားသည် ချစ်သူ ၂ ယောက်အကြား ဗျာများခဲ့ရာမှ အပူတပြင်း လက်ထပ်ခဲ့ရ၏။ ထို့ကြောင့် သေတမ်းစာတွင် သူ့ဇနီးအတွက် ခုတင်ဟောင်းတစ်လုံးသာ အမွေပေးခဲ့၏။

သူ ကွယ်လွန်သောအခါ သူ့ဇာတိမြို့မှ သူ့ကို အလေးအမြတ် ဂုဏ်ပြုခဲ့ရခြင်းမှာ မြို့ရှင်ကြီးအဖြစ်နှင့် သူတို့ကို ငွေချေးခဲ့ခြင်းလည်း တစ်ကြောင်းအပါအဝင် ဖြစ်ပါသည်တဲ့။

ကာလပေါက်ဈေး ၂ သိန်းခွဲတန် ပြဇာတ်စာအုပ် တစ်အုပ်ကို ပေါင် ၁၀၀ သာ ရခဲ့ရှာသော စာရေးဆရာကြီး၏ ရင်နင့်စရာဘဝမှာ

သူ အသက်ရှင်စဉ်ကာလက သူ့ကို သယ်သူမျှ အရေးမစိုက်ခဲ့ပါချေ။ သူ အနိစ္စရောက်ပြီး နှစ်ပေါင်း ၁၀၀ ကျော်တိုင်အောင်လည်း သူ့နာမည်ကို လူသိမများသေး။ သို့သော် သူ့အကြောင်းတွေကိုတော့ စာလုံးပေါင်းသိန်းသန်းချီ၍ ချီးမွမ်းခန်းထုတ်နေကြလေပြီ။

ဆရာကြီး၏ကလောင်ဖျားမှ စီးဆင်းလာသော စာပေအရေးအသားများသည် အခြားအခြားသော ကဝိဘွဲ့ရှင်ပညာရှင်များနှင့် မယှဉ်သာလောက်အောင် တစ်မူထူးခြား၍ ရသမြောက်လွန်းလှကြောင်းကို အထူးပြောစရာ မလိုတော့ပါ။

နှစ်ပေါင်းရာချီ၍ အစွန့်ရှည်ခဲ့သော သူ့ပြဇာတ်များမှာလည်း နောင် နှစ်ပေါင်းထောင်ချီသည့်တိုင် လူတွေ၏နှလုံးအိမ်ကို ပိုင်စိုးလွှမ်းမိုးကာ ဂန္ထဝင်သရဖူ စိုက်ထားဦးမည်ဟု ထင်ရပါသည်။

ယခုတလောမှာပင် ဆရာကြီးမွေးဖွားရာနေရာသို့ သွားရောက်လေ့လာ ဂါရဝပြုကြသည်မှာ နှစ်စဉ်နှစ်တိုင်း ထောင်သောင်းမက ရှိနေခဲ့ပါလေပြီ။ ကျွန်တော်ကိုယ်တိုင်လည်း ထိုနေရာသို့ ၁၉၂၁ ခုနှစ်က တစ်ခေါက် ရောက်ခဲ့ဖူးပါသည်။

ကျွန်တော်သည် ဆရာကြီး မနူးမနပ် တောသားလေးဘဝက ခြေချခဲ့ရာ လယ်ကွင်းများအပါအဝင် စထရက်ဖို့မှ ရှော့ထရီတိုင်အောင်သော မြို့နယ်တစ်ခွင် ပြုပြစင်လျှောက်ကြည့်မိခဲ့၏။ ထိုအထဲတွင် သူ့အသည်းလေး အန်နီဟုစ်တလေနှင့် အလုအယက်ချိန်းတွေ့ခဲ့သည့် နေရာလေးလည်း ပါနိုင်ပါသည်။

ဆရာကြီး ဝီလီယမ်ရှိတ်စပီးယားသည် ရာစုနှစ်များစွာတိုင် ဂုဏ်သိန်မြင့်မားစွာ သူ့နာမည် သူ ကမ္ဘည်းတင် အောင်လံစိုက်ထူထား

နိုင်လိမ့်မည်ဟု သိပ်မျှော်လင့်ခဲ့မည် မဟုတ်ပါ။ ထိုနည်းတူစွာ သူ့ငယ်ချစ်ဦး လုံမပျိုလေးမှာ သူနှင့်ကွေကွင်းရပြီး နှစ်ပေါင်းများစွာ အသည်းကွဲ ပူဆွေးသောက ရောက်နေရမည်ဟုလည်း ထင်ထားခဲ့ပုံ မရပါ။ ဒါပေမယ့် လောကကြီးက သူ့ပြဇာတ်တွေထဲကလိုပင် မမျှော်လင့်ထားတာတွေ ဖြစ်ခဲ့တော့သည်။

ဆရာကြီးရှိတ်စပီးယား၏ဘဝတွင် ဝမ်းနည်းကြေကွဲစရာတွေနှင့် ကြုံခဲ့ရခြင်းမှာ သူ့အိမ်ထောင်ရေးနှင့် အစိက ပတ်သက်နေ၏။ သူ အန်နီဝှစ်တလေအား ချစ်ခဲ့သည်ကတော့အမှန်။

ဒါပေမယ့် လသာသောညများ၏ သန်းခေါင်ယံအခါ၌ အန်နီဟက်သဝေးအမည်ရှိ နောက် မိန်းမပျိုလေးတစ်ယောက်၏ သွေးဆောင်ညို့မြူခြင်းကို ခံခဲ့ရပြန်သည်။ မအူမလည်နှင့် လေ့နံ ၂ ဘက်နင်းမိလျက်သားဖြစ်ခဲ့မိသော ဆရာကြီးခမျာ မကြာမီ အခက်လှလှကြီးတွေ့ရတော့သည်။ အန်နီဟက်သဝေးသည် ရှိတ်စပီးယားတစ်ယောက် သူ့ငယ်ချစ်ဦးကောင်မလေးနှင့် ယူတော့မည့်သတင်း ကြားလိုက်ရသော် ဖျပ်ဖျပ်လူးသွားပြီး အဆွေးကြီးဆွေးသွားရသည်။ အရှူးမီးဝိုင်းဖြစ်ခဲ့သည့်အဆုံး နီးစပ်ရာအသိုင်းအဝိုင်းတွေဆီ ပြေးပြီး ငိုကြီးချက်မနှင့် ရင်ဖွင့်သည်။

ရှိတ်စပီးယားက သူ့ကို ဘာကြောင့် လက်မထပ်ချင်ရတာလဲ။ ချစ်သူ အပယ်ခံဘဝရောက်ရတာထက် သေတာက ကောင်းဦးမယ်။ ရှက်လှချည်ရဲ့, သေချင်လှချည့်ရဲ့။

သူ့အတိုင်ပင်ခံ • အိမ်နီးချင်းတွေဆိုတာကလည်း ရိုးသား၍ သဘောဖြူအူစင်းသော မြေပိုင်ရှင်မျိုးနွယ်များဖြစ်သလို အကျင့်စာရိတ္တနှင့် ဂုဏ်သိက္ခာကို တန်ဖိုးထားကြသည်။ သည်တွင်ပင် နောက်တစ်နေ့မှာ မြို့တော်အာဏာပိုင်အဖွဲ့သို့သွား၍ ရှိတ်စပီးယားအား အန်နီဟက်သ်ဝေးနှင့် လက်ထပ်စာချုပ် လက်မှတ်ထိုးရန် အပိုင်အနိုင် စီစဉ်လိုက်တော့

သည်။ ဆရာကြီးရှိတ်စပီးယား၏သတို့သမီးမှာ သူ့ထက် ၈ နှစ်ပိုကြီး၏။ သို့ဖြင့် ဆရာကြီး၏အိမ်ထောင်ရေးဘဝမှာ ချီကတည်းက ယဉ်သကို ဆိုဘိသကဲ့သို့ စိတ်မချမ်းမြေ့စရာ သောကဝေဒနာတွေဖြင့် ပြည့်လျှမ်းခဲ့ရတော့သည်။ တစ်သက်လုံး ဖြေမဆည်နိုင်အောင် ဆွေးခဲ့ရပြီဆိုလျှင်လည်း မမှား။

ဒါကြောင့်လည်း ဆရာကြီးက သူ့ပြဇာတ်တွေထဲရှိ ကိုယ့်ထက်အသက်ကြီးသောမိန်းမများကို မယူမိရန် ယောကျ်ားများကို အဆက်မပြတ် သတိပေးခဲ့ခြင်းပဲ ဖြစ်၏။

သို့ဖြင့် မချစ်ဘဲအောင့်နမ်းခဲ့ရသော အန်နီဟက်သ်ဝေးနှင့် သူအနေနည်းခဲ့၏။ သူ့ဘဝတစ်လျှောက်လုံး လန်ဒန်မှာသာ အနေများခဲ့ပြီး မိသားစုရှိရာအိမ်သို့ ၁ နှစ်နေလို့တစ်ခေါက် ပြန်ရောက်ခဲလှသည်။

ယနေ့ စထရက်ဖို့တောင်ပေါ်ရွာလေးကို အင်္ဂလန်ပြည်၏ အလှဆုံးမြို့လေးတစ်မြို့အဖြစ် တွေ့မြင်ရပါလိမ့်မည်။ သက်ကယ်မိုးတိုက်ပုလေးများ, ပန်းချဉ်ပေါင်ခင်းများ, မြွေလိမ်မြွေကောက် ဆန်းကြယ်လှသောလမ်းကလေးများနှင့် ရှုမငြီးစရာပန်းချီကားတစ်ချပ်အသွင်ဆောင်နေပါသည်။ သို့သော် ရှိတ်စပီးယားနေခဲ့စဉ် အချိန်ကမူ ညစ်ပတ်ပေလူးလျက် နံချာစုတ်ပြတ်နေပြီး ရောဂါပေါင်းစုံ ထူပြောနှိပ်စက်ခြင်းခံရသည့် ပစ္စန္တရာဇ်မြို့ငယ်လေးတစ်ခုသာ ဖြစ်ခဲ့ပါ၏။ သူတို့မြို့မှာ မိလ္လာပိုက် မရှိ။ ဝက်တွေက မြို့လယ်လမ်းမကြီးပေါ်မှ ဗွက်တွေ, ရွှံ့တွေ, အညစ်အကြေး အမှိုက်သရိုက်တွေထဲတွင် အငမ်းမရမွှေနှောက်ပြီး အစာရှာနေကြ၏။ ဆရာကြီး ရှိတ်စပီးယား၏ဖခင် မြို့အုပ်ချုပ်ရေးအရာရှိဖြစ်သူကိုယ်တိုင် မြင်းဇောင်းမှ စွန့်ပစ်ပစ္စည်းများကို အိမ်ရှေ့တွင် ပုံထားမှုဖြင့် ဒဏ်ငွေ အတပ်ခံရ၏။

ကျွန်တော်တို့က ယခုအခါ စားဝတ်နေရေး ခက်ခဲပင်ပန်းလှပြီဟု ညည်းညူမိတတ်၏။ သို့ရာတွင် ရှိတ်စပီးယားတို့ခေတ်ကလောက်

ဆိုးမည်မထင်ပါ။ သူ နေခဲ့ရာ စထရက်ဖို့ဒ်မြို့ကလေးက လူဦးရေ တစ်ဝက်မှာ အများပြည်သူ၏ အထောက်အပံ့ဖြင့် အသက်ရှင်ရပ်တည် ခဲ့ကြသည်။ မြို့သူမြို့သားအများစုမှာ စာမတတ်ကြပါချေ။ ရှိတ်စပီးယား၏ အဖေ, အမေ, ညီအစ်ကို မောင်နှမများသာမက သားစဉ် မြေးဆက်အထိပင် 'အေ'ကို ပုတ်လောက်ရေးပြလည်း မသိတဲ့ ဘဝ။ လုံးဝ စာမရေးတတ်, စာမဖတ်တတ်ကြ။

အင်္ဂလိပ်စာပေလောကကို ဂုဏ်ထူးဆောင်၍ ရွှေအထွတ်, စိန်အထွတ်တပ်ပေးခဲ့သော ဆရာကြီးရှိတ်စပီးယားကိုယ်တိုင်ပင် ၁၃ နှစ်သားကျမှ ကျောင်းနေခဲ့ရပြီး မကြာခင် လုပ်ငန်းခွင် ဝင်ခဲ့ရ၏။

ဆရာကြီး၏ဖခင်မှာ လက်အိတ်လုပ်ငန်းရှင်နှင့် လယ်သမား တစ်ဦးဖြစ်၍ ရှိတ်စပီးယားသည် နွားနို့ညှစ်ရ၏၊ သိုးမွေးရိတ်ရ၏။ ထောပတ် ချက်ရ၏။ သားရေ နယ်ရ၏။ နူးအောင် နှပ်ရ၏။ အောက်ခြေသိမ်းအလုပ်မှန်သမျှ ကျုံးလုပ်ခဲ့ရ၏။ သို့သော် ကွယ်လွန် ချိန်မှာတော့ ဆရာကြီးသည် သူ့ခေတ်သူ့အခါအလျောက် လူ ချမ်းသာစာရင်းဝင် ဖြစ်နေခဲ့ပါပြီ။

သူ လန်ဒန်သို့ရောက်ရှိပြီး ၅ နှစ်အတွင်းမှာပင် ပြဇာတ် သရုပ်ဆောင်တစ်ဦးအဖြစ် ဝင်ငွေကောင်းကောင်း ရှာနိုင်ခဲ့သည်။ ဇာတ်ရုံ ၂ ခုက ရှယ်ယာတွေဝယ်ခဲ့သလို၊ ခြံမြေတွေကလည်း ပိုင်ဆိုင် လာ၏။ အတိုးကြီးကြီးနှင့်လည်း ငွေချေးသေး၏။ စုစုပေါင်း ၁ နှစ် ဝင်ငွေ ပေါင် ၃၀၀ ရခဲ့၏။ ငွေရင်းများလျှင် အမြတ်များ၍ ဆပွား လာသည့်အတိုင်း၊ ရှိတ်စပီးယား ၄၅ နှစ်အရွယ်တွင် ၁ နှစ်ကို ပေါင် ၄၀၀၀ ဝင်သောဘဝသို့ ရောက်ခဲ့ရပါတော့သည်။ ဒါဖြင့် သူ့သေတမ်း စာထဲတွင် ကျန်ရစ်သူဇနီးသည်အတွက် ဘယ်လောက်များ အမွေပေး ခဲ့မည် ထင်သနည်း။ မယုံမရှိပါနှင့်။ ဘုရားစူးကျိန်ရလောက်အောင် တစ်ပြားမျှ မပေးခဲ့ပါတဲ့။ ပစ္စည်းပစ္စယအနေဖြင့် သူ သုံးပြီးသား

ခုတင်အဟောင်းတစ်လုံးတော့ ပေးခဲ့သည်။ ဒါတောင် မကောင်းတတ်၍ ထင့်။ စာချုပ်အစအဆုံးရေးပြီးမှ စာကြောင်းတွေအကြားတွင် ကတ်သီး ကတ်သတ်လိုက်ဖြည့်ထားခဲ့ခြင်း ဖြစ်၏။

ဆရာကြီးရှိတ်စပီးယားသည် သူ့ပြဇာတ်တွေအားလုံး စာအုပ် အဖြစ် စက်တင်ပုံနှိပ်ထုတ်ဝေခြင်း မပြုနိုင်ခင် ၇ နှစ်စော၍ ကွယ်လွန် သွားခဲ့ရှာ၏။ ယနေ့ ဆရာကြီး၏ပြဇာတ်စာအုပ် ပထမအကြိမ် ပုံနှိပ် ခြင်းကို လိုချင်ပါသည်ဆိုပါလျှင် နယူးယောက်၌ ဝယ်ယူရရှိနိုင်ပါ သည်။ သို့သော် ဈေးကတော့ နည်းနည်းများမည် ထင်သည်။ အသန့် ဆုံး,အခန့်ဆုံး မူရင်းစာအုပ်တစ်အုပ်ကို ပေါင် ၂ သိန်းခွဲ အနည်းဆုံး ပေးရမည် ဆိုပါ၏။

ထိုစာအုပ်၏လက်ရာရှင် ဆရာကြီးရှိတ်စပီးယားကိုယ်တိုင် ကတော့ ဟင်းမလက်, မက္ကဘက်, နွေလယ်ညချမ်း အိပ်မက်ဆန်း စသည့် ပြဇာတ်များရေးခအဖြစ် တစ်ပုဒ်ကို ပေါင် ၁၀၀ ပင် မရ သွားခဲ့ရှာပါချေ။

ကျွန်တော် တစ်ခါက ရှိတ်စပီးယားကျွမ်းကျင်သူ ဟုဆိုလောက် သော ဒေါက်တာ အက်စ်၊ အေ၊ တင်နန်ဘမ်အား ရှိတ်စပီးယား ပြဇာတ်များကိုရေးခဲ့သူမှာ ဝီလီယမ်ရှိတ်စပီးယားအစစ်ပဲလားဟု ကြံကြံ ဖန်ဖန် ပုစ္ဆာ ထုတ်ခဲ့ဖူးပါသည်။

ဒေါက်တာတင်နန်ဘမ်ကတော့

"ဟာ။ ဘယ့်နှယ် မေးလိုက်ပါလိမ့်ဗျာ။ ရှိတ်စပီးယားရေးလို့ ရှိတ်စပီးယားပြဇာတ်တွေရယ်လို့ တွင်ကျယ်ခဲ့တာပေါ့။ အဲ့ဒီအချက် က မစ္စတာလင်ကွန်း ဂက်တီဘတ်ဂ်မှာ မိန့်ခွန်းပြောပြီး အိမ်ဖြူတော် မှာ သမ္မတကြီးဖြစ်တာလောက်ကို သေချာပါတယ်။ ဘာမျှ ငြင်းစရာ မရှိပါဘူး"

သို့ပါလျက် လူတချို့ကတော့ ထိုလက်ရာများသည် ရှိတ်စပီးယား ရေးခဲ့ခြင်းမဟုတ်ဘဲ ဆာဖရန်စစ်ဘေကွန်၊ သို့မဟုတ် အောက်စဖို့ဒ်မြို့စားကြီး ရေးခဲ့ခြင်းပါလို့ စောဒက တက်ခဲ့ကြ၏။ ဘယ်လိုဖြစ်ဖြစ် ကျွန်တော့်အဖို့ ဆရာကြီး ရှိတ်စပီးယား၏အုတ်ဂူပေါ်မှာ လေးနက်ထူးခြားလှသော ကမ္ဗည်းလင်္ကာကိုငေးမောရင်း ကြက်သီးမွေးညင်းထလောက်အောင် ဆွတ်ပျံ့လှိုက်မောခဲ့ရမိပါတော့သည်။

**ကိုယ်တော်ရှင် ချစ်မြတ်နိုး၍ နိုးပါစေ ခေါ်တော်မူရာ**
**ဤမိမာန်ထဲမှာ လောကအမြိုက်ရတနာ**
**ဝူကိုအလှခြယ်သသူတွေ ကောင်းချီးမင်္ဂလာ ပြည့်စုံပါစေ။**
**ငါ့အလှဖျက်ဆီးသူတွေ ကျိန်စာသင့်မည် ယုံကြည်လေ။**

ဆရာကြီး ရှိတ်စပီးယားကို ကျေးရွာဘုရားရှိခိုးကျောင်းက သုသာန်တွင် မြှုပ်နှံထားပါသည်။ သည်လို မြင့်မြတ်သော နေရာကို သူ ဘာကြောင့် ရောက်ရှိခဲ့ရပါသနည်း။ အနှစ် ၃၀၀ ရာစုတိုင် မမေ့နိုင်အောင် သူမတူဘဲထူးချွန်ထက်မြက်သော ပါရမီဉာဏ်စွမ်းကို လေးစားမြတ်နိုးမိတာကြောင့်ပဲလား။ တကယ်တော့ ဒီထက်မက ရေးမထားရသော အကြောင်းတစ်ချက် ရှိပါသေးသည်။

ဒါကတော့ ဆရာကြီးသည် အင်္ဂလိပ်စာပေသမိုင်း၏ မီးရှူးတန်ဆောင် မိုးသောက်ကြယ်ကြီး ဖြစ်ခဲ့သည်နှင့်အမျှ၊ ဆင်းရဲနွမ်းပါးသော သူ့ဇာတိမြို့လေးက မြို့သူမြို့သားများကို ငွေချေးခဲ့သောကြောင့်ပင် ဖြစ်ပါသည်။

အတိုးကြီးစား ငွေဘီလူး၊ ငွေရှူး ဂျူးမိစ္ဆာကြီး ရှိုင်းလော့ကို ဖန်ဆင်းခဲ့သော ဆရာကြီးသာ သူ့မြို့လေးကို ငွေမချေးလျှင် ခုလောက်ရှိ သူ့အရိုးစုသည် ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိ တိမ်မြုပ်ပျောက်ကွယ်နေလောက်ပြီတကား။



# တောင်ထိပ်က ကြာတစ်ပွင့်

## အားနက်စတင်း ရှူးမင်းဟိန်း

စားဝတ်နေရေး အငတ်ဘေးကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ကြံမိခဲ့ရာက အကြံမအောင်ဘဲ အကျော်ကြားဆုံး အဆိုတော်ဖြစ်ခဲ့သူ တစ်ဦး။

ဒီပုံစံမျိုးဖြင့် အဆိုတော်လုပ်မယ့်အစား အိမ်ပြန်ပြီး စက်ချုပ်စားပါလို့ နှိမ်ခဲ့သူတစ်ဦးနှင့် ပြန်လည်ဆုံဆည်း ရသောအခါ သာသာလေးပြန်နှက်နိုင်ခဲ့သည့် အဖြစ်။

လူတွေကို မေတ္တာထား၍ ဘုရား,တရား ကြည်ညို အားကိုးစိတ်ဖြင့် ထိပ်တန်းရောက်ခဲ့ရသူ၏ အံ့မခန်း ဇာတ်လမ်း။

မဒမ်အားနက်စတင်းရှုးမန်းဟိန်းတစ်ယောက် သီချင်းဆိုရင်းမှ ရွှေတောင်ထိပ်က ရွှေကြာပန်းတစ်ပွင့်လို လန်းစွင့်လှပသောဘဝအား ပိုင်ဆိုင်ခဲ့ရပါလေပြီ။ ငတ်မွတ်ဆင်းရဲမှု, အသည်းနာနာ ရင်နင့်စရာ အဖြစ်ဆိုးတွေနှင့် စိတ်ပျက်အားငယ်ရခြင်းများက ထူးဆန်းသော ခွန်အားတစ်မျိုးအဖြစ် အော်ပရာဂီတ ပြဇာတ်သမိုင်းတွင် စိန်သရဖူ ဆောင်းနိုင်အောင် တွန်းအားပေးခဲ့သည်ဟု ဆိုရပါတော့မည်။

အောင်မြင်မှုပန်းတိုင်သို့အလာ ဖြတ်သန်းခဲ့ရသည့် သူ့ဘဝ ခရောင်းလမ်းကား သူမတူအောင် ကြမ်းတမ်းခက်ထန်လွန်းလှ၏။ သူ့ခမျာ ကျိန်စာသင့် သားကောင်အဖြစ် စိတ်ဓာတ်အကျကြီးကျ သွေးကြောင်သွားရသည့်အဆုံး သူ့ကိုယ်သူ သတ်သေဖို့ပင် ကြိုးစားခဲ့ မိရှာလေသည်။ သူ့အိမ်ထောင်ရေးမှာ ငရဲခံအလွမ်းဇာတ်လမ်းတစ်ပုဒ် သာ ဖြစ်ခဲ့ပါသည်။ ခင်ပွန်းဖြစ်သူ ဆုံးပါးသွားသည့်နောက် အပူမီးက မအေးသေးဘဲ သူ့ကို အကြွေးပင်လယ်ထဲမှာ နစ်ထားခဲ့၏။ ထိုအချိန်က ဂျာမန်တရားဥပဒေများအရ ကျန်ရစ်သူဇနီးဖြစ်သူသည် ခင်ပွန်းသည်၏ အကြွေးများကို ပေးဆပ်ရန်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထား၏။ သို့ဖြင့် ဒေသခံရဲတရားသူကြီးက ကုလားထိုင်တစ်လုံးနှင့် ခုတင်တစ်လုံးအပ ရှိသမျှအိမ်ထောင်ပစ္စည်းတွေကို လာသိမ်းသွားသည်။

သူ့ခမျာ ဟိုဟိုဒီဒီ ရက်ခြားလခြားဆိုသလို သီချင်းလေးတွေ လိုက်ဆိုရပြန်တော့လည်း သီချင်းဆိုခ ရသလောက်ကို တရားသူကြီး ကသာ အပိုင်စီးသွားပြန်၏။

တတိယမြောက် သမီးကလေး မမွေးခင် ၆ နာရီအလိုမှာ ကိုယ်ဝန်ကြီးနှင့် သီချင်းဆိုခဲ့ရသေးသည်။ သီချင်းဆိုရင်း ဗိုက်က

နာလာသည်။ ဗိုက်နာလျက်နှင့်ပင် သီချင်းဆိုနေရရှာသည်။ သီချင်းဆိုခလေးရမှ ကလေးတွေကို ကျွေးနိုင်မည် မဟုတ်ပါလား။

ဆောင်းတွင်းသို့ ရောက်လာပြန်တော့လည်း ကလေးတွေက ထမင်းဆာလို့ ငိုရသည့်အပြင် မီးလှုံဖို့ လောင်စာ မဝယ်နိုင်၍ အရိုးကွဲအောင် ချမ်းနေသည့်ဒုက္ခက ပိုလာပြန်၏။ ခိုကိုးရာမဲ့ မုဆိုးမတစ်ယောက်အနေဖြင့် စိတ်ပျက်အားငယ်လျက် အရူးတစ်ပိုင်းဖြစ်သွားရာမှ အာနက်စတင်းသည် သူ့ကိုယ်သူသာမက ကလေး ၃ယောက်စလုံးကိုပါ သေမင်းလက်အပ်ဖို့ ဆုံးဖြတ်လိုက်မိတော့သည်။ သို့သော် လက်တွေ့ကျတော့ သေကြောင်းကြံမှု အထမမြောက်ခဲ့ပါ။

ထို့နောက် အံကြိတ်မာန်တင်းပြီး လောကဓံကို ရန်းကန်တိုက်ပွဲဝင်ခဲ့မိသည်။ ကံကောင်းထောက်မ၍ အသက် မသေခဲ့သည့်အပြင် ကမ္ဘာပေါ်တွင် အကောင်းဆုံး အသံနိမ့်အဆိုတော်အဖြစ် အောင်မြင်မှုရခဲ့ပါတော့သည်။ သည့်ပြင် ပွဲကြည့်ပရိသတ်ကို အဆွဲဆောင်နိုင်ဆုံး ချိုတေးသံရှင်တစ်ဦးလို့လည်း မော်ကွန်းထိုးနိုင်ခဲ့ပါသည်။

မဒမ်အာနက်စတင်းသည် မကွယ်လွန်မီ လအနည်းငယ်လောက်က ချီကာဂိုရှိအိမ်သို့ သူကိုယ်တိုင် ချက်ကျွေးပါမည်ဆိုပြီး ကျွန်တော့်ကို ညစာ ဖိတ်ကျွေးခဲ့ပါ၏။

တစ်ဆက်တည်းမှာလည်း "ရှင် ကျွန်မကို နာမည်ကျော် အဆိုတော် ဂီတကြယ်ကြီးရယ်လို့ မြှောက်မယ်ဆိုရင် ဝမ်းမြောက်ဝမ်းသာလက်ခံပါတယ်။ အဲဒီထက် ကျွန်မနှင့်အတူ ညစာစားပြီး 'မဒမ်ရှူးမင်းဟိန်းရေ။ ကျွန်တော် စားဖူးသမျှ စွပ်ပြုတ်တွေထဲမှာတော့ အကောင်းဆုံးလက်ရာပဲ' လို့ ချီးကျူးမယ်ဆိုရင်တော့ ရှင်ဟာ ကျွန်မရဲ့ အရင်းနှီးဆုံး ထာဝရမိတ်ဆွေ ဖြစ်သွားပြီသာ မှတ်ပေတော့"ဟု အကွန့်အညွန့်လေးနှင့် အတွန့်တက်ခဲ့ပါသေးသည်။

သူမက သူ့အောင်မြင်မှု၏ အဓိကလျှို့ဝှက်ချက်တစ်ရပ်မှာ အခြားမဟုတ်။ 'လူတွေကို အရေးထားမြတ်နိုးစွာ ချစ်ခင်ခြင်းပဲ'ဟု ဆိုခဲ့ပါ၏။ သည်လို ချစ်ခြင်းမေတ္တာတွေ ပွားနိုင်အောင်လည်း ဘာသာတရားက လမ်းညွှန်သွန်သင်ခဲ့တာပါတဲ့။

သူမသည် သမ္မာကျမ်းစာကို နေ့စဉ်ပုံမှန်ဖတ်၍ နေ့ညဥ့်မပြတ်လည်း ဘုရားသခင်ထံ ဝတ်ပြုဆုတောင်းလေ့ရှိကြောင်း ပြောပြပါသည်။ သို့နှင့်အမျှ သူ့ဘဝ၏ ကြေကွဲစရာအဖြစ်ဆိုးများက သူ သီချင်းဆိုရာတွင် အထောက်အကူပြုခဲ့သည်လို့ပင် ဆိုလိုက်ပါသေး၏။ စင်စစ်အားဖြင့် ဘဝဒဏ်ရာ ဝေဒနာတွေက ကရုဏာ, မေတ္တာ, ကိုယ်ချင်းစာတရား ဟူသော ခံစားမှုများဖြစ်သွားပြီး၊ ဘယ်သူမျှ တုမမီနိုင်သော 'ရင်ထဲက တေးသံလေးတွေ'ကို ဖန်တီးပေးခဲ့ခြင်းပဲ ဖြစ်ပါတော့သည်။

တစ်နည်းတော့လည်း ခံစားချက်အပြည့် မချိတင်ကဲ ဝေဒနာလှိုင်းတွေက ထူးခြားသော တန်ခိုးစွမ်းအားဖြင့် သန်းပေါင်းများစွာသော သောတရှင်များ၏အသည်းနှလုံးကို သိမ်းကျုံးညှို့ဖွဲ့ခဲ့ပြီဟုလည်း ဆိုနိုင်ပါသည်။

အကယ်၍ စာဖတ်သူသာ သူမ၏ လျှမ်းလျှမ်းတောက် အောင်မြင်ဆဲနေ့များကသီကြွေးခဲ့သော 'ရှိဆာရီ'အမည်ရှိ တေးတစ်ပုဒ်ကို နားဆင်ရမည်ဆိုပါက ဆန်းကြယ်သောရသကို ခံစားရလျက် အသည်းခိုက်ပြီး ကြွေသွားမှာ မလွဲပါ။

•

သူ့ကလေးငယ်တွေကို မြှုံထားမတတ်ချစ်သော သူ့အပေါ် နားလည်ပြီးသားကျွန်တော်က သူ ကိုယ့်ကိုယ့်ကိုယ် သေကြောင်းကြံစဉ်က ကလေးငယ်တွေကိုပါ ဘာကြောင့်သတ်ဖို့ ခေါ်သွားရသလဲ လို့ စပ်စပ်စုစု မေးမိပါသည်။

ဤတွင် အောက်ပါဇာတ်လမ်းကို သူမက ပြောပြခဲ့ပါတော့၏။

"အဲဒီတုန်းက အငတ်ငတ်အပြတ်ပြတ်နှင့် စိတ်ဓာတ်တွေကျ၊ လူကလည်း ကောင်းကောင်းမမာနှင့် ရူးမတတ်ဖြစ်ပြီး ကြံမိကြံရာ ကြံခဲ့ရတာပါပဲလေ။ စဉ်းစားသာကြည့်။ ဘယ်ကမှ အကူအညီမရတဲ့ ကလေး ၃ ယောက်နှင့် မုဆိုးမဘဝမှာ အနာဂတ်ကလည်း ဘာမျှော်လင့်ချက်မှ မမြင်ဘူး။ ကျွန်မအနေနှင့် ရင်စည်းခံနေရပေမယ့် ကလေးတွေကိုတော့ ကျွန်မလို မခံစားစေချင်တော့ဘူး။ ဒီလို စားရမဲ့ သောက်ရမဲ့ဘဝမှာနေရတာထက် သေလိုက်တာက ကောင်းဦးမယ်လို့ အတွေးပေါက်ခဲ့ရတယ်။ အဲဒါနှင့် ကျွန်မနှင့် ကလေးတွေအားလုံး ရထားကြိတ်ခံပြီး သေဖို့ ဆုံးဖြတ်လိုက်တော့တာပဲ။

"ကျွန်မအကြံကို အကောင်အထည်ဖော်ဖို့ အသေအချာ အစီအစဉ်ဆွဲခဲ့တယ်။ ရထားလာမယ့်အချိန်ကို ကျွန်မ ကောင်းကောင်းသိတယ်လေ။ ကလေးတွေကတော့ ကျွန်မနားမှာ ဝရုန်းသုန်းကား ဒယီးဒယိုင်နှင့် ငိုရင်းယိုရင်း တို့လို့တွဲလောင်း တွယ်ကပ်ပါလာကြတယ်။ ဒီကြားထဲ ရထားဥသြသံ ကြားလိုက်ရတယ်။ တဖြည်းဖြည်း ရထားလမ်းနားကို ကျွန်မတို့အုပ်စု ရောက်တော့မယ်။ ကျွန်မလည်း ကလေးတွေကို စုပြုံပြီး ရထားလမ်းပေါ်ကို ဆွဲတင်သွားတယ်။ ရထားကလာနေပြီ။ ကျွန်မကလေးတွေ ၃ ယောက်စလုံးကို သံလမ်းပေါ် လှိမ့်တင်ပြီး ကျွန်မကိုယ်တိုင်လည်း လည်စင်းပေးဖို့ ပြင်လိုက်တယ်။

"အဲဒီတုန်းမှာပဲ အငယ်ဆုံးသမီးလေးက ဖြုန်းခနဲ ကျွန်မရှေ့ ပြေးထွက်လာရာက 'မာမီ မာမီ'တဲ့။ 'မာမီ့ကို သမီးချစ်ပါတယ်နော်။ ဒီနေရာမှာ သိပ်အေးတာပဲ။ အိမ်ပြန်ကြပါစို့ မာမီရယ်'တဲ့။ သနားစရာ ငိုသံလေးနှင့် တောင်းပန်လာတယ်။

"ဘုရား ဘုရား။ သမီးလေးရဲ့အသံက မောဟမှိုင်းမိနေတဲ့ ကျွန်မကို ကိုင်လှုပ်လိုက်သလို ဖြစ်သွားတယ်။ မိုက်မဲမှုကို သတိရစေတဲ့

အသိတရားတွေ သွင်းပေးလိုက်တယ်။ ဒီမှာတင် ကလေးတွေကို အချိန်မီ ကပျာကယာ ပြန်ခေါ်ပြီး အေးစိမ့်ပြီး ဗလာကျင်းနေတဲ့ အခန်းလေးထဲ အရောက် ပြန်ပြေးခဲ့မိတော့တာပါပဲ။ အဲဒီနောက်တော့ ဘုရားသခင်ရှေ့ ဒူးထောက်ပြီး ဆုတောင်းရင်းက ရှိုက်ကြီးတငင် ငိုချလိုက်ရတာ ရင်ကွဲမတတ်ပါပဲရှင်”

ထိုအချိန်မှစ၍ အာနက်စတင်းရူးမင်းဟိန်းသည် ဘဝကို အဓိပ္ပာယ်ရှိရှိ သတ္တိပြောင်မြောက်စွာ ရင်ဆိုင်ခဲ့ရာက မကောင်းဆိုးဝါး ဆန်လှသော ကံကြမ္မာအားလုံးကို ကျော်နင်းနိုင်ခဲ့ပါတော့သည်။

သူ့ကိုယ်သူ သတ်သေဖို့ ကြံမိသည်မှ နောက် ၁ နှစ်အတွင်း မှာပင် ဘာလင်ရှိ တော်ဝင်ကပွဲရုံ, လန်ဒန်က ကွန်ဗင့်ဂါး, နယူး ယောက်က ရွှေမြို့တော် ဇာတ်ရုံကြီးများက တောင်းပန်ခယ ခေါ်ရသော ဘဝသို့ ဆိုက်ရောက်ခဲ့ရပါလေ၏။

သူ နှစ်ပေါင်းများစွာ ငတ်ပြတ်ဆင်းရဲပြီး ကျွန်ဖြစ် နှံ့နှစ်ခဲ့ ရသည့် ကျိန်စာဆိုးက လွတ်မြောက်ခဲ့ပါချေပြီ။ ဘုရားမ,ပြီး ကံထခဲ့ သလို အသံလှ၍ ဟန်ကျခဲ့သည်ပဲ ဆိုပါတော့။ အောင်မြင်ခြင်းအလင်း ရောင်များသည် မျက်စိကျိန်းလောက်အောင်ပင် စူးရှတောက်ပစွာ သူ့ ခေါင်းထက်သို့ ဖြာကျလာရပါတော့သည်။

သံမနိုင် ကျောက်မနိုင် ကြာပန်းတစ်ခိုင်ကတော့ တောင်ထိပ် မှာ ပေါက်ခဲ့ပါပြီကော။

တစ်ချိန်က,အတိတ်ကတော့ ရူးမင်း၏ဖခင်သည် ဩစတြီးယန်း အရာရှိငယ်တစ်ယောက် ဖြစ်ခဲ့၏။ လစာကနည်းနည်း မိသားစုက များများ ဘယ်လိုမှ မလောက်ငခဲ့သလို အာနက်စတင်း ကလေးဘဝ မှာပင် အငတ်တန်ဖိုးကို နားလည်ခဲ့ရသည်။ သူစားဖို့ ပေါင်မုန့် အမည်းတွေ ဝေစုအပြည့်ရတဲ့နေ့ဟာ သူ့အတွက် အပျော်ရွှင်ဆုံးနေ့

ဖြစ်ရသည်။ အဲ–ထောပတ်ဆိုတာကတော့ မြင်ဖူးဖို့ မပြောနှင့်၊ ကြား တောင် မကြားဖူး။ သူ့အမေက စွပ်ပြုတ်အိုး၏အပေါ်ဆီ (ဒါတောင် အဆီအနှစ် တက်သည့်အခါမျိုးမှ)ကို လွှာခပ်၍ ထောပတ်အစား ပေါင်မုန့်တွင် လူးပေးရ၏။

အာနက်စတင်း ကျောင်းတက်သောအခါမှာလည်း နေ့လယ်စာ က ခြောက်ကပ်မာကြောနေသော ပေါင်မုန့်အမည်းနှင့် ကော်ဖီကျဲကျဲ တစ်ခွက်သာ ဖြစ်ခဲ့သည်။ ဘယ်တော့မျှ ထို့ထက် မပိုခဲ့။ သူ့ခများ ဝဝလင်လင်စားရအောင် ကျောင်းပြေးပြီး မြို့စွန်ရှိ တိရစ္ဆာန်ရုံသို့သွား၍ မျောက်ရုံကို ရှင်းပေးရသည်။ လုပ်ခအဖြစ် အသားသွတ်မုန့် အနည်းငယ် ရ၏။

နှစ်အတန်ကြာသော် အဆိုသင်လေ့ကျင့်ပြီး ဗီယင်နာမြို့ရှိ နာမည်ကျော် တော်ဝင်ကဇာတ်ပဒေသာကုမ္ပဏီကြီး၏ ဒါရိုက်တာ လူကြီးတစ်ယောက်၏ ရှေ့မှောက်သို့ အရည်အချင်းစစ်ရန် ရောက်ခဲ့ တော့သည်။

နောင်တစ်ချိန် အဆိုဘုရင်မ ထိပ်ခေါင်တင် သရဖူဆောင်းပေး မည့်အသံနှင့် သီဆိုပြခဲ့သော သူမ၏သီချင်းကိုနားဆင်ပြီး ဒါရိုက်တာ ကြီးက သူမသည် 'ဘယ်တော့မျှ အဆိုတော် ဖြစ်နိုင်မှာမဟုတ်ကြောင်း နှင့် အိမ်ပြန်ပြီး အပ်ချုပ်စက်တစ်လုံးဝယ်၍ အင်္ကျီချုပ်စားဖို့သင့်ကြောင်း' အပြတ်နှိမ်လေတော့၏။

"အဲ။ ဂီတပြဇာတ်က အဆိုတော်လား။ စိတ်ချ။ မဖြစ်ဘူး။ မင်းအနေဖြင့် ဘယ်တော့မျှ ဖြစ်နိုင်မှာ မဟုတ်ဘူးဆိုတာ ယုံ"ဟူ၍လည်း အော်ကြီးဟစ်ကျယ်ပြောလိုက်ပါသေးသည်။

ထို့နောက် နှစ်အတန်ကြာခဲ့သလို၊ အားနက်စတင်းလည်း ကမ္ဘာကျော်အဆိုတော်ကြီး ဖြစ်ခဲ့ရပါပြီ။

အကြောင်းသင့်၍ ဗီယင်နာမြို့တော်မှ တော်ဝင်ကဇာတ်ပဒေသာ ရုံကြီး၌ ဖျော်ဖြေရသည်။ သည်တွင် တစ်ခါက သူ့ကိုကန်ထုတ်ခဲ့သော ကုမ္ပဏီဒါရိုက်တာကြီးပင် တလေးတစား လာရောက်နှုတ်ဆက်ရင်း ချီးမွမ်းခန်း ဖွင့်ခဲ့သည်။

"ကောင်းလိုက်တဲ့အသံဗျာ။ အဆိုကလည်း ပိုင်လိုက်တဲ့ဖြစ်ခြင်း။ အသည်းတွေ, အူတွေ ဆွဲနုတ်လိုက်သလို အံ့မခန်းပါပဲလား။ အဆိုတော် တွေထဲမှာ ၂ ယောက်မရှိဘူး ပြောလောက်ပါရဲ့။ အဲဒါနှင့် ကျုပ် မင်းကို မြင်ဖူးသလိုလိုပဲ။ ဘယ်မှာများ မြင်ဖူးခဲ့ပါလိမ့်နော်"

"'သြော်၊ သြော်' ကျွန်မက အာမေဋိတ်သံလေးနှင့် သူ့ကို ပြန်ပြောလိုက်တယ်။ 'အား။ ကျွန်မကို ဘယ်မှာတွေ့ဖူးသလဲ။ ဟုတ် လား။ ခု ဒီမှာ တွေ့ဖူးနေပြီပဲဟာ။ လူကြီးမင်း မမှတ်မိတော့ဘူးလား' လို့ပေါ့။ ဒီနောက်မှ ကျွန်မကို 'စက်ချုပ်စားပါ'လို့ ပြောခဲ့တဲ့ ဇာတ် ကြောင်း ပြန်လှန်ပြလိုက်ရတော့တာပေါ့။ ဘာရမလဲ။ ဟင်း"



# ခွစာ

စင်ကလဲယား လူးဝစ္စ

သတင်းစာ ၄ စောင်နှင့် ပြဿနာတက်ပြီး ထွက်ခဲ့တဲ့ သတင်းစာဆရာ။

စာပေနိုဗယ်ဆုကို ရခဲ့သည့်ကြားက 'ဒါဟာ နှုတ်ပိတ်လိုက်တာပဲ'လို့ ဆိုတဲ့ စာရေးဆရာ။

လောကကြီးကို ခေါက်ထိုးမြင်ပြီး၊ လူတွေကို ကန့်လန့်တိုက်ခဲ့တဲ့ ခွစာ။

သူပဲ မှားသလား၊ လောကသားတွေပဲ မှားသလား။ အဖြေရှာကြည့်သောအခါ။

■

လွန်ခဲ့သော နှစ်ပေါင်းအတန်ကြာက ကျွန်တော်နှင့် စင်ကလဲယားလူးဝစ္စတို့ ပထမဆုံး တွေ့ဆုံရင်းနှီးခဲ့ကြပါတယ်။ ထိုစဉ်က သူနှင့် ကျွန်တော်အပြင် အခြားမိတ်ဆွေ ၆ ယောက်တို့ စုပေါင်း၍ လောင်းအိုင်လန် ဖရီးပို့ဆိပ်ကမ်းက မော်တော်တစ်စီးငှားကာ ပင်လယ်ထဲထွက်၍ ငါးကွန်းရုပ် မျှားခဲ့ကြဖူးသည်။ ကျွန်တော်က 'ရက်ဒ်'ဟုခေါ်သော လူးဝစ္စတစ်ယောက် ဘယ်လိုမျှ လှိုင်းမမူးသည့်အတွက် ထိုရက်များက သူ့ကို လူစွမ်းကောင်းအဖြစ် ဦးညွတ်အလေးပြုခဲ့ကြရ၏။ ပင်လယ်လှိုင်းကြီးတွေ ဘောင်ဘင်ခတ်၍ မော်တော်ငယ်မှာ ဆောက်တည်ရာမရအောင် လူးလိမ့်နေသဖြင့် ကျွန်တော့်အဖို့ မော်တော်ဝမ်းထဲ ဆင်းဆင်းနေရသည်။ သို့ပေမယ့် လူးဝစ္စကတော့ ပန်းချီဆန်လှသော လှိုင်းပင်လယ်ကို ပန်းချီဆွဲနေသူအလား သဘောပေါ်တွင် စတိုင်ကျကျ ငါးမျှားနေခဲ့ပါလေ၏။

ယနေ့အဖို့မှာလည်း စင်ကလဲယားလူးဝစ္စကို ကျွန်တော် တလေးတစား ဦးညွတ် အလေးပြုရပြန်ပါပြီ။ ဒီတစ်ခါတော့ ငါးမျှားတော်သည့်အတွက် မဟုတ်ပါ။ (ကျွန်တော်ကိုယ်တိုင်ပင် ကုန်းပတ်ပေါ် အေးအေးဆေးဆေးထိုင်နေနိုင်ပါပြီ။) နု သူ့ကို ဂုဏ်ပြုရသည့်အကြောင်းရင်းကတော့ ထာဝစဉ်ရှင်သန်လှုပ်ရှားရမည့် ဂန္ထဝင်ဝတ္ထုရှည်ကြီးများကို ရေးဖွဲ့ခဲ့သောကြောင့်သာ ဖြစ်၏။

ဒီလို စွမ်းဆောင်နိုင်မှုမျိုးကို လူတိုင်း လုပ်ဆောင်နိုင်စွမ်းရှိသည်လို့ထင်လျှင်တော့ ကိုယ်တိုင် လုပ်ကြည့်စေလိုပါသည်။ စင်ကလဲယားလူးဝစ္စလည်း ခပ်ချောင်ချောင်ကလေး အောင်မြင်ခဲ့ရသည် မဟုတ်ပါ။

ဝတ္ထုစာအုပ် ၆ အုပ်တိတိ ရေးသားခဲ့လင့်ကစား စာပေလောကတွင် ဂယက်ထလောက်အောင်မဖြစ်ခဲ့ဘဲ၊ မထင်မရှားနှင့် တိမ်မြုပ်

နေခဲ့ရပါသည်။ ၇ အုပ်မြောက်ဝတ္ထုကျမှ ပစ်မှတ်ဗဟိုကို တည့်တည့်ကြီး ထိသွားတော့၏။ ထိုဝတ္ထုကတော့ အင်္ဂလိပ်စကားပြောသည့် တိုင်းပြည် အနှံ့ကို တိုနာဒိုမုန်တိုင်းကြီးအသွင် ဝါးမျိုတိုက်ခတ်ခဲ့သော 'မိန်းစထရိ' 'လမ်းမတော်'အမည်ရှိ ဂန္ထဝင်ဝတ္ထုကြီးပါပေ။

—ဝတ္ထုထွက်လာသည်နှင့်တစ်ပြိုင်နက် အမျိုးသမီးအဖွဲ့အစည်း များက ပူညံဆူညံထအော်ပြီး အပြစ်တင်ကြသည်။ တရားဟောဆရာ တွေက ကန့်ကွက်တားမြစ်သည်။ သတင်းစာတွေက ပြင်းပြင်းထန်ထန် ပုတ်ခတ်ဝေဖန်ကြသည်။ အမေရိကန်ပြည်တစ်ဝန်းလုံး အရှိန်အဟုန် မြင့်မားလှသော စာပေတိုက်ပွဲကြီးတစ်ခု ဖြစ်ပွားခဲ့ရသည်ပဲ ဆိုပါတော့။

တိုက်ပွဲအရှိန်က ပြည်တွင်းမှာသာမက မိုင်ပေါင်း ၃၀၀၀ အဝေး မှ ဥရောပနိုင်ငံများပါ နားစွင့်ရအောင် ပြင်းထန်သွားခဲ့၏။ မည်သို့ပင် ဖြစ်စေ။ 'လမ်းမတော်'ဝတ္ထုက လူးဝစ္စအား စာပေနယ်၏ ရုပ်ကြွယ် တစ်လုံးအဖြစ် မိုးမြင့်မှာ တင့်တယ် ဝင့်ထည်စေခဲ့ပါလေပြီ။ သို့နှင့် အမှု ဝေဖန်ရေးသမားတချို့က မထိတထိ ခနဲ့လိုက်ကြသေး၏။

"အစစ်ပဲဗျာ။ စာအုပ်ကတော့ ကောင်းမှကောင်း။ အကောင်း တကာ့ အကောင်းဆုံးပါပဲ။ ဒါပေမယ့် ဒီလိုစာအုပ်မျိုးဟာ ကြက်ကန်း ဆန်အိုးတိုး ဖြစ်တတ်သလို နောက်ထပ် ဖန်တီးနိုင်ဖို့ နည်းနည်းမျှ မမျှော်လင့်နိုင်ဘူးလို့ပဲ ပြောရမှာပါ"

အို၊ တကယ်ပဲလား။ အဟုတ်ကို မဖြစ်နိုင်တော့ဘူးတဲ့လား။

မင်နီဆိုတာပြည်နယ် ဆော့က်စင်တာမြို့လေးက ဆံပင်နီနှင့် ငနဲသားလေးကတော့ တကုပ်ကုပ်ဖြင့် အလုပ်ခွင် ဝင်နေဆဲ။ ဒီနောက် တော့ ဒါဇင်ဝက်မျှသော အရောင်းရဆုံးစာရင်းဝင် ဘက်ဆဲလားစာအုပ် တွေ ဆက်တိုက် တရစပ် ထွက်လာပါတော့သည်။ ဒါပေမယ့် ဘက်စ် ဆဲလားအဖြစ် တရစပ်ထွက်လာသည်ကိုသာ ဆိုလို၍၊ စာအုပ်တွေ တစ်အုပ်ချင်းအနေနှင့်တော့ လူးဝစ္စအဖို့ တရစပ် ရေးခဲ့ခြင်းမဟုတ်ချေ။

သူသည် သူ့ဝတ္ထုတွေရေးပြီးသည်နှင့် ချက်ချင်းပြန်ဖတ်, ပြန်ပြင် မကြိုက်မချင်းလက်မလွှတ်ဘဲ အကြိမ်ကြိမ်အထပ်ထပ် ရေးခဲ့ခြင်းသာ ဖြစ်ပါ၏။

'အဲရီးစမစ်'ဝတ္ထုကို ရေးတုန်းကဆိုလျှင် စာလုံး ၆၀၀၀၀ ပါ မူကြမ်းတစ်စောင် ရေ့ပြေးရေးခဲ့သေးသည်။ ဤသည်မှာ ဝတ္ထုတစ်ပုဒ်လုံး၏ တစ်ဝက်ကျော်မည်ဟု ခန့်မှန်းရ၏။

စင်ကလဲယားလူးဝစ္စသည် အရင်းရှင်နှင့် အလုပ်သမားအကြောင်း ဝတ္ထုတစ်ပုဒ်ကို ၁၂ လကြာမျှ ရေးခဲ့ပြီးမှ စာမူအားလုံးကို အမှိုက်ခြင်းထဲ လွှင့်ပစ်လိုက်ဖူး၏။

သူ့အဖို့ 'လမ်းမတော်'ဝတ္ထုကြီးကို ၃ ကြိမ်တိုင် ၃ ခါခွဲ၍ ရေးခဲ့ရသည်။ အတိအကျဆိုသော် စတင်ရေးချိန်မှ ၁၇ နှစ်ကျော် အကြာ၌ အပြီးသတ်နိုင်ခဲ့ခြင်း ဖြစ်၏။

လမ်းမတော် ဝတ္ထုနောက်မှာတော့ သူရေးသမျှ ဝတ္ထုအားလုံး လိုပင် ဘက်ဆဲလားစာရင်းသို့ ခုန်ပျံရောက်ရှိသွားတော့သည်။ ဗော့ဘစ်, အဲရီးစမစ်, အယ်လ်မာဂန်ထရီ, ဒေါ့စ်ဝေါ့သ်, အန်းဗစ်ကာ, အစ်ကန့် ဟက်ပင်း ဟီးရီးယား တို့ပါပေတည်း။

တစ်ခါက စင်ကလဲယားလူးဝစ္စအား 'သူ့ဘဝဇာတ်ကြောင်းမှ စိတ်ဝင်စား အံ့သြစရာအကောင်းဆုံးအချက်ဟာ ဘာများပါလဲ'လို့ မေးမိသည်။ သူ တအောင့်ကြာစဉ်းစားပြီး 'သူဟာ ယခုလို စာရေးဆရာ မဖြစ်ခဲ့လျှင် အောက်စဖို့ဒ်တက္ကသိုလ်၌ ဂရိဘာသာနှင့် ဒဿနိကဗေဒ တစ်ခုခုကို သင်လျှင်သင်၊ သို့တည်းမဟုတ် တောနက်ကြီးထဲသွားပြီး သစ်ခုတ်သမားတွေနှင့် သွားနေဖြစ်ဖို့ သေချာကြောင်း' ဖြေကြားခဲ့ပါ၏။

သူသည် ၁ နှစ်တွင် ၆ လမျှ နယူးယောက်ရှိ ပတ်ခ်အဲဗင်း နယူးတွင်နေထိုင်ရခြင်းကို ပျော်မွေ့၏။ ကျန် ၆ လကိုတော့ ကလင်

တန်၏ အရှေ့တောင်ဘက်ရှိ လူသူကင်းဝေးရာ ဗားမောင့်တောင်တန်း များပေါ်၌ အေးအေးလူလူ သွားနားလေ့ရှိ၏။ ထိုနေရာ၌ ကြံပင်များ နှင့် ဖုံးလွှမ်းထားသော ဧက ၃၄၀ ရှိ ခြံမြေကြီးရှိပြီး၊ ကိုယ်တိုင် ကြံရည်ညှစ်သောက်ရင်း ဟင်းရွက်ခင်းပန်းခင်းတွေကို ပျိုးထောင်ပြုစု နေတတ်၏။ တစ်ခါတစ်ရံမှသာ ဆံပင်ညှပ်ဖို့ မြို့သို့တက်လာ၏။

"ရက်ဒ်။ ခင်ဗျား အောင်မြင်မှုရဲ့ ရသကို ဘယ်လို ခံစားရ သလဲ"

သူက ခပ်တိုတိုပင် ပြန်ဖြေ၏။

"အို–အလကား အဓိပ္ပာယ်မရှိတာတွေပါဗျာ"

ထို့အပြင် သူ့ဆီလာသမျှစာတွေကို ပြန်နေရပါက ဝတ္ထုဆက် ရေးနိုင်မှာ မဟုတ်တဲ့အပြင်၊ အိပ်ခွင့်တောင် ရမှာမဟုတ်ကြောင်းလည်း ပြော၏။ သို့ဖြင့် စာအတော်တော်များများကို မီးလင်းဖိုထဲ ပစ်လိုက် မိသည်ဟုလည်း ဆို၏။ လူးဝစ္စသည် အော်တိုရူးများကိုလည်း မကြည် လှပါ။ ညစာ ဒင်နာပါတီများကိုလည်း သွားခဲလှသလို၊ စာပေမိတ်ဆက် တွေ့ဆုံပွဲများကို အမြဲရှောင်ပါသည်။

ကျွန်တော်က သူ့ဘဝ ကနဦးအစ ရုန်းကန်ကြိုးပမ်းမှုများနှင့် ပတ်သက်၍ စကားစမိသောအခါမှာတော့

"ဟာဗျာ။ စာရေးဆရာတွေက သူတို့မအောင်မြင်ခင် ဘယ် လောက် ရုန်းကန်ခဲ့ရတယ် ဘာညာနှင့် ပြောတာလောက် နားခါးတာ မရှိဘူး။ စာရေးဆရာအများစုဟာ ပြောသလောက် မကြိုးစားခဲ့ကြ ရသလို၊ ဒုက္ခလည်း မပိုလှပါဘူးဗျာ။ သူတို့ ဒုက္ခကြုံရတယ်ဆိုတာ သွားဆရာဝန်တွေ, ဆရာဝန်တွေ, ရှေ့နေတွေထက် ပိုပါ့မလားလို့။ ဒါပေမယ့် စာရေးဆရာဆိုတာက သိတဲ့အတိုင်းပဲ။ ကြမ်းပိုးကိုလိပ်, တစ်စိတ်ကိုတစ်အိတ်လုပ် ရေးတော်မူတတ်ကြတာဆိုတော့ သူတို့ဘဝ ကြမ်းတယ်ဆိုတာ ကူလီတွေက ရယ်ကြလိမ့်မယ်"

ကျွန်တော်က မှတ်မှတ်ရရ သူ နှစ်ပေါင်းများစွာ မနက် မိုး မလင်းခင်ထ၍ ကော်ဖီအိုးတည်ရင်းက မီးဖိုချောင်စားပွဲတွင် စာရေး ခဲ့သည့်အကြောင်းကို သတိပေးသလို ပြန်ပြောမိ၏။ နောက်တစ်ဖန် သူ ဘိုင်ပြတ်၍ ပေါင် ၃၀ ချေးခဲ့ရသည့်အကြောင်းနှင့် ၆ လတိုင်တိုင် ကိုယ့်ဘာသာချက်ပြုတ်စား၍ အဝတ်လျှော်ပြီး နေ့မအားညမနား လုပ်ခဲ့ ရသည့်ဘဝကိုလည်း ဖော်ထုတ်မိပြန်၏။

ထိုကြားထဲက တစ်ခုတည်းသော သူ့ဝင်ငွေမှာ ရယ်စရာပြက်လုံး တစ်ခုကို ၁၀ သျှီလင်နှင့် ရောင်းစား၍ ရရှိခဲ့ခြင်းပင်ဖြစ်၏။ ဒါလည်း ဘဝတိုက်ပွဲပဲ မဟုတ်လားလို့ ဆွပေးလိုက်မိသည်။

သူက 'အဲသလောက်က စာမဖွဲ့လောက်ပါဘူး'တဲ့။ ထိုအချိန်၌ သူက ဈေးကွက်ရှာ ပညာသင်အဆင့်သာ ဖြစ်သလို သူ့ဘဝမှာ ထို နှစ်များလောက် ချမ်းမြေ့ပျော်ပိုက်ခဲ့ရသည့်အဖြစ်မျိုး မရှိခဲ့ကြောင်း ချေပခဲ့ပါလေသည်။

ကျွန်တော်က သူ့စာအုပ်တွေကို 'အုပ်ရေ ဘယ်လောက်ရိုက် ရောင်းသလဲ'မေးတော့ သူ မသိကြောင်း ဖြေခဲ့သည်။ ပြီးတော့

"ကောင်းပြီလေ။ ခု လောလောဆယ် ခန့်မှန်းခြေအနေဖြင့် အုပ်ရေ ဘယ်လောက်ရှိမလဲဆိုတာ ခင်ဗျားပဲ ပြောစမ်းပါဦး။ ဘယ့် နှယ်လဲ။ မပြောတတ်ဘူး မဟုတ်လား။ အေး အဲဒါ အဖြေပဲ။ ကျွန်တော် ကတော့ အဲဒီကိစ္စကို ဦးနှောက်အခြောက်ခံပြီး တစ်ခါမှ မတွေးဆ ခဲ့ဘူးဗျာ"

နောက်ပြီးတော့ 'လမ်းမတော်ဝတ္ထုအတွက် စာမူခငွေ ဘယ် လောက်တောင် ရခဲ့သလဲ' မေးမိပြန်သည်။ သူက လုံးဝမသိကြောင်း နှင့် ဘယ်လောက်ရရ ဂရုမစိုက်ကြောင်းလည်း ပြောခဲ့သည်။

သူ့မှာ ရှေ့နေတစ်ယောက်နှင့် စာရင်းကိုင်တစ်ယောက် ငှား ထားပြီး လုပ်ငန်းကိစ္စအဝဝကို မျက်နှာလွှဲ၍ ကြီးကြပ်လုပ်ကိုင်စေခဲ့သလို ငွေဝင်ငွေထွက်ကိစ္စတွေကို သူ လိုက်ကြည့်စရာ မလိုပါဟု ဖြေ၏။

လူးဝစ္စမှာ အတွေ့အကြုံပေါင်းစုံ ရှိ၏။ သူ့ဖခင်က မင်နီဆိုတာ လွင်ပြင်က ဒေသခံဆရာဝန်တစ်ဦး ဖြစ်သည်။ လူးဝစ္စသည် သူ့ဖခင်က လူနာကို ခွဲစိတ်ကုသသည့်အခါမျိုးတွင် အကူအညီအဖြစ် မေ့ဆေး ဝင်ပေး ပေးရသည်။

တစ်ချိန်တွင် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သန်းသော နွားတင် သင်္ဘောတစ်စီး၌ သင်္ဘောသားဝင်လုပ်ခဲ့ဖူးသည်။

တစ်ခါကလည်း အလုပ်ရှာရန် ပနားမားတူးမြောင်းကို ဖြတ် သွားခဲ့ရာမှ တတိယတန်းခရီးသည်အဖြစ် ဆင်းရဲကြပ်တည်းစွာ စီးနင်း ခဲ့ရသေး၏။

ထို့ပြင် သူ မအောင်မြင်ခင်က ကလေးကဗျာလေးတွေ ရေးခဲ့ သလို၊ ဂျက်လန်ဒန်ကိုလည်း ဇာတ်လမ်းတချို့ ရောင်းစားခဲ့ဖူးသေး သည်။ နားပင်းသူများအတွက် ထုတ်ဝေသော မဂ္ဂဇင်းတစ်စောင်မှာ လည်း အယ်ဒီယာ ဝင်လုပ်ဖူးခဲ့ပြန်သေး၏။

လူးဝစ္စသည် တစ်သက်တစ်ကိုယ် ကျန်းမာရေးလေ့ကျင့်ခန်း တစ်ခါမျှ မလုပ်ခဲ့။ သူက 'တက္ကစီကားတံခါးဖွင့်ပြီး လျှောထိုးဝင်ထိုင် ရခြင်းပင်လျှင် မြို့နေလူတန်းစားများအတွက် အကောင်းဆုံး လေ့ကျင့် ခန်းပါပဲ'ဟူသော ဂျော့ဂျိန်းနာသန်၏ ဝါဒသဘောတရားကို နှစ်ခြိုက် လက်ခံသူ ဖြစ်ခဲ့၏။

အားကစားကို စိုးစဉ်းမျှ ဝါသနာမပါ။ ဘေ့ဘီရှသ်သည် သူ သိသမျှ တစ်ဦးတည်းသော ဘော့စ်ဘောသမားဖြစ်၍၊ ဘောလုံးသမား အနေဖြင့် ရက်ဒ်ဂရင့်ချ်ကိုသာ သူ ကြားဖူး၏။

"ဒါနှင့် ခင်ဗျား သတင်းစာ ၃ စောင်မှာ အလုပ်လုပ်ခဲ့တာ စကားများလို့ ထွက်ခဲ့တယ်ဆို" ကျွန်တော်က မေးတော့၊ သူက

"ဘယ်ကလာ။ ကျုပ် ရန်ဖြစ်ပြီးထွက်ခဲ့တာ ၃ စောင်မဟုတ် ဘူး။ ၄ စောင်တောင်ဗျ"တဲ့။

တစ်ခါတော့ သူ့ကို ကျွန်တော်က

"လူငယ်စာရေးဆရာတွေအတွက် ဘယ်လို အမှာစကားမျိုးများ ပြောကြား အကြံပြုချင်ပါသလဲ" မေးခဲ့ရာမှ

"ဆိုစမ်းပါဦးဗျာ။ ခင်ဗျားရဲ့ သဘောဆန္ဒကလေး"

ထပ်ပြီး လှုံ့ဆော်လိုက်သည့်တိုင် သူက တစ်ခွန်းတည်း ခပ်ပြတ်ပြတ်ဖြင့်

"ဘာမျှ ပြောစရာမရှိပါဘူး"တဲ့။

သူသည် 'တခြားလူ တစ်စုံတစ်ယောက်အပေါ် လူတတ်လုပ်၍ ဆရာကြီးလေသံဖြင့် ဩဝါဒပေးတာမျိုးကို၊ မသိသူက မတတ်သူကို နားမလည်ပါးမလည်ဖြင့် ဖြီးဖြန်းတာမျိုးကို အချိန်သက်သက်ဖြုန်းတာပဲ'ဟု သတ်မှတ်၍ မုန်းတီးစက်ဆုပ်သူတစ်ယောက်ဖြစ်သည်။

တစ်နေ့တွင်မူ ဆွီဒင်လူမျိုးတစ်ယောက်၏လေသံဖြင့် တယ်လီဖုန်းဆက်လာ၏။ တယ်လီဖုန်းမှအသံက သူ စာပေဆိုင်ရာ နိုဘယ်ဆုကြီး ဆွတ်ခူးရရှိထားကြောင်း သတင်းပေးလာခြင်းပဲ ဖြစ်၏။

စင်ကလဲယား လူးဝစ္စသည် မင်နီဆိုတာမှ ထွက်လာကတည်းက ဆွီဒင်အများအပြားနှင့် သိကျွမ်းခဲ့သည်။ သို့ဖြင့် ယခု သူ့ကို တစ်ယောက်ယောက်က အသံတုလုပ်၍ ပြောနေသည်ဟု ယူဆ၏။ ကေန္တ တော့ သူငယ်ချင်းတစ်ယောက်ယောက်က နောက်ပြောင်ကျီစားတာပဲ မှတ်လိုက်ရာမှ သူကတောင် ပြန်နောက်လိုက်မိသေး၏။ သို့ပေမယ့် နောက်မိနစ်ပိုင်းလေးမျှအကြာမှာတော့ အတည်ပြုသတင်းကို ထပ်ကြားလိုက်ရသည်။ တဒင် မင်သက်ငေးမောသွားရသည်အထိ အံ့အားအသင့်ကြီး သင့်သွားခဲ့ရပါလေတော့၏။

သူသည် ကမ္ဘာ့စာပေလောကတွင် အမြင့်မားဆုံး ဆုသရဖူကို ရရှိလိုက်တာ အမှန်ပါပဲကလား။



# ကုဋေရှစ်ဆယ် ဝေပစ်တယ်

ဂျွန်၊ ဒီ၊ ရော့ခ်ဖဲလား

ရည်းစားဦးက အထင်သေးအမြင်သေးဖြင့် လက်မထပ်လိုပါ ဟု အငြင်းခံရသူ။

၁ နာရီ ၂ ပဲနီဖြင့် အာလူးရူးခဲ့ရသူ။

ကုဋေချီချမ်းသာ၍ အသက် ၁၀၀ နီးပါးနေသွားသူ

သန်းပေါင်း ၁၄၀ ကျော် လှူဒါန်းခဲ့ခြင်းဖြင့် ဒါနတံခွန်စိုက်ခဲ့သည့်စေတနာရှင်။

■

သူကား ဂျွန်၊ ဒီ။

ဂျွန်ဒီ၊ ရော့ခ်ဖဲလားသည် အံ့ဩစရာကောင်းသော အရာ ၃ ခု ကို လုပ်ဆောင်ခဲ့၏။

ပထမအချက်မှာ သမိုင်းတွင်လောက်အောင် အကြီးမားဆုံးသော စည်းစိမ်ချမ်းသာများစွာကို ပိုင်ဆိုင်ခဲ့၏။ သူ့ဘဝမှာ အငွေ့တလူလူ နှင့် သွေးပွက်ပွက်ဆူလောက်အောင် ပြင်းလှသည့်နေပူအောက်တွင် ၁ နာရီ ၂ ပြားရရေးအတွက် အာလူးခင်းထဲ ရေလောင်းပေါင်းသင် ရင်းဖြင့် နိဒါန်းစ,ခဲ့ရသည်။

တစ်ခေတ်တစ်ခါက အမေရိကန်ပြည်၌ ပေါင် ၂ သိန်းမျှကို လက်ဝယ်ကိုင်ထားနိုင်သူမှာ ဒါဇင်ဝက်မျှပင် မရှိခဲ့ချေ။ ဒါပေမယ့် ဂျွန်ဒီကတော့ သိန်း ၂၀၀ မှ ၄၀၀ အထိ ချမ်းသာမည်ဟု ခန့်မှန်းရ၏။ သို့ပါလျက် သူ့အချစ်ဦးမိန်းမပျိုက သူနှင့်လက်ထပ်ဖို့ ငြင်းဆန်ခဲ့သည်။ အဘယ့်ကြောင့်ပါနည်း။

ကောင်မလေးအမေက ရော့ခ်ဖဲလားကို 'တိုးတက်ကြီးပွားဖို့ မျှော်လင့်ချက်မရှိသူ တစ်ယောက်။ ငါ့သမီးယူလျှင် လူမွေးလူတောင် ပြောင်မှာမဟုတ်'ဟု ဆိုပြီး သဘာမတူ မပေးစားခဲ့သောကြောင့် ဖြစ်၏။

ဒုတိယအံ့ဩစရာကောင်းသည်က မျက်မှောက်ကမ္ဘာတွင် ဘယ်သူမျှလိုက်မမီအောင် ရက်ရက်ရောရော အလှူကြီးလှူခဲ့ခြင်း။ သူသည် ပေါင်သန်းပေါင်း ၁၅၀ ကို စွန့်လွှတ်ခဲ့သည်။ ခရစ်တော် မွေးချိန်မှ ယနေ့အထိ ၁ မိနစ်လျှင် ၃ သျှိလင်နှုန်းကျ ပေးလှူသည့် အဓိပ္ပာယ် ရောက်၏။ နောက်တစ်နည်းတွက်လျှင် လွန်ခဲ့သော အနှစ်

၃၅၀၀ က တမန်တော်မိုးဇက်သည် အစ္စရေးကလေးငယ်များကို ဦးဆောင်၍ ပင်လယ်နီကို ဖြတ်ခေါ်သွားချိန်မှ စ,တွက်လျှင် တစ်နေ့ကို ပေါင် ၁၅၀ နှုန်း သွားညီ၏။

တတိယထူးခြားချက်အနေဖြင့် ရော့ခ်ဖဲလားသည် အသက် ၉၇ နှစ်တိုင်အောင် နေသွားခဲ့ရ၏။ သူသည် အမေရိကန်ပြည်တွင် အချမ်းသာဆုံးနှင့် မလိုမုန်းထား ရန်သူအများဆုံးလူတစ်ယောက် ဖြစ်ခဲ့သည်။ သူ့ကို သတ်ပစ်မည် ဟူသောခြိမ်းခြောက်စာများ ထောင်ချီ၍ ရရှိခဲ့၏။ သို့ဖြင့် လက်နက်ကိုင်သက်တော်စောင့်များ နေ့ရောညပါ ခန့်ထား စောင့်ကြပ်စေရသည်။

သူသည် ထူပေတာပေ အကြမ်းခံနိုင်ရည်ရှိသူဖြစ်ပြီး၊ ရေရှည်စီမံကိန်းချ၍ ကျန်းမာရေးကို ဂရုတစိုက် လေ့လာလိုက်စားခဲ့သည်။

မီးရထားလမ်းဖောက်ခဲ့သူ သူဌေးကြီးဟာရီမင်မှာ အလုပ်ပင်ပန်းမှုဒဏ် ဖိစီး၍ ၆၁ နှစ်ဖြင့် ကွယ်လွန်သွားရသည်။

၅ ထပ်, ၆ ထပ် စတိုးဆိုင်များဖွင့်လှစ်ပြီး အလျှံပယ် ကြွယ်ဝခဲ့ရသူ ဝူလ်ဝေါ့သ်မှာလည်း လူ့ဘဝတွင် ၆၇ နှစ်အထိသာ နေသွားရသည်။

လက်ဖက်ခြောက်လုပ်ငန်းဖြင့် သန်း ၂၀ ကျော် ချမ်းသာခဲ့သည့် 'ဒေါ်လာ'ခေါ် ဂျူခ်ဆိုလျှင် ၆၈ နှစ်တွင် ဇီဝိန်ကြွေသွားရ၏။

သို့သော် ဝူလ်ဝေါ့သ်, ဂျူ့, ဟာရီမင်တို့ ၃ ယောက်ပေါင်းထက် ဂျွန်၊ ဒီ၊ ရော့ဖဲလားက အဆပေါင်းများစွာ ပိုချမ်းသာ၏။ ထို့အပြင် အမေရိကန် ၁ သန်းမှာ အယောက် ၃၀ လောက်သာ ၉၇ နှစ်သက်တမ်းရှိသည်ကိုလည်း သတိပြုဖို့ လိုပါသည်။ တစ်ဖန် အသက် ၉၇ နှစ်ရောက်လို့မှ သွားမကျိုးသူဆိုတာလည်း ၁ သန်း ၁ ယောက် မရရှိနိုင်ပါပေ။ အဲ၊ ဂျွန်ဒီကတော့ အသက် ၉၇ နှစ်ထိ. သွားတစ်ချောင်းမျှ မကျိုးသူဖြစ်၏။

သူ အသက်ရှည်ရခြင်း၏ လျှို့ဝှက်ချက်က ဘာတွေများပါလိမ့်။ စင်စစ် အသက်ရှည်မည့် ဆေးကောင်းဝါးကောင်းတစ်ခုခုကို သူ ရရှိထားပုံရသည်။ ထိုဆေးကား အခြားမဟုတ်။ စိတ်အေးလက်အေး ငြိမ်းငြိမ်းချမ်းချမ်းနေတတ်ခြင်းပင်တည်း။ သူသည် ဘယ်တော့မျှ စိတ်ထိခိုက် မခံ။ တုန်လှုပ်ချောက်ချားခြင်း မရှိ။ အလျှင်စလို အပူတပြင်း မလုပ်။

စံတော်ဝင် ရေနံကုမ္ပဏီကြီး၏ ဥက္ကဋ္ဌဖြစ်ခဲ့စဉ်က အမှတ် ၂၆ ဘရော့ဒ်ဝေးလမ်းမရှိ သူ့ရုံးခန်းတွင် မွေ့ရာတစ်လုံးထား၍ ဘယ်မျှပင် အရေးပေါ်နေပါစေ၊ နေ့လယ်ခင်းတိုင်း နာရီဝက်ခန့် ပုံမှန်နားနေ အိပ်စက်ခဲ့သည်။ နောက်ဆုံး သူ မသေခင်ကာလအထိ တစ်နေ့လျှင် ၅ ကြိမ်မျှ အေးအေးဆေးဆေးမှေးစက်နေကျဖြစ်၏။ သည်ကြားထဲမှ ဂျွန်ဒီ ရော့ခ်ဖဲလားသည် အသက် ၅၅ နှစ်တွင် ရုပ်ဖောက်ပြန်သဖြင့် နာမကျန်း တစ်ကြိမ် ဖြစ်ခဲ့ဖူး၏။

ဤတွင် မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုသည့် အဖြစ်မျိုးနှင့် တန်းတိုးရတော့သည်။ သူ မမာလိုက်ခြင်းက ဆေးလောကကြီး အတွက် အားရဝမ်းသာစရာ အကျိုးကျေးဇူးပြုခဲ့သည်လို့ပဲ ဆိုရပါမည်။ ဂျွန်ဒီသည် သူ့ရောဂါကို ကုသနေရင်းမှ ကိုယ်ချင်းစာ သဒ္ဓါထက်သန် လာပြီး ဆေးသုတေသနလုပ်ငန်းများလုပ်ရန် သန်းပေါင်းများစွာ ထုတ်ပေးခဲ့ခြင်းပဲ ဖြစ်ပါတော့သည်။ တစ်ပြိုင်နက်တည်းတွင် ရောဂါဝေဒနာ ခံစားမှုကို အကြောင်းပြုပြီး 'ရော့ခ်ဖဲလား ဖောင်ဒေးရှင်း' ခေါ် 'ရော့ဖ်ဖဲလား ကုသိုလ်တော်အဖွဲ့ကြီး' ပေါ်ထွန်းလာ၏။ ကမ္ဘာအနှံ့အပြားမှ ဝေဒနာရှင်များ၏ဆေးကုသရေးအတွက် တစ်လလျှင် ပေါင် ၂ သောင်းမျှ ဝေမျှလှူဒါန်း ပေးခဲ့ပါလေ၏။

ကျွန်တော်သည် ကြောက်စရာကောင်းလှသော ကာလဝမ်းရောဂါကပ်ဆိုးကြီး တရုတ်ပြည်တွင်ကျရောက်စဉ် ၁၉၃၂ ခုနှစ်က

ဆင်းရဲမွဲတေမှု, လျစ်လျူရှုရှောင်ဖယ်မှု, ဒေဝနာသည်းထန်မှုများ အလယ်က ဗီကင်းမြို့ ရော့ခ်ဖဲလားဆေးတက္ကသိုလ်သို့ ရောက်ရှိသွားခဲ့ကာ ထိရောက်သော ရောဂါကာကွယ်ရေးလုပ်ငန်းများကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ဖူးသည်။

ထိုအခါမှ ဒုက္ခမျိုးစုံခံစားနေရသော အာရှနှင့် ဝေးသီခေါင်ဖျားကမ္ဘာ့ချောင်ကြိုချောင်ကြားဒေသတွေက လူသားများအတွက် ရော့ခ်ဖဲလား ထောက်ပံ့ကူညီခဲ့သည့် အတိုင်းအဆပမာဏ အဘာယ်မျှ ကြီးမားကြောင်းကိုလည်း နားလည်ခဲ့ရတော့သည်။

ရော့ခ်ဖဲလားဖောင်ဒေးရှင်းအနေဖြင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးကိုလည်း စွမ်းစွမ်းတမံ ကူညီကြိုးပမ်းခဲ့ရာက အနိုင်ယူအောင်ပွဲခံနိုင်ခဲ့ပြန်သေး၏။ ထို့မျှမက အဖွဲ့ကြီး၏ သုတေသီဆေးပညာရှင်များကလည်း အလွန်အာနိသင်ကောင်းသော ကာကွယ်ဆေးများကို ဖော်ဆောင်ပေးနိုင်ခဲ့ကြပါသည်။ အရင်းစစ်လိုက်လျှင် ဂျွန်ဒီရော့ခ်ဖဲလား၏ မွန်မြတ်သောစေတနာ ရောင်ပြန်ဟပ်မှုပင် ဖြစ်ပါတော့သည်။

ဂျွန်ဒီသည် သူ့ ပထမဆုံးလုပ်ခငွေကို ကြက်ဆင်များ မွေးမြူသောမိခင်အား ကူညီရာက ရရှိခဲ့သည်။ ငယ်ဘဝကို တမ်းတမြင်ယောင်သောအားဖြင့် သူ့ ကွယ်လွန်ချိန်ထိ ဧက ၈၀၀၀ ကျယ်ဝန်းသည့်ခြံကြီးထဲတွင် မျိုးကောင်းသော ကြက်ဆင်အုပ်ကြီးတစ်အုပ် မွေးမြူထားခဲ့သည်။

ထိုစဉ်က မိခင်ပေးသမျှ ကြက်ဆင်ထိန်းသိမ်းစောင့်ရှောက်ခများကို လက်ဖက်ရည်ပန်းကန် အပဲ့လေးတစ်လုံးထဲ ထည့်စုထားပြီး မီးလင်းဖိုအထက်မျက်နှာပြင်ပေါ်၌ တင်ထားလေ့ရှိ၏။

၎င်းနောက် တစ်နေ့ တစ်ဆွိလင်ခွဲနှုန်းဖြင့် စိုက်ပျိုးရေးခြံတစ်ခြံမှာ ဝင်လုပ်သောအခါမှာလည်း လုပ်ခရသရွေ့ကို စုခဲ့ရာက ၁၀ ပေါင်

တိတိ ရခဲ့သည်။ ထို ၁၀ ပေါင်ကို ၇ ရာခိုင်နှုန်းဖြင့် အလုပ်ရှင်ကို ပြန်ချေးခဲ့ခြင်းဖြင့် ၁ နှစ်ပြည့်သည်တွင် အလုပ်ကြမ်း ၁၀ ရက်စာ လုပ်ခလောက် တိုးပွားများပြားလာကြောင်း တွေ့ရပြန်သည်။

"အဲသလိုနှင့် ကျုပ် ခေါင်းထဲစွဲပြီး ဆုံးဖြတ်ချက်ချလိုက်တာကတော့ ကျုပ်တစ်သက်လုံး ငွေရဲ့ကျွေးကျွန် အဖြစ်ခံမယ့်အစား ငွေဟာ ကျုပ်ရဲ့ကျွန် ဖြစ်ရစေမယ်လို့ပါပဲ"

ဂျွန်ဒီသည် အပြောနှင့်အဟော ညီခဲ့၏။

သူ့သားကို ငွေအများအပြားပေးခြင်းဖြင့် မဖျက်ဆီးခဲ့ပေ။ ပမာဆောင်ရသော် သူ့ခြံကြီးမှ ခြံစည်းရိုးအပျက်အစီးနေရာကိုရှာ၍၊ ပျက်သည့်နေရာကို ပြင်ပေးပါမှ ပဲနိဝက် ပေးလေ့ရှိ၏။ တစ်နေ့တွင် သားဖြစ်သူက အပျက်အစီး ၁၃ ခုတွေ့၍ ဂျွန်ဒီက တစ်နာရီပြင်ခ ၇ ပိုင်နှင့်ပဲနိဝက်ကို အတိအကျထုတ်ပေးခဲ့သည်။ မိခင်ကလည်း ထိုသား တစ်နာရီကြာ တယောထိုးလေ့ကျင့်သည့်အတွက် ၂ ပိုင်နှင့် ပဲနိဝက် ပေးခဲ့သော ဟူ၏။ ငွေကို အလဟဿမဖြုန်းမိဘဲ တန်ဖိုးထားတတ်အောင် သင်ပေးသည့်သဘောပင် ဖြစ်ပါသည်။

ဂျွန်ဒီသည် တက္ကသိုလ် မတက်ခဲ့ဖူးခဲ့ပါ။

အထက်တန်း ကျောင်းမှထွက်ပြီး ကူးသန်းရောင်းဝယ်ရေး ကျောင်း၌ လအနည်းငယ် ပညာဆက်သင်ဖူးရုံသာ ရှိ၏။ သူ ၁၆ နှစ်သားအရွယ်မှာပင် ပညာရပ်အစုံကို ထူးထူးချွန်ချွန် တတ်မြောက်ခဲ့ပြီး ဖြစ်ပါလေပြီ။

တက္ကသိုလ် မရောက်ဘူးသည့်တိုင်အောင် သူသည် ချီကာဂို တက္ကသိုလ်ကြီးသို့ ပေါင်ငွေ ၁၀ သန်း လှူဒါန်းခဲ့သူဖြစ်၏။

သူသည် ဘုရားကျောင်းများကိုလည်း ဘာသာရေးစိတ်ဓာတ် ပြင်းပြစွာဖြင့် အမြဲ အာရုံစိုက်လေ့ရှိပါသည်။ ဂျွန်ဒီသည် လူငယ်ဘဝပင်

တနင်္ဂနွေ ဘာသာရေးသင်တန်းများကို အမြဲတက်ခဲ့ဖူးပါ၏။ သို့သော် ကပွဲသို့ ဘယ်တော့မျှ မသွား။ ဖဲတစ်ချပ်မျှ မကစား။ ပွဲကြည့်ဖို့ လုံးဝ ဝါသနာမပါ။ ဆေးလိပ်လည်း မသောက်။ အရက်ဆို ဝေးဝေးက။ သူ ထမင်းပွဲရှေ့ရောက်တိုင်း ဘုရားသခင်ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ စားသောက်တတ်သည်။ သမ္မာကျမ်းစာကို နေ့စဉ်ဖတ်ပြရသလို သူကလည်း ဓမ္မကဗျာများ, ဆုတောင်းသီချင်းများ ပါဝင်သောစာအုပ်မှ ကောက်နုတ်ချက်များကို ရွတ်ဆိုပြလေ့ရှိ၏။

ရော့ခ်ဖဲလား၏ဝင်ငွေများက အကြမ်းဖျင်းအားဖြင့် တစ်မိနစ်ကို ၂၀ ပေါင်နှုန်း တရစပ်ဝင်နေဆဲအချိန်၌ မစ္စတာရော့ခ်ဖဲလား၏ အဓိက အမြင့်မားဆုံးမျှော်မှန်းချက်မှာ အသက် ၁၀၀ ပြည့် နေသွားနိုင်ရေးပင် ဖြစ်ပါသည်။ သို့နှင့်အမျှ သူသာ ကျန်းကျန်းမာမာ ဆက်လက်အသက်ရှင်ခဲ့ရလျှင် အသက် ၁၀၀ ပြည့် ရတုသဘင်ကြီးကို ပိုကင်တီကို တောင်ကုန်းပေါ်ရှိ သူ့ခြံကြီးထဲ၌ အကြီးအကျယ် ကျင်းပမည်။

၁၉၃၉ ခုနှစ် ဇူလိုင်လ ၈ ရက်တွင်ကျရောက်မည့် ထိုအသက်ရာပြည့်ပွဲအခမ်းအနား၌ နာမည်ကျော်တီးဝိုင်းကို ဖိတ်ကြားမည်။ ပြီးတော့ သူ့ကို ဂုဏ်ပြုသောအားဖြင့် 'မဂ္ဂီရေ။ မင်းနှင့်ငါ ငယ်ငယ်တုန်းက'ဆိုသည့် သီချင်းကို သီကျူးခိုင်းမည်ဟု စိတ်ကူးယဉ် စီစဉ်ထားခဲ့ပါလေသည်။ သို့ပါသော်လည်း



## စာရေးဆရာ အပီသဆုံး

### ချားလ်ဒစ်ကင်းစ်

သူသည် ၄ တန်းစာသာ သင်ဖူးခဲ့သော်လည်း၊ ကမ္ဘာတည်စေမည့် ဝတ္ထုရှည်ကြီး ၁၇ ပုဒ်ကို ရေးဖွဲ့ခဲ့ခြင်းဖြင့် နာမည်မသေသူ ဖြစ်၏။

'နိုင်ငံတကာအင်္ဂလိပ်စာတတ်လောက'၏ ကိုးကွယ်ရာဖြစ်လင့်ကစား၊ သူ့ဘဝကတော့ ရင်နာစရာတွေနှင့် ပြည့်နှက်နေ၏။

ကြွေးမဆပ်နိုင်၍ မိသားစုလိုက် ထောင်ထဲရောက်ခဲ့ရသလို လမ်းဘေးမှာ ကလေကချေလေးတွေနှင့် သွားအိပ်ခဲ့ရဖူး၏။

ထိုဘဝ၏အမြတ်ကား ကမ္ဘာကျော်စာရေးဆရာကြီး ဖြစ်လာရခြင်းပေတည်း။

လွန်ခဲ့သော နှစ် ၁၀၀ နီးပါးက ခရစ္စမတ်ရာသီချိန် လန်ဒန်မြို့တွင် စာအုပ်လေးတစ်အုပ် ထွက်လာသည်။

မသေရာကောင်းကင်ဘုံသို့ အရောက်လှမ်းနိုင်ရေး မျှော်တွေးကြံစည်ထားသည့် ဇာတ်လမ်းကလေး။ လူအများက 'အကြီးအကျယ်အခမ်းနားဆုံးသော စာအုပ်ကလေး'ဟု ခေါ်ဝေါ်ကြသည်။ ပထမဆုံးအကြိမ်ထွက်ပြီးနောက် စထရင်း၊ သို့မဟုတ် ပေါလ်မောလ်လမ်းပေါ်တွင် မိတ်ဆွေတစ်ယောက်နှင့် တစ်ယောက် ဆုံကြသည်နှင့်

"ဘယ့်နှယ်လဲ။ မောင်ရင် အဲ့ဒီစာအုပ်လေးဖတ်ပြီးပြီလား"

နှုတ်ဆက်စကားအဖြစ် အလုအယက်မေးကြရသလို၊ ဖြေသံကလည်း တစ်သံတည်း။

"ဟုတ်ကဲ့။ စာရေးတဲ့သူကို ဘုရားသခင် ကောင်းချီးမင်္ဂလာပေးပါစေဗျာ။ ကျွန်တော် ဖတ်ပြီးပါပြီ"

ထိုစဉ်က ပထမအကြိမ်ထုတ် စာအုပ် ၁၀၀၀ မှာ ပြိုက်ခနဲကုန်သွားသည်။ တစ်ပတ်အတွင်း အုပ်ရေ ၁၅၀၀၀ အပူအပြင်းထပ်ရိုက်ခဲ့ရသည်မှာလည်း ချက်ချင်းပျောက်သွားပြန်၏။ ထို့နောက်တော့ စောင်ရေတွေက ဝုန်းခနဲ ခုန်တက်သွားသလို ထပ်တလဲလဲ ရိုက်ရသည့်အကြိမ်ပေါင်းမှာလည်း မရေမတွက်နိုင်တော့။ ခရစ်ယာန်သာသနာထွန်းကားရာ အတိုင်းတိုင်းအပြည်ပြည်က ဘာသာအသီးသီးသို့ ပြန်ဆိုကြရပြန်သည်။

လွန်ခဲ့သောနှစ်အနည်းငယ်ကပင် ထိုစာအုပ်ငယ်၏ မူရင်းလက်ရေးမူကို ဂျေ၊ ပီ၊ မော်ဂင် မယုံနိုင်လောက်အောင် မြင့်မားသောဈေးဖြင့် ဝယ်ယူလိုက်၏။ ယခုအခါ ထိုလက်ရေးမူမှာ စာရေးဆရာကြီး

ကိုယ်တိုင်က သူ့စာကြည့်တိုက် ဟုခေါ်သော နယူးယောက်အနုပညာ ပြတိုက်မှ စာရေးဆရာကြီး၏ အခြားသောအဖိုးအနဂ္ဃထိုက်တန်သည့် ရတနာစာများအကြားတွင် ရောက်ရှိနေပါလေပြီ။

ကမ္ဘာတစ်ဝန်း ဟိုလေးတကျော်ကျော် ဖြစ်ခဲ့ရသည့် စာအုပ် ငယ်ကား ချားလ်စ်ဒစ်ကင်း 'ခရစ္စမတ်သီချင်း'ပါတည်း။

ဆရာကြီးချားလ်စ်ဒစ်ကင်းသည် အင်္ဂလိပ်စာပေလောကတွင် စာအရေးသားနိုင်ဆုံးနှင့် လူကြည်ညိုအခံရဆုံး စာရေးဆရာတစ်ဦး အဖြစ် မျက်နှာပွင့်၍ ဂုဏ်တင့်ခဲ့၏။ သို့တစ်မူ သူ စ,စချင်း စာရေး ခဲ့ရာမှာတော့ သူ့ကို လူတွေက လှောင်ပြောင်သရော်မှာ ကြောက်ရွံ့ သဖြင့် လူတွေအားလုံး အိပ်မောကျချိန်မှ ဘယ်သူမျှမတွေ့အောင် စာတိုက်ပုံးသို့ ခိုးကြောင်ခိုးဝှက်သွားကာ ပထမဆုံးစာမူကို ထည့်ခဲ့သူ ဖြစ်၏။ ထိုအချိန်၌ သူ့အသက် ၂၂ နှစ် ရှိပြီဖြစ်သည်။ သူ့ဝတ္ထု ပုံနှိပ်စာလုံးအသွင်ဖြင့် ထုတ်ဝေလိုက်ပြီဆိုသည်နှင့် ဝမ်းသာလုံးဆို့သွား ပြီး ပါးပြင်ပေါ်တွင် ပီတိမျက်ရည် ဖြိုင်ဖြိုင်စီးကျလျက် တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်သွားနေခဲ့ဖူးသည် ဆို၏။ စာပေရူး ရူးခဲ့သည်ပဲ ဆိုရမလား။ စာပေစိတ်ပြင်းတယ်လို့ပဲ ပြောရမလား။

သူ ထိုဝတ္ထုအတွက် စာမူခတော့ တစ်ပြားမျှ မရခဲ့ဟု သိရသည်။ ဒါဖြင့် နောက်ဝတ္ထု ၈ ပုဒ်တိတိကတော့ ဘယ်လောက်ရခဲ့ပါသလဲ။ ဘုရားစူးကျိန်ပြောရလျှင် လုံးဝဆို လုံးဝ မရခဲ့ပါတဲ့။ စာမူခ ရရ မရရ စာအုပ်ကလေးဖြစ်လာသည်ကိုပင် အပျော်ကြီး ပျော်နေမိတဲ့ တကယ့်စာရေးဆရာ။ အဲ နောက်တော့ စာမူခရယ်လို့ သတ်သတ် မှတ်မှတ် ချက်လက်မှတ်ကလေးတစ်ရွက် ရခဲ့ပါသည်။ ငွေကြေးပမာဏ ကတော့ တစ်ပေါင်တိတိ။

မယုံမရှိပါနှင့်။ သူ့ ပထမဆုံးလက်ရာဝတ္ထုတစ်ပုဒ်တွက် စာမူခ တစ်ပေါင်သာ ရခဲ့ပါလေ၏။ သို့သော် သူ့နောက်ဆုံးဝတ္ထုကျတော့

စာတစ်လုံးကို ၃ ပေါင်နှုန်း ဖြစ်သွားပါလေပြီ။ စာပေသမိုင်း စကတည်းက စာရေးဆရာတွေ ရခဲ့သမျှစာမူခတွေထဲမှာ အမြင့်ဆုံး စံချိန်ချိုးခဲ့သည့်ဈေးနှုန်း ဖြစ်ပါသည်။ စာတစ်လုံးလျှင် ၃.ပေါင်။

ပြီးတော့ စာရေးဆရာအများစုသည် လောကကြီးမှ မျက်စိမှိတ်ထွက်ခွာသွားသည့် နောက် ၅ နှစ်အတွင်းမှာ မေ့မေ့ပျောက်ပျောက်နှင့် ဥပေက္ခာပြုခံလိုက်ရစမြဲ။ ဒါပေမယ့် ချားလ်စ်ဒစ်ကင်း သေဆုံးပြီး ၆၃ နှစ် ကြာချိန်အထိ ထုတ်ဝေသူများက သူနှင့်သက်ဆိုင်ရာများထံ စာတစ်အုပ်အတွက် စာမူခငွေ ပေါင် ၄ သောင်းကျော် ပေးနေဆဲ ဖြစ်ပါ၏။

ထိုစာအုပ်ကတော့ သူ့သားသမီးများအတွက် ဒစ်ကင်းရေးသားခဲ့သော 'တို့ဘုရားသခင်'ဟု အမည်တွင်ပါသည်။

လွန်ပြီးသော ရာစုနှစ်များအတွင်း ချားလ်စ်ဒစ်ကင်း၏ဝတ္ထုကြီးများသည် အဆက်မပြတ်ဈေးကွက်ဝင်ခဲ့သည် ဆိုရပါမည်။ ရိုက်စပီးယားပြဇာတ်များနှင့် သမ္မာကျမ်းစာပြီးလျှင် အရောင်းရအတွင်ကျယ်ဆုံးစာအုပ်များအဖြစ်လည်း မှတ်တမ်းတင်ခဲ့ရပါ၏။

နှစ်တွေ ဘယ်လောက်ဟောင်းဟောင်း,ခေတ်တွေ ဘယ်လောက်ပြောင်းပြောင်း သူ့ဝတ္ထုတွေကိုဖတ်ပြီး အသည်းစွဲသွားကြသလို၊ ပြဇာတ်အဖြစ်ရော ရုပ်ရှင်အသွင်နှင့်ပါ တင်ဆက် အသုံးတော်ခံကြရပါသည်။

ဆရာကြီး ချားလ်စ်ဒစ်ကင်း၏တစ်သက်တွင် ၄ နှစ်တာထက်ပို၍ ကျောင်းမနေခဲ့ဖူးပါ။ သို့ရာတွင် အင်္ဂလိပ်ဘာသာဖြင့် ကြီးကျယ်အကျော်ကြားဆုံး ဝတ္ထုကြီး ၁၇ ပုဒ်တိတိ ရေးသားသွားနိုင်သူ ဖြစ်၏။

သူ့မိဘများက ကျောင်းဖွင့်ခဲ့ကြပါသော်လည်း ထိုကျောင်းမှာ သူ မတက်ခဲ့ရ။ အဘယ့်ကြောင့်ဟူမူ ထိုကျောင်းက မိန်းကလေးကျောင်းသက်သက် ဖြစ်ခဲ့သောကြောင့်ပင်။ ဒါ့အပြင် နောက်တစ်ကြောင်းလည်း ရှိပါသေးသည်။ 'မစ္စဒစ်ကင်း၏ တည်ထောင်မှု'ဟု

အိမ်ရှေ့တံခါးဝတွင် ကြေးဆိုင်းဘုတ်ကြီး ခံ့ခံ့ညားညားတင်ထားလင့် ကစား ပညာသင်လာရောက်သည့် ကျောင်းသူဟူ၍ ၁ နှစ်လုံးနေလို့ တစ်ယောက် မရှိခဲ့ခြင်းပေတည်း။ သည်တော့လည်း မိသားစုစားဝတ် နေရေး ပြဿနာတက်ခဲ့ရသည်မှာ မဆန်းတော့။ တစ်စတစ်စဖြင့် ကြွေးတွေ လည်ပင်းခိုက်လာသည်။ ကြွေးရှင်တွေက ဝိုင်းတရားစွဲကြ သည်။ နောက်ဆုံးတော့ ဒစ်ကင်း၏ ဖခင်ကြီးမှာ အရှက်တကွဲ အကျိုးနည်းဘဝဖြင့် ထောင်ကျခဲ့ရတော့သည်။

ချားလ်စ်ဒစ်ကင်း၏ ကလေးဘဝမှာ ဆိုးဝါးသလောက် သနား စရာ ကောင်းလှ၏။ ထို့ထက်ပိုပြီး ပြောရလျှင် ဝမ်းနည်းကြေကွဲဖွယ် အတိနှင့် အလွမ်းဇာတ်တစ်ပုဒ် ဖြစ်ပါသည်။ သူ့အဖေ ထောင်ကျ တော့ သူ ၁၀ နှစ်သား ရှိပါသေး၏။ သို့နှင့်အမျှ မိခင်ကြီးနှင့် သူတို့ မောင်နှမတစ်တွေမှာ စားရမဲ့သောက်ရမဲ့ဘဝသို့ ရောက်ခဲ့ကြရလေ၏။ ထိုအခါ ချားလ်စ်ခမျာ မနက်တိုင်း အပေါင်ဆိုင်သို့ပြေး၍ အိမ်ရှိ လက်ကျန် အိုးခွက်ပန်းကန်အစ အသုံးအဆောင်လေးတွေ သွားရောင်း ရသည်။

ထိုအထဲတွင် သူ တန်ဖိုးထားမြတ်နိုးလှသလို အထီးကျန်ဘဝ၏ တစ်ခုတည်းသော အဖော်မွန်များ ဟုဆိုရမည့် စာအုပ်တွေပင် ပါသွား တတ်ပါ၏။ နောက်ပိုင်း၌ သူက

"အဲ့ဒီစာအုပ်တွေ ရောင်းလိုက်ရတုန်းကများဆိုရင် ကျွန်တော့် အသည်းနှလုံးတွေ ကြွေပြုန်းကုန်ပြီလား အောက်မေ့ရတယ်" ဟူ၍ မချိတင်ကဲ ရင်ဖွင့်ခဲ့ပါလေသည်။

သည်လိုကြားက ဘယ်လိုမျှ အဆင်မပြေတော့သည့်အဆုံး၌ သူ့မိခင်ခမျာ ကလေး ၄ ယောက်ကို လက်ဆွဲ၍ သူ့မခင်ပွန်းရှိရာ ထောင်ထဲသို့ လိုက်နေခဲ့ရတော့သည်။ နေထွက်လာသည်နှင့် ချားလ်စ် သည် ထောင်ထဲသို့ဝင်သွားပြီး သူ့မိသားစုနှင့်အတူ တစ်နေ့လုံးနေမိ၏။

ညဘက်ကျတော့ ထောင်မှပြန်လာပြီး မှောင်ပိန်းကျဉ်းကျပ်သော ထပ်ခိုးကလေးတစ်ခုတွင် လန်ဒန်မြို့ရှိ ချောင်ကြိုချောင်ကြား ကျက်စားနေသော ကြမ်းပိုးတေလေကလေး ၂ ယောက်နှင့်အတူ အိပ်ရ၏။ ထို လူဆိုးပေါက်စလေးတွေနှင့် နေရသည့်တဒင်္ဂမှာလည်း ငရဲကျသည်နှင့်မခြား။ အနိုင်ကျင့် ဗိုလ်ကျ ခံရပြန်၏။ နောက်ဆုံးကျတော့ ကြွက်ပေါလှသည့် ကုန်ရုံတစ်ခု၌ တရားမဝင် မှောင်ခိုကုန်သည်များ၏ပုလင်းများ တံဆိပ်ကပ်ရသောအလုပ်ကို ရလိုက်သည်။

သူ့လုပ်ခငွေကလေးဖြင့် တခြားအခန်းတစ်ခန်းကို ငှားနေမိသည်။ ထိုအခန်းကလည်း ဖုန်အလိမ်းလိမ်းတက်နေသော ထပ်ခိုးငယ်လေး၏ထောင့်မှ ဂလိုင်ပေါက်ကျဉ်းကျဉ်းလေးသာ ဖြစ်ပါ၏။ သို့ဖြစ်လင့်ကစား ဒစ်ကင်းကတော့ ထိုငရဲတွင်းကလေးကို သူ့အတွက် 'သုခဘုံ'ပါပဲလို့ တင်စားခဲ့သည်။

ထို့နောက်ပိုင်း စာရေးဆရာအဖြစ်ရောက်လာသော ချားလ်ဒစ်ကင်းသည် ဘာမျှမရှိသော ဆန်ပြုတ်ခွက်အလွတ်ကိုကိုင်၍ ထပ်ထည့်ပေးဖို့ အရေးဆိုခဲ့သူ 'အိုလီဗာတွစ်'အမည်ရှိ ချာတိတ်လေး၏ ပုံရိပ်လွှာကို ဘယ်တော့မျှ မေ့ရက်စရာမရှိအောင် ပီပီပြင်ပြင် မှုန်းခြယ်လျက် သူ့ကလေးဘဝ နာကျည်းချက်များကို ကလဲ့စားချေခဲ့ခြင်း ဖြစ်ပါလေတော့၏။

ဒစ်ကင်း၏ကလောင်စွမ်းသည် ပျော်ရွှင်ချမ်းမြေ့ခြင်းကို သရုပ်ဖော်ရာ၌လည်း ထူးခြားပြောင်မြောက်လွန်းလှသည်။ သို့ငြားလည်း သူကိုယ်တိုင်၏အိမ်ထောင်ရေးဘဝမှာ လုံးဝ မလှပခဲ့ချေ။ စိတ်ချမ်းသာစရာ တစ်ကွက်မျှမရှိအောင် ဆိုးဝါးခြင်းနှင့်အတူ သနားစရာကောင်းအောင် ချစ်ကံခေခဲ့ရ၏။

သူသည် သူ မချစ်သော ဇနီးသည်နှင့် ၂၃ နှစ်လုံးလုံး အတူနေခဲ့ရ၏။ သူတို့ဇနီးမောင်နှံမှာ သားသမီး ၁၀ ယောက် ထွန်းကား

ခဲ့၏။ ဒါပေမယ့် စိတ်သောကခံစားရမှုကတော့ နက်ရှိုင်းသထက် နက်ရှိုင်းလာရ၍ ရတက်အေးရသည်ဟူ၍ မရှိ။

သူသည် ကမ္ဘာကြီးတစ်ခုလုံး သူ့ခြေဖဝါးအောက် ပြားပြား မှောက်ရောက်အောင် ခစားစေနိုင်ခဲ့သည်။ သို့တိုင် သူ့အိမ်, သူ့မိသားစု ဘဝမှာ ပူဆွေးဝမ်းနည်းစရာတွေနှင့်သာ ပြည့်နေရသည်။ သောက မီးတောက်က တစ်နေ့တခြား ထန်ပြင်းဆိုးဝါးလာရာက ဘယ်လိုမျှ ဒဏ်မခံသာအောင် ဖြစ်လာသည်။ ဤတွင် အောင်ပွဲခံနေ့ရက်များကိုပင် ဂရုမစိုက်နိုင်တော့ဘဲ သူနှင့် သူ့ဇနီးတို့ ကွာရှင်းပြတ်စဲကြောင်းကို သူပိုင်မဂ္ဂဇင်းမှ ဖွင့်ဟ ကြေညာလိုက်မိပါတော့သည်။

သည့်အတွက် ဒုက္ခဝန်ထုပ်ပိုးကြီးက သူ့ပခုံးပေါ် ကျလာသည် ဟု ဆိုရမည်လော။ မဟုတ်ပါ။ ထိုသို့မဖြစ်အောင် သူ ကြံဆောင် နိုင်ခဲ့ပါသည်။ ဒုက္ခအားလုံးကို သူ့ဇနီးအပေါ်၌သာ ပုံချခဲ့ပါသည်။

ဒစ်ကင်းသည် သဒ္ဓါရက်ရောသူတော့ ဖြစ်ခဲ့ပါ၏။ သူ ကွယ် လွန်သောအခါ ပေါင် ၄ သောင်းကို သူ့ခယ်မ ဖြစ်သူအား ပေးရစ်စေ ခဲ့၏။ ထိုငွေထဲမှ သူ့ရင်သွေးများ၏မိခင်ကို အဘယ်မျှပေးခဲ့ပါသနည်း။ တစ်ပတ်လျှင် ၇ ပေါင်ပေးရန်သာ မှာခဲ့သည်ဟူ၏။

သူကား လူပုံအလယ်၌ ဒေါင်းက, ကခဲ့မိပါပြီ။

သူ့ကို ပက်ပက်စက်စက် အပြစ်တင်ဝေဖန်စာတွေက တောင်ပုံ ရာပုံရောက်လာသည်။ ဘာပဲဖြစ်ဖြစ် သူကတော့ လုံးဝမမှု။ သူ့ အခြေအနေ သူ အသိဆုံးမို့ မှန်သည်ဟု ဖွတ်လုပ်တတ်သော စာရေး ဆရာတို့၏ ဥာဉ်အတိုင်းပဲ ဆိုရပါမည်။

၁၈၄၂ ခုနှစ် အမေရိကားသို့ သူ ပထမဦးဆုံးအကြိမ် ရောက် လာသည်။ သူက ကြက်သွေးရောင်ချိုင်းပြတ်အင်္ကျီ, စာဥပြာကွတ် အင်္ကျီတို့ကို အစပ်မတည့်စွာဝတ်ဆင်လျက် အမေရိကန်သားတွေကို မျက်စိ ကျိန်းစေခဲ့၏။ သို့တစေ သူ့ခေတ်နှင့်တော့ သူ တွင်ကျယ်ခဲ့

သည်။ လူတွေ၏ ချစ်ခင်လေးစားခြင်းအခံရဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့သည်။

နောက် ဒုတိယအကြိမ် အမေရိကားသို့ အလည်ခရီးမှာတော့ ခိုက်ခိုက်တုန်အေးမြမှုဒဏ်ကို ကြိတ်မှိတ်ခံလျက် သူ့ကိုတွေ့ရန် လူတွေ လက်မှတ်ဝယ်ပြီး တန်းစီစောင့်ခဲ့ကြပါသည်။

ဘရွတ်ကလင်းရပ်ကွက်သို့အရောက်၌ သူ့ပရိသတ်တွေက နှင်းအကိုက်ခံ၍၊ အဆုပ်အအေးပတ်ခံ၍ လမ်းပေါ်မှာ တစ်ညလုံး ဖျာခင်းအိပ်ကာ သူ့ဟောပြောပွဲလက်မှတ်ကို အရဝယ်ခဲ့ကြရ၏။

မီးပုံကြီးများဘေးတွင် ညလုံးပေါက်အိပ်စောင့်ရင်းက သူ့စကားကို နားထောင်ဖို့ ၁၂ သျှိလင် ၆ ပဲနီ အကုန်အကျခံရသေး၏။ ထိုမှတစ်ဖန် လက်မှတ်တွေအားလုံးကုန်သွားသဖြင့် လက်မှတ်မရဘဲ ပြန်ရမည့်သူတွေက မကျေမနပ်ဖြစ်ပြီး ဆူကြပူကြနှင့် ဝုန်းဒိုင်းကြဲကာ အဓိကရုဏ်းငယ်လေးပင် ဖြစ်ခဲ့ကြရသည် ဆို၏။

စာပေလောက၊ စာပေသမိုင်း၌ မတူတစ်မူထူးခြားလှပမှုများဖြင့် စာရေးဆရာတွေ ထွန်းကားခဲ့ကြပါသည်။

ထိုထို ထိုထို အဖိုးတန်ပန်းပွင့်တွေအားလုံးအနက် ချားလ်စ် ဒစ်ကင်းသည် ရှားပါးသလောက် ရနံ့သင်းကြိုင်သော နန်းထိုက်တော်ဝင် နတ်ပန်းတစ်ပွင့် ဟု ဆိုပါလျှင်။



# အမေရိက ကျားရိုင်းမ

## ကက်သရင်း ဟက်ဘန်း

တစ်နေ့လုပ်ခ ပေါင် ၂၀၀၀ ရပေမယ့်၊ သဘောကို တတိယတန်းကုန်းပတ်က စီးနင်းခဲ့တဲ့ မင်းသမီး။

သေးသေးသွယ်သွယ်လေးပေမယ့် ပေါင် ၂၀၀ ကျော် ယောကျ်ားကြီးကို ကြမ်းပြင်ပေါ် လှဲသိပ်နိုင်ခဲ့သည့် သိုင်းသမား။

မိန်းမသားဖြစ်လျက် ကညာမဆန်, မဟာဟန် မလုပ်, အသည်းမာမာ, ခေါင်းမာမာနှင့် အောင်လံတလူလူ လွှင့်ထူခဲ့သလို၊ ဟောလိဝုဒ်ရုပ်ရှင်မြို့တော်ကြီးကို ထင်သလို ခြယ်လှယ်နိုင်ခဲ့တဲ့ ကျားမလေး။

မကြာသေးမီနှစ်များ၏ တစ်ညသ၌ ပိန်ပိန်ပါးပါး, ဆံပင်နီနီနှင့် မိန်းမငယ်လေးတစ်ယောက် ကွန်နက်တီကတ်ရှိ ကျောင်းခန်းမတစ်ခု၏စင်မြင့်ပေါ်သို့ 'ဘလင်ဟမ်စစ်ပွဲ'အကြောင်း သီကျူးရွတ်ဆိုရန် သူ့ကိုယ်သူ ယုံကြည်ချက်အပြည့်ဖြင့် ခပ်လွှားလွှားလေး တက်လာသည်။

မဲ့ပြောက်ကလေးများရှိသော သူ့မျက်နှာပြင်ကိုလည်း မိတ်ကပ်ဖုံဖုံလေးခြယ်သထား၍ လှနေသည်။ ပရိသတ်ထဲမှာ သူ့အမေ, သူ့အဖေနှင့် အစ်ကို,အစ်မတစ်တွေက အားခဲ၍ မျှော်လင့်စောင့်စားနေကြ၏။ သူတို့အဖို့တော့ ပွဲကြီးပွဲကောင်းပင် ဖြစ်၏။ သို့ပေမယ့် ခဲလေသမျှ သည်းကြွေရဖို့ အကြောင်းဖန်လာ၏။

စင်မြင့်ပေါ် တစ်ခါမျှမတက်ဘူးခဲ့သော ကက်တီလေးသည် ပရိသတ်ကိုကြောက်စိတ်ဖြင့် ဘယ်ကစ၍ ဘာရွတ်ရမှန်းမသိအောင်ဖြစ်နေသည်။ အစရာရင်းက ချောင်းတဟွတ်ဟွတ်ဆိုးရင်း အသက်ရှူတွေမှား, ဖောချွေး မောချွေးတွေပြန်နေခဲ့ရာက မျက်ရည်တွေပင် ဝဲနေရပါပြီ။ ဘယ်လိုမျှ ကြိုးစား၍မရတော့သည့်အဆုံး အရှက်လွန်ပြီး စင်မြင့်ပေါ်က ဆင်းပြေးခဲ့မိပါတော့သည်။ ထိုအချိန်က ကက်သရင်းဟက်ဘန်းသည် ၁၃ နှစ်သမီးသာ ရှိပါသေးသည်။

သည်နောက် အသက် ၂ ဆ၊ ၂၆ နှစ်အရွယ်မှာတော့ ရုပ်ရှင်မင်းသမီးအဖြစ် ထူးချွန်ပြောင်မြောက်စွာ သရုပ်ဆောင်နိုင်ခဲ့သဖြင့် အော်စကာ ရွှေစင်ရုပ်ဆု ၂ ကြိမ်တိုင်တိုင် ရခဲ့ပါတော့၏။ ပထမတစ်ဆုကတော့ ၁၉၃၃ ခုနှစ်အတွင်း ပြသခဲ့သော 'မင်္ဂလာနံနက်ခင်း' ရုပ်ရှင်ကား။ ဒုတိယ 'မိန်းမငယ်လေးများ'ဖြစ်ပါသည်။

ကတ်တီအဖို့ ဘရိုင်မော်ရာ မိန်းကလေးကောလိပ်မှ ထွက်ပြီး မကြာခင် ဘုရားသခင်၏ စောင်မခြင်းခံရသည်ဟု ဆိုနိုင်ပါသည်။

လေ့ကျင့်လိုက်ရုံလေးဖြင့် ဘရော့ဒ်ဝေး ပြဇာတ်ခုံပေါ်၌ 'သီဘစ်ခ်ပွန်းဒ်' ဟူသော ပြဇာတ်တွင် ခေါင်းဆောင်မင်းသမီးနေရာ ရလိုက်သည်။ တကယ့်ကို မကြုံစဖူး ထူးထူးကဲကဲရရှိခဲ့သော အခွင့်အရေးဖြစ်ပါသည်။ သို့သော် ဇာတ်စ,တိုက်ကြသည့်တွင် သူ့သဘောနှင့်သူ သရုပ်ဆောင်သည့်ကိစ္စကြောင့် ဒါရိုက်တာနှင့် စကားများကြသည်။

သူကလည်း တစ်စက်, တစ်လက်မကလေးမျှ အလျှော့မပေး၊ ခေါင်းမာမာနှင့် ငြင်းခဲ့သည်။ ဒါရိုက်တာကလည်း ပြင်းထန်သော စကားလုံးတွေနှင့် ပါဝါကုန်၊ အာဏာကုန်သုံးခဲ့ရာမှ အလုပ်ပြုတ်ခဲ့ရတော့သည်။ နောက်တစ်ခါ 'သေမင်း အားရက်ယူထားခြင်း'ဆိုသည့် ပြဇာတ်မှာလည်း အရေးကြီးသောအခန်းမှ ကပြခွင့်ရခဲ့ပြန်၏။ ဒါပေမယ့်လည်း ထိုပြဇာတ်ဖြင့် ဘရော့ဒ်ဝေးဇာတ်ခုံပေါ်သို့ မရောက်ခဲ့ရပြန်ပါ။

မီးခဲမလေး ရောက်လေရာ ပြဿနာတက်ခဲ့သလို အဝတ်လဲခန်းအတွင်း မိတ်ကပ်လိမ်းရင်း ပူညံပူညံဖြစ်၍ ပွဲထွက်ဖို့ အဆင်သင့်ဖြစ်နေချိန်မှာပင် ပေါ့တီးပေါ့ဆ ကရော်ကမယ်လုပ်ရကောင်းလို့ဆိုပြီး အလုပ်ဖြုတ်ခံခဲ့ရခြင်း ဖြစ်၏။ သို့တိုင် အဖိုးတန် အခွင့်ထူးတစ်ရပ်က သူ့လက်ထဲ ရောက်ခဲ့ပြန်သည်။ လက်စလီဟိုးဝစ်၏ 'ခြေ ၄ ချောင်းတော်လှန်ရေး'ပြဇာတ်ကြီးအတွက် နေရာကောင်းတစ်နေရာ ရခဲ့ခြင်းပင်။ ကတ်တီကလည်း ထူးထူးခြားခြားနှင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားဖို့ စိတ်အားထက်သန်ခဲ့သည်။

လနှင့်ချီ၍ လေ့လာလေ့ကျင့်ခဲ့ရာမှ စားလည်း ဒီစိတ်,သွားလည်း ဒီစိတ် အိပ်မက်ထဲပင် ထည့်မက်ခဲ့သည်အထိ စွာန်ဝင်စားနေမိ၏။ သို့ရာတွင် ဇာတ်တိုက်ပြီဆိုသည်နှင့် ရောဂါဟောင်းက ဖောက်လာပြန်သည်။ ဒါရိုက်တာစေခိုင်းသမျှနှင့် တခြားအကြံပေးတာတွေအားလုံးကို သူက စောဒကတက်သည်၊ ပယ်လှန်သည်။ ဇာတ်ကောင်စရိုက်နှင့်

သရုပ်ဆောင်မှုတွေအပေါ်၌ သူ့အမြင်, သူ့အထင်တွေနှင့် ဝင်ရောက်စွက်ဖက် ပြောဆိုလာသည်။ သည်တော့လည်း ထုံးစံအတိုင်းပင် ပဋိပက္ခတွေဖြစ်ပြီး သူပဲ ပြေးခဲ့ရပြန်တော့သည်။ ကက်တီတစ်ယောက် ရှူးများရှူးနေသလား။

အကြောင်းမသိခင်တုန်းကတော့ ဒီလိုပဲ ကျွန်တော်တို့ အထင်လွဲအမြင်မှားခဲ့မိကြသည်။ သူ့ဖြေချက်ကလေးကို တစ်ဆိတ်နားထောင်ကြည့်ပါ။

"ကျွန်မအနေနှင့် ကျွန်မဘာသာကျွန်မ စိတ်လွတ်လက်လွတ်လုပ်ဆောင်ရရင် ကျိန်းသေအောင်မြင်မယ်လို့ ယုံကြည်ခဲ့တယ်လေ။ တကယ်လို့ ကျွန်မဓာတ်ခံကိုမသိတဲ့ တခြားလူရဲ့ညွှန်ကြားချက်ကို နာခံပြီး ကြိတ်မှိတ်လုပ်ရတာဟာ ကျွန်မကိုယ်ကျွန်မ အညွှန့်ချိုးလိုက်သလိုဖြစ်ပြီး ဆုံးရှုံးနစ်နာရမှာ မလွဲဘူး"

မှန်လိုက်တဲ့စကား။ အတိအကျကို ဒိုင်းခနဲနေအောင် မှန်သည့်စကား။ 'ကက်သရင်းရေ။ မင်း လုံးဝမှန်ပါတယ်'လို့ အမှတ်ပြည့်ပေးလိုက်ရပါသည်။

ထိုမတိုင်မီ နှစ်များက သူ့ဖခင်ကြီးသည် ကွန်နက်တီကတ်ပြည်နယ် ဟတ်တ်ဖို့ဒ်မြို့က ဆရာဝန်တစ်ဦးဖြစ်၏။ အိမ်တွင် အားကစားလေ့ကျင့်ရုံ ဖွင့်ထားခဲ့သည်။ ပြီး သူ့သားသမီး ၆ ယောက်စလုံးအားနပန်းသတ်, ကျွမ်းထိုး, ကောင်းကင်ဘား စသဖြင့် သန်မာဖွံ့ဖြိုးရေးပညာများကို သင်ပေးထားခဲ့ရ၏။

ကက်တီသည်လည်း အရွယ်နှင့်မလိုက်အောင် သန်စွမ်းပြီးခြေမြန်လက်မြန်နှင့် ဖျတ်လတ်သွက်လက်ခဲ့သည်။ ပေါင် ၂၀၀ ခန့်ရှိသော လူကြီးတစ်ယောက်ကို ကြမ်းပေါ်သို့ လှဲသိပ်နိုင်ခဲ့သည်။ ထိုအချိန်တွင် ကက်တီသည် အငယ်ဆုံး ဗင်တန်ဝိတ်တန်းအရွယ်

ရနှစ်သမီးကလေးသာ ရှိသေး၏။ ထို့အပြင် စကိတ်အလှစီး ကျွမ်းကျင်သူ အလှပြဒိုင်ဗင်မယ်လေးတစ်ဦးလည်း ဖြစ်ပါ၏။ အကယ်၍ သရုပ်ဆောင်မင်းသမီးသာ မဖြစ်လျှင် ဂေါက်ရိုက်ချန်ပီယန်မလေးဖြစ်ဖို့ သေချာပါသည်။

ငယ်စဉ်က လေ့ကျင့်ခန်းအားလုံးမှာ ကက်တီအား ကိုယ်လက်သန်မာရုံမက စိတ်ဓာတ်ခိုင်မာဖို့လည်း စွမ်းအားပေးခဲ့သည်ဟု ဆိုရမည်။ ထိုသို့ သူ အားကစားလိုက်စားခဲ့သောကြောင့်လည်း ဘရော့ဒ်ဝေးဇာတ်ခုံကြီးပေါ်တွင် သူ့ကို ပထမဆုံး အောင်မြင်မှု ရစေခဲ့သည်။ 'စစ်သမီးရဲ့ခင်ပွန်း'ပြဇာတ်ကြီး၌ သွေးဆူလွယ်သူ အမေဇုံလူရိုင်းမလေးအဖြစ် အပီအပြင် သရုပ်ဆောင် ကပြနိုင်ခဲ့၏။ သရုပ်ဆောင်ကောင်းလွန်းသဖြင့် တကယ့်အမေဇုံမလေးလို အသက်ဝင်ခဲ့သည်ဆိုလည်း မမှား။

သူမ၏ သရုပ်ဆောင်ကောင်းသည့်သတင်းက လျှောင်လှိုင်းများပမာပျံ့နှံ့သွားရာက ဟောလိဝုဒ်ကိုပင် သွားရိုက်ခဲ့ပါလေပြီ။ ထို့နောက်ရုပ်ရှင်အစမ်းရိုက်ကြည့်ရန်နှင့် လခ ဘယ်လောက်လိုချင်သလဲ ဆိုသည်ကို ကြေးနန်းစာနှင့် စုံစမ်းလာသည်။ ဟောလိဝုဒ်က သူမအနေဖြင့် တစ်ပတ်ကို ပေါင် ၄၀ မှ ၅၀ လောက်တော့ တောင်းမည်ဟု တွက်ထားကြ၏။ ကက်တီကလည်း သူမကိုယ်စားလှယ်မှတစ်ဆင့် ဟောလိဝုဒ်အာဏာပိုင်ကြီးများထံ အကြောင်းပြန်ခဲ့၏။

'မစ္စဟက်ဘန်းသည် တစ်ပတ်လျှင် ပေါင် ၃၀၀ ရပါက ဝမ်းပန်းတသာလာရန် ဆန္ဒ ရှိပါသည်'ဟူသော စာကိုဖတ်လိုက်ရသောအခါ ဒါရိုက်တာလူကြီးများက ကြေးနန်းရုံးက မှားရိုက်တာပဲဟု ထင်မိကြသည်။ သို့ဖြင့် ကိုယ်စားလှယ်ဖြစ်သူထံ အကြောင်းကြား၍ ကြေးနန်း ရုံးကများ သုညတစ်လုံး ပိုရိုက်မိလို့လား ဟု ပြန်မေးရပြန်သည်။ အဖြေက ချက်ချင်း ပြန်လာသည်။

'ကျွန်မတို့ များပြောတာ မဟုတ်ပါဘူး။ တစ်ပတ်မှာ ပေါင် ၃၀၀ ဆိုတာ နည်းတောင် နည်းပါသေးတယ်"တဲ့။

ဟောလိဝုဒ်သို့ ကက်တီရောက်ခဲ့ရော ဆိုပါတော့။

သူ့ကို သွန်သင်ညွှန်ကြားသည့်ဒါရိုက်တာ ဂျော့ကူကာက ဆံပင်နည်းနည်း ညှပ်ဖို့လိုကြောင်းနှင့် သူ့အဝတ်အစားဒီဇိုင်းတွေလည်း နည်းနည်းရိုင်းကြောင်း ပြောမိသည်။

"ရှင်။ ရိုင်းတယ်။ အမြင်မတော်ဘူးပေါ့။ ဟုတ်လား။ ဆရာ ဘာကို ဆိုလိုတာလဲ။ ကျွန်မ ဒီ ဒီဇိုင်းကို ပြင်သစ်မှာ အကောင်းဆုံး ဆိုတဲ့ ဖက်ရှင်ဆိုင်ကတောင် တကူးတကမှာပြီး ချုပ်ခဲ့ရတာ။ အဲဒါ ဘာဖြစ်လို့လဲ"

ဂျော့ကူကာကလည်း

"မင်းအဝတ်အစားတွေက ငါ့တစ်သက် တွေ့ဖူးသမျှထဲမှာ အရုပ်အဆိုးဆုံး ဖြစ်နေလို့ပါကွာ။ ဝတ်ကောင်းစားလှ ဝတ်တဲ့သူမှန်ရင် ရေချိုးခန်းအပြင်ဘက်မှာ ဘယ်နည်းနှင့်မှ ဒါမျိုးကို ဝတ်မှာ မဟုတ်ဘူးကွ"

ကက်တီတစ်ယောက် ဒေါသကို ချုပ်တည်းထားလိုက်ရသည်။ ပြီးတော့ ဟားတိုက် ရယ်ပါလေတော့သည်။ ထိုရယ်သံများကား အောင်မြင်စေသော ရယ်သံများသာ ဖြစ်ခဲ့ပါလေပြီ။

ကက်သရင်းဟက်ဘန်းသည် ဘရိုင်းမေးလားကောလိပ်၌ စိတ္တဗေဒပညာရှင်တစ်ယောက်ဖြစ်ရန် ၄ နှစ်မျှ ပညာသင်ခဲ့ဖူးပါသည်။

ကညာဆန်ဆန်အလှပြင်, အယဉ်အသ နေရသည့်အလုပ်မျိုးကို သိပ် ဝါသနာမပါသလို၊ အရေးကြီးတယ်လို့လည်း မထင်ခဲ့။ ဆို့အတူ မိန်းမဖာယာဆိုတာ ၄၀ ရှိသလား, ၅၀ ရှိသလားဆိုတာလည်း မသိခဲ့။

မင်းသမီး ဖြစ်လာပြီဆိုတော့လည်း အပြာကွက်ဘောင်းဘီပွကြီးနှင့် သံခွာရိုက်ထားသည့် ရှူးဖိနပ်ကြီးစီး၍ ဟောလိဝုဒ်မြို့တော်တစ်ခွင် ပြုံပြုံစင်အောင်လျှောက်သွားခဲ့သော သူမကို အလန့်တကြားပြူးပြဲကြည့်ကြရသည်။ သူ့ဖိနပ်ကြီးကလည်းအထူကြီး, အလေးကြီး။ ဥရောပသွားပြီး တောင်တက်တုန်းက စီးခဲ့သော ဖိနပ်ကြီး။

ကက်သရင်းဟက်ဘန်းသည် စိမ်းပြာရောင်မျက်လုံးများနှင့် ဆံပင်နီနီလေးများကို ပိုင်ဆိုင်သူဖြစ်ပါ၏။

သူ ရုပ်ရှင်ရိုက်သည့်အခါမျိုးတွင် သူ့ဆံပင်များ အရောင်ပိုတောက်အောင် ခေါင်းလျှော်လေ့ရှိပါသည်။

တစ်နေ့တော့ ကောလိပ်ကျောင်း ကပွဲတစ်ခုတွင် ကနေစဉ် ကောင်လေးတစ်ယောက်က အရှိန်လွန်ပြီး သူ့ကို ဝင်တိုက်မိ၏။ ကောင်ကလေးက တောင်းပန်စကားပြောဖို့ နောက်လှည့်အကြည့်၊ ဒေါသမီးတောက်နေသော သူ့မျက်လုံးများနှင့်ရင်ဆိုင်မိပြီး နောက်တွန့်သွားရသည်။ အမေဇုံကျားရိုင်းမလေး၏အကြည့်က ကောင်ကလေးအသည်းကို စူးငြိသွားစေသည်။

နောက်တစ်ကျော့ ပြန်အကမှာတော့ ကောင်ကလေးက ကြားဖြတ်ဝင်လာပြီး သူနှင့် ဓွတ်အတင်းမိတ်ဖွဲ့ကာ ဒုတိယအကြိမ် တွေ့ဆုံဖို့ ရက်ချိန်းတောင်းတော့၏။ သည့်နောက်တော့ ငွေလရောင်အောက်တွင် ကားတစ်စီးနှင့် အပျော်လျှောက်မောင်းရင်း အချစ်အကြောင်း စာလုံးပေါင်းခဲ့ကြရသည်။ ၆ လအကြာ၌ သူတို့ ၂ ဦး လက်ထပ်ခဲ့ကြပါတော့သည်။ ထို့နောက် ကူကန်တန်သို့ သွားနေကြခိုက် လင်မယားကွဲခဲ့ကြသည်။

ကက်တီ၏တစ်ခွန်းတည်းသော ဖြေရှင်းချက်က ရိုးရိုးလေးပါ။

"ဒီလိုကွဲလိုက်ကြတာပဲ အကောင်းဆုံး ထင်ပါတယ်လေ"

သူမသည် ဥရောပသို့ ၇ ခေါက်မျှ သွားခဲ့ရာ၌ ဈေးအပေါဆုံး တတိယတန်းခရီးသည်အဖြစ်သာ ကုန်းပတ်ပေါ်က စီးနင်းလိုက်ပါခဲ့ပါသည်။ ဟောလိဝုဒ်တွင် တစ်ပတ် ပေါင် ၃၀၀ ရပြီဆိုသည့်တိုင်အောင် ပင် တတိယတန်းက တစ်ခေါက် သွားလိုက်ပါသေးသည်။ ကက်သရင်းဟက်ဘန်းအနေဖြင့် အထက်တန်းမှ မစီးသည့်အကြောင်းမှာ ငွေကို အလဟဿ ဖြုန်းတီးရာရောက်မှာ စိုးသည့်အတွက်သာမကဘဲ၊ အလုံပိတ်အခန်းထဲတွင် အသက်ရှူမဝအောင် လှောင်အိုက်ပြီး မူးဝေတတ်သောကြောင့်သာ ဖြစ်၏။

သူနှင့် အလုပ်လုပ်မည်ကြံလျှင် ဈေးဆစ်လို့ မရပါ။ ဈေးဆစ်မည်ဆိုသည်နှင့် ရှုးရှုးရှဲရှဲ ထဖြစ်တတ်သည်။ မှတ်မှတ်ရရ 'ဒေါသအိုးမလေး'ရိုက်စဉ်က အဖြစ်တစ်ရပ်။ ကန်ထရိုက်စာချုပ်အရ သူပါဝင်ရမည့် အခန်းအားလုံး ရိုက်ပြီးသွားသည့်နောက်မှ အခန်းတစ်ခန်း ရိုက်ဖို့ ကျန်ခဲ့တာ တွေ့လိုက်ရသည်။ ရွှေမင်းသမီးကို ပြန်ခေါ်ရသည်။ အလကားတော့ မရပါ။

တစ်ရက်စာလုပ်ခ ပေါင် ၂၀၀၀ ပေးမှ ရိုက်ကူးပေးခဲ့ခြင်း ဖြစ်ပါသည်။ မင်းသမီးတစ်ယောက်အနေဖြင့် ကုမ္ပဏီပိုင်ရှင်သူဌေးများကို လှီးရာဖြတ်ရာ အခွန်ဘဏ္ဍာကောက်ရမှာတော့ စံတင်လောက်ပါပေရဲ့။

ဂုဏ်ယူပါတယ်။ လေးစားပါတယ် ကက်တီ။



## စိန်မင်းသားကြီး ချစ်စရာ

ဂျင် ဘရက်ဒီ

သူ၏သတို့သမီးအဖြစ် ရည်မှန်းထားသော မိန်းမလှလေးတစ်ယောက်အား ပိုးကြေးပန်းကြေး ပေါင် ၂ သိန်းပေးခဲ့၏။ သူ့တွင် အကောင်းဆုံးလက်ကိုင်ပဝါ ၅၀၀၀, ဝတ်စုံ ၂၀၀ ရှိ၏။ စိန် ၂၅၄၈ လုံး, ပတ္တမြား ၁၉ လုံး စီထားသော ဝတ်ရုံကိုဝတ်ပြီး အရက်တစ်စက်မျှ မသောက်သူ။

ကျန်ရစ်မယ့် ကြွေးသမားတွေ စိတ်အေးရအောင် ကြွေးငွေ ၄ သောင်းကို လျှော်ပစ်ခဲ့တဲ့ သူတော်ကောင်းကြီး။

ချစ်သူက လက်ထပ်ဖို့ ငြင်းလိုက်ရာမှ ချုံးပွဲချငိုခဲ့သည့် အသည်းကွဲသမားလူပျိုကြီး၏ သနားစရာဘဝ။

■

စိန်မင်းသား ဂျင်ဘရက်ဒီ(ဝါ)ဘရော့ဒ်ဝေးလမ်းက ဟာရွန် အယ်လ်ရက်စ်ချစ်သည် ပထမကမ္ဘာစစ်အတွင်းက အနိစ္စရောက်သွားခဲ့၏။ သူ၏နောက်ဆုံးခရီးမှာ ကြီးကျယ်ခမ်းနားလှစွာဖြင့် မကြုံစဖူး အထူးစည်ကားခဲ့သည်။ လမ်းတစ်လျှောက်လုံး လူတွေက ကြိတ်ကြိတ်တိုး ပြည့်ညပ်နေအောင် လိုက်ပါပို့ဆောင်ခဲ့ကြသည်။ လူတစ်ယောက်၏ ဈာပနသည် အသက်ရှင်စဉ်ကာလကို ရောင်ပြန်ဟပ်ပြနေသည်ဆိုက လွန်မည် မဟုတ်ပါ။

ဂျင်ဘရက်ဒီဘဝမှာ လူချစ်လူခင်ပေါသလောက်၊ အခြွေအရံ အပေါင်းအသင်းတွေ များပြားခဲ့၏။ များဆို သူကလည်း ရောမခေတ်က ကေရာဇ်ကြီးတွေ အရှုံးပေးရလောက်အောင် စားပွဲသောက်ပွဲ ပါတီပွဲကြီးတွေ ခြိမ့်ခြိမ့်သဲ အုံးအုံးထအောင် ပေးခဲ့သည်ကိုး။ တစ်ခါတလေ များ တစ်ချိန်တည်း, တစ်ပြိုင်တည်း ၅ နေရာခွဲ၍ ပါတီပေးခဲ့ကာ အသားကုန်မြူးတူးပျော်ရွှင်ခဲ့ကြသော ဟူ၏။ တစ်ခါတစ်ရံလည်း သူ့ ပါတီတွေက ၁၇ နာရီဆက်တိုက် မရပ်မနား ဝုန်းဒိုင်းကြဲ ဆူညံ သောင်းကျန်းခဲ့သလို၊ ကုန်ကျငွေမှာ ပေါင် ၂၀,၀၀၀ အထိ ရှိခဲ့သည် ဆို၏။

သူသည် မိတ်ဆွေဧည့်သည်များကို အမှတ်တရလက်ဆောင် ပေးရတာလည်း အင်မတန် ဝါသနာပါသည်။ သူ့လက်ဆောင်တွေ ထဲတွင် အသေးအဖွဲ တိုလီမုတ်စလေးတွေကအစ အဖိုးတန် စိန်ရင်ထိုးများ, စိန်နာရီများအထိ ပါဝင်၏။

ဒိုင်းမွန်းဂျင်၊ သို့မဟုတ် ဘရော့ဒ်ဝေး၏ ခါတော်မီချာလီကို နယူးယောက်မြို့ ကမ်းနားပိုင်းတစ်နေရာရှိ သူ့ဖခင် ဖွင့်လှစ်ထားသော အပေါစားအရက်ဆိုင်၏အပေါ်ထပ်တွင် မွေးဖွားခဲ့သည်။

သူသည် ကျောင်းတွင် စာမသင်ရသေးခင်ကပင် အရက်ပုလင်းဖောက်တတ်အောင် သင်ခဲ့ရပါသည်။ သူကိုယ်တိုင်ကတော့ တစ်သက်လုံး အရက်ဆို၍ တစ်စက်ကလေးမျှ မသောက်ခဲ့ဖူးချေ။

သူ ဘရော့ဒ်ဝေးလမ်းမကြီး၏ အဓိပတိတစ်ဆူအဖြစ် တန်ခိုးထွားခဲ့ချိန်များကလည်း ထောင်ပေါင်းများစွာသောငွေတွေကို ဖြုန်း၍ ရှန်ပိန်၊ ရိုင်း စသော အဖိုးတန်အရက်တွေ ဝယ်ခဲ့၏။ ဟမ်မစ်စ်ဖားရီးအနောက်ပိုင်းတွင် ရှိသမျှလူတွေအနက် အရက်အများဆုံးဝယ်သူဖြစ်ခဲ့၏။ တကယ်စင်စစ် သူ သောက်ဖို့ မဟုတ်။ သူ့အပေါင်းအဖော်မိတ်ဆွေတွေကို ဝယ်တိုက်ခဲ့ခြင်းသာ ဖြစ်၏။ သူကတော့ သူတို့ဘေးမှာ ရေငတ်ပြေရုံ ဘီယာ,အချိုရည် နည်းနည်းပါးပါးသာ ထိုင်သောက်နေတတ်သည်။

သူ့ကိုယ်အလေးချိန်က ပေါင် ၂၅၀ ကျော်ကျော်နှင့် အစားကျူးသော အစားပုတ်ကြီး ဟုဆိုလည်း မှန်၏။ သူ ညစဉ်စားသည့် ညစာဝိုင်းမှာ ဟင်း ၁၅ မျိုး အနည်းဆုံးပါပြီး၊ သူအကြိုက်ဆုံး ဟင်းတွေကို ၂ မျိုး,၃ မျိုး ထပ်ရံထားကာ အငမ်းမရစားခြင်းလည်း ဖြစ်၏။ သည်မျှနှင့် မဝသေးပါ။ ချော့ကလက် တစ်ပေါင်လောက်ကို ထပ်စားပြီး၊ မြေပဲကြော် အထုပ်ကြီး တစ်ထုပ်ကိုလည်း ပြဇာတ်ကြည့်ရာသို့ ယူသွားလိုက်ပါဦးမည်။

သူသည် အပတ်စဉ် သကြားလုံးဘူးတွေ ရာနှင့်ချီ၍ မိတ်ဆွေအိမ်များသို့ ပို့ပေးလေ့ရှိ၏။ သူ မှာယူသည့် ကိတ်မုန့်ဖိုးကလည်း တစ်လလျှင် ပေါင် ၄၀၀ မှ ၆၀၀ ဖိုးခန့် ရှင်းရသည်။

သူက လက်ဖက်ရည်, ကော်ဖီကိုတော့ ခါးခါးသီးသီးမုန်းပြီး လိမ္မော်ရည်ကို စွဲစွဲလမ်းလမ်း နှစ်သက်သည်။ လိမ္မော်ရည်ကြိုက်ပုံက ဖြင့် သူ့မေးဖောင်းဖောင်းကြီးအောက်မှာ လက်သုတ်ပဝါမခံရခင် တစ်ဂါလံလုံးကုန်အောင် မော့်သောက်ပြီး ဖြစ်နေလေပြီ။ တစ်ခါတစ်ရံ စားရင်းဝါးရင်းမှ နောက်တစ်ဂါလံကို ထပ်သောက်လိုက်သေး၏။

တစ်နေ့တွင် ကြက် ၆ ကောင်ကို တစ်ထိုင်တည်း စားပစ်လိုက်သည် ဆို၏။ နားရှိလို့သာ ကြားရ၊ ယုံနိုင်စရာ မရှိတဲ့ အဖြစ်မျိုးပါ။ ဒါပေမယ့် သူ အသက်ကြီးလာလို့ ခွဲစိတ်ကုသမှုတစ်ကြိမ် ခံရသည့်အခါ ဆရာဝန်တွေက သူ့အစာအိမ်မှာ သာမန်ရှိသင့်တာထက် ၆ ဆ ပိုကြီးနေကြောင်း တွေ့ရပါသတဲ့။

စိန်မင်းသားဘရက်ဒီသည် အဘယ်သို့ သန်းကြွယ်သူဌေးကြီး ဖြစ်ခဲ့ရပါသနည်း။

သူသည် သူ့တိုင်းပြည်မှ ထုတ်သမျှ ထွက်ကုန်များကို ပြိုက်ခနဲ ကုန်အောင် တစ်ရှိန်ထိုးဖြန့်းပေးနိုင်သူ အတော်ဆုံး အရောင်းပါရဂူ တစ်ဦးပါ။

ကြံရည်ဖန်ရည် ကောင်းသည်သာမက၊ အကလည်း ကောင်းလှပါသည်။

အမေရိကန်ရထားလမ်းတွေမှာ သစ်သားတွဲတွေ သုံးနေစဉ် ခေတ်၌ သူက သံမဏိတွဲတွေကို အစောဆုံး စတင်ရောင်းချနိုင်ခဲ့ခြင်း ဖြင့် စီးပွားဖြစ်ထွန်းခဲ့သည်။

သူ့တိုင်းပြည်၏ ရောင်းလိုအားကိုလည်း ဖြည့်ဆည်းပေးနိုင်ခဲ့ သည်။

ရထားလမ်းတွေကလည်း ကျော့ကွင်းများပစ်ဖမ်းသကဲ့သို့ သမုဒ္ဒရာတွေကိုဖြတ်၍ ကနေဒါမှ ပင်လယ်ကွေ့ဒေသတွေထိုင်အောင်

ဖြန့်ကျက်သွားခဲ့သည်။ ဘရက်ဒ်ီ သံတွဲတွေကို စရောင်းစဉ်က စမ်းသပ်ဆဲကာလ ဖြစ်၏။ ဘယ်သူကမျှ လိုလိုချင်ချင်မရှိကြ။ သည်တော့ သူ ရောင်းပေးရာတွင် အပိုင်အနိုင် ကန်ထရိုက်စာချုပ်ချုပ်၍ မြိုးမြိုးမြက်မြက်ကလေးရအောင် တောင်းနိုင်ခဲ့၏။ စာချုပ်အရ တွဲတစ်တွဲ ရောင်းရတိုင်း သူက ၃၃ ဒသမ ၅ ရာခိုင်နှုန်း ကော်မရှင် ရသည်။ ထို့နောက်တော့ အမေရိကန်တစ်ဝှမ်းလုံးရှိ ရထားလုပ်ငန်းတွေက သံမဏိတွဲတွေကို မရမနေ အပူတပြင်း တောင်းဆိုလာကြတော့၏။

သူတို့အားလုံးက လိုချင်တာရဖို့ စိန်မင်းသားဂျင်ဘရက်ဒီထံသို့ ဦးထုပ်ကလေးပိုက်လျက် အောက်ကျို့ခံ ချဉ်းကပ်ခဲ့ကြရသည်။ ထိုအချိန်မှာ သူကလည်း ပြိုင်ဖက် မရှိ တစ်ဦးတည်း ချုပ်ကိုင်ထားနိုင်ခဲ့သည်ကိုး။ ဤသို့ဖြင့် သံမဏိရထားတွဲများ ရောင်းချခြင်းက သူ့ကို ပေါင် ၂ သိန်းခွဲမျှ ကြွယ်ဝသွားစေခဲ့ပါပြီ။ ငယ်ငယ်ရွယ်ရွယ်ဖြင့် အအောင်မြင်ဆုံးစီးပွားရေးသမားဘဝကို ပိုင်ဆိုင်လိုက်သည်။

သူသာ အနှစ် ၅၀ လောက် နောက်ကျမွေးခဲ့ပြီး ယနေ့လို အချိန်မျိုးကျမှ ထိုရထားတွဲကို ရောင်းဖို့ ကြိုးစားရမည်ဆိုလျှင်တော့ သူ့ချိုချဉ်ဖိုးကိုပင် ကြေအောင်ဆပ်နိုင်မှာ မဟုတ်။

စိန်မင်းသားဘရက်ဒီသည် ဘာမန်မရှိသည့် နောက်ပိုင်းတွင် စကိုဟီဂင်မှ စင်တာဖဲအဆုံး ထင်ပေါ်ကျော်ကြား လူသိများအောင် ရှုးကြောင်ကြောင်ဖြင့် စံတန့်ဆန်းတွေ အမျိုးမျိုးထွင်ခဲ့သည်။ 'စိန်မင်းသား' လို့ နာမည်တွင်လောက်အောင် သူ့တစ်ကိုယ်လုံး စိန်တွေနှင့် ခြယ်၏။ တစ်လလုံး တစ်နေ့တစ်မျိုးမရိုးအောင် ကျောက်မျက်ရတနာ အမျိုးမျိုးကို ဝတ်ဆင်လေ့ရှိ၏။ တစ်ခါတစ်ရံ ထိုရတနာတွေကို တစ်နေ့တည်း ၆ ကြိမ်, ၇ ကြိမ် လဲဝတ်တတ်သေးသည်။

သူသည် တဖျတ်ဖျတ်လက်နေသော စိန်အလုံးပေါင်း ၂၅၄၈ လုံး, ပတ္တမြား ၁၉ လုံးနှင့် တန်ဆာဆင် ရွှေချည်ထိုးထားသော ဝတ်စုံကိုဝတ်လျက် ဘရော့ဒ်ဝေးလမ်းမကြီးတစ်လျှောက် ခေါက်တုံ့ ခေါက်ပြန် လမ်းသလားနေတာကလည်း မကြာခဏ ဖြစ်၏။

သူက စက်ဘီးနှင့် မော်တော်ဘုတ်များစီးမည့်အစား အဖိုး မဖြတ်နိုင်သော ရုပ်ကြွယ်သီးများဝတ်ဆင်၍၊ ဟမ်းချိန်းလက်ဝတ် ရတနာများသည် သူ့အဖို့ ဇိမ်ခံကားတွေ, ကုန်တင်ယာဉ်ကြီးတွေနှင့် အလားတူသည်။

သူသည် ပိုက်ဆံကို အဓိပ္ပာယ်မရှိ အရမ်းကာရော ထင်သလို မဖြုန်းတတ်သူလည်း ဖြစ်၏။ နယူးဂျာစီရှိ သူ့ခြံမြေသို့ ပျော်ပွဲစား သွားရာတွင် နို့ပုံးကို ရွှေနှင့်လုပ်စေပြီး နွားနို့ ညှစ်ထည့်ခိုင်းခဲ့ဖူး၏။ သူ့ဘိလိယက်ခုံကိုလည်း အဖိုးတန်ကျောက်များ, ကြွေများဖြင့် ဆောက်စေခဲ့သည်။ သူ ကစားသော ဖဲချပ်များမှာ မဟူရာနှင့် ကနုကမာများသာ ဖြစ်သည် ဆို၏။ သူ့အိမ်တွင် အလှအပတန်ဆာဆင်ရန် နှစ်စဉ် ၃ သိန်းကျော်ဖိုးသုံး၍ ၁ နှစ်ကုန်တိုင်း အိမ်ထောင်ပရိဘောဂအားလုံးကို မိတ်ဆွေသူငယ်ချင်းများအားပေးပစ်ပြီး၊ သူ့စိတ်တိုင်းကျ အသစ်ဝယ်ယူ လေ့ရှိ၏။

သူနှင့်ပတ်သက်၍ ပြောစမှတ်တွင်ခဲ့သည့် ဖြစ်ရပ်ကတော့ ရုပ်ရှင်မင်းသမီး လီလီယန်ရပ်ဆယ်အား ရွှေအတိသွန်းလုပ်ထားပြီး ရာပေါင်းများစွာသော စိန်များ, ပတ္တမြားများ, နီလာများ, မြများ စီခြယ်ထားသည့် စက်ဘီးတစ်စီးကို ချစ်လက်ဆောင်ပေးခဲ့ခြင်း ပါပေ တည်း။

သို့ဖြင့် လီလီယန်က ထိုစက်ဘီးကို ကြော့ကြော့မော့မော့လေး စီးပြီး ပဥ္စမရိပ်သာလမ်းသို့ထွက်ခဲ့ရာ သူ့ကိုငေးရင်း ကားချင်းတိုက်၊ လမ်းပိတ်နှင့် တစ်လမ်းလုံး ပြဿနာတက်ကုန်သော ဟူ၏။

စိန်မင်းသားဂျင်သည် လက်ကိုင်ပဝါ ၅၀၀၀ နှင့် အဖိုးတန် ဝတ်စုံ ၂၀၀၀ ကို ပိုင်ဆိုင်သည်။ ကုတ်အင်္ကျီရှည်ကြီးနှင့် ပိုးဦးထုပ် မဆောင်းဘဲ ဘယ်တော့မျှ လူတောထဲ ထွက်သည်ဟု မရှိခဲ့။

ဂျင်တစ်ယောက် အကြွားပို, အလုကြိုက်လိုက်ပုံကတော့ ခွေးတွေကလွဲ၍ သူ့ကို ကြည့်မည့်လူမရှိသော အနောက်ဘက်လွင်တီးခေါင်ဒေသသို့ သံလမ်းပြေးလှည်းကလေးဖြင့် ခရီးဆန့်ခဲ့သည့်အခါမှာပင် စိန်မင်းသားက သူဝတ်နေကျ ကုတ်အင်္ကျီဖားဖားကြီးကိုဝတ်၍ ပိုးဦးထုပ်ဆောင်းပြီး စိန်စီသောတုတ်ကောက်ကို ကိုင်လျက် အခံ့သားလိုက်ခဲ့ပါသည်။

စိန်မင်းသားဂျင်၏ အစာအိမ်သည် သာမန်လူထက် ၆ ဆကြီးသလို သူ့နှလုံးသားက ထို့ထက် ပိုကြီးသေး၏။

နှစ်ပေါင်းမြောက်မြားစွာ လက်ဖွာဖွာဖြင့် သူက ငွေချေးခဲ့ရာ အားလုံးလိုလိုပင် ပြန်မပေးနိုင်ကြသည့်အကြောင်း မျက်ရည်ထိုးပြီး ငိုပြခဲ့ကြသည်။ သူကလည်း ပြန်ရလမ်းမရှိသည်ကို ကနဦးကတည်းက တွက်မိပြီးသားပုံဖြင့် ကျေကျေနပ်နပ် ခွင့်လွှတ်ခဲ့သည်။ လေအေးကလေးနှင့်တောင် ခုလို ပြောလိုက်တတ်ပါသေး၏။

"ငါ ကုပ်သွေးစုပ် အမြတ်ကြီးစား မဟုတ်ပါဘူးကွာ။ သွေးစုပ်ကောင်လို့ အခေါ်ခံရတာ ငါ့အတွက် ရယ်စရာအကောင်းဆုံးနှင့် မလိုလားဆုံးပါပဲ။ အေးလေ။ မင်းတို့ အဆင်ပြေတဲ့တစ်နေ့ကျမှ ပေးပါတော့"

သို့ဖြင့် သူ သေရမည့် နောက်ဆုံးအချိန်သို့ ရောက်လာပါတော့သည်။ သူ့လက်ထဲမှာ ပေါင် ၄ သောင်းဖိုး အကြွေးရစရာ မှတ်တမ်းမှတ်ရာတွေ ရှိနေဆဲဖြစ်ကြောင်း သိလိုက်ရ၏။

ဤတွင် နောက်ဆန္ဒတစ်ခုအနေဖြင့် သူ လုပ်ခဲ့ပုံကတော့ သူ့ ရှေ့နေတွေက ထိုအကြွေးများကိုဆက်မတောင်းနိုင်အောင် စာရွက်စာတမ်းအားလုံးကို ဖျက်ဆီးပစ်လိုက်ခြင်းပင် ဖြစ်တော့၏။

"ငါ သေတော့မယ်ဆိုရင် အေး၊ သေလည်း သေတော့မှာပါကွာ။ ဒါပေမယ့် ငါ့နောက်မှာကျန်ရစ်သူတွေ ဒုက္ခရောက် အပူမီးတောက်ပြီး စိတ်မချမ်းမသာ မဖြစ်စေချင်ဘူး"

သူတော်ကောင်း လူပျော်ကြီးက အတိအလင်း မှာတမ်းခြွေသွားခဲ့ပါ၏။

သူ သေပြီးနောက် သူ့စည်းစိမ်ချမ်းသာအားလုံးကို လှူပစ်ရန် လက်တွေ့ကျကျ စီစဉ်ခဲ့ပါသည်။ သူ့ စိန်တွေ, ပတ္တမြားတွေ, မြတွေမှာ ပေါင် ၄ သိန်းဝန်းကျင် တန်မည် ဟု ခန့်မှန်းရ၏။ ထိုရတနာတွေကို မူလရှိရင်းစွဲနေရာမှထုတ်၍ လက်စွပ်ကွင်းပြီး ပြန်ရောင်းခဲ့သေးသည်။

သူ့ပစ္စည်းတွေက များပြားလှသဖြင့် ယနေ့ အမျိုးသမီးတစ်ယောက်ဝတ်ဆင်ထားသော ကျောက်တစ်လုံးသည် စိန်မင်းသားဂျင်၏ ကျောက်တစ်လုံးမဖြစ်နိုင်ဘူး ဟု မပြောသာပါချေ။

လူတိုင်းက စိန်မင်းသားဂျင်ကို ချစ်ခင်ကြသော်လည်း သူ့ခမျာ အထီးကျန်လူပျိုကြီးဘဝနှင့် ကျန်ရစ်ဖြစ်နေခဲ့ရသည်။

သူသည် လီလီယန်ရပ်ဆယ်အား ပေါင် ၄ သိန်းခန့်တန် ရတနာများအား ပဏ္ဏာဆက်ခဲ့ပြီး လက်ထပ်ခွင့်တောင်းခဲ့သည့်အခါမှာတော့ မရွှေမင်းသမီးက 'ဟင့်အင်း' ခေါင်းခါပြလိုက်ပါသည်။

"ကျုပ်လို အရုပ်ဆိုးကောင်ကြီးကို လက်ထပ်ချင်တဲ့မိန်းမ ဒီလောကမှာ မရှိတော့ဘူးထင်ပါရဲ့ဗျာ"

ခမျာ စားပွဲပေါ်မျက်နှာအပ်ရင်း ကလေးတစ်ယောက်လို ရှိုက်ကြီးတငင် ငိုမဆုံးနိုင်ပါတော့သည်။



## ‘ဒေါ်ကပ်စေး’ လို့ခေါ်ပါ

ဟက်တီဂရင်း

၁ ပဲနီတန် သတင်းစာဝယ်ဖတ်ပြီး ချက်ချင်း ပြန်ရောင်းခဲ့သည့် သန်းကြွယ်သူဌေးမကြီး ဒေါ်ကုပ်စီ။

ပေါင် သန်း ၂၀ ကျော်ချမ်းသာအောင် ပွပြင်းလှသော နေရိပ်အောက်တွင် အဝတ်စုတ်တွေကောက်နေခဲ့သည့် ဥစ္စာရှူးမကြီး။

ရထားလမ်း ၂၅ လမ်းကို ပိုင်ပေမယ့် အထက်တန်းကမစီး။ ရိုးရိုးတန်းထိုင်ခုံက ငုတ်တုတ်ထိုင်လိုက်ခဲ့သူ။

မစားရက်၊ မသောက်ရက်၊ မဝတ်ရက်၊ သူတစ်ပါးကိုလည်း မကျွေးရက်ဖြင့် သေခါနီးဆဲဆဲမှာတောင် နှမြောတွန့်တိုခဲ့သည့်အဖြစ်မှာ ရယ်စရာ သနားစရာ။

■

တစ်ခါက အမေရိကန်တွင် ဟက်တီဂရင်းဆိုသော သန်းကြွယ်သူဌေးမကြီးတစ်ဦး ရှိခဲ့ဖူးပါသည်။ သူမ သေဆုံးချိန်၌ ပေါင် ၁၃ သန်းမှ သန်း ၂၀ အထိ ချမ်းသာခဲ့ကြောင်း တွေ့ရှိရ၏။ သို့ရာတွင် သန့်ရှင်းရေးအလုပ်သမတစ်ဦးထက် အနည်းငယ်သာသော အဝတ်အစားကိုဝတ်၍၊ ညစာနှင့် အိပ်ရာထိုင်ခင်းမှာမူ သိပ်မကျွာလှချေ။ သူမ၏ဝင်ငွေသည် ၁ မိနစ်လျှင် ၁ ပေါင်၊ သို့မဟုတ် ၁ နာရီ ပေါင် ၆၀ ရှိခဲ့သည်။

ထိုမျှ ချမ်းသာသည့်တိုင်အောင် မနက်စောစော သတင်းစာတစ်စောင်ကို ၁ ပဲနီဖြင့်ဝယ်ပြီး၊ ကမန်းကတန်းဖတ်ကာ ပြန်ရောင်းလေ့ရှိသူဖြစ်သည်။

အေးချမ်းသော ဆောင်းကာလများတွင် စောင်ဝယ်ခြုံမည့်အစား သတင်းစာစက္ကူတွေ ခြုံအိပ်၏။

သူမသည် ရထားလမ်းအတော်များများနှင့် ပိုင်ဆိုင်ခွင့်ရှိသမျှကို အပြီးအပြတ်ဝယ်ယူထားနိုင်သလို အမေရိကန်တစ်ဝန်းလုံးရှိ ရထားလိုင်းများဆိုင်ရာ စာချုပ်တွေကိုလည်း လက်ကိုင်ထားခဲ့၏။ ရထားစီးသည့်အခါမူ အထက်တန်းအိပ်ခန်းမှ စီးခဲ့လိုက်သည်ဟု မရှိခဲ့ချေ။ ထိုင်ခုံပေါ်၌ တစ်ညလုံး ငုတ်တုတ်ထိုင်လာသည် ဆို၏။

တစ်နေ့ သူမ၏ မိတ်ဆွေသင်္ဂဟများကို ညစာစားရန် ဘော်စတွန်ရှိ နာမည်ကျော် ဟိုတယ်ကြီးတစ်ခုသို့ ဖိတ်ကြားခဲ့၏။ ဖိတ်ကြားခံရသူအားလုံးက ဒီတစ်ချီတော့ ကောင်းကောင်းလွေးရပြီလို့ မျှော်လင့်ခဲ့ကြ၏။ အမျိုးသမီးတွေက ညနေခင်းဖက်ရှင်များနှင့် အလှဆုံးရှိုးထုတ်လာသလို၊ အမျိုးသားတွေကလည်း ညစာစည့်ခံပွဲတက်သည့် ဝတ်စုံများနှင့် အသားနားဆုံး ဝတ်လာကြသည်။

ဒေသ့သည်တွေအားလုံး စုံသည်နှင့် ဒေါ်ဟက်တီလုပ်ပုံက ဟိုတယ်ထဲရှိ ဒေသ့သည်တွေကို အပြင်ခေါ်ထုတ်ခဲ့သည်။ ၁ လမ်း ၂ လမ်းခြားရှိ အပေါစားဆိုင်တစ်ဆိုင်သို့ ကုန်းကြောင်းလျှောက်စေကာ တစ်ခါပြင် ၁ ပဲနိတန်ညစာကို သဒ္ဓါဗရပွဖြင့် ကျွေးခဲ့ပါတော့၏။

သူ ဘော့စတွန်တွင်နေထိုင်စဉ်က ရံဖန်ရံခါဆိုသလို ပိုင်အယ်လီ လမ်းသွယ်ရှိ စားသောက်ဆိုင်တစ်ဆိုင်သို့ သွားစားလေ့ရှိသည်။ ထိုဆိုင်က ပဲတစ်ပန်းကန် ၃ ပဲနိသာ ပေးရ၍၊ အစာသွတ်မုန့်တစ်ခု ၁ ပဲနိတည်းနှင့် ရောင်းသည်ကိုး။

တကယ်တော့ သူ့ဝင်ငွေက ၁ စက္ကန့်ကို ၄ ပဲနိမက ရှိပါသည်။ ထိုဝင်ငွေလောက်နှင့်ဆိုလျှင် ၁ စက္ကန့် ၄ ခုမက စားနိုင်သည့် အဓိပ္ပာယ်ပင်ဖြစ်၏။

ဒေါ်ကပ်စေးမကြီး အသက် ၇၈ နှစ်အရွယ်တွင် သတင်းစာကြီး တစ်စောင်က သတင်းထောက်တစ်ယောက်သည် အင်တာဗျူးပြီး သူမ ကျန်းမာရေးကောင်းရခြင်း၏ လျှို့ဝှက်ချက်များကို မေးသည်။

သည်တော့ သူမက အသားငါးတွေကို ခါးပိုင်းသာစား၍၊ အာလူးကြော်, လက်ဖက်ရည်တို့ကိုသောက်ကာ၊ မနက်တိုင်း နွားနို့တစ်ခွက်ကို မှီဝဲကြောင်း။ ပြီးတော့ အသားငါးနှင့် နို့ထဲရှိ ပိုးတွေ သေအောင် ကြက်သွန်နီ မီးဖုတ်စားကြောင်း ဖြေခဲ့ပါလေသည်။

နောင်လာနောက်သားများမှတ်သားရန် ကြက်သွန်နီထဲက ပိုးတွေကိုသတ်ရန် ဘယ်အစာကို ထပ်စားခဲ့ကြောင်းကိုမူ ဒေါ်ကပ်စေးက ပြောမသွားခဲ့ပါချေ။

၁၈၉၃ ခုနှစ်အတွင်း တစစ်စစ်မြည်မတတ် ပူပြင်းလှသော နေ့တစ်နေ့ ဒေါ်ဟက်တီဂရင်းသည် သူ့ဖခင်၏အမွေဖြစ်သော ကုန်ရုံတစ်ရုံ၏ခေါင်မိုးအောက်ရှိ ထပ်ခိုးခန်းလေးထဲ ရောက်နေ၏။

ရှုလိုင်လ နေသည် သွပ်မိုးနှင့်ကပ်လျက် ထိုအခန်းငယ်လေးကို ငရဲအိုးထက် ၃ ဆမကပူအောင် လောင်မြိုက်နေ၏။ လူတစ်ကိုယ်လုံး ဆီပူအိုးထဲရောက်သလို အရည်ပျော်သွားနိုင်သည့် ငရဲခန်းလေးထဲ၌ နာရီပေါင်းများစွာကြာအောင် ဒေါ်ကော်တရာ ဘာဝင်လုပ်နေသည် ထင်ပါသလဲ။ တရားဝင်ကျင့်နေတာတော့ မဖြစ်တန်ရာ။ အမှန်တော့ အထည်ဟောင်းသမားက တစ်ပေါင်လျှင် ၁ ပဲနီ ပေးသော အဝတ်စုတ်အဖြူစများကို ရောင်စုံညစ်ထေးနေသည့် အဝတ်စုတ်ပုံကြီးထဲက အလုအယက် လိုက်ရှာရွေးနေခြင်းပါ။

ဒေါ်ကပ်စေးသည် သူ ငွေကြေး အရင်းအနှီးတွေ မြှုပ်နှံအပ်နှင်းထားရာ ဝေါလ်စထရိလမ်းမကြီးပေါ်တွင် ဥစ္စာစောင့်မကြီးကဲ့သို့ နေ့ရှိသရွေ့ အချိန်ဖြုန်းပြီး လျှောက်သွားနေလေ့ရှိ၏။

သည်လိုနေခြင်းက သူ့အတွက် အန္တရာယ်များလှသည်။ ဒါကိုလည်း သူ မသိမဟုတ်။ ကောင်းကောင်းကြီး သိသည်။

တကယ်လို့ နယူးယောက်တွင် အခန်းတစ်ခန်းငှားနေလျှင်ဖြစ်စေ၊ ထိုအခန်း၌ ပရိဘောဂအဖြစ် တုတ်လေးတစ်ချောင်း ဝယ်ထားလျှင်ဖြစ်စေ အခွန်တော်အရာရှိက သူ့ကို သိန်းငှက်ကုပ်သလို ကုပ်၍ ၁ နှစ် ပေါင် ၆ဝဝဝ၊ နှစ်စဉ်ပေးရမည်ဟု အခွန်ကောက်ခံရမှာကို ကြိုတင်စိုးရိမ်သောကြောင့် ဖြစ်ပါသည်။ ဒါကြောင့်လည်း အခွန်အရာရှိများကို မျက်စိလှည့်စား ရှောင်ရှားရန် ဈေးပေါပါပေ့ဆိုသည့် ညအိပ်ခန်းများ တစ်ခုမှတစ်ခုသို့ ပြောင်း၍နေခဲ့ခြင်းလည်း ဖြစ်၏။

သူမ၏ အရင်းနှီးဆုံး မိတ်ဆွေများကပင် သူ့ဘဝတစ်ဝက်စာကို၊ တစ်နည်း သူ ဘယ်နေရာမှာ ညအိပ်သည်ဆိုသည်ကို မသိရှာခဲ့ကြပါ။

ထို့အတူ ဒေါ်လှျို့ဝှက်ဆန်းပြားသည် နာမည်ခဏခဏ ပြောင်းတတ်သည်။ (အမြတ်ခွန် လိုက်မှာကြောက်လို့)

စုတ်စုတ်ပြတ်ပြတ်နှင့် ဆင်းရဲသူဟန်ဆောင်နေတတ်သည်။ (ပြန်ပေးဆွဲခံရမှာ, ငွေချေးမှာ စိုးလို့)

သည်တော့ အသုံးအဆောင်, အဝတ်အစား အနည်းငယ်ဖြင့် အခန်းငှားဖို့ရောက်လာတတ်သော သူမကို အကြောင်းမသိသော တည်းခိုခန်းပိုင်ရှင်များက တည်းခိုခ ကြိုတင်တောင်းလာတတ်တာလည်း မဆန်းပါဟု ဆိုရတော့မည်။

ဒေါ်ကော်တရာ အိုသထက်အိုလာသည့်အချိန်မှာ ကြုံတောင့်ကြုံခဲ အဖြစ်ထူးတစ်ရပ်နှင့် ဆုံလိုက်ရသေးသည်။

သူ့အသိတစ်ယောက်က ပေါင် ၆၀ အကုန်ခံ၍ မျက်နှာအလှပြင်ရန် သွေးဆောင်ခဲ့ခြင်းပင် ဖြစ်၏။ အဆိုကတော့ တစ်ခါပြင်လျှင် ၁ နှစ်ငယ်သွားမည်ဟု အာမခံသည်ဆိုပဲ။ ဘာရမလဲ။ ဒေါ်ကပ်စေးက သူ့ထက် လျင်ပြီးသား။ 'ဟင့်အင်း'။ ငြင်းလိုက်သည်ပေါ့။

သည်လို ကလိမ်ကကျစ်သမားတွေက ဉာဏ်နီဉာဏ်နက် ပေါင်းစုံဖြင့် ချက်လက်မှတ်ပေါ် လက်မှတ်တုထိုး၍ သူ့ဥစ္စာတွေကို ခိုးယူမည်စိုးသဖြင့် ဒေါ်ဟက်တီသည် မလွဲမရှောင်သာသောအခါများမှလွဲ၍ လက်မှတ် ထိုးမပေးတတ်ချေ။

သူ့လိပ်စာဖြင့် စာတိုက်မှရောက်လာသမျှ စာအိတ်တွေကို တရိတသေစုထားပြီး အရေးအကြောင်းရှိပါက ထိုစာအိတ်နောက်ကြောများက ရေးပို့လေ့ရှိပါသည်။ ဤသည်ပင် လက်မှတ်ထိုးတာထက် ပိုစိတ်ချရသည်ဟု သူ့ရင်ကို အေးစေခဲ့ပါ၏။

ကျွန်တော်၏မိတ်ဆွေတစ်ဦးဖြစ်သူ ဘွိုင်ဒင်စပတ်စ်သည် 'ဟက်တီဂရင်း ငွေကိုချစ်သော မိန်းမတစ်ဦး'ဟူသော အတ္ထုပ္ပတ္တိ

စာအုပ်ကို ပူးတွဲရေးသားခဲ့သူ ဖြစ်ပါသည်။

သူက ကျွန်တော့်ကိုပြောရာတွင် ဟက်တီဂရင်းသည် နယူးယောက်မြို့တော်ရှိ ဓာတုဗေဒဆိုင်ရာ အမျိုးသားဘဏ်ကြီးတွင် အာမခံငွေ အမြောက်အမြားပေးသွင်းထားခဲ့သည်ဟု သိရ၏။ သည့်အတွက် ထိုဘဏ်ကြီးကို သူ့အိမ်လို အသုံးပြုခဲ့သည်ဟုလည်း ဆိုနိုင်၏။ ဘဏ်၏ မီးခံသေတ္တာခန်းတစ်ခု၌ သူပိုင်သမျှ သေတ္တာကြီးငယ် အရွယ်အမျိုးမျိုး အဝတ်ဟောင်းတစ်ထုပ်ကြီးနှင့် ဖုန်တက်နေသော ရော်ဘာရှူးဖိနပ်အစုတ်များပါမကျန် ထည့်သွင်းအပ်နှံထားခဲ့သည်။

သူမသည် မြင်းတစ်ကောင်တပ် ဘုံပြတ်ရထားတစ်စီးကို ဘဏ်တိုက်သို့ဝယ်ယူလာပြီး ဘီး ၂ ဘီးစလုံးဖြုတ်၍ ဒုတိယထပ်တွင် သွားသိမ်းထားစေခဲ့သည်။ ထို့နောက် သူ့အိပ်ခန်းကို ပြန်အပ်လိုက်သောအခါ၌လည်း အခန်းရှိ ပရိဘောဂအားလုံးကို ဘဏ်လုံခြုံရေးခန်းထဲ ထည့်အပ်လိုက်သည် ဟူ၏။

ဘယ်လောက်ပဲ ကပ်စေးနည်းနည်း ကြင်နာစိတ်ကလေး နည်းနည်းပါးပါးတော့ ဒေါ်ဟက်တီမှာ ရှိသေးသည်ဟု ဆိုရပါမည်။ ဥပမာပြရပါသော်

ဘဏ်၌ အလုပ်ကြမ်းသမား အဘိုးကြီးတစ်ယောက် ရှိ၏။ သူ့တာဝန်က ပြတင်းပေါက်မှန်တွေ တိုက်ချွတ်၍ အမှိုက်လှဲရသည်။ အသက်ကြီး၍ သွက်သွက်လက်လက် မလှုပ်ရှားနိုင်ဘဲ ခြေတရွတ်ဆွဲပြီး တုံ့နှေးလေးကန်လှ၏။ သို့ဖြင့် တစ်နေ့ ဘဏ်က ထိုအဘိုးကြီးကို အလုပ်ထုတ်ပစ်လိုက်၏။ ဒေါ်ကပ်စေးခမျာ တစ်ပတ်နီးပါး ခြေတိုအောင်လျှောက်၍ အလုပ်သမားအဘိုးကြီးအတွက် အလုပ်လိုက်ရှာပေးခဲ့သည် ဆို၏။

ကော်တရာ ကပ်စေးနည်းလှသည့်နေရာတွင် မော်ကွန်းတင်လောက်သော ဒေါ်ဟက်တီကြီးသည် အသက် ၈၁ နှစ်တွင် လေဖြတ်၍ ကွယ်လွန်သွားခဲ့၏။

သူ မသေမီ အိပ်ရာထဲ မမာမကျန်းလဲနေစဉ် သူ့ကိုပြုစုရသော သူနာပြုဆရာမလေးများမှာ ဝတ်နေကျဝတ်စုံဖြူကို မဝတ်ရန် ဟန့်တားခံခဲ့ကြရ၏။

သူတို့ခမျာ အိမ်ဝတ်အိမ်စားဖြင့်သာ နေရ၏။ သို့ဖြင့် ဒေါ်ကပ်စေးကြီးက သူတို့ကို သာမန်အိမ်စေများကဲ့သို့သာ ထင်မှတ်မည်ဖြစ်၏။

အကြောင်းကတော့ အဘွားကြီးအနေဖြင့် သူတို့ကို ကြေးကြီးကြီးပေးငှားထားရသော အထက်တန်းသူနာပြုတွေဟု အသိဝင်သွားပြီး အသေမြန်ဖြောင့်မှာ စိုးလို့ပါတဲ့။



# ဘုရားပေးတဲ့ အောင်ပွဲများ

သီအိုဒို ဒရိုဆာ

ဘုရားသခင်၏ သနားကရုဏာကြောင့် အမေရိကန်စာပေ လောကချောတိုင်ထိပ်ကို ရောက်ခဲ့ရပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦး။

နေရာမလစ်လပ်လို့ အလုပ်မပေးနိုင်ပါဘူးဆိုတဲ့ ကြားထဲက အလုပ်ရှင်တွေ လက်မြှောက်ရတဲ့အထိ ကိုယ့်သဘောနှင့်ကိုယ် အလုပ်ဆင်းပြီး ရုံးခန်းထဲ သွားထိုင်ခဲ့တဲ့ ဖွတ်တရွတ်သမား။

ထွက်ချင်တော့လည်း သူ့သဘောနှင့်သူ သတင်းကို လုံကြုပ်လုပ်ရေးမိရာက ရုက်ရက်ဖြင့် ထွက်ခဲ့သူ။ ဘာမှ မတတ်ဘဲ ဖြစ်ခဲ့တဲ့ အယ်ဒီတာ။

သီအိုဒိုဒရီဆာသည် အံ့ဩဖို့အကောင်းဆုံး အမေရိကန်စာရေးဆရာတစ်ယောက် ဖြစ်သလို အထူးခြားဆုံးသော ဂုဏ်သရေရှိ ပုဂ္ဂိုလ်တစ်ဦးဆိုလည်း မမှားပါ။

သူသည် နှစ်ပေါင်း ၅၀ ကျော် ၆၀ တိုင် စာပေလှုပ်ရှားမှုများကို အင်တိုက်အားတိုက် ဦးဆောင်ခဲ့၏။ ကျွဲပေါက်တစ်ကောင် တရှူးရှူးတရှဲရှဲနှင့် မာန်ဖီရင်း ချိုသွေးသကဲ့သို့ စာပေလောကကြီးကို ပြောင်းဆန်အောင် မွှေနှောက်နိုင်ခဲ့သူလည်း ဖြစ်၏။ သူ့ဩဇာလွှမ်းမိုးမှုက အမေရိကန်စာပေလောကတွင် အတော့် ကို ကြီးမားခဲ့တာတော့ မည်သူမျှ မငြင်းသာပါ။

ယနေ့ ကျွန်တော်တို့ ခေတ်မီဆန်းသစ်သောဝတ္ထုတွေ ဖတ်နေရခြင်းမှာ သီအိုဒိုဒရီဆာ၏ ကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။ သူသာ ပေါ်ထွန်းမလာခဲ့ပါက စာပေလောက တစ်ခေတ်ဆန်းစရာ အကြောင်းမရှိ။

၁၉၀၀ ပြည့်နှစ်အတွင်းက တိုနာဒိုမုန်တိုင်းတစ်ခုလို ပွက်လောရိုက်သွားစေခဲ့သော 'ကာရီဆိုတဲ့ ညီမလေး'အမည်ရှိ ပြဿနာဝတ္ထုတစ်ပုဒ်ကို သူ ရေးသားခဲ့မိ၏။ သူ့ဝတ္ထုက ဂုဏ်သိက္ခာ ကင်းမဲ့သည်၊ ညစ်ညမ်းလွန်းသည်၊ အကျင့်စာရိတ္တ ပျက်ပြားစေနိုင်သည် စသဖြင့် ပုတ်ခတ်ဝေဖန်ရင်း ကန့်ကွက်တားမြစ်ကြသည်။

တရားဟောဆရာတွေ ဘာသာရေးအမြင်ဖြင့် လက်သီးလက်မောင်းတန်း၍ အော်ကြီးဟစ်ကျယ် တိုက်စစ်ဆင်သလို၊ အမျိုးသမီးအသင်းအဖွဲ့တွေကလည်း အမျိုးသမီးထု၏ ရွှေပေးမရသော အရှက်နှင့်သိက္ခာကို ကာကွယ်ရန်အတွက် ဒီစာအုပ်ကို ပိတ်ပေးပါဟု ဆွေ့ဆွေ့ခုန် တောင်းဆိုခဲ့ကြသည်။

သည့်တွင် ထုတ်ဝေသူတွေလည်း ကြောက်လန့်ပြီး စာအုပ်ကို ထုတ်မရောင်းရဲလောက်အောင် ဖြစ်သွားကြသည်။

ဒရိုဆာကိုယ်တိုင်ကတော့ အံ့အားသင့်နေမိ၏။ သူ့စာအုပ်ထဲတွင် အကျင့်စာရိတ္တ ထိခိုက်လောက်အောင် မဖွယ်မရာတွေ ဘယ်လိုများ ပါသွားပါလိမ့်။ ကိုယ်တိုင်က နားမလည်ခဲ့ပါချေ။ သူ့အနေဖြင့် ဘဝတစ်ခုကို သူ မြင်သလို မှန်းခြယ်သရုပ်ဖော်ခဲ့ခြင်းသာ ဖြစ်သည်။

ဒါပေမယ့် ထိုအချိန်က ၁၉၀၀ ပြည့်နှစ် ၁၉ ရာစုအဆုံးကာလ ဆိုတာကို သတိမူရပါလိမ့်မည်။

ဒီနေ့ခေတ်အဖို့တော့ သူ့စာအုပ်မျိုးကို ဘယ်သူမျှ ကန့်ကွက်တားဆီးမည် မဟုတ်ပါ။ 'ကာရီဆိုတဲ့ ညီမငယ်'ပထမ အကြိမ်ထုတ်ကိုလိုချင်လျှင် ပေါင် ၇၀ ပေး၍ ဝယ်နိုင်ပါပြီ။

ကျွန်တော်သည် တစ်ချိန်က အသားညိုညို၊ မှုန်ကုပ်ကုပ်၊ ကြမ်းကြုတ်ခက်ထန်ပုံရသောလူထွားကြီးနှင့် သွားတွေ့ခဲ့ဖူးသည်။ မျက်နှာချင်းဆိုင် ထိုင်စကားပြောကြည့်သောအခါမှာတော့ 'ဩဘ်'ခနဲ ရေရွတ်ရလောက်အောင် ပွင့်လင်းသူဖြစ်နေကြောင်း တွေ့လိုက်ရပါ၏။

သူ ဧည့်ခံပွဲတွေတက်လျှင်လည်း သူ့စိတ်ထဲရှိတဲ့အတိုင်း ဒိုးဒိုးဒေါက်ဒေါက်ပြောတတ်ခြင်းကြောင့်ပင် ပြဿနာ ခဏခဏတက်ရသည်။ ဥပမာ–ပါတီပွဲတစ်ခုတွင် သူနှင့် နယူးယောက်မှ နာမည်ကြီး ဘဏ်သူဌေးကြီးတစ်ယောက်။ ရုရှားအကြောင်းနှင့်ပတ်သက်၍ အငြင်းပွားကြသည်။ သူက သူ့ကို 'ဓားပြလူဆိုးကောင်'ဟု ခေါ်ရပါ့မလား ဆိုပြီး ဘဏ်သူဌေးကြီးအား 'အရူးကြီး'လို့ ပြန်အော်ထည့်လိုက်၏။

ဒရိုဆာက သူ့ကို အကြာကြီးနှင့် ဟိန်းဟောက်လာသူမှန်လျှင် ဘယ်သူ့ကိုမျှ ခေါင်းငုံ့ခံနိုင်မည်မဟုတ်ကြောင်း ရှင်းပြပါသည်။

အမေရိကန်တွင် ရေးခဲ့သမျှ စိတ်လှုပ်ရှားဖွယ် အလွမ်းဝတ္ထု များတွင် သူက အကောင်းဆုံးရေးသားနိုင်သူ ဖြစ်သည်။

သူ၏အကျော်ကြားဆုံး လက်စွမ်းပြဝတ္ထု 'အမေရိကန်မှ ကြေကွဲဖွယ် ဇာတ်လမ်းတစ်ပုဒ်'ကို ၁၉၂၅ ခုနှစ်က ထုတ်ဝေခဲ့သည်။ ထိုအချိန်က သူကိုယ်တိုင်မှာလည်း ကြေကွဲစရာ ဘိုင်ကျနေပြီး အခန်းငှားခကိုပင် အနိုင်နိုင် ရှာနေရသည့်ဘဝ။ စာအုပ်ထွက်လိုက်သည်နှင့် သူ့ဘဝက ပြောင်းပြန်လှန်လိုက်သလို ပြောင်းလဲသွားရ၏။

ဝတ္ထုက တစ်တိုင်းလုံး တစ်ပြည်လုံးကို သိမ့်သိမ့်တုန် ကိုင်လှုပ်ပစ်လိုက်နိုင်စွမ်း ရှိခဲ့သလို ပေါင် ၈ သောင်းဟူသော ငွေတောင်ကြီးသည် သူ့အပေါ်သို့ ဝေါခနဲ ပြိုကျလာရ၏။ ဟောလိဝုဒ်မှ ရုပ်ရှင်ဆရာကြီးများကလည်း ရုပ်ရှင်ရိုက်ခွင့်ကလေးတစ်ခုအတွက်ပင် ပေါင် ၄ သောင်း ပေးခဲ့၏။ 'အဲဒီငွေတွေ ဘာလုပ်ပစ်သလဲ'ဟု သူ့ကို ကျွန်တော် မေးမိသည်။ သူက စတော့ရှယ်ယာ ကစားသည်။ စာချုပ် ဝယ်သည်။ အပေါင်ခံသည်။ စုစုပေါင်း ၆ သောင်းလောက် ရှုံးသွားသည်'ဆို၏။

ဒရိုက်ဆာသည် မြေကြီးနှင့်အနီးစပ်ဆုံး မြက်ရိုင်းဆန်သော လူများ၏ဘဝကို နှိုက်နှိုက်ချွတ်ချွတ် သရုပ်ဖော်ရေးသားနိုင်သူဖြစ်၏။ ဒါက လည်း အင်ဒီယာနာပြည်နယ် တာရီဟော်တီ၊ ဆူလေဗန်၊ အီဗင်စ်ဗီလီ၊ ဝါဆော စသော မြို့များတွင် ယောင်လည်လည်နှင့် ကြီးပြင်းခဲ့ရသော သူ့ဘဝကိုယ်၌က ကြမ်းတမ်းဆိုးဝါးခဲ့သောကြောင့် ဖြစ်ပါသည်။

သူ့မိခင်က အဝတ်အငှားလျှော်၍ ကလေး ၁၃ ယောက်ကို ရှာကျွေးခဲ့ရသည်။ သီအိုဒိုသည် ရံဖန်ရံခါ ထမင်းမစားရဘဲ အဝတ်ဘောကြဲ့ရသလို အအေးပတ်ခဲ့ရသည့် အကြိမ်ပေါင်းလည်း မနည်းတော့။ သူ့အတွက် အိပ်ရာဆိုတာ မရှိ။ သို့ဖြင့် ကြမ်းပြင်ပေါ်က မြက်ဖျာ

အစုတ်ပေါ်တွင် ခွေးတစ်ကောင်နှင့်မခြား လူးလိမ့်ကွေးအိပ်ခဲ့ရသည်။ ရံဖန်ရံခါဆိုသလို အိမ်မှာမီးလှုံဖို့ မီးရထားလမ်းတစ်လျှောက်က ကျောက်မီးသွေးအစအနကလေးများ သွားကောက်ခဲ့ရသည်။ ကြိမ်ဖန်များစွာ ဖိနပ်မရှိ၍ ကျောင်း မသွားခဲ့ရ။

ကျောင်းတက်သည့်အခါမှာလည်း သူ စိတ်မဝင်စားသည့် ဘာသာရပ်များကို သင်ဖို့ ငြင်းဆန်ခဲ့ပြန်သည်။ သူသည် သင်္ချာဘာသာကို မုန်း၏။ သဒ္ဒါသင်ရန်လည်း လုံးဝ စိတ်မပါ။ သူက ကျွန်တော့်ကို ပြောဖူးရာတွင် 'သူသည် သဒ္ဒါကို နည်းနည်းမျှ မလေ့လာခဲ့သလို၊ ဘယ်တော့မျှလည်း သင်မှာ မဟုတ်'ဟု ဆို၏။ အကယ်၍ သူသာ စိတ်ကြိုက်လုပ်ပိုင်ခွင့်ရလျှင် ရှေးဟောင်းအင်္ဂလိပ်စာသမိုင်းနှင့် သဒ္ဒါ သင်ခန်းစာအားလုံးကို ဖြုတ်ပစ်မှာ ကျိန်းသေပေါက်ပင်ဖြစ်ကြောင်း၊ တစ်ပြိုင်တည်းတွင် ဝတ္ထုတိုရေးနည်း သင်တန်းများနှင့် သတင်းစာပညာ အတတ်သင်ကျောင်းတွေကိုလည်း ပိတ်ပစ်မည်ဖြစ်ကြောင်း အခိုင်အမာ ပြောခဲ့ပါသေးသည်။

သူ့ ယုံကြည်ချက်အရ စာရေးဆရာဆိုတာ တမင် သင်ကြား မွေးယူလို့မရဟု ဆိုပါ၏။

တစ်နေ့၌ ဒရိုဆာသည် သတင်းစာတစ်စောင်စောင်တွင် သတင်းထောက်လုပ်ရန် ရတ်တရက် စိတ်ကူးပေါက်ခဲ့ရာမှ 'ချီကာဂို ဂလုပ်' သတင်းစာကြီးသို့သွား၍ အလုပ်လျှောက်သည်။

အုပ်ချုပ်မှုအယ်ဒီတာများက သူတို့တိုက်မှာ လူမလိုကြောင်း ပြောသည်။ သည်ကြားထဲ ဘာသားချောက ကုလားထိုင်တစ်လုံးကို ဆွဲကိုင်လိုက်ပြီး၊ 'သူ့ကို အလုပ်မခန့်မချင်း ဒီမှာ လာထိုင်မည်'ဟု ရာဇသံပေးလိုက်၏။ ပြောသည့်အတိုင်းလည်း တစ်လကျော်ကျော်ကြာ အောင် နေ့စဉ် မပျက်မကွက် သွားထိုင်ခဲ့လေ၏။

ထိုအချိန်မှာ ၁၈၉၁ ခုနှစ်အတွင်းဖြစ်၍ ထိုနှစ် ဇွန်လရောက်တော့ ဒီမိုကရက်တစ် ပါတီညီလာခံကျင်းပရာမှ အရန်သတင်းထောက်လိုလာသဖြင့် သူ့ကို အလုပ်ခန့်လိုက်ရလေတော့သည်။

ထို့နောက် မယုံနိုင်စရာ အဖြစ်ဆန်းတစ်ရပ် ကြုံလာရပြန်သည်။ သည်သတင်းထောက် ပေါက်စလေးအနေဖြင့် သတင်းစာအတွက် စာတစ်ကြောင်း, သတင်းတစ်ပုဒ်မျှ ဖြစ်ဖြစ်မြောက်မြောက် မရေးဘူးခဲ့လေတော့ တခြား ဝါရင့်သတင်းထောက်တွေနောက်လိုက်ပြီး အော်ဒစ်တိုရီယမ် ဟိုတယ်ကြီး၏ အရက်ခန်းမှာ ဝင်မူးဖို့ပဲ တတ်နိုင်သည်။

တခြားသတင်းထောက်ကြီးများမှာ သမ္မတလောင်းအဖြစ် ပဏာမရွေးချယ်ခံရမည့်ပုဂ္ဂိုလ် ဘယ်သူမှန်း စုံစမ်းမရသေး၍ ခေါင်းကုပ် ညည်းတွားနေကြ၏။ ဒရိဆာက အရက်မျိုးစုံ တစ်ခွက်ပြီးတစ်ခွက်သောက်ရင်းက ခပ်ပေါက်ပေါက်နှင့် ထ၍ အစွမ်းပြအော်ဟစ်လိုက်ပါသည်။

"ဒီတစ်ခါ ဘယ်သူ့ကို ပဏာမရွေးမယ်ဆိုတာ ကျုပ် သိတယ်ဗျ။ မြင်းနက်ကြီးလေ။ ကာရိုလိုင်းနားတောင်ပိုင်းက လွှတ်တော်အမတ် မက်အင်တီပေါ့ဗျ"

တိုက်တိုက်ဆိုင်ဆိုင်ပင် သူ ထအော်လိုက်ချိန်၌ လွှတ်တော်အမတ် မက်အင်တီကလည်း အခန်းထဲသို့ ဝင်လာသည်နှင့် တန်းတိုးသွားတော့သည်။

"ဟေ့။ ခုနက ငါ့နာမည်ကိုဖော်ပြီး ဂုဏ်ပြုလိုက်တာ ဘယ်သူလဲကွ"

ဒရိဆာက သူဖြစ်ကြောင်း ဝန်ခံလိုက်၏။ အမတ်မင်းက

"ဒါဆိုလည်း မင်းကို ငါက ကျေးဇူးတင်တဲ့အနေနှင့် အရက်တိုက်ရမှာပေါ့ကွာ"

သည့်လိုနှင့် ၅ မိနစ်ပင် မကြာလိုက်။ ဒရီဆာကို အမတ်မင်းက ဂျင်အရက်များ ထပ်တိုက်ပြီး နေ့လယ်စာအတူစားရန် ဖိတ်ခဲ့ပြန်ပါ တော့သည်။ ထိုမှ ၂ ယောက်သား လေပေးဖြောင့်၍ အဖွဲ့ကျသွားကြပြီး

"မင်းကို ငါ ငါ့ကိုယ်ရေးအရာရှိအဖြစ်နှင့်တောင် ဝါရှင်တန် ကို ခေါ်သွားချင်တယ်ကွာ"ဟု ဖွင့်ဟခဲ့၏။ စားသောက်ပြီးသည့်နောက် မက် အင်တီက

"ဒီမယ် ချာတိတ်။ ငါပြောတာ သေသေချာချာနားထောင်။ မင်းကို ငါ တကယ့် အဓိကလျှို့ဝှက်ချက်ကြီးတစ်ခုကို ပြောလိုက်မယ်။ တို့ပါတီရဲ့ သမ္မတလောင်းအဖြစ် ရွေးလိုက်တဲ့သူဟာ ငါ မဟုတ်ဘူးကွ။ ဂရိုဗာကလိဗ်လိန်းကို ရွေးလိုက်တာ။ မင်းဟာ အဲဒီသတင်းကို ပထမ ဆုံးသိလိုက်တဲ့ သတင်းစာဆရာပဲ"

ဒရီဆာကား တကယ့်ကိုကံထူးသူ ဖြစ်သွားပါလေပြီ။ သူ့ သတင်းထောက်ဖြစ်လို့ ၂ ရက်ပဲ ရှိသေး။ ထိုနှစ်အတွက် အကြီးကျယ် ဆုံးသော သတင်းဦးတစ်ပုဒ်ကို ရလိုက်ခြင်းပါပေတည်း။ ထို့နောက် အနည်းငယ်အကြာတွင် စိန့်လူးဝစ္စ ဂလုပ် ဒီမိုကရက်တစ် သတင်းစာ မှ သူ့ရုံးအဖွဲ့နှင့် အမြန်ဆုံး ဆက်သွယ်ပါရန် ကြေးနန်းရိုက်လာသည်။

နောက် ၃ လအကြာ၌ ဂလုပ်ဒီမိုကရက်၏ ပြဇာတ်ကဏ္ဍ အယ်ဒီတာ အနားယူသွားရာမှ ဒရီဆာ အယ်ဒီတာက တက်ဖြစ်သည်။

သူက 'ပြဇာတ်သဘင်ဆိုသည့်အကြောင်း နကန်းတစ်လုံးမျှ နားမလည်သော သူ့ကို ဘာကြောင့်များ အယ်ဒီတာ ခန့်ပါလိမ့်'ဟု လုံးဝ စဉ်းစား၍မရခဲ့ကြောင်း ဖွင့်ပြောဖူးပါသည်။

တစ်ခုသော တနင်္လာနေ့။ စိန့်လူးဝစ္စ ရပ်ကွက်၌ ပြဇာတ် ၄ ပုဒ် တစ်ပြိုင်တည်း ရုံတင်ကပြကြ၏။ ရုံဖွင့်ပွဲသို့ ၄ ဖွဲ့စလုံးက ဖိတ်ကြားသည်။ ဒရီဆာအနေဖြင့် တစ်ကိုယ်တည်းနှင့် ၄ ပွဲစလုံး မကြည့်နိုင်ပါ။ သို့ဖြင့် သူသည် ပြဇာတ်တစ်ပွဲကိုသာ သွားကြည့်ခဲ့ပြီး

ကျန် ၃ ပွဲအကြောင်းကို မျက်ကွယ်သတင်းအဖြစ် ဖြီးဖြန်းရမ်းသမ်း ရေးထည့်လိုက်၏။ သူ့ရေးချက်ကလည်း တကယ်ပဲ ရှေ့ဆုံးတန်းက ထိုင်ပြီး ကြည့်ခဲ့ရသည့်အတိုင်း ကွက်ကွက်ကွင်းကွင်း ဖွဲ့နွဲ့ရေးခဲ့ခြင်း ဖြစ်၏။ သူက ဇာတ်ဆောင်မင်းသား မင်းသမီးတွေ၏ အမူအရာတွေကိုပင် ဘာလေးညာလေး သရော်လိုက်သေးသည်။

သို့သော် နောက်တစ်နေ့ မိုးလင်းလို့ သတင်းစာရိုက်ပြီး ဖြန့်ပြီးပြီဆိုတော့မှ ရထားလမ်း ရေတိုက်စားသွားသဖြင့် ဇာတ်အဖွဲ့များ စိန့်လူးဝစ္စတွင် လာရောက်ကပြနိုင်မည်မဟုတ်တော့ကြောင်း သိလိုက်ရပါလေတော့၏။ သူလည်း အကြီးအကျယ် ရှက်သွားပြီး သတင်းစာ အယ်ဒီတာရာထူးမှ နုတ်ထွက်လိုက်ပါလေသည်တဲ့။

ကျွန်တော်က သူ့ အောင်မြင်မှုများရဲ့ လျှို့ဝှက်ချက်တွေကို မေးသည့်အခါ သူက

"ဟာ။ ဘာ လျှို့ဝှက်ချက်မျှ မရှိဘူး။ ဘုရားသခင်က သနားလို့ ကယ်မတာပဲ ရှိတယ်။ ဒါပါပဲ"



## နဂါးဘုရင် မျောက်သခင်

ရေမွန် ဒစ်မားစ်

ထပ်ခိုးပေါ်မှာ မြွေတွေက အပြည့်။

မီးဆိုင်းတွေထက်မှာ မျောက်တွေက တိုးလိုးတွဲလောင်း။

ဤသည်မှာ ဒစ်မားစ်အတွက် ပျော်စရာ သီရိဂေဟာပါတဲ့။

သူ့မြွေတွေစားဖို့ တာရုတ်တာန်းမြေတိုက်ခန်းတွေထဲဝင်ပြီး ကြွက်တွေကို ဖမ်းခဲ့သူ၊ သို့မဟုတ်

မြွေနှင့် မျောက်တို့၏ အချစ်တော်။

တောကြီးမြွေဟောက်တစ်ကောင် နယူးယောက်သို့ ရောက်လာရာမှ ထောင်သောင်းချီသော လူထုပရိသတ်များ အလုအယက် ပြေးကြည့်ကြပါသည်။ ဒါတောင် ပေါက်ခါစသာ ရှိသေး၍ ၆ ပေရှည်၏။ သို့ပေမယ့် သူ့အစွယ်တွေအထဲတွင် အမြန်ဆုံးနှင့် ကြောက်စရာအကောင်းဆုံး သေမင်းက ပုန်းနေပါလေ၏။

ရေမွန်ဒစ်မားစ်သည် နယူးယောက် တိရစ္ဆာန်ဥယျာဉ် တာဝန်ခံဖြစ်၍ တောကြီးမြွေဟောက်တစ်ကောင်ကို ရှာဖွေနေသည်မှာ ၂၅ နှစ်ပင်ရှိခဲ့ပါပြီ။ နောက်ဆုံးတော့ သူ့ဆန္ဒအတိုင်း တစ်ကောင်ရရှိခဲ့ခြင်းဖြစ်ပါသည်။ ထိုမြွေဆိုးကြီးကို သူ ဘယ်လို အစာကျွေးသနည်းဟု စူးစမ်းခဲ့ရာမှ၊ သူက 'လွယ်လွယ်လေးပါ'ဆိုပြီး ရှင်းပြခဲ့၏။

လုပ်ပုံလုပ်နည်းက မြွေကြီး ပါးစပ်ဟအောင်စောင့်ပြီး သူ့အစာသတ္တဝါတစ်ကောင်ကို တုတ်နှင့် ထိုးသွင်းတာပါပဲတဲ့။ ဤသည်မှာ ရေမွန်ဒစ်မား မြွေတွေကို သံယောဇဉ်ကြီးခြင်း၏ ပြယုဂ်တစ်သွယ်ဖြစ်ပါသည်။

သူသည် မြွေတွေကို ထောင်နှင့်သောင်းနှင့်ချီ၍ ကိုင်တွယ်ခဲ့လင့်ကစား တစ်ခါမျှ မြွေကိုက် မခံရဘူးချေ။

တခြားလူတွေအတွက်တော့ သူ့မြွေတွေ မြင်ရရုံနှင့်ပင် အသည်းယားနေသည်။ နှစ်ရှည်လများ အတူနေဖို့ဆိုတာ တွေးရဲစရာတောင်မရှိ။ သူကမူ အန္တရာယ်မိတ်ဆွေတွေနှင့် တရင်းတနှီး လက်ပွန်းတတီးနေရင်းက သူတို့ထံမှ မြွေဆိပ်တွေကိုပင် အသာတကြည် ထုတ်ယူနိုင်စွမ်း ရှိခဲ့၏။ နှစ်ပေါင်းများစွာ ထုတ်ယူစုဆောင်းခဲ့သော မြွေဆိပ်

များဖြင့် ကာကွယ်ဆေးဖော်စပ်ကာ လူ့အသက်ပေါင်း ထောင်ချီလျက် ကယ်ဆယ်နိုင်ခဲ့ပါပြီ။

ဒစ်မားကို သူ့ဖခင်က ဝက်စ်ပွိုင့်စစ်တက္ကသိုလ် တက်နိုင်ရေးနှင့် စစ်ဗိုလ်ကြီးတစ်ယောက်ဖြစ်ရေး မျှော်မှန်းပြီး စစ်သင်တန်းကျောင်းတစ်ခုသို့ ပို့ခဲ့၏။ သို့ရာတွင် အချည်းနှီး။ သူ့သွေးထဲတွင် အရိုင်းခေါ်သံတွေသာ ဆူပွက်နေသောကြောင့် ဖြစ်ပါသည်။ ဒစ်မားသည် လူငယ်ဘဝ ပြင်းပြသောစိတ်ဝင်စားမှုမှာ မြွေတွေသာဖြစ်ခဲ့ပြီး၊ နယူးယောက်မြို့တစ်ခွင်၌ မြွေကို ကောင်းရေအများဆုံး စုဆောင်းခဲ့သူ ဘဝသို့ ရောက်ခဲ့၏။

သူ၏ စနေ၊ တနင်္ဂနွေအားလပ်ရက်များကို ဟတ်ဆင်မြစ်ကမ်းဘေးတွင် မြွေပဒုတ်၊ ခလောက်မြွေ၊ ကြေးနီခေါင်းမြွေများကို လိုက်ဖမ်းခြင်းဖြင့် ကုန်ဆုံးစေခဲ့သည်။ သူက မြွေတွေကို ဝယ်လည်းဝယ်၊ ရောင်းလည်းရောင်းနှင့် မြွေကုန်ကူးသလို မြွေစာအတွက်လည်း အလှူခံတတ်သည်။

သစ်သီးတင်သည့် မော်တော်တစ်စင်းမှ ကပ္ပတိန်တစ်ယောက်က သူ့ကို မြွေဝယ်ယူမည့် ကန်ထရိုက်စာချုပ်တစ်ခု ပေးခဲ့သည်။ သူကလည်း ဝက်စ်အင်ဒီးစ်ပြည်နယ်မှ သိပ္ပံပညာရှင်များကို မြွေရောင်းရန် ကမ်းလှမ်းခဲ့ပြီး တောချုံအုံကြားမှ အန္တရာယ်ပေးသော အမေရိကန်မြွေဆိုးတွေကို သိမ်းကျုံးဖမ်းဆီးတော့၏။

အဆုံးတွင် သူ့မြွေတွေက တစ်နေ့တခြား များသထက်များပြီး အန္တရာယ်ကြီးလာရာမှ မိခင်ဖြစ်သူက အိမ်အပေါ်ထပ် တစ်ထပ်လုံးကို ပေးလိုက်ရတော့သည်။

သတင်းစာများက သူ့သတင်းကိုကြား၍ တဖွဲ့တနွဲ့ စိတ်ဝင်စားဖွယ် ရေးသားဖော်ပြကြသည်။ မြွေချစ်သူများနှင့် ဆပ်ကပ်သမား

များကလည်း သူ့ကို လာတွေ့ကြသည်။ မိတ်ဖွဲ့ကြသည်။ သို့ဖြင့် ရပ်ကွက်ထဲတွင် သူ့အိမ်က ဧည့်သည်တရုန်းရုန်းနှင့် စည်ကားနေတော့၏။

သူ့အဖို့ မြွေစာဝယ်ယူရန် ငွေရှာဖို့ လိုလာသလို လက်ရေးတို လက်နှိပ်စက် လေ့ကျင့်ခဲ့ရ၏။ ဖခင်ဖြစ်သူက ချားလ်စ်ဒစ်ကင်းစ်၏ ဝတ္ထုများကို အသံအကျယ်ကြီးထွက်၍ ဖတ်ပြသည်ကို သူက လက်ရေးတိုဖြင့် လိုက်မှတ်၏။ နောက်တော့ သူ့ဆီမှာ ဒစ်ကင်းစ်၏ ဝတ္ထုများကို လက်ရေးတိုအသွင်ဖြင့် တစ်ပုံကြီး ပိုင်ဆိုင်ခဲ့ရာမှ အဖိုးတန်ရတနာတွေ ဖြစ်ခဲ့တော့သည်။

ထိုနောက် သူသည် သတင်းစာတစ်စောင်၌ သတင်းထောက်ဖြစ်လာသောအခါ တရုတ်တန်းရှိ စားသောက်ဆိုင်များ၏ မြေအောက်ခန်းများတွင် ထောင်ချောက်ဆင်၍ သူ့မြွေပွေးတွေစားဖို့ ကြွက်မျိုးစုံကို ဖမ်းခဲ့သည်ဆို၏။

နယူးယောက်မြို့တော်က ကျက်သရေဆောင် တိရစ္ဆာန်ရုံကြီး ဆောက်လုပ်မည် ဆုံးဖြတ်လိုက်သည်တွင် ရေမွန်ဒစ်မားစ်အား တွားသွားကောင်များကို တာဝန်ခံ ထိန်းသိမ်းစောင့်ရှောက်ရန် အရေးတကြီး ငှားရမ်းခဲ့ရပါလေ၏။ ထိုအခါမှ သူ့မိခင်ခမျာလည်း ရင်ထဲမှ အလုံးကြီးကျသွားသလို သက်ပြင်းချနိုင်တော့၏။ သူ့သားတော်မောင်က အိမ်မှာရှိသမျှ မြွေပေါင်းစုံကို တိရစ္ဆာန်ရုံသစ်ကြီးသို့ ပြောင်းထားလိုက်သည့်အတွက် ဘုရားသခင်ကို အထပ်ထပ်ကျေးဇူးတင်လို့မဆုံး။

ထိုအချိန်က ၁၈၉၉ ခုနှစ် ဖြစ်ပါ၏။ ထိုမှစ၍ နယူးယောက်သည် ကမ္ဘာပေါ်ရှိ တိရစ္ဆာန်များကို အကောင်းဆုံးစုဆောင်းသည့် မြို့ဖြစ်သလို၊ ရေမွန်ဒစ်မားစ်သည်လည်း ကမ္ဘာပေါ်တွင် အစွမ်းအာဏာအထက်မြက်ဆုံး မြွေဆရာကြီးအဖြစ် နာမည်ကျော်ခဲ့ရပါလေ၏။

သူ မွေးထားသော မျောက်တစ်အုပ်၏ ရယ်စရာကောင်းပုံကို လည်း ပြောရဦးမည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာမှစ၍ ဒေါက်တာဒစ်မားစ်သည် စကားစ်ဒေးလ်ရှိ သူ့နေအိမ်တွင် မျောက် ၃–၄ ကောင် မွေးထားမိ၏။

တစ်နေ့ မိသားစုအားလုံး အပြင်သွားနေစဉ် ထိုမျောက်တွေက လှောင်အိမ်ကို ချိုးဖျက်ထွက်ခဲ့ကြပြီး ရှင်ပျော်ပျော်ပွဲတော်ကြီး ကျင်းပ ခဲ့ကြသည်။ မျောက်မသားတွေက ပန်းကန်စင်တွေပေါ် တက်ဆော့ကြ သည်။ ထိုမှ ဟိုခုန်ဒီကူးနှင့် မျောက်လွဲကျော်ဓာတ် ခင်းကြသည်။ ထမင်းစားခန်း မျက်နှာကျက်မှ မီးဆိုင်းကြီးကို ခုန်ကူးပြီး ကောင်းကင် ဘား ကစားကြ၏။ ကြက်ကြက်ဖန်ဖန်နှင့် ချီးကျူးလောက်တဲ့ လုပ်ရပ်ပါပဲ။

သူတို့အဖို့တော့ တောထဲမှာ စပျစ်နွယ်ပင်တွေမှ နွယ်ကြိုးတွေ အမှတ်ဖြင့် တစ်ပင်နှင့်တစ်ပင် ကူးနေသည့်ပုံပေါ့။ သို့ဖြင့် တစ်အိမ်လုံး တက်လို့ရသမျှ လျှောက်တက်ပြီး စတန့်အမျိုးမျိုးပြ၍ သောင်းကျန်း ခဲ့ရာမှ မီးဆိုင်းကြီးပင် ပြုတ်ကျမတတ် ဖြစ်ခဲ့ရ၏။ လျှပ်စစ်ကြိုး တွေကလည်း ပြတ်တာပြတ်၊ ပူးတာပူးနှင့် ရှော့ လိုက်ကုန်သည်။

ဒေါက်တာဒစ်မားစ်က ရှော့ဖြစ်ပြီး တစ်အိမ်လုံး မီးလောင်ပြာ မကျတာပဲ ကံကောင်းတယ်ဟု ပြောခဲ့၏။

မျောက်ကမြင်းတွေက စန္ဒရားကြီးပေါ်တက်ပြီး ခလုတ်တွေကို ဖိနပ်အဟောင်းတစ်ခုနှင့် ထုခဲ့သေး၏။ တရုတ်ကြွေအိုးတစ်လုံးကို ပစ်ခွဲလိုက်ရာမှ ချဉ်ဖတ်တွေ ကော်ဇောပေါ် ပြန့်ကြဲပေကျံကုန်ပါ လေရော။ မှန်တင်ခုံမှန်ချပ်တစ်လုံးလည်း စနီးကရင်းမ် အသားလုဆီ တွေဖြင့် သုတ်လိမ်းထားလိုက်တာ ရစရာမရှိ။ အပ်ချုပ်စက်အံဆွဲကို ဆွဲထုတ်၍ အပ်ချည်တွေကို တစ်အိမ်လုံး အနှံ့အပြား လျှောက်ပတ်ထား ခဲ့သည်မှ ဈေးပင့်ကူအိမ်ကြီးနှင့် မခြား။ ဘီရိုအံဆွဲတွေ ရှိသမျှလည်း

ဓောက်ထိုးမှောက်ခုန်ဖြစ်လို့။ မီးဖိုချောင်မှ အကြော်ဒယ်ပြားတွေ, ဒန်အိုး တွေကတော့ အပေါ်ထပ်မွေ့ရာအောက်မှာ အဆင့်မြင့်မြင့် ရောက်နေ လျက်။

အိမ်သားတွေ ပြန်ရောက်တော့ တစ်အိမ်လုံးမှာ မုန်တိုင်းကြီး ကျ၍ လျှော်ဒဏ်ထိထားသလို မြင်မကောင်းရှုမကောင်း ပျက်စီးကြေမွ ရှုပ်ပွနေပါပြီ။

သည့်အတွက် မျောက်တွေကို ကောင်းကောင်းဆုံးမမည် ထင် ပါသလား။ ဝေလာဝေး။

ဒေါက်တာဒစ်မားစ်နှင့် မိသားစုအားလုံး တဟားဟားနှင့် သဘောကျရင်းက မှတ်ချက်ချလိုက်သည်ကတော့

"အား။ ဒီကောင်တွေ ဘယ်လောက်များ ပျော်လိုက်ကြမလဲ လို့။ သူတို့နှင့်အတူ မပျော်လိုက်ရတာ တို့အတွက် နာတာပဲကွာ"ဟု သတည်း။



# တန်ဖိုးမဖြတ်နိုင်သော မျက်မှန်တစ်လက်

ဟားရိုးလ် လွိုက်

မီးလောင်မှုတစ်ခု, ဇာဒင်ဆရာတစ်ယောက်, ကျွဲကော်ကိုင်း မျက်မှန်တစ်လက်က သူ့ကို အချမ်းသာဆုံး ရုပ်ရှင်သရုပ်ဆောင် ဖြစ်စေခဲ့သည်။

သူ့ကို လူရွှင်တော် မဖြစ်နိုင်ပါဘူးလို့ နိမိတ်ဖတ်ခဲ့ကြပေမယ့် သူက နောက်မဆုတ်တမ်း ရှေ့တက်လှမ်း၍ ယုံကြည်ချက်ကို ဆုပ်ဆုပ်ပိုင်ပိုင်လက်ကိုင်ထား ကြိုးစားခဲ့သည့်အတွက် ထိုက်တန်သောနေရာကို ရခဲ့၏။

သို့သော် အသက် ၂၀ ရွယ်ထိ သူ့ကိုယ်သူ ရယ်စရာကောင်းသူ တစ်ယောက်မှန်း မသိခဲ့ပါဆိုသည့် ဟာသမင်းသား။

■

ကျွန်တော် ဟာရီးလ်လွိုက်ကို ပထမဆုံးအကြိမ် စတွေ့စဉ်က တကယ်ပဲ အံ့သြတုန်လှုပ်သွားရပါသည်။ ကျွန်တော့်အနေဖြင့် သူ့ကို ပိတ်ကားပေါ်ကလွဲ၍ အပြင်လောကတွင် တစ်ခါမျှ မတွေ့ဘူးခဲ့ပါ။

သူကလည်း သူ့ကို အမှန်အကန်တွေ့နိုင်ဖို့ မလွယ်ကြောင်းနှင့် သေသေချာချာ မြင်ဖူးသူလည်း မရှိကြောင်း အသိပေးခဲ့ပါ၏။

သာဓကအနေဖြင့် အကြောင်းတစ်ရပ်ကြောင့် ပါတီပွဲတစ်ခုသို့ မျက်မှန်တပ်ထားသော သူငယ်ချင်းတစ်ယောက်နှင့်အတူ သူရောက်သွားမိသည်။ (လွိုက်ကိုယ်တိုင်ကား ပိတ်ကားပေါ်မှအပ အပြင်၌ မျက်မှန်မတပ်) ထိုသူငယ်ချင်းမှာ လွိုက်နှင့်လည်း ရုပ်ချင်းသိပ်မတူလှ။ ဒါပေမယ့် လူတိုင်းက ကော်ကိုင်း မျက်မှန်တပ်ထားသူမှာ လွိုက်ပဲလို့ ထင်မှတ်လိုက်ကြသည်။ သူငယ်ချင်းကိုယ်တိုင်က

"ကျွန်တော် ဟာရီးလ်လွိုက် မဟုတ်ပါဘူးဗျာ။ သူက ဟောဒီမှာပါ"

ငြင်းဖြေ ဖြေသည့်ကြားက ပြက်လုံးထုတ်၍ နောက်ပြောင်နေသည်ဟု ယူဆခဲ့ကြ၏။

ဟာရီးလွိုက်သည် အေးအေးဆေးဆေးနေတတ်ပြီး အလုပ်အကြောင်းပဲ တွေးနေမည်ဟု တောက်လျှောက်တွက်ဆခဲ့မိသည်။ တကယ်တမ်းကျတော့ အထင်နှင့်အမြင် တက်တက်စင် လွဲခဲ့ရပါသည်။

ကျွန်တော်နှင့်အတူ နာရီပေါင်းများစွာ စကားပြောခဲ့ကြရာ၌ တစ်ချိန်လုံး ရယ်လားမောလားနှင့် ပါးစပ်ကပလုံစီထအောင် အားရပါးရ မနာတမ်း စိတ်ပါလက်ပါ ပြောလေ့ရှိ၏။

တမင် အမှုအရာ လုပ်ပြတာလား။ နည်းနည်းမျှ မဟုတ်ပါ။ သူသည် ရိုးသားဖြူစင်ပြီး လွတ်လပ်၍ တရားမျှတမှုကို မြတ်နိုးသူ ဖြစ်ပါသည်။ သူသည် အယူသီးမှုတွေကိုတော့ အထင်အမြင်သေးချင်၏။ အယူသီးမှုသည် ခေတ်နောက်ကျခြင်းနှင့် အသိဉာဏ်နည်းပါးခြင်းတွေမှ ပေါက်ဖွားလာကြောင်း သူက ယူဆ၏။ သို့တိုင်အောင် သူကိုယ်တိုင်လည်း အရိုးစွဲလာသော အယူသီးမှု တချို့ရှိခဲ့ကြောင်း ဝန်ခံပါသည်။

လော့စ်အိန်ဂျလိစ်သို့သွားလျှင် မြေအောက်ဥမင်လိုဏ်တွေက မဖြတ်ပါ။ သူ့ကို ကံမကောင်းစေသောကြောင့် ဖြစ်သည်ဆို၏။

ထို့အတူ အဆောက်အဦတစ်ခုထဲသို့ဝင်ခဲ့ပြီး ပြန်ထွက်တော့လည်း ထိုအဝင်တံခါးကိုပင် အသုံးပြု၏။ အကြောင်းက ထိုသို့လုပ်ခြင်းဖြင့် သူ့အတွက် လာဘ်ရွှင်သည်ဟု ယုံကြည်ထား၏။

သူ၏ နောက်ဆုံးဝါသနာကတော့ ရှုမျှော်ခင်းပန်းချီကားများ ရေးဆွဲခြင်းပင်ဖြစ်သည်။

ပြီးတော့ သူသည် မိတ်ဆွေများအား လက်လှည့်မျက်လှည့်နှင့် ဖဲ ၃ ချပ်ကစားပြခြင်းဖြင့် ရင်ခုန်အောင် လုပ်ရခြင်းကို အထူးပျော်မွေ့၏။

ထို့ပြင် ခွေးတွေကလည်း တပြုံတမကြီး မွေးခဲ့၏။ တစ်ခါတွင် သူမွေးထားသော ဂရိတ်ဒိန်းစ်မျိုး ခွေးတွေ အကောင် ၇၀ ကျော်ရှိခဲ့ပြီး တစ်ခြံလုံး ခုန်ပေါက်ပြေးလွှားဆော့ကစားလျက် တဝုတ်ဝုတ် ဟောင်သံတွေက နားကွဲမတတ် ညံနေသည် ဟူ၏။

သူက သူ ၁၂ နှစ်သားလောက်က အမှတ်တမဲ့ ကြုံတွေ့ခဲ့ရသော အသေးအဖွဲ့ကိစ္စကလေးတစ်ခုကို ကျွန်တော့်အား ပြောပြခဲ့သည်။ ထိုအချိန်ကတော့ အသေးအဖွဲ့ကလေးပေါ့။ ဒါပေမယ့် သူ့ဘဝလမ်း

တစ်ခုလုံးကို အပြောင်းလဲကြီး ပြောင်းလဲစေခဲ့သည့် အသေးအဖွဲ့ပါ။

အဖြစ်ကတော့ နီဘရာစကာပြည်နယ် အိုမာဟာမြို့တွင် နေထိုင်စဉ် တစ်နေ့ သူကျောင်းမှ အိမ်သို့ သုတ်ခြေတင် ပြန်လာရာမှ လမ်းထောင့်တစ်ခုတွင် ရောင်စုံကြော်ငြာကားချပ်များအလယ်၌ ရပ်နေသော နက္ခတ်ဗေဒင်ဆရာတစ်ယောက်ကို တွေ့လိုက်ရသည်။ ဗေဒင်ဆရာက အနာဂတ်စီးပွားရေးကို ကြယ်တာရာများအား ကြည့်၍ ဟောပေးမည်ဟု ပြောနေ၏။ ချာတိတ်ကလေး ဟာရိုးလ် လည်း မျက်လုံးကလေးအဝိုင်းသားနှင့် ငေးမောနားထောင်နေမိလေ သည်။

ထိုမှ ရုတ်တရက် မီးသတ်ကားတစ်စီးက ဥဩဆွဲလျက် တရကြမ်း မောင်းပြေးသွားရာမှ တခြားကလေးငယ်များလည်း မီးသတ်ကားနောက်မှ အပြေးအလွှား လိုက်သွားကြတော့သည်။ ဒါပေမယ့် ဟာရိုးလ်ကတော့ တုတ်တုတ်မျှမလှုပ် ဗေဒင်ဆရာ အာပေါင်အာရင်း သန်သန်နှင့် ပြောနေသမျှ စိတ်ဝင်စားကြီးစွာ ဆက်နားထောင်နေမိဆဲ။

သည်အပြုအမူမျိုးက ကလေးတစ်ယောက်အနေဖြင့် လုပ်နိုင်ခဲသလို ထူးခြားနေ၍ လူအုပ်ထဲမှ လူတစ်ယောက်က သူ့ကို သတိထားမိလိုက်သည်။ ထိုလူကား အိုမာဟာရှိဘားစ၌ ကုမ္ပဏီက အရေးပါသော ဦးစီးမှူးတစ်ယောက်ဖြစ်သူ ဂျွန်လိမ်းကွန်နာ ပင်ဖြစ်၏။

ကွန်နာက လှိုက်ထံသို့ ကပ်သွားပြီး အသိဖွဲ့ကာ မင်းသား တစ်ယောက် နေဖို့စားဖို့သင့်လျော်သည့်အိမ်တစ်အိမ် မရှိဘူးလား မေးသည်။

သိတာပဲ။ ဘယ် မသိဘဲနေပါ့မလဲ။ ဟာရိုးလ်က အခွင့်ကောင်းကို လက်မလွှတ်တမ်း ဖမ်းဆွဲနိုင်လိုက်၏။ ဂျွန်အယ်ဆူလီဗန်နှင့် ဘတ်ဖဲလိုးဘီလ်တို့ကိုသာ သူ့အိမ်တွင် နေထိုင်ရန် လက်မခံခဲ့မိလျှင် သူလည်း သရုပ်ဆောင်လောကနှင့် နီးလာမည်မဟုတ်ပါ။

သည့်နောက် သူလည်း ရုပ်ရှင်ပိုးဝင်ခဲ့ရသလို၊ တစ်နေ့ ရုပ်ရှင်သရုပ်ဆောင်ဖြစ်ဖို့ မျှော်မှန်းတမ်းတရင်း စိတ်ကူးယဉ်အိပ်မက်တွေမက်ခဲ့မိတော့သည်။

ရောဂါထလိုက်ပုံများ သူ့အိမ်အောက်ထပ်တွင် စင်ဆောက်သည်။ ကလေးဦးနှောက်နှင့် ကလေးပြဇာတ်တွေ ရေးသည်။ သူကိုယ်တိုင် သရုပ်ဆောင် ကပြသည်။ အိမ်နီးနားချင်းကစားဖော်တွေကိုကြည့်ခ ပဲနိဝက်ဖြင့် ရုံသွင်းပြ၏။

ခုတော့ သူကိုယ်တိုင် တကယ့် နာမည်ကျော်ရုပ်ရှင် မင်းသားကြီးဖြစ်ခဲ့ရပြီး တစ်နေ့ ၃ ကြိမ်ခန့် သရုပ်ဆောင်သစ်တွေကို ထိုင်ရွေးပေးရသည့် ဘဝကိုပင် ရောက်ခဲ့ပါလေပြီ။

ငယ်စဉ်ကတော့ သူကိုယ်တိုင် ရုပ်ရှင်ရူးနေစဉ်မှာပင် ဘားဂုဒ်ကုမ္ပဏီမှ ကလေးဇာတ်လိုက်တစ်နေရာ လိုလာသည်။ ဤတွင် ကွန်နာ၏ထောက်ခံချက်ဖြင့် ဟာရိုးလ်လွိုက် အလုပ် စရခဲ့တော့၏။

ဟာရိုးလ်သည် ကွန်နာ၏ကျေးဇူးကို တစ်သက်မမေ့ခဲ့ပါ။ ဒါကြောင့်လည်း သူ ရုပ်ရှင်မင်းသားဖြစ်လာသည့်အခါ သူ့ဆရာ ကွန်နာအား ဟောလိဝုဒ်သို့ခေါ်ကာ သူ့အချစ်တော် ပရိသတ်များနှင့် လုပ်ငန်းကိစ္စများအတွက် မန်နေဂျာကြီးအဖြစ် အာဏာကုန်လွှဲထားလိုက်ပါလေသည်။

ဟာရိုးလ်၏အမေက စက်ချုပ်သမတစ်ဦးဖြစ်၍၊ အဖေမှာ အပ်ချုပ်စက်တွေကို ရောင်း၏။

တစ်နေ့တွင် သူ့အဖေခမျာ ကားတိုက်မှုတစ်ခုကြောင့် ကျောဒဏ်ရာရခဲ့ပြီး အာမခံကုမ္ပဏီမှ လျော်ကြေး ပေါင် ၇၀၀ ထုတ်ပေးခဲ့သည်။ သူတို့မိသားစုအတွက် ရွှေအိုးတစ်လုံး ရလိုက်သည်နှင့် မခြား။ ထိုငွေလေးကိုအရင်းပြု၍ သူကောင်းဖြစ်အောင် တစ်ရွာပြောင်းဖို့ ကြံမိ

ကြသည်။ အနောက်ပိုင်းက တစ်နေရာရာသို့ ပြောင်းရွှေ့ခြင်းဖြင့် ကံစမ်းရန်လည်း ဖြစ်၏။ ဘယ်ကို ပြောင်းကြမလဲ။ သူတို့အဖို့ ကာလီဖိုးနီးယားနှင့် နယူးယောက် ဘာကို ရွေးမှန်းမသိ။ စိတ် ၂ ခွ ဖြစ်နေကြရသည်။ နောက်ဆုံး၌ ဟာရီးလ်အဖေက

"ကဲ–ခေါင်း,ပန်းမြှောက်မယ်ကွာ။ ခေါင်းကျရင် ကာလီဖိုးနီးယားသွားမယ်။ အေး–ပန်းကျရင်တော့ နယူးယောက်ပဲပေါ့"

ပြားစေ့လေးကို မြှောက်လိုက်သည်။ ခေါင်းကျသည်။ သူတို့တစ်အိမ်လုံး စင်ဒီရိုသို့ ပြောင်းခဲ့ကြ၏။

ဟာရီးလ်သည် ပြဇာတ်ရုံတစ်ခုတွင် ရရာအလုပ် ဝင်လုပ်ခဲ့ရာမှ ကံကောင်းထောက်မစွာဖြင့် ရုပ်ရှင်ထဲတွင် ဇာတ်ရုံခန်းမှ ပါဝင်ခွင့်ရခဲ့တော့သည်။

သူ ပထမဆုံး ကင်မရာရှေ့မှာ စရိုက်ခဲ့ရသည့်အခန်းက အင်ဒီးယန်း လူနီရိုင်းလေးအသွင်ဖြင့် ပြင်ဆင်ပြီး လူဖြူညှော့သည်တစ်ယောက်ကို စားစရာဗန်း လာပို့ရသောအခန်းပင် ဖြစ်၏။ သို့အတွက် သရုပ်ဆောင်ကြေးရမည်ဟုလည်း မထင်ခဲ့။ အခမဲ့ ရိုက်ပေးခဲ့ရခြင်းသာ။

သို့ဖြင့် တစ်နေ့တခြား ပြတ်လပ်ကျပ်တည်းလာရာမှ တဲစုတ်ကလေးတွင်နေရသည့်ဘဝသို့ ဆိုက်ခဲ့၏။ သူနှင့် အငတ်ဘေး၏ကြားမှာ ပိုက်ဆံ ၁ ပြား, ၂ ပြားသာ ရှိတော့၏။ ထိုမှ နောက်သို့ လက်ကျန် ၂ ပဲနိခွဲကို သကြားအနည်းငယ်ဖြူးထားသော ဆီကြော်မုန့် ၆ ခု ဝယ်စားပစ်လိုက်သည်။

ရုပ်ရှင်ထဲတွင် ပုံမှန်ဝင်ရိုက်ခွင့်ရဖို့ ကြိုးစားရန်လည်း ဆုံးဖြတ်ချက်ချလိုက်၏။ နေ့စဉ်ရက်ဆက်ဆိုသလို သရုပ်ဆောင်များ ရုံးခန်းသို့သွားသည်။ နေ့စဉ်နေ့တိုင်းပင် ဆန်ပြုတ်ဖြစ်၍ ဆုတ်ပြန်ခဲ့ရသည်။ ကြာတော့ သူ သည်းမခံနိုင်တော့။ ဖြစ်ချင်ရာဖြစ် စိတ်ညစ်ညစ်ဖြင့် ဇွတ်ဝင်တိုးဖို့ ကြိုးစားမိတော့သည်။ အခါက သူ့ကို ပိတ်ပင်ထားသူက

တံခါးစောင့်ဖြစ်၍၊ ထိုတံခါးစောင့်ကိုကျော်နိုင်ဖို့ အရေးတကြီးကြံဆခဲ့ရသည်။

နေ့ခင်းဘက်များတွင် ယူနီဗာဆယ်ကုမ္ပဏီမှ ရုပ်ရှင်သရုပ်ဆောင်တွေအားလုံးထွက်လာပြီး လမ်းတစ်ဘက်ရှိ ထမင်းဆိုင်မှာ သွားစားကြတာ တွေ့ရသည်။

ထို့အတူ မိတ်ကပ်တွေလိမ်းခြယ်လျက်သား၊ ဆီတွေပေလူးလျက် အလုပ်ပြန်ဝင်လာကြသော သူတို့အုပ်စုကို တံခါးစောင့်က အစစ်အဆေးမလုပ်တာလည်း သူ သတိထားမိ၏။

သို့ဖြင့် နောက်တစ်နေ့နေ့လယ်ခင်း ဟာရိုးလ်လွိုက်လည်း သူ့ကိုယ်သူ မိတ်ကပ်တွေလိမ်းကျံရုပ်ဖျက်ပြီး ချောင်တစ်နေရာတွင် ခိုနေရာမှ ထမင်းစားပြန်လာသော အုပ်စုနှင့်ရောစွ၍ တံခါးစောင့်ရှေ့က ခပ်တည်တည်ပင် ဖြတ်ဝင်သွားခဲ့ပါတော့သည်။

စတူဒီယိုထဲမှ သရုပ်ဆောင်တွေအကြားတွင် အလုပ်မရှိ အကိုင်မရှိ ယောင်လည်လည် ယောဆရာလေးလုပ်ခဲ့ရင်းကပင် ရက်ပေါင်းများစွာ ကုန်လွန်ခဲ့၏။ ဒါပေမယ့် ရုပ်ရှင်သမားတွေနှင့် မျက်မှန်းတန်းမိပြီး ခင်မင်ခဲ့ကြသည်။ သူ့ကို အဝတ်လဲခန်းတွေထဲ ခေါ်သွားခဲ့သဖြင့်လည်း တံခါးစောင့်၏ရန်က ကင်းဝေးခဲ့ရပါတော့သည်။ ထိုအထဲတွင် ဟောလ်ရိုးချ် အမည်ရှိ သာမန်ဇာတ်ရံတစ်ဦးလည်း ပါရှိ၏။

တစ်နေ့တော့ သူက လွိုက်ကို ပြော၏။ အဒေါ်တစ် ယောက်ကွယ်လွန်သွားရာမှ အမွေတချို့ သူ့ကိုပေးခဲ့ကြောင်း၊ ဟာသဇာတ်လမ်းများကို သူကိုယ်တိုင် ရိုက်ကူးထုတ်လုပ်မည်ဖြစ်ကြောင်းနှင့် ဟာရိုးလ်ကို သူနှင့် လက်တွဲပူးပေါင်းရန်ပင်တည်း။

လွိုက်တစ်ယောက် ထီမထိုးဘဲ သိန်းဆုပေါက်ခဲ့ရပါပြီ။ ဟာရိုးလ်သည် ဟာသကားတစ်ခွေစာ စရိုက်၏။ ချာလီချက်ပလင်

ကိုတုရ်၌ မတော်တရော်ဘောင်းဘီပွကြီးဝတ်ပြီး သရုပ်ဆောင်ခဲ့ခြင်းပင် ဖြစ်၏။

တစ်နေ့တော့ သူသည် ပွပေါက်တိုး သူဌေးဖြစ်စေမည့်အကြံ တစ်ခုကို ရလိုက်သည်။ ဒါကလည်း မတော်တဆ အမှတ်မထင် ကောက်ရသလို ရခဲ့ခြင်းပါ။

သူက ပြဇာတ်ရုံတစ်ခုထဲသို့ အမောတကောဝင်အလာ တရားဟောဆရာအဖြစ် ကပြနေသော လူတစ်ယောက်ကို မြက်ဦးထုပ်နှင့် ကျွဲကော်ကိုင်းမျက်မှန်တပ်ထားလျက် တွေ့လိုက်ရသည်။ ထိုသရုပ်ဆောင် ချွေးပြန်အောင် လုပ်ပြနေသော်လည်း အားပါးတရရယ်အောင် မစွမ်းဆောင်နိုင်ခဲ့ပါချေ။

သည်တွင်ပင် လွိုက်က ကျွဲကော်ကိုင်းမျက်မှန်ကို သူ့အမှတ်တံဆိပ်အဖြစ် အသုံးပြုရန် ဆုံးဖြတ်လိုက်သည်။ ထိုဒီဇိုင်းအတိုင်း ပုံသေသရုပ်ဆောင်ခဲ့ခြင်းဖြင့် တစ်စထက်တစ်စ ထင်ပေါ်ကျော်ကြားအောင်မြင်မှုများရခဲ့ခြင်း ဖြစ်ပါလေတော့သည်။

ဟာရိုးလ်လွိုက်နှင့်ပတ်သက်၍ ရယ်စရာအကောင်းဆုံးအဖြစ်တစ်ခုမှာ သူ အသက် ၂၀ ရှိသည့်တိုင်အောင် သူ့ကိုယ်သူ ရယ်စရာကောင်းမှန်းမသိခဲ့ဟု ဆိုခြင်းပါပေတည်း။

ထိုမတိုင်မီက သူသည် ရိုတ်စပီးယားပြဇာတ်လင်္ကာများကို လှည့်လည်ရွတ်ဖတ်ပြလေ့ ရှိခဲ့၏။

ပြီး သူ ပထမဆုံး ရုပ်ရှင်စရိုက်တော့လည်း ဒါရိုက်တာတွေက သူ ဟာသရုပ်မပေါက်၍ ဟာသမင်းသား ဘယ်တော့မျှ ဖြစ်မည်မဟုတ်ကြောင်း၊ ရုပ်ရှင်လောကမှထွက်ပြီး တခြား သင့်လျော်ရာအလုပ်တစ်ခုဖြင့်သာ အသက်မွေးသင့်ကြောင်း ကဖျက်ယဖျက်ပြောခဲ့ကြသည်။

ဒါပေမယ့် သူက 'ဖြစ်ကို ဖြစ်ရမည်' ဆိုသောစိတ်ဓာတ်ကို

အသေဆုပ်ကိုင်လျက် မရပ်မနား ဆက်လက်ကြိုးပမ်း ချီတက်ခဲ့ခြင်းဖြင့် ရွှေပန်းတိုင်သို့ ရောက်ခဲ့ရပါလေပြီ။

ကမ္ဘာပေါ်မှာ အချမ်းသာဆုံး, နာမည်အကျော်ဆုံး ဟာသမင်းသားတစ်လက်ဖြစ်ခဲ့ရသော သူသည် ဟာရိုးလ်လွိုက်ဆိုသော အမည်ကို ရုပ်ရှင်သမိုင်း၏ ထိပ်တန်းတစ်နေရာတွင် ဖိတ်ဖိတ်တောက် အရောင်တလွင်လွင် ကမ္ဗည်းတင်နိုင်ခဲ့ပြီ မဟုတ်ပါလား။

ဘာပဲဖြစ်ဖြစ် ဟာရိုးလွိုက်၏ မျက်မှန်တစ်လက်ကား ထောင်သောင်းမက သိန်းသန်းချီအောင် တန်ဖိုးမဖြတ်နိုင်တော့ပါပြီ။



## မိီးခိုးနန်းတော် လှယမင်း

ဒေါရစ်စ်ဂျူ့ဒ်

ဖခင်သူဌေးကြီးက အမွေ သန်း ၂၀ ပေးထားခဲ့လင့်ကစား သူ့ခများ ပျော်ရွှင်ချမ်းသာမှု နည်းနည်းလေးမျှ မရခဲ့။

ဦးထုပ်ကလေးဝယ်ဖို့အရေးပင် ပစ္စတိုကိုင် စုံထောက် ၃ ယောက် လိုက်စောင့်ရှောက်ခံရသူ။

မီးခိုးတွေနှင့် ရတနာပုံတိုက်ကြီးဆောက်နိုင်ခဲ့သလို စစ်ကြောင့် အမြတ်ထွက်ခဲ့ရတဲ့ မိသားစု။

စီးပွားရေးလုပ်ငန်းမှာ အကောင်းဆုံးဦးနှောက် ရှိဖို့ထက် လုံ့လဖွဲ့နှင့် မှန်ကန်တဲ့ဆုံးဖြတ်ချက်ရှိဖို့ပဲ အရေးကြီးပါတယ်တဲ့။

ကမ္ဘာပေါ်မှာ အချမ်းသာဆုံး မိန်းမပျိုကလေးတစ်ယောက်ရဲ့ ဘဝဟာ ထင်သလောက် မပျော်ခဲ့ရပါဘူးဆိုလျှင် ယုံကြည်ပါ့မလား မသိ။

သူ့ခမျာ အိမ်ထောင်ရေးကံ မကောင်းခဲ့သလို၊ ဒုက္ခပေါင်းစုံဒဏ် မခံနိုင်သည့်အဆုံး၌ ကွာရှင်းပြတ်စဲခဲ့ရာက ပေါင် ၁၀ သန်း ကုန်ကျ နစ်နာခဲ့ရပြန်သည်။

သူ့ကို 'သနားစရာကောင်းသော သူဌေးမလေး'လို့ ခေါ်ဝေါ်သမုတ်ကြသည့် အကြောင်းမှာလည်း သူ သွားလေရာနောက် သတင်းထောက်တွေနှင့် ဓာတ်ပုံဆရာတွေက တကောက်ကောက်လိုက်ပြီး နှောင့်ယှက်ခဲ့ကြသောကြောင့် ဖြစ်၏။

တစ်ဖန် သူ့အဖို့ တစ်ယောက်တည်း လမ်းထွက်ဖို့ မလွယ်သည်နှင့်အမျှ ဦးထုပ်လေးတစ်လုံး သွားဝယ်ရန်ကိုပင် ပစ္စတိုသေနတ်များကိုင်ဆောင်ထားသော စုံထောက် ၂ ယောက်, ၃ ယောက်က မျက်ခြည်မပြတ် ထက်ကြပ်မကွာ လိုက်လံစောင့်ရှောက်နေလေ့ ရှိပါသည်။ ထို သက်တော်စောင့်တွေမပါဘဲ ဘယ်မျှ မသွားရပါ။

သူ့တွင် မြောက်မြားလှစွာသော အိမ်ယာခြံမြေတွေ ပိုင်ဆိုင်ထားပါသည်။ အမေရိကန်တွင် ၄ နေရာ, ဟာဝိုင်ယီတွင် တစ်ကွက်, ပြင်သစ်ရီဗီရာ၌ တစ်ခြံ စသဖြင့် ရှိခဲ့၏။

နယူးဂျာစီပြည်နယ် ဆမ်မာဗီလီရှိ ဧက ၅ ထောင်ခန့်ရှိသော မြေယာများမှာလည်း ကျယ်ပြောသော မြက်ခင်းပြင်ကြီးများ, ငွေရောင်တလက်လက်ပြေးနေသော ရေကန်ကြီးများ, ကေပေါင်းများစွာသော

တောင်ဇလပ်ပန်းခင်းများနှင့် မှန်ပေါင်းချောင် ပန်းဥယျာဉ်ကြီးများမှာ အရှေ့ပိုင်းဒေသအတွက် ဂုဏ်ယူပြသစရာ အလှအပများ ဖြစ်ခဲ့ရပါသည်။

သူ လက်မထပ်ခင် တစ်ပတ်လောက်အလိုက ပမ်းစ် ပင်လယ်ကမ်းခြေသို့ရောက်ခဲ့ရာတွင် သူ ဝတ်လာသော အနီရောင် သိုးမွေး ရေကူးဝတ်စုံသည် ၃ နှစ်ကြာ ဟောင်းခဲ့ပြီဖြစ်ကြောင်း ဝန်ခံခဲ့ပါ၏။

ထို့အပြင် သူဌေးမကလေးအနေဖြင့် အလွန့်အလွန် ကြယ်ဝချမ်းသာပါလျက် သူ့လက်ထပ်ပွဲမှာ သစ်တုံးကြီးတွေ, မီးဟုန်းဟုန်းတောက်နေသော မီးလင်းဖိုကြီးကလွဲ၍ လှလှပပခမ်းခမ်းနားနား ပြင်ဆင်ထားတာရယ်လို့ ဘာမျှ မတွေ့ခဲ့ရပါ။ ထားပါတော့။

ဒေါရစ်စ်ဂျူ့ခ်သည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံး သူဌေးမကလေးအဖြစ်သို့ ဘယ်ပုံဘယ်သို့ ရောက်ခဲ့သနည်းဆိုသည်ကို ကြည့်ရအောင်။

ဂျူ့ခ်ကို ကျိုကျိုတက် ချမ်းသာစေသည်ကတော့ မီးခိုးတွေဖြစ်၏။ ဆေးရွက်ကို မီးရှို့လိုက်ရာမှ ထွက်လာသော မီးခိုးတွေပါလေ။ ဂျူ့ခ်ထံသို့ သန်းပေါင်းများစွာသော ငွေတွေ ရောက်လာရသည်မှာလည်း ပြည်တွင်းစစ် ဖြစ်လုဆဲအချိန်က ဖြစ်ပါသည်။

ထိုအချိန်က အမေရိကန်ပြည်တောင်ပိုင်းအဖို့ နာကျည်းကြေကွဲဖွယ်ရာနေ့ရက်များ ဟု ဆိုရလောက်အောင် ၂ ဘက်စစ်တပ်များ၏ စစ်တလင်းအဖြစ် ထောင်းထောင်းကြေခဲ့ရ၏။ လယ်ယာမြေတွေ မှန်သမျှ ကောခဲ့ရပြီး၊ ကန္တာရဘာဝ ရောက်ခဲ့ရသည်။

လူတွေဆိုလည်း အကြီးအကျယ် ဒုက္ခရောက်ခဲ့ကြရသည်။ သစ်ကြားသီးနှင့် ဝါစေ့များကို ကော်ဖီအစား သောက်သုံးရကာ၊ ဘလက်ဘယ်ရီရွက်များနှင့် နလင်ကျော်မြစ်များကိုလှော်စပ်၍ လက်ဖက်ရည်လုပ် သောက်ခဲ့ရ၏။ ပြာနှင့် ဝက်ဆီမှ ဆားချက်၍ စားခဲ့ရ၏။

သူဌေးမလေး၏ အဘိုးဖြစ်သူ ဝါရှင်တန်ဂျူ့ခ်သည် ရစ်ချ်မွန်မှ လီ၏လက်အောက်သို့ ဝင်ရောက်တိုက်ခိုက်မှုဖြင့် ဆိုးဝါးလှသော လစ်ဘီ

အကျဉ်းထောင်ကြီးအတွင်း ညှဉ်းပန်းနှိပ်စက်မှုတွေ ခံခဲ့ရသေးသည်။

လီ လက်နက်ချလိုက်ပြီဆိုမှ သူလည်း ထောင်ကလွတ်ပြီး နေ့ာ့စ်ကာရိုလိုင်းနား ဒါဟန်းမြို့ရှိ ခြံမြေများသို့ ပြန်ရောက်လာ၏။ မဟာမိတ်အစိုးရက သူ့ကို လားအိုကြီး ၂ ကောင် ပေးလိုက်သည်။ သူက ကုန်ကူးစား၏။

အစိုးရပိုက်ဆံ ၅ ဒေါ်လာကို မြောက်ပိုင်းစစ်သားတစ်ယောက်အား ၅ မူးနှုန်းဖြင့် လဲလှယ်ပေးသောအလုပ်လည်း လုပ်၏။ ဝါရှင်တန် ဂျူ့ခ်၏ အနာဂတ်ဘဝကတော့ ဒါ အစွမ်းကုန်ပဲ ဖြစ်ပါသည်။

ငွေသား ၂ သျှီလင်ဖိုး, မျက်မမြင် လားအိုကြီးတစ်စုံ, မြင်းကကြိုးတချို့နှင့် အမိမဲ့သားကလေး ၂ ယောက်ပဲ ဆိုပါတော့။

မဟာမိတ်တပ်များနှင့် မြောက်ပိုင်းစစ်တပ် ၂ ဘက်စလုံး နှီးစပ်ရာဒေသတွေကို ဗျံ့နှံ့ခဲ့ကြရာမှ ငတ်ပြတ်နေသော စစ်သားများသည် လယ်ယာစိုက်ခင်းများရှိရာသို့ ဘာစားစရာပဲရရ ဆိုပြီး ဝင်ရောက်လုယက်ကြသည်။ သူတို့ စားလို့မရ၍ ချမ်းသာပေးခဲ့တာဆို၍ ဆေးရွက်ကြီးပင်တွေသာ ကျန်ခဲ့၏။

သို့ဖြင့် သူနှင့် သား ၂ ယောက်ဖြစ်သူ ဘတ်စ်နှင့် ဘင်တို့လည်း ဆေးရွက်ကြီးတွေ စိုက်၊ အခြောက်ခံ၊ ဒလိမ့်တုံးနှင့် ပြားချပ်၊ အိတ်သွပ်၍ ပေါင်းမိုးခံမြင်းလှည်းပေါ်တင်၊ မျက်မမြင်လားအိုကြီး ၂ ကောင်ကို ဆွဲခိုင်းပြီး ကမ္ဘာကြီးကိုလွှမ်းမိုးဖို့ ခြေတစ်လှမ်း နိဒါန်းပျိုးခဲ့တော့သည်။

မဖြစ်စလောက် ကရော်ကမယ်လေးမှစ၍ တစ်စထက်တစ်စ ကြီးပွားကာ ဆေးရွက်ကြီးလောကထဲ ဝင်ဆံ့ခဲ့သည့်နောက်၊ တစ်ဆင့်တက်တော့ ကမ္ဘာတစ်ခုလုံးကို ချုပ်ကိုင်နိုင်သည့် ဆေးရွက်ကြီးဈေးကွက်ကို ထူထောင်မိကြလေတော့၏။

လားအိုကြီး ၂ ကောင်တပ် ပေါင်းမိုးရထားလှည်းတို့ဖြင့် ဆေးရွက်ကြီးများပါသော တောင်ပိုင်းပြည်နယ်များသို့ ဦးတည်ခဲ့မိ

ပြန်သည်။ သူတို့က ကုန်ချင်းဖလှယ်သော စနစ်ကိုသုံး၍ ဆေးရွက်ကြီးကို ချည်ခင်များ, ဝက်ပေါင်ခြောက်များနှင့် လဲခဲ့ကြ၏။ ညအချိန်ရောက်သော် လမ်းဘေးတွင် တဲထိုး၍ ဝက်ပေါင်ခြောက်ကို ခရမ်းချဉ်သီးနှင့်ကြော်စားကာ ကြယ်ရောင်အောက်၌ အိပ်စက်ခဲ့ကြသည်။

သူတို့ထင်သလောက် တွက်ခြေမကိုက်သည့်အဆုံး ဆေးရွက်ကြီးရောင်းချရေး လုပ်ငန်းသက်သက်ဖြင့် သူတို့ဘဝကို ဖောက်ချ၍ လုပ်ဆောင်ရန် ဆုံးဖြတ်လိုက်တော့၏။ သည်တော့လည်း စီးပွားရေးဈေးကွက်လုရင်း ကြောက်စရာကောင်းအောင် ရက်စက်ကြမ်းကြုတ်သော ပြိုင်ဆိုင်မှုများဖြင့် ထိပ်တိုက်တိုးပြီး အချိန်နှင့်အမျှ ကြိုးစားတိုက်ခိုက်ရပြန်သည်။

ရာပေါင်းများစွာသော စိုက်ခင်းလုပ်ငန်းတွေက ဆေးတံသောက်ဆေး လုပ်ကြသည်။ ကြီးမားသလောက် အဘက်ဘက်ကအင်အားတောင့်တင်းပြီး ငွေလုံးငွေရင်းအပြည့်နှင့် ချမ်းသာနေသော လုပ်ငန်းကြီးများပဲ ဖြစ်နေ၏။

ဒေါ်ရစ်စ်ဂျူ့ခ်၏ဖခင် ဂျိမ်းစ်ဘုချနန်ဂျူ့ခ်က ကွဲပြားခြားနားသော နည်းလမ်းသစ်ကို အမြန်ဆုံး တီထွင်လုပ်ဆောင်ဖို့လိုကြောင်းသဘောပေါက်၏။ ထိုသို့မျှ မလုပ်နိုင်လျှင် ပျက်စီးကိန်းဆိုက်မည်ကိုလည်း သိခဲ့၏။ ဤတွင် သူက စီးကရက်များထုတ်လုပ်ဖို့ ကြံစည်လိုက်ပါလေတော့သည်။

ယနေ့ကဲ့သို့ အမေရိကန်တစ်ပြည်တည်းက နှစ်စဉ် စီးကရက်လိပ်ရေ ၁၂၄ ကုဋေ သောက်နေသည့်အချိန်မျိုးမှာ ဒီအကြံ ဆန်းသည်ဟု မဆိုနိုင်ပါ။ သို့သော်ငြားလည်း ၁၈၈၀ ခုနှစ်လို ကာလကတော့တကယ့်တော်လှန်ရေးကြီးတစ်ရပ် ဆင်နွှဲခဲ့ရခြင်း ဖြစ်ပါသည်။ ရပ်ရှင်းနှင့် တူရကီများသည် မျိုးရိုးစဉ်ဆက် ရှေးနှစ်ပေါင်းများစွာကပင်စီးကရက်သောက်ခဲ့ကြ၏။

အင်္ဂလိပ်စစ်သားများကလည်း ကရိုင်းမီးယား စစ်ပွဲများမှ အပြန်တွင် စီးကရက်သောက်သည့်အကျင့်ကို အိမ်အပြန် သယ်လာကြ၏။ ဒါပေမယ့် အမေရိကန်တွေ ကိုယ်တိုင်ကတော့ ကမ္ဘာအနှံ့ ဆေးရွက်ကြီးတွေကို ပင်မဖြန့်ချိပေးသည့်နိုင်ငံဖြစ်ပါလျက် စီးကရက်မထုတ်ခဲ့သည်မှာ ၁၈၆၇ ခုနှစ်တိုင်အောင်ပါပေတည်း။

ဘတ်ချ်ဂျူ့ခ်က စတင်ထုတ်လုပ်လိုက်သော အခါမှစ၍ စီးကရက်များသည် လူတိုင်း၏လက်ကြားထဲသို့ လိမ့်ဝင်သွားတော့၏။ သူက စက်တစ်လုံးမှ တစ်နေ့ကို စီးကရက်အလိပ် ၂၅၀၀ ထွက်နေရာမှ ၁၀ သိန်း ထွက်နိုင်အောင် တီထွင်ပြုပြင်လိုက်၏။ စီးကရက်ဘူးပုံစံကိုလည်း လူ မလိုချင်လိုချင်အောင် လက်တွေ့ကျကျ ခေတ်မီဒီဇိုင်းဆွဲခဲ့သည်။

ယခု တွင်ကျယ်နေသည့် အဖုံးတပ်ထားသော အမာခံ ကတ်ထူဘူးများသည် ဘတ်ချ်ဂျူ့ခ်၏ လက်ရာပင်ဖြစ်၏။ သူက လုပ်ငန်းကို အဆမတန် ကြီးထွားအောင် လုပ်ဆောင်ခဲ့သည်။ ကွန်ဂရက်လွှတ်တော်က စီးကရက်အခွန်များကို လျှော့ချလိုက်သောအခါမူ ပြိုင်ဖက်များ ငေးငိုင်သွားရသည်အထိ စီးကရက်ဈေးနှုန်းကို ထက်ဝက်လျှော့ပေးလိုက်သည်။ တစ်ဘူး ၂ ပဲနီခွဲသာပေးရသော စီးကရက်ဘူးများသည် ဈေးကွက်၌ အလျှံပယ် ပလူပျံသွားတော့၏။

သည့်နောက် သူ ထင်တိုင်း ခြယ်လှယ်ကစားနိုင်မည့် ဈေးကွက်သစ်ကို စ,ရှာတော့သည်။ ဘတ်စ်ဂျူ့ခ်တစ်ယောက် နယူးယောက်ကို လာပြီး စက်ရုံသစ်တည်ချိန်က သူ့အသက်မှာ ၂၇ နှစ်သာ ရှိသေး၏။ သူက သူ့ကိုယ်သူ ထပ်ခါတလဲလဲ ပြောမိသည့်စကား ရှိ၏။ ထိုစကားကတော့

"ဝါ့ရှ်–ဒီ–ရော့ကကဲဖလားတောင် ရေနံတွင်းလုပ်ငန်းမှာ လက်ညှိုးညွှန်ရာ ရွှေဖြစ်အောင် လုပ်နိုင်ခဲ့သေးရင် ငါလည်း ဆေးရွက်ကြီးလောကကို စိတ်တိုင်းကျ ဘာလို့ မလွှမ်းမိုးနိုင်ရမှာလဲ"ဟူ၏။

သို့ဖြင့် ရသမျှအမြတ်အားလုံးကို လုပ်ငန်းထဲ ပြန်ရင်းလိုက်၏။ သူ့အနေဖြင့် ၁ နှစ်ကို ပေါင် ၁ သိန်းမြတ်နေသည့်ကြားက အပေါ်စား အခန်းတွင်နေပြီး ဈေးအသက်သာဆုံးနေ့လယ်စာကို ဝယ်စားခဲ့သည်။ အကောင်းစားညစာတစ်နပ်ကို သူလိုလူနှင့် မတန်ဟု ယူဆခဲ့သော ဘတ်စ်ဂျူ့ခ်သည် ကမ္ဘာမြေပြင်ပေါ်မှ နေရာဒေသရှိသမျှ ဝေးသီခေါင်ဖျား ချောင်ကြိုချောင်ကြားပါမကျန် သူ့လုပ်ငန်းကိုယ်စားလှယ်တွေကို ငွေကုန်ကြေးကျခံ၍ စေလွှတ်ခဲ့၏။

သူကိုယ်တိုင်ကတော့ သူ့စက်ရုံတွင် မိုးလင်းမှမိုးချုပ် ကျွန်လို တကုပ်ကုပ်လုပ်နေခဲ့၏။ ကုန်ကြမ်းပစ္စည်းဆေးရွက်ကြီးဘဝမှ အချောထည်ဖြစ်၍ ဘူးထဲထည့်ပိတ်ပြီးသည့်ထိ အဆင့်ဆင့်ထုတ်လုပ်မှုကို မပြတ်ကြီးကြပ်နေခြင်းလည်း ဖြစ်၏။

သူသည် သန်း ၂၀ ပိုင် သန်းကြွယ်သူဌေးကြီးဘဝဖြင့် ကွယ်လွန်ခဲ့သည်။ အမေရိကန်တွင် ရှိရှိသမျှသော လုပ်ငန်းရှင်တွေထက် သူက သန်းပေါင်းများစွာ ပိုချမ်းသာသည်ဟု အမြဲကြွားဝါလေ့ ရှိခဲ့သည်။ သူသည် ကျောင်းပညာ ၄–၅ နှစ်သာ သင်ဖူးသူ ဖြစ်၏။ သူ တစ်ခါက ပြောဖူး၏။

"တက္ကသိုလ်ပညာဆိုတာ စာပြောဆရာ, တရားဟောဆရာနှင့် ရှေ့နေလုပ်စားမယ့် လူတွေအတွက်တော့ လိုအပ်တာပေါ့ဗျာ။ ဒါပေမယ့် ကျွန်တော်လိုလူမျိုးအတွက် အဲဒါက ဘာ အသုံးဝင်မှာလဲ။ စီးပွားရေးလုပ်ငန်းမှာ အဆင့်အမြင့်ဆုံး, အကောင်းဆုံး ဦးနှောက်တွေရှိဖို့ မလိုပါဘူးဗျာ"

သို့နှင့်အမျှ သူ အောင်မြင်ရခြင်း နည်းနိဿယနှင့် ပတ်သက်၍လည်း ခုလို ရှင်းပြခဲ့ပါသည်။ သူ ပြောကြားသည့်စကားလုံးများ အတိုင်း အတိအကျ ကောက်နုတ်ပြပါမည်။

"ကျွန်တော် လုပ်ငန်းတွေ အောင်မြင်ခဲ့ရတာဟာ မအောင်မြင်တဲ့သူ အများစုတွေထက် အရည်အချင်းတွေသာလွန်လို့ မဟုတ်ပါဘူး။ ကျွန်တော်ရဲ့ အဓိကအောင်မြင်ခြင်းအကြောင်းက ကျွန်တော်က အပင်ပန်းခံပြီး စွဲစွဲမြဲမြဲ ဇွဲနှင့် လုပ်တတ်တယ်။ ကျွန်တော့်ထက် ကြံရည်ဖန်ရည် ဉာဏ်ရည်သာတဲ့လူအများအပြားဟာ အောင်မြင်မှုမရဘဲ ဘာ့ကြောင့် ဆုံးရှုံးရသလဲဆိုတာတွေလည်း သိအောင် လေ့လာတယ်။ စင်စစ်တော့ သူတို့မှာ လုံ့လဝီရိယနှင့် လက်တွေ့ကြိုးစားအားထုတ်မှုတွေ လျော့နည်းပြီး ဆုံးဖြတ်ချက်မခိုင်မာကြတာ တွေ့ရတယ်"

စိတ်ဝင်စားစရာ ကောင်းလွန်းလှပုံမှာ သူကိုယ်တိုင်က ပညာတတ်ဖို့မလိုဟုဆိုခဲ့သော ထိုပုဂ္ဂိုလ်သည် ပေါင် ၈ သိန်း မတည်၍ သူ့နာမည်ဖြင့် ယနေ့တိုင် ကမ္ဘည်းတင်ထားသော ရောမတက္ကသိုလ်ကျောင်းတော်ကြီးတစ်ခုကို တည်ဆောက်ပေးခဲ့ပါ၏။

ထိုကျောင်းမှာ မြောက်ကာရိုလိုင်းနားပြည်နယ် ဒါဟန်းမြို့ရှိ ဂျူ့ခ်တက္ကသိုလ်ကြီးပင် ဖြစ်၏။ သမီးဖြစ်သူ ဒေါရစ်စ်ဂျူ့ခ်က တာဝန်ခံထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ ဒေါရစ်စ်သည် ကမ္ဘာပေါ်တွင် အငယ်ဆုံးသော တက္ကသိုလ်ကျောင်းတာဝန်ခံ ဖြစ်နိုင်လောက်ပါသည်။

ဘတ်ချ်ဂျူ့ခ်သည် ကိုယ့်ကိုယ်ကိုယ် လူကြော်ငြာရသည့်အလုပ်မျိုးကို လွန်စွာစက်ဆုပ်၍၊ သူ့တစ်သက်နှင့်တစ်ကိုယ် အင်တာဗျူးတစ်ကြိမ်လား လုပ်ဖူး၏။ ထိုအင်တာဗျူး၌ သတင်းထောက်က မေးခဲ့သည်။

"မစ္စတာဂျူ့ခ် ခင်ဗျား။ ငွေကြေး အမြောက်အမြားချမ်းသာတဲ့အတွက် ဘယ်လိုစိတ်ကျေနပ်မှုများ ခံစားရပါသလဲ"

ဘတ်ဂျူ့ခ်က ခေါင်းခါခါလည်ခါခါဖြင့် အဖြေပေးလိုက်ပုံကတော့

"ဘာ။ ဘယ်လိုမှ မခံစားရဘူး။ လုံးဝ နည်းနည်းမျှ သေးတစ်စက်စာလောက်မျှ မရှိဘူးဗျာ"တဲ့။



## စိတ္တပေဒကဗျာတစ်ပုဒ်ကို အဖြေရှာခြင်း

လော့ဒ် ဘိုင်ရွန်

မိန်းမချောချော၍ မိန်းမကြိုက်ဖြစ်ခဲ့ရာ ချစ်သူတွေ ဝိုင်းဝိုင်းလည်ခဲ့ရတဲ့ အချစ်ကဗျာဆရာ။

စကားလုံးတွေက နှုရွသလောက် နှလုံးသားက ကြမ်းကြုတ်ရက်စက်လှသူ။

စိတ္တဆောန်၍ ဝိညာဉ်လောကနှင့် အဆက်အသွယ် ရှိကာ ကျိန်စာသင့်နေရပါသည်ဆိုသော လူထူးလူဆန်း၏ အံ့မခန်းဖြစ်ရပ်ဆန်းများ။

■

လွန်ခဲ့သော အနှစ် ၁၀၀ ခန့်က ပျိုလေးတို့အသည်းကျော် အချစ်နတ်ဘုရားကြီးဖြစ်ခဲ့သူသည် အဘယ်သို့သော ပုံပန်းအဆင်း သဏ္ဌာန် ရှိခဲ့ပါသနည်း။

ကျွန်တော်တို့အဘွား၏ နှလုံးသားကို စိန်းဆတ်ဆတ် ဒိန်းတပ် တပ်ဖြစ်အောင် ညှို့ယူဖမ်းစားသဖြင့် သူ့ကို မြင်လိုက်ရုံနှင့် ဆတ်စလူး ထသွားစေသလို၊ မီးဖိုဘေးတွင် ထိုင်နေသော ကျွန်တော်တို့အဘိုးအား သဝန်တိုစိတ်တွေတဖွားဖွားနှင့် ယမ်းမီးပုံကျ ဒေါသပွားစေခဲ့သူမှာ အဘယ်သို့သော လူစားပါပေနည်း။

ဒွန်ဂျူတန်၊ ဗလင်တီနိုး၊ ကလပ်ဂေဘယ်လ်တို့ ခေတ်မတိုင်မီ ပဝေသဏီက နှုတ်ခမ်းနီမလေးတွေ၏ အချစ်တော်။

အဖြေက လွယ်ပါသည်။

အနှစ် ၁၀၀ ကျော်ကာလက ပြိုင်ဖက်မရှိ တုဖက်ကင်း လောက်အောင် လှပျိုဖြူတို့အလယ်တွင် စန်းပွင့်ခဲ့သူမှာ အနုအလှနှင့် သမုဒယဖန်တီးရှင် ဂျော့ချ်ဂေါ်ဒွန်(ဝ်) အရှင်သခင်ကြီး ဘိုင်ရွန် ကလွဲ၍ တခြားမဖြစ်နိုင်ပါ။

ဘိုင်ရွန်သည် တစ်ခါတစ်ခေတ်က မဟာအချစ်ကဗျာများကို အလှပဆုံး သီကုံးရေးဖွဲ့နိုင်သော ကဝိအကျော်အမော် စာဆိုတော်ကြီး ဖြစ်ခဲ့ပါပေသည်။ သူ့ဩဇာ လွှမ်းမိုးမှုသည် ၁၉ ရာစုစာပေသမိုင်း ကြောင်းကို တစ်မျိုးတစ်ဖုံ ပြောင်းလဲနိုင်စွမ်းရှိခဲ့သည်။ သူ၏ ရင်တွင်း ပေါက်ကွဲမှု ရွှေအသည်း၏ကြေကွဲစများကို ကဗျာလင်္ကာညွှန့်ပေါင်း ကျမ်းအစောင်စောင်တွင် တခမ်းတနား ဖော်ပြထားတာ တွေ့ရပါသည်။

တချို့ သူ့ကဗျာများဆိုလျှင် နှလွန်း၊ နွဲ့လွန်း၊ သိင်္ဂါရရသ မြောက်လွန်းသလို လွမ်းရိပ်လွမ်းယောင်တွေ သမ်းလျက်လည်း ရှိ၏။

ဘိုင်ရွန်သည် မိန်းမလှပေါင်းမရေတွက်နိုင်အောင်နှင့် ချစ်ခဲ့ဖူးသည်။ သို့ရာတွင် အထူးခြားဆုံးဖြစ်ရပ်က သူ့နှမဝမ်းကွဲတစ်ယောက်နှင့် ပြန်ကြိုက်မိခြင်းပင် ဖြစ်၏။ သူတို့၏ အချစ်ဇာတ်လမ်းသတင်းက ဥရောပတစ်တိုက်လုံးကို တုန်လှုပ်သွားစေပြီး မိန်းမပျိုလေး၏ဘဝကိုလည်း ဖျက်ဆီးပစ်လိုက်၏။

သူတို့ ၂ ယောက်၏ချစ်ခြင်း ကွေကွင်းကွဲကွာသွားခဲ့ရသည်။ နောက် အချစ်ဟောင်းသို့ တမ်းချင်း ကဗျာတစ်ပုဒ်ကို အလှပဆုံးရေးဖွဲ့ခဲ့သည်မှာ

အို အချစ်ရယ်
မင်းနှင့်ကိုယ်နှင့် သိပ်ချစ်ခဲ့ကြ
ကမ္ဘာတည်သရွေ့ မှန်းရှယ်လို့
ခုတော့
ကမ္ဘာဖျက်တဲ့ မျက်ရည်မိုး
ရင်မှာ တိတ်တခိုး
လွမ်းရတမ်းတ မဆုံးနိုင်ပြီ။

သို့သော် ဘိုင်ရွန်တစ်ယောက် နာမည်ဆိုးဖြင့် တစ်နေ့တခြားသတင်းကြီးလာလေ မိန်းမတွေက သူ့ကို အရူးအမူး ကိုးကွယ်ကြလေဖြစ်၏။

မိန်းမကြိုက်တော့ မျှော်လိုက်တာမဟုတ်ဘဲ စိုက်စိုက်လာရုံမက အိမ်ပေါ်ရောက်အောင် သဲသဲမဲမဲ ဝိုင်းလိုက်ကြသည်အထိ ကဲလွန်းမက ကဲခဲ့ကြသည့် မရွှေချောတို့ဒဏ်ကို ဘိုင်ရွန်၏မယားကြီးမှာ သည်းမခံနိုင်တော့ဘဲ အိမ်မှဆင်းသွားတော့သည်။ ဥရောပတစ်ခွင်မှ ထက်ဝက်ကျော်သော အမျိုးသမီးထုက ဖောက်ပြန်သောဘိုင်ရွန်ကို အပြစ်မတင်၊ သည်းမခံနိုင်သော သူ့ဇနီးကိုသာ ပက်ပက်စက်စက် ဝိုင်းကဲ့ရဲ့ကြလေသတဲ့။

ထိုအမျိုးသမီးများပင် ဘိုင်ရွန်ဆီသို့ ကဗျာတွေပို့, ရည်းစားစာရေး၊ ဒါနှင့်မျှ အားမရတော့ ဆံပင်တွေတောင် ဖြတ်ထည့်လိုက်ကြသေး။ သူတို့ပို့သော စာ,ကဗျာတွေမှာ အိမ်တစ်ခန်းလုံး ပြည့်သွားလုနီးပါး။

သည်အထဲမှ စိန်တစ်ပွင့်ကဲ့သို့ တောက်ရှန်း၍ လန်ဒန်တစ်မြို့လုံးကို သူ့ခြေဖဝါးအောက် ညွတ်တွားခစားလာစေနိုင်လောက်အောင် လှပပြီး ဂုဏ်အခြေမြင့်သလောက် ငွေကြေးချမ်းသာသော အထက်တန်းလွှာမှ နာမည်ကျော် မိန်းမချောလေးတစ်ယောက်ဆိုလျှင် သူ့ကိုယ်သူ ယောကျ်ားလေးယောင်ဆောင်၍ ဘိုင်ရွန်လာမည့်လမ်း မှီးသည်းသည်း ရွာနေသည့်ကြားက နာရီပေါင်းများစွာကြာအောင် ရပ်စောင့်နေခဲ့ဖူးသည်ဆို၏။ ဘိုင်ရွန်အမည်ရှိ အချစ်တတ်ဆုံးလူတစ်ယောက် အိမ်ကထွက်လာသည်ကို ဖူးမြင်ဖို့အရေး ကြံကြံဖန်ဖန် ကြိုးစားခဲ့ရှာခြင်းပဲ ဖြစ်ပါသတဲ့။

နိုင်ငံတကာ ဖို,မများ၏ နှလုံးသားရာဇဝင်မှာ မိန်းကလေးက စရတယ်လို့ မရှိစကောင်းပါ။ ဒါပေမယ့် ဘိုင်ရွန်၏အချစ်ဂန္ထဝင်မှာတော့ 'မိန်းကလေးက စရပါသတဲ့ရှင်'ဟု ပြောရမည်သာ။

မိန်းမနောက်ပိုးတစ်ယောက်ကလည်း ရွှေပေးမရသော ဣန္ဒြေတွေ ဘေးကန်ထားခဲ့ပြီး အင်္ဂလန်မှ အီတလီ ခရီးရှည်ကြီးတစ်လျှောက် ဘိုင်ရွန်နောက် တကောက်ကောက်လိုက်၍ လက်မြှောက်အရှုံးပေးရသည်အထိ ဂေါ်ရေးပြ နှောင့်ယှက်ခဲ့သောဟူ၏။

ဘိုင်ရွန်တို့ စွဲခဲ့ပုံများကတော့ ပြောမဆုံးပေါင် တော ၃ တောင် လက်ဖျားခါလောက်အောင်ပင် ဆန်းကြယ်သည်။

ယခင် အနှစ် ၁၀၀ လောက်မှ ဗလင်စတီနိုး၊ သို့မဟုတ် ဣတ္ထိယ တို့၏ မဟာအချစ်ပါရဂူကြီးသည် စွဲမက်စရာ ဘယ်လိုအရည်အချင်း

အဆင်းရူပကာများ ရှိခဲ့ပါလိမ့်။ တကယ်စင်စစ် ဘိုင်ရွန်သည် ခြေထောက်တစ်ဘက် သိသိသာသာ ခွင်နေသူတစ်ဦးသာ ဖြစ်၏။ သို့နှင့်အမျှ လမ်းလျှောက်လိုက်လျှင်လည်း ထောနဲ့ထော့နဲ့ဖြင့် အကြည့်ရဆိုးလှသည်။ အချိန်ပြည့် သူ့လက်သည်းတွေကို သူ ကိုက်နေတတ်သည်။ ဆေးရွက်ကြီးအနံ့လည်း နံလိုက်သေးသည်။

ပြီးတော့ ချီကာဂိုမြို့က လူဆိုးဗိုလ်တစ်ယောက်ကဲ့သို့ ၁၉ ရာစု အင်္ဂလန်ပြည်၏ လမ်းလယ်ခေါင်တွင် သေနတ်ကြီးတကားကားခါးချိတ်ပြီး သွားနေတတ်၏။ သူ့စိတ်နေသဘောထားကလည်း ဆိုးညစ်ချင်၏။ သူ့ကို လူတွေ စိုက်ကြည့်မည်ဆိုပါလျှင် သွေးငယ်ထိပ်တက်ဆောင့်ပြီး ရှူးရှူးရှားရှား ဝူးဝူးဝါးဝါးဖြစ်ပြီသာမှတ်။ သူက သူ့ကိုကြည့်တိုင်း ပုံပန်းမကျသောခြေထောက်ကို အပြစ်ရှာ ကဲ့ရဲ့သည်လို့သာ ထင်ခဲ့သည်ကိုး။

ဇာတ်လိုက်ကျော် 'ရိုမီယို' လိုပင် အများပြည်သူများ၏ အမြတ်ငါနိုးချီးမြှောက်ခံရသော ထိုကဗျာဆရာသည် အမျိုးသမီးများကိုညှဉ်းပန်းနှိပ်စက်ရန် အင်မတန် ဝါသနာပါလေ့ရှိ၏။

မင်္ဂလာဆောင်ပွဲပြီးလို့ ၂ နာရီအကြာမှာပင် ဇနီးလောင်းသတို့သမီးအား သူ ချစ်လို့ယူခဲ့ခြင်း မဟုတ်ကြောင်း၊ သူမကို မုန်းတီးစိတ်ဖြင့် နောင်ကြဉ်အောင်ဒဏ်ခတ်လို၍သာ လက်ထပ်ခဲ့ခြင်းဖြစ်ကြောင်း ဖွင့်ပြောခဲ့လေ၏။ သူပြောသည့်အတိုင်းလည်း ဇနီးသည်ခမျာတစ်သက်လုံး စိတ်ဆင်းရဲသွားရ၏။ သူတို့၏ လက်ထပ်စာချုပ်ကလည်း ၁ နှစ်သာ ခံ၏။ သူ့ ဇနီးကို တစ်ချက်မျှမရိုက်သော်လည်း အိမ်မှာရှိသမျှ ပစ္စည်းများကို ရိုက်ခွဲဖျက်ဆီးပစ်ကာ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် အိမ်ကို ခေါ်လာ၏။ နောက်ဆုံးတော့ သူ့ဇနီးက သူ ရူးများရူးနေပြီလား ဆိုပြီး ဆရာဝန်တွေကိုပင် ခေါ်ခဲ့သည်ဟူ၏။

သူနေထိုင်ရာ စံအိမ်ကြီးအနီးအနားက လူတွေမှာ သူနှင့်ပတ်သက်၍ ပုံပြင်, ဒဏ္ဍာရီဆန်သော ဇာတ်လမ်းတွေကို ပြောပြခဲ့ကြသည်။

သူတို့အပြောအရ ဘိုင်ရွန်၏အိမ်က အစေအပါးအားလုံးသည် ဖော်ရွေပြီး နုပျိုငယ်ရွယ်သောမိန်းကလေးတွေချည်းဖြစ်၍ ပြစ်မျိုးမဲ့မတင် လက်ရွေးစင်အလှလေးတွေသာ ဖြစ်သည်ဟု သိရ၏။

တီးတိုးအရပ်စကားတွေက ဘိုင်ရွန်နှင့် သူ့ဧည့်သည်မိတ်ဆွေများသည် [illegible] အနက်ရောင် ဝတ်ရုံရှည်ကြီးဝတ်ပြီး နေ့ရောညပါ မြူးတူးပျော်ပါးတတ်ကြသည်။ ဖော်ရွေသော အိမ်စေမလေးများက လာငှဲ့ပေးသော ဝိုင်အရက်များကို ဘိုင်ရွန်နှင့် သူ့မိတ်ဆွေများက ပြောင်လက်နေအောင် တိုက်ချွတ်အရောင်တင်ထားသော လူအရိုးခေါင်းများနှင့်ခံ၍ သောက်သုံးကြသည်ဆို၏။

ပိန်ပိန်ပါးပါးနှင့် နှစ်လိုဖွယ်ရှိသောဘိုင်ရွန်အား အပိုလို ဘယ်လ်ဗီဒဲလ် နှင့်လည်း နှိုင်းကြ၏။ သူ့အသားက ဖြူဆွတ်နေသဖြင့် သူ့ကို တန်းတန်းစွဲ မြတ်နိုးကြသော မရွှေချောတို့က 'အတွင်းသားမှ အရောင်ထွက်နေသော လှပသည့် ကျောက်သလင်းဖြူ'ဟု တင်စားကြသည်။

စင်စစ်မူ သူတို့ခမျာ ဘိုင်ရွန်၏နေ့စဉ်ဘဝလှုပ်ရှားမှုမှာ မဝစေရန် အပန်းတကြီးရုန်းကန်ကြိုးစားရင်း နာရီနှင့်အမျှ စိုးထိတ်, စိတ်တိုနေရပုံများကို မသိကြလို့သာ ထိုသို့တင်စားခြင်းဖြစ်ပါသည်။ သူ့ကိုယ်ခန္ဓာကို အလှမပျက် သွယ်လျနေအောင် ဟောလိဝုဒ်ရုပ်ရှင် လောကသားများပင် လုပ်လေ့လုပ်ထမရှိသော ထူးထူးခြားခြား စားသောက်မှုတွေကို သူ လုပ်ခဲ့၏။ ဥပမာ–တစ်နေ့ကို တစ်နပ်တည်းစား၍၊ ထိုတစ်နပ်စာမှာလည်း ထွေထွေထူးထူးမဟုတ်ဘဲ အာလူးအနည်းငယ် သို့မဟုတ် ထမင်းအချို့ကို ပုန်းရည်ကြီးဆမ်းစားခြင်းမျိုး ဖြစ်၏။

အပြောင်းအလဲအားဖြင့် ဘီစကွတ်မုန့်ခြောက်တွေကို လက်တစ်ဆုပ်စာခန့်စား၍ ဆိုဒါရောထားသောရေကို တစ်ဖန်ခွက်ကြီးသောက်၏။ အများသဘောကျ 'ကိုယ်တွင်းက အလင်းရောင်ထွက်သောကျောက်သလင်းဖြူ'ဖြစ်အောင် လုပ်ရတာ တကယ် မလွယ်ပါ။

ဆန်းကြယ်ချက်က အမျိုးသမီးအသိုင်းအဝိုင်းက ဖြူဖြူသွယ်သွယ်လေးသာဖြစ်သော သူ့ကို ပိုးဟပ်ဖြူ သို့မဟုတ် တရုတ်အရိုးစုနှင့်တူသည်ဟု မထင်ခြင်းပါပေ။ သူ မလိုလားသော အဆီပိတ်ဝခြင်းမျိုးမှ ဟန့်တားလျှော့ချသည့်အနေဖြင့် လက်ဖွေ့ထိုးသည်၊ မြင်းစီးသည်၊ ရေကူးသည်။

သူ့ခေတ် သူ့အခါအလျောက် ကဗျာအနုကျော် စာဆိုတော်ကြီးဖြစ်ခဲ့သော ဘိုင်ရွန်သည် ဟဲလက်စ်ပွန်းတွင် ရေကူးခဲ့ခြင်းကို ထာဝစဉ်တည်တံ့နေမည့် ကဗျာစပ်ရခြင်းထက် ပို၍ ဂုဏ်ယူဝင့်ကြွားလေ့ရှိ၏။

ခရစ်ကက်ကစားလျှင်လည်း အင်္ကျီ ၇ ထပ်လောက် ဝတ်၏။ ၇ ထပ်ဝတ်ထားပါလျက် ချွေးမထွက်၍ အဆီမလျှော့နိုင်ခဲ့ဘူးဆိုလျှင်တော့ တူရကီရေနွေးကန်တွင် တစ်ပတ် ၃ ကြိမ်လောက် သူ့ကိုယ်သူထုထောင်းနှိပ်စက်နေမည် ဖြစ်၏။

အစားအသောက် ခြိုးခြံအငတ်ခံခြင်းက အစာအိမ်ကို ရောဂါရစေခဲ့၏။ နောက်ဆက်တွဲရလဒ်အနေဖြင့် သူ့အိပ်ခန်းတစ်ခုလုံးမှာ ဆေးလုံး၊ ဆေးပြား၊ ဆေးရည် ပုံသဏ္ဌာန်ပေါင်းစုံ ပါဝင်သော ဆေးတွေနှင့် ပြည့်နေရတော့သည်။ သို့ဖြင့် သူ့စံအိမ်မှာ ကမ္ဘာကျော် အချစ်သူရဲကောင်းကြီး၏ ဘယာနန်းတော်ဆိုတာထက် ဆေးမျိုးစုံအရောင်းဆိုင်နှင့်သာ တူနေပါလေ၏။

သူသည် သန်းခေါင်ယံ အိပ်မက်ဆိုးများမှ လန့်နိုးပြီး စိုးကြောက်ချောက်ချားရသည့်ဝေဒနာက သက်သာရာရလေအောင် အရက်ရောစပ်၍ မှီဝဲနေရပြန်၏။ သို့ပေမယ့် ထို အရက်ကလည်း

သူ့အိပ်မက်ဆိုးတွေကို ပြေပျောက်အောင် မလုပ်နိုင်သည့်အဆုံး သူ့ခေါင်းရင်းတွင် ကျည်အပြည့်ထည့်ထားသော ပစ္စတို ၂ လက်ထားအိပ်ရသည့်ဘဝသို့ ရောက်ခဲ့ရတော့သည်။

ညဥ့် လူခြေတိတ်ချိန်များ၌ အလန့်တကြားထအော်ခဲ့ရာက အံတကြိတ်ကြိတ်နှင့် ဒေါ်ထရင်း ပစ္စတိုတယမ်းယမ်း ဓားတဝင့်ဝင့်ဖြင့် အခန်းထဲမှာ ခေါင်တုံ့လူးလာ ထလျှောက်နေတတ်သေး၏။

သူ နေထိုင်ရာ စံအိမ်ကြီးမှ ကျောင်းဟောင်း ဖြစ်ခဲ့သလို လွန်လေပြီးသော ရှေးပဝေသဏီက ကွယ်လွန်ခဲ့သော ကျောင်းထိုင်ဘုန်းတော်ကြီးသည် တစ္ဆေအဖြစ်ဖြင့် သူ့ကို အမျိုးမျိုးခြောက်လှန့်နေခဲ့သည်ဟု အယူအစွဲ ရှိခဲ့၏။ ဘိုင်ရွန်က ထိုခေါင်းမြီးခြုံအနက်ကြီးနှင့် တစ္ဆေကြီးသည် စင်္ကြံလမ်းပေါ်တွင် မကြာခဏ သူ့ရှေ့က ခပ်တည်တည် ဖြတ်သွားရင်းမှ ရန်လိုသော မျက်လုံးကြီးများနှင့် ကြောက်စရာကောင်းအောင် စိုက်ကြည့်နေကျ ဖြစ်သည်ဟုလည်း ဆိုပါသည်။

သူသည် ထိုတစ္ဆေဆိုးကြီးကို အိမ်ထောင်ရေး ကံဆိုးစေခဲ့သော မင်္ဂလာဦးအကြိုညမှာပင် စတင် တွေ့မြင်ခဲ့ခြင်း ဖြစ်၏။

ထိုနောက်ပိုင်းနှစ်များတွင် အီတလီသို့သွားနေစဉ် ကဗျာဆရာ ရှယ်လီ၏ဝိညာဉ်ကို တောအုပ်တစ်ခုထဲသို့ ဝင်သွားတာကို လှမ်းတွေ့လိုက်ရသေးသည်။ ယင်းအချိန်၌ ရှယ်လီကိုယ်တိုင်မှာ မိုင်ပေါင်းများစွာ အဝေးတစ်နေရာ၌ အသက်ထင်ရှား ရှိနေဆဲဖြစ်ပါ၏။

အံ့မခန်း အဆန်းတကြယ် ကြုံလိုက်ရပုံက သူ ထိုသို့တွေ့ပြီး မကြာမီ ရှယ်လီ ရေကန်ကြီးတစ်ခုတွင် မှန်တိုင်းမိခဲ့ရာက ရေနစ်ပြီး တကယ် သေဆုံးသွားရခြင်းပါပေတည်း။ သို့ဖြင့် ဘိုင်ရွန်ကိုယ်တိုင် လောင်တိုက်ဆောက်၍ ရှယ်လီ့အလောင်းကို မီးသင်္ဂြိုလ်ခဲ့ရတော့သည်။